# ဝိပဿနာ-ဓါတ်ပညာကျမ်း

(ပထမတွဲ)

မှူး

ဆရာတော်

စီရင်အပ်သော

# ဝိပဿနာ-ဓါတ်ပညာကျမ်း

ပဌမတွဲ

●

ဒုတိယအကြိမ် [အုပ်ရေ—၂၀၀၀]

ဦးထွန်းလှ(အကျိုးဆောင်ချုပ်) နှင့် ဦးဘကျော်(ဓမ္မာစရိယ)တို့
တည်းဖြတ်ပြင်ဆင်သည်။

ပရိယတ္တိသာသနာနုဂ္ဂဟ အသင်းကြီးအတွက်

အကျိုးဆောင်ချုပ်ကြီး—ဦးထွန်းလှက တာဝန်ခံ၍ ထုတ်ဝေသည်။

ဓမ္မဒါန အဖြစ် လှူဒါန်းပါသည်။

●

၁၃၃၂-ခု၊ အောက်တိုဘာလ ၁၉၇၀-ခု၊

ခေတ်-ဂ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၀၇၈)

ထုတ်ဝေသူ – ဆရာဦးထွန်းလှ(ကင်းလွတ်ခွင့် အမှတ်-၀၁၂၆၀)
ပရိယတ္တိသာသနာနုဂ္ဂဟအသင်း၊
အမှတ်-၈၉၊ ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်။

ပုံနှိပ်သူ – ဦးကြီးမောင် (မှတ်ပုံတင်အမှတ်"မြ"၀၂၄၀)
"ခေတ်"စာပုံနှိပ်လုပ်ငန်း၊
အမှတ်-၉၀၊ ကွမ်းရွဲတန်း၊ ကြည့်မြင်တိုင်။



ဝိပဿနာဓာတ်ပညာကျမ်းနှင့်

ဘာသာပြန် ကျမ်းပေါင်းများစွာ ပြုစုတော်မူသော

**မြို့မ ဆရာတော်ဘုရားကြီး**

ပုံတော်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာအမှတ် |
|---|---|---|---|
| ၁ | ဥဒယဗ္ဗယဉာဏ် ၂-မျိုး ခွဲခြားသိရန် | .... | ၄ |
| ၂ | ရုပ်,နာမ် ဖြစ်ပျက် တကယ့်အချက် | .... | ၅ |
| ၃ | မဖြစ်နိဗ္ဗာန်ဆိုတာ ဘာလဲ | .... | ၁၂ |
| ၄ | ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်အောင် | .... | ၁၃ |
| ၅ | ပညတ်နှင့် ပရမတ် မကွဲလျှင် မဖြစ် | .... | ၁၈ |
| ၆ | ယောဂီဝိဇ္ဇာ လမ်းမှန်တရားတော် | .... | ၂၁ |
| ၇ | လက္ခဏာ ၃-ပါးနှင့် ၆-ပါးသတိထား | .... | ၂၃ |
| ၈ | ခန္ဓာဖြစ်ပျက် လက္ခဏာ တွေ့အောင်ရှာ | .... | ၂၅ |
| ၉ | ရုပ်နာမ်ဖြစ်ပျက်လက္ခဏာ ကိုယ်ထဲမှာ | .... | ၂၆ |
| ၁၀ | ဖြစ်ပျက်လက္ခဏာမြင်ပုံ သတိပြု | .... | ၂၇ |
| ၁၁ | ယခုအခါ ရဟန္တာများရှိနိုင်ကြောင်း သာဓက | .... | ၃၀ |
| ၁၂ | မဂ္ဂဝီထိ ၄-မျိုး သိရဲ့လား | .... | ၃၂ |
| ၁၃ | သောတာပန် ၃-မျိုး သိဖွယ် | .... | ၃၆ |
| ၁၄ | သကဒါဂါမ် ၄-မျိုး မှတ်ဖွယ် | .... | ၃၉ |
| ၁၅ | ပဋိပတ္တိပညာ ဘာဝနာ | .... | ၄၀ |
| ၁၆ | နှလုံးသွင်းမှန်မှုနှင့် မမှန်မှု | .... | ၄၁ |
| ၁၇ | လိုအပ်သော ပါရမီဓာတ်ခံ ဉာဏ်ပညာ | .... | ၄၇ |
| ၁၈ | အရိယာတို့ကို မြင်ရုံနှင့် မသိနိုင် | .... | ၄၉ |
| ၁၉ | အရိယာတို့၏ ပညိန္ဒြေ | .... | ၅၂ |
| ၂၀ | အစွဲ ၃-မျိုး သတိထား | .... | ၅၄ |
| ၂၁ | အနမတဂ္ဂသုတ် တရားတော် | .... | ၅၉ |
| ၂၂ | မေတ္တာဘာဝနာအကျိုး | .... | ၇၁ |
| ၂၃ | အရည်,အဖတ်,ကလာပ်တို့ကို ဆင်ခြင်နည်း | .... | ၇၂ |
| ၂၄ | ပဋိစ္စသမုပ္ပါဒ ဓမ္မဒေသနာ | .... | ၇၅ |
| ၂၅ | စာပို့တိုက်စည်းကမ်းနှင့် ပဋိစ္စသမုပ္ပါဒ် | .... | ၇၈ |
| ၂၆ | အာကာသကို မြင်အောင်ကြည့် | .... | ၈၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာအမှတ် |
|---|---|---|---|
| ၂၇ | ပရမတ်အစစ် ထင်မြင်အောင်ရှုနည်း | .... | ၉၃ |
| ၂၈ | ပရမတ်အဆင်းရုပ် ပညတ်အဆင်းရုပ်ခွဲရှုရန် | .... | ၉၅ |
| ၂၉ | ပဋိစ္စသမုပ္ပါဒ် အနုလုံ,ပဋိလုံ | .... | ၁၀၁ |
| ၃၀ | ခဏဖြစ်ပျက်ကို ထင်မြင်အောင်ရှုနည်း | .... | ၁၀၇ |
| ၃၁ | အနိစ္စနှင့် ဒုက္ခကိုရှုနည်း | .... | ၁၁၁ |
| ၃၂ | သေမင်း ရှာမတွေ့နိုင်သောသူ | .... | ၁၁၆ |
| ၃၃ | အနတ္တထင်မြင်အောင်ရှုနည်း | .... | ၁၁၈ |
| ၃၄ | ဖြစ်ပျက်မြင်၍ ရဟန္တာဖြစ်ပုံ | .... | ၁၂၂ |
| ၃၅ | နိဗ္ဗာန်၌ အတ္တမရှိ | .... | ၁၂၄ |
| ၃၆ | ဝေါဟာရအနိစ္စနှင့် ဝေါဟာရဒုက္ခ | .... | ၁၂၈ |
| ၃၇ | ဖြစ်ပျက်နှင့် သစ္စာလေးပါး | .... | ၁၃၁ |
| ၃၈ | ဒိဋ္ဌိဝိသုဒ္ဓိ ဓမ္မဒေသနာ | .... | ၁၃၃ |
| ၃၉ | ခန္ဓာငါးပါးနှင့် ဖြစ်ပျက်တရား | .... | ၁၃၅ |
| ၄၀ | အာရုံ ၆-ပါးနှင့် ဖြစ်ပျက်တရား | .... | ၁၃၇ |
| ၄၁ | ငါ-ဘယ်မှာလဲ | .... | ၁၃၉ |
| ၄၂ | ကင်္ခါဝိတရဏဝိသုဒ္ဓိ ဓမ္မဒေသနာ | .... | ၁၄၂ |
| | **အမေး--အဖြေခန်း** | | |
| ၄၃ | ဦးစံထွန်းအောင် မေးလျှောက်ချက် | .... | ၁၄၈ |
| | အထင်မှားပျောက်ရန် | .... | ၁၅၆ |
| ၄၄ | မိလိန္ဒ ဦးစံချိန် မေးလျှောက်ချက် | .... | ၁၅၇ |
| | ပရမတ်,ပညတ်,အာကာသ ထင်မြင်အောင်ရှုနည်း | .... | ၁၅၉ |
| ၄၅ | မောင်မြင့် မေးလျှောက်ချက် | .... | ၁၆၃ |
| | ဝိပဿနာ ဝါဒကွဲများကို ဖြေရှင်းချက် | .... | ၁၆၅ |
| | သာသနပဋိပတ္တိ အလင်းတရား | .... | ၁၇၅ |
| | သစ္စာလေးပါး ကမ္မဋ္ဌာန်းရှုနည်း | .... | ၁၈၀ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာအမှတ် |
|---|---|---|---|
| | စူဠသောတာပန်အကြောင်း | .... | ၁၀၃ |
| | သြဝါဒဝိနိစ္ဆယ ဒေသနာ | .... | ၁၀၉ |
| | ဘုရားရှင်လက်ထက် ကျွတ်တမ်းဝင်သူပေါင်း | | ၁၉၂ |
| | ဆုတောင်းပါရမီအကြောင်း | .... | ၂၀၃ |
| | ဘားနတ်သားဝတ္ထု | .... | ၂၀၄ |
| | မေဃလုလင်ပျိုဝတ္ထု | .... | ၂၁၀ |
| | ဒါန,သီလ,ဘာဝနာ ကုသိုလ်ဖြစ်ပုံ | .... | ၂၁၁ |
| | နိဗ္ဗာန်အလင်းတရားတော် | .... | ၂၂၀ |
| ၄၆ | မိလိန္ဒ ဦးစံချိန် မေးလျှောက်ချက် | .... | ၂၂၄ |
| | ခန္ဓာနှင့် ပုဂ္ဂိုလ် ခွဲသိပါ | .... | ၂၂၅ |
| | အတ္တ,အတ္တသညာ,အနတ္တ,အနတ္တာ | | |
| | နုပဿနာ ခွဲပြခြင်း | .... | ၂၃၀ |
| | ပရမတ္ထတရား ၂-ပါး တမျိုး | .... | ၂၃၇ |
| | ဖြစ်ပျက်အစဉ်နှင့် မဖြစ်အစဉ်အထူး | .... | ၂၃၉ |
| ၄၇ | ဦးစံကြူး မေးလျှောက်ချက် | .... | ၂၄၀ |
| | နိဗ္ဗာန်၌ရှိသောပုဂ္ဂိုလ် | .... | ၂၄၇ |
| ၄၈ | ဦးရှိန်နှင့် မောင်မြင့် မေးလျှောက်ချက် | .... | ၂၅၄ |
| | နိဗ္ဗာန ဝိသဇ္ဇနာအလင်း | .... | ၂၅၅ |
| | မဖြစ်နိဗ္ဗာန်၏ အမည်များ | .... | ၂၆၀ |
| ၄၉ | နိဂုံး | .... | ၂၆၃ |

# ဝိပဿနာ ဓာတ်ပညာစာအုပ်
## ထုတ်ဝေရခြင်း အကြောင်း

●

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
သစိတ္တ ပရိယောဒါပနံ၊ ဧတံဗုဒ္ဓါန သာသနံ။

မိန့်ဟန်ပါဋ္ဌိလာရှိသည်အရ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မြတ်သည် သီလအစ, သမာဓိအလယ်, ဘာဝနာဝယ် အဆုံးသတ် သုံးရပ်သော သာသနာရှိခဲ့ရာတွင် သရုပ်သဘော အားဖြင့် ကွဲပြားသော်လည်း "နိဗ္ဗာန်ချမ်းသာ" ဟူသော ဝိမုတ္တိရသကို ရယူရန် တခုသာ ဘုရားရှင်တိုင်း ဆုံးမတော်မူသော ဒေသနာတော် ဖြစ်ပေသည်။

ထို့ပြင်တနည်း ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူ၍ သာသနာသုံးရပ် ပြရာတွင်လည်း ပဋိဝေဓ အမြိုက်နိဗ္ဗာန်ရရန်၊ အကျင့်အလုပ် (ပဋိပတ္တိ)ကို အားထုတ်ရလေသည်။ ထိုတရားအလုပ် အားထုတ်နိုင်စေရန် ပရိယတ္တိ-ဟူသော ဘုရားရှင်၏ နည်းပေးလမ်းပြ ညွှန်ကြားချက် မှန်ကန်ရမည်ဖြစ်ရာ၊ ကျွန်ုပ်တို့"ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီး"သည် နိဗ္ဗာန်သို့ ရစေ, ရောက်စေ တတ်သော ဘုရားရှင်၏ လမ်းညွှန်ချက် (ပရိယတ္တိ)ကို စည်ပင်ပြန့်ပွားစေရန်ငှာ, မပျောက် မပျက်စေရန်ငှာ စောင့်ရှောက် ထိန်းသိမ်းသောအားဖြင့် ပရိယတ္တိဆောင် သံဃာတော်များအား ဆွမ်းကိစ္စမပင်ပန်းရလေအောင် ဆောင်ရွက်ခြင်းဖြင့် ပရိယတ္တိသာသနာကို အရေးယူအားပေးထောက်ပံ့သည့်နည်းတူ၊ထိုပရိယတ္တိမှ ထွက်ပေါ် ပေါက်ပွား လုပ်ကိုင်ရမည့် (ပဋိပတ်) အလုပ်တရားကိုလည်း အားပေး ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အသင်းကြီးမှ တလတကြိမ်ထုတ် "ဓမ္မဒေသနာ တရားစာ"တွင် ဝိပဿနာခဏ်းတခဏ်းဖွင့်၍ **ဖြစ်ချင်–ဖြစ်၊ မဖြစ်ချင်–မဖြစ်၊ သစ္စာလေးပါးအစစ်** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ **ဖြစ်ပျက်** တရားများကို ရန်ကုန်မြို့ သရက်တောကျောင်းတိုက် **မြို့ မိ ဆ ရာ တော် ကြီး သည်** စတင်၍ တည်ထွင်ဟောကြား ရေးသားတော်မူခဲ့ပါသည်။

## (၈) ထုတ်ဝေရခြင်းအကြောင်း

မြို့မိ ဆရာတော်ကြီး ရေးသား ဟောကြားတော် မူချက်များကို သဘောကျကြသဖြင့် "ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းကြီး" သို့ အသင်းသားအဖြစ် ဝင်ရောက်ကြသူတွေလည်း အများအပြားရှိခဲ့ပါသည်။ ၎င်းပြင် ဆရာတော်ကြီးမှာ အရပ်ရပ်မှ မေးလာသမျှသော ပုစ္ဆာပြဿနာ အသီးသီးတို့ကိုလည်း ဝိပဿနာသို့သွင်း၍ **ဖြစ်ပျက်** မလွတ်အောင် ရှင်းလင်းတတ်သဖြင့်လည်း ထူးခြားလှပါသည်။

ယခုအခါ ဝိပဿနာ တရား, ဖြစ်ပျက် တရားတို့ ခေတ်စားလာသဖြင့် မြို့မိ ဆရာတော်ဘုရားကြီး ရေးသား ဟောကြားတော် မူခဲ့သော **ဖြစ်ပျက် တရား** များကို လိုက်လံရှာဖွေသူများနှင့် ဝိပဿနာ သာသနာ ပြန့်ပွားစေလိုသူ စေတနာရှင်တို့က "မြို့မိဆရာတော်၏ တရားတော်များကို စုပေါင်း၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေရန်" ခွင့်တောင်းကြပါသည်။

ထိုအကြောင်းကို အသင်းကြီး၏ ၁၃၂၁-ခု တော်သလင်းလဆန်း ၁၀-ရက် (၁၁-၁၀-၅၉) နေ့ အမှုဆောင် အစည်းအဝေးတွင် တင်ပြ ဆွေးနွေးကြရာ "ယခုအခါ ဝိပဿနာ ပဋိပတ္တိ တရားတော်များလည်း ထွန်းကားလာသည်၊ ဆရာတော်ကြီးမှာလည်း ဤတရားတော်များ ရေးသား ချီးမြှင့်ခဲ့သဖြင့် အသင်းကြီးတွင် အသင်းသားဦးရေတိုးကာ ပရိယတ္တိ သာသနာတော်ကို ရှေးကထက် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်၊ သို့ဖြစ်၍ ဤအသင်းကြီးအတွက်ရော, သာသနာအတွက်ပါ အကျိုးများသည့် ဆရာတော်ကြီး၏ တရားစာမူကို မည်သူမျှ ထုတ်ဝေဖြန့်ချီခွင့်မပေးဘဲ အသင်းကြီးကပင် တာဝန်ယူ၍ ရိုက်နှိပ်ပြီးလျှင် အဘိုးနှုန်းထား သက်သာစွာနှင့် ဖြန့်ချီရန်" အဆိုကို တညီတညွတ်ထည်း ဆုံးဖြတ် အတည်ပြုကြပါသည်။

၎င်းနောက် အမှုဆောင်အဖွဲ့မှ "ဆရာ ဦးထွန်းလှ (မူလဓမ္မာစရိယ) ဦးကြံစု(ဘီအေ) ဆရာ -ဦးကြည် (ဝိပဿနာကထိက ဓမ္မာစရိယ) တို့အား တည်းဖြတ် ပြင်ဆင် စေကာ **ဆရာ–ဦးကြည် (ဝိပဿနာ ကထိက ဓမ္မာစရိယ)** နှင့် **ဦးမောင်ကျော် (ဓမ္မာစရိယ)** တို့အား ကြီးကြပ် ရိုက်နှိပ်ရန် လုံးဝတာဝန် လွှဲအပ်သည့်အတိုင်း ပထမအကြိမ် ရိုက်နှိပ်ဖြန့်ဖြူးခဲ့သော်လည်း စာအုပ် မလုံလောက်သောကြောင့် ၎င်း ကျမ်းစာအုပ်ကို လေ့လာသူ,ကြည့်ရှုပွားများသူ,လှူဒါန်းလိုသူများက အတန်တန်တိုက်တွန်း တောင်းပန်သောကြောင့်၊ ဒုတိယအကြိမ်တွင် ဆရာ ဦးထွန်းလှ-ဦးဘကျော်

ဓမ္မာစရိယ ဆရာကြီးများကြီးကြပ်၍ "ကြည့်မြင်တိုင်၊ကွမ်းရွှဲတန်း၊ ခေတ်-ပုံနှိပ်လုပ်ငန်းတွင်"ရိုက်နှိပ်လျက် ထုတ်ဝေဖြန့်ဖြူးအပ်ပါသည်။

ဤစာအုပ်ရိုက်နှိပ်ထုတ်ဝေရာတွင်....

"သာသနဋ္ဌိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဝသေန
တိဝိဓံသာသနံ၊ နိပ္ပရိယာယတော ပန သတ္တတိံသ ဗောဓိ
ပက္ခိယ ဓမ္မာ" ဟူသော (သာရတ္ထဒီပနီဋီကာ) မိန့်မှာချက်အရ၊ ကျွန်ုပ်တို့ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီးသည် မုချသာသနာဖြစ်သော (ဗောဓိပက္ခိယ) အလုပ်တရား, အကျင့်တရားတော်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်သောကြောင့် မူလမှန်းထားသော စာဖေါင်များထက် ပိုမို၍ လာသော်လည်း အမြတ်ကို ပဓာနမထားဘဲ ထုတ်ဝေ လိုက်ပါသည်။

အချို့ဝါဒကွဲသော နေရာတို့၌၎င်း,မရှင်းမလင်းဖြစ်နေသော နေရာတို့၌၎င်း စာလုံးငယ်များဖြင့် မှတ်ချက်ချ၍ ရှင်းလင်းထားပါသည်။

မြို့မိဆရာတော်ကြီးသည် စာအုပ်ဖတ်ရှုသူများအား အလွန်တရာတတ်သိ, နားလည်တော်မူစေ လိုသောကြောင့် ထပ်ခါ, ထပ်ခါ ဆိုသော စကားအများအပြား ပါရှိပါသည်။

မဟာပရိနိဗ္ဗာနသုတ်တွင်"ချစ်သားသုဘဒ် ဤငါဘုရား၏ သာသနာ၌ သာသနာကိုသက်ဝင်ယုံကြည်သူ ရဟန်း,ရှင်,လူတို့သည် ကောင်းမွန်မှန်ကန်စွာ ကျင့်ကြံအားထုတ်နေကြငြားအံ့၊ဤလောကကြီးသည် ရဟန္တာအရိယာတို့ မဆိတ်မသုဉ်းရာ"ဟူ၍ နောက်ဆုံး မိန့်မှာတော်မူချက်ကို သတိရသော ကျွန်ုပ်တို့ ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းကြီးမှာ မူလဘူတသာသနာဖြစ်သော ပရိယတ္တိကို မပျောက် မပျက်အောင်၎င်း, တိုးတက်ဖွံ့ဖြိုးရန်၎င်း ဆောင်ရွက်နေလျက် ထိုပရိယတ္တိနှင့် လျော်သော ပဋိပတ္တိသာသနာကို ယခုကဲ့သို့ အားပေးဆောင်ရွက်သောအားဖြင့် "ဝိမုတ္တိရသ" ဟူသော ပဋိဝေဓသာသနာပါ ပြန့်ပွားစေရကား သာသနာသုံးရပ် တရားမြတ်ကို ဗုဒ္ဓဝါဒီပီပီ လိုက်နာကျင့်ဆောင်နိုင်ကြ၍ နိဗ္ဗာန်ချမ်းသာကို ရကြပါစေရန် ရည်သန်လျက် ကျွန်ုပ်တို့က ထုတ်ဝေဖြန့်ဖြူးလိုက်ရပါကြောင်း။

**ဦးထွန်းလှ** (အကျိုးဆောင်ချုပ်)
အကျိုးဆောင်ချုပ်(တာဝန်ခံ ပုံနှိပ်ထုတ်ဝေသူ)
**ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီး ကိုယ်စား။**

# ယောဂီဝိဇ္ဇာလမ်းမှန်-ဓာတ်ပညာ

## နိဒါန်း

●

အမေရိကန်လူမျိုး အမေရိကန်ကျွန်းသား ဓာတ်ဆရာတဦးသည်၊ ဗုဒ္ဓဘာသာ ကျမ်းစာတို့ကို ဟုတ်လား၊ မဟုတ်လား စုံစမ်းနေရာ နှစ်ပေါင်း (၁၂) နှစ် ကြာရှိသောအခါ ပထဝီမြေကြီး အောက်က ရေဓာတ် အစုအဝေးတို့ ခုခံ၍နေကြောင်း၊ ရေဓာတ် အစုအဝေးတို့၏အောက်က လေဓာတ် အစုအဝေးတို့သည် အထုအထယ် ကြီးကျယ်စွာ ခုခံ၍နေကြောင်းကို ဒိဋ္ဌသိမြင်နိုင်သော ဓာတ်ပညာတမျိုး ပေါ်ပေါက်၍ ၎င်းဓာတ်နှင့် ကြည့်ရှုရာ ဟုတ်တိုင်းမှန်စွာ ထင်ထင်ရှားရှား သိမြင်ရ၍ ဗုဒ္ဓဘာသာ တရားကျမ်းစာ၌ **နိဗ္ဗာန်ရှိသည်**။ ၎င်းနိဗ္ဗာန်ကို မြင်အောင်ကြည့်နိုင်သူသည် မအို၊ မသေ၊ အမြဲနေနိုင်ကြောင်းကို ယုံကြည်သဖြင့် ၎င်းအမေရိကန် လူမျိုး ဓာတ်ဆရာကြီးသည် မြန်မာပြည်၌ ဗုဒ္ဓဘာသာတရား အထွန်းကားဆုံးဟု ကြားသိသဖြင့် စုံစမ်းလို၍ ရောက်လာရာ၊ မြန်မာကောဇာသက္ကရာဇ် (၁၂၆၇)ခုနှစ်၊ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး ခြေရင်းတော် စတုဒိသာအဠ္ဌ ဇရပ်ကြီး အတွင်း၌ ပြောဟော၍နေသည်ကို ဘင်္ဂလားတိုက် -- မြို့ပြင်ကြီး နိဗ္ဗာန်ကျောင်း၏အနောက်ဘက်နေ သီလရင်-ဒေါ်ခကြီး၏သား၊ဦး ပဥ္စင်း ဦးကုဏ္ဍလနှင့် အတူတကွ သွား၍ နားထောင်သောအခါ၊ ၎င်း အမေရိကန် ဓာတ်ဆရာကြီးက ပြောသည်မှာ မြန်မာပြည်၌ ဗုဒ္ဓဘာသာတရား အထွန်းကားဆုံးဆိုသည်မှာ ဟုတ်ပါ၏။ သို့သော်လည်း ယခုအခါ မြန်မာပြည်၌ ဗုဒ္ဓဘာသာများ ဆုတ်ယုတ်၍နေသည်ကိုမြင်ရကြောင်း။ အဘယ့်ကြောင့် ဆုတ်ယုတ်ပါသလဲဆိုသော် ပညာသင်ကြားခြင်း နည်းပါး သောကြောင့် ဆုတ်ယုတ်၍နေကြောင်းနှင့် ပြောသည်ကို မှတ်မိလိုက်၏။ ယခုလက်ထက်၌ ဓာတ်ပညာအမျိုးမျိုးပေါ်ပေါက်သည်။ ရေနံကို ဓာတ်မြေကြီးအတွင်း၌ ရှိ-မရှိ သိနိုင်သော ဓာတ်ပညာ၊ လူ၏ကိုယ် အရေ၊ အသား တို့တွင် အရိုးတို့ကို မြင်နိုင်သော ဓာတ်ပညာ၊ ဝေးကွာလှစွာသော သမုဒ္ဒရာအလယ်၌ သင်္ဘောနှင့်သွားရာ တစုံတခု အကြောင်းရှိလျှင် ရန်ကုန်မြို့ကနေ၍ သိနိုင်သော ဝိုင်ယာလက်ဓာတ်ပညာ၊ အကြိမ်ကြိမ်စစ်ထားသော ရေအတွင်း၌

ပကာတိမျက်စိဖြင့် မမြင်နိုင်အောင် သေးငယ်နုပ်ဖွဲ့လှစွာသော ပိုးတို့ကို မြင်နိုင်သော မာတ်ပညာ၊ သံကြိုးနှင့် ထိရုံမျှဖြင့် လူအများကို ဆောင်ယူ၍ သွားနိုင်သော မာတ်ရထားပညာ၊ တမြို့လုံး ပြန့်နှံ့၍ ထွန်းလင်းနိုင်သော မာတ်မီးပညာ၊ အလိုရှိလျှင် လက်ဖြင့်နှိပ်ခါမျှ အရောင်ဟွက်၍ လင်းသော လက်နှိပ်မာတ်မီးပညာ၊ လူတယောက်၏လက်ဖြင့် ဆုပ်ကိုင်စေ၍ ထိုလူနှင့် လက်ချင်း တွဲဆက်၍ နေသော လူပေါင်း များစွာကို အကြောတင်း၍ အညောင်းပြေစေနိုင်သော အနှိပ်သယ် မာတ်ပညာ၊ အလုံးစုံသောစကား ပြောသံ, သီချင်းသံ, တီးသံ, မှုတ်သံ, အသံဟူသမျှကို မာတ်စက်၌ ကူးယူသွင်းထား၍ လိုသောအခါ မာတ်စက်ကိုဖွင့်၍ အပ်ကလေးတချောင်းဖြင့် ထိစေ၍ မာတ်စက်ကို သံပတ်ဖြင့် လှည့်သောအခါ ထို ကူးယူသွင်းထားသောအသံ ဖြစ်လာပြန်၍ လူအများ နားထောင်ရသော မာတ်သံပညာ၊ တိုးတိုးသာသာ ပြောဆိုသော စကားအသံကို အဝေးက ကြားနိုင်သော အသံခွဲ မာတ်ပညာ ဤသို့စသည်ဖြင့် မာတ်ပညာ အမျိုးမျိုး ရှိသကဲ့သို့ နိဗ္ဗာန်ကိုမြင်နိုင်သော မာတ်ပညာလည်း ရှိသေးသည်၊ ၎င်းမာတ်ပညာကို **ယောဂီဝိဇ္ဇာ မာတ်ပညာ** ဟူ၍ ဆိုသည်။ ၎င်းယောဂီဝိဇ္ဇာ မာက်ပညာ ဖြင့်ကြည့်ရှုလျှင် နိဗ္ဗာန်ကို ကင်တင်ရှားရှား မြင်နိုင်လေသည်။




# ဝိပဿနာ-ဓာတ်ပညာ

●

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

(၁) ဖြစ်ခြင်းပျက်ခြင်း၊ ဖေါက်ပြန်ခြင်း၊ မယှဉ်းဒုက္ခမှတ်။
(၂) ဖြစ်ချင်ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။
(၃) ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။
(၄) မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
(၅) မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခငြိမ်းမှတ်။
(၆) သစ္စာလေးပါး၊ မှန်တရား၊ ပိုင်းခြားသိအောင်မှတ်။
(၇) သံပေါက်လင်္ကာ၊ ဤကဗျာ၊ နှုတ်မှာဆောင်ရှုမှတ်။
(၈) ကြိမ်ဖန်များစွာ၊ ကြံစည်ပါ၊ မှန်ရာသိကြောင်းမှတ်။
(၉) အမှန်သိမှ၊ သည်ဒုက္ခ၊ လွတ်ရလိမ့်မည်မှတ်။
(၁၀) ယောဂီဝိဇ္ဇာ၊ ဓာတ်ပညာ၊ လိုက်ပါသည်လုပ်ရပ်။

သစ္စာလေးပါးကိုသိစေရန် ဖွဲ့စီ၍ပြသော ယောဂီဝိဇ္ဇာ သံပေါက်လင်္ကာ(၁၀)ပုဒ်ကို အတိုဆုံး-အနည်းဆုံး အကျဉ်းချုံး၍ နှုလုံးသွင်းရန် အဆီအနှစ်ကို ညှစ်ခါထုတ်လျှင် **ဖြစ်ချင် – ဖြစ်၊ မဖြစ်ချင် – မဖြစ်၊ သစ္စာလေးပါးအစစ်** ဟူသော ဆောင်ပုဒ်လင်္ကာ ထွက်ရှိလာ၏။

ဤဆောင်ပုဒ်လင်္ကာတပုဒ်နှင့် သံပေါက်လင်္ကာ ၁၀-ပုဒ်အဓိပ္ပါယ် တူ အနက်တူ အကျဉ်းအကျယ်မျှသာ ထူးခြားသည်။

## ဥဒယဗ္ဗယဉာဏ် ၂-မျိုး

ဆောင်ပုဒ် လက်ာကို အခါမပြတ် ဆင်ခြင် စဉ်းစားလျှင် ပစ္စယတော ဥဒယဗ္ဗယဉာဏ်ဖြစ်၏။ စဉ်းစားဆင်ခြင်ဘန် များလျှင် ဖြစ်ပျက်ကို မြင်လာ၏။ ခဏတော ဥဒယဗ္ဗယဉာဏ်ဖြစ်၏။

မိမိကိုယ် တကိုယ်လုံး၌ ဖြစ်ကြောင်း ရှိ၍သာလျှင် ဖြင်ပျက်-ဖြစ်ပျက်နေသည်၊ ဖြစ်ကြောင်းမရှိလျှင် ဖြစ်ပျက်-ဖြစ်ပျက်မနေဟူ၍ ကောင်းစွာ ထင်မြင်သောဉာဏ်ကို ပစ္စယတော ဥဒယဗ္ဗယဉာဏ် ဆိုသည်။

မိမိကိုယ် တကိုယ်လုံး၌ ရှေးကဖြစ်ဘူးသော အဟောင်း ရုပ်နာမ်မရှိ၊ယခု ဖြစ်ဆဲ,ပျက်ဆဲသော ရုပ်နာမ် အသစ်အသစ်တို့သာလျှင် ဖြစ်ပျက်-ဖြစ်ပျက်နေသည်ဟူ၍ ကောင်းစွာ ထင်မြင်သော ဉာဏ်ကို ခဏတော ဥဒယဗ္ဗယဉာဏ်ဆိုသည်။

## သစ္စာ ၄-ပါး

### ဖြစ်ချင်-ဖြစ်၊ မဖြစ်ချင်-မဖြစ်၊ သစ္စာလေးပါး တရားအစစ်။

ဤဆောင်ပုဒ် လက်ာကို မှတည်၍ **ဖြစ်ပျက်** နှင့် **မဖြစ်** ကို မြင်အောင် ပြမည်။ စဉ်းစားသင်ခြင်၍ ထင်မြင်အောင် ရှုရာ၏။

**ဖြစ်ချင်** ဆိုသည်ကား သမုဒယသစ္စာ။ **ဖြစ်** ဆိုသည်ကား ဒုက္ခသစ္စာ။ **မဖြစ်ချင်** ဆိုသည်ကား မဂ္ဂသစ္စာ။ **မဖြစ်** ဆိုသည်ကား နိရောဓသစ္စာ။ (ဥဒ္ဒေသ အကျဉ်းပြ။)

### ဖြေးဖြေး လေးလေး စဉ်းစဉ်းစားစားရှု မပြန်နဲ့၊

ဖြစ်ချင်လို့သာလျှင်ဖြစ်သည်၊ မဖြစ်ချင်လျှင်မဖြစ်ဘူး။
အဘယ့်ကြောင့် ဖြစ်ချင်ရသလဲ?။
ဖြစ်ပျက်-ဖြစ်ပျက်နေသည်ကို မမြင်လို့ ဖြစ်ချင်သည်။
ဘာ၏ ဖြစ်ပျက်ပါသလဲ?။

ရုပ်နာမ်၏ ဖြစ်ပျက်,အဆင်းဖြစ်ပျက်,အသံဖြစ်ပျက်,အနံ့ဖြစ်ပျက်, အရသာဖြစ်ပျက်, ကြမ်းချော-ခုခံဖြစ်ပျက်, တောင့်-တင်း-တွန်း-တိုး-ဖြစ်ပျက်, ပူ-အေး-နွေးလော-ဖြစ်ပျက်။

## ယိုစီး၊ ဖွဲ့တွဲ၊ စေးနှဲ၊ ခွဲကျို၊ တွဲအိ စေးကပ် အာပေါခေတ်

ယိုစီး၊ ဖွဲ့တွဲ၊ ဖြစ်ပျက်။ စေးနှဲ၊ ခွဲကျို-ဖြစ်ပျက်။ တွဲအိ၊ စေးကပ်၊ ဖြစ်-ပျက်။

မြင်စိတ်ဖြစ်ပျက်။ ကြားစိတ်ဖြစ်ပျက်။ နံစိတ်ဖြစ်ပျက်။ လျက်စိတ်ဖြစ်ပျက်။(စပ်၊ငန်၊ခါး၊ချဉ်၊ချို၊ဆိမ့်၊ဖန်-ဖြစ်ပျက်)ထိစိတ်ဖြစ်ပျက်၊သိစိတ်ဖြစ်ပျက်။

မြင်တွေ့ ကြားတွေ့ နံတွေ့ လျက်တွေ့ ထိတွေ့ သိတွေ့ အတွေ့ခြောက်မျိုး ဖြစ်ပျက်။

မြင်သိ ကြားသိ နံသိ လျက်သိ ထိသိ တွေးဆသိ အသိခြောက်မျိုး ဖြစ်ပျက်။

အကောင်းဖြစ်ပျက်။ အဆိုးဖြစ်ပျက်။ (နာကျင်ကိုက်ခဲ - ညောင်းညာ၊ ထုံကျင်၊ ဒုက္ခဝေဒနာ ဖြစ်ပျက်။)

အသိ ဖြစ်ပျက် အမြင် ဖြစ်ပျက် အကြံ ဖြစ်ပျက် အမှတ် ဖြစ်ပျက် အပြုအမူဖြစ်ပျက် အယူအဆဖြစ်ပျက် အစွဲအလန်းဖြစ်ပျက်။

အဆင်းရုပ်တွေ့ဖြစ်ပျက်နေသည်ကို မမြင်၊ အသံရုပ်တွေ့ အနံ့ရုပ်တွေ့ အရသာရုပ်တွေ့ အထိရုပ်တွေ့ ဖြစ်ပျက်နေသည်ကို မမြင်၊ မြင်စိတ်၊ ကြားစိတ်တွေ ဖြစ်ပျက်၊ဖြစ်ပျက်နေသည်ကိုလည်းမမြင်။

## ရုပ်နာမ်ဖြစ်ပျက်

၎င်းဖြစ်ပျက်တို့ကိုမမြင်လို့လူထင်သည့်၊မိန်းမထင်သည့်၊ယောကျ်ားထင်သည့်၊အထင်လွဲသည်။ အဟုတ်အမှန်ကို မထင်၊မမြင်၊မသိ။ အဲ-သည်ဟာ အဝိဇ္ဇာဘဲ၊ သညာဝိပ္ပလ္လာသဘဲ၊ သက္ကာယဒိဋ္ဌိဘဲ။

လူထင်လို့ လူ ဖြစ် ချင် သည်၊ မိန်းမထင်လို့ မိန်းမ ဖြစ်ချင်သည့်၊ ယောကျ်ားထင်လို့ ယောကျ်ားဖြစ်ချင်သည်၊ လိုချင်သည်၊ ခင်မင်သည်၊ စုံမက်သည်၊ တောင်းတသည်။ အဲဒါ တဏှာဘဲ၊ သမုဒယ သစ္စာဘဲ၊ ဖြစ်ခြင်း၏ အကြောင်းဘဲ။

ဘာဖြစ်ခြင်း၏ အကြောင်းလဲ ?။

ရုပ်နာမ်ဖြစ်ခြင်း၏အကြောင်း။ အဆင်းရုပ်ဖြစ်ခြင်း၏အကြောင်း။ အသံရုပ်ဖြစ်ခြင်း၏ အကြောင်း။ အနံ့ရုပ်ဖြစ်ခြင်း၏ အကြောင်း။ အရသာရုပ် ဖြစ်ခြင်း၏ အကြောင်း။ အထိရုပ် ဖြစ်ခြင်း၏ အကြောင်း။ (ကြမ်း ချော ခိုခံ့ထိ။ တောင့်တင်း တွန်းတိုးထိ။ ပူ အေး နွေးလောထိ။ အထိရုပ်သုံးမျိုး) ပထဝီဓာတ် ဖြစ်ခြင်း၏ အကြောင်း။ ဝါယောဓာတ် ဖြစ်ခြင်း၏ အကြောင်း။ တေဇောဓာတ် ဖြစ်ခြင်း၏ အကြောင်း။ (ကြမ်းချော ခုခံထိ ပထဝီဓာတ်။ တောင့် တင်း တွန်း တိုးထိ ဝါယောဓာတ်။ ပူ အေး နွေး လောထိ တေဇောဓာတ်။) နာ ကျင် ကိုက်ခဲ ညောင်းညာ ထုံကျင် ဒုက္ခဝေဒနာဖြစ်ခြင်း၏ အကြောင်း။ အမြင် အသိ အထိ အတွေ့ အကောင်း အဆိုး အမှတ် အကြံ အပြု အမူ အယူ အဆ အစွဲအလန်းတို့ ဖြစ်ခြင်း၏ အကြောင်း။

ဖြစ်ချင်လို့ ဖြစ်သမျှ ရုပ်နာမ်တို့သည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ အဆင်းရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ အသံရုပ်သည် ဖြစ်ပျက် ဖြစ်ပျက် နေ၏။ အနံ့ရုပ်သည် ဖြစ်ပျက် ဖြစ်ပျက် နေ၏။ (စပ်-ငန်-ခါး-ချဉ်-ချိုဆိမ့်-ဖန်)အရသာရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ကြမ်းချော ခုခံ ပထဝီအထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ တောင့် တင်း တွန်း တိုး ဝါယောအထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ပူ အေး နွေး လော တေဇော အထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ယိုစီး ဖွဲ့ကပ် စေးနှဲ ခဲ့ကျို တွဲအိ စေးကပ် အာပေါဓာတ် ဖြစ်ပျက် ဖြစ်ပျက်နေ၏။

အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အကြမ်းရုပ်၊ အချောရုပ်၊ အပူရုပ်၊ အအေးရုပ်၊ အလုံးစုံသော ရုပ်တရားတို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။

နုပ်နုပ် ဖွဲ့ဖွဲ့ လှုပ်လှုပ် ရွရွ မွမွကြဲမျှ ဖြစ်ပျက်ကြ၏။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စိတ်ဝိညာဏ် နာမ်တရားတို့ သည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ အကောင်း သုခဝေဒနာ ဖြစ်ပျက် ဖြစ်ပျက်နေ၏။ အဆိုး ဒုက္ခဝေဒနာ၊ နာကျင် ကိုက်ခဲ ဒုက္ခဝေဒနာ၊ ညောင်းညာ ထုံကျင် ဒုက္ခဝေဒနာ ဖြစ်ပျက် ဖြစ်ပျက် နေ၏။

အမြင့်၊ အသိ၊ အထိ၊ အတွေ့၊ အကောင်း၊ အဆိုး၊ အမှတ်၊ အကြံ၊ အပြု၊ အမူ၊ အယူ၊ အဆ၊ အစွဲ၊ အလန်းတို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း ဒုက္ခသဘော

တွေချည်းဘဲ၊ လှုပ်လှုပ်, ရွရွ, နုပ်နုပ်, ဖွဲဖွဲ, မွမွကြဲမျှ ဖြစ်ပျက်ကြ၏။ အဲဒါ ဒုက္ခသစ္စာဘဲ၊ ဆင်းရဲအမှန်ဘဲ။ လှုပ်လှုပ်,ရွရွ,နုပ်နုပ်,ဖွဲဖွဲ,မွမွကြဲမျှ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို သုခမဆိုနိုင်။ ငြိမ်းသည်ဟု မဆိုနိုင်။ အေးသည်ဟု မဆိုနိုင်။ ငြိမ်းအေးချမ်းသာဟူ၍ မဆိုနိုင်။ မဖြစ်မှသာလျှင် ငြိမ်းသည်-အေးသည်ဟူ၍ ဆိုနိုင်သည်။

မိမိကိုယ်မှာအဆင်းရုပ်တွေ,အသံရုပ်တွေ,အနံ့ရုပ်တွေ,စိတ်ဝိညာဏ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို စဉ်းစဉ်းစားစား ဂရုစိုက်၍ရှု။ သူတပါး ကိုယ်မှာလည်း အဆင်းရုပ် အသံရုပ် အနံ့ရုပ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို စဉ်းစားဆင်ခြင်၍ရှု။ သုံးဆယ့်တဘုံ အလုံးစုံ၌ ဘယ်သင်း ဘယ်ဟာ မဆို မြင်သမျှ ကြားသမျှ သိသမျှ ရုပ်တရား နာမ်တရားတို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏ဟူ၍ ဆင်ခြင်စဉ်းစား၍ရှု။အလုံးစုံသော ရုပ်နာမ်တရား တို့သည် အဟုန်အမှန်အားဖြင့် **ဖြစ်ပျက် ဖြစ်ပျက်** သာလျှင် နေကုန်၏။ **ဖြစ်ပျက် ဖြစ်ပျက်** နေသော အဟုတ်အမှန်ကို တကယ်ထင်မြင်ပါလျှင် မဖြစ်ချင်တော့ဘူးပေါ့။ **ဖြစ်ချင်** ဆိုတဲ့ သဘောမျိုးဟာ အလိုလိုပျောက်၍ သွားရော့ပေါ့။ ဖြစ်ပျက်ဖြစ်ပျက် တပျက်ထဲပျက်၍ နေသည်ကို တမြင်ထဲမြင်၍နေလျှင် ဖြစ်ချင် ဦးမည်လား?။ စဉ်းစားကြည့်ပါ။ ဖြစ်ပျက် ဖြစ်ပျက် တပျက်ထဲပျက်၍ နေသည်ကို မမြင်ပါလျှင် မဖြစ်ချင်ဘူးဟဲ့,အောင့်လို့ နေမဟဲ့ ဆိုပေမဲ့ မနေနိုင်ဘူး၊ ဖြစ်ချင်လို့ ဖြစ်လာဒါဘဲ။

လှုပ်လှုပ် ရွရွ နုပ်နုပ် ဖွဲဖွဲ မွမွကြဲမျှ ဖြစ်ပျက်ဖြစ်ပျက် တပျက်ထဲပျက်၍နေသော ဖြစ်ပျက်အစဉ်ကို တမြင်ထဲမြင်၍နေလျှင် **မဖြစ်ချင်**ဆိုတဲ့ သဘောမျိုးဟာ အလိုလိုပေါ်၍ လာလေသည်။ **ဖြစ်ချင်** ဆိုတဲ့ သဘောမျိုးဟာ အလိုလိုပျောက်၍ သွားလေသည်။ အဲဒါ-မဂ္ဂသစ္စာ၏ ပဟာန သတ္တိဘဲ၊ သမုဒယ တဏှာကိုပယ်ခြင်းဘဲ။

**မဖြစ်ချင်** ဆိုတဲ့ ပဟာန သဘော စွဲစွဲ မြဲမြဲ နောက်မဆုတ်ဘဲ သမုစ္ဆေဒအနေနှင့် ပေါ်လာလျှင် **မဖြစ်** ကို အာရုံပြုလေ၏။ **မဖြစ်** သို့ ရောက်လေ၏။ အဲသည်(**မဖြစ်**)ဟာ နိဗ္ဗာန်ဘဲ။ ဘာ၏ မဖြစ်ရာပါလဲ။ အဝိဇ္ဇာ၏ မဖြစ်ရာ။ တဏှာ၏ မဖြစ်ရာ ကြွင်းမဲ့ ဥဿုံ အကုန်မဖြစ်၊ နောင်

တဖန် ထပ်မံ၍ မဖြစ် "အဝိဇ္ဇာယ တွေ၀ အသေသ ဝိရာဂနိရောဓာ" ဖြစ်သည်။ အဲသည် မဖြစ် ကိုမှ နိရောဓသစ္စာဆိုသည်။ နိဗ္ဗာန်ဆိုသည်။ ငြိမ်းသည် - အေးသည်ဟု ဆိုသည်။ အစ္စန္တအတ္တဂ်မ ဖြစ်ပျက်၏ အဆုံးစွန် (မဖြစ်)ကို နိဗ္ဗာန်အစစ် ဆိုသည်။ (အစ္စန္တအတ္တဂ်မ-ဘေဒအတ္တဂ်မ ဟူ၍ အတ္တဂ်မ ၂-မျိုး၊ နိဒါန သံယုတ် အဋ္ဌကထာ-၇၀။)

အဘာဝပညတ် မဖြစ်မျိုးဟာက နိရောဓသစ္စာမဟုတ်၊ မဂ်၏အာရုံ မဟုတ်၊ နတ္ထိ ဘောပညတ်(မဖြစ်)မျိုးဟာကလဲ၊နောင်တဖန် အတ္ထိ ဘောပညတ်အဖြစ်မျိုးသို့ ရောက်လာတတ်၏။ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်မဟုတ်၊ (နိရောဓ-မဖြစ်။ သစ္စာ-အမှန်။ နိရောဓသစ္စာ-မဖြစ်အမှန်။)

ဖြစ်-ပရမတ်,မဖြစ်-ပရမတ်ဟူ၍ ပရမတ်နှစ်မျိုး။ "ဥပ္ပါဒေါသင်္ခါရာ၊ အနုပ္ပါဒေါနိဗ္ဗာနံ"သင်္ခါရာ၊ ရုပ်နာမ်တရားတို့သည်။ ဥပ္ပါဒေါ၊ ဖြစ်တရား။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊ မဖြစ်တရား။ ဖြစ်ပရမတ်သည် ငြိမ်းအေးတဲ့ သဘောမဟုတ်-ဒုက္ခ။ မဖြစ်ပရမတ်သည် ငြိမ်းအေးတဲ့သဘော မို့လို့-သုခ။ "အဘိနိဗ္ဗတ္တိဒုက္ခာ၊ အနဘိနိဗ္ဗတ္တိသုခါ"။ ။အဘိနိဗ္ဗတ္တိ၊ ဖြစ်ခြင်းသဘောသည်။ ဒုက္ခာ၊ ဆင်းရဲသဘောတည်း။ အနဘိနိဗ္ဗတ္တိ၊ မဖြစ်သဘောသည်။ သုခါ၊ ချမ်းသာသော သဘောတည်း။ *

---

* ချုပ်ငြိမ်းခြင်းဟူသော နိရောဓဟူသည်....နိဗ္ဗာန်မှာ ခန္ဓာအပူမီးတို့ကို ငြိမ်းအေးစေနိုင်သော သန္တိသဘော လက္ခဏာရှိသည်။ မဂ်,ဖိုလ်တို့မှာ သန္တိသဘောလက္ခဏာမရှိ၊ ထို့ကြောင့် နိဗ္ဗာန်က မိမိ၏သန္တိသဘောအစွမ်းသတ္တိကို အရိယာ မဂ်,ဖိုလ်တို့အား ပေးသည်ရှိသော် ထိုအစွမ်းသတ္တိဖြင့် မဂ်,ဖိုလ်တို့က ဒုက္ခဆင်းရဲ မီးခပ်သိမ်းကို ငြိမ်းအေးသွားအောင် ပသ်သတ်နိုင်ကြကုန်သည်။ ထို့ကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းအေးရခြင်း၏ အကြောင်းရင်းတရားသည် နိဗ္ဗာန်ဖြစ်သောကြောင့် နိဗ္ဗာန်ကို ဒုက္ခခပ်သိမ်း ချုပ်ပျောက်အေးငြိမ်းကြောင်းဟူ၍လည်း ဆိုအပ်၏။ "ပဝတ္တံသင်္ခါရံ အပ္ပဝတ္တံနိဗ္ဗာနံ"ဟူသော ပါဠိတော်အရ ဒုက္ခခပ်သိမ်း ဖြစ်ပျက်သင်္ခါရတို့၏ ချုပ်ရာ,ငြိမ်းရာ,မဖြစ်ရာကို နိဗ္ဗာန် ဆိုသော ကြောင့်လည်း "မဖြစ်"နိဗ္ဗာန်ဟု ခေါ်ဆိုရ၏။

ဤသို့ဒုက္ခမီးတို့၏ မဖြစ်ခြင်း,အဖြစ်ငြိမ်းခြင်း,ထွက်မြောက်ခြင်း နိရောဓကို ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဝိဝေက ကထာ၌... နိရောဓဟူသည်...

ဖြစ်ပျက်ခြင်းကို (အနိစ္စ-ဒုက္ခ-အနတ္တ) လက္ခဏာယာဉ် သုံးပါး ဆိုသည်။ ဖြစ်-အနိစ္စ၊ ပျက်-အနိစ္စဟူ၍ အနိစ္စနှစ်မျိုး။ ဖြစ် ဒုက္ခ၊ ပျက်-ဒုက္ခဟူ၍ ဒုက္ခနှစ်မျိုး။ ဖြစ်-အနတ္တ၊ ပျက် အနတ္တ၊ မဖြစ်-အနတ္တ ဟူ၍ အနတ္တသုံးမျိုး။

လှုပ်လှုပ် ရွရွ နုပ်နုပ် ဖွဖွ မွမွကြဲမျှ ဖြစ်ကြသည်ကို ဖြစ်-အနိစ္စ ဆိုသည်၊ ဘောက်ပြန်ခြင်း သဘော ဆိုသည်။ မမြဲခြင်း သဘော ဆိုသည်။ ပကတိ ငြိမ်သက်သော သဘောမဟုတ်။ မရှိရာမှ-ရှိလာသော ဖေါက်ပြန် ခြင်းတမျိုးဖြစ်သည်။

ဖြစ်-ဖေါက်ပြန်။ ပျက်-ဖေါက်ပြန်ဟူ၍ ဖေါက်ပြန်ခြင်း နှစ်မျိုးကို **မမြဲ** သဘောဆိုသည်။ အနိစ္စလက္ခဏာ ဆိုသည်။ ဥပါဒ်ကို ဖြစ်-ဖေါက်ပြန် ဆိုသည်။ ဘင်ကို ပျက်-ဖေါက်ပြန် ဆိုသည်။ မရှိရာမှ ရှိလာသော ဖေါက်ပြန်ခြင်းတမျိုး။ ရှိရာမှ-ပျက်သွားသော ဖေါက်ပြန်ခြင်းတမျိုး။

အဒဿနတော၊ မရှိရာမှ။ အာယန္တိ၊ ဖြစ် လာ ကုန် ၏။ **(ဖြစ်-ဖေါက်ပြန်)** ဘင်္ဂါ၊ ပျက်ကုန်သော ရုပ်နာမ်တို့သည်။ အဒဿနံ၊ မရှိရာ သို့။ ဂစ္ဆန္တိ၊ သွားရောက်ကုန်၏။ **(ပျက်-ဖေါက်ပြန်။)**

---

(၁) ဝိက္ခမ္ဘနာ နိရောဓ။ (၂) တဒင်္ဂ နိရောဓ။ (၃) သမုစ္ဆေဒ နိရောဓ။ (၄) ပဋိပဿဒ္ဓိ နိရောဓ။ (၅) နိဿရဏ နိရောဓ ဟူ၍ငါးပါးပြလေသည်။ ။

(၁) ပဌမဈာန်ကို ပွားစေတတ်သော ယောဂီပုဂ္ဂိုလ်အား နီဝရဏတရား တို့၏ အတန်ကြာကွာ၍ ချုပ်ခြင်းသည် ဝိက္ခမ္ဘနာ နိရောဓမည်၏။

(၂) သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း အဘို့ရှိသော သမာဓိကိုပွားစေသော ယောဂီပုဂ္ဂိုလ်အား မိစ္ဆာအယူတို့၏ ချုပ်ခြင်းသည် တဒင်္ဂနိရောဓမည် ၏။

(၃) လောကုတ္တရာဖြစ်၍ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အရိယာမဂ်ကို ပွားစေသော ယောဂီပုဂ္ဂိုလ်အား-ကိလေသာတို့၏ အမြစ်ပြတ် ချုပ် ခြင်းသည် သမုစ္ဆေဒ နိရောဓမည်၏။

(၄) ဖိုလ်ခဏ၌ မဂ်ဖြင့် ပယ်ပြီး ကိလေသာတို့၏ အလုံးစုံ အနိုး အငွေ့မျှ မကျန်ရအောင် တဖန်ချုပ်ငြိမ်းခြင်းသည် ပဋိပဿဒ္ဓိ နိရောဓ မည်၏။

(၅) အမတ နိဗ္ဗာန်သည် သင်္ခတ ဖြစ်သော ဒုက္ခတရားတို့၏ ထွက်မြောက် ကြောင်းဖြစ်၍ နိဿရဏ နိရောဓ မည်၏ဟူ၍ပြဆိုတော်မူရာ၊ ထိုနိဿ ရဏ နိရောဓသည်သာ ပရမတ်နိဗ္ဗာန်ဖြစ်ကြောင်း ဟောတော်မူသည်။

အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ၊ လျှပ်လက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ၊ ဖြစ်ကြ ပျက်ကြ ကုန်၏ **(ဖြစ်,ပျက်-ပေါက်ပြန့်)**

လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ဖြစ်ကြ ပျက်ကြသည်ကို ပေါက်ပြန့်ခြင်းဆိုသည်။ မမြဲဆိုသည်။ အနိစ္စဆိုသည်။ ဖြစ်ခြင်း-ပျက်ခြင်း-ပေါက်ပြန့်ခြင်းမရှိလျှင် မြဲသည်။ နိစ္စ ဆိုသည်။ သုခ ဆိုသည်။ အေးမြသည်။ ငြိမ်းအေးသည်။ နိဗ္ဗာန်ဆိုသည်။

(မှာတမ်း။ ။အနိစ္စ-အနိစ္စ ဟူ၍ ရွတ်ဆိုအောက်မေ့ လေ့လာသည်ထက်၊ **ဖြစ်ပျက်ဖြစ်ပျက်** ဟူ၍ ရွတ်ဆို အောက်မေ့ ဆင်ခြင် နှလုံးသွင်းရဒါက သာ၍ ထင်လွယ် မြင်လွယ်သည်။ မြန်မာလူမျိုးမှာ မြန်မာစကားနဲ့၊ ပါဠိလူမျိုးမှာ ပါဠိစကားနဲ့ ကိုယ်စီကိုယ်စီ တင်လွယ် မြင်လွယ် သိလွယ်သည်။*)

လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ဖြစ်ကြသော သဘောကို သုခ မဆိုသာ။ ငြိမ်းသည်-အေးသည် ဟူ၍မဆိုသာ ဖြစ်-ဒုက္ခ။ ။လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ပျက်ကြသည်ကို သုခမဆိုသာ။ ငြိမ်းသည် - အေးသည် ဟူ၍ မဆိုသာ ပျက်-ဒုက္ခ။ **ဖြစ်ပျက်ဖြစ်ပျက်-ဒုက္ခဒုက္ခ၊ ဖြစ်, ဒုက္ခ-ပျက်,ဒုက္ခ**။ ဖြစ်ပျက် ဖြစ်ပျက်သဘောသည် အစဉ်မပြတ် နှိပ်စက်၍ နေသောကြောင့် ဒုက္ခ ဟူ၍ဆိုသည်။ မဖြစ်မှ သုခ ဆိုသည်။ ငြိမ်းသည်-အေးသည်ဟုဆိုသည်။ **(အဲသည်** ငြိမ်းအေးခြင်းဟာ **နိဗ္ဗာန်ဘဲ။)**

ဖြစ်ခြင်းသဘောကို အစိုးမပိုင် သူ့ဘာသာ ဖြစ်သည်၊ဖြစ်-အနတ္တ။ ပျက်ခြင်း သဘောကို အစိုးမပိုင် သူ့ဘာသာ ပျက်သည်၊ ပျက်-အနတ္တ။ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အစိုးပိုင်သူ မရှိ။သူ့ဘာသာ ဖြစ်ပျက်သည်။

---

* အလုပ်သဘော၌ "အနိစ္စ,အနိစ္စ" ဟူ၍ ရွတ်ရွတ်၊ မြန်မာလို "ဖြစ်ပျက်, ဖြစ်ပျက်"ဟူ၍ဆိုဆို၊ ထိုထိုရွတ်မှု ဆိုမှုမျှဖြင့် ယထာဘူတ-အမှန် အကန်သိသော သဘောသို့ မရောက်နိုင်၊ ရုပ်,နာမ်,ခန္ဓာကို လက္ခဏာတင်၍ ရှုရာ၌ ထိုရုပ်တို့၏ သူ့,သဘောအတိုင်း ဖြစ်ပျက်နေမှုကို ယောဂီ၏ဉာဏ်၌ ပရမတ္ထဖြစ်သောရုပ်တို့၏ ထင်ရှားဖြစ်ပြီး-ထင်ရှား မရှိသော သဘောကို အလိုလို သဘော ပေါက်လာမှ "ဖြစ်ပျက်"ကို သိသော ယထာဘူတဉာဏ် ဖြစ်ရာ၊ ရွတ်, ဆိုမှုထက်-ဉာဏ်မြင် သဘောပေါက်မှုကို ကိုယ်တွေ့သိအောင် ရှုမှတ်အားထုတ်ပါက သန္ဒိဋ္ဌိကောအရ ကိုယ်တိုင် တွေ့သိခံစားရပါလိမ့်မည်။

သ္မုဘာဝသာဖြစ်၍ သ္မုဘာဝသာပျက်သည်။ ဘယ်သူ၏အလိုကိုမှမလိုက် ဖြစ်, ပျက်-အနတ္တ။

အနိစ္စဆိုလဲ ဖေါက်ပြန်ခြင်း သဘောမို့ ဖြစ်ပျက် ဖြစ်ပျက်ဘဲ။ဒုက္ခဆိုလဲ ငြိမ်းအေးခြင်းသဘောမဟုတ်လို့ ဖြစ်ပျက် ဖြစ်ပျက်ဘဲ။ အစဉ်မပြတ်နှိပ်စက်တာက ကြောက်စရာဘေးကြီးမို့ ဖြစ်ပျက်ဖြစ်ပျက်ဘဲ။အနတ္တဆိုလဲ သ္မုဘာဝသာ ဖြစ်ပျက်၍ ဘယ်သူ၏အလိုကိုမှ မလိုက်မပါလို့ ဖြစ်ပျက် ဖြစ်ပျက်ဘဲ။

အဲသည် ဖြစ်ပျက် ဖြစ်ပျက်သဘောကို ငါ-လို့ဆိုမည်လား။ငါ့ဟာလို့ ဆိုမည်လား။ ငါ ပိုင်နိုင်သည်ဟူ၍ ဆိုမည်လား။ လူလို့ ဆိုမည်လား။ မိန်းမလို့ဆိုမည်လား။ ယောကျ်ားလို့ဆိုမည်လား။

ဖြစ်ပျက် ဖြစ်ပျက်ဘဲ ဘာမှ ဆိုစရာမရှိဘူး။

ဘာမှဆိုစရာမရှိတဲ့ ဖြစ်ပျက် ဖြစ်ပျက်ကို တမြင်ထည်း မြင်၍နေလျှင် ဘာဖြစ်ချင်အုံးမှာလဲ။

ဘာမှမရှိ၊ငါမရှိ၊ ငါ့ဟာမရှိ၊ ငါပိုင် ငါနိုင်မရှိ၊သူမရှိ၊သူ့ဟာမရှိ၊ သူပိုင် သူနိုင်မရှိ၊ လူမရှိ၊ နတ်မရှိ၊ ဗြဟ္မာမရှိ၊ မိန်းမ မရှိ၊ ယောကျ်ား မရှိ၊ ဖြစ်ပျက်ဖြစ်ပျက်ရှိဒါဘဲ။

ဘာမှမရှိတဲ့ **ဖြစ်ပျက် ဖြစ်ပျက်** ကို ဖြစ်ချင်လျှင် **ဖြစ်ပျက် ဖြစ်ပျက်** ဖြစ်နေမှာဘဲ၊ **ဖြစ်ပျက် ဖြစ်ပျက်** ဖြစ်ရှိနေသမျှ ကာလပတ်လုံး ငြိမ်းသည် အေးသည်ဟု ဆိုရမည်လား**?**။

ဖြစ်ပျက်ဖြစ်ပျက် မရပ်မစဲ မွှမ္ဘကြဲမျှ တပျက်ထည်းပျက်၍နေသော **ဖြစ်ပျက် ဖြစ်ပျက်**ကို ငြိမ်းသည်အေးသည်ဟုမဆိုနိုင်၊**မဖြစ်**ကိုမှ ငြိမ်းအေးသည်ဟုဆိုရသည်။ ဖြစ်ပျက်မရှိ ပကတိ ငြိမ်သက်သော **မဖြစ်** သဘောကိုမှ ငြိမ်းအေးသည်ဟုဆိုရသည်။ဖြစ်ပျက်မရှိ ပကတိ ငြိမ်းအေးသော **မဖြစ်** ကိုသာ နိဗ္ဗာန်ဆိုသည်။ အဲသည်(**မဖြစ်**)နိဗ္ဗာန်ကို အစိုးရသူ ပိုင်နိုင်သူ မရှိ၍ (**မဖြစ်**) အနတ္တဆိုသည်။

## မဖြစ် နိဗ္ဗာန်

**ငြင်းချက်ထုတ်ပုံ**။ ။ဟာ-မဟုတ်ပါဘူး။ **မဖြစ်** ကို နိဗ္ဗာန်ဆို လို့ ဘယ်သူလိုချင်မှာလဲ။ ကြောက်စရာကြီး။ မဖြစ်မှာကိုအလွန်ကြောက် စရာ ကောင်းဒါမျိုးပါ။ **မဖြစ်** ကို နိဗ္ဗာန်ဆိုဒါ မဟုတ်ပါဘူး။ နိဗ္ဗာန် ဆိုဒါက အလွန်တရာ အေးမြချမ်းသာတဲ့ တရားအထူးပါ။ ၎င်းအေးမြ ချမ်းသာတဲ့ တရားအထူးကို အာရုံပြုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ အလွန်ချမ်းသာ၍ နေပါတယ်။ ဥပမာ—မပြိုမပျက်နိုင်တဲ့ အသမ္ဘိန္နပြဒါးလုံး, သံလုံးကို ငုံ၍ မျို၍စားနေသောသူသည် မပြိုမပျက်နိုင်ဘဲ အမြဲချမ်းသာ အေးမြရှိသလို အမြဲချမ်းသာ အေးမြတဲ့ တရားအထူးကို အာရုံပြုနိုင်တဲ့ ပုဂ္ဂိုလ်မှာ အမြဲ ချမ်းသာ၍နေပါတယ်။ ထိုကြောင့် အမြဲချမ်းသာအေးမြတဲ့ တရားအထူး ကိုသာ နိဗ္ဗာန်ဆိုပါတယ် ဟူ၍ ငြင်းဆိုခဲ့သော် အဲသည် အမြဲ ချမ်းသာ အေးမြတဲ့တရားအထူးဟာ **မဖြစ်** တရားအထူးပါဘဲလို့ဖြေလိုက်။ မဖြစ်ဆို တာက ကြောက်စရာမဟုတ်ပါဘူး **ဖြစ်ပျက်** ဆိုဒါကသာလျှင် ကြောက် စရာကြီးပါ ဟူ၍ဖြေလိုက်။ ငြိမ်းအေးသော(သန္တိ)သဘောကိုသာ နိဗ္ဗာန် ဆိုပါသည်ဟုပြောလျှင်လည်း အဲသည်(သန္တိ)သဘောလဲ **မဖြစ်** သဘော ပါဘဲဟူ၍ဖြေလိုက်။

"သုဒုဒ္ဒသံ သုနိပုဏံ အတိသုခုမံ အတိသီတလံ သန္တံ သစ္စံ အနာလယံ နိစ္စံ ဓုဝံ အမတံ အသင်္ခတံ ပရမတ္ထတော သန္တော အနည္သာဓာရဏော သဘာဝဓမ္မော" ကိုသာလျှင် နိဗ္ဗာန်ဆိုပါသည်ဟု ပြောသူရှိလျှင်လည်း အဲသည်"သုဒုဒ္ဒသံ။လ။သဘာဝဓမ္မော"ဆိုတဲ့ဟာလဲ **မဖြစ်** သဘာဝဓမ္မော ပါဘဲ ဟူ၍ဖြေလိုက်။ ပိဋကတ်ကျမ်းဂန်တတ်သော ပုဂ္ဂိုလ်တို့သည် **မဖြစ်** ဆိုတဲ့သဘောမှ လွတ်ကင်းအောင် နိဗ္ဗာန်ကိုမပြောဆိုနိုင်။အသင်္ခတပရမတ္ထ နိဗ္ဗာန်ဆိုသည်ကား **မဖြစ်** သဘောတခုလျှင် ရှိလေသည်။ **မဖြစ်** သဘော ဟူ၍သာမှတ်လေ။

**မဖြစ်** သဘောသည် နိဗ္ဗာန် မဟုတ်ဟုဆိုငြားအံ့။ မဖြစ်သဘော မဟုတ်လျှင် ဘာသဘောလဲ၊ ဖြစ်သဘော ဆိုရမှာလား။ **ဖြစ်** သဘော ဆိုလျှင် **ပျက်** သဘော ရှိမြဲ။ နိဗ္ဗာန်ဆိုဒါ (**မဖြစ်**) သဘော ပါဘဲ။

**မဖြစ်** သဘော မို့လို့ **ပျက်** သဘောမရှိဒါ၊ **ဖြစ်** ဆိုဒါက သင်္ခတ လက္ခဏာ။ **မဖြစ်** ဆိုဒါက အသင်္ခတ လက္ခဏာ။ **ဖြစ်** ဆိုတဲ့ သင်္ခတ လက္ခဏာသည် ခန္ဓာ ရုပ်နာမ်မှာရှိသည်။ **မဖြစ်** ဆိုတဲ့ အသင်္ခတလက္ခဏာ သည် နိဗ္ဗာန်မှာ ရှိသည်။ **ဖြစ်** လက္ခဏာရှိတဲ့ တရားသဘောသည် ခန္ဓာ နာမ်ရုပ်ဘဲ။ **မဖြစ်** လက္ခဏာရှိတဲ့ တရားသဘောသည် နိဗ္ဗာန်ဘဲ။

**ဖြစ်ပျက်** လက္ခဏာကိုမြင်လျှင် ခန္ဓာနာမ်ရုပ် ထင်လာ၏။**မဖြစ်** လက္ခဏာကို မြင်လျှင် နိဗ္ဗာန်ထင်လာ၏။ **ဖြစ်ပျက်** လက္ခဏာကို သင်္ခါရ ပေက္ခာဉာဏ်ဖြင့် အဘန်ဘန်အခါခါ ကြည့်ရှုဆင်ခြင်၍ အမြင်သန်သော အခါ **မဖြစ်** လက္ခဏာကို အလိုလိုမြင်၍လာ၏။ **မဖြစ်** လက္ခဏာကိုမြင် လျှင် နိဗ္ဗာန်ကိုမြင်၏။ အလွန်ထင်ရှားပြီ။

သပိတ်က အပေါက်နှင့် ဖြစ်ပျက် လက္ခဏာ တူသည်။ သပိတ်နှင့် ရုပ်,နာမ်,သင်္ခါရ တူသည်။ သပိတ်ကအပေါက်ကိုမြင်လျှင် သပိတ်ကိုမြင် သည်။ ဖြစ်ပျက်လက္ခဏာကိုမြင်လျှင် ရုပ်နာမ်သင်္ခါရကိုမြင်သည်။ရုပ်နာမ် သင်္ခါရကို အာရုံပြုလျက်နေသော ဉာဏ်သည်ပင် ရုပ် နာမ် သင်္ခါရမှ ထ မြောက် လွတ်ကင်း၍ သွား၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည် ရုပ် နာမ်သင်္ခါရကို အရုံပြုလျက် ပင်လျှင် ရုပ်နာမ်သင်္ခါရမှ ထမြောက် လွတ် ကင်း၍သွား၏။ ဖြစ်ပျက်အာရုံပြုရာမှ **မဖြစ်** ကိုအလိုလို အာရုံပြုသွား သည်ဟူလို။

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

ဝုဋ္ဌာနဂါမိနီဝိပဿနာ ဆိုသည်ကား သင်္ခါရပေက္ခာဉာဏ်၊ အနု လောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ ဤဉာဏ်သုံးပါးကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ဆိုသည်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် သုံးပါးတို့တွင် သင်္ခါရုပေက္ခာ ဉာဏ်-အနုလောမဉာဏ် နှစ်ပါးတို့သည်။ **ဖြစ်ပျက်** ကို အာရုံပြုကုန်၏။ ဂေါတြဘူဉာဏ်သည် **မဖြစ်** ကို အာရုံပြု၏။ ၎င်း ဉာဏ်တို့သည် စိတ် အစဉ် တဆက်ထည်း ဖြစ်လျက် **ဖြစ်ပျက်** ကို အာရုံပြုရာမှ **မဖြစ်** ကို

အလိုလိုအာရုံပြု၍ သွားလေသည်။ ထို့ကြောင့် **ဖြစ်ပျက်** လက္ခဏာကို သင်္ခါရုပေက္ခာဉာဏ်ဖြင့် အဘန်ဘန်အခါခါ ကြည့်ရှုဆင်ခြင်၍ အမြင်သန်သောအခါ **မဖြစ်** လက္ခဏာကိုအလိုလိုမြင်၍လာ၏ဟုဆိုသည်။အင်မတန်ထင်ရှားလှပြီ။

ထင်ရှားပုံကို ဝိထိစိတ်စဉ်မှာကြည့် (ဖြစ်ပျက်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ။ နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူ။ မဂ်ဇောတကြိမ်,ဖိုလ်ဇောနှစ်ကြိမ်-သုံးကြိမ်) ဤဝိထိစိတ်စဉ်၌ ပရိကံ,ဥပစာ, အနုလုံတို့သည် **ဖြစ်ပျက်** ကို အာရုံပြုသော အနုလောမဉာဏ်တို့ ဖြစ်၏။ ဂေါတြဘူဉာဏ်သည် **မဖြစ်** ကို အာရုံ ပြု၏။ ဖြစ်ပျက်ကို အာရုံပြုရာမှ **မဖြစ်** နိဗ္ဗာန်ကို အလိုလိုအာရုံပြု၍သွားပုံ ထင်ရှားလှ၏။

> ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ကိမာရမ္မဏာတိ၊ လက္ခဏာရမ္မဏာတိ၊ လက္ခဏံနာမ ပညတ္တိဂတိကံ၊ နဝတ္တဗ္ဗဓမ္မဘူတံ၊ယော ပန အနိစ္စံ ဒုက္ခံ အနတ္တာတိ တီဏိလက္ခဏာနိ သလ္လက္ခေတိ၊ တဿ ပဉ္စက္ခန္ဓာ ကဏ္ဌေ ဗန္ဓကုဏပံ ဝိယဟောန္တိ။ သင်္ခါရာရမ္မဏမေဝဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ။ (အဋ္ဌသာလိနီ-၂၄၂။)

> သိခါပတ္တ ဝိပဿနာတိဝါ ဝုဋ္ဌာနဂါမိနီတိဝါ၊ သင်္ခါ ရုပေက္ခာဒိဉာဏတ္တယဿေဝ တံနာမံ။ ဣဒဥ္စ ပန အနုလောမဉာဏံ သင်္ခါရာရမ္မဏာယ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံဟောတိ။ သဗ္ဗေနသဗ္ဗံ ပန ဂေါတြဘူဉာဏံ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ။ (ဝိသုဒ္ဓိမဂ်။)

> ဝုဋ္ဌဟာနဥ္စနေသံ အာရမ္မဏာကရဏံ၊ အာယတိံ အနုပ္ပတ္တိ ဓမ္မတာပါဒနဥ္စ။ (မဟာဋီကာ။)

ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ သင်္ခါရုပေက္ခာဉာဏ် - အနုလောမဉာဏ်တို့သည်။ ကိံ အာရမ္မဏာ၊ အဘယ်ကိုအာရုံပြုကြသနည်း။ ဣတိ၊ ဤသို့မေးခဲ့သော်။ လက္ခဏာရမ္မဏာ၊ဖြစ်ပျက်လက္ခဏာကိုအာရုံပြုကုန်၏။ ဣတိ၊ဤသို့

ပြေ။ လက္ခဏာနာမ၊ ဖြစ်ပျက် လက္ခဏာ မည်သည်ကား။ ပညတ္တိဂတိကံ၊ ပညတ်အလားရှိ၏။ နဝတ္တဗ္ဗမဘူတံ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကြောင့် ပရိတ္တ--မဟဂ္ဂတ--လောကုတ္တရ ဟူ၍ မဆိုရသော တဇ္ဇာပညတ် ဖြစ်၏။ ပန၊ ယင်းသို့ တဇ္ဇာပညတ် ဖြစ်သော်လည်း။ ယော၊ အကြင်သူ သည်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ ဖြစ်ပျက်မမြဲ၊ ဖြစ်ပျက်ဆင်းရဲ၊ ဖြစ်ပျက် အစိုးမရဟူ၍။ တိကလက္ခဏာနိ၊ သုံးပါးသော ဖြစ်ပျက် လက္ခဏာတို့ကို။ သလ္လက္ခေတိ၊ ကောင်းစွာထင်၏။ တဿ၊ ထိုဖြစ်ပျက်လက္ခဏာ ကောင်းစွာ ထင်သော ယောဂီပုဂ္ဂိုလ်အား။ ပဥ္စက္ခန္ဓာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ငါးတန်သော ဖြစ်ပျက်အစုတို့သည်။ ကဏ္ဍော၊ လည်ပင်း၌။ ဗန္ဓ ကုဏပံဝိယ၊ ဆွဲထားသောအကောင်ပုပ်ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ခါ ရာ ရမ္မဏမေဝဉာဏံ၊ သင်္ခါရကို အာရုံ ပြုသော ဉာဏ်သည် ပင်လျှင်။ သင်္ခါရတော၊ သင်္ခါရမှ။ ဝုဋ္ဌာတိ၊ ထမြောက်လွတ်ကင်း၍သွား၏။ (အဌ သာလိနီအနက်။)

အဓိပ္ပါယ်ကား။ ။ပရိကံ, ဥပစာ, အနုလုံ ဟူသော အနုလောမ ဉာဏ်သည်ပင်လျှင် ဖြစ်ပျက်လက္ခဏာရှိသော သင်္ခါရကိုအာရုံပြုရာမှ ဂေါ တြဘူဉာဏ်ဖြင့် သင်္ခါရမှထမြောက် လွတ်ကင်း၍သွားသည်။ **ဖြစ်ပျက်** ကို အာရုံပြုရာမှ **မဖြစ်** ကို အလိုလို အာရုံပြု၍သွားသည်ဟူလို။

ဣဒဥ္စအနုလောမဉာဏံ၊ ဤအနုလောမဉာဏ်သည်။ သင်္ခါရာရမ္မဏာ ယ၊သင်္ခါရကိုအာရုံပြုသော။ဝုဋ္ဌာနဂါမိနီဝိပဿနာယ၊ဝုဋ္ဌာနဂါမိနီ ဝိပဿ နာ၏။ ပရိယောသာနံ၊အဆုံးသည်။ ဟောတိ၊ဖြစ်၏။ သဗ္ဗေနသဗ္ဗံ၊အလုံးစုံ သင်္ခါရအာရုံမှကင်းလွတ်သော။ ဂေါတြဘူဉာဏံပန၊ ဂေါတြဘူဉာဏ်သည် ကား။ ဝုဋ္ဌာနဂါမိနီဝိပဿနာယ၊ ခန္ဓာငါးပါးမှလွတ်၍ ဝုဋ္ဌာန ဖြစ်သော မဂ်သို့ရောက်ကြောင်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ အမည်ရသော ဝိပ ဿနာဉာဏ်၏။ ပရိယောသာနံ၊ နောက်ဆုံးတည်း။

သိခါပတ္တာ ဝိပဿနာတိပိ ဝါ၊ ထိပ်ဖူးသို့ရောက်သော ဝိပဿနာဟူ၍ ၎င်း။ ဝုဋ္ဌာနဂါမိနီတိဝါ၊ သင်္ခါရအာရုံမှလွတ်၍ ဝုဋ္ဌာနဖြစ်သော မဂ်သို့ ရောက်ကြောင်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဟူ၍၎င်း။ သင်္ခါရုပေက္ခာဒိ

ဉာဏတ္တယသော ဝ၊ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘုဉာဏ် ဤသုံးပါးသောဉာဏ်၏သာလျှင်။နာမံ၊ အမည်တည်း။(ဝိသုဒ္ဓိမဂ်အနက်။)

သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘုဉာဏ် ဤဉာဏ်သုံးပါးကို သိခါပတ္တ ဝိပဿနာဉာဏ် ဟူ၍၎င်း၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဟူ၍၎င်း ခေါ်ဆိုသည်။

ဝုဋ္ဌာဟနဥ္စ၊ ထမြောက်လွတ်ကင်းဆိုသည်ကား။ နေသံ၊ ထိုသင်္ခါရတို့ကို။ အာရမ္မဏအကရဏံ၊ အာရုံမပြုခြင်းတည်း။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပတ္တိဓမ္မတာပါဒနဥ္စ၊ မဖြစ်ခြင်းသို့ ရောက်ခြင်း သည်လည်း။ ဝုဋ္ဌာဟနံ၊ ထမြောက် လွတ်ကင်းခြင်းပင်တည်း။ (မဟာဋီကာအနက်။)

အဆင်း အသံ အနံ့ အရသာ စသောရုပ်တရားတို့ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို၎င်း, မြင်စိတ် ကြားစိတ် နံစိတ် စသော နာမ်တရား တို့ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို၎င်း သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် တို့ဖြင့် အဘန်ဘန် အထပ်ထပ်ရှု၍နေသည်ရှိသော်, ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ကောင်းစွာမြင်၍ နေသည်ရှိသော် ယခင် ဖြစ်ပျက်ဉာဏ် အမြင်သန်သော အခါ လျင်မြန်စွာ ဖြစ်၍ ပျက်ကုန်သော **အပျက်တွေ** ကိုသာ မြင်လေသည်။ လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ပျက်၍သာနေသော အပျက်တွေကို မြင်သော အခါ ဘင်္ဂဉာဏ် ထင်သော အခါ ဘေးကြီး အပြစ်ကြီး ကြောက်စရာကြီး ဟူ၍ ကြောက်ရွံ့ထိတ်လန့် ငြီးငွေ့ခြင်းသသော(ဘယ--အာဒီနဝ--နိဗ္ဗိန္ဒာဉာဏ်သဘော)လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ပျက်၍သာ နေကြသော ဘေးကြီး အပြစ်ကြီး ကြောက်စရာကြီးမှ လွတ်ကင်းလိုတဲ့ သသော (မုဉ္စိတုကမျတာဉာဏ်သဘော) လှုပ်လှုပ် ရွရွ နုပ်နုပ် ဖွဲ့ဖွဲ့ မွမွ ကြဲမျှ ပျက်၍သာ နေကြသော ဘေးကြီး အပြစ်ကြီး ကြောက်စရာကြီးမှ လွတ်ကင်းရာကို ရှာကြံခြင်းသဘော ( ပဋိသင်္ခါဉာဏ်သဘော ) လှုပ်လှုပ် ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှပျက်၍နေကြသော ဘေးကြီး အပြစ်ကြီး ကြောက်စရာကြီး( ကမ္ဘာ့မီးပုံကြီး )မှ လွတ်ကင်းရာ ( ဖြစ်ပျက်အစဉ်) တစ်ုတခုမျှ မမြင်ဘဲ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ပျက်၍သာ နေသော ဘေးကြီး အပြစ်ကြီး ကြောက်စရာကြီး (ကမ္ဘာ့မီးပုံကြီး) အထဲ၌ မလွဲသာ မရှောင်သာ လှဲ့ကာ အိပ်၍ ဖြစ်ပျက် ဘေးကြီး ( ကမ္ဘာ့မီးပုံကြီး ) အရှိန်အပူကို အလေးမမူ

အရေးမယူ မညီးညူဘဲ လျစ်လျူရှု၍ ဥပေက္ခာပြုသော (သင်္ခါရုပေက္ခာ) ဉာဏ်ဖြင့် အဘန်ဘန် အခါခါ ကြည့်ရှု ဆင်ခြင် ( အပျက် တွေကိုသာ ) တမြင်ထဲ မြင်၍ နေလေသည်။

နုပ်နုပ်ဖွဲဖွဲ မွမွကြဲမျှ ပျက်၍သာနေကြသော အပျက်တွေကို တမြင်ထဲ မြင်၍ နေသော သင်္ခါရုပေက္ခာဉာဏ်သည် ရင့်သန် အားရှိသဖြင့် အနုလောမဉာဏ်၏ အခြေမှန်၍ နိဗ္ဗာန်ကို သန္တိအားဖြင့် မြင်သည် ရှိသော်။ ဝံ ါ၊ မဖြစ်-အေး။ မဖြစ်-ငြိမ်း။ အေးငြိမ်းခြင်းကို စိတ်ညွတ်၍ နေသည်ရှိသော် သမုဒ္ဒရာ၌ သွားသော သင်္ဘောသားတို့၏ ဒိသာကာက ကျီးငှက်သည် ကမ်းကို မမြင်သေးသမျှကာလပတ်လုံး လင်းယဉ်တိုင် ရွက်တိုင်၌သာ နားလာ၍ ကမ်းကိုမြင်သောအခါ မပြန်လာဘဲ ကမ်းရှိရာသို့ သွားရောက်သကဲ့သို့ သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်ဖြင့် **ဖြစ်ပျက်** ကို အာရုံပြုရာမှ ဂေါတြဘူဉာဏ်ဖြင့် **မဖြစ်** ကို အာရုံပြု၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကမ်းကို သွားရောက်၏။

မုဥ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ဤဉာဏ်သုံးပါးတို့သည် သဘောအားဖြင့် တူကုန်၏။ ဖြစ်ပုံ ( ပဝတ္တိအာကာရ ) အားဖြင့်သာ ပြားသည်။ ဘယဉာဏ်, အာဒိနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, ဤဉာဏ်သုံးပါးတို့သည်လည်း သဘောတူကုန်၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

တံပနေတံ သစေ နိဗ္ဗာနံ သန္တ တော ပဿတိ၊ သဗ္ဗံ
သင်္ခါရ ပဝတ္တံဝိသဇ္ဇေတွာ နိဗ္ဗာန မေဝ ပက္ခန္ဒတိ။
(ဝိသုဒ္ဓိမဂ်။)

တိက္ခ ဝိသဒ သူရဘာဝေန သင်္ခါရေသု အဇ္ဈုပေက္ခနေ သိဇ္ဈမာနေ တံသင်္ခါရုပေက္ခာဉာဏံ အနေကဝါရံ ပဝတ္တမာနံ။ ပရိပါက ဂမနေန အနုလောမ ဉာဏဿ ပစ္စယ ဘာဝံ ဂစ္ဆန္တံ နိဗ္ဗာနံ သန္တတော ပဿတိနာမ။ တထာဘူတဥ္စ သဗ္ဗံသင်္ခါရပဝတ္တံ ဝိသဇ္ဇေတွာ နိဗ္ဗာန မေဝ ပက္ခန္ဒတိနာမ။ တယိဒံ ဣမံ ဉာဏံ အနုလောမ ဂေါတြဘူဉာဏေဟိ သဒ္ဓိံ ဧကတ္တံ နေတွာ ဝုတ္တံ ဧကတ္တ နယ ဝသေန။ ။(မဟာဋီကာ။)

(တံ ပနေတံ၊ ထိုသင်္ခါရုပေက္ခာဉာဏ်သည်ကား။ ဤသို့စသည်။)

## ပညတ်နှင့်ပရမတ်

အမှန်ရှိသောသဘောကို ပရမတ်ဆိုသည်။ အမှန်မရှိသောသဘောကို ပညတ်ဆိုသည်။ အမှန်ရှိသော ပရမတ်သဘောသည် ရှာလေတွေ့လေတွေ့သည်၊ အဘယ့်ကြောင့်တွေ့သနည်း? အမှန်ရှိသောကြောင့်တွေ့သည်။ အမှန်မရှိသော ပညတ်သဘောသည်။ ရှာလေပျောက်လေ ပျောက်သည်။ အဘယ့်ကြောင့် ပျောက်သနည်း။ အမှန်မရှိသောကြောင့် ပျောက်သည်။

လက်,ခြေ,အင်္ဂါ,မျက်နှာ,ရင်,ခါး, ပြားပြား လုံးလုံး ထင်ရသော သဏ္ဌာနပညတ်သည် အဟုတ်အမှန် မရှိသောကြောင့် ရှာလေပျောက်လေ ပျောက်သည်။ ။ရှာလို့ကြည့်ကြစမ်း။

မျက်စိနှင့်ကြည့်၍ရှာလျှင် အဆင်းရုပ်ကို တွေ့၏။ နားနှင့်ရှာလျှင် အသံရုပ်ကိုတွေ့၏။ နှာခေါင်းနှင့်ရှာလျှင် အနံ့ရုပ်ကိုတွေ့၏။ လက်နှင့် စမ်းသပ်လို့ရှာလျှင် ကြမ်း, ချော, ခု, ခံ၊ တောင့်, တင်း,တွန်းတိုး၊ ပူ,အေး,နွေး လော တို့ကိုသာတွေ့၏။ ထိုတွေ့ရသော အဆင်း, အသံ, အနံ့, ကြမ်း,ချော, တောင့်,တင်း,ပူ,အေး,နွေး,လော တို့သည် အခဲ အလုံး စသည်မဟုတ်၊ ဖြစ်ပျက် ဖြစ်ပျက်နေသော ပရမတ်တရားတို့သာလျှင် ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။ ဖြစ်ခြင်းပျက်ခြင်း လျင်မြန်သောကြောင့် ဖြစ်မှန်း ပျက်မှန်းမသိ။ မီးစကို ကိုင်၍ရမ်းသော် မီးကွင်းထင်သကဲ့သို့ အလုံး အခဲ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ဝန်းဝန်း ဝိုင်းဝိုင်း ထင်ရသည်။ ၎င်း ထင် ရ သော ဝန်းဝန်း ဝိုင်းဝိုင်း လုံးလုံး ပြားပြားတို့သည် သဏ္ဌာနပညတ်ဖြစ်၍ အထင်သာရှိသည်၊ အဟုတ်အမှန် တကယ်စင်စစ်မရှိ။

အဆင်း,အသံ,အနံ့,အရသာ,အပူ,အအေး-စသော ပရမတ်သဘောမှာ လုံးသည် ပြားသည် မရှိ၊ ရှည်သည် လျားသည် ဝန်းဝိုင်းသည် ဟူ၍မရှိ ဖြစ်ခြင်းပျက်ခြင်းမျှသာရှိသည်။တနေရာမှာ ဖြစ်သော အဆင်း,အသံ, အနံ့တို့သည် ဖြစ်သောနေရာတွင် ပျက်သည်၊ တနေရာသို့ ပြောင်းရွှေ့သွားသည်မဟုတ်။ **ဖြစ်ပျက်ဖြစ်ပျက်** ဆက်၍ **ဖြစ်ပျက်** လျင် မြန် သောကြောင့် အလုံး အခဲ စသည်ထင်၍ တနေရာမှ တနေရာသို့ ပြောင်းရွှေ့သွားသည်ဟု မှတ်ထင်ရသည်။ အလုံး အခဲ ရွှေ့သွားသည် ထင်အောင် အဆင်း, အသံ, အနံ့, အရသာ, အပူ, အအေးတို့များစွာစုပေါင်း၍ အဌ

ကလာပ်ရုပ်တွေ များစွာစုပေါင်း၍ တပ်ပိုင်နက် တချက်ထည်း **ဖြစ်ပျက်ဖြစ်ပျက်** အဆက်ဆက် အကြောင်းခံ၍ ထပ်ခါထပ်ခါ ဖြစ်ပျက်ကြလေသည် ထိုကလာပ်ရုပ်တို့ များများကြီးစုပေါင်း၍ တပိုင်နက်တချက်ထည်း များများကြီးဖြစ်လျှင် အလုံးအခဲ ကြီးကြီးမားမား ထင်ရ၏။နဲနဲစုပေါင်း၍ ဖြစ်လျှင် ငယ်ငယ်ထင်ရ၏။ ကြီးသည် ငယ်သည်ဟူ၍ ထင်ရသော အလုံးအခဲသည် သဏ္ဍာနပညတ်ဖြစ်သည်။ (အဆင်း, အသံ, အနံ့, အရသာ, အပူ, အအေးတို့မှာ အကြီး အငယ် အရှည် အလျား အပြား အလုံး ဟူ၍မရှိ ဖြစ်ပျက်ဖြစ်ပျက်သာ ရှိသည်။) (အဆင်း, အသံ, အနံ့, အရသာ, အပူ, အအေးတို့မှ ကင်း၍လည်း အလုံးအခဲစသော သဏ္ဍာနပညတ် မထင်နိုင်။ အခဲအလုံး စသည်ထင်ရသော သဏ္ဍာနပညတ်သည်လည်း အဟုတ်အမှန် တကယ် စင်စစ်မဟုတ်။ **ဖြစ်ပျက် ဖြစ်ပျက်** သည်သာလျှင် တကယ် စင်စစ် ဟုတ်၏။ တကယ်စင်စစ် ဟုတ်မှန်သော **ဖြစ်ပျက် ဖြစ်ပျက်** ကို တကယ်မြင်လျှင် **ဖြင်ချင်** ဆိုတဲ့သဘော ကင်းပျောက် **မဖြစ်ချင်** ဆိုတဲ့ သဘောမျိုး အလိုလိုရောက်၏။

**မဖြစ်ချင်** ဆိုတဲ့သဘော မြဲမြဲ စွဲစွဲ နောက်မဆုတ်ဘဲ သမုစ္ဆေဒ အနေနှင့် ပေါ်လာလျှင် **မဖြစ်** ကို အာရုံပြု လေ၏။ သင်္ခါရကို အာရုံပြုလျက်နေသော ဉာဏ်သည်ပင်လျှင် သင်္ခါရမှ ထမြောက် လွှတ်ကင်း၏။ **ဖြစ်ပျက်** ကို အာရုံ ပြုရာမှ **မဖြစ်** ကို အလိုလို အာရုံပြု၍ သွား၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်၏။ မဂ္ဂဝီထိ ကျလေ၏။

**ဖြစ် ပျက်** ကို မြင်ဆိုသည်ကား အဝိဇ္ဇာကို ပယ်သည်။ ဝိဇ္ဇာ-ပညာ - သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ ဖြစ်သည်။ "ဒုက္ခသစ္စံ ပရိဇာနန္တော။ မဂ္ဂသစ္စံ ပရိဘာဝေန္တော" ဖြစ်သည်။

**မဖြင်ချင်** ဆို သည် ကား တဏှာကိုပယ်သည်။ **ဖြစ်** ကိုမလို၊ **(မဖြစ်လို)** မဖြစ်ကို လိုသည်။

## (၂၀) ဝိပဿနာ-ခေတ်ပညာကျမ်း

"သမုဒယသစ္စံ ပဇဟန္တော။ နိရောဓ သစ္စံ သစ္ဆိကရောန္တော" ဖြစ်သည်။

"သမ္မသံခါရပဝတ္တံ ဝိသဇ္ဇေ နိဗ္ဗာနံမေဝ ပက္ခန္ဒတိ"
ဖြစ်လာ၏။ မဖြစ်သို့ဆိုက်ရောက်၏။

(၁) **ဖြစ်ပျက်ကိုမြင်** (၂) ဝိဇ္ဇာပညာဖြစ်သည်။ (၃) သမ္မာဒိဋ္ဌိမဂ္ဂသစ္စာဖြစ်သည်။ (၄) အဝိဇ္ဇာကိုပယ်သည်။ (၅) မဖြစ်ချင်။ (၆) မဖြစ်လို၊ တဏှာကိုပယ်သည်။ (၇) **ဖြစ်** ကိုမလို။ **မဖြစ်** ကို လိုသည်။ (၈) နိဗ္ဗာန်ကို ညွတ်သည်။ ဤစကားစုသည် သဘောတူ အနက်တူ အဓိပ္ပါယ်တူသည်၊ သဘာဝဓမ္မအားဖြင့် အရကောက်လျှင် သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ် တို့ကိုရ၏။

အတ္ထတော ဝုဋ္ဌာနဂါမိနိဝိပဿနာ ဉာဏေန သိဒ္ဓိံ
မဂ္ဂဉာဏံလဗ္ဘတိ။ ကေတ္တာနယ ဝသေန။ ။ထို့ကြောင့်။ ။

ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။
ပုဗ္ဗဘာဂ၊ လောကုတ္တရ၊ မဂ္ဂနှစ်ဖြာမှတ်။

ဤသံပေါက်လင်္ကာ၏အရကိုကောက်လျှင် သမ္မာဒိဋ္ဌိမဂ္ဂသစ္စာထိုက်သော ပညာစေတသိက်ကို ပဓာနအားဖြင့်ရ၏။ အဝိဇ္ဇာနှင့် တဏှာ ပယ်ခြင်း ပဟာန သတ္တိရှိ၏။ သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ် အခိုက်အတန့်၌ **ဖြစ်ပျက်** ကို အာရုံပြုလျက် အဝိဇ္ဇာနှင့် တဏှာကို ပယ်သည်။ ဂေါတြဘူဉာဏ် မဂ်ဉာဏ်အခိုက်အတန့်၌ **မဖြစ်** ကိုအာရုံပြုလျက် အဝိဇ္ဇာနှင့် တဏှာကိုပယ်သည်။ အဝိဇ္ဇာပယ်လျှင် "ဒုက္ခသစ္စံပ ရိဇာနန္တော။ မဂ္ဂသစ္စံ ဘာဝေန္တော" ဖြစ်သည်။

တဏှာကိုပယ်လျှင် "သမုဒယသစ္စံ ပဇဟန္တော။ နိရောဓသစ္စံ သစ္ဆိကရောန္တော" ဖြစ်သည်။ မဂ်စိတ်ဖြစ်ဆဲခဏ၌ အဝိဇ္ဇာနှင့်တဏှာကို တပြိုင်နက် ပယ်သောကြောင့် **ဖြစ်ပျက်ကိုမြင် မဖြစ်ချင်** ဟူ၍ဆိုရ၏။မဂ်ကိစ္စလေးချက် တပြိုင်နက်ဖြစ်၏။ ထို့ကြောင့်၊

မဖြစ်ချင်မှ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
မဖြစ်ပါမှ-နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်။

ဧတ္တော ဝတောတိဉတ္တနော၊ သုဝိညေယျော သုပါကဋော။
ရဝိစန္ဒောဝ အာကာသေ၊ ဇစ္စန္ဓည တြဇာနိတုံ။
အတိဂမ္ဘိရ သိန္ဒူတော၊ ဥဒ္ဓရိတွာဇနန္တုနံ။
ဣန္ဒဒေဝေနဒဿိတံ၊ ရတနံဝိယပဿယေ။ ။

ဤရွှေမျှတွင် စကားစဉ်ဖြင့်၊ ကောင်းကင်မိုဃ်းဝ၊ အာကာသဥ်၊ နေ လ အသွင်၊ လွန်ပေါ်လွင်၏။ မမြင်အလင်း၊ မိဝမ်းတွင်းက၊ နှစ်ကွင်းမျက်စိ၊ မရှိပျက်ပြား၊ သူကာဏ်းထား၍၊ တခြားလူဝယ်၊ သိမြင်လွယ်၏။ သိလွယ်စိမ့်ငှါ၊လေးသစ္စာကို၊ လွန်စွာနက်နဲ၊ သမုဒ်ထဲမှ၊ထုတ်ဆွဲဆောင်ပြ၊ သိကြားမသော၊ နဝရတနာ၊ မြတ်ဥစ္စာသို့၊ ကောင်းစွာမလပ်၊ ကြည့်ရှုအပ်သည်။ ။လေးရပ်သစ္စာ ပွင့်လမ်းတည်း။

ဂမ္ဘီရတ္ထအဓိပ္ပါယော။ ဂမ္ဘီရဉာဏသ ဝိသယော။
ပုနပ္ပုနံစိန္တိတဗ္ဗော။ ပရိပုစ္ဆိတဗ္ဗော။ ဘာသိတဗ္ဗော။
ဘာဝိတဗ္ဗော၊ သစ္ဆိကာတဗ္ဗောတိ။ ။

## ယောဂီဝိဇ္ဇာလမ်းမှန်တရားတော်

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

သင်္ခါရာ၊ အဆင်း အသံ အနံ့ အရသာ အထိ မြင်ခြင်း ကြားခြင်း နံခြင်း အစရှိကုန်သော ရုပ်နာမ်သင်္ခါရတရားတို့သည်။ ဝတ၊ စင်စစ်ကေန် အမှန်မုချအားဖြင့်။ အနိစ္စာ၊ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် မရပ် မစဲ ပြောင်းလဲ ဖေါက်ပြန် မှောက်လှန်ချတ်ယွင်း ဖြစ်ခြင်း ပျက်ခြင်း ရှိသော ကြောင့် မမြဲသော အနိစ္စတရားတွေဖြစ်ကြကုန်၏။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကြကုန်၏။ (ဥပ္ပါဒဓမ္မိနော၊ဖြစ်ခြင်းသဘော ရှိကုန်၏။ ဝယဓမ္မိနော၊ ပျက်ခြင်းသဘောရှိကုန်၏။) ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကြကုန်သောကြောင့်။ သင်္ခါရာ၊ အဆင်း အသံ အနံ့ တို့သည်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။

ခေတ်-၃

အဆင်း အသံ အနံ့ အရသာ အထိ ကြမ်းချော ခဲထိ၊ တောင့်တင်း တွန်း တိုး ထိ၊ ပူ အေး နွေး လောထိ၊ မြင်စိတ် ကြားစိတ် နံစိတ် အစ ရှိကုန်သော ရုပ် နာမ် သင်္ခါရတို့သည် ဖြစ်ခြင်းသဘောလည်း ရှိကုန်၏။ ပျက်ခြင်းသဘောလည်းရှိကုန်၏ ဖြစ်ခြင်းပျက်ခြင်းသဘောရှိသောကြောင့် ပင်လျှင် အနိစ္စမည်ကုန်၏။ နိဗ္ဗာန်သည်ကား ဖြစ်ခြင်း ပျက်ခြင်း သဘော မရှိသောကြောင့် နိစ္စမည်၏။

ရုပ်နာမ်သည် ဖြစ်ခြင်း ပျက်ခြင်း ရှိသောကြောင့် အနိစ္စမည်၏။ နိဗ္ဗာန်သည် ဖြစ်ခြင်း ပျက်ခြင်း မရှိသောကြောင့် နိစ္စမည်၏။

"ဒုက္ခာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော"

သင်္ခါရာ၊ အဆင်း အသံ အနံ့ စသော သင်္ခါရတရားတို့သည်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောကြောင့်။ ဒုက္ခာ၊ ဒုက္ခ မည်ကုန်၏။

အဆင်း အသံ အနံ့ (လ) မြင်စိတ် ကြားစိတ် အစရှိသော သင်္ခါရတရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကြကုန်သောကြောင့် ဒုက္ခမည်ကုန်၏။ နိဗ္ဗာန်သည်ကား ဖြစ်ခြင်း ပျက်ခြင်း သဘော မရှိသောကြောင့် သုခ မည်၏။

( ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ဖြစ်ခြင်း ပျက်ခြင်း ရှိသောကြောင့် ဒုက္ခ မည်ကုန်၏။ နိဗ္ဗာန်သည် ဖြစ်ခြင်း ပျက်ခြင်း မရှိသောကြောင့် သုခ မည်၏။ )

"အနတ္တာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော"

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရ တို့သည်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကြကုန်သောကြောင့်။ အနတ္တာ၊ အနတ္တ မည်ကုန်၏။

အဆင်း အသံ အနံ့ စသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောကြောင့် အနတ္တမည်ကုန်၏။ နိဗ္ဗာန်သည်ကား ဖြစ်ခြင်း ပျက်ခြင်း သဘောမရှိသောကြောင့် (အတ္တ) မည်၏ဟူ၍မဆိုရ။ အဘယ့်ကြောင့်နည်း?။ အနတ္တဖြစ်သောကြောင့်တည်း။

အဘယ့်ကြောင့် အနတ္တ ဖြစ်သနည်း။? အတ္တသာရ မရှိသောကြောင့် အနတ္တ ဖြစ်သည်။ ထိုစကားမှန်၏။ မှန်ကြောင်းကား နိစ္စသာရ-သုခသာရ-အတ္တသာရ ဟူ၍ သာရသုံးမျိုးတို့တွင် နိဗ္ဗာန်သည် နိစ္စသာရ-သုခသာရသာလျှင် ရှိသည်။ အတ္တသာရ မရှိ။ အတ္တသာရ ဆိုသည်ကား အဘယ်နည်း?။ အခဲအလုံး အဖြုံး အမှုန့် အရည် အဖတ် အစေး အဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံး ကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုးတည်နေသော အကောင်အထည်ဒြပ်ကို အတ္တသာရ ဆိုသည်။

ထိုအခဲ အလုံး အဖြုံး အမှုန့် စသော အကောင် အထည်ဒြပ် အတ္တသာရသည် နိဗ္ဗာန်၌မရှိ ထိုကြောင့် နိဗ္ဗာန်ကို အတ္တဟူ၍မဆိုရ။

## လက္ခဏာ-၃-ပါး

(အနိစ္စ, အနိစ္စလက္ခဏာ၊ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာ)

အနိစ္စ ဆိုသည်ကားအဘယ်နည်း? အနိစ္စ လက္ခဏာ ဆိုသည်ကား အဘယ်နည်း?

ဒုက္ခ ဆိုသည်ကား အဘယ်နည်း ? ဒုက္ခလက္ခဏာ ဆိုသည်ကား အဘယ်နည်း?

အနတ္တဆိုသည်ကား အဘယ်နည်း? အနတ္တလက္ခဏာဆိုသည်ကား အဘယ်နည်း?

ခန္ဓာငါးပါး သင်္ခါရတို့သည် အနိစ္စ မည်ကုန်၏။ ဒုက္ခ မည်ကုန်၏။ အနတ္တမည်ကုန်၏။

ခန္ဓာငါးပါးတို့ကို အနိစ္စဟူ၍ဆိုသည်၊ ခန္ဓာငါးပါးတို့ကိုပင်လျှင် ဒုက္ခဟူ၍ဆိုသည်။ ခန္ဓာငါးပါးတို့ကိုပင်လျှင် အနတ္တဟူ၍ဆိုသည်။ အဘယ့်ကြောင့် ခန္ဓာငါးပါးတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ဆိုပါသနည်း?ဖြစ်ခြင်းပျက်ခြင်းသဘောရှိသောကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ဆိုသည်။

ဖြစ်ခြင်းပျက်ခြင်း သဘောသည် (**အနိစ္စ**) မမြဲဟူ၍ သိကြောင်းမှတ်ကြောင်း ဖြစ်လေ သောကြောင့် အနိစ္စလက္ခဏာ မည်၏။ ဖြစ်ခြင်းပျက်ခြင်းသဘောသည်။ (**ဒုက္ခ**) ဆင်းရဲဟူ၍ သိကြောင်း မှတ်ကြောင်း ဖြစ်လေသောကြောင့် ဒုက္ခလက္ခဏာမည်၏။ ဖြစ်ပျက် ဖြစ်ပျက် နေသော

ဖြစ်ခြင်းပျက်ခြင်းသဘောသည် အခဲအလုံး စသည်မဟုတ်(**အနတ္တ**)အလို သို့မလိုက်ဟူ၍ သိကြောင်း မှတ်ကြောင်း ဖြစ်လေသောကြောင့် အနတ္တ လက္ခဏာမည်၏။ "အနိစ္စာ ဝတ သင်္ခါရာ။ ဥပ္ပါဒဝယဓမ္မိနော" စသော ပါဠိတော်နှင့်ညီစေ။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ကြည့်ရှုဆင်ခြင်၍ ကောင်းစွာထင် သော် အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့ကို မြင်လေသည်။ ဖြစ်ပျက်ကိုမမြင်လျှင် လက္ခဏာသုံးပါးမထင်နိုင်။

ခန္ဓာပဥ္စကသည် အနိစ္စ,ဒုက္ခ,အနတ္တမည်၏။ "ဥပ္ပါဒဝယညတ္တတ္တ" သည်။ ဝါ၊ "ဟုတွာ အဘာဝ" ဟူသော အာကာရ ဝိကာရသည် အနိစ္စ လက္ခဏာမည်၏။ အဘိဏှ ပဋိပိဠနာကာရ" သည် ဒုက္ခလက္ခဏာမည်၏။ "အဝသ ဝတ္တနာကာရ"သည် အနတ္တလက္ခဏာမည်၏။

ဤလက္ခဏာသုံးပါးတို့သည် သဘာဝ ဓမ္မ မဟုတ်သောကြောင့် ခန္ဓာ၌အတွင်းမဝင်ကုန်။ခန္ဓာနှင့်ကင်း၍မရကောင်းသောကြောင့် ခန္ဓာမှ လည်း မလွတ်ကုန်။

"ခန္ဓေ ပန ဥပါဒါယ ဝေါဟာရ ဝသေန လဗ္ဘမာ
နာ တဒါဒိနဝ ဝိဘာဝနာယ ဝိသေသ ကာရဏဘူတာ
တဇ္ဇာပညတ္တိ ဝိသေသာတိ ဝေဒိတဗ္ဗာ"။ (မဟာဋီကာ)

"ဥပက္ကိလေသ ဝိနိမုတ္တ ဝီထိပဋိပ္ပန္န ဝိပဿနာ" ဟူသော ဥဒယဗ္ဗယ ဉာဏ်စွမ်း သန့်ရှင်းစေခြင်းအကျိုးငှါ လက္ခဏာသုံးပါး လက္ခိတဗ္ဗ ခန္ဓာ ငါးပါးတို့ကို လက္ခဏာရမ္မဏိက ဝိပဿနာဖြင့် ကောင်းစွာရှုမှတ် ဆင်ခြင် အပ်၏။ (ပရမတ္ထသရူပဘေဒနီ-၆၇၂။)

တယိဒံ သဗ္ဗမ္ပိ ယောဂါဝစရော ဥပက္ကိလေသဝိနိမုတ္တ
ဝီထိပဋိပ္ပန္န ဝိပဿနာ သင်္ခါတေန ဥဒယဗ္ဗယာနုပဿနာ
ဉာဏေန ယာထာဝ သရသတော သလ္လက္ခေတိ။ ။
(ဝိသုဒ္ဓိမဂ်။)

ဥဒယဗ္ဗယာနုပဿနာ ဉာဏေန သလ္လက္ခေတီတိ
ဣဒံ တဒတ္ထေ တဗ္ဗောဟာရ ဝသေန ဝုတ္တံ။ ဥဒယဗ္ဗယ
ဉာဏတ္ထံဟိ လက္ခဏာ ရမ္မဏိက ဝိပဿနာ ဥဒယဗ္ဗယ

ဉာဏန္တိ ကသိတာ။ နဟိ ဥဒယဗ္ဗယဉာဏံ ဒုက္ခလက္ခဏာဒိ ဝိသယံ။ တဗ္ဗိသယတ္တေဝ ဥဒယဗ္ဗယဉာဏမေဝ နသိယာ။ ဥဒယဗ္ဗယဉာဏံ ပန တိက္ခံဝိဒသဥ္စ ကာတုကာမေန လက္ခဏတ္တယတီရဏမေဝ ကာတဗ္ဗံ၊ ပရိကမ္မ သဒိသံ ဟောတံ တဿ သေ နယော သေသဉာဏေသုပိ။

(မဟာဋီကာ)

တယိဒံ သဗ္ဗမ္ပိ၊ ဤအလုံးစုံသော ခန္ဓာငါးပါးနှင့် လက္ခဏာသုံးပါးတို့ကိုလည်း။ ယောဂါဝစရော၊ ယောဂီပုဂ္ဂိုလ်သည်။ ဥပက္ကိလေသ ဝိနိမုတ္တေန၊ ညစ်ညူးကြောင်း ဘေးရန်မှ လွတ်သော။ ဝီထိပဋိပ္ပန္န ဝိပဿနာ သင်္ခါတေန၊ လမ်းမှန်သွား ဝိပဿနာဝိဇ္ဇာဉာဏ်ဟု ဆိုရသော။ ဥဒယဗ္ဗယာနုပဿနာဉာဏေန၊ ဖြစ်ပျက်ကိုဆင်ခြင် ကောင်းစွာမြင်သော ဥဒယဗ္ဗယဉာဏ်ဖြင့်။ ယာထာဝ သရသတော၊ ဟုတ်မှန်သော သဘောအားဖြင့်။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏။ ။(ခန္ဓာငါးပါးနှင့် လက္ခဏာသုံးပါးတို့ကို ဖြစ်ပျက်ကိုဆင်ခြင် ကောင်းစွာမြင်သော ဥဒယဗ္ဗယဉာဏ်ဖြင့် မှတ်၍ ရှုကြည့်ရမည်ဟူလို။)ဖြစ်ပျက်ကိုမြင်လျှင် ခန္ဓာငါးပါးနှင့်လက္ခဏာသုံးပါးတို့ကိုလည်း မြင်သည်ဟူ၍ ဆိုလိုသည်။ ။(သရသတော-သဘာဝတော အဋ္ဌသာလိနီ-၂၄၁)

## ခန္ဓာ-ဖြစ်ပျက်-လက္ခဏာ

ခန္ဓာ,ဖြစ်ပျက်,လက္ခဏာ ဤသုံးဖြာတွင် (၁) အဆင်း အသံ အနံ့(လ)မြင်စိတ် ကြားစိတ် အစရှိသော ရုပ်နာမ်တရားသည် ခန္ဓာမည်။

(၂) ဤရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းသည် **ဖြစ်ပျက်** မည်၏။

(၃) က။ ဤဖြစ်ခြင်း ပျက်ခြင်း၏ ဖေါက်ပြန်ပြောင်းလဲ မမြဲသော အခြင်းအရာသည် အနိစ္စလက္ခဏာမည်၏။

ခ။ ဤဖြစ်ခြင်း ပျက်ခြင်း၏ နှိပ်စက်ညှဉ်းဆဲ ဆင်းရဲသော အခြင်းအရာသည် ဒုက္ခလက္ခဏာမည်၏။

ဂ။ ဤ ဖြစ်ခြင်း ပျက်ခြင်း၏ အစိုးမရ-အလိုမပါ-လိုရာမလိုက်သော အခြင်းအရာသည် အနတ္တလက္ခဏာမည်၏။

စင်စစ်မှာ အနိစ္စ လက္ခဏာဆိုလဲ ဖြစ်ပျက်ဘဲ။ ဒုက္ခလက္ခဏာဆိုလဲ ဖြစ်ပျက်ဘဲ။ အနတ္တလက္ခဏာဆိုလဲ ဖြစ်ပျက်ဘဲ။ ဉာဏ်၌ထင်မြင်ပုံ အခြင်းအရာမျှသာ ထူးတော့သည်။

## ရုပ်နာမ်-ဖြစ်ပျက်-လက္ခဏာ

ရုပ်နာမ်ဖြစ်ပျက်လက္ခဏာ ဤသုံးဖြာသည် တခုသော သဘာဝဓမ္မ၌ တည်သော်လည်း ကြည့်ရှုဆင်ခြင်၍ မြင်သောဉာဏ်မှာ....

(၁) ရုပ်နာမ်မျှကိုသာလျှင် မြင်သော ဉာဏ်တမျိုး။

(၂) ဖြစ်ပျက်မျှကိုသာလျှင် မြင်သော ဉာဏ်တမျိုး။

(၃) လက္ခဏာကိုမြင်သော ဉာဏ်တမျိုး။ ဤသို့ ဉာဏ်သုံးမျိုးဖြစ်လာသည်။ ထိုသုံးမျိုးတွင်-

(၁) ရုပ်နာမ်မျှကိုသာ မြင်သောဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍ ဆိုသည်။

(၂) ထိုရုပ်နာမ်၏ ဖြစ်ခြင်းပျက်ခြင်းမျှကိုသာ မြင်သောဉာဏ်ကို ဥဒယဗ္ဗယ ဉာဏ်ဆိုသည်။

(၃) ထိုဖြစ်ခြင်း ပျက်ခြင်းကိုမြင်ရာ၌ ဖေါက်ပြန် ပြောင်းလဲမမြဲပါတကားဟူ၍၎င်း,နှိပ်စက်ညှဉ်းဆဲ ဆင်းရဲခြင်းပါတကား ဟူ၍၎င်း,အစိုးမရ-အလိုမပါ-လိုရာမလိုက်ပါတကား ဟူ၍၎င်း ဤသုံးပါးသော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာဖြင့် မြင်သောဉာဏ်ကိုလက္ခဏာရမ္မဏိက ဝိပဿနာဉာဏ်ဆိုသည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားသည် သဘာဝဓမ္မ ပရမတ္ထမည်၏။ ဖြစ်ခြင်းပျက်ခြင်းလက္ခဏာသည်အာဒိနဝတဇ္ဇာပညတ်မည်။ရုပ်နာမ်တရားတို့၏ဖြစ်ခြင်းပျက်ခြင်းကိုမြင်လျှင် လက္ခဏာသုံးပါးကိုမြင်နိုင်၏။ ဖြစ်ခြင်းပျက်ခြင်းကို မမြင်ဘဲ လက္ခဏာသုံးပါးကို အဘယ်လို မြင်နိုင်မည်နည်း။

(၁) ဖြစ်ခြင်း ပျက်ခြင်းသည် ဖေါက်ပြန်ပြောင်းလဲ မမြဲသောသဘောလက္ခဏာတည်း။

(၂) ဖြစ်ခြင်းပျက်ခြင်းသည် နှိပ်စက်ညှဉ်းဆဲဆင်းရဲသောသဘောလက္ခဏာတည်း။

(၃) ဖြစ်ခြင်း ပျက်ခြင်းသည် အစိုးမရ- အလိုမပါ- လိုရာမလိုက်သော သဘောလက္ခဏာတည်း။ဤသုံးပါးသော အခြင်းအရာကို လက္ခဏာသုံးပါးဆိုသည်။

ဤလက္ခဏာသုံးပါးကိုမြင်လျှင် ဖြစ်ခြင်း ပျက်ခြင်းကိုရှင်း,ဖြစ်ခြင်း ပျက်ခြင်းရှိသော လက္ခဏာရုပ်နာမ်ခန္ဓာကိုရှင်း မြင်တော့သည်သာတည်း။

လက္ခဏံနာမ ပညတ္တိဂတိကံ။ နဝတ္တဗ္ဗမေ္ဘူတံ။ ယော
ပန အနိစ္စံ ဒုက္ခံ အနတ္တာတိ တိဏ္ဏံ လက္ခဏာနံ သလ္လက္ခေ
တိ၊ တဿ ပဉ္စက္ခန္ဓာ ကဏ္ဍော ဗန္ဓကုဏပံဝိယ ဟောတိ။
(အဋ္ဌသာလိနီ-၂၄၂။)

ဖြစ်ခြင်း ပျက်ခြင်းကို ကြည့်ရှု ဆင်ခြင်၍ ကောင်းစွာ မြင်သော ဥဒယဗ္ဗယဉာဏ် ဖြင့် ဖေါက်ပြန် ပြောင်းလဲ မမြဲသော အနိစ္စလက္ခဏာ။ နှိပ်စက်ညှဉ်းဆဲ ဆင်းရဲသော ဒုက္ခလက္ခဏာ။ အစိုးမရ - အလိုမပါ - လိုရာမလိုက်သော အနတ္တလက္ခဏာ ဤလက္ခဏာသုံးပါးတို့ကို ကောင်းစွာ မြင်နိုင်၏။

တယိဒံ သဗ္ဗမ္ပိ ယောဂါဝစရော။ လ။ ဥဒယဗ္ဗယ
ဉာဏေန ယာထာဝ သရသတော သလ္လက္ခေတိ။ ။
(ဝိသုဒ္ဓိမဂ်)

ဖြစ်ပျက်ကိုမြင်သော ဉာဏ်ဖြင့်လည်း လက္ခဏာသုံးပါးကိုမြင်သည်။ လက္ခဏာ သုံးပါးကို မြင်သော ဉာဏ်ဖြင့်လည်း ဖြစ်ပျက်ကို မြင်သည်။ "အညောညာပေက္ခ"။

## ဖြစ်ပျက်လက္ခဏာမြင်ပုံ

ဖြစ်ပျက်လက္ခဏာကို မြင်သောဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာကိုမြင်၏။ သပိတ်၌ရှိသောအပေါက်နှင့်ဖြစ်ပျက်လက္ခဏာတူသည်။သပိတ်နှင့်ရုပ်နာမ်ခန္ဓာတူသည်။သပိတ်၌ရှိသောအပေါက်ကိုကြည့်ရှုဆင်ခြင်၍မြင်လျှင်သပိတ်ကိုလည်းမြင်သည်။ ထိုအတူဖြစ်ပျက်လက္ခဏာကို ကြည့်ရှုဆင်ခြင် ကောင်းစွာမြင်သော် ဖြစ်ပျက်လက္ခဏာရှိသော ရုပ်နာမ်ခန္ဓာကို လည်ပင်း၌ ဆွဲထားသော အကောင်ပုပ်ကဲ့သို့ ထင်မြင်၏။ **ဖြစ်ချင်** ဆိုတဲ့ သဘောကင်းပျောက် **မဖြစ်ချင်** ဆိုတဲ့သဘော အလိုလိုရောက်၏။ ဖြစ်ပျက်ကို အာရုံ

ပြုသော ၎င်္ဂါနဂ်ါမိနိဝိပဿနာ ဉာဏ်သည်ပင်လျှင် ဖြစ်ပျက်ကို အာရုံပြုရာမှ မဖြစ်ကိုအလိုလိုအာရုံပြု၍သွားလေ၏။ မဖြစ် နိဗ္ဗာန်သို့ ဆိုက်ရောက်လေ၏။ ထို့ကြောင့်။

ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။
မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်။
ယောဂီဝိဇ္ဇာ၊ လမ်းမှန်ရာ၊ လိုက်ပါသည်လုပ်ရပ်။ *

---

* မဖြစ်နိဗ္ဗာန်၏သဘော။ ။"တတော တွံ ဗာဟိယ နေဝိဓ နဟုရံ နဉဘယမန္တရေန ဧသေဝန္တော ဒုက္ခဿ"

(ဥဒါန်းပါဠိတော်)

ဗာဟိယ၊ ချစ်သားဗာဟိယ။ တတော၊ မြင်သောအဆင်း, ကြားသောအသံ, နံသောအနံ့, စားသောအရသာ, ထိသောအတွေ့,ကြံသိရသော သဘောအာရုံတို့၌ ကိလေသာအားဖြင့် မဘည်သော ထိုအခါ၌။ တွံ၊သင်သည်၊နေဝဣဓ၊ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်-ဟူသော အတွင်းအာယတနတို့၌လည်း မရှိပြီ-မဖြစ်ပြီ။ နဟုရံ၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့,အကြံ-ဟူသော အပြင်အာယတန တို့၌လည်း မရှိပြီ-မဖြစ်ပြီ။ နဉဘယမန္တရေန၊ အတွင်း, အပြင်အာယတန နှစ်မျိုးကို ကြည့်၍ ဝိညာဏ် ၆-ပါး စိတ်,စေတသိက်တရားတို့၌လည်း မရှိပြီ-မဖြစ်ပြီ။ ဧသေဝ,ဧသာဧဝ၊ ဤဥါရ, အာရုံ,စိတ်, စေတသိက်တရားတို့၌ သင်မရှိခြင်း,မဖြစ်ခြင်း,မထင်ခြင်းသည်ပင်လျှင်။ဒုက္ခဿ၊ဖြစ်လျှင်ပျက်မြဲ ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ပေတည်း။

၎င်းပြင် ဥဒါန်းအဋ္ဌကထာ၌လည်း"ဧသေဝါတိ-ဧသေဝ ဟူသည်ကား-ဧတာဒိသော၊ ဤသို့သဘောရှိသော။ အပဿိတမ္ဗအဠ္ဌဘာဝေါ၊ မမြင်အပ်သော,အဖြစ်မရှိသော အဋ္ဌဘောသည်သာလျှင်။ဒုက္ခဿ၊ခန္ဓာဆင်းရဲ,ဝဋ်ဆင်းရဲ၏။ အန္တောပရိယောသာနံ၊အဆုံးဖြစ်သော။နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိအယံ၊ ဤသည်ကား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဓိပ္ပါယော၊ အလိုတော်တည်း" ဟူ၍ ဟောဖေါ်ထားပေရာ ဖြစ်ပျက်သင်္ခါရကိုရှုမှတ်နေသော ယောဂီအား ထိုဖြစ်ပျက်ကိုရှုရင်း, မြင်ရင်းနှင့် ဖြစ်ပျက်တို့၏ ချုပ်ဆုံးရာ မဖြစ်နိဗ္ဗာန်ကို အလိုလို အာရုံပြု သွား သွားနိုင်သည်ကို ယုံယုံ ကြည်ကြည်နှင့် အားထုတ်ပါက မုချရနိုင်ကြောင်းတိုက်တွန်းအပ်ပါသည်။

(သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာဏ်,ဂေါတြဘူဉာဏ်။) ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် သုံးပါးကို မှတ်၍ထား။

ယထာဟိ ကောဝ ဘိက္ခု ပတ္တံ ကီဏိတုကာမော ပတ္တဝါဏိဇ္ဇေန အာဘတံ ပတ္တံ ဒိသွာ ဟဋ္ဌပဟဋ္ဌော ဂဏှိဿာမီတိ စိန္တေတွာ ဝိမံသမာနော တီဏိ ဆိဒ္ဒါနိ ပဿေယျ သော န ဆိဒ္ဒေသု နိရာလယော ဟောတိ၊ပတ္တေ ပန နိရာလယော ဟောတိ၊ ဧဝမေဝ တီဏိလက္ခဏာနိ သလ္လက္ခေတွာ သင်္ခါရေသု နိရာလယော ဟောတိ သင်္ခါရာ ရမ္မဏာနေဝ ဉာဏေန သင်္ခါရတော ဝုဋ္ဌာတိ။

အဋ္ဌသာလိနီ-၂၄၂။

တီဏိ လက္ခဏာနိ သလ္လက္ခေတွာ သင်္ခါရေသု နိရာလယော။ အဋ္ဌသာလိနီစကားနှင့်။ တယိဒံသဗ္ဗမ္ပိ။ လ။ ဥဒယဗ္ဗယာနုပဿနာဉာဏေန သလ္လက္ခေတိ။ ဝိသုဒ္ဓိမဂ် စကားသည် ညီညွတ်ကြ၏။

ဖြစ်ပျက် ဉာဏ်ဖြင့် တိလက္ခဏာကို မှတ်၍ ရုပ် နာမ် သင်္ခါရတို့၌ **ဖြစ်ချင်**-ဆိုတဲ့သဘော ကင်းပျောက် **မဖြစ်ချင်** ဆိုတဲ့သဘော အလိုလို ရောက်၍ **ဖြစ်ပျက်** ကို အာရုံပြုရာမှ **မဖြစ်** ကို အလိုလို အာရုံပြု၍သွား၏။ ဤကား-အဋ္ဌသာလိနီဝိသုဒ္ဓိမဂ်တို့၏ လိုရင်းအဓိပ္ပါယ်ဖြစ်၏။

ဟိ၊ ဥပမာဆောင်၍ ထင်အောင်ပြဦးအံ့။ ပတ္တံ၊ သပိတ်ကို။ ကီဏိတုကာမော၊ ဝယ်ယူလိုသော။ ကောဝဘိက္ခု၊ ရဟန်းတပါးသည်။ ပတ္တဝါဏိဇ္ဇေနအာဘတံ၊ သပိတ်သည်က ယူ၍ပြသော။ ပတ္တံ၊ သပိတ်ကို။ ဒိသွာ၊ ကြည့်ရှု၍မြင်သောအခါ။ ဟဋ္ဌပဟဋ္ဌော၊ ရွှင်လန်း စွာရှိ၍။ ဂဏှိဿာမီတိ၊ ဝယ်ယူအံ့ဟူ၍။ စိန္တေတွာ၊ ကြံစည်ပြီးမှ။ ဝိမံသမာနော၊ စုံစမ်းဆင်ခြင်၍ ကြည့်ပြန် သော အခါ။ တီဏိဆိဒ္ဒါနိ၊ သုံး မျိုး သော အပေါက် တို့ကို။ ပဿေယျ၊ မြင်လေရာ၏။ သော၊ အပေါက်ကိုမြင်သော ထိုရဟန်းသည်။ ဆိဒ္ဒေသု၊ အပေါက်တို့၌။ နိရာလယော၊ လိုချင်ဆန္ဒ အာလယ ကင်းခြင်းသည်။ နဟောတိ၊ မဖြစ်။ ပတ္တေပန၊ သပိတ်၌ သာလျှင်။ နိရာလယော၊

လိုချင်ဆန္ဒ အာလယကင်းခြင်းသည်။ ဟောတိယထာ၊ဖြစ်သကဲ့သို့။ ဝေမေ ဝ၊ ဤအတူသာလျှင်။ ကိဏိလက္ခဏာနိ၊ သပိတ်က အပေါက်နှင့်တူသော ဖြစ် ပျက် လက္ခဏာ သုံးပျိုးတို့ကို။ သလ္လက္ခေတွာ၊ ထင်စွာတပ်အပ် အပြစ် မှတ်၍။ သခ်ါရေသု၊ ဖြစ်ပျက်လက္ခဏာရှိသောရုပ်နာမ်တို့၌။ နိရာလယော၊ အပြစ်မြင်၍ လိုချင်ဆန္ဒအာလယကင်းခြင်းသည်။ဟောတိ၊ဖြစ်၏။သခ်ါရာ ရမ္မဏေနေဝ ဉာဏေန၊ ဖြစ် ပျက် လက္ခဏာရှိသော ရုပ်နာမ်ကို အာရုံပြု သော ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်သည်ပင်လျှင်။ သခ်ါရတော၊ ဖြစ်ပျက် အာရုံမှ။ ဝုဋ္ဌာတိ၊ လွတ်ကင်းထမြောက် **မဖြစ်** သို့ရောက်၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် သုံးပါးတို့တွင် သခ်ါရုပေက္ခာဉာဏ်, အနုလောမဉာဏ် နှစ်ပါးတို့သည် **ဖြစ်ပျက်** ကို အာရုံပြုကုန်၏။ဂေါတြဘူ ဉာဏ်သည် **မဖြစ်** ကို အာရုံ ပြု၏။ ၎င်းဉာဏ် သုံးပါး တို့သည် ဝီထိ စိတ်အစဉ် တဆက်တည်း ဖြစ်လျက် **ဖြစ်ပျက်** ကို အာရုံပြုရာမှ **မဖြစ်** ကို အလိုလိုအာရုံပြု၍ သွားလေသည်။ ထို့ကြောင့် ဖြစ်ပျက် လက္ခဏာကို သခ်ါရုပေက္ခာဉာဏ်ဖြင့် အဘန်ဘန် အခါခါကြည့်ရှုဆင်ခြင်၍ အမြင်သန် သောအခါ **မဖြစ်** နိဗ္ဗာန်ကို အလိုလိုမြင်၏ ဟူ၍ဆိုသည်။ ထို့ကြောင့် **မဖြစ်နိဗ္ဗာန်ကို မြင်လိုလျှင် ဖြစ်ပျက်လက္ခဏာကိုသာလျှင် အခါခါ အထပ်ထပ် မပြတ်မလပ် ကြည့်ရှုဆင်ခြင်ရာ၏။**

(ယောဂီဝိဇ္ဇာ လမ်းမှန်စာ သချာရှုကုန်ကြ။)

## ယခုအခါ မြန်မာပြည်၌ သောတာပန်, သကဒါဂါမိ, အနာဂါမိ ရဟန္တာများ ရှိဘွယ်ထင်ကြောင်း

ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။
မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်။

**ဖြစ်ပျက်ကိုမြင်** ဆိုသည်ကား အဝိဇ္ဇာကိုပယ်သည်။ ဝိဇ္ဇာ,ပညာ, သမ္မာဒိဋ္ဌိ, မဂ္ဂသစ္စာ ဖြစ်သည်။ "ဒုက္ခသစ္စံ ပရိဇာနန္တော၊ မဂ္ဂသစ္စံ ဘာဝေန္တော" ဒုက္ခသစ္စာကို သိခြင်း။ မဂ္ဂသစ္စာကိုပွားခြင်း တပြိုင်နက်ဖြစ်၏။

**မဖြစ်ချင်**ဆိုသည်ကား .. တဏှာကိုပယ်သည်။ မဖြစ်ချင်၊ မဖြစ်လို၊ ဖြစ်ကိုမလို။ မဖြစ်ကိုလိုသည်။ နိဗ္ဗာန်ကိုစိတ်ညွှတ်သည်။ "သမုဒယသစ္စံ ပဇဟာန္တော၊ နိရောဓသစ္စံ သစ္ဆိကရောန္တော"သမုဒယကို ပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း တပြိုင်နက်ဖြစ်၏။

**ဖြစ်ပျက်ကိုမြင်** ဆိုရာ၌"ဒုက္ခသစ္စံ ပရိဇာနန္တော၊ မဂ္ဂသစ္စံ ဘာဝေန္တော"ဖြစ်၏။ **မဖြစ်ချင်** ဆိုရာ၌ "သမုဒယသစ္စံ ပဇဟာန္တော၊ နိရောဓသစ္စံ သစ္ဆိကရောန္တော"ဖြစ်၏။ ထိုကြောင့် မဂ်စိတ်ဖြစ်ဆဲခဏ၌ ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်ဟူ၍ဆိုရ၏။ မဂ်ကိစ္စလေးချက် တပြိုင်နက်ဖြစ်၏။ ဖြစ်ပုံထင်ရှား၏။

## ထင်ရှားပုံကား

**ဖြစ်ပျက်ကိုမြင်-မဖြစ်ချင်** ဟူသော စကား၏အရ သဘာဝကို ကောက်ယူလျှင် မဂ္ဂသစ္စာထိုက်သော သမ္မာဒိဋ္ဌိမဂ္ဂင် ပညာစေတသိက်ကို ပဓာနအားဖြင့်ရ၏၊ အဝိဇ္ဇာနှင့်တဏှာကိုပယ်ခြင်း ပဟာနသတ္တိရှိ၏။

သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် အခိုက်အတန့်၌ **ဖြစ်ပျက်**ကို အာရုံပြုလျက် အဝိဇ္ဇာနှင့်တဏှာကို ပယ်သည်။

ဂေါတြဘူဉာဏ်,မဂ်ဉာဏ် အခိုက်အတန့်၌ **မဖြစ်** ကို အာရုံပြုလျက် အဝိဇ္ဇာနှင့်တဏှာကိုပယ်သည်။

အဝိဇ္ဇာကိုပယ်လျှင်"ဒုက္ခသစ္စံ ပရိဇာနန္တော၊မဂ္ဂသစ္စံ ဘာဝေန္တော" ဖြစ်သည်။

တဏှာကိုပယ်လျှင်၊ "သမုဒယသစ္စံ ပဇဟာန္တော၊ နိရောဓသစ္စံ သစ္ဆိကရောန္တော"ဖြစ်သည်။

အဝိဇ္ဇာနှင့်တဏှာကို တပြိုင်နက်ပယ်သောကြောင့်။

"ဒုက္ခသစ္စံ ပရိဇာနန္တော။ သမုဒယသစ္စံ ပဇဟာန္တော။
နိရောဓသစ္စံ သစ္ဆိကရောန္တော။ မဂ္ဂသစ္စံ ဘာဝနာ ဝသေန
အပ္ပနာ ဝီထိ မောတရတိ။"

**သင်္ဂြိုဟ်အတိုင်း** မဂ်ကိစ္စ လေးချက် တပြိုင်နက် ဖြစ်၍ မဂ္ဂဝီထိ ကျလေ၏။

ကျပုံကား .. **ဖြစ်ပျက်** ကို အာရုံ၍ မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ,အနုလုံ၊ **မဖြစ်** ကို အာရုံပြု၍ ဂေါတြဘူ, မဂ်ဇောတကြိမ်, ဖိုလ်ဇောနှစ်ကြိမ်,သုံးကြိမ်, ထိုနောင်ဘဝင်။

ဤမဂ္ဂဝီထိ၌ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူတို့သည် သိခါပတ္တဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော မည်ကုန်၏။ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောတို့တွင် ပရိကံ,ဥပစာ, အနုလုံအားဖြင့် သုံးကြိမ်သော အနုလောမဉာဏ်တို့သည် **ဖြစ်ပျက်** ကို အာရုံပြုကုန်၏။ ဂေါတြဘူဉာဏ်သည် **မဖြစ်** ကို အာရုံပြု၏။ ထို အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်သည် စိတ်အစဉ်တဆက်ထည်းဖြစ်လျက် **ဖြစ်ပျက်** ကို အာရုံပြုရာမှ **မဖြစ်** ကို အလိုလိုအာရုံပြု၍ သွားလေသည်။ **မဖြစ်** သို့ ဆိုက်ရောက်သော မဂ်စိတ် တဆက်ထည်းဖြစ်၍ မဂ်ပုဂ္ဂိုလ်ဖြစ်လေ၏။ ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်မှစ၍ ဖိုလ်ပုဂ္ဂိုလ်ဖြစ်လေသည်။ (အဋ္ဌသာလိနီ-၂၄၉။)

## မဂ္ဂဝီထိလေးမျိုး

(၁) သောတာပတ္တိမဂ္ဂဝီထိ။ (၂) သကဒါဂါမိမဂ္ဂဝီထိ။ (၃) အနာဂါမိမဂ္ဂဝီထိ။ (၄) အရဟတ္တမဂ္ဂဝီထိ၊ မဂ္ဂဝီထိလေးမျိုး။

သောတာပတ္တိမဂ္ဂဝီထိကျပုံကား။ ။တိဟိတ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် အဆင်း အသံ အနံ့ အရသာ အထိ ရုပ်တရားတို့ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုရင်း။ မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိစိတ် သိစိတ် စိတ်ဝိညာဏ် နာမ်တရားတို့ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုရင်း ဆင်ခြင်ကြည့်ရှု အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, ပရိကံ,ဥပစာ,အနုလုံ, **မဖြစ်** ကို အာရုံပြု၍ ဂေါတြဘူ, သောတာပတ္တိ မဂ်စိတ် တကြိမ်, သောတာပတ္တိ ဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ်, ထိုနောင် ဘဝင်။

(မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာပတ္တိမဂ်စိတ်,သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်,သုံးကြိမ်။)

ဤမဂ္ဂဝီထိသည် တိဟိတ်ပုထုဇ္ဇန် တယောက် သောတာပတ္တိမဂ် ပုဂ္ဂိုလ် တယောက် သောတာပတ္တိ ဖိုလ် ပုဂ္ဂိုလ် တယောက် ဟူ၍ ပုဂ္ဂိုလ် သုံးယောက်ဖြစ်၏။

## ပုဂ္ဂိုလ်သုံးယောက်ဖြစ်ပုံကား

မနောဒွါရာဝဇ္ဇန်း,ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ ဤစိတ်အစဉ် ငါးချက်သည် တိဟိတ်ပုထုဇ္ဇန်ဖြစ်သည်။ ထိုပုထုဇ္ဇန်သည် ဂေါတြဘူစိတ် ဖြစ်ဆဲ အခိုက်အတန့်၌ နိဗ္ဗာန်ကို အာရုံပြုသည်။ ထိုတိဟိတ်ပုထုဇ္ဇန်သည် ဂေါတြဘူစိတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၏။ ဂေါတြဘူနောင် သောတာပတ္တိ မဂ်စိတ် ဖြစ်ဆဲအခိုက်အတန့်၌ သောတာပတ္တိ မဂ်ပုဂ္ဂိုလ်ဖြစ်သည်။

ဤသောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်စိတ်ဖြင့် နိဗ္ဗာန် ကိုအာရုံပြု၏။ သောတာပတ္တိ မဂ်စိတ် ဖြစ်ပြီးနောက် သောတာပတ္တိ ဖိုလ် နှစ်ကြိမ် သုံးကြိမ်မှစ၍ သကဒါဂါမိမဂ် စိတ် မဖြစ်မီ ဖြစ်သမျှ စိတ်အစဉ် ရုပ်အစဉ်သည် သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ဖြစ်သည်။ သောတာပန် ဟူ၍ ဆိုသည်။ ဤသို့ ပုဂ္ဂိုလ်သုံးယောက်ဖြစ်သည်။

သောတာပတ္တိဖိုလ်စိတ်ကိုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် မိမိ ရပြီးသော မဂ်စိတ်,ဖိုလ်စိတ်,နိဗ္ဗာန်, ပယ်ပြီး ကိလေသာ, ကြွင်းသေးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ငါးဝီထိဖြစ်သည်။

(ပုဂ္ဂလပညတ် အဋ္ဌကထာ ဋီကာပုဒ်ဒုသ-၃၅)

သောတာပန်ပုဂ္ဂိုလ်သည် မိမိရပြီးသော သောတာပတ္တိ မဂ်စိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ပစ္စဝေက္ခဏာ မဟာကုသိုလ်ဇော ခုနစ်ကြိမ် ထိုနောင်ဘဝင်။ ။ပစ္စဝေက္ခဏာ-၅-ဝီထိအတူတူ။

ဘဝင်စလန,ဘဝင်ုပစ္ဆေဒ,မနောဒွါရာဝဇ္ဇန်း,ပရိကံ,ဥပစာ,အနုလုံ ဂေါတြဘူ, သောတာပတ္တိ မဂ်ဇော တကြိမ်, သောတာပတ္တိ ဖိုလ်ဇော နှစ်ကြိမ်, သုံးကြိမ်, ထိုနောင်ဘဝင်။

ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်၊ ထိုနောင်ဘဝင်။

ဘဝင်စိတ် ဟူသမျှတို့သည် အတီတာနန္တရ-ရှေးဘဝ၌ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်ပြီးသော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်-ဤသုံးပါး

တို့တွင် တပါးပါးကို အာရုံပြုကုန်၏။ မဂ္ဂဝီထိ၌ မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံတို့သည် ဖြစ်ပျက်လက္ခဏာကို အာရုံပြုကုန်၏။ ဂေါတြဘူ,မဂ်ဇော,ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကိုအာရုံပြုကုန်၏၊ ပစ္စဝေက္ခဏာဝီထိ၌ မနောဒွါရာဝဇ္ဇန်း,ပစ္စဝေက္ခဏာဇောတို့သည် မဂ်-ဖိုလ်-နိဗ္ဗာန်-ပယ်ကိလေသာ-ကြွင်းကိလေသာတို့ကို အာရုံပြုကုန်၏။ *

---

* မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ကို အာရုံပြုခြင်းနှင့်ပတ်သက်၍ သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်၍ နိဗ္ဗာန်သို့ရစေရန် အားထုတ်ကျင့်ကြံနေသော ဝိပဿနာယောဂီအတွက် ဤသို့အားထုတ်နေစဉ် မိမိ၏စိတ်သန္တာန်ဝယ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်များဖြစ်ပေါ်လာ၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုက်ရသည်ရှိသော် ထူးထူးခြားခြားဖြစ်ခြင်းကြောင့် "မြင်လိုက်ရသောတရားတို့ကားအဘယ်နည်း" ယင်းသို့မြင်လိုက်ရခြင်းကြောင့် ငါ၏သန္တာန်၌ အဘယ်ကိလေသာများ ချုပ်ငြိမ်းသွား၍ အဘယ်ကိလေသာများ ကြွင်းကျန်နေသေးသနည်းဟူသော အရာတို့ကို ဆင်ခြင်သော (ပစ္စဝေက္ခဏာ)ဇောဝီထိစိတ်အစဉ်တို့သည် ဖြစ်တတ်ကုန်၏။ ဤသို့ဖြစ်သော ဇောဝီထိစိတ်အစဉ်တို့ကို (ပစ္စဝေက္ခဏာဝီထိ) ဟူ၍ ခေါ်ဆိုအပ်၏။

ဤသို့ဆင်ခြင်၍ ဤတရားကား နိဗ္ဗာန်တည်း၊ ဤတရားကား မဂ်တည်း၊ ဤတရားကား ဖိုလ်တည်း၊ ဤမျှသော ကိလေသာတို့ကို ပယ်အပ်ပြီ၊ ဤမျှသော ကိလေသာတို့ ကြွင်းကျန်သေးသည် ဟူ၍ သိသောဉာဏ်သည် (ပစ္စဝေက္ခဏာဉာဏ်)မည်၏။ ဤသို့ဆင်ခြင်ရာ၌ သောတာပန်မှစ၍ အရိယာပုဂ္ဂိုလ် ဟူသမျှတို့သည် ...

၁၊ နိဗ္ဗာန်။ ၂၊ မဂ်။ ၃၊ ဖိုလ်။ ၄၊ ပယ်အပ်ပြီးသော ကိလေသာ။ ၅၊ မပယ်သေးသောကိလေသာဟူသော ငါးပါးကုန်သောတရားတို့ကို "အကုန်ဆင်ခြင်စမြဲ" ဖြစ်သည်ဟူ၍ မမှတ်ထင်အပ်။

အချို့အရိယာပုဂ္ဂိုလ်သည် ႏနိဗ္ဗာန်အစရှိသော ဆင်ခြင်အပ်သောတရား ငါးပါးတို့တွင် တပါးပါးကိုသာလျှင်, နှစ်ပါးကိုသာလျှင် ဆင်ခြင်တတ်၏။ ထို့ကြောင့် မူလပဏ္ဏာသ အဋ္ဌကထာ ဓူဠဒုက္ခက္ခန္ဓသုတ်အဖွင့်၌....

"ကောဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ၊ ကော
အဝသိဋ္ဌကိလေသမေဝ၊ ကောမဂ္ဂမေဝ၊ ကောဖလမေဝ၊
ကောနိဗ္ဗာနမေဝ၊ ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု
ဧကံဝါ ဒွေဝါ နောလဒ္ဓုံ နဝဋ္ဋန္တိ။" ဟုမိန့်ပြီ၊

တစ်ယောက်သောအရိယာပုဂ္ဂိုလ်သည် ပယ်အပ်ပြီးသော ကိလေသာတို့ကိုသာလျှင် ဆင်ခြင်၏။ တစ်ယောက်သော အရိယာပုဂ္ဂိုလ်သည် ကြွင်းကျန်သော

နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဖြစ်လျှင် မနောဒွါရာဝဇ္ဇန်းပစ္စဝေက္ခဏာဇောခုနစ်ကြိမ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ထို့အတူ မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ကြွင်းကိလေသာကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိပယ်ပြီးကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတို့ကိုလည်း သိရာ၏။

မဂ်-ဖိုလ်-နိဗ္ဗာန်တို့ကို ဆင်ခြင်သောဝီထိတို့၌ ပစ္စဝေက္ခဏာဇောခုနစ်ကြိမ်တို့သည် ဉာဏသမ္ပယုတ် ကာမဇောဖြစ်ကုန်၏။ သောတာပန်သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့၌ မိမိရသော မဂ်-ဖိုလ်-နိဗ္ဗာန်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောတို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်၌ မဟာကြိယာ ဉာဏ

---

ကိလေသာတို့ကိုသာလျှင် ဆင်ခြင်၏။ တယောက်သော အရိယာပုဂ္ဂိုလ်သည် မဂ်ကိုသာ ဆင်ခြင်၏၊ တယောက်သော အရိယာ ပုဂ္ဂိုလ်သည် ဖိုလ်ကိုသာ ဆင်ခြင်၏၊ တယောက်သောအရိယာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုသာလျှင်ဆင်ခြင်၏။

ဤငါးပါးကုန်သော ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာတို့တွင် တခုသော ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာကိုရင်း,နှစ်ခုသောဆင်ခြင်ခြင်း ပစ္စဝေက္ခဏာကိုရင်း မရခြင်းငှါ မသင့်ကုန်ဟုဆိုလိုသည်၊ အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော် ကျမ်းနှင့်နောက်ဋီကာ အချို့တို့ကား"အရိယာပုဂ္ဂိုလ်သည် မဂ်ကိုရင်း,ဖိုလ်ကိုရင်း,နိဗ္ဗာန်ကိုရင်း ဆင်ခြင်စမြဲတည်း။ ပယ်အပ်ပြီးသော ကိလေသာ, မပယ်အပ်သေးသောကိလေသာတို့ကိုကား ဆင်ခြင်သည်လည်းရှိ၏၊ မဆင်ခြင်သည်လည်းရှိ၏"ဟူ၍တွေ့ရှိရပေသည်။

ဤသို့ရေးသားသည်ကို စဉ်းစားရာ၌ အရိယာပုဂ္ဂိုလ်အားလုံးတို့နှင့်သက်ဆိုင်နေသောကြောင့်ရင်း၊ ပြဆိုခဲ့သော မူလပဏ္ဏာသ အဋ္ဌကထာနှင့် မညီညွတ်သောကြောင့်ရင်း ပညာရှိတို့ဆင်ခြင်စဉ်းစား၍ ယူဆတော်မူကြရန်ဖြစ်ပါသည်။

အထူးကား "ပစ္စဝေက္ခဏာဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ခြင်းသည် မဂ္ဂဝီထိ၏အခြားမဲ့၌ဖြစ်သော ပစ္စဝေက္ခဏာ ဝီထိ၌သာ မဟုတ် ဖလသမာပတ္တိဝီထိ၏ အခြားမဲ့၌ဖြစ်သော ပစ္စဝေက္ခဏာဝီထိ၌လည်း ဖိုလ်ဉာဏ်က သိမြင်အပ်သော နိဗ္ဗာန်ကို ပစ္စဝေက္ခဏာဉာဏ်က ဆက်လက်၍ဆင်ခြင်သောအားဖြင့်သိမြင်နိုင်၏"ဟူ၍ ဖလသမာပတ်ကို ဝင်စားနိုင်သော အရိယာပုဂ္ဂိုလ် အရှင်မြတ်များမိန့်ဆိုတော်မူသည်ကို ထောက်၍ အရိယာပုဂ္ဂိုလ်များသည် "နိဗ္ဗာန်နှင့်ဖိုလ်" ကို မဆင်ခြင်ဘဲနေလိမ့်မည်မဟုတ်ဟု ထင်ပေသည်။

# (၃၈) ဝိပဿနာ-ဓာတ်ပညာကျမ်း

ကောမိဇိသောတာပန်မှာ သောတာပန်တည်ပြီးနောက် တစ်ဘဝသာလျှင် ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်နိုင်၏။သကဒါဂါမိမှာ သကဒါဂါမိတည်ပြီးနောက် စုတေ၍ နတ်ဘဝတခု, လူ့ဘဝတခုအားဖြင့် ပဋိသန္ဓေနှစ်ဘဝနေပြီးမှ ရဟန္တာဖြစ်သည်။

(၁) လူ့ပြည်၌ လူ၏အဖြစ်အားဖြင့် သောတာပန်တည်ပြီးနောက် လူ့ပြည်၌ သာလျှင် ဆက်ခါ ဆက်ခါ လူဖြစ်၍ သတ္တမမြောက် ဘဝ၌ ရဟန္တာဖြစ်သော-သောသာပန်။

(၂) နတ်ပြည်၌ နတ်သား-နတ်သမီးဖြစ်၍ သောတာပန်တည်ပြီးလျှင် နတ်ပြည်၌သာလျှင် ဆက်ခါဆက်ခါဖြစ်၍ သတ္တမမြောက်ဘဝ၌ ရဟန္တာဖြစ်သော-သောတာပန်။

(၃) အနာထပိဏ် သူဌေး, ဝိသာခါ ကျောင်းအမကြီး,စူဠရထနတ်သား, မဟာရထနတ်သား, အနေကဝဏ္ဏနတ်သား, နာဂဒတ္တ နတ်သား, သက္ကပဉ္စသုတ်ကိုနာ၍ သောတာပန်တည်ပြီးမှ စုတေ၍ သိကြားပြန်၍ဖြစ်ပြန်သော-သိကြားမင်းကြီး။

ဤသောတာပန်တို့သည် နတ်ပြည်ခြောက်ထပ်တို့၌ ကာမဂုဏ်စည်းစိမ်တို့ကို သောတာပန်၏အဖြစ်ဖြင့် ခံစား စံစားပြီး၍ အားရတင်းတိမ်သောအခါ ပထမစျာန်ကို ရအောင် ကသိုဏ်း ဆယ်ပါး, ဗြဟ္မဝိဟာရလေးပါး ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း၍ စျာန်ရသောအခါ စုတေ၍ဗြဟ္မာပြည်၌ဖြစ်ကြကုန်ပြီးလျှင် ဖြစ်ပျက်ကိုဆင်ခြင်၍ သကဒါဂါမိတည်သောအခါ (ပထမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန် သုံးဘုံတို့၌ ဘုံစဉ်စံ၍)ဖြစ်ပျက် ကမ္မဋ္ဌာန်းကိုစီးဖြန်း၍ တဘန်အနာဂါမိ တည်သောအခါ (ဝေဟပ္ဖိုလ်ဘုံ၌ မဖြစ်ဘဲ) သုဒ္ဓါဝါသ ငါးဘုံတွင် အစဆုံး ဖြစ်သော အဝိဟာဘုံ၌(ကပ္ပသဟဿ)ကမ္ဘာတထောင် အသက်ရှည်၍ စုတေသောအခါ အတပ္ပါဘုံ၌ (ဒွေကပ္ပသဟဿ) ကမ္ဘာနှစ်ထောင်အသက်ရှည်၍ စုတေသောအခါ သုဒဿာဘုံ၌ (စတ္တာရိကပ္ပသဟဿာနိ) ကမ္ဘာလေးထောင် အသက်ရှည်၍ စုတေသောအခါ သုဒဿီဘုံ၌ (အဋ္ဌကပ္ပသဟဿာနိ) ကမ္ဘာရှစ်ထောင် အသက်ရှည်၍ စုတေသောအခါ အကနိဋ္ဌဘုံ၌ဖြစ်၍ (သောဠသကပ္ပသဟဿ) ကမ္ဘာ တသောင်း ခြောက်ထောင် အသက်ရှည်၍ ရဟန္တာဖြစ်နိုင်ကြပြီးလျှင် ပရိနိဗ္ဗာန်စံဝင်လတ္တံ့ဖြစ်ကြကုန်၏၊ လူ့ပြည်၌ မရှိနိုင်ကုန်။

အထက်ဗြဟ္မာဘုံသို့ ရောက်ကြကုန်သော အရိယာတို့သည် အောက်ဖြစ်သော ဘုံသို့ ဆုတ်ပြန်လျှောကျခြင်း မရှိကုန်ဘဲ အထက်ဘုံသို့သာလျှင် တက်၍ သွားကြကုန်၏။ ဝေဟပ္ဖိုလ်ဘုံ၊ အကနိဋ္ဌဘုံ၊ နေဝသညာဘုံ၊ ဤသုံးဘုံတို့၌ ဖြစ်သော အရိယာတို့သည် တခြားဘုံသို့ မပြောင်းရွှေ့ဘဲ ရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန်ပြုကြကုန်၏။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။ န ပုန
ညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယ ပုဂ္ဂလာ။ ဗြဟ္မာလောက
ဂတာ ဟေဋ္ဌာ၊ အရိယာ နောပ ပဇ္ဇရေ။ ။

ဝေဟပ္ဖလေ၊ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌၎င်း။ ဘဝဂ္ဂေစ၊ နေဝသညာဘုံ၌၎င်း။ ပတိဋ္ဌိတာ၊ တည်ရှိကုန်သော။ သဗ္ဗေ အရိယာပုဂ္ဂလာ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊ တဖန်။ အညတ္ထ၊ တခြားသောဘုံ၌။ နဇာယန္တိ၊ မဖြစ်ကြကုန်။ ဗြဟ္မာလောကဂတာ၊ ဗြဟ္မာ့ပြည်သို့ ရောက်ကြကုန်သော အရိယာ သောတာပန် အစရှိသော အရိယာတို့သည်။ ဟေဋ္ဌာ၊အောက်ဖြစ်သောဘုံတို့၌။နောပ ပဇ္ဇရေ၊ မဖြစ်ကြကုန်။ (ဘုံဆုံးသုံးရပ်ဟူ၍ ဆိုရိုးပြုကြကုန်၏။)

## သကဒါဂါမ် လေးမျိုး

(၁) သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း ဤလူ့ပြည်၌ သကဒါဂါမ် တည်၍ လူ့ပြည်၌ပင်လျှင် ရဟန္တာဖြစ်သောပုဂ္ဂိုလ်။

(၂) လူ့ပြည်၌ သကဒါဂါမ်တည်၍ နတ်ပြည်၌ဖြစ်ပြီးမှ ရဟန္တာ ဖြစ်သောပုဂ္ဂိုလ်။

(၃) နတ်ပြည်၌ပင်လျှင် သကဒါဂါမ်တည်၍ နတ်ပြည်၌ပင်လျှင် ရဟန္တာဖြစ်သောပုဂ္ဂိုလ်။

(၄) နတ်ပြည်၌ သကဒါဂါမ်တည်၍ စုတေပြီးလျှင် လူ့ပြည်၌ ဖြစ်၍ ရဟန္တာဖြစ်သောပုဂ္ဂိုလ်။

ဤသကဒါဂါမ် လေးဦးတို့တွင် နတ်ပြည်၌ သကဒါဂါမ်တည်၍ စုတေပြီးလျှင် လူ့ပြည်၌ လူဖြစ်၍ ရဟန္တာ ဖြစ်လတ္တံ့သော သကဒါဂါမ် ပုဂ္ဂိုလ်သည် ယခုအခါ လူ့ပြည်၌ ရှိဘွယ်ရာထင်၏။

(ပုဂ္ဂလပညတ် အဋ္ဌကထာ-၄၄)

ဤအင်္ဂါတို့ကိုထောက်၍ ယခုအခါ မြန်မာပြည်၌ သောတာပန်,သကဒါဂါမ်, ရဟန္တာများလည်း ရှိဘွယ်ထင်၍ နေသည်။ အရိယာပုဂ္ဂိုလ်များက ငါတို့သည် အရိယာတည်းဟူ၍ ပြောဆိုမည် မဟုတ်။

## ပဋိပတ္တိ ပညာ ဘာဝနာ

ယခုဘဝ၌ပင်လျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြောင်း အင်္ဂါလေးပါးကို ဤသို့ဟောတော်မူ၏။

စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ၊ ဘာဝိတာ ဗဟုလီကတာ၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ သကဒါဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ အနာဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ အရဟတ္တဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေ စတ္တာရော သပ္ပုရိသ သံသေဝေါ။ သဒ္ဓမ္မဿဝနံ။ ယောနိသော မနသိကာရော။ဓမ္မာနုဓမ္မပဋိပတ္တိ။ ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ်-၃၀၅)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွားများအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကိုရခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ (သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ကို ရခြင်းငှါ ဖြစ်တတ်ကုန်၏။ ) ကတမေ စတ္တာရော၊ အဘယ်လေးပါးတို့နည်းဟူမူကား

(၁) သပ္ပုရိသ သံသေဝေါ၊ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း။
(၂) သဒ္ဓမ္မဿဝနံ၊သူတော်ကောင်းတို့၏တရားကိုကြားနာခြင်း။
(၃) ယောနိသော မနသိကာရော၊သင့်တင့်သောနှလုံးသွင်းခြင်း။
(၄) ဓမ္မာနု ဓမ္မပဋိပတ္တိ၊ လောကုတ္တရာ တရားနှင့် လျော်အောင် ကျင့်ခြင်း။

## အခိပ္ပါယ်လိုရင်းကို ပြဆိုအံ့

(၁) ဖြစ်ပျက်ကို ထင်မြင်အောင် ပြောဟောတတ်သော သူတော်ကောင်းကို မှီဝဲဆည်းကပ် မပြတ်ခစားခြင်းသည် သပ္ပုရိသ သံသေဝမည်၏။

(၂) ဖြစ်ပျက်ကို ထင်မြင်လွယ်အောင် ဆင်ခြင်ကြည့်ရှုနည်းကို ပြ၍ ဟောကြားသော တရားစကားကို မှတ်သားနာယူခြင်းသည် သဒ္ဓမ္မသဝန မည်၏။

(၃) ဖြစ်ခြင်းပျက်ခြင်းရှိသော သဘောတရားကို ဖြစ်ခြင်း ပျက်ခြင်းရှိသော သဘောတရားတည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း နှလုံးသွင်းခြင်းသည် ယောနိသော မနသိကာရမည်။

(၄) ရုပ်နာမ်ဓမ္မ သင်္ခတ တရားတို့ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ထင်မြင်အောင် ဆင်ခြင်စဉ်းစား၍ ကြည့်ရှုခြင်းသည် လောကုတ္တရာ တရားနှင့်လျော်အောင် ကျင့်သော ဓမ္မာနု ဓမ္မပဋိပတ္တိမည်၏။ (ဖြစ်ပျက်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းသည် လောကုတ္တရာ တရားနှင့် အလျော်ဆုံး-အသင့်ဆုံးဖြစ်၏။)

## နှလုံးသွင်း မှန်မှုနှင့်-မမှန်မှု

ဖြစ်ခြင်း ပျက်ခြင်း ရှိသောကြောင့် ဖြစ်ပျက် ဖြစ်ပျက် နေသော သဘောတရားကို ဖြစ်ပျက်ဖြစ်ပျက်မနေဘဲ အခဲအလုံး အဖြုံးအမှုန့်အရည် အဖတ် အစေး အဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုး တည်နေ၏ဟူ၍ မဟုတ်မမှန်ဘဲ အလွဲကို နှလုံးသွင်းခြင်းသည် အယောနိသော မနသိကာရမည်၏။

မျက်စိနှင့် မြင်ရသော အဆင်းရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ အခဲ အလုံး အဖြုံး အမှုန့် အရည် အဖတ် စသည်မဟုတ်။ အခဲအလုံး အဖြုံး အမှုန့် အရည် အဖတ်ကို တနေရာမှ-တနေရာသို့ ယူဆောင် သွားနိုင်၏။ ဖြစ်ပျက် ဖြစ်ပျက်နေသော အဆင်းရုပ်ကို တနေရာမှ-တနေရာသို့ ယူဆောင်၍မရ၊ ဖြစ်သောနေရာတွင် ခဏဖြစ်၍ ခဏပျက် သွားသည်။ အခဲအလုံး စသည်ဖြစ်၍ တည်နေသည် မဟုတ်၊ ထို့ကြောင့် ဥဒယဗ္ဗယ သင်္ခါရ ဟူ၍ ဆိုသည်။

ဥဒယ=ဖြစ်ခြင်း။ ဝယ=ပျက်ခြင်း။ ဥဒယဗ္ဗယ=ဖြစ်ခြင်း ပျက်ခြင်း။ သင်္ခါရ=အကြောင်းကြောင့် ဖြစ်သော တရားကို သင်္ခါရဆိုသည်။ ဖြစ်ကြောင်း ရှိ၍သာလျှင် ဖြစ်ပျက်ဖြစ်ပျက်နေသော သဘောတရားတွေဟူ၍ မှတ်ရာ၏။

နားဖြင့် ကြားရသော အသံရုပ်သည်လည်း ဖြစ်ခြင်း ပျက်ခြင်း သဘောရှိ၏။ ဖြစ်ပျက်ဖြစ်ပျက်နေ၏။ အခဲအလုံး စသည်မဟုတ်။

နှာခေါင်းဖြင့်နံသော အနံ့ရုပ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေ၏။ အခဲအလုံး စသည်မဟုတ်။ စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန်,အရသာရုပ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက် နေသည်။ အရည် အဖတ် အစေး အဆီ မဟုတ်၊ အရည် အဖတ် အစေး အဆီကို နေရာရွှေ့၍ယူနိုင်သည်။ ဖြစ်ပျက်ဖြစ်ပျက်နေသော အရသာရုပ်ကို နေရာရွှေ့ယူ၍ မရ။ ဖြစ်သော နေရာတွင် ခဏချက်ခြင်းပျက်သည်။ထို့ကြောင့်(အဝသဝတ္တန)လိုရာမလိုက်၊သူ၏သဘာဝအတိုင်းဖြစ်၍ ပျက်သည်ဟု ဆိုလိုသည်။

ကြမ်း–ချော–ခု-ခံ-ထိ၊ တောင့်–တင်း–တွန်း–တိုး–ထိ၊ ပူ-အေး-နွေး-လော-ထိ၊ အထိရုပ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေ၏။ အခဲအလုံး စသည်မဟုတ်။ ထို့ကြောင့် (အသာရကဋ္ဌ) အနှစ်မဟုတ်။ အကာလည်း မဟုတ်။ အခေါက် အပွေးလည်း မဟုတ်။ အစေး အဆီလည်း မဟုတ်ဟု ဆိုလိုသည်။

ဖြစ်ပျက်ဖြစ်ပျက် အဆက်ဆက်နေသောကြောင့် ဖြစ်ပျက်ဖြစ်ပျက်ကို မထင်မြင်ဘဲ နေသည်။ ဖြစ်ပျက် ဖြစ်ပျက်ကို မထင်မြင်သောကြောင့် သာလျှင် အခဲအလုံး စသည် မှတ်ထင်၍ နေသည်။ မီးစကိုကိုင်၍ မြန်မြန်ရမ်းသည်ရှိသော် မီးကွင်းမဟုတ်ဘဲ မီးကွင်းထင်သကဲ့သို့ အခဲအလုံးစသည်မဟုတ်ဘဲ အခဲအလုံး စသည်ဖြင့် မှတ်ထင်ခြင်းသည် အလွဲကို မှတ်ထင်၍ နေသည်။ အတ္တဒိဋ္ဌိဖြစ်သည်။

အတ္တဒိဋ္ဌိနှင့် ဖြစ်ပျက်သည် ပြောင်းပြန် ကန့်လန့် သမသတ်နေ၏။ အခဲအလုံးစသည်ဖြင့် မှတ်ထင်လျှင် ဖြစ်ပျက်အထင် ကင်းပျောက်၍ သွား၏။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟု ထင်မြင်လျှင် အခဲအလုံး စသည် အထင် ပျောက်ကင်း၍ သွား၏။

အခဲအလုံးစသည် မှတ်ထင်၍ နေသောသူသည် ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟူ၍မထင်နိုင်။ ဖြစ်ပျက်ဖြစ်ပျက်နေသည် ဟူ၍ ထင်မြင်သော သူသည် အခဲအလုံးစသည် မထင်နိုင်။

သင်္ခတ တရားတို့သည် ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏ ဟူ၍ အဟုတ် အမှန်ကိုနှလုံးသွင်းခြင်းသည် ယောနိသော မနသိကာရမည်၏။

အခဲ အလုံး အဖြူးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့အဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည်ဟူ၍ မဟုတ်မမှန်ကို နှလုံးသွင်းခြင်းသည် အယောနိသော မနသိကာရမည်၏။

အခဲ အလုံး စသည်ဖြင့် မဟုတ် မမှန်ဘဲ အလွဲကို နှလုံးသွင်းခြင်း အယောနိသော မနသိကာရဖြစ်သောသူအား အာသဝေါတရား တိုးပွားကြောင်းကိုဎင်း၊ သင်္ခတ တရားတို့သည် ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏ ဟူ၍ အဟုတ် အမှန်ကို နှလုံးသွင်းခြင်း ယောနိသော မနသိကာရ ဖြစ်သော သူအား အာသဝေါတရား ပယ်ရှား ပျောက်ကင်းကြောင်းကိုဎင်း ဟော တော်မူသည်။

(ဖြစ်ပျက်ကိုမမြင်ဘဲ လောကုတ္တရာ တရားကို ရရိုးထုံးမရှိ။)

(မူလပဏ္ဏာသ အဋ္ဌကထာ သဗ္ဗာသဝသုတ်အဖွင့်-၅၇၊ မူလပဏ္ဏာသ ဝဏ္ဏနာတော်ကြီး၌ မြန်မာစကားအကျယ်အားဖြင့် ရေးသားပြီးရှိသည်။)

## ဒေသနာက္ကမ၊ ပဝတ္တိက္ကမ၊ ပဋိပတ္တိက္ကမ ဤသုံးပါးတို့၏ လိုရင်းအဓိပ္ပါယ်ကိုပြဆိုအံ့

(၁) နိဗ္ဗာန်ကိုမြင်အောင် အကြောင်းဆိုက်ရာဟောတော်မူသော ပိဋကတ်သုံးပုံ ဒေသနာတော်အစဉ်သည် **ဒေသနာက္ကမ** မည်၏။

(၂) သင်္ခတ ဓမ္မ ရုပ်နာမ် တရားတို့၏ ဖြစ်ပျက်ဖြစ်ပျက်နေသော (ဖြစ်ပျက်)အစဉ်သည် **ပဝတ္တိက္ကမ** မည်၏။

(၃) သင်္ခတ ဓမ္မ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ဖြစ်ပျက်နေသော အစဉ်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းသည် နိဗ္ဗာန်ကို မြင်ခြင်း၏ အကြောင်းရင်းဖြစ်သော **ပဋိပတ္တိက္ကမ** မည်၏။

ထိုစကားသည် ဟုတ်မှန်၏။ **ဖြစ်ပျက်-အစဉ်** ကို ဆင်ခြင်ကြည့်ရှု၍ မြင်ပြီးနောက်မှသာလျှင် နိဗ္ဗာန်ကို မြင်သည်၊ ဖြစ်ပျက်ကို ကြည့်ရှုဆင်ခြင်၍ မမြင်သေးဘဲ နိဗ္ဗာန်ကိုမြင်အောင် ရှေးဦးစွာ ကြည့်ရှုသော်လည်း မြင်ဒါမျိုးမဟုတ်၊ ရှေးဦးစွာ ဖြစ်ပျက်ကို မြင်ပြီးမှသာလျှင် နိဗ္ဗာန်ကို အလိုလို မြင်၍လာသည်။ ထို့ကြောင့် သင်္ခတဓမ္မ ရုပ်နာမ် တရားတို့၏ ဖြစ်ပျက် ဖြစ်ပျက် နေသော **ဖြစ်ပျက်-အစဉ်** ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းသည် နိဗ္ဗာန်ကို မြင်ခြင်း၏ အကြောင်းရင်းဖြစ်သော **ပဋိပတ္တိက္ကမ** မည်၏။

သင်္ခတခေတ် ပရမတ်အစစ် ရုပ်နာမ်ခန္ဓာ ဆိုရာ၌ ဖြစ်ခြင်းပျက်ခြင်း လက္ခဏာရှိ၍ ဖြစ်ပျက် ဖြစ်ပျက် နေသော တရားစုသည် သင်္ခတခေတ် ပရမတ်အစစ်ဖြစ်သော ရုပ်နာမ်ခန္ဓာမည်၏။ "သင်္ခတဿ သင်္ခတလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ" စသည်ကိုတောက်။

အခဲအလုံး အဖြုံး အမှုန့် အရည် အဖတ် အစေး အဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံပုံသဏ္ဌာန်အမျိုးမျိုးတည်နေသောအထည်ဝတ္ထုဒြပ်တို့သည် သန္တာန-သဏ္ဌာန-ပညတ်မည်ကုန်၏။

သင်္ခတခေတ် ပရမတ်အစစ် ရုပ်နာမ် ခန္ဓာ၌ အခဲ အလုံး စသော ပုံသဏ္ဌာန်အမျိုးမျိုးမရှိ၊ ဖြစ်ပျက်ဖြစ်ပျက်သာလျှင်ရှိသည်။

အခဲ အလုံး စသော အထည်ဝတ္ထုဒြပ်တို့သည် သန္တာန သဏ္ဌာန ပညတ်၌သာလျှင် အခဲအလုံးစသော ပုံသဏ္ဌာန်အမျိုးမျိုးရှိသည်။

ပုံသဏ္ဌာန်အမျိုးမျိုးရှိသော အခဲအလုံး စသည်တို့ကို မျက်စိဖြင့် ကြည့်ရှု၍ မြင်ရသည်ဟု အန္ဓပုထုဇဉ်တို့ မှတ်ထင်ကြကုန်၏၊ မှတ်ထင်သော်လည်း အခဲအလုံးစသော သဏ္ဌာနပညတ်ကို မျက်စိဖြင့် မြင်ရသည်မဟုတ်၊ အဆင်း ရုပ်ကိုသာလျှင် မျက်စိဖြင့်မြင်ရသည်၊ ထိုအဆင်းရုပ်သည် အခဲအလုံး စသည်မဟုတ်၊ ဖြစ်ပျက် ဖြစ်ပျက် သာလျှင် ဟုတ်သည်၊ ဖြစ်ပျက် ဖြစ်ပျက်နေသော အဟုတ်အမှန်ကို မမြင်သောကြောင့်သာလျှင် အလုံးအခဲ စသည်ဖြင့် မှတ်ထင်၍နေလေသည်။

မျက်စိဖြင့် မြင်ရသော အဆင်းရုပ်ကို အလုံး အခဲ စသည်ဖြင့် တည်နေသည်ဟု မှတ်ထင်ကြကုန်၏၊ အလုံးအခဲစသည်ကို "ငါမြင်ရသည်" ဟူ၍ ပြောဆိုကြကုန်၏။

အဘယ့်ကြောင့် ပြောဆိုကြသနည်း?။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့်တည်း။

ထို့ကြောင့် ဖြစ်ပျက်ကို သိမြင်မှသာလျှင် သစ်တခေတ် ပရမတ် အစစ်ဖြစ်သော ရုပ်နာမ် ခန္ဓာကိုလည်း အဟုတ် အမှန်အားဖြင့် သိနိုင်သည်၊ ဖြစ်ပျက်ကိုမသိလျှင် သစ်တခေတ် ပရမတ် အစစ်ဖြစ်သော ရုပ်နာမ် ခန္ဓာကိုလည်း အဟုတ်အမှန်အားဖြင့် မသိနိုင်။

ဖြစ်ပျက် ဖြစ်ပျက်နေ၏ ဟူ၍ ဖြစ်ပျက် လက္ခဏာကို ကောင်းစွာ မသိဘဲ ရောင်ဝါးဝါးနှင့် ပရမတ်စကားပြောဆိုသော်လည်း အခဲ အလုံး အဖြူးအမှုန့်စသောသဏ္ဌာနပညတ်ကို ပရမတ်အစစ်ထင်၍ နေတတ်၏။

အဆင်းရုပ်သည် အခဲအလုံး အဖြူး အမှုန့် အရည်အဖတ်မဟုတ်၊ အခဲအလုံး အဖြူးအမှုန့် အရည်အဖတ်သည်လည်း အဆင်းရုပ်မဟုတ်။

အခဲအလုံး အဖြူး အမှုန့်သည် သဏ္ဌာန ပညတ်ဖြစ်၏။ အဆင်းရုပ် သည် ပရမတ်ဖြစ်၏။

အခဲအလုံး အဖြူး အမှုန့်သည် ဖြစ်ပျက် ဖြစ်ပျက်မနေဘဲ ပကတိ အတိုင်းနေသည်၊ အဆင်းရုပ်သည် ပကတိအတိုင်းမနေ ဖြစ်ပျက်ဖြစ်ပျက် နေသည်။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် ပကတိအတိုင်း နေသည်ဟုမှတ်ထင်သည်။

ပကတိအတိုင်းနေသည်ဟု မှတ်ထင်သည်ကို နိစ္စသညာဆိုသည်၊ အခဲအလုံး အဖြူးအမှုန့် စသည်ဖြင့် မှတ်ထင်သည်ကို အတ္တသညာဆိုသည်၊ နိစ္စသညာ ရှိလျှင် အတ္တ သညာလည်း ရှိသည်၊ နိစ္စသညာ ပျောက်လျှင် အတ္တသညာလည်းပျောက်သည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟူ၍ သဘောပေါက်အောင် သိပါလျှင် သစ်တခေတ် ပရမတ်အစစ်ဖြစ်သော ရုပ်နာမ်ခန္ဓာကို အဟုတ်အမှန်အား ဖြင့် သိ၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်သည်၊ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်မှ သက္ကာယဒိဋ္ဌိ ပျောက်ကင်းသည်၊ သက္ကာယဒိဋ္ဌိ ပျောက်ကင်းမှ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်။ ထို့ကြောင့် "လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမ ရူပ ပရိဂ္ဂဟော ဒိဋ္ဌိ ဝိသုဒ္ဓိနာမ" ဟူ၍၎င်း, "နာမရူပ ပရိစ္ဆေဒ ဒါဒိသု ဝိပ ဿနာဉာဏေသု၊ လ။ နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ"

ဟူ၍ရှင်း မိန့်အပ်၏၊ ထို့ကြောင့် **ဖြစ်ပျက်ဖြစ်ပျက်** နေသည် ဟူ၍ သဘောပေါက်အောင် သိခြင်းသည် လိုရင်းပဓာနဖြစ်သည်။

**ဖြစ်ပျက်ဖြစ်ပျက်** နေသည် ဟူ၍ သဘော ပေါက်အောင် သိမှသာလျှင် နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်သည်။ **ဖြစ်ပျက်ဖြစ်ပျက်** နေသည် ဟူ၍ သဘောပေါက်မှသာလျှင် (အနိစ္စ,ဒုက္ခ,အနတ္တ) လက္ခဏာသုံးပါးကို သိမြင်နိုင်သည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မြဲသည်ဟု ဆိုမည်လား။စဉ်းစားကြည့်ပါ။ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို မြဲသည်ဟု မဆိုနိုင်၊ **မဖြစ်** ကိုမှ မြဲသည်ဟု ဆိုသည်။ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ငြိမ်းအေးချမ်းသာဟု ဆိုမည်လား၊ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ငြိမ်းအေး ချမ်းသာဟု မဆိုနိုင်၊ **မဖြစ်** ကိုမှ ငြိမ်းအေးချမ်းသာဟု ဆိုသည်။

ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို အခဲ အလုံး အဖြုံး အမှုန့် စသည် မဟုတ်သောကြောင့် ယူဆောင်လို့မရ အနတ္တ၊ **မဖြစ်** နိဗ္ဗာန်ကိုလည်း အခဲအလုံး စသည်ဖြင့် မဆိုရ အနတ္တ။ ထို့ကြောင့်-

**ဖြစ်** အနိစ္စ။ **ပျက်** အနိစ္စ ဟူ၍ အနိစ္စ ၂-မျိုး။

**ဖြစ်** ဒုက္ခ။ **ပျက်** ဒုက္ခ ဟူ၍ ဒုက္ခ ၂-မျိုး။

**ဖြစ်** အနတ္တ။ **ပျက်** အနတ္တ **မဖြစ်** အနတ္တ ဟူ၍ အနတ္တ ၃-မျိုး မှတ်ရာ၏။

ဖြစ်ခြင်းပျက်ခြင်းကိုပင်လျှင် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဟု ဆိုသည်၊ ဖြစ်ခြင်းပျက်ခြင်းရှိသော ရုပ်နာမ်တရားကို အနိစ္စ-ဒုက္ခ-အနတ္တ-ဟုဆိုသည်၊ ဖြစ်ခြင်းပျက်ခြင်းကို လက္ခဏာဟုဆိုသည်။

ဖြစ်ပျက်ဖြစ်ပျက်နေ၍ မမြဲပါတကားဟု ဆင်ခြင်လျှင် အနိစ္စလက္ခဏာထင်သည်။

ဖြစ်ပျက် ဖြစ်ပျက်နေ၍ အေးငြိမ်း ချမ်းသာ မဲ့ပါတကားဟု ဆင်ခြင်လျှင် ဒုက္ခလက္ခဏာထင်သည်။

ဖြစ်ပျက်ဖြင်ပျက်နေ၍ အခဲအလုံး စသည် မဟုတ်သောကြောင့် ယူ၍မရပါတကား ဟု ဆင်ခြင်လျှင် အနတ္တလက္ခဏာထင်သည်။

ထို့ကြောင့် ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟု ကြည့်ရှု ဆင်ခြင်လျှင် လက္ခဏာသုံးပါးအလိုလိုထင်၍ လာလေသည်၊ ဖြစ်ပျက်ဖြစ်ပျက် နေသည် ကို မထင်မြင်ဘဲ လက္ခဏာရေးသုံးပါး မထင်မြင်နိုင်၊ ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟုထင်မြင်မှသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိဖြစ်သည်။

ဖြစ်ပျက်ဉာဏ် အမြင်သန်မှသာလျှင် ဘင်္ဂဉာဏ် ဘယဉာဏ် အစ ရှိသော ပဋိပဒါအကျင့်၏ စင်ကြယ်ခြင်းဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်မှ အနုလောမဉာဏ်သို့ တက်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်နိုင် သော အရိယာ၏အဖြစ်သို့ ရောက်နိုင်သည်။ အသခ်တခေတ် နိရောဓသစ္စာ ကို ထိုးထွင်းသိမြင်၍ သောတာပန်အဖြစ်သို့ ပေါက်ရောက်တည်နေနိုင်လေ သည်။

ထို့ကြောင့် ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ထင်မြင်အောင် ဆင်ခြင် ကြည့်ရှုခြင်းသည် ယခုပစ္စက္ခဘဝ၌ပင် သောတာပန်ဖြစ်အောင် လုပ်ထုံး လုပ်နည်း အစစ်ဖြစ်သည်။

## လိုအပ်သောပါရမီခေတ်ခံ ဉာဏ်ပညာ

"ပုဗ္ဗဗုဒ္ဓေသု ကတာ ဓိကာရော" စသည်ဖြင့်၎င်း "သစေဟိ သော ဝုဗ္ဗေ မဒ္ဒိတ သင်္ခါရောဟောတိ၊ ဘာဝိတ ဘာဝနော" စသည်ဖြင့်၎င်း" အပဒါန်အဋ္ဌကထာ၊ ဝိနည်းမဟာဝါ အဋ္ဌကထာ ပဋ္ဌာန်အဋ္ဌကထာ၌ ယုတ္တိ သာဓကလာရှိသောကြောင့် ရှေးရှေးက ပွင့်တော်မူသော မြတ်စွာဘုရား တို့၏ သာသနာတော်၌ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ် ခဲ့ဘူး သော ပါရမီခေတ်ခံရင့်သန်သော ဉာဏ်ပညာရှိသူမှသာလျှင် ယခုဘဝ၌ မဂ်-ဖိုလ်ကို ရနိုင်သည်။

## အရှင်ဒဗ္ဗထေရ်

အရှင် ဒဗ္ဗထေရ်သည် ကဿပ မြတ်စွာဘုရား၏ သာသနာတော် ကွယ်လုနီး၌ သံဃေဂဖြစ်၍ ရဟန်းခုနစ်ပါးနှင့်အတူတကွ တောင်ပေါ်သို့ တက်ပြီး၍ တရားကို အားထုတ်ရာ တပါးသာလျှင် ရဟန္တာ ဖြစ်သည်။ တပါးကား အနာဂါမ်တည်သည်။ ကျန်ငါးပါးတို့သည်ကား တရားကို အားထုတ်ရင်း သေဆုံး၍ ဂေါတမ မြတ်စွာဘုရား လက်ထက် ရောက်မှ

ရဟန္တာဖြစ်ကြကုန်၏။အရှင်ဒဗ္ဗမှာ ခုနစ်နှစ်သားအရွယ်က အလွယ် တကူနှင့် ရဟန္တာ ဖြစ်သည်။

## မဟာသိဝထေရ်

ပိဋကတ် သုံးပုံကို နှုတ်ငုံဆောင်၍ စာချသဖြင့် တပည့်ပေါင်း သုံးသောင်း ရဟန္တာ ဖြစ်သော်လည်း ပုထုဇ္ဇန် ဖြစ်လျက်နေသော မဟာသိဝထေရ်သည် သုံးရက်မျှနှင့် ရဟန္တာဖြစ်စေမည်ဟု ကြံ၍ အားထုတ်ရာ သုံးလနှင့်လည်းမဖြစ် သုံးနှစ်ရှိ၍လည်း မဖြစ် စိတ်တော်ညစ်လှ၍ ပဝါရဏာပြုသောနေ့သို့ရောက်တိုင်း "ဝိသုဒ္ဓိပဝါရဏာ မပြုရလေခြင်း" ဟူ၍ မျက်ရေကျတော်မူရရှာ၏။

ပဝါရဏာ ပြုသောနေ့တိုင်း မျက်ရေကျလျက် နှစ်ပေါင်းသုံးဆယ်ရှိသောအခါ ငါသည် ယခုဆဝဲ၌ မဂ်-ဖိုလ် ရထိုက်သူ မဟုတ် နှုတ်ရဆောင်နိုင်ရုံမျှရှိသော ပဒပရမ ပုဂ္ဂိုလ်ဖြစ်၍နေပြီတကားဟု နှလုံး မသာယာခြင်း ဒေါမနဿဖြစ်၍ မျက်လုံးတော်မှ မျက်ရေတွေကျဆင်းအောင် ငိုကြွေးခြင်းကို ပြုတော်မူရရှာ၏။

ထိုသို့ ငိုကြွေးလျက် နေသည်ကို မနီးမဝေး၌ ရှိသော နတ်သမီး တယောက်သည် ငိုကြွေးလျက် ကိုယ်တိုင် ပြသည်ကို မြင်လျှင် အသင်အဘယ်သူနည်းဟုမေး၍ နတ်သမီးဖြစ်ပါကြောင်းနှင့် လျှောက်ကြားရာ၊ အဘယ့်ကြောင့် ငိုသနည်းဟုမေးလျှင် ငိုကြွေးလို့ မဂ်-ဖိုလ်ကို ရပါလျှင် တပည့်တော်မလည်း မဂ်-ဖိုလ်ရအောင် ငိုကြွေးလိုလှပါသည် ဘုရားဟု လျှောက်ကြားသောအခါ၊မဟာသိဝထေရ်ကြီးသည် "အချင်း မဟာသိဝ နတ်သမီးကပင်လျှင် ကြည်ဆယ်ပြောင်လှောင်ခြင်းကိုပြု၏၊ ဤသို့မျက်ရေကျ၍နေခြင်းငှါ သင့်လျော်မည်လား"ဟု မိမိကိုယ်ကိုဆုံးမ၍ ဝိပဿနာကို တိုး၍ရှုသောအခါ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်တော်မူ၏။

မဟာသိဝထေရ်ကြီးသည် အိပ်ခြင်းမရှိဘဲ နှစ်ပေါင်း သုံးဆယ်ကြာအောင် ခြေဆေးခြင်းကိုမျှမပြုဘဲ တရားကိုအားထုတ်၍ ရဟန္တာဖြစ်သောနေ့၌ စိတ်ချလက်ချအေးမြချမ်းသာ အိပ်တော့အံ့ဟု ထောင်၍ထားသော ညောင်စောင်း ကုတင်ကို ပြင်ဆင်ပြီး ခြေဆေးအံ့ဟု ရေချိုးဆိပ်၌ ထိုင်သောအခါ ရဟန္တာ တပည့်ပေါင်း သုံးသောင်းတို့ ရောက်လာ၍ တပည့်တော်များက ခြေဆေး၍ ပေးပါမည်ဟု လျှောက်ကြကုန်၏။

သိကြားမင်းသည်လည်း အသူရကညာ သုဇာတာကို ရှေ့ထား၍ "မာတုဂါမ လာပါသည် ဖယ်ပေးတော်မူကြပါဘုရား"ဟု ဆို၍ မဟာသိဝထေရ်၏ ခြေရင်း၌ ထိုင်၍ ရှိခိုးလျက် ခြေတော်ကို ဆေးပါအံ့ဟု လျှောက်လျှင်၊ သင်သိကြားနတ်တို့သည် လူ၏အနံ့ကို ယူဇနာတရာကျော်က နံစေ၏၊ ငါ၏ခြေကို ငါဆေးအံ့ဟုဆိုလျှင် အရှင်ဘုရား၏ သီလတော်အနံ့သည် နတ်ပြည်ခြောက်ထပ်ကိုကျော်၍ ဘဝဂ်တိုင်အောင် မွှေးကြိုင်ပါသည်ဘုရားဟု ခြေမျက်စိကို လက်ဝဲလက်ဖြင့်ကိုင်၍ လကျာလက်ဖြင့် ခြေဘဝါးအပြင်ကို ပွတ်တိုက် သုံးသပ်သောအခါ သူငယ်၏ ခြေဘဝါးကဲ့သို့ ဖြစ်သွားကြောင်း သုတ်မဟာဝါ အဋ္ဌကထာ-သက္ကပဥှာ သုတ်အဖွင့်၌ အကျယ်ကို ကြည့်ရှုရာ၏။

## ဖုဿရေဝထေရ်

ဖုဿာရေဝထေရ်သည်လည်း ပဝါရဏာ ပြုတိုင်း မျက်ရေကျ၍ နှစ်ပေါင်းနှစ်ဆယ်ကြာမှ ရဟန္တာဖြစ်၏။ မူလပဏ္ဏာသ အဋ္ဌကထာ စူဠဝေဒလ္လ သုတ်၌ရှုရာ၏။

## အရိယာပုဂ္ဂိုလ်တို့၏ အသွင်အပြင် အမူအရာကို မြင်ရုံနှင့် မသိနိုင်

ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးကလေး တယောက်သည် ငယ်ရွယ်စဉ်အခါက-မြတ်စွာဘုရား-၏ တရားတော်ကိုနာ၍ သောတာပန် တည်ပြီးနောက် အရွယ်ရောက်၍အပျိုပေါက်ဖြစ်သောအခါ ဘုံခုနစ်ဆင့်ပြာသာဒ်ဝယ် အထက်ဆုံးအထပ်၌ အသရေရှိသောတိုက်ခမ်းတွင် အလုပ်အကျွေးကျွန်မတယောက်နှင့် အမိ အဘ သူဌေးကြီးတို့က မွေ့မြူထားရာ တနေ့သ၌ ညနေချမ်းအခါဝယ် လေသာပြူတင်းကိုဖွင့်၍ လမ်းဘက်သို့ ကြည့်ရှုလျှင် သမင်, ဒရယ်, ဂျီငယ် စိုင်, ဆတ်တို့ကို သတ်ဖြတ်၍ ရောင်းချ စားသောက် အသက်မွေးသော ကုက္ကုဋမိတ္တ အမည်ရသော တောမုဆိုးကြီး လှည်းတစီးနှင့် အမဲရောင်း လာသည်ကို မြင်လျှင် ချစ်ခင်စိတ်ရှိသောကြောင့် သောတာပန်တည်ပြီး သူဌေးသမီး ကလေးသည် အမိ အဘတို့ မသိရအောင် ထိုမုဆိုးကြီး နောက်သို့ လိုက်ပြေး၍ သားခုနစ်ယောက်

မွေးသည့်တိုင်အောင် လင်ဖြစ်သောမုဆိုးကြီး တောသို့သွားလျှင် လေးမြား လက်နက်တို့ကို ယူ၍ပေးရ၏။

"သောတာပန်ဖြစ်သော်လည်း ပါဏာတိပါတကံ ပြုသေး၏"ဟူ၍ ပုထုဇ္ဇန်ရဟန်းတို့က ပြောဆိုကြရာ အကုသိုလ်စေတနာဖြင့် သတ်စေလို သောစိတ် မရှိသောကြောင့် ပါဏာတိပါတ မဖြစ်ကြောင်းကို၊ မြတ်စွာ ဘုရားကိုယ်တော်တိုင် သက်သေခံ၍ ဟောတော်မူ၏။

ယခုကာလ လူအပေါင်းတို့ ဤသူဌေးသမီးကလေးကို တွေ့ကြွားအံ့။ သူဌေးသမီးဖြစ်ပါလျက် သားသတ်မုဆိုး အယုတ်မျိုး၏ နောက်သို့ အမိ-အဘမသိစေဘဲ တိတ်တိတ်ပုံး လိုက်ပြေးသည်မှာ ရူးလို့မိုက်လို့ လိုက်ပြေး သည်ဟူ၍ ကဲ့ရဲ့ပြစ်တင် ပြောဆိုကြမည် မဟုတ်ပါလော၊ သားသတ်မုဆိုး အယုတ်မျိုးနောက်သို့ တိတ်တိတ်ပုံး လိုက်ပြေးသော ထိုမိန်းကလေး၏ အသွင်အပြင်သည် သောတာပန်နှင့်တူပါ၏လော။

ထိုသောတာပန်မိန်းကလေး၏ အမိ-အဘ သူဌေးကြီးတို့မှာကား ငါတို့သမီးကလေးသည် ချောသည်, လှသည်, လိမ်မာယဉ်ကျေးသည်ဟူ၍ အရိပ် တကြည့်ကြည့်နှင့် အလှကြည့်ရန် လက်သပ် မွေးထားသော သမီး ချောကလေးတယောက် ပျောက်မှန်းမသိ ပျောက်သောကြောင့် နောက် ကျသော စိတ်နှလုံးဖြင့် ယူကြုံးမရ သောကလှိုက်ဖို ရှိုက်ခါငို၍ ဟိုအိမ် သည်အိမ် အချိန်မရွေး လျှောက်ခါမေး၍ ရွာဝေးရပ်နေ ဆွေမျိုးအားလုံး စုကာရုံးပြီး အုံးအုံးကြွက်ကြွက် ဆူလှိုပ်ခတ်အောင် နေ့ရက်ရှည်ကြာ လိုက် ၍ရှာသော်လည်း ခြေရာကိုမျှမတွေ့ သတင်းစကား ကိုမျှလည်း မကြားရ သေဆုံးပြီထင်မှတ်ခါ စိတ်ချ၍ မတကာဘတ်ဆွမ်းသွတ်ပြီးလျှင် လွမ်းဆွေးတ လျက် နေကြရရှာကုန်၏။

ဓမ္မပဒပါဠိတော်-ပါပဝဂ်-ကုက္ကုဋမိတ္တ နေသာဒဝတ္ထု။ ။(ပါဏိမှိစေ ဝဏောနဿ) အစရှိသော ဂါထာအဖွင့် ဓမ္မပဒအဋ္ဌကထာ ဒုတိယဘွဲ့ ၂၃- နံပါတ်၌ အကျယ်ဝတ္ထုစကားကို ကြည့်ရှုကြကုန်ရာ၏။

ထိုမိန်းကလေး တိတ်တိတ်ပုံး လိုက်ပြေး၍ ကလေးတို့၏အမူအရာ ကြောင့် သောတာပန်မှန်း မသိလျှင် ရှိစေဦးတော့၊ ရေမြောင်းကိုတွေ့ လျှင် မျောက်ကဲ့သို့ ခုန်လွှားသော အရှင်သာရိပုတ္တရာ၊ ငေါက်ခါငန်းခါ

နားမချမ်းသာအောင် နူတ်လျှာ ကြမ်းသောကြောင့် ဒေါသကြီးသည်ဟု အဆိုခံရသော အရှင် ပိလိန္ဒဝစ္ဆထေရ်တို့ကိုလည်း ရဟန္တာဟူ၍မသိကြ။ စိတ်ကရဟန္တာ ကိုယ်အမူအရာကား ပကတိလူမျှားနှင့်မခြားလှ၊ ကိလေသာသတ္တိဖြစ်သော ဝါသနာ အလေ့အထကို သဗ္ဗညု ဘုရားမှ သာလျှင်ပယ်နိုင်သည်။ သာဝကတို့မှာ ကိလေသာမရှိသော်လည်း ဝါသနာအလေ့ရှိ၍ ရဟန္တာမှန်းသိခဲ၏။

## မဟာနာမ်

သကဒါဂါမိတည်ပြီးမှ မဟာနာမ် မင်းကြီးသည် မိမိသဏ္ဌာန်၌ လောဘအာရုံ ကာမဂုဏ်စိတ် ကုန်ခန်းပြီထင်၍နေရာ အာရုံတွေ့၍ ကာမဂုဏ်စိတ်ပေါ်လာမှ လောဘဖြစ်ကြောင်းကို သိကာ မြတ်စွာဘုရားထံလာပြီးလျှင် တရားနာရသေး၏။ မြတ်စွာဘုရားက ကာမဂုဏ်၏ အပြစ်တရားကို ဟောကြားတော်မူလိုက်၏။ ဤမဟာနာမ် မင်းကြီးသည် ပစ္စဝေက္ခဏာ မဆင်ခြင်သောကြောင့် ဤသို့ရောင်ဝါးဝါးနေကြောင်းကို မူလပဏ္ဏာသ အဋ္ဌကထာ-စူဠဒုက္ခက္ခန္ဓသုတ် အဖွင့်၌ဆိုသည်။

အရိယာ သကဒါဂါမိ ဖြစ်သော်လည်း အဘိဓမ္မာ ဉာဏ်နဲသောကြောင့် မိမိစိတ်ကိုပင် ကုန်စင်အောင်မသိဘဲ ရောင်ဝါးဝါး နေသေး၏။ သူတပါး၏ စိတ်ကို (အရိယာ ဖြစ်-မဖြစ်) အဘယ်မှာ သိနိုင်မည်နည်း။ စေတောပရိယာယ အဘိညာဉ်ရ ရဟန္တာမှသိနိုင်မည်။

ရဟန်းများမှာ မိမိတို့ရရှိသောအရိယာဂုဏ်ကို လူတို့အားမပြောရ၊ တန်ခိုးမပြရ၊ သိက္ခာပုဒ် ပညတ်ချက်ရှိသည်။ အရိယာ ပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိသော အရိယာဂုဏ်ကို ထုတ်ဘော်ပြောဆိုခဲ၏။

မဟာဖုဿရေဝ ထေရ်သည် ဖြစ်ပျက် ကမ္မဋ္ဌာန်းကို အားထုတ်၍ နှစ်ပေါင်း နှစ်ဆယ်ရှိမှ ရဟန္တာဖြစ်သောနေ့ - ည အခါ၌ မထေရ်မြတ် စင်္ကြံသွားသောအခါ စင်္ကြံ၌ စောင့်သောနတ်သားသည် လက်ချောင်းတို့ဖြင့် မီးရောင်ကိုထွန်းလင်းစေလျက် ရပ်၍ပူဇော်၏။ ထိုအရောင်ကိုမြင်လျှင် တောကျောင်းနေ မဟာတိဿထေရ် ရောက်လာ၍ ညဥ့်အခါ၌ ငါ့ရှင်၏ အထံမှ အရောင်ကိုမြင်ရ၏။ အဘယ်အရောင်နည်းဟု မေးသောအခါ မဟာ

ဖုဿရေဝထေရ်က အရောင်တို့မည်သည် ဆီမီးရောင်လည်း ဖြစ်တတ်၏။ ပတ္တမြားရောင်လည်း ဖြစ်တတ်၏ဟူ၍ စကားဝိကွေ့ပပြုသောအခါ ငါ့ရှင်တို့သည် ဖုံးလွှမ်းကြကုန်၏ဟု ဆို၏။

## ရဟန္တာမှန်းမသိ

စိတ္တလ ပဗ္ဗတ တောင်၌ နေတော်မူသော ရဟန္တာတပါး၏တပည့် ဒုလုပ် အကျွေး ဖြစ်သော (ဝုဍ္ဍပဗ္ဗဇိ) တောထွက် ရဟန်းကြီးသည် ဆရာဖြစ်သော ရဟန္တာအရှင်မြတ်နှင့် အတူတကွ ဆွမ်းခံရာမှ ပြန်လာရာ ဆရာမထေရ်မြတ်၏ သပိတ် သင်္ကန်း တို့ကို လွယ်ယူ၍ နောက်မှ လိုက်လျက် "အရိယာတို့မည်သည် အဘယ်ကဲ့သို့ နေပါသနည်း အရှင်ဘုရား" ဟု မေးလျှောက်သောအခါ "ဤလောက၌ အချို့သောအသက်ကြီးအိုတို့သည် အရိယာ၏ သပိတ်သင်္ကန်းကို လွယ်ယူ၍ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်လျက် အတူ တကွ သွားလာ၍ နေသော်လည်း အ ရိ ယာ ဟူ၍ မသိနိုင်၊ ထိုကြောင့် အရိယာတို့ကို သိခြင်းငှါ ခဲယဉ်း၏" ဟူ၍ မိန့်တော်မူလိုက်၏။ဤသို့မိန့်သော်လည်း ရဟန္တာမှန်းမသိ။ ။**ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ-မူလပဏ္ဏာသ အဋ္ဌကထာ။**

## အရိယာတို့၏ ပညာမြင်

သောတာပန် အရိယာပုဂ္ဂိုလ်တို့သည် ပရမတ် ရုပ်နာမ် သဘောကို အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေး သုံးပါးတို့ဖြင့်၎င်း၊ **ဖြစ်ပျက်** အားဖြင့်၎င်း မည်မျှလောက် ပညာမြင်အသိဉာဏ် ရင့်သန်၍ ဓာတ်အမြင် စင်ကြယ်နေပုံကား .... အဆင်း အသံ အနံ့ အရသာ အသိ ဤရုပ်တရားတို့သည် အခဲအလုံး အဖြူးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား စသည်မဟုတ်။ **ဖြစ်ပျက်ဖြစ်ပျက်** နေသည်ဟူ၍ သောတာပန်၏ ဉာဏ်အမြင်သည် စင်ကြယ်၍နေ၏။

**ဖြစ်ပျက် ဖြစ်ပျက်** နေသည်ဟူ၍ ဉာဏ်အမြင် စင်ကြယ်သောကြောင့်သာလျှင် အလုံးအခဲ စသည် မှတ်ထင်သော အတ္တ သညာလည်း ပျောက်ကင်းလေသည်။ ဖြစ်ပျက်မရှိ ပကတိအတိုင်း နေသည်ဟုမှတ်ထင်

သော နိစ္စသညာလည်း ကင်းပျောက်လေသည်၊ အခဲ အလုံး စသည်ဖြင့် မှတ်ထင်ခြင်းသည် အတ္တသညာ ဖြစ်၏။ ဖြစ်ပျက် ဖြစ်ပျက်မနေ ပကတိ အတိုင်းနေသည်ဟု မှတ်ထင်ခြင်းသည် နိစ္စသညာဖြစ်၏။

ဤအတ္တသညာနှင့်နိစ္စသညာသည် သောတာပန်ပုဂ္ဂိုလ်၌ ပျောက် ကင်းသည်။ အတ္တသညာနှင့် နိစ္စသညာ ပျောက်ကင်းသော်လည်း သုခ သညာ,သုဘသညာတို့ကား မပျောက်ကင်းသေးချေ။ သုခသညာ မကင်း သောကြောင့် ဖြစ်ပျက်ဖြစ်ပျက်နေသည်ကိုပင်လျှင် **ကောင်း၏** ဟု မှတ် ထင်သည်။သုဘသညာမကင်း၍ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကိုပင် **လှသည်** ဟု မှတ်ထင်သော သုဘသညာ ဖြစ်သည်။

**ကောင်းသည်** ဟု မှတ်ထင်သောကြောင့် **အကောင်းကြိုက်** စိတ်မျိုး၊ ကောင်းချင်တဲ့ စိတ်မျိုး ဖြစ်ပေါ် လာသည်။ **လှသည်** ဟု မှတ် ထင်သောကြောင့် **အလှကြိုက်** စိတ်မျိုး, **လှချင်တဲ့စိတ်မျိုး** ဖြစ်ပေါ် လာသည်။

ကြမ်း-ချော-ခ-ခံ-ထိ။ တောင့်-တင်း-တွန်း-တိုး-ထိ။ ပူ-အေး-နွေး လော-ထိ။ ဤအထိရုပ်သုံးမျိုးတို့သည် အခဲအလုံးစသည် မဟုတ်၊ ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု ဉာဏ်အမြင် စင်ကြယ်၍နေ၏။ စင်ကြယ်၍ နေသော် လည်း အထိရုပ် ဖြစ်ပျက် ဖြစ်ပျက် နေသည်ကိုပင်လျှင် **ကောင်းသည်** ဟု မှတ်ထင်သည်။ သုခသညာ မကင်းသေး၊ ကောင်းသည်ဟု မှတ်ထင် သောကြောင့် ထိချင်သည်။ ထိချင်သောကြောင့် စွဲလန်းသည်။စွဲလန်းခြင်း အားကြီး၍ တားဆီး၍ မရသောကြောင့် လိုက်ပြေးသည်။ လိုက်ပြေးပြီး၍ ထိအောင် ပြုလုပ်သည်။ ထိအောင်ပြုလုပ်၍ ထိသည်။(အထိရုပ် ဖြစ်ပျက် ဖြစ်ပျက်နေသည်။) ဖြစ်ပျက်ဖြစ်ပျက် နေသော အထိ ရုပ်ကို အာရုံပြု၍ **အကောင်း** သုခဝေဒနာ ဖြစ်ပျက်ဖြစ်ပျက်နေသည်။ သုခဝေဒနာ ဖြစ် ပျက်ဖြစ်ပျက်နေသည်ကိုပင်လျှင် **အကောင်း** ထင်သည်။ သောတာပန် မှာ သုခသညာ မကင်း သေး၍ **အကောင်း** ထင် သော် လည်း ထို **အကောင်း** သုခဝေဒနာသည် ပကတိအမြဲ တည်နေသည် ဟူ၍လည်း မှတ်ထင်ခြင်းမရှိ။ နိစ္စသညာနှင့်အတ္တသညာ ပယ်ကွာလွတ်ကင်း သန့်ရှင်း စင်ကြယ်၍နေသည်။

နိစ္စသညာ, အတ္တသညာ, သုခသညာ, သုဘသညာ ဤလေးမျိုးတို့တွင် **ဖြစ်ပျက်အစဉ်** ကိုမြင်ပြီး သောတာပန်ပုဂ္ဂိုလ်သည် နိစ္စသညာနှင့် အတ္တသညာကင်းစင်၍နေသည်၊ သုခသညာနှင့် သုဘသညာကား မကင်းစင်သေး။

## အစွဲ သုံး–မျိုး

တဏှာအစွဲ, မာနအစွဲ, ဒိဋ္ဌိအစွဲ ဤအစွဲသုံးမျိုးတို့တွင် **ဖြစ်ပျက်အစဉ်** ကို မြင်ပြီး သောတာပန် ပုဂ္ဂိုလ်သည် ဖြစ်ပျက်ဖြစ်ပျက် နေသော ရုပ်နာမ်ကို အခဲအလုံးစသည်ဖြင့် မှတ်ထင်ခြင်း မရှိသောကြောင့် ဒိဋ္ဌိအစွဲ ကင်းစင်၍နေသည်။ ဒိဋ္ဌိအစွဲ ကင်းစင်၍နေသော်လည်း ငါ၏စိတ်, ငါ၏ ရုပ် ဟူ၍စွဲလန်းခြင်း တဏှာအစွဲလည်းမကင်းသေး။ "ငါ" ဟူ၍မှတ်ထင်ခြင်း မာနအစွဲလည်း မကင်းသေး။ **ငါ၏ကိုယ်** ဟူ၍ မှတ်ထင်သော ဒိဋ္ဌိအစွဲကိုကား မစွဲလန်းတော့ပြီ။ အခဲအလုံး စသည်ဖြင့် မှတ်ထင်မှသာလျှင် **ကိုယ်** ဟူသော မှတ်ထင်ခြင်းဖြစ်သည်။

**"ငါ"** ဟူ၍စွဲလန်းသော သောတာပန်ပုဂ္ဂိုလ်အား ဘယ်သင်းကို **"ငါ"**ခေါ်သလဲဟုမေးသည်ရှိသော် ဘယ်သင်းကို**"ငါ"** ခေါ်သည် ဟု ပြောစရာလည်းမရှိ **"ငါ"** ကိုရှာ၍မတွေ့။**"ငါ"** ကို ရှာ၍မတွေ့ သောကြောင့် ဘယ်သင်းကို **"ငါ"** ခေါ်သည်ဟုပြောစရာမရှိဘဲနှင့်ပင် လျှင် **"ငါ"** ဟူသောအထင်မပျောက်ကင်းဘဲနေသည်။ စိတ်သည် ဖြစ်ပျက်ဖြစ်ပျက်နေသောကြောင့် **"ငါ"**မဟုတ်ဟူ၍သိ၏။ရုပ်သည်ဖြစ်ပျက်ဖြစ်ပျက်နေသောကြောင့် **"ငါ"**မဟုတ်ဟူ၍သိ၏။ဖြစ်၍ပျက်သွားသော စိတ်သည် ပြန်လာ၍ဖြစ်သည်မဟုတ်။ ဖြစ်၍ပျက်သွားသော ရုပ်သည် ပြန်လာ၍ဖြစ်သည်မဟုတ်။ ဤရုပ်နှင့်နာမ်သည် ဖြစ်၍ပျက်သွားပြီးနောက်ပြန်လာ၍မဖြစ်သောကြောင့် **"ငါ"** မဟုတ်ဟူ၍သိ၏။**"ငါ"**မဟုတ်ဟူ၍ သိသော်လည်း သိလျက်နှင့်ပင် **"ငါ"** ဟူသော အထင် မပျောက် သေးဘဲနေသည်၊ မျက်စိလယ်သောသူကဲ့သို့ သိလျက်နှင့်အထင်မပျောက်။

အဘယ့်ကြောင့်မပျောက်သနည်း?။

သောတာပန်၏ဖြစ်ပျက်မြင်သော ပညာမြန်သည် ရဟန္တာ၏ဖြစ်ပျက်မြင်သော ပညာမြန်လောက် မ ့ကြောင့် ကြောင့်တည်း။

ရဟန္တာ၏ပညာမြန်လောက် ရင့်သန်မည်ကား ဝေးလေစွ၊အနာဂါမ် သကဒါဂါမ်တို့၏ပညာမြန်လောက်လည်း မရင့်သန်သေးဖြစ်သည်။ ကလျာဏပုထုဇ္ဇန် ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့၏ ဖြစ်ပျက်ကိုမြင်သော ပညာမြန်ထက် သာလွန်၍ ရင့်သန်သောကြောင့်သာလျှင် အခဲအလုံး စသည် မှတ်ထင်ခြင်း ကင်းစင်၍ သောတာပန်၏ ပညာမြန် အသိဉာဏ်ဓာတ် အမြင်စင်ကြယ်၍ နေလေသည်။

ထိုသောတာပန် ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုရလိုလျှင်ပညာမြန်တိုး၍ ရင့်သန်အောင် **ဖြစ်ပျက်** ကိုပင်လျှင် ဆင်ခြင်၍ ဝိပဿနာရှုရသည်။ အနာဂါမိဖိုလ်ကို ရလိုသော သကဒါဂါမ်သည်လည်း **ဖြစ်ပျက်** ကိုပင်လျှင် ဆင်ခြင်၍ ဝိပဿနာရှုရသည်။ ရဟန္တာ ဖြစ်လိုသော အနာဂါမ်သည်လည်း ပညာမြန်တိုး၍ ရင့်သန်အောင် **ဖြစ်ပျက်** ကိုပင်လျှင် ဆင်ခြင်၍ ဝိပဿနာရှုရသည်။ ရဟန္တာ ဖြစ်ပြီးနောက် **ဖြစ်ပျက်** ကို ဆင်ခြင်၍ ဝိပဿနာရှုသော်လည်း မထူးတော့ပြီ။အဘယ့်ကြောင့်နည်း**?**။ လမ်းဆုံးပြီ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ...

"ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မ စရိယံ၊ ကတံ ကရဏီယံ

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ" ဟူ၍ ဟောတော်မူသည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်-ဝိပ္ပဿနာကထာ-၂၅၄။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ-မဟာဝဂ္ဂသံယုတ်ပါဠိတော်-မုဒုတရဝဂ်-၁၅၂။ ။ရင်းအဋ္ဌကထာ-၂၆၅။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်-၃၆၉။

ဝဏ္ဏော ဂန္ဓော ရသော သြဇာ၊ စတဿောပိစ ဓာတုယော

အဋ္ဌဓမ္မ သမောဓာနာ၊ ဟောတိ ကေသာတိ သမ္မုတိ။

တေသံ ယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ

"လောမာတိသမ္မုတိ၊ နခါတိသမ္မုတိ" စသည်ဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသ ပါအောင် "ကေသာဒိ" ဟူ၍ (အာဒိ) သဒ္ဒါဖြင့်လည်း ဆိုသင့်၏။

ဝဏ္ဏော၊အဆင်းရုပ်။ဂန္ဓော၊အနံ့ရုပ်။ရသော၊အရသာရုပ်။သြဇာ၊ သြဇရုပ်။စတဿောပိစဓာတုယော၊ရေ-မြေ-လေ-မီး-ဓာတ်ကြီးလေးပါးတို့

ငှင်း။ အဋ္ဌမမ္မသမောဓာနာ၊ ရှစ်မျိုးသော သဘာဝ တရားအပေါင်းတို့ **ဖြစ်ပျက် ဖြစ်ပျက်** အဆက်မပြတ် ထပ်ခါထပ်ခါ ဖြစ်သော **ဖြစ်ပျက်-အစဉ်** ရှိသောကြောင့်။ ကေသာတိသမ္မုတိ၊ ဆံပင်ဟူ၍ ခေါ်စရာသည်။ ဟောတိ၊ ရှိ၏။ တေသံယေဝ၊ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ မွှမွှကြွမျှ ပြောင်းလဲ ဖြစ်ပျက်နေသော ထိုသဘာဝ တရားတို့ကိုသာလျှင်။ ဝိနိဗ္ဘောဂေ၊ အမှုန့်မရ သဘာဝသက်သက် ဖြစ်ပျက် လက္ခဏာ ထင်ရှား လာအောင် စိတ်ဖြာ ခွဲဝေလိုက်သည်ရှိသော်။ ကေသာတိသမ္မုတိ၊ ဆံပင် ဟူ၍ခေါ်စရာသည်။နတ္ထိ၊ မရှိတော့ပြီ။ **ဖြစ်ပျက် ဖြစ်ပျက်** နေသော **ဖြစ်ပျက်-အစဉ်** သာ ရှိသည်ဟူလို။ ဖြစ်ပျက်-တခြား။ အစဉ်-တခြား ပိုင်းခြား၍ သိစေရန်ဟောသည်။ (ပါဠိတော်ကိုရှု။)

> သစ္စာနံ ဒွေလက္ခဏာနိ သင်္ခတလက္ခဏဉ္စ၊ အသင်္ခတ
> လက္ခဏဉ္စ၊ သင်္ခတာနံ သစ္စာနံ ဥပ္ပါဒေါ ပညာယတိ။
> ဝယော ပညာယတိ။ အသင်္ခတဿ သစ္စဿ န ဥပ္ပါဒေါ
> ပညာယတိ။ န ဝယော ပညာယတိ။ ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်-၂၇၉)

အလုံးစုံသော လောက၌ သင်္ခတတရား, အသင်္ခတတရား, နဝတ္တဗ္ဗ မမ္မာရုံ ပညတ်တရား ဤသုံးမျိုးသာလျှင်ရှိသည်။ ဤသုံးမျိုးမှတပါး တစုံ တခုမျှမရှိ။ သဘောမိစေ။

ထိုသုံးမျိုးတို့တွင် ဖြစ်ပျက် လက္ခဏာ ရှိသော သင်္ခတ တရားသည် **ဖြစ်ပျက် ဖြစ်ပျက်** သာလျှင် နေသည်။ အခဲ အလုံး အဖြုံး အမှုန့် (လ) ပုံသဏ္ဌာန်အမျိုးမျိုးမနေ ပုံသဏ္ဌာန်အမျိုးမျိုးမရှိ။

ဖြစ်ပျက် လက္ခဏာ မရှိသော အသင်္ခတ တရားသည် **ဖြစ်ပျက် ဖြစ်ပျက်** လည်းမနေ။ အခဲအလုံး အဖြုံးအမှုန့် (လ) ပုံသဏ္ဌာန် အမျိုး မျိုးလည်းမနေ။ **(မဖြစ်-အေး၊ မဖြစ်-ငြိမ်း)** အေး ငြိမ်း ၍ သာလျှင် နေသည်။

ဖြစ်လက္ခဏာလည်း မရှိ။ မဖြစ်-လက္ခဏာလည်းမရှိ။ သင်္ခတလည်း မဟုတ်။ အသင်္ခတလည်း မဟုတ်သော နဝတ္တဗ္ဗမမ္မာရုံ ပညတ်တရားသည်

**ဖြစ်ပျက်ဖြစ်ပျက်** လည်းမနေ(**မဖြစ်-အေး၊ မဖြစ်-ငြိမ်း**)အေးငြိမ်း၍ လည်းမနေ။ အခဲ အလုံး အဖြုံး အမှုန့်(လ)ပုံသဏ္ဌာန်အမျိုးမျိုး တည်နေသည်။

**ဖြစ်ပျက် ဖြစ်ပျက်** နေသော သင်္ခတတရား နှင့် **မဖြစ်-အေး၊ မဖြစ်-ငြိမ်း** အေးငြိမ်း၍ နေသော အသင်္ခတ တရားသည် ပရမတ္ထသစ္စာ မည်၏။ အခဲ အလုံး အဖြုံး အမှုန့်(လ)ပုံသဏ္ဌာန်အမျိုးမျိုး တည်နေသော နဝတ္တဗ္ဗမမှာရုံပညတ်တရားသည် သမ္မုတိသစ္စာမည်၏။

အဆင်း အနံ့ အရသာ ဩဇာ အထိရုပ်သုံးမျိုး ဖွဲ့တွဲ-ကပ်စေး-ယိုစီး ရုပ်တချိုး ဤရှစ်မျိုးသောရုပ်တရားတို့သည် သဘောတမျိုးစီရှိသော်လည်း တခု တခြားစီ ခွဲ၍မဖြစ်နိုင်။ အချင်းချင်းမှီ၍ သဘော ရှစ်မျိုး တပေါင်း တည်း တပြိုင်နက်ဖြစ်သည်ကို **ကလာပ** ဟူ၍ဆိုသည်။ ။(အဋ္ဌကလာပ် ရုပ်)ဟူလို။

**ကလာပ** ဟူ၍ခေါ်သော ရုပ်အပေါင်းသည် သင်္ခတတရားဖြစ်၍ (ဖြစ်ပျက်ဖြစ်ပျက်)သာလျှင်နေသည်။ အခဲ အလုံး အဖြုံး အမှုန့် (လ) ပုံသဏ္ဌာန်အမျိုးမျိုးမရှိ။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ထင်ရှားစွာ သိမြင်နိုင်သော ဥဒယတ္ထ ဂါမိနီပညာနှင့်မပြည့်စုံသောကြောင့် **ကလာပ** ခေါ်သောရုပ်အပေါင်းတို့ **ဖြစ်ပျက်ဖြစ်ပျက်** နေသော **ဖြစ်ပျက်-အစဉ်** ကို ပရမာဏုမြူ အမှုန့်ဟူ၍ မှတ်ထင်သော **အတ္တသညာ** ဖြစ်လေသည်။ ဆံပင်ဟူ၍ မှတ်ထင်သော အတ္တသညာ(လ)ကျင်ငယ် အရည်ဟူ၍ မှတ်ထင်သော **အတ္တသညာ** ဖြစ်လေသည်။

မီးစကိုကိုင်၍ရမ်းသော် မီးကွင်းထင်၏။ မီးစသည် မီးကွင်းမဟုတ်၊ မီးကွင်းသည်လည်း မီးစ-မဟုတ်။ မီးစကို-မီးကွင်းမဆိုရ၊ မီးကွင်းကိုလည်း မီးစမဆိုရ၊ မီးစ-တခြား၊ မီးကွင်း-တခြား၊ မီးစနှင့်ကင်း၍လည်း မီးကွင်း ထင်စရာမရှိ၊ ကိုင်၍ရမ်းသော **မီးစ-အစဉ်** ကို မီးကွင်းမဟုတ်ဘဲ မီးကွင်း ထင်၍နေသည်။ ထိုမီးကွင်း ဥပမာ **ကလာပ** ရုပ် အပေါင်းတို့ **ဖြစ်ပျက်**

**ဖြစ်ပျက်** နေသော **ဖြစ်ပျက်-အစဉ်** ကို ဆံပင်ဟူ၍ ကျင်ငယ်အရည်ဟူ၍ ပရမာဏုမြူ အမှုန့်ဟူ၍ မှတ်ထင်လေသည်။

**ကလာပ** ရုပ်အပေါင်းတို့၏ **ဖြစ်ပျက်-အစဉ်** ဆိုရာ၌ **ဖြစ်ပျက်** တခြား၊ **အစဉ်** တခြား၊ **ဖြစ်ပျက်** သည် **အစဉ်**မဟုတ်၊ **အစဉ်** သည် လည်း **ဖြစ်ပျက်** မဟုတ်။ **ဖြစ်ပျက်** နှင့် ကင်း၍လည်း **အစဉ်** ဟု ဆိုစရာ မရှိ။

**ဖြစ်ပျက်** သည် သစ္စာပရမတ်၊ကလာပ်ရုပ် **အစဉ်** သည် နဝတ္တဗ္ဗ ဓမ္မာရုံ သန္တာန-သဏ္ဌာနပညတ် ဖြစ်သော ဆံပင်-ကျင်ငယ်အရည် ပရမာဏုမြူ-အမှုန့်။

အဋ္ဌကလာပ်ရုပ် တခြား၊ ပရမာဏုမြူ အမှုန့်တခြား ထင်ရှား၏။ အဋ္ဌကလာပ်ရုပ်ကို ပရမာဏုမြူ အမှုန့်ဟူ၍ မဆိုရ။ ပရမာဏုမြူအမှုန့်ကို လည်း အဋ္ဌကလာပ်ရုပ်ဟူ၍ မဆိုရ။ အဋ္ဌကလာပ်ရုပ်နှင့် ကင်း၍လည်း ပရမာဏုမြူ အမှုန့်ဟူ၍ ဆိုစရာမရှိ။

ဤသို့ ပြဆိုသည့် အတိုင်း **ကလာပ** ရုပ်အပေါင်းတို့ **ဖြစ်ပျက်** **ဖြစ်ပျက်** နေသော **ဖြစ်ပျက်-အစဉ်** ကို **ဖြစ်ပျက်** တခြား၊ **အစဉ်** တခြား ပိုင်းခြား၍ သိမြင်နိုင်သော ဥဒယဗ္ဗယဉာဏ်ပညာနှင့် ပြည့်စုံမှသာ လျှင် အရိယာသောတာပန်အဖြစ်သို့ရောက်နိုင်သည်။ ထို့ကြောင့် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးမှာ ဥဒယဗ္ဗယဉာဏ် အင်္ဂါနှင့်တကွ ၄ ပါး ဟူ၍ မှတ်ရာ၏။ *

---

* ဤနေရာ၌ သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄-ပါးကို စတုကအင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူပြီး ဖြစ်သည်။ ထိုအင်္ဂါ ၄-ပါးတွင် နောက်ဆုံး "ဓမ္မာနု ဓမ္မပဋိပတ္တိ"ဟူသောပုဒ်၌ ဥဒယဗ္ဗယဉာဏ်ပညာ ပါဝင်သွားပုံကို သုတ်မဟာဝါ အဋ္ဌကထာ,မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ ...

"ဓမ္မာနု ဓမ္မ ဋိပန္နောတိ နဝဝိဓဿ လောကုတ္တရဓမ္မဿ အနုဓမ္မံ ပုဗ္ဗဘာဂ ပဋိပဒံ ပဋိပန္နော"ဟူ၍၎င်း ...

"ပုဗ္ဗဘာဂ ပဋိပဒါတိစ သီလံ အာစာရ ပညတ္တိ ဓုတင်္ဂ သမာဒါန် ယာဝဂေါတြဘုတော သမ္မာပဋိပဒါ ဝေဒိတဗ္ဗာ"ဟူ၍၎င်း

# အနုမတဂ္ဂသုတ် တရားတော်

(၁) "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော"။ ။ပထမ ဝါကျ ဓမ္မဋ္ဌိဘဝါန်ဒေသနာဖြင့် **ဖြစ်ပျက်** ဓမ္မကို ဟောပြတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံသံသာရော၊ ဖြစ်ပျက်ဖြစ်ပျက် အဆက် မပြတ် မရပ်မစဲ ပြောင်းလဲဖြစ်ပျက်နေသော ဤသံသရာစက်သည်။ အနမ တဂ္ဂေါ၊ သိစရာရှေးအစ မရှိ။

(၂) "ပုဗ္ဗ ကောဋိ နပညာယတိ။ အဝိဇ္ဇာနီဝရဏာနံ(သတ္တာနံ) တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ"။ ။ဒုတိယ ဝါကျပုဂ္ဂလ ဓိဋ္ဌာန် ဒေသနာဖြင့် **ဖြစ်ပျက်** ဓမ္မကို ဟောပြတော်မူသည်။

(နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်-အနမတဂ္ဂသံယုတ်-၁၂၉)

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာနီဝရဏာနံ၊ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ထင်မြင်အောင် ဆင်ခြင် စဉ်းစားခြင်းမရှိ၍ မသိမမြင်ကြကုန် သောကြောင့်။ တဏှာသံယောဇနာနံ၊ ဖြစ်ပျက်ကို မမြင်သဖြင့် ဖြစ်ချင် သောတဏှာနှင့် ပေါင်းယှဉ်၍နေကြကုန်သောကြောင့်။ သန္ဓာဝတံ-သန္ဓာ ဝန္တာနံ၊ ထိုဤဘဝ ပြေးသွားရကုန်သော။ သံသရတံ-သံသရန္တာနံ၊ဖြစ်ချည် ပျက်ချည် သေချည် ရှင်ချည် အတည်မကျ ကျင်လည်ရကုန်သော။သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်း ရှေးအစ ရှေးဦးဆုံးဖြစ်သော ဘဝ သည်။ န ပညာယတိ၊ မထင်နိုင်။

---

သင်္ဂီတိသုတ် အဋ္ဌကထာ၌လည်း ...

"ဓမ္မာနု ဓမ္မပ္ပဋိပန္နောတိ လောကုတ္တရ ဓမ္မဿ အနုဓမ္မဘူတာ ပုဗ္ဗဘာဂပဋိပတ္တိယာ ပဋိပန္နံ"ဟူ၍ရင်း ...

ဋီကာ၌လည်း "ပုဗ္ဗဘာဂ ပဋိပတ္တိယာတိ ဝိပဿနာ နယောဂဿ" ဟူ၍ရင်း ဖော်ပြပါရှိပေရာ၊ ထိုဓမ္မာနုဓမ္မပ္ပဋိပတ္တိ အင်္ဂါအတွင်းသို့ ဥဒယဗ္ဗယဉာဏ် ပညာ ပါဝင်သွားပြီးဖြစ်သောကြောင့် ဤ၌ထည့်သွင်းရန်မလိုဟု ထင်ပါသည်။

ပဋ္ဌာန်းတွဲရပါဠိတော်တွင် ပဓာနိယအင်္ဂါ ငါးပါး သီးခြားဟောတော်မူထား ပြီးဖြစ်ရာ ဋ္ဌာနအားလျော်စွာ မှတ်ယူသင့်ပေသည်။

ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်၍ ဖြစ်ချင်ကြသောကြောင့် ဘဝအဆက်ဆက် **ဖြစ်ပျက်** ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့၏ ရှေးဦးဆုံးစ၍ဖြစ်သော ဘဝဟူ၍ မရှိဘူးဆိုလိုသည်။

**ဖြစ်ချင်၊ ဖြစ်။ မဖြစ်ချင်၊ မဖြစ်။ သစ္စာလေးပါးအစစ်။** ဤဆောင်ပုဒ်လင်္ကာကို သဘောပေါက်ပါလျှင် သံသရာစက် ရှေးအစ မရှိကြောင်းကို ထင်ရှားစွာသိနိုင်၏။

၁။ **ဖြစ်ချင်** ဆိုသည်ကား သမုဒယ သစ္စာ-ဆင်းရဲဖြစ်ကြောင်း အမှန်။

၂။ **ဖြစ်** ဆိုသည်ကား ဒုက္ခသစ္စာ-ဆင်းရဲအမှန်။

၃။ **မဖြစ်ချင်** ဆိုသည်ကား မဂ္ဂသစ္စာ ဆင်းရဲလွတ်ကြောင်း လမ်းကောင်းအမှန်။

၄။ **မဖြစ်** ဆိုသည်ကား နိရောဓသစ္စာ- ဆင်းရဲခြင်းနှင့် ဆင်းရဲကြောင်း အလုံးစုံ-မဖြစ်ရာအမှန်။

**ဖြစ်ချင်လို့သာ ဖြစ်သည်။ မဖြစ်ချင်လျှင် မဖြစ်ဘူး။ ဖြစ်လို့သာ ပျက်သည်။ မဖြစ်လျှင် မပျက်ဘူး။**

အဘယ့်ကြောင့် ဖြစ်ချင်ရသနည်း?။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်လို့ ဖြစ်ချင်ရသည်။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်ပါလျှင် မဖြစ်ချင်ဘူးဟဲ့-အောင့်လို့နေမဟဲ့ ဆိုပေမဲ့ မနေနိုင်ဘူး ဖြစ်ချင်လို့ လာဒါဘဲ။

စဉ်းစားကြည့်ပါ။ ။ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ထင်မြင်ပါလျှင် အဘယ်မှာ ဖြစ်ချင်တော့မည်နည်း၊ ဖြစ်မှာကိုပင် ကြောက်လန့်၍ နေ၏။(ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်ဖြစ်၏။)

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်ခြင်း-မသိခြင်းသည် အဝိဇ္ဇာဖြစ်၏။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် လူအပေါင်းတို့သည် အဘယ်သို့ မှတ်ထင်၍နေကြပါသနည်း?။

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် လူအပေါင်းတို့သည် ပကတိအမြဲ အခဲ အလုံး အဖြုံး အမှုန့် အရည် အဖတ် အစေး အဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည်ဟု မှတ်ထင်ကြကုန်၏။ အထင်လွဲ အမြင်လွဲ ဖြစ်

သည်။ နိစ္စသညာ၊ အတ္တသညာ၊ သက္ကာယဒိဋ္ဌိဖြစ်သည်၊ အထင်မှားသည်၊ အမြင်မှားသည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် အခဲအလုံးစသည်ဖြင့်မှတ်ထင်၍ လူထင်သည်၊ မိန်းမထင်သည်၊ ယောကျ်ားထင်သည်၊ မိန်းမ၏ပုံသဏ္ဌာန် ယောကျ်ား၏ ပုံသဏ္ဌာန် ရှည်ရှည် လျားလျား ပြားပြား လုံးလုံးစသည်ဖြင့် မှတ်ထင်၍ မိန်းမဖြစ်ချင်သည်။ယောကျ်ားဖြစ်ချင်သည်၊ ခင်မင်သည်၊ စုံမက်သည်၊ လိုချင်တောင့်တသည်။

လူဖြစ်ချင်၍ လူဖြစ်အောင် ပြုလုပ်သည်၊ မိန်းမဖြစ်ချင်၍ မိန်းမဖြစ်အောင်ပြုလုပ်သည်၊ယောကျ်ားဖြစ်ချင်၍ယောကျ်ားဖြစ်အောင်ပြုလုပ်သည်၊ ကုသိုလ်ကို ပြုလုပ်သည်၊ အကုသိုလ်ကို ပြုလုပ်သည်၊ ဒါန-သီလစသော ကုသိုလ်ကံကိုပြုလုပ်၍ ထိုကုသိုလ်ကံကြောင့် လူဖြစ်သည်။ မိန်းမဖြစ်သည်၊ ယောကျ်ားဖြစ်သည်။

ဒါန,သီလ စသော ကုသိုလ်ကံကြောင့် လူဖြစ်သည်၊မိန်းမဖြစ်သည်၊ ယောကျ်ားဖြစ်သည် ဟူ၍ လောကလူတို့ ခေါ်ဆိုကြကုန်၏။ လူဟုတ်ကဲ့လား ... မိန်းမဟုတ်ကဲ့လား .... ယောကျ်ားဟုတ်ကဲ့လား .... အမှန်ကျအောင်စဉ်းစားဆင်ခြင်၍ကြည့်။အဆင်းရုပ် အသံရုပ် အနံ့ရုပ် အရသာရုပ် ကြမ်း-ချော-ခု-ခံ-ရုပ်၊ ပူ-အေး-နွေးလော-ရုပ်၊ တောင့်-တင်း-တွန်း-တိုးရုပ်တို့သည်သာလျှင်ဖြစ်သည်။ ထိုရုပ်တရားတို့ မဖြစ်လာဘဲနှင့် လူဟူ၍ ခေါ်စရာရှိရဲလား .. စဉ်းစားကြည့်ပါ။ အဆင်း အသံ အနံ့ အရသာ ကြမ်း-ချော-ခုခံ-တောင့်တင်း-တွန်းတိုး ပူ-အေး-နွေးလောတို့ မရှိဘဲနှင့် မိန်းမဟူ၍ခေါ်စရာ ယောကျ်ားဟူ၍ခေါ်စရာ အဘယ်မှာရှိမည်နည်း။

အဆင်း,အသံ,အနံ့,အရသာ, ကြမ်းချော-ခုခံ, တောင့်တင်း-တွန်းတိုး,ပူအေး,နွေးလော ရုပ်တရားတို့၏ ဖြစ်ပျက်ဖြစ်ပျက်နေသော ပြောင်းလဲ ဖြစ်ပျက် အစဉ်ကိုပင်လျှင် လူဟူ၍ ခေါ်ရသည်။ မိန်းမ-ယောကျ်ားဟူ၍ ခေါ်ရသည်။ အဆင်း,အသံ,အနံ့ အစရှိသော ရုပ် တရားတို့၏ ပြောင်းလဲ ဖြစ်ပျက်အစဉ်ကို ပယ်ရှား၍ ယောကျ်ား-မိန်းမ ခေါ်စရာ ရှိသေးရဲလား ... စဉ်းစား၍ကြည့်။ အဆင်း,အသံ,အနံ့,အစရှိသော ရုပ်တရားတို့၏ ပြောင်းလဲ ဖြစ်ပျက် နေသည်ကို ထင်မြင်အောင် ဆင်ခြင်စဉ်းစားနှလုံးထား၍ ကြည့်။

ဖြစ်ပြီး၍ ပျက်သွားသော အဟောင်းရုပ်က ပြန်လာ၍ ဖြစ်သည် မဟုတ်။ ရှေးက မဖြစ်ဘူးသော အသစ်ရုပ်အသစ်သာလျှင် ဖြစ်ကြောင်း ရှိ၍ ဖြစ်လာသည်၊ ပျက်ပြီးရုပ်ဟောင်း ပြန်၍မဖြစ်။ အသစ်ရုပ်သာလျှင် ဆက်ခါဆက်ခါ ဖြစ်သည်။

အဟောင်းရုပ် ဖြစ်၍ပျက်လိုက် အသစ်ရုပ်ထပ်၍ ဖြစ်လိုက်၊ ဖြစ်သောရုပ် ပျက်လိုက် နောက်ထပ် အသစ်ဖြစ်လိုက် ရုပ်ဟောင်းဆို၍ တခုမျှ မရှိ။အသစ်အသစ် ဖြစ်ဆဲ ပျက်ဆဲ ဖြစ်ဆဲပျက်ဆဲသော ရုပ်တို့သည်သာလျှင် အစဉ်မပြတ်အောင် ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။

ဤသို့ဖြစ်ပျက် ဖြစ်ပျက်နေသော ပြောင်းလဲ ဖြစ်ပျက် အစဉ်ကိုပင်လျှင် အစမထင်သော သံသရာစက်ဟူ၍ ဆိုရသည်။ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ ပြောင်းလဲဖြစ်ပျက်နေသော **ဖြစ်ပျက်** အစဉ်ကိုပင်လျှင် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား-မိန်းမဟူ၍ လောကသမ္မုတိအားဖြင့် ခေါ်ရသည်၊ **ဖြစ်ပျက်** တခြား၊**အစဉ်** တခြား၊ **ဖြစ်ပျက်** ကို ရုပ်နာမ်ခန္ဓာ ဆိုသည်၊**အစဉ်** ကို ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား-မိန်းမဆိုသည်။ **ဖြစ်ပျက်** နှင့် **အစဉ်** ကို ထင်မြင်အောင်ဆင်ခြင်စဉ်းစား၍ ထင်ရှားစွာသိမြင်သော အခါ ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ်အောင် အဘယ့်ကြောင့် ဖြစ်ပျက် ဖြစ်ပျက်နေပါသနည်းဟူ၍ အကြောင်းကို သိမြင်အောင် ဆင်ခြင်စဉ်းစား၍ ကြည့်လိုက်လျှင် ဖြစ်ပျက်ကိုမမြင်၍ ဖြစ်ချင်သော တဏှာကြောင့်,ဖြစ်အောင် ပြုလုပ်သော ကုသိုလ်–အကုသိုလ်ကံတို့ကြောင့် ဖြစ်ပျက်ဖြစ်ပျက် အဆက် မပြတ်အောင် ပြောင်းလဲ ဖြစ်ပျက် အဆက်မပြတ် အထပ်ထပ် အဆက်ဆက် ဖြစ်ပျက် ဖြစ်ပျက် နေပါတကား ဟူ၍ သိမြင်သော (ပစ္စယတော ဥဒယဗ္ဗယ) ဉာဏ်ဖြင့် (ဖြစ်ကြောင်းရှိ၍ ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟု) သိမြင်လေ၏။

ထိုဖြစ်ကြောင်းကား အဘယ် တရားပါနည်း?။ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကိုမမြင်သော အဝိဇ္ဇာနှင့် ဖြစ်ချင်သောတဏှာ, ဖြစ်အောင်ပြုလုပ်သောကုသိုလ်-အကုသိုလ်ကံ တရားတို့ဖြစ်ကုန်၏။ ဖြစ်ပျက်ကို မမြင်သော အဝိဇ္ဇာ,ဖြစ်ချင်သောတဏှာ,ဖြစ်အောင်ပြုလုပ်သော စေတနာကံ၊ ဤသုံးတန်သည် ဖြစ်ပျက်ဖြစ်ပျက်နေခြင်း၏ အကြောင်းတို့တည်း ဟူ၍ သိမြင်လေသည်။

ဖြစ်ချက်ကိုမမြင်လို့ - ဖြစ်ချင်သည်။ ဖြစ်ချင်လို့ - ဖြစ်အောင်ပြုလုပ်သည်။ ဖြစ်အောင်ပြုလုပ်၍ ဖြစ်သည်။ ဖြစ်၍ပျက်သည်။ ဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ကြောင်းရှိလို့ - ဖြစ်ပျက်ဖြစ်ပျက် နေသည်။ ဖြစ်ကြောင်း မရှိလျှင်-ဖြစ်ပျက်ဖြစ်ပျက်မနေဘူး။

ဖြစ်ကြောင်းရှိလို့သာလျှင် အဆင်းရုပ်တွေ, အသံရုပ်တွေ, အနံ့ရုပ်တွေ, အရသာရုပ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ကြောင်းရှိလို့သာလျှင် ကြမ်းချော-ခုခံ-ပထဝီအထိရုပ်တွေဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ကြောင်းရှိလို့ သာလျှင် တောင့် - တင်း-တွန်း - တိုး-ဝါယော အထိရုပ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ကြောင်းရှိလို့သာလျှင် ပူ-အေး-နွေး-လော တေဇော အထိရုပ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ပျက်ဖြစ်ပျက်နေခြင်း၏ အကြောင်းသည်ကား ဖြစ်ပျက်ကိုမမြင်သော အဝိဇ္ဇာ, ဖြစ်ချင်သော တဏှာ, ဖြစ်အောင် ပြုလုပ်သော ကုသိုလ်-အကုသိုလ်-စေတနာကံ၊ ဤသုံးတန်သော အကြောင်းတို့သာလျှင်တည်း။ ဤသုံးတန်သော အကြောင်းတို့ကြောင့်သာလျှင် ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။

အဝိဇ္ဇာ, တဏှာ, ကံ ဤသုံးတန်သော အကြောင်း တို့ကြောင့် အဆင်း, အသံ, အနံ့, အရသာ, အထိရုပ်တို့ ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။ မြင်စိတ်,ကြားစိတ်,နံစိတ်,လျက်စိတ်,ထိစိတ်,သိစိတ် ဤစိတ်ခြောက်မျိုးတို့သည် တလဲစီ ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။မြင်တွေ့,ကြားတွေ့,နံတွေ့,လျက်တွေ့,ထိတွေ့,သိတွေ့ ဤအတွေ့ ခြောက်မျိုးတို့သည်လည်း တလဲစီ-ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။ ဤအတွေ့ခြောက်မျိုးတို့ဖြင့် တွေ့ ရ သော ကြောင့် ကောင်း-ဆိုး-ဝေဒနာတို့သည်လည်း တလဲစီ-ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။

ဖြစ်ပျက်ဖြစ်ပျက်နေခြင်း၏ အကြောင်း တရားတွေ များစွာရှိကုန်၏။ အကြောင်း တရားတွေကလည်း ဖြစ်ပျက် ဖြစ်ပျက်၊ အကျိုးတရားတွေကလည်း ဖြစ်ပျက်ဖြစ်ပျက်၊ အကြောင်းနှင့် အကျိုးဆက်၍နေသောကြောင့် ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်

သံသရာစက်၌ ရှေးအစမထင်ဘဲ နေလေသည်။ (အကြောင်းကြောင့်ဖြစ်သော သင်္ခတတရားဟူသမျှ ရှေးအစထင်ဒါမျိုးမဟုတ်။)

ကံ, စိတ်, ဥတု, အာဟာရ-ဟူသောအကြောင်းတို့ကြောင့် အဆင်းရုပ်,အသံရုပ်,အနံ့ရုပ် အစရှိသော ရုပ်တရားတို့ ဖြစ်ပျက်ဖြစ်ပျက်နေသော **ဖြစ်ပျက်အစဉ်** ကို သံသရာဟူ၍ ဆို၏။ **ဖြစ်ပျက်** တခြား။ **အစဉ်** တခြားထင်ရှားပါ၏။ **ဖြစ်ပျက်** ကို ခန္ဓာဆိုသည်။ **အစဉ်** ကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ခေါ်ဆိုသည်။

ခန္ဓာအစဉ်ဟူ၍ရင်း, ဖြစ်ပျက်အစဉ်ဟူ၍ရင်း, ပြောင်းလဲဖြစ်ပျက်အစဉ်ဟူ၍ရင်း, သံသရာစက်ဟူ၍ရင်း, သံသရာဟူ၍ရင်း, ပဋိစ္စသမုပ္ပါဒ်စက်ဟူ၍ရင်း,ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟူ၍ရင်း, ကြောင်းကျိုးဆက်စပ် မပြတ်ဖြစ်ပျက် ဘဝစက် ဟူ၍ရင်း အတူတူ ဖြစ်ကုန်၏။ အဓိပ္ပါယ်တူ အနက်တူဖြစ်ကုန်၏။

အကြောင်း အကျိုးဆက်၍ ဖြစ်ပျက်ဖြစ်ပျက်နေသော ဖြစ်ပျက်အစဉ် ကိုပင်လျှင် သတ္တဝါဟူ၍ဟောတော်မူသည်။

ထိုသတ္တဝါတို့၏ ရှေးအစွန်း-ရှေးအစ-ရှေးဦးဆုံး ဘဝ မထင်နိုင်ကြောင်းကို ပြတော်မူလို၍ ..

ပုဗ္ဗ ကောဋိ နပညာယတိ၊ အဝိဇ္ဇာ နိဝရဏာနံ
(သတ္တာနံ)တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ။
ဟူ၍ ဟောတော်မူသည်။ ။

(နိဒါနသံယုတ် ပါဠိတော်)

ဤပါဠိတော်၌ လိုရင်းပါဠိကို ထုတ်သည်ရှိသော် (သတ္တာနံ ပုဗ္ဗကောဋိ န ပညာယတိဟူ၍) ထွက်လာ၏။

သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်း ရှေးအစ ရှေးဦးစွာဖြစ်သောဘဝသည်။ န ပညာယတိ၊ မထင်နိုင်။ ဝါ၊ ရှေးဦးစွာဖြစ်သောဘဝ-ရှေးအစ-ရှေးအစွန်းသည် မရှိနိုင်။ *

---

* ပစ္စုပ္ပန် ဝိပဿနာရှုဆဲယောဂီပုဂ္ဂိုလ်အား မိမိ၏ခန္ဓာကိုယ်၌ နာမ်ရုပ်တို့ကိုကောင်းစွာ မြင်ရသည်ရှိသော် ယောဂီ၏ ဉာဏ်၌-ကောင်းမှု, မကောင်းမှုသည်အကျိုးဝိပါက်ကို မှီ၍ ဖြစ်ရ၏။ ကောင်းကျိုး, မကောင်းကျိုးသည်လည်း

သတ္တဝါတို့၏ ရှေးအစွန်း-ရှေးအစ-ရှေးဦးစွာဖြစ်သောဘာဝ ရှိသည်ကိုငင်း, မရှိသည်ကိုငင်း ထင်ရှားစွာ သိရအောင် အကြောင်းနှင့်တကွ စစ်ဆေးလျက် မေးခြင်း,ဖြေခြင်းဖြင့် ရှင်းလင်း၍ပြပြီးအံ့။

ငါတို့သည်ငင်း, သင်တို့သည်ငင်း, ငါတို့-သင်တို့မှ တပါးသော သတ္တဝါတို့သည်ငင်း ယခုဖြစ်၍လာသောဘဝ၌ ဘာအစဖြစ်သနည်း။

---

ကောင်းမှု မကောင်းမှုကံကိုမှီ၍ ဖြစ်ရ၏။ ကံနှင့်အကျိုးကို ပြုတတ်လုပ်တတ်သော ပုဂ္ဂိုလ်,သတ္တဝါမည်သည် မရှိ၊ ကံ,ဝိပါက်ဟူသော နာမ်,ရုပ်တရားမျှသာ ရှိသည်ဟု အမှန်ကျမြင်မှုဖြစ်၏။ ဤအမြင်သည် "သမ္မဒဿန"အမြင်ခေါ်သော "ပစ္စယပရိဂ္ဂဟဉာဏ်"မည်၏။ ဤသို့ အမှန်ကျမြင်လျှင် ယောဂီသည် "သစ်စေ့ရှိက-သစ်စေ့သီးရာ သစ်ပင်လည်း ရှိခဲ့ရမည်၊ သစ်ပင်ရှိက သစ်ပင်ပေါက်ရာ သစ်စေ့လည်းရှိခဲ့ရမည်" ဤနည်းဖြင့် သစ်စေ့နှင့် သစ်ပင်တို့၏အစကို ရှာ၍ မတွေ့နိုင်သကဲ့သို့ အကျိုးရှိက အကျိုး၏မှီရာကံလည်း ရှိခဲ့ရမည်၊ ကံရှိပြန်က ကံ၏မှီရာ အကျိုးလည်းရှိခဲ့ရမည်၊ဤနည်းဖြင့် နာမ်ရုပ်အစဉ်ဟူသော သံသရာ၏အစကိုရှာ၍ မတွေ့နိုင်ပြီ။ ထို့ကြောင့်....

> "ကမ္မေ ဝိပါကေစ၊ ဝဋ္ဋမာနေ သဟေတုကေ၊ ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာကောဋိ န ဉာယတိ။ အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တိ နဒိဿတိ"

ဟူသော (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ) အတိုင်းဖြစ်ဆဲပစ္စုပ္ပန် နာမ်,ရုပ် အပြင်၊အနာဂတ်၌လည်း အကြောင်းမချုပ်ငြိမ်းပါက သစ်ပင်နှင့်သစ်စေ့တို့၏ အဆုံးကို ရှာ၍မတွေ့နိုင်သကဲ့သို့ ကံရှိနေက ကံ၏အကျိုးလည်း ဖြစ်ရဦးမည် ဖြစ်ရကား အကြောင်းကံကို မဂ်ဉာဏ်ဖြင့်မပယ်နိုင်သေးသမျှ ကာလပတ်လုံး နာမ်ရုပ် အစဉ်ဟူသော သံသရာ၏အဆုံးကို ရှာ၍မတွေ့နိုင်ပြီဟု သဘောပေါက်လေသည်။

> "သော ဧဝံ နာမရူပံ ပရိဂ္ဂဟေတွာ တဿ ပစ္စယံ ပရိယေသန္တော အဝိဇ္ဇာဒိ ပစ္စယသမုပ္ပန္နံ ဒိသွာ ပစ္စယာ-ပစ္စယုပ္ပန္နာ ဓမ္မမတ္တာ မေဝေတံ၊ အညော သတ္တောဝါ ပုဂ္ဂလောဝါ နတ္ထီတိ ဝိတ္ထိဏ္ဏ ကင်္ခါသ ပစ္စယနာမရူပဿ တိလက္ခဏံ အာရောပေတွာ ဝိပဿနံ ဝဍ္ဎေန္တော အနုက္ကမေန အရဟတ္တံ ပါပုဏာတိ"
>
> (သုတ်မဟာဝါ အဋ္ဌကထာ-အာနာပါန အဖွင့်)

ယောဂီသည် ဖြစ်ပျက်ဝိပဿနာတရားကို ပွားများအားထုတ်သောအခါ ရှေးဦးစွာ နာမ်,ရုပ်နှစ်ပါးကို ပိုင်းခြားသိမြင်၏။ ၂-ဆင့်မြေ-က် ရုပ်,နာမ်တို့၏

ပဋိသန္ဓေအစဖြစ်ပါသည်။

ထိုပဋိသန္ဓေသည် ဘာကြောင့်ဖြစ်ပါသနည်း။

ကံကြောင့်ဖြစ်ပါသည်။

ထိုကံသည် ဘယ်ဘဝကပြုလုပ်သောကံဖြစ်ပါသနည်း။

ရှေးဘဝက ပြုလုပ်သောကံဖြစ်ပါသည်။

ထိုရှေးဘဝ၌ ဘာအစ ဖြစ်ပါသနည်း။

ပဋိသန္ဓေအစဖြစ်ပါသည်။

ထိုပဋိသန္ဓေသည် ဘာကြောင့်ဖြစ်ပါသနည်း။

ဖြစ်ပျက်ကိုမမြင်၍ ဖြစ်ချင်သော တဏှာကြောင့်,ဖြစ်အောင်ပြုလုပ်သောကံကြောင့်ဖြစ်ပါသည်။

ထိုကံသည် ဘယ်ဘဝကပြုလုပ်သောကံ ဖြစ်ပါသနည်း။

ရှေးဘဝကပြုလုပ်သောကံဖြစ်ပါသည်။

ရှေးဦးစွာအစဆုံးဖြစ်သောဘဝကို ရှာ၍တွေ့ပါ၏လော။

မတွေ့နိုင်ပါ။

ဤကဲ့သို့ ရှေးအစကို ရှာ၍မတွေ့နိုင်အောင် ပဋိသန္ဓေနှင့် အဝိဇ္ဇာ, တဏှာ,ကံတို့သည် အကြောင်းနှင့်အကျိုး ဆက်သွယ်၍ ချာလယ် ခွေပတ်

---

အကြောင်း သိမ်းဆည်းခြင်းဖြင့် ယုံမှားခြင်းကို လွန်မြောက်၏။ ၃-ဆင့်မြောက်နာမ်,ရုပ်တရားကား မမြဲသောတရား၊ဆင်းရဲသောတရား၊ အစိုးမရသောတရားဟု လက္ခဏာရေးသုံးပါး ထင်မြင်၏။ ဤသို့သောနည်းဖြင့် ဥဒယဗ္ဗယ ဉာဏ်မှစ၍ ဝိပဿနာဉာဏ် အဆင့်ဆင့် ပွားများသဖြင့် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်၏။

(ဤအဋ္ဌကထာ၌"အရဟတ္တံ ပါပုဏာတိ" ဟူသောစကားသည်"ဥက္ကဋ္ဌနည်းပြ"စကားဟုမှတ်ရမည်။ ဤစကားဖြင့် ရဟန္တာအောက်ယုတ်လျော့၍ ပါရမီအားနည်းသူများ အတွက်မူ ပါရမီ အနု အရင့်အားလျော်စွာ အနာဂါမ်အဖြစ်, သကဒါဂါမ်အဖြစ်, သောတာပန် အဖြစ်ကို ရနိုင်၏ဟူသော "အနက္ခာဂမ" အနက်ကိုလည်း သိစေအပ်သည်ဖြစ်ရာ မိမိတို့ရုပ်,နာမ်၏အကြောင်းကိုသိမ်းဆည်းနိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်နိုင်သည့် ဖြစ်ပျက်ဝိပဿနာအလုပ်ကို အားထုတ်လုပ်ကိုင်နိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။)

နေသောကြောင့် သံသရာစက်ဟူ၍ ဟောတော်မူသော ပြောင်းလဲဖြစ်ပျက် အစဉ်၏ **ဖြစ်ပျက်ဖြစ်ပျက်** အဆက်မပြတ် တလစပ် ဖြစ်ပျက်၍နေရာ၌ ရှေးဦးစွာဖြစ်သော ရှေးအစွန်း-ရှေးအစ - ရှေးဦးစွာသော ဘဝရယ်လို့ အဘယ်မှာရှိနိုင်မည်နည်း။ ထို့ကြောင့် ”သတ္တာနံ ပုဗ္ဗကောဋိ န ပညာယတိ” ဟူ၍ ဟောတော်မူလေသည်။

သတ္တာနံ၊တို့၏။ ပုဗ္ဗကောတိ၊ သည်။ န ပညာယတိ၊မထင်။ ဤသို့ အနက်ပေး။ ။ငါဘုရားမြင်တော်မမူဟူ၍ အနက်မပေးရ။

ဖြစ်ပျက်ဖြစ်ပျက် အဆက်ဆက် အထပ်ထပ် ကြောင်းကျိုး စပ်၍ မရပ် မနား ရွေ့ရှားပြောင်းလဲ အမြဲ မတည် ဖြစ်ချည် ပျက်ချည် နေသော ရုပ်အစဉ် နာမ်အစဉ် ရုပ်နာမ်အစဉ်ကို သံသရာဟူ၍ဆိုသည်။

ထိုရုပ်နာမ်အစဉ်ကို ရုပ်နာမ်တခြား၊ အစဉ် တခြား ပိုင်းခြား၍ ရုပ်နာမ်ကို ခန္ဓာဟုဆိုသည်။ အစဉ်ကို ပုဂ္ဂိုလ်သတ္တဝါဟု ဆိုသည်။

ရုပ်နာမ်ခန္ဓာ အစဉ်ဟုဆိုသော သံသရာသည် ဘဝအားဖြင့်လည်း ဘယ်ဘဝက စ-သည်ဟူ၍ ရှေးအစမထင်။ ကမ္ဘာအားဖြင့်လည်း ဘယ်ကမ္ဘာက စသည် ဟူ၍ ရှေးအစမထင်။ အသင်္ချေအားဖြင့်လည်း ဘယ်မျှ လောက်သော အသင်္ချေက စ-သည်ဟူ၍ ရှေးအစ-မထင်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့်။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ပြဆိုသော “ပစ္စယတော ဥဒယ၊ ခဏတော ဥဒယ။ ပစ္စယတော ဝယ၊ ခဏတော ဝယ” ဟူ၍ လေးနည်းသော ဖြစ်ပျက်ဉာဏ် တို့တွင် **ဖြစ်ချင်ဖြစ်** ဟူ၍ သိမြင်သော (ပစ္စယတော ဥဒယ) ဉာဏ်ဖြင့် သံသရာ ရှေးအစ-မထင်ကြောင်းကို သိသာနိုင်လေသည်။

သံသရာ ရှေးအစ-မထင်သော်လည်း **ဖြစ်** လက္ခဏာကို သိမြင်သော (ခဏတော ဥဒယ) ဉာဏ်ဖြင့် အစ-ရှိကြောင်းကို သိသာနိုင်လေသည်။

အစ-ရှိပါလျက် ရှေးအစ-မထင်နိုင်သော်လည်း **မဖြစ်ချင်–မဖြစ်** ဟူ၍ သိမြင်သော (ပစ္စယတော ဝယ)ဉာဏ်ဖြင့် အဘိသမေတာဝီပုဂ္ဂိုလ်တို့၌ သံသရာနောက် အဆုံးထင်ကြောင်းကို သိသာနိုင်လေသည်။

**ဖြစ်ချင်-ဖြစ်၊ ပစ္စယတော ဥဒယဉာဏ်အစစ်။**

**မဖြစ်ချင်–မဖြစ်၊ ပစ္စယတော ဝယဉာဏ်အစစ်။**

**ဖြစ်ချင်–ဖြစ်၊ မဖြစ်ချင်–မဖြစ်၊ ပစ္စယတော ဥဒယဗ္ဗယဉာဏ်အစစ်။**

**ဖြစ်ချင်–ဖြစ်၊ ပဋိစ္စသမုပ္ပါဒ် အနုလုံအစစ်။**

**မဖြစ်ချင်–မဖြစ်၊ ပဋိစ္စ သမုပ္ပါဒ် ပဋိလုံအစစ်။**

**ဖြစ်ချင်ဖြစ်–မဖြစ်ချင် - မဖြစ်၊ ပဋိစ္စသမုပ္ပါဒ် တရားအစစ်။** ။ဆောင်ပုဒ်လင်္ကာ။

၁။ **ဖြစ်ချင်** ဆိုသည်ကား ပဋိစ္စ သမုပ္ပါဒ် အနုလုံ အကြောင်းတရား။

၂။ **ဖြစ်** ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ် အနုလုံအကျိုးတရား။

၃။ **မဖြစ်ချင်** ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ် ပဋိလုံအကြောင်းတရား။

၄။ **မဖြစ်** ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ် ပဋိလုံအကျိုးတရား။

၅။ **ဖြစ်ချင်-ဖြစ်** ဆိုသည်ကား သံသရာစက် လည်ကြောင်းတရား။

၆။ **မဖြစ်ချင်–မဖြစ်** ဆိုသည်ကား သံသရာစက် ပြတ်ကြောင်းတရား။

ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် တလစပ် ဖြစ်ပျက်၍ နေသော ရုပ်အစဉ် နာမ်အစဉ် ရုပ်နာမ်အစဉ်သည် အကြောင်းမရှိဘဲ အလိုလိုဖြစ်သောတရားမျိုးမဟုတ်၊အကြောင်းကြောင့် ဖြစ်သော(သပစ္စယ)တရားမျိုးဟူ၍ ပစ္စယတော ဥဒယဉာဏ်ဖြင့် အမှန်ကိုသိနိုင်လေသည်။

ဖြစ်လာသမျှ အကြောင်းရှိသည်၊ အကြောင်းရှိ၍ ဖြစ်လာသမျှ ရှေးအစ ထင်ရှားထုံးမရှိ၊(ဘာဖြစ်ဖြစ် အကြောင်းကြောင့်ဖြစ်သမျှ ရှေးအစ ထင်ဒါမျိုးမဟုတ်၊ အတိုချုပ်သဘောပိုင်လောက်ပြီ။)

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,စိတ်,ဥတု,အာဟာရ ရုပ်နာမ် အစဉ် မပြတ် မရပ်ခဲ ပြောင်းသဲ ဖြစ်ပျက်နေခြင်း၏ အကြောင်းတရား ခုနစ်ပါး တို့သည် ရှေးရှေးကာလ ဘဝများစွာ သံသရာက ဖြစ်ဘူးလှလေပြီ။ ထို အကြောင်းတရားတို့မရှိလျှင် လူ့နတ် ဘဝရယ်လို့ မရှိနိုင်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သောအဝိဇ္ဇာကြောင့် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြား လုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည်ဟူ၍ အထင်မှားသော **သညာဝိပ္ပလ္လာသ**၊ အမြင် မှား သော **ဒိဋ္ဌိဝိပ္ပလ္လာသ** ဖြစ်သောကြောင့် ရှည်ရှည် လျားလျား ပြားပြား လုံးလုံး စသည်ကို မြင် လျှင် ဖြစ်ချင်သောတဏှာကြောင့် စွဲလန်းသောဥပါဒါန်ဖြစ်၍ ဖြစ်အောင် ပြုလုပ်သော ကုသိုလ်-အကုသိုလ် စေတနာကံ ဖြစ်သည်။ ထိုကံကြောင့် ပဋိသန္ဓေမှစ၍ လူ့ဘ ၁ နတ်ဘဝ ခွေး ဝက် ကြက် ငှက် နွား ကျွဲ ဆင် မြင်း တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အစရှိသော ဘဝအမျိုးမျိုး ဖြစ် လာကြကုန်၏။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်ခြင်းကြောင့် အခဲအလုံး စသည် ဖြင့် အလွဲထင်သည်။ အလွဲထင်၍ ဖြစ်ချင်သည်၊ ဖြစ်ချင်အားကြီး၍ စွဲလန်း သည်၊ စွဲလန်းခြင်းအားကြီး၍ ဖြစ်အောင်ပြုလုပ်သည်၊ ဖြစ်အောင်ပြုလုပ် သော ကံကြောင့် ပဋိသန္ဓေမှအစပြု၍ ရုပ်နာမ် အစဉ်သည်သာလျှင် ဖြစ် ပျက် ဖြစ်ပျက် နေပါတကားဟု သိမြင်သောကြောင့် အခဲအလုံး စသည် မှတ်ထင်ခြင်းမရှိ၍ ဖြစ်ချင်သောတဏှာမဖြစ်။ တဏှာမဖြစ်၍ စွဲလန်းခြင်း ဥပါဒါန်မဖြစ်။ စွဲလန်းခြင်း မဖြစ်၍ ပြုလုပ်ခြင်း ကုသိုလ်-အကုသိုလ် စေ တနာကံ မဖြစ်၊ ကံ မဖြစ်၍ ပဋိသန္ဓေ မဖြစ်သောကြောင့် ဖြစ်ပျက် ဖြစ် ပျက်မရှိဘဲ သံသရာစက်ပြတ်၍ ဒုက္ခခပ်သိမ်း အေးငြိမ်းလေတော့သည်။

ဒုက္ခခပ်သိမ်း အေးငြိမ်းခြင်းကို အလိုရှိသောသူတို့သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ထင်မြင်အောင် ဆင်ခြင်၍ ကြည့်ရှုကြ ကုန်ရာ၏။

မျက်စိဖြင့် မြင်ရသော အဆင်းရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အသံရုပ်, အနံ့ရုပ်တို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ စပ်, ငန်, ခါး, ချဉ်, ချို, ဆိမ့်, ဖန်, အရသာရုပ်တို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ ကြမ်းချော- ခုခံ-ထိ၊ တောင့်တင်း-တွန်းတိုးထိ၊ ပူအေး-နွေးလောထိ၊ အထိရုပ်တို့သည်

ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။ ဤသို့စသည်ဖြင့် ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုကြကုန်ရာ၏။

(၁) ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို မမြင်ခြင်းကြောင့် ရှည်ရှည် လျားလျား ပြားပြားလုံးလုံး ခိုးခိုးကွဲကွဲ အလွဲထင်သည်။

(၂) ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခိုးခိုး ကွဲကွဲ အလွဲ ထင်သောကြောင့် **ဖြစ်ချင်** ကြကုန်၏။

(၃) ဖြစ်ချင်အားကြီးသောကြောင့် စွဲလန်းခြင်းဖြစ်သည်။

(၄) စွဲလန်းခြင်း အားကြီးသောကြောင့် တားဆီးလို့ မရဘဲ ဖြစ်အောင် ပြုလုပ်သည်။

(၅) ဖြစ်အောင် ပြုလုပ်သည်ကို ကုသိုလ်ကံ အကုသိုလ်ကံ ဟူ၍ ဆိုသည်။

(၆) ကုသိုလ်ကံကြောင့် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝတို့၌ ပဋိသန္ဓေဆက်၍ ဖြစ်ပျက်ဖြစ်ပျက်နေသည်။

(၇) အကုသိုလ်ကံကြောင့် နွား, ကျွဲ, ခွေး, ဝက်, ကြက်, ငှက်,ပိုး, ပရွက်, တိ, မျော့, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်ဘဝတို့၌ ပဋိသန္ဓေဆက်၍ ဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်၍ **ဖြစ် ချင် သည်။ ဖြစ် ချင်၍ ဖြစ်သည်။ ဖြစ်၍ ပျက်သည်။** ဖြစ်ပျက်ဖြစ်ပျက်နေသည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကိုမြင်လျှင် **မဖြစ်ချင်၊ မဖြစ်ချင်လျှင် ပဖြစ်၊ မဖြစ်ချင်လျှင် မပျက်၊** ဖြစ်ပျက်ဖြစ်ပျက်မနေဘဲ သံသရာစက် ပြတ်လေတော့၏။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အဖြစ်ပြတ်လေ တော့၏။ ထိုကြောင့် (ဖြစ်ချင်-ဖြစ်။ ပဋိစ္စသမုပ္ပါဒ်အနုလုံအစစ်) (မဖြစ်ချင်-မဖြစ်၊ ပဋိစ္စသမုပ္ပါဒ်ပဋိလုံအစစ်။)

"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ။လ။ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူသော ပါဠိတော်နှင့် **ဖြစ်ချင်-ဖြစ်** ဟူသော စကားသည် အဓိပ္ပါယ် တူသည်။ အကျယ်နှင့် အကျဉ်းမျှသာထူးတော့သည်။

" အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော။ လ။ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဟူသော ပါဠိတော်နှင့် **မဖြစ်ချင်-မဖြစ်** ဟူသော စကားနှင့် အဓိပ္ပါယ်ဘူသည်။ အကျယ်နှင့် အကျဉ်းမျှသာ ထူးတော့သည်။

ဖြစ်ပျက်ကို မမြင်သော အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်။ လ။ ဖြစ်ပျက် ဖြစ်ပျက် ဒုက္ခအစုအပေါင်းတို့ အဆက်မပြတ် မရပ်မစဲ ပြောင်းလဲဖြစ်ပျက်နေလေသည်။ ။အနုလုံ။

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြင်သောကြောင့် အဝိဇ္ဇာအကြွင်းမဲ့ ပျောက်ကင်း မဖြစ်ခြင်းကြောင့် သင်္ခါရမဖြစ်။ လ။ ဒုက္ခ အစုအပေါင်းတို့ ဖြစ်ပျက် ဖြစ်ပျက်မနေဘဲ အဆက်ပြတ်လေတော့သည်။ ။ပဋိလုံ။

အဝိဇ္ဇာဖြစ်၍ သင်္ခါရဖြစ်သည်၊ သင်္ခါရဖြစ်၍ ဝိညာဏ် ဖြစ်သည်။

အဝိဇ္ဇာမဖြစ်လျှင် သင်္ခါရမဖြစ်၊ သင်္ခါရမဖြစ်လျှင် ဝိညာဏ် မဖြစ် ဤသို့ စသည်ဖြင့်ဆိုလေ။ သိလေ။ စဉ်းစားဆင်ခြင်လေဟူ၍ ဟောတော်မူသည်။ ။နိဒါနသံယုတ်ပါဠိတော်-အဓိပ္ပါယ်ချုပ်။ ။

---

## မေတ္တာဘာဝနာအကျိုး

အင်္ဂုတ္တိုရ်ဒုကနိပါတ်သည်လည်း ... အင်္ဂုတ္တရာ ခန္ဓောပမသုတ်ကို ဟောတော်မူရာ ပါရာဇိကကျပြီးဖြစ်၍ ငါ၌ ပါရာဇိက - မရှိပါတကား .... ငါသေလျှင် မုချ အပါယ် ရောက်လိမ့်မည် တကား .... ဟူ၍ ကြောက်ထိတ် - လန့်ဆူ - သွေးပူပွက်ပွက် အံထွက်သော ရဟန်းခြောက်ကျိပ်တို့သည် သာမဏေ ပြုလုပ်၍ တရားကို အားထုတ်ပြန်သောကြောင့် မဂ် ဖိုလ်ကို ရကြကုန်၏။(ဒုက္ကရ ဘန္တေ)ရဟန်း-သာမဏေ ပြု၍ မကျင့်နိုင်ပါဘုရားဟု လျှောက်ကြား၍ လူထွက်သော ရဟန်းခြောက်ကျိပ်တို့သည် ဥပါသကာပြုလုပ်၍ တရားကို အားထုတ်ကြသောကြောင့် မဂ်-ဖိုလ်ကို ရကြကုန်၏။

**ရဟန်း သာမဏေပြုလုပ်၍ သိက္ခာပုဒ်တော်ကို ကောင်းစွာ မကျင့်နိုင်ဘဲနှင့် သင်္ကန်းဝတ်၍ နေလျှင် အပါယ်ကျလိမ့်မည်** ကို ကြောက်လန့်၍ လူထွက်သော ရဟန်းတို့သည် အပါယ်ဘေး လွတ်ကင်းကြကုန်၏။ ရဟန်း သာမဏေ ပြုလုပ်၍ သိက္ခာပုဒ်ကို မကျင့်နိုင်လျှင် လူထွက်

၍ ငါးပါးသီလကို မြဲစွာကျင့်သုံးနေဒါက မြတ်သည်။ ဤသို့စသည်ဖြင့် နတ်တို့က ပြောကြား၍ ကြွေးကြော်သံကို ကြားကြသော ရဟန်းတို့သည်လည်း သံဝေဂဖြစ်၍ လူထွက်ကြပြန်ကုန်၏။

မြတ်စွာ ဘုရားသည် တပါးတည်း ဆိတ်ငြိမ်စွာ နေတော်မူရာမှ ကြွလာ၍ ရဟန်းတွေနည်းပါးသည်ကို မြင်တော်မူလျှင် အရှင်အာနန္ဒာကို မေးတော်မူ၏။ ။အဂ္ဂိခန္ဓောပမသုတ်ကို ဟောရာ၌ လူထွက်သော ရဟန်းတို့ကဲ့သို့ မကျင့်နိုင်ဘဲ လူတို့လှူဒါန်းသော ဆွမ်းကို လိမ်လည် လှည့်ဖြား စားသောက်၍ နေခြင်းငှါ မသင့်ဟု အကြံရှိကြသောကြောင့် လူထွက်၍ ကုန်ပါသည်ဘုရားဟု လျှောက်ကြားလျှင်“မေတ္တာဘာဝနာကို တခဏမျှ သော်လည်း နွားမျှား၍ စားသောက် သုံးဆောင်လျှင် (ရဋ္ဌပိဏ္ဍသာမိ) ပြည်သူတို့လှူသောဆွမ်းကို စားထိုက်၏”ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

အစ္ဆရာ သံဃာတ မတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေန္တော
အာသေဝန္တော ဘိက္ခု ရဋ္ဌပိဏ္ဍဿ သာမိကော ဟုတွာ
အဏဏောဟုဘွာ ဒါယာဒေါဟုတွာ ပရိဘုဉ္ဇတီတိပိ
အဿ အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ အစ္ဆရာ သံဃာ
တ မတ္တမ္ပိ မေတ္တာစိတ္တံ အာသေဝန္တဿ ဘိက္ခု နော ဒိန္န
ဒါနံ မဟပ္ဖလံ မဟာနိသံသံ။ ။

(ကေဂုတ္တရ အဋ္ဌကထာ-၅၃။)

မေတ္တာ ဘာဝနာကို လက်ဖျစ်တီးသော တခဏမျှလည်း နွားမျှား ရှေးရှု နှလုံးပြုသော ရဟန်းအား လှူသော အလှူသည် ကြီးသော အကျိုး တန်ခိုးအာနိသံရှိကြောင်းကိုကြည့်ရှု၍ မေတ္တာစိတ်ထားတော်ကြပါမူကား အဟောသုဋ္ဌု-အဟောသာဓု။ ။

## အရည်-အဖတ်-ကလာပ်တို့ကို ဆင်ခြင်နည်း

ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ။ ဤသဘာဝ ရုပ်ရှစ်ခုတို့၏တပေါင်းတည်း ဖြစ်ခြင်းကို (ကလာပ)ကလာပ်

ဟူ၍ဆိုသည်။ အာပေါဓာတ်လွှန်ကဲသော ကလာပ်ရုပ်တို့ ဖြစ်ပျက် ဖြစ်ပျက် နေသော ဖြစ်ပျက်အစဉ်ကို **အရည်ကလာပ်** ဟူ၍ ဆိုသည်။ ကလာပ်ရုပ် တွေ များစွာစုပေါင်း၍ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ဆင်ခြင်၍ ထင်မြင် အောင် ရှုနိုင်ပါလျှင် အရည်ဟူ၍ မှတ်ထင်သော **သညာ-ဝိပ္ပလ္လာသ** ကင်းပျောက်၏။

ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက်အစဉ်ကို **ဖြစ်ပျက်** တခြား၊ **အစဉ်** တခြား ပိုင်းခြားပြီး၍ **ဖြစ်ပျက်** ကို ကလာပ်ဆိုသည်။ **အစဉ်** ကို အရည်ဟူ၍ ဆိုသည်။ ဖြစ်ပျက် သည်ကား ပရမတ် ဖြစ်သည်။ အစဉ်သည် ကား သန္တာန - သဏ္ဌာန ပညတ်ဖြစ်သည်။ သန္တာန - သဏ္ဌာန ပညတ်ကို (အရည်) ဟူ၍ ဆိုသည်။ ဖြစ်ပျက်ကို ကလာပ်ဆိုသည်။ လူအပေါင်းတို့ သိမှတ်လွယ်စေခြင်းငှါ အရည်ကလာပ်ဟူ၍ ဟောပြတော်မူသည်။

အာပေါဓာတ် လွှန်ကဲသော ကလာပ်ရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက် နေသည်။ ဖြစ်ပျက် ရပ်စဲခြင်း မရှိဘဲ အသစ်အသစ်လဲ၍ ပြောင်းလဲ ဖြစ် ပျက်နေလေသည်။ အာပေါဓာတ် လွှန်ကဲသော ကလာပ်ရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုပင်လျှင် "အရည်ကလာပ်" ဟူ၍ ဟောပြတော်မူသည်။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ထင်မြင်အောင် ဆင်ခြင်၍ကြည့်။

ပထဝီဓာတ် လွှန်ကဲသော ကလာပ်ရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက် နေ သော ဖြစ်ပျက်-အစဉ်ကိုပင်လျှင် လူအပေါင်းတို့ မှတ်လွယ်အောင် "အဖတ် ကလာပ်" ဟူ၍ ဟောပြသည်။

ဝဏ္ဏဓာတ် လွှန်ကဲသော ကလာပ်ရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက် နေ သော ဖြစ်ပျက်အစဉ်ကို **အရောင်ကလာပ်** ဟူ၍ ဟောပြသည်။

အရောင် အလင်းမရှိသော မှောင်ထဲ၌ အပူ-အအေး ကလာပ်ရုပ် တွေ ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက်အစဉ်ကို **မှောင်ကလာပ်** ဟူ၍ ဆိုသည်။

အပူဓာတ်လွှန်ကဲသော ကလာပ်ရုပ်တို့ ဖြစ်ပျက်အစဉ်ကို **အပူ ကလာပ်** ဟူ၍ ဆိုသည်။

အအေးဓာတ် လွန်ကဲသော ကလာပ် ရုပ်တို့ ဖြစ်ပျက် အစဉ်ကို **အအေးကလာပ်** ဟူ၍ဆိုသည်။

တရားစကား ပြောဟောသောအခါ အသံဓာတ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသော ဖြစ်ပျက်-အစဉ်ကို **အသံ ကလာပ်** ဟူ၍ ဆိုသည်။ တရားစကား ပြောဟောသောအခါ အသံရုပ် အသံကလာပ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်မှာ လွန်စွာ ထင်ရှားလေသည်။ တရားစကား ပြောဟောသော အသံရုပ်သည် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤရုပ် ရှစ်ခုတို့နှင့်တကွဖြစ်၍ ကိုးခုသော ရုပ်အပေါင်းကို **အသံ ကလာပ်** ဆိုသည်။ ထို အသံကလာပ်တို့သည် စကားပြောသောအခါ ဖြစ်ပျက်ဖြစ်ပျက်နေလေသည်။ ဆင်ခြင်၍ရှု။

ပူသောအခါ **အပူကလာပ်တွေ** ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟူ၍ ဆင်ခြင်ရမည်။ အေးသော အခါ **အအေးကလာပ်တွေ** ဖြစ်ပျက်ဖြစ်ပျက်နေသည် ဟူ၍ အောက်မေ့ ဆင်ခြင်ရမည်။ ညအခါ မှောင်ထဲ၌ အရောင် အလင်း မရှိ၍ အဆင်းရုပ်ကို မမြင်သော်လည်း အအေးရုပ်-အပူရုပ်တို့သည် ရှိကြကုန်၏။ အအေးမရှိလျှင် အပူရှိသည်။ အပူမရှိလျှင် အအေးရှိသည်။ ထိုအပူရုပ်-အအေးရုပ်တို့ မှောင်ထဲ၌ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ပင်လျှင် **မှောင်ကလာပ်** ဟူ၍ဆိုသည်။ အအေးရုပ်-အပူရုပ်တို့နှင့် ကင်း၍ မှောင်ကလာပ်မဖြစ်နိုင်။မှောင်ကလာပ်ဟူ၍ အသီးအခြား မရှိ။ မှောင်ထဲမှာ ဖြစ်ပျက် ဖြစ်ပျက် နေသော **အအေးကလာပ်-အပူ ကလာပ်** တို့ကို ပင်လျှင် **မှောင်ကလာပ်** ဟူ၍ ဆိုသည်။ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤရုပ်ရှစ်ခုအပေါင်းတို့သည် မှောင်ထဲ မှာလည်း ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ အရောင် အလင်း မှာလည်း ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။ မှောင်ထဲမှာ ဖြစ်ပျက်ဖြစ်ပျက်နေသော အဋ္ဌကလာပ်ရုပ်ကို **မှောင် ကလာပ်** ဟူ၍ဆိုသည်။ အရောင်အလင်း ထဲမှာ ဖြစ်ပျက်ဖြစ်ပျက် နေသော အဋ္ဌကလာပ်ရုပ်ကို **အရောင် ကလာပ်** ဟူ၍ဆိုသည်။ အဋ္ဌကလာပ်ရုပ်ကို ပင်လျှင် မှောင်ထဲမှာဖြစ်လျှင် **မှောင်ကလာပ်** ဆိုသည်။ အရောင်အလင်းထဲမှာဖြစ်လျှင် **အရောင်ကလာပ်** ဆိုသည်။ အပူထဲမှာ ဖြစ်လျှင် **အပူကလာပ်** ဆိုသည်။

အအေးထဲမှာဖြစ်လျှင် **အအေးကလာပ်** ဆိုသည်။ အမွှေးထဲမှာဖြစ်လျှင် **အမွှေး ကလာပ်၊** အပုပ်ထဲမှာ ဖြစ်လျှင် **အပုပ် ကလာပ်၊** အစပ်ထဲမှာ ဖြစ်လျှင် **အစပ်ကလာပ်၊** အငန်ထဲမှာဖြစ်လျှင် **အငန်ကလာပ်၊** အခါး ထဲမှာဖြစ်လျှင် **အခါးကလာပ်** ဟူ၍ ဆိုသင့်လေသည်။ ထိုအဋ္ဌကလာပ်ရုပ် ရှစ်ခုတို့သည် ဘယ်နေရာ ဘယ်အရပ်၌မဆို ဘယ်အခါမဆို အလုံးစုံသော အရပ်၌ အလုံးစုံသောအခါ၌ စကြဝဠာ အနန္တ တိုင်အောင် တစပ်ထည်း ဆက်စပ်၍ ဖြစ်ပျက်ဖြစ်ပျက်နေလေသည်။ အဋ္ဌကလာပ်ရုပ် ရှစ်ခုမှ လွတ် ကင်းသောအရပ် တစုံတရာမျှမရှိချေ ဘယ်အခါမဆို အခါခပ်သိမ်း ရှိကြ ကုန်၏။

ထိုအဋ္ဌကလာပ် ရုပ်တို့သည် ကောင်းကင်၌လည်း ဖြစ်ပျက်ဖြစ်ပျက် အပူ အအေးတို့ ရှိကြကုန်၏။ မြေထဲ-ရေထဲ၌လည်း အပူအအေးတို့ ဖြစ် ပျက် ဖြစ်ပျက် ရှိကြကုန်၏။ သတ္တဝါအလုံးစုံတို့၏ သန္တာန်၌လည်း အပူ အအေးတို့ ဖြစ်ပျက်ဖြစ်ပျက် ရှိလျက်နေကြကုန်၏။ မိမိကိုယ်က အပူရုပ်- အအေးရုပ်တို့နှင့် စကြဝဠာအနန္တ၌ ရှိသော အပူရုပ် အအေးရုပ် တို့သည် တဆက်တည်းဆက်စပ်၍ ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။

# ပဋိစ္စသမုပ္ပါဒ-ဓမ္မဒေသနာ

## ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် တိုင်းပြည်ကို အုပ်ချုပ်ပုံအကြောင်း

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာ ဏံ၊ လ။ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက၊ ပရိဒေ ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါ ယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ် ဖြစ် သည်။လ။ ဘဝကြောင့် ဇာတိဖြစ်သည်။ ဇာတိကြောင့် ဇရာ မရဏဖြစ် သည်။ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, တအုံနွေးနွေး

ပူဆွေးခြင်းတို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကြကုန်၏။ ဤကဲ့သို့ ဖြစ်ချည်, ပျက်ချည်, ရှင်ချည်, သေချည်, အိုချည်, နာချည်, အတည်မမြဲ အမျိုးမျိုးလဲ၍ ဆင်းရဲအစု ဆင်းရဲအပေါင်း (ဆင်းရဲအသင်းကြီး) သည် သံကွင်းကြိုးဆက် သကဲ့သို့ **ဖြစ်ပျက်ဖြစ်ပျက်** အဆက်မပြတ် စက်ရဟတ်ပမာ ချာချာ လှည့်ပတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေသည်။

ထိုပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေ ရာ၌ (၁)အဗျာပါရနည်း။ (၂)နာနတ္တနည်း။ (၃)ကေတ္တနည်း။ (၄)ဧဝံ ဓမ္မတာနည်း ဤနည်း လေးမျိုးတို့ဖြင့် ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ အသစ်အသစ်လဲ၍ ပြောင်းလဲဖြစ်ပျက်နေသည်။

**အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်** ဆိုရာ၌ အဝိဇ္ဇာက-သင်္ခါရ ကို ဖြစ်ရမည် ဖြစ်စေ-ဟူ၍ အာဏာဖြင့် စေခိုင်းသည်လည်းမဟုတ်၊ သင်္ခါရ ဖြစ်အောင် အားထုတ်ခြင်း ပယောဂ-ဗျာပါရ ရှိသည်လည်းမဟုတ်၊ ဤ သို့ စေခိုင်းခြင်း အားထုတ်ခြင်း မရှိဘဲနှင့် သင်္ခါရ ဖြစ်၍ လာရခြင်းသည် **အဗျာပါရနည်း** မည်၏။

အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အချင်းချင်း သဘောမတူ ကြကုန်၏။ အဝိဇ္ဇာက ဖြစ်ပျက်ကိုမသိမြင်ခြင်းသဘောရှိ၏။ ဖြစ်ပျက် ဖြစ်ပျက်နေသည် ဟူ၍ မသိခြင်း မမြင်ခြင်းကိုပင်လျှင် အဝိဇ္ဇာဆိုသည်။ သင်္ခါရကပြုလုပ်ခြင်း သဘောရှိ၏။ ဖြစ်အောင် ပြုလုပ်ခြင်း ကုသိုလ်-အကုသိုလ်ကံတို့ကို ပင်လျှင် သင်္ခါရဟူ၍ဆိုသည်။ မသိခြင်းသဘောနှင့် ပြုလုပ်ခြင်းသဘောသည် တမျိုး စီနေသည်၊ ဤသို့ သဘောတမျိုးစီနေသည်ကို **နာနတ္တနည်း** ဆိုသည်။

အဝိဇ္ဇာ နှင့် သင်္ခါရ တို့သည် သဘော တမျိုးစီ နေသော်လည်း အကြောင်းနှင့်အကျိုးဆက်စပ်၍ တဆက်ထည်း, တစပ်ထည်း, တပေါင်း ထည်းနေသည်။ ဤသို့ အကြောင်းအကျိုးဆက်စပ်၍ တစဉ်ထည်း အစဉ် မပြတ် (သန္တာနအနုပစ္ဆေဒ) တခုသော သန္တာန်၌ ဆက်စပ်၍ နေသည်ကို **ကေတ္တနည်း** ဆိုသည်။

အဝိဇ္ဇာမရှိလျှင် ကုသိုလ်-အကုသိုလ် သင်္ခါရတို့ မဖြစ်နိုင်၊ အဝိဇ္ဇာ ရှိနေသာလျှင် ကုသိုလ်-အကုသိုလ် သင်္ခါရတို့ ဖြစ်မြဲဓမ္မတာ ဖြစ်သည်ကို **ဧဝံဓမ္မတာနည်း** ဆိုသည်။

**ဇာတိကြောင့် ဇရာ မရဏ ဖြစ်သည်** ဆိုရာ၌ ဇာတိ က ဇရာ မရဏကို ဖြစ်ရမည်၊ ဖြစ်စေဟူ၍ အာဏာဖြင့် ခိုင်းစေသည်လည်း မဟုတ်၊ ဇရာ မရဏဖြစ်အောင် အားထုတ်ခြင်းပယောဂ ဗျာပါရ ရှိသည်လည်းမဟုတ်၊ ဤသို့ စေခိုင်းခြင်း, အားတုတ်ခြင်းမရှိဘဲနှင့် ဇရာ-မရဏ ဖြစ်၍လာခြင်းသည် **အဗျာရပါနည်း** မည်၏။

ဇာတိနှင့် ဇရာ မရဏတို့သည် အချင်းချင်း သဘောမတူကြကုန်။ ဇာတိက ဖြစ်ခြင်းသဘောရှိ၏။ တခုသောဘဝ၌ အစရှေးဦးစွာ ဖြစ်သည်ကိုပင်လျှင် ဇာတိဟူ၍ဆိုသည်၊ ဇရာ-မရဏ က ရင့်ရော် ယိုယွင်း အိုခြင်း သေခြင်းသဘောရှိ၏။ ရင့်ရော်ယိုယွင်း အိုခြင်း-သေခြင်းကို ပင်လျှင် ဇရာ-မရဏဟူ၍ဆိုသည်။ ဇာတိ-ဖြစ်ခြင်း သဘောနှင့် ဇရာ-မရဏ-အိုခြင်း သေခြင်း သဘောသည် တမျိုးစီနေသည်။ ဤသို့ ဇာတိနှင့်ဇရာ-မရဏတို့ သဘောတမျိုးစီနေသည်ကို **နာနတ္တနည်း** ဆိုသည်။

ဇာတိနှင့် ဇရာ မရဏတို့သည် သဘော တမျိုးစီ နေသော်လည်း အကြောင်းနှင့် အကျိုး ဆက်စပ်၍ တဆက်ထည်း,တစပ်ထည်း နေသည်။ မန္တလေးက ဖြစ်ခဲ့သော ဇာတိသည် ရန်ကုန်သို့ ရောက်မှ ဖြစ်သော ဇရာ မရဏနှင့် ဌာန အားဖြင့် မိုင်ပေါင်း ၃၈၆-မိုင် ကွာဝေး၏။ ၁၂၀၀-ပြည့်နှစ်က ဖြစ်ခဲ့သော ဇာတိသည် ၁၂၈၀-ပြည့်နှစ်သို့ ရောက်မှ ဖြစ်သော ဇရာ မရဏနှင့်ကာလအားဖြင့် နှစ်ပေါင်းရှစ်ဆယ် ကွာဝေး၏။ ဤသို့-ဌာနကာလ-ကွာဝေး ကြသော်သည်း ဇာတိကြောင့် သာလျှင် ဇရာ မရဏဖြစ်၍ အကြောင်းအကျိုး အားဖြင့် (ကေသန္တာန) တစဉ်ထည်း, တဆက်ထည်း, တစပ်ထည်း, တပေါင်းထည်း နေသည်ကို **ကေတ္တနည်း** ဆိုသည်။

ဇာတိဖြစ်လျှင် မလွဲသာမရှောင်သာ ဇရာ မရဏ ဖြစ်ရမြဲ သဘော ဓမ္မတာရှိသည်။ ဇာတိ မဖြစ်လျှင် ဇရာ မရဏ မဖြစ်နိုင်။ ဇာတိဖြစ်မှသာ လျှင် ဇရာ မရဏဘို့ဖြစ်မြဲ သဘော ဓမ္မတာကိုပင်လျှင် **ဝေံဓမ္မတာနည်း** ဆိုသည်။ ။စဉ်းစား၍ကြည့် ဟုတ်မှန်လှ၏။

(၁) မိုဃ်းရွာလျှင် မြက်တို့ ပေါက်ကြကုန်၏၊ မိုဃ်းက မြက်ႇို့ကို ပေါက်အောင် စေခိုင်းခြင်း, အားထုတ်ခြင်း ပယောဂ ဗျာပ ရ မ၎့၊ **အဗျာပါရနည်း**။

(၂) မိုးကစွတ်စိုအေးမြခြင်း သဘောရှိသည်၊ မြက်တို့ကပေါက်ခြင်းသဘောရှိသည်၊ သဘောတမျိုးစီနေသည်။ ။**နာနတ္တနည်း**။

(၃) မိုးကအကြောင်း မြက်တို့ကအကျိုးဖြစ်ကြ၍မိုးနှင့်မြက်တို့သည် အကြောင်းအကျိုးအားဖြင့် တဆက်ထည်း, တစပ်ထည်းနေသည်ဟုဆိုရမည်။ ။**ဧကတ္တနည်း**။

(၄) မိုးရွာလျှင် မြက်တို့ပေါက်ကြမြဲ သဘောရှိသည်၊ မိုးမရွာလျှင် မြက်တို့မပေါက်နိုင်။ ။**ဧဝံဓမ္မတာနည်း**။

ဤကား ပဋိစ္စသမုပ္ပါဒ်နည်းနှင့် အလျော် အားဖြင့် ပြလိုက်သော မိုးရွာ မြက်ပေါက်နည်းဖြစ်သည်။ ။ယုတ္တိရှိရဲ့လား၊စဉ်းစား၍ ကြည့်ရှုကြံစည်ရာ၏။

ယခုလက်ထက် တိုင်းပြည်အုပ်ချုပ်ပုံ နည်းသည်လည်း။ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် အလျော်အားဖြင့် ဖြစ်လေသည်။

## စာပို့တိုက်စည်းကမ်းကိုအကျဉ်းအားဖြင့် ထုတ်ဘော်၍ ပြပေအံ့ စဉ်းစား၍ရှုရာ၏

စက္ကူ စာရွက်တခု၌ အလိုရှိရာ စကားကို ရေးသား၍ စာအိတ်မှာ ထည့်ပိတ်ပြီးလျှင် ၎င်းစာအိတ် ကျောပေါ်မှာ နာမည်, နေရပ်, မြို့ရွာ-အမည်တို့ကို သေချာစွာရေးသား၍ တခုခုသော စာပို့တိုက်မှာ ထည့်၍ထားလိုက်လျှင် မိမိကစေခိုင်းခြင်း, အားထုတ်ခြင်းမရှိဘဲ အလိုရှိရာ မြို့ရွာအရပ်သို့ ရောက်လေသည်။

ဤစာပို့တိုက် စည်းကမ်း၌လည်း ပဋိစ္စသမုပ္ပါဒ် ကဲ့သို့ နည်းလေးမျိုးဖြင့် အစဉ်မပြတ် ဖြစ်ပျက်ဖြစ်ပျက်နေလေသည်။

## နည်းလေးမျိုးဖြစ်ပုံ

စာပေးသူက စာပို့ပျာတာကို စေခိုင်း တိုက်တွန်းခြင်း မရှိသည်ကို **အဗျာပါရနည်း** ဆိုသည်။

စာပေးသူက စာကိုအလိုရှိရာအရပ်သို့ ရောက်စေလိုသော သဘောရှိသည်၊ စာပို့ပျာတာက လခငွေကိုရလိုသော သဘောရှိသည်။ သဘောတမျိုးစီ။ ။**နာနတ္တနည်း**။

စာပေးသူနှင့်စာပို့ပျာတာသည် အသိမိတ်ဆွေလည်း မဟုတ်၊ ဆွေမျိုးသားချင်း တော်စပ်သည်လည်း မဟုတ်၊တဦးနှင့်တဦးကို မသိကြသော်လည်း စာပေးသူရှိသောကြောင့် သာလျှင် စာပို့ပျာတာ သွားရသည်၊ စာပေးသူက အကြောင်း စာပို့ပျာတာက အကျိုး၊ စာပေးသူက မြန်မာပြည်ကနေ၍ စာပို့ပျာတာက အင်္ဂလန်ပြည်က နေ၍ တနေရာစီ,တမြို့စီ, တနိုင်ငံစီ နေသော်လည်း အကြောင်းအကျိုးအားဖြင့် တဆက်ထည်း, တစပ်ထည်း, တပေါင်းထည်းနေသည်ကို **ကေတ္တနည်း** ဆိုသည်။

စာပေးသူက စာအိတ်ကို စာပို့တိုက်မှထည့်၍ထားလျှင် စာပို့ပျာတာက မနေသာဘဲ သွားရမြဲသဘော ရှိသည်ကို **ဝေံဓမ္မတာနည်း** ဟူ၍ ဆိုသည်။

စာပေးသူ တယောက်၏စာသည် စာပို့ပျာတာပေါင်းများစွာကို သွားစေနိုင်သော သဘောရှိသည်၊ မြန်မာပြည်က စာပေးသူ၏ စာသည် အင်္ဂလန်ပြည်က စာပို့ပျာတာကို သွားစေနိုင်သော သဘော ရှိသည်၊ အဘယ့်ကြောင့် နည်းဟူမူ၊ ကေတ္တနည်း, တဆက်ထည်း, တစပ်ထည်း တပေါင်းထည်း ဖြစ်လေသောကြောင့်တည်း။

စကြဝဠာအနန္တသို့ မီးရထား, မီးသင်္ဘော, လေယာဉ်ပျံတို့ ပေါက်ရောက်အောင် သွားနိုင်ပါလျှင် မြန်မာပြည်က စာပေးသူ တယောက်၏ စာသည် စကြဝဠာ အနန္တ၌ ရှိသော စာပို့ပျာတာအများကို သွားစေနိုင်သော သဘောရှိသည်။

လက်ဝါးသာသာလောက်ရှိသော ငွေလွှဲ-ငွေပို့ မနီအော်ဒါစာရွက်ကလေးသည် စကြဝဠာ အနန္တ၌ရှိသော ငွေပေါင်း များစွာကို ငွေရှင်တယောက်ထည်းဖြင့် မပျောက်ရအောင် ထိန်းသိမ်းနိုင်သော စည်းကမ်းသဘောရှိသည်၊ အလွန်ကောင်းသော စည်းကမ်းမဟုတ်ပါလား။

တံဆိပ်ခေါင်းမပါသော စာအိတ်ကို ပိုက်ဆံတပဲပေး၍ ရွေးယူရသည်၊ငင်းပိုက်ဆံတပဲကို စာပို့ပျာတာရသလားမေး၍ကြည့်၊ သူမရကြောင်းကို စာပို့ပျာတာက ပြောလိမ့်မည်။စာပို့ပျာတာ မရလျှင် ဘယ်သူ့ကိုပေးရသလဲဟုမေးလျှင် ဆိုင်ရာ စာတိုက်ဗိုလ်ထံ ပေးအပ်ရကြောင်းကို ပြောလိမ့်မည်။ ၎င်းစာတိုက်ဗိုလ်ကိုလည်း မေး၍ကြည့်၊ ဆိုင်ရာစာတိုက်ရုံးကြီး

သို့ပို့ရပါသည် စသည်ဖြင့် ပြောလိမ့်မည်။ စာတိုက် မင်းကြီး တိုင်အောင် မေး၍ ကြည့်သော်လည်း ၎င်းပိုက်ဆံတပဲကို ဘယ်သူကမှ - ရသည်ဟူ၍မ ပြောလတ္တံ့။ မိမိတို့အသီးအသီး ထိုက်တန်သော လခကိုသာလျှင်ရပါသည် ဟူ၍ ပြောဆိုကြလတ္တံ့. (မယုံလျှင်မေး၍ကြည့်ကြကုန်။) ၎င်းပိုက်ဆံတပဲကို ဘယ်သူမှရသည်မဟုတ်၊ စာပို့တိုက် ဆိုင်ရာဌာန ငွေတိုက် ဘဏ်တိုက်သို့ အဗျာပါရနည်းဖြင့် အလိုလိုဆိုက်ရောက်၍သွားလေသည်။ အလွန်ကောင်းသော စည်းကမ်းမဟုတ်ပါလား။

စာပို့တိုက်ဆိုင်ရာ ငွေတိုက်-ဘဏ်တိုက်သို့ ရောက်သောအခါလည်း ဘဏ်တိုက်စိုး, ဘဏ်တိုက်မင်းကြီး, ငွေတိုက်စိုး, ငွေတိုက်ဝန် အစရှိသော အလုံးစုံသော လခစား, အလုပ်သမား, လူအများတို့သည် မိမိတို့ဆိုင်ရာ အလုပ်ကိုသာ လုပ်ကိုင်၍ သွားကြရလေသည်၊ ၎င်း ပိုက်ဆံတပဲကို ရကြသည်မဟုတ်။

အလုံးစုံသော အလုပ်သမားလခစားတို့သည် မိမိတို့ ကိုယ်စီကိုယ်စီ အသီးအသီး လုပ်ကိုင်ရေးမှတ်ရသော စာရင်းစာအုပ် အမျိုးမျိုး ရှိသည်၊ ထိုစာရင်းစာအုပ် အမျိုးမျိုးရှိသော်လည်း အချုပ်အားဖြင့် ဝင်စာရင်း ထွက်စာရင်းဟူ၍ နှစ်မျိုးသာလျှင် ရှိသည်။

တနှစ်လည်မှရှင်းရသော နှစ်ချုပ်စာရင်ကို ပေါင်း၍ ဝင်စာရင်းကို ရှင်းသောအခါ မည်သည့်စာအိတ်က ပိုက်ဆံတပဲ, မည်သည့်ပါဆယ်က ပိုက်ဆံတမူး, ၂၅-ကျပ် မနီအော်ဒါပို့သောအခ ၄-ပဲ, ဤသို့ စသည်ဖြင့် အရပ်ရပ် ဝင်ငွေပေါင်း ငါးသိန်းရသည်ဟုဆို၍ ထွက်စာရင်းမှာလည်း မည်သည့်စာပို့ပျာတာက လခဘယ်မျှလောက်-မည်သည့် စာတိုက်ဇိုလ်က လခဘယ်လောက် စာတိုက်ဝန်, စာတိုက်မင်းကြီး လခ ဘယ်လောက် စသည်ဖြင့် အရပ်ရပ်ထွက် စာရင်းငွေပေါင်း လေးသိန်း ဆိုလျှင် တသိန်း မြတ်သည်။ ၎င်းမြတ်သော ငွေတသိန်းကို ဘယ်သူရသလဲဆိုလျှင် ဘယ်သူကမှ ရသည်မဟုတ်၊ စာပို့တိုက်ဆိုင်ရာ ရံပုံငွေအဖြစ်၌သာလျှင် တည်နေလိမ့်မည်၊ ၎င်းစာပို့တိုက်ဆိုင်ရာငွေကို ဘယ်မှာ အသုံးချပါသလဲ ဆိုလျှင် စာပို့တိုက်ဆိုင်ရာ၌သာလျှင် အသုံးချသည်၊ ပျက်သော စာတိုက်ကို ပြင်ဆင် လုပ်ကိုင်ခြင်း၊ အသစ်ဆောက်လုပ်သင့်သော နေရာရှိလျှင် စာပို့တိုက်အသစ် ဆောက်လုပ်ခြင်းစသည်ဖြင့်စာပို့တိုက် ဆိုင်ရာ၌သာလျှင် အသုံးပြုရသည်။

စာပို့တိုက်ဆိုင်ရာ ငွေကို ရလိုလျှင် စာပို့တိုက်ဆိုင်ရာ၌ အလုပ်ကို လုပ်ရမည်။ စာပို့တိုက်မှာ အလုပ်လုပ်သောသူသည် စာပို့တိုက်ဆိုင်ရာ ငွေကို လခအနေနှင့် ရနိုင်၏။ များများကြီး ရလိုလျှင် များများကြီး ရနိုင်သော စာတိုက်မင်းကြီး အလုပ်ကို လုပ်ရမည်။ စာတိုက်မင်းကြီး အလုပ်ကို မလုပ်တတ်လျှင်လည်း ငွေအကုန်ခံ၍ ပညာသင်ကျောင်းကြီးများ၌နေ၍ စာတိုက်မင်းကြီး အလုပ်ပညာကို တတ်အောင်သင်ရမည်။ မသင်နိုင်လျှင် မတတ်-မတတ်လျှင် မလုပ်နိုင်၊ မလုပ်နိုင်လျှင် စာတိုက်ငွေကို မရနိုင်။

စာတိုက်ဝန်၊ စာတိုက်ဗိုလ် အလုပ်ကိုလည်း ထိုအတူအလုပ်ပညာ တတ်မှသာလျှင် လုပ်နိုင်၍ စာတိုက်ဆိုင်ရာငွေကို လခအနေနှင့် ရနိုင်သည်။

စာပို့ပျာတာလုပ်လိုလျှင် ပညာကိုမသင်ရဘဲ စာတိုက်ဆိုင်ရာငွေကို ရနိုင်လွယ်၏၊ သို့သော်လည်း အပေါင်-အာမခံငွေ ငါးဆယ်-ခြောက်ဆယ် တင်ထားရပေလိမ့်မည်။

စာပို့ပျာတာသည် စာတိုက်မှာ အလုပ် လုပ်သောကြောင့် စာတိုက်ဆိုင်ရာငွေကို လခအနေနှင့် ရသော်လည်း စာတိုက်ဆိုင်ရာငွေကို အစိုးမရသကဲ့သို့ စာတိုက်ဗိုလ်၊ စာတိုက်ဝန်၊ စာတိုက်မင်းကြီး စသည်တို့လည်း စာတိုက်ငွေကို အစိုးမရကြကုန်။

**ဖြစ်ပျက် ဖြစ်ပျက်** အဆက်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေသော ပဋိစ္စသမုပ္ပါဒ်ကို ဘယ်သူမှ အစိုးမရသကဲ့သို့ အဆက်မပြတ် မရပ်မစဲ တသဲသဲဝင်ထွက်၍နေသော စာပို့တိုက်ဆိုင်ရာ ငွေတို့ကိုလည်း ဘယ်သူကမှ အစိုးမရကြကုန်။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ လ။ ဇာတိကြောင့် ဇရာ မရဏ ဖြစ်သည်။ အဝိဇ္ဇာ အကြောင်း။ သင်္ခါရအကျိုး။ လ။ ဇာတိအကြောင်း။ ဇရာ မရဏ အကျိုး။ ဤကဲ့သို့ အကြောင်းနှင့် အကျိုးဆက်၍ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေသော ပဋိစ္စသမုပ္ပါဒ်သည် အလုံးစုံသော သတ္တဝါတို့ကို လွှမ်းမိုးအုပ်ချုပ်၍နေသကဲ့သို့ စာပို့တိုက် စည်းကမ်း နည်းလမ်းကြီးသည်လည်း အလုံးစုံသော တိုင်းသူပြည်သား လူအများတို့ကို လွှမ်းမိုးအုပ်ချုပ်၍ နေလေသည်။

## ပဋိစ္စသမုပ္ပါဒ်မလွတ်

ပဋိစ္စသမုပ္ပါဒ်နည်းမှ လွတ်ကင်းအောင် ဘယ်သူမှမနေနိုင်သကဲ့သို့ စာတိုက်စည်းကမ်းမှ လွတ်ကင်းအောင် ဘယ်သူမှ နေနိုင်လိမ့်မည် မဟုတ်။

ပဋိစ္စသမုပ္ပါဒ်မှ လွတ်ကင်းလိုလျှင် အကြောင်း အကျိုး ဆက်၍ ဖြစ်ပျက် ဖြစ်ပျက်နေသော ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ထင်မြင်အောင် ဆင်ခြင်၍ မဖြစ်ချင်ဘဲ နေမှသာလျှင် မဖြစ်ဘဲ, မပျက်ဘဲ, မအို-မသေဘဲ, အဝိဇ္ဇာ။ သင်္ခါရ။ လ။ ဇာတိ။ ဇရာ မရဏဟူသော ပဋိစ္စသမုပ္ပါဒ်တရားမှ ကင်းလွတ်၍ နေရမည်။

စာတိုက် စည်းကမ်းမှ လွတ်ကင်း လိုလျှင်လည်း စာမပေးချင်နှင့်၊ သူတပါး စာပေးသည်ကိုလည်း မယူချင်နှင့်၊ ခါးမှာဝတ်၍ နေသော အဝတ်,ပုဆိုး,အင်္ကျီ,လုံချည်,ထမီ,တဘက်တို့ကိုလည်း ဝတ်ရုံသုံးစွဲ မပြုချင်နှင့်၊ ၎င်းအထည်အဝတ်တို့သည် တကျွန်း,တနိုင်ငံမှ စာတိုက်စည်းကမ်းဖြင့် ပါဆယ် ဗီ-ပီ-ပီ-စသည် ပြုလုပ် တင်ပို့ရောင်းချသော ဝတ္ထုပစ္စည်းများ ဖြစ်၍ ဝတ်ရုံသုံးစွဲသောသူတို့မှာ စာပို့တိုက်စည်းကမ်းမှ မလွတ်ဟူ၍ ဆိုရ လိမ့်မည်။

ပဋိစ္စသမုပ္ပါဒ်နည်း၌ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်ခြင်း အဝိဇ္ဇာ မောဟတည်းဟူသော အကြောင်းကြောင့် သင်္ခါရ,ဝိညာဏ်,နာမ် ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့သည် သံကွင်းကြိုး ဆက် သကဲ့သို့ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်၍ နေလေသည်။ ထို့အတူပင်လျှင် စာတိုက်စည်းကမ်း၌လည်း စာပေးသူ-ငွေပို့သူ တည်းဟူသော အကြောင်းကြောင့် စာအိတ်ယူသော ကုလား, စာပို့ပျာတာ, စာတိုက်ဗိုလ်, စာတိုက်ဝန်, စာတိုက်မင်းကြီး အစ ရှိသော စာတိုက်အလုပ်သမား လခစား အပေါင်းတို့သည် အလုံးစုံ အဆက်ဆက် တွက်ချက်ရေးမှတ် ပေးအပ်သိမ်းဆည်း - ယူဆောင်ပို့လာ ဆိုင်ရာလူများ လှုပ်ရှား၍ သွားရသဖြင့် ဖြစ်ပျက် ပြောင်းလဲ ဆင်းရဲဒုက္ခ အစု အပေါင်း ကြီးသည် အစဉ်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက် နေလေသည်။ စာပို့ သင်္ဘောနှင့် တရိုးရိုး,စာပို့ရထား-စာပို့လေယာဉ်ပျံတို့နှင့် တရိုးရိုး, အုံးအုံး ကြွက်ကြွက် ဖြစ်ပျက် ပြောင်းလဲနေသည်။

ပဋိစ္စသမုပ္ပါဒ်နည်းသည်(ဟိုကဟာ-သည်။ သည်ကဟာ-ဟို)ထိုထို ဤဤ ဟိုဟို သည်သည် အလီလီ အသွယ်သွယ် ဖြစ်ပျက် ဖြစ်ပျက် အဆက် မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေသကဲ့သို့ စာပို့တိုက်စည်းကမ်းနည်း လမ်းသည်လည်း (ဟိုကဟာ-သည်။ သည်ကဟာ-ဟို) ထိုထို ဤဤ ဟိုဟို သည်သည် အလီလီ အယှက်ယှက် မီးသဘောင်္ဘာနှင့်ဆက်၊ မီးရထားနှင့်ဆက်၊ အဆက်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက် နေလေသည်။

စာပို့တိုက်ဆိုင်ရာ ငွေတို့ကို ပိုင်ဆိုင်သူ အစိုးရသူ တဦးတယောက်မျှ မရှိခဲ့သော် ထိုငွေတို့ကို မပျောက်ရအောင် ဘယ်သူက စောင့်ရှောက်၍ နေ ပါသနည်းဟူမူကား စာတိုက်ဆိုင်ရာ အလုပ်ကိုလုပ်ကိုင်၍ နေကြကုန်သော အလုပ်သမား လခစား လူအပေါင်းတို့၏ တာဝန်ဖြစ်သည်။

## အစိုးမရ

တာဝန်ဖြစ်ပုံကား စာပို့ပျာတာ၏ လက်ထဲမှာရှိခိုက် စာပို့ပျာတာ ၏ တာဝန် ဖြစ်သည်။ စာတိုက်ဗိုလ်၏ လက်ထဲမှာ ရှိခိုက် စာတိုက်ဗိုလ်၏ တာဝန်ဖြစ်သည်။ ဤသို့စသည်ဖြင့် အဆက်ဆက် တာဝန်ကျရာ တာဝန် ခံ၍ လုပ်ကိုင်ရေးမှတ် ပေးအပ်သိမ်းဆည်း ယူဆောင်ပို့ရောက် နောက်ဆုံး ပိတ်အသုံးချပြီး ပျက်စီးပြန်လည်း ထပ်မံပြင်ဆင် ပြုပြင် လုပ်ကိုင်လျက် အဆက်မပြတ် စက်ရဟတ် လည်သကဲ့သို့ လှည့်လည် စဉ်ဆက် ဖြစ်ပျက် ပြောင်းလဲ၍သာ နေလေသည်။ ဘယ်သူမှ အစိုးရသူကို ရှာ၍ မတွေ့ ဖြစ် လေသည်။

ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အစဉ်အဆက် ဖြစ်ပျက် ဖြစ်ပျက်နေသော ရုပ်နာမ်အစုအပေါင်းကြီးကို အစိုးရသူ မရှိပါဘဲနှင့် **ငါ - ငါ၏ ကိုယ်၊ သူ-သူ၏ကိုယ်၊ ငါ့ဟာ-သူ့ဟာ၊ ငါအစိုးရသည်၊ သူအစိုးရသည်** စသည်ဖြင့် အထင်မှား, အမြင်မှား, သညာဝိပ္ပလ္လာသ - သက္ကာယဒိဋ္ဌိဖြင့် စွဲလန်းပြောဆိုနေကြသကဲ့သို့ ယခုလက်ထက် တိုင်းပြည်အုပ်ချုပ်ပုံနည်းမှာ လည်း အစိုးရသူကို ရှာ၍ မတွေ့ပါဘဲနှင့် တိုင်းပြည် အလုပ်သမား လခ စား လုပ်သား အစုအပေါင်းကြီးကိုပင်လျှင် အစိုးရဟူ၍ခေါ်ရလေသည်။ စင်စစ် အဟုတ်အမှန်အားဖြင့် ဆိုသော် **အစိုးရသူကို ရှာ၍ မတွေ့** ဖြစ်လေသည်။

တိုင်းပြည်မှ ခွဲခန့်ကောက်ခံသော အခွန်ငွေကိုလည်း စာတိုက်ငွေနှင့် အတူတူပင်လျှင် ဘယ်သူမှအစိုးပိုင်သူမရှိဖြစ်လေသည်။တိုင်းပြည်မှခွဲခန့်ကောက်ခံသော အခွန်ငွေများကို ရလိုလျှင် တိုင်းပြည် လခစား အလုပ်ကို လုပ်ရမည်။

မြို့အုပ်,ဝန်ထောက်,အရေးပိုင်,မင်းကြီး, ဘုရင်ခံ စသောသူတို့သည် တိုင်းပြည်လခစား အလုပ်ကို လုပ်ကြသောသူတို့ ဖြစ်ကြလေသည်။ ဤသူတို့သည် တိုင်းပြည် ဆိုင်ရာ ငွေကို လခ အနေနှင့် ရနိုင်ကြ သော် လည်း တိုင်းပြည်ဆိုင်ရာငွေကို ထိုသူတို့အစိုးမရကြချေ။ တိုင်းပြည်မှ ခွဲခန့်ကောက်ခံသော အခွန်ငွေ အလုံးစုံတို့ကို တိုင်သူးပြည်သားများ ဆိုင်သော **မဟာသံဃိကပစ္စည်း** ဟူ၍ ဆိုစရာဖြစ်လေသည်။သို့သော်လည်း ရဟန်းသံဃာ၏ ပစ္စည်းမဟုတ်သောကြောင့် (သံဃိက-မဆိုရ) တိုင်းသူပြည်သား အားလုံးဆိုင်သော **ဘုမ္မာသက-ပစ္စည်း** ဟူ၍ဆိုရမည်။

အခွန်ငွေများနှင့်တကွ တိုင်းပြည်-နိုင်ငံကြီးကို အစိုးရသူ အစိုးပိုင်သူဟူ၍ ဘော်ပြစရာ တဦးတယောက်ကိုမျှ ရှာ၍မတွေ့ဘဲ (ဘုမ္မာသက)ဖြစ်ခဲ့သော် ထိုတိုင်းပြည်-နိုင်ငံကြီးကို ဘယ်သူတို့က အုပ်ချုပ်၍ နေပါသနည်း ဆိုလျှင်-ပဋိစ္စသမုပ္ပါဒ်နည်းကဲ့သို့ အသီးအသီး တာဝန်ကျရာ တာဝန်ခံ၍ အုပ်ချုပ်၍ နေသည်ဟုဆိုရမည်။ စာတိုက် ဆိုင်ရာငွေကို စာတိုက် အလုပ်သမား လခစားတို့ အသီးအသီး တာဝန်ကျရာ-တာဝန်ခံ၍ အုပ်ချုပ်နေသကဲ့သို့ တိုင်းပြည်နိုင်ငံကြီးကိုလည်း တိုင်းပြည် အလုပ်သမား လခစားတို့ အသီးသီးတာဝန်ကျရာ တာဝန်ခံ၍ အုပ်ချုပ်နေလေသည်။

ပဋိစ္စသမုပ္ပါဒ်နည်းနှင့် အလျော်အားဖြင့်ဖြစ်သော စာတိုက် စည်းကမ်း နည်းလမ်းဖြင့် အုပ်ချုပ်သည်ရှိသော် စကြဝဠာအနန္တ တိုင်အောင် မီးရထား, မီးသင်္ဘော, လေယာဉ်ပျံတို့ သွားရောက် နိုင်ပါလျှင် စကြဝဠာ အနန္တကိုသော်လည်း တပေါင်းထည်း, တဆက်ထည်း, ကေတ္တနည်းဖြင့် အုပ်ချုပ်နိုင်ဘွယ်ရာရှိသည်ဟု ဆိုစရာဖြစ်လေသည်။

ဤပဋိစ္စသမုပ္ပါဒ်နည်း။ စာတိုက်စည်းကမ်းနည်းလမ်းဖြင့် အုပ်ချုပ်သည်ရှိသော် ဘယ်လူမျိုးသည် ဘယ်လူမျိုး၏ လက်အောက်ခံဟူ၍ ဆိုဘွယ်

မရှိ မိမိတို့ ပညာ အရည်အချင်း အားလျော်စွာ တာဝန် ကျရာ အလုပ်ကို လုပ်ကိုင်ရသော တာဝန်ခံအလုပ်သမား,လခစားတွေသာဖြစ်ကြ၍ တိုင်းသူ ပြည်သားများ သဘောရှိ လွတ်လပ်စွာနေရသော အုပ်ချုပ်နည်း ဖြစ်လေသည်။ မင်းစိုး ရာဇာဟူ၍ ပြောပြစရာမရှိ၊တာဝန်ခံ အလုပ်သမား လခစား တွေသာရှိလေသည်။

ယခုအခါ မြန်မာတိုင်းပြည်ကို မြန်မာလူမျိုးများကိုယ်တိုင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးမည် ဆိုရာ၌လည်း တိုင်းပြည် နိုင်ငံ ဝန်ထမ်း, တာဝန်ခံ အလုပ်ကို မြန်မာလူမျိုးများ လုပ်တတ်ကြပါလျှင် ဗြိတိသျှလူမျိုးတွေ လုပ်ကိုင်သော ( အရေးပိုင်, မင်းကြီး, ဘုရင်ခံ ) အလုပ်နေရာ၌ မြန်မာလူမျိုး များကို အလုပ်နေရာလွှဲပေးမည်ဟူ၍ ဆိုရာရောက်လေသည်။

ပဋိစ္စသမုပ္ပါဒ်နည်းနှင့် လျော်စွာစီမံထားသော စာတိုက်စည်းကမ်း နည်းလမ်း အလုပ်ပညာကို စာတိုက်မင်းကြီး လုပ်နိုင်အောင် မြန်မာလူမျိုး များတတ်မြောက်ကြပါလျှင် မန္တလေးဒါစာရွက်မှစ၍ စာပို့တိုက်စာရွက်မှ ဘဏ်တိုက်ဆိုင်ရာ စာရင်းစာအုပ်တို့၌ မြန်မာစကား,မြန်မာဘာသာ,မြန်မာ စာလုံးအက္ခရာတို့ဖြင့် ရေးသား၍ မြန်မာစာပို့ပျာတာ,မြန်မာစာတိုက်ဗိုလ်, စာတိုက် ဝန်ထောက် တို့သာလျှင် လုပ်ကိုင် နေထိုင်ကြ၍ မြန်မာလူမျိုး လယ်သမား-ယာသမားတို့သည်လည်း အလွယ်တကူ-ငွေယူ,ငွေပို့,ငွေချေး, ငွေအပ် အလုပ်တို့၌ မြန်မာစာလုံးဖြင့် ရေးသားသော မြန်မာစာ, မြန်မာ စကားတို့ကိုကြည့်ရှု၍ သိမြင်လွယ်သဖြင့် မြန်မာလူမျိုး ဆင်းရဲသားတို့မှာ လည်း ဥစ္စာစီးပွား အကျိုးများ၍ တိုးပွားလာဘို့ရှိလေသည်။

ယခုမှာမူ စာပို့တိုက်ဟူသမျှတို့၌ အင်္ဂလိပ်စကား,အင်္ဂလိပ်ဘာသာ, အင်္ဂလိပ်အက္ခရာစာလုံးတို့ဖြင့် သာရှိကြ၍ အင်္ဂလိပ်စာမတတ်သော မြန်မာ လူမျိုးတို့သည် စာပို့တိုက်ဆိုင်ရာအလုပ်တို့ကို မလုပ်နိုင်ကြကုန်။

ကူးသန်းရောင်းဝယ်မှု-အလုပ်မှာသာလျှင်မဟုတ် ဘယ်အလုပ်မဆို ဘယ်လူမျိုးမဆို အလုံးစုံသောလူအပေါင်းတို့သည် စာပို့တိုက် ၊ ည်းကမ်းနှင့် ကင်း၍ မဖြစ်နိုင်ရကား .... စေခိုင်းခြင်း မရှိသော အဗျာပါရ နည်းဖြင့် စာတိုက်စည်းကမ်းသို့ အလိုလို ဆိုက်ရောက်၍ လာကြရကုန်၏။ စာတိုက် စည်းကမ်းသို့ ဆိုက်ရောက်သမျှ အလုံးစုံတို့ သည်လည်း အင်္ဂလန်ပြည်သို့ အလိုလိုဦးတိုက်ခါ ဆိုက်ရောက်သွားလေတော့သည်။

စက္ကဝတ္တိ ပုညိဒ္ဓိစကြာမင်းကြီးသည် အတင်းအဓမ္မ-အာဏာမပြဘဲ ပုညိဒ္ဓိ စကြာ တန်ခိုးဖြင့် လေးကျွန်းလုံး လွှမ်းမိုး၍ အုပ်စိုး နိုင် သကဲ့သို့ အာဏာမပြသော အဗျာပါရနည်းဖြင့် အလိုလို ညွတ်ကိုင်း၍ လာအောင် ပဋ္ဌိစ္စသမုပ္ပါဒ် နည်းနှင့် လျော်စွာ စီမံ၍ထားသော စာပိုတိုက် စည်းကမ်း, ဘဏ်တိုက်, ကြေးနန်း, ကုမ္ပဏီ စည်းကမ်းတို့ဖြင့် လွှမ်းမိုးအုပ်စိုးနိုင်သော စည်းကမ်း နည်းလမ်းကြီး ဖြစ်လေသည်။ ထိုစည်းကမ်း နည်းလမ်းတို့ကို မြန်မာလူမျိုးများ တတ်သိနားလည်ကြပါ၏လော။

ဤစာပိုတိုက်စည်းကမ်းနည်းလမ်း ကြေးနန်း, ဘဏ်တိုက်, ကုမ္ပဏီ စည်းကမ်း နည်းလမ်းတို့သည် တိုင်းကျိုးပြည်ကျိုးကို သည်ပိုး ရွက်ဆောင် ၍ အားလုံးကုန် သိမ်းကြုံး လွှမ်းမိုးအုပ်စိုးနိုင်သော စည်းကမ်းနည်းလမ်းတို့ ဖြစ်ကုန်၏။

**အဗျာပါရနည်း, နာနတ္တနည်း, ဧကတ္တနည်း, ဧဝံဓမ္မတာ နည်း,** ဤနည်းလေးမျိုးတို့ဖြင့် အစဉ်မပြတ် ဆက်ငပ်၍ မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေသော ပဋ္ဌိစ္စသမုပ္ပါဒ်ကဲ့သို့ တိုင်းပြည်အုပ်ချုပ်ပုံ စည်းကမ်း နည်းလမ်းသည်လည်း စာပိုတိုက်စည်းကမ်း,ကုမ္ပဏီစည်းကမ်းတို့နှင့်အတူတူ ပင်လျှင် အစဉ် မပြတ် ဆက်စပ်၍ နေလေသည်။ မရပ် မစဲ ပြောင်းလဲ ဖြစ်ပျက်နေသည်။

စက္က-ဝတ္တေတီတိ စက္ကဝတ္တိကော။ ။ငက္ကံ၊ ဒေါင့် ကန့် ပေါင်း တထောင်ရှိသော ငက်ဘီးကြီးကို။ ဝတ္တေတိ၊ လည်စေနိုင်၏။ ဣတိ၊ ထို့ ကြောင့်။ စက္ကဝတ္တိကော၊ စကြာမင်းမည်၏ ဟူသော ဝစနတ္ထနှင့် အညီ လူမလုပ်-နတ်မလုပ် ရှေးကုသိုလ်ကံကြောင့် အလိုလိုဆိုက်ရောက်လာသော စကြာ ရ ထား ကြီး ဖြင့် လေးကျွန်းလုံး အုပ်စိုးနိုင်သော စကြာမင်းကြီး သည် ပုညိဒ္ဓိ တန်ခိုးဖြင့် လူအပေါင်းတို့ကိုယူဆောင်၍ ကောင်းကင်မှ သွား နိုင်သော အစွမ်းသတ္တိ ရှိသော်လည်း စကြာမင်းကြီး နတ်ရွာစံ ကံတော် ကုန်၍ ခုနစ်ရက်ရှိသောအခါ စကြာရထားကြီးသည်လည်း ကွယ်ပျောက် လေတော့သည်။ (သုတ်မဟာဝါပါဠိတော်၊ မဟာသုဒဿန သုတ် အဋ္ဌ ကထာ-၁၀၇။ သမ္မော-၃၇၆။)

မြေ ရေ ပေ မီး ဓာက်ကြီးလေးဖြာ ဘူတာဝ ါဟန ပယောဂသိဒ္ဓိ ပုညိဒ္ဓိဖြင့် မီးသင်္ဘောစက်,မီးရထားစက်,ဓာတ်ရထားစက်,လှစက်,ဆန်စက်,

နာရီ စက်နှင့် မရေတွက်တာ မျှားလှ စွာသော စက်အမျိုးမျိုး တို့ကို ပဋိစ္စသမုပ္ပါဒ်နည်း မိုးသည်းရွာမြက်ပေါက်နည်းတို့ဖြင့် အစဉ်မပြတ် မရပ်မစဲ အမြဲအရှည် လည်စေနိုင်သော ပယောဂသိဒ္ဓိ-ပုညိဒ္ဓိ၊ကုမ္ပဏီ ပြည်ထောင်စု မင်းအဆက်ဆက် စုတေ-သေဆုံးသော်လည်း တဟုန်းဟုန်း သွားလာ၍ နေသော မီးရထားကုမ္ပဏီ မီးသင်္ဘောကုမ္ပဏီ စည်းကမ်း နည်းလမ်းတို့ သည်ကား ပျက်ပြား ပျောက်ကွယ်ခြင်းမရှိဘဲ လှည့်လည်း သွားလာ၍ နေသော မီးရထား မီးသင်္ဘောတို့ကို အစိုးပိုင် သူတဦး တယောက်မျှမရှိ ဘဲ ပဋိစ္စသမုပ္ပါဒ်ကဲ့သို့ အဆက်မပြတ် တည်နေ၍ တိုင်းသူ ပြည်သား လူ အများနှင့်ဆိုင်သော (မဟာသံဃိက) ဘုမ္မာသက-ပစ္စည်းဖြစ်၍ တကမ္ဘာ လုံး ပျက်စီး မှ-ပျက်စီးရမည်။ ကမ္ဘာတည်အံ့သော စည်းကမ်းနည်းလမ်း ကြီး ဖြစ်ချေသည်။ ၁၂၈၀-ပြည့်နှစ်က ရေးသားသော ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် တိုင်းပြည်ကို အုပ်ချုပ်သော စည်းကမ်းနည်းလမ်းကို စဉ်းစား၍ ရှုကုန်ရာ၏။

---

ပူအေးနှစ်ဖြာ၊စကြဝဠာ၊အနန္တဆက်စပ်သော အရောင် ကလာပ်
မှောင် ကလာပ်၊အရှည် ကလာပ်၊အဖတ် ကလာပ်၊
ဖြစ်ပျက်အစဉ်-ထင်မြင်အောင်ရှုရန်

## အရှည်-အဖတ်ကိုမြင်ကြ၍ ဖြစ်ပျက်ကို မမြင်ကြ

အဆင်း အနံ့ အရသာ အထိရုပ်သုံးမျိုး၊ ဖွဲ့ တွဲ ယို စီး ဤ ရုပ် ရှစ်မျိုးတို့သည် တမျိုးနှင့်တမျိုး သဘော မတူကြကုန်။ သဘော မတူကြ သော်လည်း တခုစီတခြားစီမဖြစ်နိုင်။အချင်းချင်းမှီ၍ ပေါင်းစည်း၍ရောစပ် ၍ အကြားအလပ်မရှိ တခုထည်းဟုဆိုရအောင် တပြိုင်ထည်းဖြစ်ကြကုန်၏။ အချင်းချင်းမှီ၍ ပေါင်းစည်းရောစပ် အကြားအလပ်မရှိ တပေါင်းထည်း ဖြစ်သည်ကို (ကလာပ) ကလာပ်ရုပ်ဟူ၍ဆိုသည်၊ အရောင်ထဲမှာဖြစ်လျှင် အရောင်ကလာပ်၊အမှောင်ထဲမှာဖြစ်လျှင် အမှောင်ကလာပ်၊အပူထဲမှာဖြစ် လျှင် အပူကလာပ် အအေးထဲမှာဖြစ်လျှင် အအေးကလာပ်၊အမွှေးကလာပ် အပုပ်ကလာပ်၊ အရှည် ကလာပ်၊ အဖတ် ကလာပ်။

ထိုကလာပ်ရုပ်သည် **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိ၍ ခဏ ချက်ခြင်း ပျက်သွားသည်၊ အရှည်ဖြစ်၍နေအောင် တာရှည်စွာ တည်နေသည်မဟုတ်၊

အဖတ်ဖြစ်၍နေအောင် တာရှည်စွာ တည်နေသည်မဟုတ်၊ ခဏဖြစ်၍ ခဏ ပျက်သွားသော ထိုကလာပ်အတွင်း၌ ပူ အေး နွေး လော-တေဇောပါရှိ သည်။ ၎င်းတေဇောရုပ်သည် (ဥပါဒ်-ဌီ-ဘင်)ဖြစ်၊တည်၊ပျက် ဤသုံးချက် တွင် ဌီသို့ရောက်သောအခါ နောက်အသစ်ကလာပ်ရုပ်တခုကို ထပ်၍ ဖြစ် စေပြန်၏။ ၎င်းတေဇောပါသော ကလာပ်သည်လည်း မပျက်သေး တည် ဆဲပင် ရှိသေးသည်၊ နောက်အသစ်ထပ်၍ဖြစ်သော ကလာပ်အတွင်း၌ ပါ သော-တေဇောကလည်း ဌီသို့အရောက်တွင် ကလာပ်တခုကို ထပ်၍ဖြစ်စေ ပြန်၏၊ ၎င်းတေဇောပါသော ကလာပ်လည်းမပျက်သေး၊ တည်ဆဲပင် ရှိ သေးသည်။ (ဥပါဒ်-ဌီ-ဘင်၊) ဖြစ်၊တည်၊ပျက် ခဏငယ်သုံးချက်ရှိသော စိတ်(၁၇)စိတ်ပျက်မှ ရုပ်ကလာပ်တခုပျက်သည်ဖြစ်၍ စိတ်၏ဥပါဒ်တိုင်း ဖြစ်သော စိတ္တဇကလာပ်တွေ စိတ်၏ ဥပါဒ်တိုင်း ဌီတိုင်း ဘင်တိုင်းဖြစ်ကြ သော ကမ္မဇကလာပ်တွေ ထိုစိတ္တဇ-ကမ္မဇကလာပ်တို့၌ပါသော တေဇော ရုပ်က ဖြစ်စေပြန်သော ဥတုဇကလာပ်တွေ အစဉ်မပြတ် မရုပ်မစဲ ပြောင်း လဲ ဖြစ်ပျက်နေလေသည်။ ထိုကလာပ် အပေါင်းတို့ ဖြစ်ပျက်ဖြစ်ပျက် နေ သော **ဖြစ်ပျက်-အစဉ်** ကို အရှည်ဟူ၍ အဖတ်ဟူ၍ မှတ်ထင်သော ကြောင့် လူအပေါင်းတို့ မျက်မြင်အားဖြင့် မှတ်လွယ်စေခြင်းငှါ **အရှည် ကလာပ်-အဖတ် ကလာပ်** ဟူ၍ ဟောပြတော်မူ၏။

အရှည်ဟူ၍ မှတ်ထင်အောင် ဖြစ်ပျက်ဖြစ်ပျက်နေသော ကလာပ် ရုပ် ဖြစ်ပျက်-အစဉ်ကို -အရှည်ကလာပ်ဟူ၍ဟောပြတော်မူ၏။အဖတ်ဟူ၍ မှတ်ထင်အောင် ဖြစ်ပျက် ဖြစ်ပျက် နေသော ကလာပ်ရုပ် ဖြစ်ပျက်-အစဉ် ကို အဖတ် ကလာပ်ဟူ၍ ဟောပြတော်မူသည်။

ကလာပ်တခုသည် **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိ၍ **ဖြစ်ပျက်** တခုဖြစ်သည်။ **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိသော **ဖြစ်ပျက်** တခုကို ကလာပ်တခုဆိုသည်။ ထိုကလာပ် တခုသည် ခဏဖြစ်၍ ခဏ ပျက်သော ကြောင့် အရှည်မဟုတ် အဖတ်မဟုတ် **ဖြစ်ပျက်** သာလျှင် ဟုတ်သည်။ ခဏဖြစ် ခဏ ပျက်သွားသော ကလာပ်ရုပ်သည် ဖြစ်သောနေရာတွင် ခဏ ချက်ခြင်းပျက်သည်၊နေရာရွှေ့ယူ၍မရနိုင်၊ အရှည်--အဖတ်တို့ကိုကား နေရာ ရွှေ့ယူ၍ရနိုင်သည်။

ထို့ကြောင့် အရည် အဖတ်သည် ကလာပ်ရုပ်မဟုတ် ကလာပ်ရုပ်သည်လည်း အရည်-အဖတ် မဟုတ် ကလာပ်ရုပ်တခြား အရည်-အဖတ်တခြား ကလာပ်ရုပ်နှင့်ကင်း၍လည်း အရည်အဖတ်ဟုဆိုစရာမရှိ၊ ဖြစ်ပျက်ဖြစ်ပျက်နေသောကလာပ်ရုပ်(ဖြစ်ပျက်အစဉ်)ကိုပင်လျှင် **အရည်ကလာပ် အဖတ် ကလာပ်** ဟူ၍ ဆိုရသည်၊ ယိုစီး အာပေါဓာတ် လွန်ကဲသော ကလာပ်ရုပ်တို့ ဖြစ်ပျက်ဖြစ်ပျက်အဆက်မပြတ် မရပ်မစဲပြောင်းလဲဖြစ်ပျက်နေသော **ဖြစ်ပျက်-အစဉ်** ကို အရည် ကလာပ် ဟူ၍ ဆိုသည်။ ခက်မာ ပထဝီ လွန်ကဲသော ကလာပ်ရုပ်တို့ ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ ပြောင်းလဲ ဖြစ်ပျက်နေသော **ဖြစ်ပျက်-အစဉ်** တို့ အဖတ် ကလာပ်ဆိုသည်။

ကလာပ်ရုပ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသော **ဖြစ်ပျက်-အစဉ်** ကို ဖြစ်ပျက်တခြား အစဉ် တခြား ပိုင်းခြား၍ ထင်မြင်အောင်ရှု။ ဖြစ်ပျက်သည် (အစဉ်)မဟုတ်၊(အစဉ်)သည်လည်း (ဖြစ်ပျက်) မဟုတ်၊ (ဖြစ်ပျက်) နှင့်ကင်း၍လည်း(အစဉ်)ဟု ဆိုစရာမရှိ၊(ဖြစ်ပျက်)သည် ကလာပ်ရုပ်တည်း၊ (အစဉ်) သည် အရည်အဖတ်တည်း။ ကလာပ်ရုပ်သည် ပရမတ်တည်း၊ အရည်အဖတ်သည် သဏ္ဍာန ပညတ်တည်း။ ကလာပ်ရုပ်သည် ဝိဇ္ဇာမာန ပရမတ္ထ၊ အရည်အဖတ်သည် အဝိဇ္ဇမာန ပညတ္တတ္ထ၊ ပရမတ် အစစ်ဖြစ်သော ရုပ်နာမ်တို့သည် ဖြစ်ပျက်ဖြစ်ပျက်သာလျှင် နေသည်။ ဘယ်အခါမှ ဖြစ်ပျက် ရပ်စဲခြင်းမရှိ။ ဖြစ်ပျက်-တခြား အစဉ်-တခြား ပိုင်းခြား၍ ဖြစ်ပျက်ကို သင်္ခါရလောက ဆိုသည်။ အစဉ်ကို ဩကာသလောက သတ္တလောက ဟူ၍ဆိုသည်၊သင်္ခါရလောကသည် ပရမတ်အစစ်တည်း၊ဩကာသလောကနှင့် သတ္တလောကသည် ပညတ်တည်း။

## အာကာသကို မြင်အောင်ကြည့်

ဥဒယဗ္ဗယ ဂါမိနီ ပညာနှင့် ပြည့်စုံမှသာလျှင် ဖြစ်ပျက်တခြား၊ အစဉ်တခြား၊ ပိုင်းခြား၍ ထင်ရှားစွာမြင်နိုင်သည်၊ (ဖြစ်ပျက်-အစဉ်) တခြားစီ ထင်မြင်လျှင် ဖြစ်ပျက်တို့၏ အကြားအစပ် အာကာသ ဓာတ်ကိုလည်း တပ်တပ် ထင်ထင် သိမြင်နိုင်သည်၊ ထို့ကြောင့် (ဖြစ်ပျက်-အစဉ်) ကိုသာလျှင် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှု ကြကုန်ရာသည်။ ဖြစ်ပျက်အစဉ်ကို

မမြင်ဘဲ ပရမတ် အာကာသကို မမြင်နိုင်။ ဖြစ်ပျက်အစဉ်ကို ထင်မြင်မှ သာလျှင် ပရမတ် အာကာသကိုလည်း ထင်မြင်နိုင်လေသည်။

ပဲကြီးစေ့တတင်းသားစုပုံ၍ ထားရာ၌ ပဲကြီးစေ့တို့၏ အကြား အကြား၌ အာကာသရှိသည်၊ ပဲကြီးစေ့တခုနှင့်တခု ပိုင်းခြားသောအာကာ သကို ပဲကြီးစေ့အာကာသဆိုရသည်၊ ပဲကြီးစေ့သည် ပရမတ်မဟုတ်၊ သဏ္ဌာန ပညတ်ဖြစ်၍ ပဲကြီးစေ့ကို ပိုင်းခြားသော အာကာသကိုလည်း ပရမတ် အာကာသ မဆိုရ ပညတ် အာကာသ ဆိုရသည်၊ မုံညင်းစေ့ အဏုမြူ-ပရမာ ဏုမြူ တို့ကို-ပိုင်းခြားသော အာကာသ ကိုလည်း မုံညင်းစေ့အဏုမြူ-ပရမာ ဏုမြူ တို့က ပရမတ်မဟုတ်၊ သဏ္ဌာနပညတ်ဖြစ်ကြ၍ ပရမတ်အာကာသဟု မဆိုရ ပညတ် အာကာသဆိုရသည်။

ဖြစ်ခြင်း ပျက်ခြင်းလက္ခဏာရှိ၍ **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိသော ဖြစ်ပျက်ကလာပ် ပရမတ်အစစ်ကို ပိုင်းခြားသော အာကာသကိုသာလျှင် ပရမတ်အာကာသဆိုရသည်။ ထိုအာကာသခေတ် ပိုင်းခြားလျက် **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိသော ကမ္မဇကလာပ်၊ စိတ္တဇကလာပ်၊ ဥတုဇ ကလာပ်၊ အာဟာရဇကလာပ်ရုပ်တို့သည် သိန်း သန်း ကုဋေ မရေမတွက် နိုင်အောင် တပြိုင်နက် စု၍ဖြစ်သော(ဖြစ်ပျက်-ကလာပ်အစဉ်)သည် ဆယ် မျက်နှာဖြာထွက်၍ ဖြစ်ပျက်ဖြစ်ပျက်နေသော (ဖြစ်ပျက်-ကလာပ်စုကြီး) သည်သာလျှင် ဆက်ခါဆက်ခါ ဘယ်ခါမလပ် မရပ်မစဲ ပြောင်းလဲ ဖြစ် ပျက်နေလေသည်၊ ဖြစ်ပျက် ဖြစ်ပျက် အဆက် အစပ် အာကာသ ခေတ် ပိုင်းခြားလျက် အကြောင်းဆက်၍ ဖြစ်ပျက်ပြောင်းလဲနေသော (ဖြစ်ပျက် ကလာပ်-အစဉ်) ကို မမြင်သောကြောင့် သာလျှင် အခဲအလုံး အဖြုံး အမှုန့် အရည်အဖတ် အစေးအဆီး ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည်ဟူ၍ မှတ်ထင် သော (ဃနသညာ, အတ္တသညာ, သက္ကာယဒိဋ္ဌိ - ဖြစ်လေသည်) မိန်းမ-ယောကျ်ား ကိုယ်ကောင်ကြီးဟူ၍ မှတ်ထင်လေသည်။

(ဖြစ်ပျက်ကလာပ်အစဉ်)ကို ဖြစ်ပျက်-တခြား အစဉ်တခြား ပိုင်း ခြား၍ကြည့်၊ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် ဟူ၍မရှိ(ဖြစ်ပျက်-အစဉ်) သာလျှင် ရှိသည်၊ ဖြစ်ပျက်သည် အစဉ်-မဟုတ် အစဉ် သည်

လည်း ဖြစ်ပျက်မဟုတ်၊ ဖြစ်ပျက်နှင့်ကင်း၍လည်း (အစဉ်)ဟု ဆိုစရာမရှိ၊ ဖြစ်ပျက် တခုကို ကလာပ် တခု ဆိုသည်။ (အစဉ်) ကို သန္တတိ-သန္တာန ပညတ်ဆိုသည်။ သန္တတိ-သန္တာန (အစဉ်)ရှိလျှင် ပုံသဏ္ဌာန်ပေါ်မြဲ၊ အခဲ အသုံး အဖြုံး အမှုန့် စသည်ထင်လာမြဲ။

ဖြစ်ပျက် ကလာပ်တခုတည်းသာလျှင်ဖြစ်၍ ထပ်ခါထပ်ခါဆက်၍ မဖြစ်ပါလျှင် သန္တာန-သန္တတိ မရှိသောကြောင့် သဏ္ဌာနလည်း မရှိနိုင်၊ သန္တာန-သန္တတိ မရှိသော ကလာပ်တခုတည်းကို ခဏဖြစ်၍ ခဏပျက် သောကြောင့် အခဲ အလုံး အဖြုံး အမှုန့် အရည် အဖတ်ဟူ၍ ဆိုစရာ မရှိ၊ (ဖြစ်ပျက် ကလာပ်) ဟူ၍ သာလျှင် ဆိုစရာ ရှိလေသည်။ ကလာပ်ရုပ်တို့ ဆက်ခါဆက်ခါ ဖြစ်ပျက်ဖြစ်ပျက် ဖြစ်ပျက်ဖြစ်ပျက် နေသော (ဖြစ်ပျက် အစဉ်)ရှိမှသာလျှင် အခဲ အလုံး စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုးတည်နေ သော (အဖြုံး အမှုန့် အရည် အဖတ် အဏုမြူ ပရမာဏုမြူ) ဟူ၍ ဆိုစရာ ရှိလေသည်။

လူ၏ကိုယ်၌ ဒိဗ္ဗစက္ခုဖြင့်သာ မြင်ကောင်းသော ပရမာဏုမြူ တခု ၌ပင်လျှင် ရှေ့နောက် အစဉ်မပြတ် ထပ်ခါထပ်ခါ ဖြစ်သော ရုပ်ကလာပ် ပေါင်း ငါးဆယ်ခန့်လောက် စုမိရကား သေးသိမ်နုပ်ဖွဲလှစွာ ပရမာဏုမြူ လောက်မှမရှိသော ပထဝီ ဓာတ်မှုန့် တစိပ်သားလောက် အာပေါဓာတ် မှုန် နှစ်ပြည်သားလောက် ရှိရာ၏

ဣမသ္မိံ ဟိ သရီရေ မဇ္ဈိမေန ပမာဏေန ပရိဂ္ဂယှ
မာနာ ပရမာဏုဘေဒ သဥ္စုဏ္ဏာ သုခုမ ရဇဘူတာ ပထဝီ
ဓာတု ဒေါနမတ္တာသိယာ၊ သာတတော ဥပစုပမာဏာယ
အာပေါဓာတုယာ သင်္ဂဟိတာ။ ။ဝိသုဒ္ဓိမဂ်။

ယာဒိသော ပန(ဃနဘာဝေ)ပထဝီဓာတု အာပေါ
ဓာတုသုလဗ္ဘတီတိ န တာဒိသော တေဇော ဝါယောဓာ
တူသုလဗ္ဘတီတိ မေယျ ဘာဝါ ဘာဝတော၊ တတ္ထ စုဏ္ဏ
ဘေဒေါ နဥဒ္ဒတော၊ တထာဟိ သသမ္ဘာရ တေဇော
ဝါယူသုပိ မေယျဘာဝေါနုလဗ္ဘတေဝ။အဏုနော ဆတ္တိံ
သတိမ ဘာဂမတ္တော ပရမာဏုနာမ အာကာ သကောဋ္ဌာ

သိကောမံသစက္ခုဿ အဝေါစရော ဒိဗ္ဗစက္ခုဿေဝ ဂေါ
စရဘူတော၊ တံ သန္ဓာယာဟ ပရမာဏု ဘေဒ သဉ္စုဏ္ဏာ
တိ။ ။မဟာဋီကာ။ ။

သိမ် မွေ့ သေး ငယ် လှစွာ ပရမာဏုမြူသည် မိုဃ်းပေါ် မြေပြင်
ကောင်းကင်မလပ် အရပ်ရပ်သော ရုပ်ကလာပ်ကြားတို့၌ပင် သွားလာ
တည်နေ၏။ ထိုထိုအရပ်တို့၌ ရုပ်မရှိသော ကွက်လပ်မရှိ။

(ပရမတ္ထ သရူပဘေဒနီ-၅၅၃။)

ပရမာဏုမြူသည် ကောင်းကင်၌ လွင့်၍ နေသောကြောင့် နေရာ
ရွှေ့သွား လေ သည်။ **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိသော ပရမတ် အစစ်
ကလာပ်ရုပ်သည်ကား ဖြစ်သောနေရာတွင် ပျက်သည် နေရာရွှေ့ခြင်း မရှိ
ကလာပ်ရုပ်တခြား ပရမာဏုမြူတခြား ထင်ရှား၏။

ဖြစ်ပျက် ဖြစ်ပျက် ဆက်ခါဆက်ခါ အစဉ်မပြတ် အစပ် အကြား
အာကာသ ခေတ်ခြားလျက် ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက် ကလာပ်
အစဉ်ကို ဖြစ်ပျက်-တခြား အစဉ်-တခြား ပိုင်းခြား၍ ထင်မြင်ပါလျှင်
အတွင်းသား အပြင်သားဟူ၍ ခြားနားခြင်းမရှိ ဖြစ်ပျက် အစဉ်သာ ရှိပါ
တကား ဟူ၍ ထင်ရှားစွာသိနိုင်၏။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟူ၍ မထင်
မြင်လျှင် အပြင်၌လည်း အလုံး အခဲ ရှည်ရှည် လျားလျား အတွင်း၌လည်း
အသည်း အူစသည် အလုံး အခဲ ရှည်ရှည် လျားလျား ပုံသဏ္ဌာန်အမျိုးမျိုး
ထင်မည်သာ = ပုံသဏ္ဌာန် အမျိုးမျိုးထင်၍နေလျှင် ဖြစ်ပျက် ဖြစ်ပျက်နေ
သော ပရမတ်အစစ်ကို မမြင်နိုင်။ ထို့ကြောင့် ဖြစ်ပျက်ကိုသာလျှင် ထင်မြင်
အောင် ဆင်ခြင်ကြကုန်ရာသည်။ ( အသေးဆုံး မြူအမှုန်သည် စိတ္တက္ခဏ
ငယ်-ငါးဆယ်တချက် အသက်ရှည်သော ကလာပ်ရုပ်ပေါင်း(၅၁)ခုစုမိ၍
ဖြစ်သည်။)စကြဝဠာ-အနန္တတိုင်အောင် ဆက်စပ်၍ နေလေသည်။ ဘယ်
နေရာမှ ပူ-အေး မလွတ်၊ စကြဝဠာ-အနန္တ ဆက်အောင် ပူရုပ်-အေးရုပ်
အဆက်ဆက် ဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုသိ၍ ဝိမုတ္တိ ချမ်းသာကို ရစေ
ရန် ဟောကြားတော်မူသော ဗောဓိပက္ခိယ တရားတို့၌ ချစ်သားရဟန်းတို့
သည် ညီညွတ်ဝမ်းမြောက်စွာ ငြင်းခုံခြင်းမရှိဘဲ ကျင့်သုံးအပ်၏။

## ပရမတ်အစစ် (ဖြစ်ပျက်)ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုနည်း

သစ္စိကဋ္ဌ ပရမတ္ထေနာတိတ္ထေ(သစ္စိကဋ္ဌောတိ) မာယာ မရီစိ အာဒယော ဝိယ အဘူတာကာရေန အဂဟေ တဗ္ဗော (ဘူတတ္ထော) (ပရမတ္ထောတိ) အနုဿဝါဒိ ဝ သေန အဂဟေတဗ္ဗော (ဥတ္တမတ္ထော)

ဥဘယေနာပိ ယော။ ပ။ ခန္ဓာယတနဓာတု ဣန္ဒြိယ ဝသေန သတ္တ ပညာသ ဝိဓော ဒဿိတော။ ပ။(ဘူတေန သဘာဝတ္ထေန) ဥပလဗ္ဘတိ။ ။

ကထာဝတ္ထု အဋ္ဌကထာ-၁၀၃။

ရူပါဒိ သတ္တပညာသဝိဓော ဓမ္မ ပဘေဒေါ အာဂ တော။ နသမ္မုတိ သစ္စဝသေန။ နာပိ အနုဿဝါဒိ ဝသေ န ဂဟေတဗ္ဗော။ အတ္တနော ပန (ဘူတတာယဧဝ သစ္စိ ကဋ္ဌော)(အတ္တ ပစ္စက္ခတာစ ပရမတ္ထော)တံ သန္ဓာယာဟ ယော သစ္စိကဋ္ဌော ပရမတ္ထော။ ။၁၀၄။

(ယထာဘူတံ) ပဇာနာတီတိ။ ပ။ ကုသလာ ကုသလ စေတနာ သင်္ခါတာနံ ပဋိပတ္တီနံ(အဝိပရိတတော)သဘာဝံ ပဇာနာတိ။ ။(ယထာဘူတံ)ပဇာနာတီတိ တာသံတာသံ ဓာတူနံ(အဝိပရိတတော) သဘာဝံ ပဋိဝိဇ္ဈတိ။ ။

သမ္မော-ဉာဏဝိဘင်း-၃၄၅။

ယထာဘူတံ = ပုဒ်ကို အဝိပရိတတော ဖွင့်သည်။ ။သစ္စိကဋ္ဌော ပုဒ်ကို ဘူတတ္ထော-ဖွင့်သည်။ ပရမတ္ထော ပုဒ်ကို ဥတ္တမတ္ထော-ဖွင့်သည်။ ၎င်းနှစ်ပုဒ်လုံးကို(ဘူတေန သဘာဝတ္ထေန)ဖွင့်သောကြောင့် အဟုတ်အမှန် ရှိသော သဘောကို ပရမတ္ထဟူ၍ မှတ်။

အဟုတ်အမှန်ရှိသော ပရမတ်သဘောသည် ရှာလေ တွေ့လေ-တွေ့ သည်။ အဘယ့်ကြောင့်တွေ့သနည်း?။ အဟုတ်အမှန်ရှိသောကြောင့် တွေ့

သည်။ အဟုတ်အမှန်မရှိသော ပညတ်သဘောသည် ရှာလေ-ပျောက်လေ ပျောက်သည်။ အဘယ့်ကြောင့်ပျောက်သနည်း?။ အဟုတ်အမှန် မရှိသော ကြောင့် ပျောက်သည်။

ပုဂ္ဂိုလ်=သတ္တဝါ အတ္တ ဇီဝ ကိုယ် အသက် ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ဟူ၍ခေါ်ရသော အထည်ဝတ္ထု တို့သည် ပညတ်ဖြစ်ကုန်၏။ ထိုပညတ်တို့သည် အဟုတ်အမှန်ရှိသည်ဟု ထင်ရကုန်၏။ အထင်အား ဖြင့် ရှိသည်ဟု ပြောဆိုကြကုန်၏။ ပြော ဆို သည့် အတိုင်း သမ္မုတိသစ္စာ အားဖြင့် ဟုတ်သည်-မှန်သည်ဟူ၍ ဆိုအပ်၏။

သမ္မုတိအားဖြင့်ဟုတ်မှန်သော်လည်းပရမတ္ထအားဖြင့်အဟုတ်အမှန် ရှိသည်ဟုမဆိုရ။ တကယ် စင်စစ် ဟုတ်မှန်သော ပရမတ္ထ သဘော ကဲ့သို့ ကေန္ဒမုချ ရှိသည်မဟုတ်၊ ထို့ကြောင့် ရှာလေ ပျောက်လေ - ပျောက်၏။ လူကိုမြင်လျှင် လူဟုတ်ကဲ့လား ရှာ၍ကြည့်။ ။မျက်စိနှင့် ကြည့်၍ရှာလျှင် အဆင်းရုပ်ကို တွေ့၏ လူတို့မတွေ့။ အဆင်းရုပ်သည် လူမဟုတ်၊အဆင်းရုပ် သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်သော ကြောင့် ရှည်ရှည်ကြီးနေသော အထည်ဝတ္ထုကြီးသည် လူဖြစ်သည် ဟူ၍ မှတ်ထင်သည်။မှတ်ထင်တိုင်းလူမဟုတ် ဖြစ်ပျက် ဖြစ်ပျက်နေသော အဆင်း ရုပ် သာလျှင် ဟုတ်သည်၊ မီးစကိုကိုင်၍ ရမ်းလျှင် မီးကွင်း ထင်သကဲ့သို့ အဆင်းရုပ် ဖြစ်ပျက်အစဉ်ကို လူထင်လေသည်၊ရှည်ရှည်ကြီး ထင်လေသည်၊ ရှည်ရှည်ကြီးထင်ရသော ဖြစ်ပျက်အစဉ်ကိုပင်လျှင် လူဟူ၍ သမုတ်ခေါ်ဆို လေသည်။ ဖြစ်ပျက်တခြား အစဉ်တခြား ကွဲပြားအောင်ရှု။ ဖြစ်ပျက်ကို အဆင်းရုပ်ဆိုသည် အစဉ်ကို လူဟူ၍ဆိုသည်။ ဖြစ်ပျက် ဖြစ်ပျက် နေသော အဆင်းရုပ်နှင့်ကင်း၍ လူခေါ်စရာမရှိ။ ဖြစ်ပျက်ဖြစ်ပျက်နေသော အဆင်း ရုပ် ဖြစ်ပျက်အစဉ်ကိုပင်လျှင် ရှည်ရှည်ကြီးနေသည်ဟု မှတ်ထင်လေသည်။ ရှည်ရှည်ကြီး နေသည်ဟု မှတ်ထင်ရသော အထည်ဝတ္ထုဒြပ်-အဝိဇ္ဇာမာန အတ္တပညတ်ကို လူဟူ၍ သမ္မုတိအားဖြင့် ခေါ်ဆိုရလေသည်။ လူကို မြင် သည်ဟုဆိုရာ၌ လူကိုမြင်ရသည်မဟုတ်၊အဆင်းရုပ်ကိုသာလျှင် မြင်ရသည်။ ၎င်းအဆင်းရုပ်သည် ဖြစ်ပျက် ဖြစ်ပျက် နေသည် အဘယ်အခါမှ ဖြစ် ပျက် ရပ်စဲခြင်း မရှိ။ ရပ်စဲခြင်း မရှိအောင် ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ထင်မြင်ပါလျှင် ရှည်ရှည်ကြီး နေသည်ဟု ထင်ဦးမည်လား?။ စဉ်းစား၍

ကြည့်ပါ၊ရှည်ရှည်ကြီးနေသည်မဟုတ် ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟူ၍ဟုတ်မှန်သည့်အတိုင်း ထင်မြင်ပါလျှင် လူဟူ၍ ထင်စရာရှိသေးရဲ့လား?။ စဉ်းစား၍ ကြည့်ပါ၊ အခဲအလုံး အဖြုံးအမှုန် ဟူ၍ ထင်စရာ ရှိသေးရဲ့လား?။ စဉ်းစားကြည့်ပါ၊ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို အဟုတ် ထင်မြင်ပါလျှင် အရှည် အဖတ် အစေး အဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အထင်လွဲသော သတ္တသညာ, ဇီဝသညာ, အတ္တသညာ, ပုဂ္ဂလသညာ ပျောက်ကင်းနိုင်၏။

## ပရမတ်အဆင်းရုပ်-ပညတ်အဆင်းရုပ် ခွဲ၍ရှုရန်

ဖြစ်ပျက်ဖြစ်ပျက်နေသော အဆင်းရုပ်သည် ပရမတ် အဆင်းရုပ်ဖြစ်၏။ ရှည်ရှည်ကြီး လုံးလုံးကြီး ကိုယ်ကောင်ကြီးထင်ရသော အဆင်းရုပ်သည် ပညတ်အဆင်းရုပ်ဖြစ်၏။ ဖြစ်ပျက် ဖြစ်ပျက်နေသော အဆင်းရုပ်သည် ပရမတ် အနိစ္စဖြစ်၏။ရှည်ရှည်ကြီး လုံးလုံးကြီး ကိုယ်ကောင်ကြီး ထင်ရသော အနိစ္စသည် ပညတ်အနိစ္စဖြစ်၏။ အန္ဓ ပုထုဇ္ဇန်တို့၏ ဉာဏ်အမြင်သည် ဖြစ်ပျက် ဖြစ်ပျက် နေသော ပညတ်အဆင်းရုပ် ပရမတ်အနိစ္စကို မမြင်နိုင် မပေါက်နိုင် မရောက်နိုင်ဘဲ ရှည်ရှည်ကြီး လုံးလုံးကြီး ကိုယ်ကောင်ကြီးထင်ရသော ပညတ်အဆင်းရုပ် ပညတ်အနိစ္စဖြစ်သော အထည်ပြပ်ကြီး ကိုယ်ကောင်ကြီး ပျတ်စီးမှုသာလျှင် (အဟောအနိစ္စ) သြော်-မမြဲပါတကားဟူ၍ မှတ်ထင် အောက်မေ့ကြကုန်၏။ ဖြစ်ပျက် ဖြစ်ပျက် နေသော ပရမတ် အဆင်းရုပ် ပရမတ် အနိစ္စဆီသို့ မရောက်နိုင်ကြ မပေါက်နိုင်ကြ မထင်မြင်နိုင်ကြလေကုန်။ ဖြစ်ပျက် ဖြစ်ပျက်နေသော ပရမတ် ဒုက္ခဆီသို့ မပေါက်=မရောက်နိုင်ဘဲ ဒူးနာသည် ပေါင်နာသည်(အဟောဒုက္ခ) ဆင်းရဲလှပါတကား ဟူ၍ ပညတ်ဖြစ်သော ဒူး-ပေါင်တို့ နာကျင် ဆင်းရဲလှမှုသာလျှင် ဆင်းရဲဟု မှတ်ထင် အောက်မေ့ကြကုန်၏။ဖြစ်ပျက်ဖြစ်ပျက်-အစဉ်မပြတ် တလစပ်နှိပ်စက် ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို သုခမဆိုသာ ချမ်းသာ ဟူ၍ မဆိုသာ။

အနတ္တသည်ကား ဖြစ်ပျက်ဖြစ်ပျက်နေသော ပရမတ် အနတ္တသာလျှင်ရှိ၏၊ ပညတ် အနတ္တဟူ၍ မရှိ။

ဖြစ်ပျက်ဖြစ်ပျက်နေသော အနတ္တသဘောကို မထင်နိုင် မမြင်နိုင်သောကြောင့်(ဖြစ်ပျက်မရှိ ပကတိအမြဲ အခဲ အလုံး အဖြုံး အမှုန့် အရည် အဖတ် အစေး အဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဍာန် အမျိုးမျိုး မှတ်ထင်သော (အတ္တသညာ) ဖြစ်လေသည်။

ဖြစ်ပျက်ဖြစ်ပျက်မရှိ ပကတိအတိုင်း နေသည်ဟု မှတ်ထင်သည်ကို နိစ္စသညာဆိုသည်၊ အခဲ အလုံး အဖြုံး အမှုန့် အရည် အဖတ် အစေး အဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံးကွဲကွဲ စသည်ဖြင့် မှတ်ထင်သည်ကို အတ္တသညာဆိုသည်။

ဖြစ်ပျက်ဖြစ်ပျက်နေသော ပရမတ် အနိစ္စကို ထင်မြင်ပါလျှင် နိစ္စသညာပျောက်ကင်းသည်။ နိစ္စသညာ ပျောက်ကင်းလျှင် အတ္တသညာလည်း ပျောက်ကင်းလေတော့သည်။

အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ၊
အနတ္တသညီအသ္မိ မာန သမုဂ္ဃါတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ
ဓမ္မေ နိဗ္ဗာနံ။ (နဝင်္ဂုတ္တရပါဠိတော်-၁၄၉။)

ဘိက္ခဝေ၊ရဟန်းတို့။အနိစ္စသညိနော၊မျက်စိဖြင့်မြင်ရသောအဆင်းရုပ်သည် ဖြစ်ပျက်ဖြစ်ပျက်နေ၏ဟူ၍ ပရမတ်အနိစ္စ ထင်မြင်သောသူအား။ အနတ္တသညာ၊အခဲ အလုံး စသည်မဟုတ် ဖြစ်ပျက်ဖြစ်ပျက် သည်သာလျှင် ဟုတ်ပါတကားဟု ထင်မြင်သော အနတ္တသညာသည်။ သဏ္ဌာတိ၊ကောင်းစွာတည်၏။ အနတ္တသညီ၊ ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟု ထင်မြင်သော သူသည်။ အသ္မိမာနသမုဂ္ဃာတံ၊ ငါ ဟူသော မာန် မာနကင်းပငြိမ်းပျောက်ခြင်းသို့။ ဝါ၊ ကိုယ်ကောင်ကြီးဟူသော မှတ်ထင်မှု ကင်းပျောက်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေ၏။ ဒိဋ္ဌေဝဓမ္မေ၊ယခုဘဝ၌ပင်လျှင်။နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။

အနတ္တသညာ သဏ္ဌာတီတိ အနိစ္စလက္ခဏေ ဒိဋ္ဌေ
အနတ္တလက္ခဏံ ဒိဋ္ဌမေဝဟောတိ၊ ဧတေသု ဟိ တီသု
လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒ္ဝယံ ဒိဋ္ဌမေဝ
ဟောတိ၊ တေနဝုတ္တံ အနိစ္စ သညိနော ဘိက္ခဝေ အနတ္တ
သညာ သဏ္ဌာ တီတိ။ (နဝင်္ဂုတ္တရအဋ္ဌကထာ-၂၄၈။)

အနိစ္စဆိုလဲ-ဖြစ်ပျက်ဖြစ်ပျက်နေဒါဘဲ၊ ဒုက္ခဆိုလဲ-ဖြစ်ပျက်ဖြစ်ပျက်နေဒါဘဲ၊အနတ္တဆိုလဲ ဖြစ်ပျက်ဖြစ်ပျက်နေဒါဘဲ။ထို့ကြောင့် ပရမတ်အစစ် ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ထင်မြင်ပါလျှင် လက္ခဏာသုံးပါးကို ထင်မြင်လေတော့သည်။ ပရမတ် ဖြစ် ကဲကို မမြင်ဘဲနှင့် လက္ခဏာသုံးပါးမထင်မြင်နိုင်။ ပရမတ်အစစ် ဖြစ်ပျက်ဖြစ်ပျက် နေသော အဆင်းရုပ်၏ ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် တလဲလဲ နှိပ်စက်ခြင်း ဒုက္ခလက္ခဏာ၊ အခဲ အလုံး စသည် မဟုတ်သော အဆင်း ရုပ်၏ ဖြစ် က် ဖြစ်ပျက်သော အနတ္တလက္ခဏာ ဖြစ်ပျက်မရှိဘဲ ပကတိအတိုင်းနေသည်မဟုတ်၊ ဖြစ်ပျက်ဖြစ်ပျက်သာလျှင် ဟုတ်သော ပရမတ်အဆင်းရုပ်၏ဖြစ်ပျက်ဖြစ်ပျက်နေ၍ မမြဲခြင်း အနိစ္စလက္ခဏာ၊ဖြစ်ပျက်ဖြစ်ပျက်ဖြစ်နေသည်ကို မြဲသည်ဟုဆိုပလား။ စဉ်းစားကြည့်ပါ၊ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ချမ်းသာဟုဆိုမလား။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို အခဲအလုံး စသည်ဟုဆိုမလား။စဉ်းစားကြည့်ပါ၊ အခဲ အလုံး စသည်ကို နေရာရွှေ့ယူ၍ရနိုင်၏။ ဖြစ်ပျက်ကို နေရာရွှေ့ယူ၍မရ၊ခဏကလေးဖြစ်၍ ခဏကလေးပျက်သွား၏။ မျက်စိတမှိတ် မြက်တောင် တခတ်ကာလဘခဏအတွင်း၌ ဖြစ်ပျက်ပေါင်း-ကုဋေတသိန်းမက ဖြစ်ပျက်ကြ၏။

ဤသို့လျှင် စိတ်အစဉ်သည် (ဖြစ်ပျက်ဖြစ်ပျက်)အစဉ်မပြတ်အောင် ဖြစ်ပျက်ဖြစ်ပျက်ပေါင်း ကုဋေတသိန်းမက ခဏကလေးပျက်ကြ၏။

အဆင်းရုပ်ကို မျက်စိဖြင့် မြင်ရာ၌ (အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ၇-ကြိမ် တဒါရုံနှစ်ကြိမ် ထိုနောင်ဘဝင်ဖြစ်ဆိုက်သမျှ) ဖြစ်ပျက်နေပြီးနောက် ပထမအတီတဘဝင်နှင့်ဉပါဒ်ပြိုင်၍ ဖြစ်ပြီးလျှင် ဒုတိယ တဒါရုံ၏ ဘင်္ဂက္ခဏနှင့်ပြိုင်၍ ပျက်လေပြီးသော အတိတ် ရူပါရုံ အဆင်းရုပ်ကို အာရုံပြု၍(မနောဒွါရာဝဇ္ဇန်း ဇော ၇-ကြိမ် တဒါရုံ နှစ်ကြိမ် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ) ဖြစ်ပျက်ဖြစ်ပျက် နေ၏။

ဘဝင်ပြတ်ပြီးနောက် တပေါင်းတည်း ဖြစ်ပျက်ဖြစ်ပျက်နေသော ရူပါရုံအဆင်းရုပ်တွေ များစွာစုပေါင်း၍ ဖြစ်သော, ဖြစ်ပျက်အစဉ်ရှိ၍ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး စသည် ထင်ရသော သန္တာန-သဏ္ဌာန-အတ္တပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဇော ၇-ကြိမ် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပျက်ဖြစ်ပျက် ဖြစ်ပျက်နေ၏။

ထိုနောက် ရူပါရုံအဆင်းရုပ်တွေ တပေါင်းတည်း စုပေါင်း၍ ဖြစ်ပျက်ဖြစ်ပျက်နေသောဖြစ်ပျက်အစဉ်သန္တာန သဏ္ဍာန အတ္ထပညတ်အထည်ဒြပ်ဝတ္ထု၏ အမည်နာမပညတ်ကို အာရုံပြု၍ မနောဒွါရဝီထိဇော ၇-ကြိမ် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်ပျက်ဖြစ်ပျက်နေ၏။

ရူပံ ပထမ စိတ္တေန၊ တီတံ ဒုတိယ စေတသာ။

အတ္ထံ တတိယ စိတ္တေန၊ နာမံ စတုတ္ထ စေတသာ။

(၁) ပရမတ်အဆင်းရုပ် ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရဝီထိ။ (၂) အတိတ်ဖြစ်သော ပရမတ်အဆင်းရုပ် ရူပါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ။ (၃) ရူပါရုံအဆင်းရုပ် အစုအပေါင်းဖြစ်သော ဖြစ်ပျက်အစဉ် သန္တာန-သဏ္ဍာန အတ္ထပညတ်ကို အာရုံပြု၍ အတ္ထပညတ္တိဝီထိ။ (၄) ထိုအတ္ထပညတ် အထည်ဒြပ်ဝတ္ထု၏ အမည်နာမ ပညတ်ကို အာရုံပြု၍ နာမပညတ္တိဝီထိ။ ဤလေးဝီထိတို့သည် အကြိမ်ပေါင်းများစွာ မရေမတွက်နိုင် ဖြစ်ပျက်ဖြစ်ပျက်နေပြီးမှ လူဘဲ-နွားဘဲ စသည်ဖြင့်သိကြကုန်၏။အဆင်းကိုမြင်လျှင် မြင်ခြင်း ခဏကလေးအတွင်း၌ ဖြစ်ပျက်ပေါင်းများစွာ မရေတွက်နိုင်အောင် ဖြစ်ပျက်ကြကုန်၏။ဤသို့ ဖြစ်ပျက်ဖြစ်ပျက်နေသော ဖြစ်ပျက်အစဉ် ဖြစ်ပျက်အစုကို ဟုတ်မှန်သည့်အတိုင်း ထင်မြင်အောင် ဆင်ခြင်စဉ်းစားနှလုံးထား၍ ကြည့်ရှုကြကုန်ရာ၏။

ပရမတ္ထ-ပုဒ်ကို-ပရမ-အတ္ထ-ဖြတ်။ ပရမ၊ အဝိပရိတ၊ ယထာဘူတ၊ တထ၊ အဝိတထ၊ မုချ၊ ကေန္တ၊ သစ္စ၊ သစ္စိက ဤပုဒ်တို့သည် အနက်ဟူ-အဓိပ္ပါယ်တူ အတ္ထနှင့်သဘာဝ အနက်တူ အဓိပ္ပါယ်တူ။

ပရမော-အတ္ထော ပရမတ္ထော၊ အဝိပရိတသဘာဝေါ၊
ယထာဘူတ သဘာဝေါ၊ တထ သဘာဝေါ၊ အဝိတထ
သဘာဝေါ၊ မုချ ကေန္တ သဘာဝေါ၊ သစ္စသဘာဝေါ၊
သစ္စိကတ္တော၊ ပရမတ္ထော။

ဤပုဒ်တို့ဖြင့် အဟုတ်အမှန်ရှိသော သဘောကို ပရမတ်ဆိုသည်။ အဟုတ်အမှန်မရှိသောသဘောကို ပညတ်ဆိုသည်။ အဟုတ်အမှန်ရှိသော ပရမတ်သဘောသည် ရှာလေ-တွေ့လေ--တွေ့သည်၊ အဘယ့်ကြောင့် တွေ့သနည်း?။ အဟုတ်အမှန်ရှိသောကြောင့် တွေ့သည်။အဟုတ်အမှန်မရှိသော

ပညတ်သဘောသည် ရှာလေ-ပျောက်လေ-ပျောက်သည်၊ အဘယ့်ကြောင့် ပျောက်သနည်း?။ အဟုတ်အမှန်မရှိသောကြောင့် ပျောက်သည်။

လက်-ခြေ-အင်္ဂါ-မျက်နှာ-ရင်-ခါး-ပြားပြား လုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုးထင်ရသော သဏ္ဌာနပညတ်သည် ရှာလေပျောက်လေ-ပျောက်သည်၊ရှာလိုကြည့်ကြစမ်း၊မျက်စိနှင့် ကြည့်၍ရှာလျှင် **အဆင်း** ကိုသာ တွေ့သည်။ နားနှင့်ရှာလျှင် **အသံ** ကိုသာ တွေ့သည်။ နှာခေါင်းနှင့်ရှာလျှင် **အနံ့** ကိုသာတွေ့သည်၊ လျှာဖြင့်လျက်၍ စား၍ဝါး၍ရှာလျှင် စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန် **အရသာရုပ်** ကိုသာတွေ့သည်၊ လက်ဖြင့် စမ်းသပ်၍ ရှာလျှင် ကြမ်း, ချော, ခု, ခံ့, ထိ၊ တောင့်,တင်း,တွန်း, တိုး,ထိ၊ ပူ,အေး,နွေး,လော,ထိ၊ ဤ **အထိရုပ်** သုံးမျိုးကိုသာ တွေ့သည်။ ဤသို့တွေ့ရသော အဆင်း အသံ အနံ့ အရသာ အထိရုပ်တို့သည် ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးတည်နေသည်ဟုထင်ရသော လူကောင်မဟုတ် လက်မဟုတ် ခြေမဟုတ် မျက်နှာ ရင် ခါး ပြားပြား လုံးလုံး မဟုတ် **ဖြစ် ပျက် ဖြစ် ပျက်** နေသော ပရမတ် သဘောတရားတို့သာဟုတ်သည်။ ထို ဖြစ်ပျက် ဖြစ်ပျက် နေသော အဆင်း အသံ အနံ့ အရသာ အထိရုပ် ပရမတ် သဘောတို့သည် **ဖြစ်ခြင်းပျက်ခြင်း** လျင်မြန်သောကြောင့် ဖြစ်မှန်း ပျက်မှန်းမသိ၊ မီးစကိုကိုင်၍ ပတ်ပတ်လှည့်ရမ်းသောအခါ မီးကွင်းထင်ရသကဲ့သို့ အခဲအလုံး အဖြုံး အမှုန့်။လ။ပုံသဏ္ဌာန်အမျိုးမျိုးထင်ရသည်၊ ၎င်းထင်ရသော အခဲအလုံး အဖြုံးအမှုန့် စသည်တို့သည် သဏ္ဌာန ပညတ်ဖြစ်သည် အထင်သာလျှင် ရှိသည် အဟုတ် အမှန်-တကာယ်စင်စစ်မရှိ။

အဆင်း အသံ အနံ့ အစရှိသော ပရမတ်သဘောမှာ လုံးသည် ပြားသည် မရှိ၊ ရှည်သည် လျားသည် ဝန်းဝိုင်းသည် ဟူ၍မရှိ၊ ဖြစ်ပျက်ဖြစ်ပျက်သာလျှင်ရှိသည်။ တခုသောနေရာမှာဖြစ်သော အဆင်း အသံ အနံ့ ပရမတ်သဘောတို့သည် ဖြစ်သောနေရာမှာ ပျက်သည်။ တနေရာသို့ ပြောင်းရွှေ့သွားသည်မဟုတ်၊ **ဖြစ် ပျက် ဖြစ် ပျက်** ဆက်၍ **ဖြစ်ပျက်** လျင်မြန်သောကြောင့် အလုံး အခဲကဲ့သို့ထင်၍ တနေရာမှ တနေရာသို့ ပြောင်းရွှေ့သွားသည်ဟု ထင်ရသည်။ အလုံးအခဲ ရွှေ့သွားသည်ဟုထင်အောင် အဆင်း

အသံ အနံ့ အရသာ အပူ အအေး ရုပ်အပေါင်းတို့ များစွာ စုပေါင်း၍ တပ်ပိုင်နက် တချက်ထည်း **ဖြစ်ပျက်ဖြစ်ပျက်** အဆက်ဆက် အကြောင်းခံ၍ ထပ်ခါ ထပ်ခါ ဖြစ်ပျက် ကြလေသည်။ အဆင်း အသံ အနံ့ အပူ အအေး စသော ရုပ်အပေါင်းတို့ များများကြီး စုပေါင်း၍ တပ်ပိုင်နက် တချက်ထည်း များများကြီးဖြစ်လျှင် အလုံးအခဲအကောင်အထည် ကြီးကြီးမားမားထင်ရ၏။ နဲနဲစုပေါင်း၍ ဖြစ်လျှင် ငယ်ငယ်ထင်ရ၏။ ပရမာဏုမြူ အမှုန့်တွေ များစွာစုပေါင်း၍ဖြစ်သော(မဟာပထဝီမြေကြီး) ကဲ့သို့တည်း။ ကြီးသည်-ငယ်သည်ဟူ၍ ထင်ရသော အလုံးအခဲ သဏ္ဌာနပညတ်ဖြစ်သည်။ အဆင်း အသံ အနံ့ အရသာ အပူ အအေး အစရှိသော ပရမတ်သဘောမှာ အကြီး အငယ် အရှည် အလျား အပြား အလုံးဟူ၍မရှိ **ဖြစ်ပျက်ဖြစ်ပျက်** သာလျှင်ရှိသည်။ အဆင်း အသံ အနံ့ အရသာ ကြမ်း ချော ခု ခံ့, တောင့် တင်း တွန်း တိုး, ပူ အေး နွေး လော ပရမတ် သဘောတို့မှ ကင်း၍လည်း အလုံးအခဲ စသော သဏ္ဌာနပညတ်မထင်နိုင်၊ အလုံးအခဲ စသော သဏ္ဌာန ပညတ်သည်လည်း အဟုတ် အမှန် တကယ်စင်စစ်မရှိ **ဖြစ်ပျက် ဖြစ်ပျက်** သည်သာလျှင် အဟုတ်အမှန် တကယ်စင်စစ် ရှိသည်၊ တကယ်စင်စစ် အဟုတ်အမှန်ရှိသော **ဖြစ်ပျက် ဖြစ်ပျက်** လက္ခဏာကို တကယ်ထင်မြင်ပါလျှင် **ဖြစ်ချင်** ဆိုတဲ့ သဘောကင်းပျောက်၍ **မဖြစ်ချင်** ဆိုတဲ့ သဘောမျိုး အလိုလိုရောက်၏။ ထို့ကြောင့် ...

ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။
မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
ပုဗ္ဗဘာဂ၊ လောကုတ္တရ၊ မဂ္ဂနှစ်ဖြာမှတ်။

**ဖြစ်ပျက် ဖြစ်ပျက်** နေသည်ကို ထင်မြင်သော ဝိပဿနာဉာဏ်သည် ပုဗ္ဗဘာဂ မဂ္ဂသစ္စာဖြစ်၏။ **မဖြစ်** နိဗ္ဗာန်ကို မြင်သော ဂေါတြဘူဉာဏ်၏ နောက်၌ မဂ်ဉာဏ်သည် လောကုတ္တရမဂ္ဂသစ္စာဖြစ်၏။

ဖြစ်ခြင်း၊ပျက်ခြင်း၊ ဖေါက်ပြန်ခြင်း၊ မယွင်းဒုက္ခမှတ်။
ဖြစ်ချင်ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။

ဤသို့ စသည်ဖြင့် ရေးသား ပြဆိုပြီးသော ယောဂီဝိဇ္ဇာလမ်းမှန်-သံခပေါက်လင်္ကာကို ပြန်၍ကြည့်ရှုကြကုန်ရာ၏။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ-ပဋိလုံ

**ဖြစ်ချင်-ဖြစ်၊ မဖြစ်ချင်-မဖြစ်၊ ပဋိစ္စသမုပ္ပါဒ်အစစ်။**
**ဖြစ်ချင်-ဖြစ်** ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ်အနုလုံ။
**မဖြစ်ချင်-မဖြစ်** ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ်ပဋိလုံ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ, သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(ပဋိစ္စသမုပ္ပါဒ် အနုလောမဒေသနာတော်)

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်။ သဠာယတနကြောင့် ဖဿဖြစ်။ ဖဿကြောင့် ဝေဒနာဖြစ်။ ဝေဒနာကြောင့် တဏှာဖြစ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်။ ဥပါဒါန်ကြောင့် ဘဝဖြစ်။ ဘဝကြောင့် ဇာတိဖြစ်။ ဇာတိကြောင့် ဇရာ မရဏဖြစ်။ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့သည် ဖြစ်ကြကုန်၏။

ဤသို့ ဖြစ်ကြောင်းရှိ၍ ဖြစ်သော ဤရုပ်နာမ်သက်သက် ဖြစ်ပျက်အစု၏ ဖြစ်ပျက် ဖြစ်ပျက်နေခြင်းသည် ထင်ရှား၏။

ဤပဋိစ္စသမုပ္ပါဒ်အနုလောမဒေသနာတော်ဖြင့် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာကို ပြတော်မူသည်။ ထို့ကြောင့်...

**ဖြစ်ချင်-ဖြစ်၊ ပဋိစ္စသမုပ္ပါဒ် အနုလုံအစစ်** ဟူ၍ ဆိုအပ်၏။

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊သင်္ခါ ရနိရောဓာ ဝိညာဏနိရောဓော၊ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿ နိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာရောဓာ တဏှာ နိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါ ဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရော ဓော၊ ဇာတိနိရောဓာ ဇရာ မရဏ,သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေ ဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ။

(ပဋိစ္စသမုပ္ပါဒ် ပဋိလောမဒေသနာတော်)

အဝိဇ္ဇာ မဖြစ်လို့ သင်္ခါရမဖြစ်။ သင်္ခါရမဖြစ်လို့ ဝိညာဏ်မဖြစ်။ ဝိညာဏ်မဖြစ်လို့ နာမ်ရုပ်မဖြစ်။ နာမ်ရုပ်မဖြစ်လို့ သဠာယတနမဖြစ်။သဠာယတနမဖြစ်လို့ ဖဿမဖြစ်။ ဖဿမဖြစ်လို့ ဝေဒနာမဖြစ်။ ဝေဒနာမဖြစ်လို့ တဏှာမဖြစ်။တဏှာမဖြစ်လို့ ဥပါဒါန်မဖြစ်။ဥပါဒါန်မဖြစ်လို့ ဘဝမဖြစ်။ ဘဝမဖြစ်လို့ ဇာတိမဖြစ်။ ဇာတိမဖြစ်လို့ ဇရာ မရဏမဖြစ်။ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့သည် မဖြစ်ကြကုန်။

ဤသို့ ဖြစ်ကြောင်းမရှိ၍ မဖြစ်သော ဤရုပ်နာမ်သက်သက် ဖြစ်ပျက်အစု၏ ဖြစ်ပျက် ဖြစ်ပျက်မနေဘဲ အဆုံးစွန်မဖြစ်ခြင်းသည်ထင်ရှား၏။

ဤ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ဒေသနာတော်ဖြင့် မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကို ပြတော်မူသည်။ ထို့ကြောင့်....

**မဖြစ်ချင်-မဖြစ်၊ ပဋိစ္စသမုပ္ပါဒ်ပဋိလုံ အစစ် ဟူ၍ ဆိုအပ်၏။**

ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် ကြောင်းကျိုးစပ်၍ မရပ်မစဲ မွှမွှကြဲမျှ ပြောင်းလဲဖြစ်ပျက်နေသော ရုပ်နာမ်အစုတို့သည် ဖြစ်ကြောင်းရှိ၍သာလျှင် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ ဖြစ်ကြောင်းမရှိလျှင် ဖြစ်ပျက် ဖြစ်ပျက်မနေဘဲ အဖြစ်ပြတ် ရပ်စဲ၍(မဖြစ်)နိဗ္ဗာန်သို့ ရောက်လေသည်။ဤသို့ သိစေခြင်းငှါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အနုလုံ ပဋိလုံထား၍ ဟော ကြားတော်မူသည်။ ထို့ကြောင့်

**ဖြစ်ချင်-ဖြစ်၊ မဖြစ်ချင်-မဖြစ်၊ ပဋိစ္စသမုပ္ပါဒ် အစစ်** ဟူ၍ ဆိုအပ်၏။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ၊ အင်္ဂါ ၁၂-ပါး။

ဤအင်္ဂါ တဆယ့်နှစ်ပါး၌ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဤငါးပါးတို့ကို အကြောင်းတရားဆိုသည်။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဤငါးပါးတို့ကို အကျိုးတရားဆိုသည်။

အကြောင်း တရား ငါးပါး၊ အကျိုး တရား ငါးပါး ဤဆယ်ပါးသော တရားတို့၏ ဖြစ်-တည်-ပျက် (ဥပါဒ်=ဌီ=ဘင်) ကို ဇာတိ ဇရာ မရဏ ဆိုသည်။ ဤဆယ်ပါးသော တရားတို့၏ ဖြစ်ခြင်း (ဥပါဒ်)ခဏကို ဇာတိဆိုသည်။ ပျက်ခြင်း (ဘင်) ခဏကို မရဏ ဆိုသည်။ ဖြစ်၍ မပျက်မီ တည်ဆဲ(ဌီ)ခဏကို ဇရာဆိုသည်။ ဤတည်ဆဲ (ဌီ)ခဏကို ဝိပဿနာဉာဏ် အာရုံမထားဘဲ ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုသာလျှင် ထင်မြင်အောင် ဆင်ခြင် စဉ်းစားကြည့်ရှုခြင်းကိုပြု၍ အကြောင်းငါးပါး၊ အကျိုးငါးပါး ဤဆယ်ပါးတို့သည် **ဖြစ်ပျက် ဖြစ်ပျက်** နေသော ဖြစ်ပျက် အစုတို့သာတည်း။ ဖြစ်ပျက် ဖြစ်ပျက်နေသော အကြောင်းတရားငါးပါးရှိ၍ အကျိုးတရား ငါးပါးတို့သည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ ဤသို့စဉ်းစားဆင်ခြင် ထင်မြင်အောင် ကြည့်ရှုစေခြင်းငှါ ပဋိစ္စသမုပ္ပါဒ် အနုလောမ ဒေသနာတော်ကို ဟောကြားတော်မူသည်။

ဖြစ်ပျက် ဖြစ်ပျက်နေသော အကြောင်းတရားငါးပါးတို့ မရှိလျှင် အကျိုးတရားငါးပါးတို့သည်လည်း ဖြစ်ပျက် ဖြစ်ပျက်မရှိဘဲ **အဖြစ်**ပြတ်၍ **မဖြစ်** သို့ ရောက်လေ၏။ ဤသို့ စဉ်စားဆင်ခြင် ထင်မြင်အောင် ကြည့်ရှုစေခြင်းငှါ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ဒေသနာတော်ကို ဟောကြားတော်မူသည်။

အတိတ်ဘဝ၊ပစ္စုပ္ပန်ဘဝ၊အနာဂတ်ဘဝ ဟူ၍ သံသရာစက်ရဟတ်၌ ဘဝသုံးရပ် ပိုင်းခြားအပ်သော်လည်း ထိုဘဝသုံးရပ်သည်(ဖြစ်ပျက် ဖြစ်ပျက်သာလျှင်)ဆက်စပ်၍ နေသည်ဟု သိစေခြင်းငှါ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို သုံးဘဝ ဆက်စပ်၍ ဟောတော်မူသည်။ ထို့ကြောင့် သုံးဘဝလုံး

ဆက်၍ **ဖြစ်ပျက်ဖြစ်ပျက်**နေသည်ကို ထင်မြင်အောင် ဆင်ခြင်စဉ်းစားလျှင် ပစ္စယတော ဉဒယဗ္ဗယဉာဏ်ဖြစ်သည်၊

## ပစ္စယတော ဉဒယဗ္ဗယဉာဏ် ဖြစ်အောင် သုံးဘဝစပ်၍ ပဋိစ္စသမုပ္ပါဒ်ကြည့်ရှုဆင်ခြင်နည်း

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သော ရှေးဘဝအဝိဇ္ဇာကြောင့် ကုသိုလ်-အကုသိုလ် သင်္ခါရတို့ ဖြစ်ကုန်၏။ ရှေးဘဝက ဖြစ်ပျက်ဖြစ်ပျက်နေဘူးသော ကုသိုလ်-အကုသိုလ် သင်္ခါရတို့ကြောင့် ယခုဘဝ၌ ပဋိသန္ဓေမှစ၍ သေသည့်တိုင်အောင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဤအကျိုးတရားငါးပါးတို့သည် ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။

ဤအကျိုးတရား ငါးပါးတို့ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်သောကြောင့် ဖြစ်ချင်သောတဏှာ ယခုဘဝ၌ဖြစ်လာသည်။ ဖြစ်ချင်သော တဏှာကြောင့် စွဲလန်းခြင်းဉပါဒါန်ဖြစ်သည်၊ စွဲလန်းခြင်းဉပါဒါန်ကြောင့် ဖြစ်အောင်ပြုလုပ်သည်၊ ဖြစ်အောင်ပြုလုပ်သော ယခုဘဝ- ကုသိုလ်-အကုသိုလ်ကံကို "ကမ္မဘဝ" ဆိုသည်၊ ကမ္မဘဝဟု ဆိုအပ်သော ယခုဘဝ ကုသိုလ်-အကုသိုလ်ကံတို့ကြောင့် နောက်ဘဝ ပဋိသန္ဓေဆက်၍ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) အကျိုးတရား ငါးပါးတို့ဖြစ်ပျက်ဖြစ်ပျက်နေပြန်၏၊ ဤအကျိုးတရားတို့ဖြစ်ပျက် ဖြစ်ပျယ်နေသည်ကိုဇာတိ, ဇရာမရဏ ဟူ၍ဆိုသည်။

ဇာတိဆိုသည်ကား ဖြစ်ခြင်းတည်း၊ ဇရာ မရဏ ဆိုသည်ကား ရင့်ခြင်း ပျက်စီးခြင်းတည်း။ )ရင့်ရော် ယိုယွင်း ပျက်စီးခြင်း သဘောကို ဇရာ မရဏဆိုသည်။)

(ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ) ဤအကျိုးတရား ငါးပါးတို့၏ ရင့်ခြင်း ပျက်ခြင်း ကိုဆင်လျှင် ပျက်ခြင်း(ဘင်)၌သာလျှင် ဉာဏ်အမြင်ဆိုက်လေတော့၏။ ထို့ကြောင့် ...

ဇာတိ ဇရာ မရဏကို ဆင်ခြင်လျှင် ဉဒယဗ္ဗယဉာဏ်ထင်လေသည်။ ဤသို့ ထင်မြင်အောင် ဆင်ခြင် ကြည့်ရှုစေခြင်းငှါ အင်္ဂါ တဆယ့်နှစ်ပါး စဉ်ကာထား၍-ဟောကြားသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ဇာတိနှင့် ဇရာ မရဏကို နောက်ဆုံးထား၍ ဟောကြားတော်မူသည်။ အင်္ဂါ

တဆယ့်နှစ်ပါး တို့တွင် ရှေးရှေးသော အင်္ဂါဆယ်ပါးတို့၏ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ဇာတိ-ဇရာ မရဏဟူ၍ဆိုလိုသည်။

ဖြစ်ပျက် ဖြစ်ပျက်နေသော အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ပျက် ဖြစ်ပျက် နေ၏ ဟူ၍ ဆင်ခြင်သော ဉာဏ်အမြင်ကို ပစ္စယတော ဥဒယဗ္ဗယဉာဏ်ဆိုသည်။

ပစ္စယတောဥဒယဗ္ဗယဉာဏ် ထင်မြင်အောင် သုံးဘဝပေါင်းလျက် အကြောင်းဆက်၍ ဖြစ်ပျက်ကို ကြည့်ရှုသော ပဋိစ္စသမုပ္ပါဒ် နည်းတရပ် အထူးမှတ်။

သုံးဘဝပေါင်းလျက် အကြောင်းဆက်၍ ဖြစ်ပျက်ကို ဆင်ခြင်သော ပစ္စယတော ဥဒယဗ္ဗယဉာဏ်ဖြင့် အကြောင်းငါးပါးနှင့် အကျိုးငါးပါးတို့သည် ဘဝသုံးရပ် သုံးစပ် စပ်၍ လေးထပ်သော အလွှာဖြင့် ခြင်းရာ နှစ်ဆယ် ဖြစ်သည်ကို သိမြင်လေသည်။

သိမြင်ပုံကား--(၁) ရှေးဘဝက ဖြစ်ပျက် ဖြစ်ပျက် နေသော (အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်၊ဘဝ) ဤအကြောင်းငါးပါးနှင့် စပ်၍ သာလျှင် ယခုဘဝ၌ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ) ဤ အကျိုး ငါးပါးတို့သည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏ ဟူ၍ သိကုန်၏၊ (၁) စပ်။

(၂) ဤယခုဘဝ၌ဖြစ်ပျက်ဖြစ်ပျက်နေသော(ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊) ဤအကျိုး ငါးပါးတို့နှင့် စပ်၍သာလျှင် (အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ ဥပါဒါန်၊ ဘဝ) ဤအကြောင်းငါးပါးတို့သည် ထပ်ခါထပ်ခါ ဖြစ်လာပြန်၏ ဟူ၍ သိ၏ (၂) စပ်။

ထိုစကားမှန်၏။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဤအကျိုးငါးပါးတို့ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်သောကြောင့် သာလျှင် အခဲအလုံး စသည်ထင်၍ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ) ဤအကြောင်းငါးပါးတို့ ထပ်ခါထပ်ခါ ဖြစ်လာပြန်သည် ဟူ၍ သိမြင်၏။

(၃) ဤသို့ထပ်ခါထပ်ခါဖြစ်လာသော(အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ ဥပါဒါန်၊ ဘဝ) ဤ အကြောင်း ငါးပါးနှင့် စပ်၍ သာလျှင် နောက်ဘဝ ပဋိသန္ဓေဆက်၍ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဤ အကျိုးငါးပါးတို့သည် ဖြစ်ပျက်ဖြစ်ပျက်နေလတ္တံ့ ဟူ၍သိမြင်၏၊(၃)စပ်။

ဤသို့ ဘ၁သုံးရပ် သုံးစပ်စပ်၍ လေးထပ်သောအလွှာဖြင့် ခြင်းရာ နှစ်ဆယ်တို့သည် ချာလယ်ခွေပတ် ရဟတ်စကြာ ပုံပမာသို့ ထပ်ခါထပ်ခါ ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟူ၍ သိမြင်သောဉာဏ်ကို ပစ္စယတောဉဒယဗ္ဗယ ဉာဏ် ဟူ၍၎င်း, ပစ္စယပရိဂ္ဂဟဉာဏ် ဟူ၍၎င်း, ပဋိစ္စသမုပ္ပါဒ် ဉာဏ်ဟူ၍၎င်း, ဓမ္မဋ္ဌိတိဉာဏ်ဟူ၍၎င်း, ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟူ၍၎င်း ဆိုထိုက်သလား?။ မဆိုထိုက်လား စဉ်းစားဆင်ခြင်ကြကုန်ရာ၏။ *

---

*သင်္ချာလေးပါးကိုသိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ယောဂီပုဂ္ဂိုလ် သည် ပဋိစ္စသမုပ္ပါဒ်၏ဓမ္မ အပြားအင်္ဂါ ၂-ပါးကိုသဘောပေါက် နားလည်မှသာ လျှင် သတ္တဝါတို့၏ ဖြစ်ကြောင်း အကြောင်းပစ္စည်းကိုယုံမှားကင်းပြီး သိမ်းဆည်း နိုင်သော "ပစ္စယ ပရိဂ္ဂဟဉာဏ်"ရမည်ဖြစ်ရာ

နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ,ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိ ကိစ္ဆာ၊ ဤဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးကို ပယ်ခွါ လွှန်မြောက်ခြင်း မည်သည်မှာ "ဝိက္ခမ္ဘနပဟာန်" အားဖြင့် ပယ်ခွါလွှန် မြောက်ခြင်းမည်၏၊ ထိုစကားမှန်၏။ ဤဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးတို့သည် နာမရူပ ပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ် ဤ ဉာဏ် ၂-ဉာဏ် ပိုင်နိုင်သော ယောဂီတို့အား တရက်,တလ,တနှစ်မျှသာမကမူ၍၊ တဘဝလုံးပင်လျှင် ချုပ်ငြိမ်းပြတ်စဲကြကုန်တော့၏။

"ထင်ရှားစေဦးအံ့" ဒိဋ္ဌိ, ဝိစိကိစ္ဆာ ၂-ပါးတို့သည် နာမရူပ ပရိစ္ဆေဒ ဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, ဤဉာဏ် ၂-ပါး ပိုင်နိုင်ပြီးသော ယောဂီတို့အား ဝိပဿနာတရားကို မပွားများဘဲ ပကတိ နေမြဲအတိုင်းနေစေကာ မူ နောင်တဖန် ပြန်၍မဖြစ်ပေါ်လာတော့ပြီ၊ ဝိပဿနာ တရားကို ပွားများဆဲအခါ မဖြစ်ပေါ် သည်မှာ ဆိုဘွယ်ရာပင် မရှိတော့ပြီ။ ကြွင်းသော ကိလေသာ ၈-ပါးတို့သည်ကား ဝိပဿနာပွားဆဲ,ရှုမှတ်ဆဲအခါမှသာလျှင် ချုပ်ငြိမ်းကြကုန်၍ ဝိပဿနာ မရှုမှတ် မပွားများဘဲ ပကတိ နေမြဲသောအခါ တဖန်ဖြစ်ပေါ်လာပြန်ကုန်၏။

သို့ဖြစ်၍ ကိလေသာ ၈-ပါးတို့သည် နာမရူပ ပရိစ္ဆေဒ ဉာဏ် မှစ၍ သင်္ခါ ရုပေက္ခာဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်တို့ဖြင့် ပယ်သတ်ဖျက်ဆီးသည်ရှိသော် "တဒင်္ဂပဟာန်" မျှသာ ချုပ်ငြိမ်း ကြကုန်၏။ ဝိက္ခမ္ဘနပဟာန်" ချုပ်ငြိမ်းခြင်း ဖြင့် မချုပ်ငြိမ်းကြကုန်၊ ထို့ကြောင့် ဝိပဿနာ၏အစွမ်းဖြင့် ကိလေသာ ၈-ပါး တို့၏ ချုပ်ငြိမ်ခြင်းသည် "တဒင်္ဂပဟာန်" ချုပ်ငြိမ်းခြင်း မည်၏၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ၂-ပါးတို့၏ ချုပ်ငြိမ်းခြင်းသည် "ဝိက္ခမ္ဘနပဟာန်" ချုပ်ငြိမ်းခြင်း မည်၏-ဟု ယောဂီတို့၏ လက်တွေ့ဖြစ်သော ဤသဘာဝ ပုဂ္ဂိုလ်စကား၏ အဓိပ္ပါယ်ကို အဆင် အကျယ်မှတ်ယူအပ်၏။

ဖြစ်ပျက်မမြင်ခြင်းကြောင့်သာလျှင် လုံးလုံးခဲခဲ တုတ်တုတ်ဝဝလှုပ တင့်တယ်သည် မှတ်ထင်၍ ဖြစ်ခြင်း,စွဲလန်းခြင်း ဖြစ်အောင် ပြုလုပ်ခြင်းတို့ ရှိကြ၍ ဖြစ်ပျက်ဖြစ်ပျက်နေသည်။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကိုမြင်ပါလျှင် မဖြစ်ချင်ဘဲ ဖြစ်ချင်မှုစွဲလန်းခြင်းမရှိ၍ ဖြစ်အောင် ပြုလုပ်ခြင်းလည်း မရှိသောကြောင့် ဖြစ်ပျက် ဖြစ်ပျက် မနေဘဲ အဖြစ် ပြတ်စဲ၍ **မဖြစ်** သို့ ရောက်နိုင်သည်။

ဖြစ်ပျက်ကိုမမြင်ခြင်းသည် ဖြစ်ပျက်ဖြစ်ပျက်နေခြင်း၏အကြောင်း ရင်းကိုမသိခြင်းကြောင့်ပင်၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အကြောင်းစပ်၍ဖြစ် ပျက် ဖြစ်ပျက်နေသော အင်္ဂါတဆယ့်နှစ်ပါးတွင် အဝိဇ္ဇာကို အစထား၍ ထင်ရှားအောင် ဟောတော်မူသည်။

ပြင်းထန်သော ဓာတ်ခိုးရှိန်ဖြင့် လျှင်မြန်စွာလည်၍နေသော စက် ဝိုင်းကိုမြင်လျှင် တသားတည်း ထင်သလို မီးစကို ကိုင်၍ရမ်းလျှင် မီးကွင်း ထင်သလို အခဲအလုံးထင်အောင်လျှင်မြန်စွာပြောင်းလဲ၍ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ရဟတ်စကြာ--ပုံပမာ ဟူ၍ဆိုရသည်။

## ခဏာ ဖြစ်ပျက်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုနည်း

ဗုဒ္ဓံသရဏံ ဂစ္ဆာမိဟူ၍ ရွတ်ဆိုရာ၌ ဗုဒ်-ဟူသောအသံတခု၊ ဓံ-ဟူ သော အသံတခု၊ သ-ဟူသော အသံတခု၊ ရ-ဟူသော အသံတခု၊ ဏံ--ဟူ သော အသံတခု၊ ဂစ်-ဟူသော အသံတခု၊ ဆာ-ဟူသော အသံတခု၊ မိ-- ဟူသော အသံတခု၊ ဤအသံရုပ်စုသည် တခုနှင့်တခု ရောယှက် ထိစပ်ခြင်း မရှိကုန်။

**ဗုဒ်** ဟူသောအသံသည် **ဓံ** ဟူသောအသံမဖြစ်မီ ပျက်သွားသည်။ **ဓံ** ဟူသောအသံသည် **သ** ဟူသောအသံမဖြစ်မီ ပျက်သွားသည်။ **သ** ဟူ သောအသံသည် **ရ** ဟူသော အသံမဖြစ်မီ ပျက်သွားသည်။ **ရ** ဟူသော အသံသည် **ဏံ** ဟူသောအသံမဖြစ်မီ ပျက်သွားသည်။ **ဏံ** ဟူသောအသံ သည် **ဂစ်** ဟူသောအသံမဖြစ်မီ ပျက်သွားသည်။ **ဂစ်** ဟူသောအသံ သည် **ဆာ** ဟူသောအသံ မဖြစ်မီပျက်သွားသည်။ **ဆာ** ဟူသောအသံ သည် **မိ** ဟူသောအသံမဖြစ်မီပျက်သွားသည်။-

**ဗုဒ်** ဟူသောအသံဖြစ်လာသည်ကိုလည်း ထင်ရှားစွာ သိနိုင်၏။ ပျက်သွားသည်ကိုလည်းထင်ရှားစွာသိနိုင်၏။ **ဓံ**ဟူသောအသံဖြစ်လာသည်ကိုလည်းထင်ရှားစွာသိနိုင်၏။ ပျက်သွားသည်ကိုလည်းထင်ရှားစွာသိနိုင်၏ **သ** ဟူသော အသံဖြစ်လာသည်ကိုလည်း ထင်ရှားစွာသိနိုင်၏။ ပျက်သွားသည်ကိုလည်း ထင်ရှားစွာသိနိုင်၏။**ရ** ဟူသောအသံဖြစ်လာသည်ကိုလည်း ထင်ရှားစွာသိနိုင်၏။ ပျက်သွားသည်ကိုလည်း ထင်ရှားစွာသိနိုင်၏။ **ဏံ** ဟူသောအသံဖြစ်လာသည်ကိုလည်း ထင်ရှားစွာသိနိုင်၏။ ပျက်သွားသည်ကိုလည်း ထင်ရှားစွာသိနိုင်၏။ **ဂစ်** ဟူသောအသံဖြစ်လာသည်ကိုလည်း သိနိုင်၏။ ပျက်သွားသည်ကိုလည်းသိနိုင်၏။ **ဆာ** ဟူသော အသံဖြစ်လာသည်ကိုလည်းသိနိုင်၏။ ပျက်သွားသည်ကိုလည်း သိနိုင်၏။ **မိ** ဟူသော အသံဖြစ်လာသည်ကိုလည်း သိနိုင်၏။ ပျက်သွားသည်ကိုလည်းသိနိုင်၏။

**ဗုဒ်** ဟူသောအသံ ဖြစ်၍ပျက်ပြီးမှသာလျှင် **ဓံ** ဟူသေအသံဖြစ်လာသည်။**ဓံ** ဟူသောအသံဖြစ်၍ပျက်ပြီးမှသာလျှင် **သ** ဟူသောအသံဖြစ်လာသည်။**သ** ဟူသောအသံဖြစ်၍ပျက်ပြီးမှသာလျှင် **ရ** ဟူသောအသံဖြစ်လာသည်။ **ရ** ဟူသောအသံဖြစ်၍ပျက်ပြီးမှသာလျှင် **ဏံ** ဟူသောအသံဖြစ်လာသည်။ **ဏံ** ဟူသောအသံဖြစ်၍ပျက်ပြီးမှသာလျှင် **ဂစ်** ဟူသောအသံဖြစ်လာသည်။ **ဂစ်** ဟူသောအသံဖြစ်၍ပျက်ပြီးမှသာလျှင် **ဆာ** ဟူသောအသံဖြစ်လာသည်။ **ဆာ** ဟူသောအသံ ဖြစ်၍ပျက်ပြီးမှသာလျှင် **မိ** ဟူသောအသံဖြစ်လာသည်။ ထို့ကြောင့် ရှေ့အသံနှင့်နောက်အသံ ရောယှက်ထိစပ်ခြင်းမရှိကြကုန်။

**ဗုဒ်** ဟူသောအသံသည် ခဏကလေးဖြစ်၍ခဏကလေးပျက်သွားသည်မှာ လွန်စွာထင်ရှားသည်။ ဂရုစိုက်၍ ကြည့်ရှုဆင်ခြင်လျှင် ခဏဖြစ်ပျက်ကို ထင်မြင်နိုင်သည်။ **ဓံ** ဟူသော အသံသည် ခဏကလေးဖြစ်၍ ခဏကလေး ပျက်သွားသည်မှာ လွန်စွာထင်ရှားသည်။ **သ** ဟူသောအသံ **ရ** ဟူသောအသံ၊ **ဏံ** ဟူသောအသံ၊ **ဂစ်** ဟူသောအသံ၊ **ဆာ** ဟူသောအသံ၊ **မိ** ဟူသောအသံတို့သည်လည်း ခဏကလေးဖြစ်၍ခဏကလေးပျက်သွားသည်မှာ လွန်စွာထင်ရှားသည်။ ဂရုစိုက်၍ကြည့်ရှုဆင်ခြင်လျှင် ခဏ

ဖြစ်ပျက်ကို ထင်မြင်နိုင်သည်။ "ဗုဒ္ဓံသရဏံဂစ္ဆာမိ" ရွတ်ဆိုရဲ့ကြည့်၊ **ဗုဒ်** အသံဖြစ်ပျက်။ **ဓံ** အသံဖြစ်ပျက်။ **သ** အသံဖြစ်ပျက်။ **ရ** အသံဖြစ်ပျက်။ **ဏံ** အသံဖြစ်ပျက်။ **ဂစ်** အသံဖြစ်ပျက် **ဆာ** အသံဖြစ်ပျက်။ **မိ** အသံဖြစ်ပျက်။ အသံတမျိုးစီဖြစ်၍ပျက်သည်မှာ လွန်စွာထင်ရှားသည်။ရှေးဖြစ်သော **ဗုဒ်** အသံရုပ်နှင့် နောက်ဖြစ်သော **ဓံ** အသံရုပ်သည် မတူကြကုန်။ အသံတမျိုးစီပြောင်းလဲဖြစ်ပျက်သည်မှာ လွန်စွာထင်းရှားသည်။ ရှေးဖြစ်သော **ဓံ** အသံရုပ်နှင့် နောက်ဖြစ်သော **သ** အသံရုပ်မတူ။ **သ** အသံရုပ်နှင့် **ရ** အသံရုပ်မတူ။ **ရ** အသံရုပ်နှင့် **ဏံ** အသံရုပ်မတူ။ **ဏံ** အသံရုပ်နှင့် **ဂစ်** အသံရုပ်မတူ။ **ဂစ်** အသံရုပ်နှင့် **ဆာ** အသံရုပ်မတူ။ **ဆာ** အသံရုပ်နှင့် **မိ** အသံရုပ်မတူ။ အသံရုပ် တမျိုးစီပြောင်းလဲ ဖြစ်ပျက်နေသည်။

**ဗုဒ်** ဟူသောအသံကို ရှည်ရှည်ကြီး တည်နေအောင် ရွတ်ဆိုမည်ဟု ကြံ၍အသံကို ရှည်ရှည်ဆွဲငင်၍ ရွတ်ဆိုသော်လည်း **ဗုဒ်** ဟူသော နှုတ်ခမ်းသံသည် ရှည်ရှည်တည်နေသည်မဟုတ်၊ ဩဋ္ဌဇ နှုတ်ခမ်းချင်း ထိခပ်၍ဖြစ်သော **ဗုဒ်** အသံသည် ခဏကလေးဖြစ်၍ ခဏကလေး ပျက်သွားသည်။ လည်ချောင်းဝ၌ ထိခပ်၍ဖြစ်သော ကဏ္ဌဇ လည်ချောင်းသံသည်သာလျှင် အဆင့်ဆင့် ဖြစ်၍နေသည်။ရွတ်ဆို၍ကြည့်၊နှုတ်ခမ်းချင်း ထိခပ်၍ဖြစ်သော **ဗုဒ်** အသံကိုလည်း ဆင်ခြင်စဉ်းစား၍ကြည့်၊လည်ချောင်းဝ၌ထိခပ်၍ဖြစ်သော အသံရှည်ရှည်ကိုလည်း စဉ်းစား ဆင်ခြင်၍ကြည့်၊ နှုတ်ခမ်းသံနှင့် လည်ချောင်းသံ တမျိုးစီနေသည်ကို ထင်ရှားစွာသိမြင်လိမ့်မည်။ **ဗုဒ်** ဟူသော အသံကိုရှည်ရှည်ဆွဲငင်၍ရွတ်ဆိုကြည့်၊ **ဗုဒ်** ဟူသော နှုတ်ခမ်းသံသည် ခဏကလေးဖြစ်၍ ပျက်သွားသည်ကို မြင်လိမ့်မည်။ ရှည်၍နေသော အသံသည် **ဗုဒ်** ဟူသော နှုတ်ခမ်းသံမဟုတ်၊ လည်ချောင်းဝ၌ ထိခပ်၍ ဖြစ်သော လည်ချောင်းသံသာလျှင် အဆင့်ဆင့် ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ်အောင် ဖြစ်၍နေသည်။ အဆင့်ဆင့်ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် ထပ်ခါထပ်ခါ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို အသံရှည်သည်ဟု ဆိုသည်။ အသံရှည်သည်ဟု ဆိုသော်လည်း အသံတခုထည်း မပျက်ဘဲ တည်နေ၍ ရှည်သည်မဟုတ်၊ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် ထပ်ခါထပ်ခါ ဖြစ်၍

နေသည်။ ဆင်ခြင်စဉ်းစား၍ကြည့်၊အသံရှည်၌လည်း ခဏဖြစ်ပျက်ကို မြင်နိုင်သည်။

ထိုအသံရုပ်(ခဏဖြစ်ပျက်)ကိုမြင်သလိုမျက်စိနှင့်မြင်သော အဆင်းရုပ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေသည်။ နှာခေါင်းဖြင့်နံလာသော အနံ့ရုပ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေသည်။ စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန်, အရသာရုပ် ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ထင်မြင်အောင် ထမင်းစားဆဲ၌ ဆင်ခြင်၍ကြည့်၊ ထမင်းစားဆဲ ဝါးဆဲ၌ အရသာကို အာရုံပြု၍ဖြစ်သော ဇိဝှါဝိညာဏ်စိတ် ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ဆင်ခြင်၍ကြည့်၊ ဇိဝှါဝိညာဏ်စိတ်သည်-လျှာထဲ၌ မှီ၍ဖြစ်သည်။ လျှာ၌ မှီ၍ဖြစ်သော ဇိဝှါဝိညာဏ်စိတ်ကို လျက်စိတ်ဆိုသည်၊ ဇိဝှါဝိညာဏ်စိတ် လျက်စိတ်၏မှီရာ လျှာတခုလုံး၌ဖြစ်သော ရုပ်စုသည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေသည်။ဉာဏ်နှင့်ချိန်၍ဆ၍မှန်း၍ဆင်ခြင်ကြည့်ရှုလျှင် လျှာတခုလုံး၌ရှိသောကြမ်းချော ခုခံ တွန်းတိုး တောင့်တင်း၊ ပူ အေး နွေးလော ရုပ်စုသည်လည်း ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟူ၍ ဉာဏ်၌ထင်မြင်၍ လာလိမ့်မည်။ တကိုယ်လုံး၌ ရှိသော ရုပ်စုသည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟူ၍ ဉာဏ်၌ထင် မြင်လိမ့်မည်။ တကိုယ်လုံး၌ရှိသော အပူရုပ်တွေဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုငင်း။ ကြမ်းချော ခုခံထိ၊ တောင့်တင်းတွန်းတိုးထိ၊ ပူ အေး နွေးလောထိ၊ အထိရုပ်တွေဖြစ်ပျက်ဖြစ်ပျက်နေသည်ကိုငင်း၊ ဉာဏ်နှင့် ဆင်ခြင်စဉ်းစား၍ ကြည့်ရှုရမည်။ ငြိမ်သက်စွာနေ၍ ဆင်ခြင်စဉ်းစား၍ ကြည့်ရှုလျှင်တကိုယ်လုံး၌ ဟိုနေရာက ယားယား၊ သည်နေရာက ယားယား ရွရွ ရွရွယားယံ၍ နေသည်ကို တွေ့ရမည်။ ရွရွ-ရွရွ ယားယား ယားယား နေသည်မှာ အထိရုပ်တွေဖြစ်ပျက်ဖြစ်ပျက်နေသည်။ရွရွ-ရွရွ ယားယား-ယားယားနေသော အထိရုပ်တွေကို အာရုံပြု၍၊ ဖဿ ဝေဒနာ စိတ် ဝိညာဏ်တို့သည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေသည်၊ဖဿ ဝေဒနာ စိတ်ဝိညာဏ်ဖြစ်၍သာလျှင်ရွရွ ရွရွ ယားယား ယားယား နေသည်ကို သိသည်၊ ဖဿ ဝေဒနာ စိတ် ဝိညာဏ်မဖြစ်ဘဲ အဘယ်မှာသိမည်နည်း။

ရှိန်ရှိန် ရှိန်ရှိန်နှင့် ပူအေး နွေးလောတေဇောအထိရုပ်တွေကလည်း ဖြစ်ပျက်ဖြစ်ပျက်၊တွန်းတိုးတောင့်တင်း ဝါယောအထိရုပ်တွေကလည်းဖြစ်ပျက်ဖြစ်ပျက်၊ ကြမ်း ချော ခု ခံ ပထဝီအထိရုပ်တွေကလည်း ဖြစ်ပျက်ဖြစ်ပျက်၊ရွရွ-ရွရွ ယားယား-ယားယား ရှိန်ရှိန်-ရှိန်ရှိန် ဖြစ်ပျက်ဖြစ်ပျက် နေ

သော အထိရုပ်တွေကို အာရုံ၌ ဖဿ ဝေဒနာ သညာ မနသိကာရ စိတ်ဝိညာဏ်ဘေ့ကလည်း ဖြစ်ပျက် ဖြစ်ပျက် မွမွ ကြဲ၍ နေလေသည်၊ စဉ်းစား၍ကြည့်။

ယားယံသည်၊ ညောင်းညာသည်၊တောင့်တင်းသည်၊ ထုံကျင်သည်၊ ကိုက်ခဲသည်၊ ပူသည်၊ အေးသည်၊ နွေးသည် ဟူ၍ ဆိုသည်မှာ အထိရုပ်တွေ ဖြစ်ပျက်ဖြစ်ပျက်၊ ၎င်းအထိရုပ်တွေကို အာရုံပြု၍ ဖဿ ဝေဒနာ သညာ မနသိကာရ စိတ်ဝိညာဏ်တို့ ဖြစ်ပျက်ဖြစ်ပျက်နေသည်၊ဤသို့သော **ခဏဖြစ်ပျက်** ကို ပုသုဇ္ဇန်တို့လည်း သတိထား၍ စဉ်းစား ကြည့်ရှုလျှင် မြင်နိုင်သည်။ သတိမထား မစဉ်းစားဘဲ မေ့လျော့ပျောက်ပျက် ဂရောက်ဂရက်စိတ်မျိုးနှင့် နေ့ ရက်ကုန်၍နေလျှင် အဘယ်မှာ ဖြစ်ပျက်ကိုမြင်နိုင်မည်နည်း၊ အဘယ်မှာ ပညာပါရမီဉာဏ် ရင့်သန် နိုင်မည်နည်း၊ ပညာပါရမီဉာဏ် မရင့်သန်ဘဲ **မဖြစ်** နိဗ္ဗာန်ကို အဘယ်မှာမြင်နိုင်မည်နည်း။

## အနိစ္စလက္ခဏာနှင့် ဒုက္ခလက္ခဏာထင်မြင်အောင် ဖြစ်ပျက်ကိုဆင်ခြင်ကြည့်ရှုနည်း

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပ သမော သုခေါ။ ။

အင်္ခါရာ၊ အဆင်း,အသံ,အနံ့,အရသာ,အထိ,စိတ်ဝိညာဏ်,ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာဝတ၊ အမြဲမတည်ကြ ပါတကား။ (အမြဲမတည်လျှင် ဘယ်လိုနေပါသလဲ။)ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်ပျက်ဖြစ်ပျက်နေသော တရားတွေပါတကား။ ဥပ္ပဇ္ဇိတွာ၊ ခဏဖြစ်၍။ နိရုဇ္ဈန္တိ၊ ခဏပျက်ကြကုန်၏။ တေသံ၊ ထိုအဆင်း, အသံ, အနံ့,အရသာ, အထိ, စိတ်ဝိညာဏ် ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏။ ဝူပသမော၊ မဖြစ် ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။

အဓိပ္ပါယ်ကား။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ မဖြစ်မှသာလျှင် ချမ်းသာသည်ဟူလို၊ ထိုစကားမှန်၏။ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ချမ်းသာ အေးငြိမ်းသည်ဟုဆိုနိုင်မည်လား။ စဉ်းစားကြည့်ပါ၊ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကိုမြင်ပါလျှင် စိတ်ပျက်စရာကြီး စိတ်နောက်စရာကြီး အဘယ်မှာ ချမ်းသာ အေးငြိမ်းခြင်းရှိမည်နည်း။ စဉ်းစားကြည့်ပါ၊ ဖြစ်ပျက်ဖြစ်ပျက်

မရှိမှ သာလျှင် အေးငြိမ်း ချမ်းသာခြင်း ရှိသည်။ ထို့ကြောင့် "တေသံ ဝူပသမော သုခေါ"ဟူ၍ မိန့်တော်မူသည်။

(ဥပ္ပါဒ=ဖြစ်။ ဝယ=ပျက်။ ဥပ္ပါဒဝယ=ဖြစ်-ပျက်။ ဓမ္မ=သဘောတရား) ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်ပျက်ဖြစ်ပျက် နေသော သဘောတရားတို့သည်။ အနိစ္စာ၊ အမြဲမတည်ကြကုန်။ အမြဲတည်၍ မနေကြကုန်။ (အမြဲတည်၍မနေလျှင် ဘယ်လိုနေပါသလဲ) ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟူလို၊ ထို့ကြောင့် "ဥပ္ပါဒ ဝယ ဓမ္မိနော"ဟူ၍ မိန့်တော်မူသည်။

(ဥပ္ပါဒ ဝယ ဓမ္မိနော) ဖြစ်ပျက်ဖြစ်ပျက်နေသော တရားတို့သည် ဖြစ်ပျက်ဖြစ်ပျက်နေသောကြောင့်ပင်လျှင် အေးငြိမ်းချမ်းသာခြင်းမရှိကုန်။ ဖြစ်ပျက်ဖြစ်ပျက် မနေမှသာလျှင် အေးငြိမ်း ချမ်းသာခြင်း ရှိသည်။ ထို့ကြောင့် "တေသံ ဝူပ သမော သုခေါ" ဟူ၍ မိန့်တော်မူသည်။ ဖြစ်ပျက်ဖြစ်ပျက် နေသော ရုပ်နာမ်တရားတို့ မဖြစ်မှ-မရှိမှ သာလျှင် အေးငြိမ်း ချမ်းသာခြင်းရှိသည် ဟူလို။

ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ်မရပ်မစဲ မွှမွှကြဲမျှ ပြောင်းသဲ ဖြစ်ပျက်နေသောကြောင့်သာလျှင်။ အနိစ္စာ၊ အမြဲမတည်ကြကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်တရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဥဏ ဖြစ်၍။ နိရုဇ္ဈန္တိ ဝတ၊ ဥဏချက်ခြင်း ပျက်ကုန်စွတကား။ တေသံ၊ ထိုဖြစ်ပျက်တရားတို့၏။ ဝူပသမော၊ မဖြစ်ရာ မရှိရာ ဟု ဆိုအပ်သော မဖြစ်သဘောသည်။ သုခေါ၊ နိဗ္ဗာန် ချမ်းသာ မည်၏။ ဖြစ်ပျက် တရားတို့၏ မရှိရာ မဖြစ်ရာ မဖြစ်သဘောကိုပင်လျှင် နိဗ္ဗာန်ချမ်းသာ ဟူ၍ ဆိုလိုသည်။

ဖြစ်ပျက်ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို ဒုက္ခဟူ၍ဆိုသည်။ ဖြစ်ပျက်မရှိသော နိဗ္ဗာန်ကို သုခဟူ၍ ဆိုသည်။ ဖြစ်ပျက်ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို အဘယ့်ကြောင့် ဒုက္ခ ဟူ၍ဆိုသနည်း?။ အေးငြိမ်း ချမ်းသာခြင်းမရှိသောကြောင့် ဒုက္ခဆိုသည်။ အဘယ့်ကြောင့် အေးငြိမ်း ချမ်းသာခြင်းမရှိသနည်း?။ ဖြစ်ပျက် ဖြစ်ပျက်နေသောကြောင့် အေးငြိမ်း ချမ်းသာခြင်းမရှိ၊ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို အေးငြိမ်းချမ်းသာခြင်း ရှိသည်ဟူ၍ ဆိုနိုင်မည်လား စဉ်းစားကြည့်ပါ။

ဖြစ်ခြင်းပျက်ခြင်းကို ဒုက္ခလက္ခဏာ ဆိုသည်။ အဘယ့်ကြောင့် ဖြစ်ခြင်းပျက်ခြင်းကို ဒုက္ခလက္ခဏာဆိုသနည်း။ ဖြစ်ပျက် ဖြစ်ပျက် နေသည်

ကိုမြင်လျှင် အေးငြိမ်းချမ်းသာခြင်း မရှိဟူ၍သိနိုင်သောကြောင့် ဖြစ်ခြင်း ပျက်ခြင်းကို ဒုက္ခလက္ခဏာဟုဆိုသည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို အေးငြိမ်း ချမ်းသာဟူ၍ မဆိုနိုင်၊ ဖြစ်ပျက်မရှိ ပကတိအဘိုင်းနေမှသာလျှင် မဖြစ်အေး-မဖြစ်ငြိမ်း၊ အေးငြိမ်း ချမ်းသာဟူ၍ဆိုသည်။ နိဗ္ဗာန်ကို မဖြစ်အေး-မဖြစ်ငြိမ်း အေးငြိမ်း၍ နေသောကြောင့် (သုခ) ချမ်းသာဟူ၍ ဆိုသည်။ ထို့ကြောင့် "တေသံ ဝူပသမော သုခေါ" ဟူ၍ မိန့်တော်မူသည်။

တေသံ၊ ထိုရုပ်နာမ်တရားတို့၏။ ဝူပသမော၊ ဖြစ်ပျက်ဖြစ်ပျက်မရှိခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ ရုပ်နာမ်တရားတို့ ဖြစ်ပျက် ဖြစ်ပျက် မရှိလျှင် ချမ်းသာဟူ၍ဆိုလိုသည်။ ရုပ်နာမ်တရားတို့ ဖြစ်ပျက်ဖြစ်ပျက်ရှိ၍ နေလျှင် (ဒုက္ခ)ဆင်းရဲဟူ၍ဆိုလိုသည်။

ဉပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်ခြင်းပျက်ခြင်း သဘောလက္ခဏာရှိကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်တရားတို့သည်။ ဝတ၊ စင်စစ်မုချ။အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ရုပ်နာမ်တရားတို့ကို အနိစ္စ ဆိုသည်။ ဖြစ်ခြင်း ပျက်ခြင်းကို အနိစ္စလက္ခဏာဆိုသည်။

အဘယ့်ကြောင့် ရုပ်နာမ်တရားတို့ကို အနိစ္စ ဆိုသနည်း?။ ဖြစ်ခြင်း ပျက်ခြင်းရှိသောကြောင့် အနိစ္စ ဆိုသည်။

ဖြစ်ခြင်း ပျက်ခြင်း ကို အဘယ့်ကြောင့် အနိစ္စ လက္ခဏာဆိုသနည်း?။ ဖြစ်ခြင်း ပျက်ခြင်းကို မြင်လျှင် မမြဲဘူးဟူ၍ သိနိုင် ထင်မြင်နိုင်သောကြောင့် ဖြစ်ခြင်း ပျက်ခြင်းကို အနိစ္စလက္ခဏာ ဆိုသည်။

ဉပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘော လက္ခဏာရှိကုန်သော ရုပ်နာမ်တရားတို့သည်။ ဉပ္ပဇ္ဇိတွာ၊ ခဏဖြစ်၍။ နိရုဇ္ဈန္တိ၊ ခဏချက်ခြင်း ပျက်ကြကုန်၏။

အဓိပ္ပါယ်ကား။ ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာရှိသော ရုပ်နာမ်တရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာ ရှိသောကြောင့်ပင်လျှင် တည်မြဲခြင်း မရှိဘဲ ခဏဖြစ်၍ ခဏချက်ခြင်းပျက်သွားကြသည်ဟူလို။

အနိစ္စာ၊ တည်မြဲခြင်း မရှိကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်တရားတို့သည်။ဉပ္ပါဒ ဝယ ဓမ္မိနော၊ဖြစ်ခြင်းပျက်ခြင်းသဘောလက္ခဏာရှိကုန်သောကြောင့်။ ဉပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ခဏချက်ခြင်း ပျက်ကြကုန်၏။

အခိပ္ပါယ်ကား။ ရုပ်နာမ်တရားတို့သည် ဖြစ်ခြင်းပျက်ခြင်းသဘောရှိသောကြောင့်သာလျှင် တည်မြဲခြင်းမရှိဘဲ ပျက်သွား ကြကုန်၏။ ဖြစ်ခြင်းပျက်ခြင်းသဘောလက္ခဏာမရှိပါလျှင် တည်မြဲ၍ပကတိအတိုင်းနေမှာပေါ့၊ ပကတိအတိုင်း တည်မြဲ၍နေလျှင် အနိစ္စဟူ၍ ဆိုနိုင် မည်လား၊ စဉ်းစားကြည့်ပါ။

ဖြစ်ခြင်းပျက်ခြင်း သဘောရှိသောကြောင့် ရုပ်နာမ်တရားတို့သည် ပကတိအတိုင်း တည်မြဲ၍မနေ ဖြစ်ပျက်ဖြစ်ပျက်သာလျှင် နေသည်။ ဘယ်အခါမှ ဖြစ်ပျက်ရပ်စဲခြင်းမရှိ၊ ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် မရပ်မစဲ မွှမွှကြဲ၍ နေသည်ကို ထင်မြင်ပါလျှင် စိတ်ပျက်စရာ - စိတ်နောက်စရာ ထိတ်ကြောက်စရာကြီး အဘယ်မှာ ငြိမ်းအေးချမ်းသာ ရှိနိုင်မည်နည်း၊ ဖြစ်ပျက်ဖြစ်ပျက် မရှိမှသာလျှင် ငြိမ်းအေးချမ်းသာခြင်းရှိသည်။

ဤသို့ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ထင်မြင်ပါလျှင် ငြိမ်းအေးချမ်းသာခြင်းမရှိဟုသိ၍ အဘယ်မှာ ဖြစ်ချင်တော့မည်နည်း။ အဘယ်မှာ ဖြစ်ခြင်းကို အလိုရှိတော့မည်နည်း၊ မဖြစ်ခြင်းကိုသာ အလိုရှိ၍ နေလေသည်၊ **မဖြစ်** ကိုသာတောင့်တ၍ နေလေသည်။

မဖြစ်ခြင်းကိုသာ အလိုရှိ၍ **မဖြစ်** ကိုသာ တောင့်တ၍ ငြိမ်းအေးချမ်းသာမရှိသော ဖြစ်ပျက်ကို ကြောက်လန့်၍ နေသောသူသည် ဘာမှမဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်မည်ကို ကြောက်စိတ် ရှိဦးမည်လော၊ ဘာမှမဖြစ်လေ၊ အေးငြိမ်းလေ ဟူ၍ ပြောဆိုပေလိမ့်မည်။

ဘာမှ မဖြစ်သော နိဗ္ဗာန်သို့ရောက်၍ ဘာမှ မဖြစ်ဘဲနေမည်ကို ကြောက်လျှင် ဘာဖြစ်ချင်သေးသလဲ၊ ဖြစ်ချင်ရာဖြစ်ခဲ့စမ်းပါ။ ဖြစ်လာသမျှ အကုန်ပျက်၍ ဖြစ်ပျက်ဖြစ်ပျက်သာလျှင် နေမှာပေါ့၊ အဘယ်မှာ ဖြစ်ပျက်ဆုံးနိုင်မည်နည်း။ ဖြစ်ပျက်မဆုံးလျှင် အဘယ်မှာငြိမ်းအေး၍ နေရတော့မည်နည်း။ ဖြစ်ပေါ်လာသမျှငြိမ်းအေး၍မနေရ၊ ပျက်ဘေးနှင့်တွေ့ရမြဲ၊ မလွဲမရှောင်သာ ဓမ္မတာ။

ပျက်ဘေးမှ လွတ်လိုလျှင် မဖြစ်ချင်နဲ့ ဖြစ်ချင်လျှင် ဖြစ်လိမ့်မည်၊ ဖြစ်လျှင် ပျက်လိမ့်မည်။ ဖြစ်ချင်လို့သာလျှင် ဖြစ်သည်။ ဖြစ်လို့သာလျှင် ပျက်သည်။ ဘာကြောင့် ဖြစ်ချင်သလဲ။ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်လို့ဖြစ်ချင်သည်။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုမြင်ပါလျှင် ဖြစ်ချင်ဦးမည်လား။ စဉ်းစားကြည့်ပါ။

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြင်ပါလျှင် မဖြစ်ချင်တော့ဘူးပေါ့ ဖြစ်မှုကိုပင် ကြောက်လန့်၍ နေမှာပေါ့။ အဘယ်မှာ ဖြစ်ချင်တော့မည်နည်း။ မဖြစ်ချင်မှသာလျှင် မဖြစ်ဘဲနေသည်။ မဖြစ်မှသာလျှင် မပျက်ဘဲ နေသည်။ မဖြစ်မပျက်မှသာလျှင် ငြိမ်းအေး၍ နေရသည်။ ထို့ကြောင့် ဖြစ်ပျက်ဆင်းရဲမှ လွတ်ကင်း၍ ငြိမ်းအေးစွာ နေလိုပါလျှင် ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုရမည်။

ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ဘယ်လိုမြင်အောင် ကြည့်ရှုရမည်နည်း။ မိုးရွာတုန်းအခါ ရေကန်ပေါ်၌ မိုးပေါက်တွေကျ၍ ရေပွက်တွေ ထသည်ကို မြင်သလို နွေလ နေပူတုန်းအခါ သဲပြင်သောင်ပြင်ပေါ်၌ ရိပ်ရိပ် ရိပ်ရိပ် တံလျှပ်တွေ ထသည်ကို မြင်သလို အဆင်းရုပ်တွေ, အသံရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြင်အောင်ရှု။ အနံ့ရုပ်တွေ,အရသာရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြင်အောင်ရှု။ အထိရုပ်တွေ, ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြင်အောင်ရှု။ မြင်စိတ် ကြားစိတ်တွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြင်အောင်ရှု။ *

---

* ဝိပဿနာရှုနည်းဟူသည် မည်သည့် နည်းမဆို ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့၌ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက် ဟူသော (ဖြစ်ပျက်) လက္ခဏာကို ယထာဘူတကျကျ သိမြင်အောင်-ရှုမှတ်ရပေရာ....မိမိတို့ သဘောအလျောက် တွေးဆကြံစည်၍ ရှုမှတ်ခြင်းထက်-နည်းအမျိုးမျိုးတို့ဖြင့် ပြသလျက်ရှိကြသော ကမ္မဋ္ဌာန်းဌာနများသို့ (ပုဂ္ဂိုလ်စွဲ မထားဘဲ) သွားရောက်, လေ့လာ, နည်းနာခံပြီး အားထုတ်ပါ၊ တနည်းနည်းကို ဘာဝနာမယဉာဏ် ရင့်သန်သည်အထိ ဆရာနှင့် မခွါဘဲ လှုံ့လဝီရိယ ပြင်းပြင်း ထန်ထန်ထားခါ အားထုတ်ပြီးမှ အခြားသောနည်းများကို လေ့လာကြည့်က "ဝိပဿနာရှုနည်းဆိုသည်မှာ-ရုပ်ရှု, နာမ်ရှုမှန်လျှင် ဘယ်လိုနည်းနှင့်ရှုရှု နည်းမှန်လမ်းမှန်ဖြစ်သည့်အတွက် ဝိပဿနာဉာဏ်အမြင်မှာ အတူတူပင်ဖြစ်သည်။ တသာသနာလုံးရှိ ဝိပဿနာရှုနည်း လမ်းမှန်လာလျှင် ဒီခြေတည်၍ ရှုနည်းသာလျှင် ကွဲပြားကြသည်၊ သဘောမှာ အတူတူဖြစ်ပါသည်"ဟု သဘောပေါက်လာမည်ဖြစ်၍၊ မှန်ကန်သော သတိပဋ္ဌာန်ရှုနည်း တခု ကိုသာ မိမိရရ ယထာဘူတကျအောင် လေ့လာ အားထုတ်ဘို့ လိုကြောင်း သတိပေးတိုက်တွန်းအပ်ပါသည်။ ဤနေရာ၌ ကျွန်ုပ်တို့၏ ကျွမ်းကျင်သောနည်းကို ယထာဘူတကျအောင် ညွှန်ပြလိုပါသော်လည်း ပုဂ္ဂလဓိဋ္ဌာန် နေရာမဟုတ်သည့်အတွက် ချွင်းခဲ့ရပါသည်။

ထို့ကြောင့်....

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။　။

ဤဂါထာကို ဟောတော်မူသည်။

ပုဗ္ဗုဠကံ၊ ရေပွက်ကို။ ပဿေယထာ၊ မြင်သလို။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ မြင်သလို။ ဧဝံ၊ ဤအတူ။ လောကံ၊ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို။ အဝေက္ခန္တံ၊ မြင်အောင်ရှုနိုင်၍ မြင်သောသူကို။ မစ္စုရာဇာ၊ သေမင်းက။ နပဿတိ၊ မမြင်နိုင်။

## သေမင်းရှာမတွေ့နိုင်သောသူ

ရုပ်နာမ်ဓမ္မ သင်္ခါရလောကသည်၊ ဖြစ်ပျက် ဖြစ်ပျက်သာလျှင် နေသည်။ ဘယ်အခါမှ ဖြစ်ပျက်ရပ်စဲခြင်းမရှိ၊ မြင်အောင်ကြည့်။

မစ္စု=သေ။ ရာဇာ=မင်း။ မစ္စုရာဇာ=သေမင်း။ အဘယ့်ကြောင့် မစ္စုဆိုသနည်းဟူမူ(ဘဂ်မရဏ) သေခြင်း ပျက်ခြင်းကြောင့် မစ္စုဆိုသည်။ အဘယ့်ကြောင့် ရာဇာ-ဆိုသနည်းဟူမူ၊ အလုံးစုံ ဖြစ်ဖြစ်သမျှကို လွှမ်းမိုးအုပ်စိုးသောကြောင့် ရာဇာဟူ၍ ဆိုသည်။ အဘယ့်ကြောင့် မစ္စုရာဇာ-ဆိုသနည်းဟူမူ၊ သေခြင်း ပျက်ခြင်းသဘောရှိသော အလုံးစုံဖြစ်ဖြစ်သမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ပျက်စီးအောင် လွှမ်းမိုးနှိပ်စက် ဖျက်ဆီးတတ်သောကြောင့် မစ္စုရာဇာဟူ၍ ဆိုသည်။

ဘာဖြစ်ချင်သလဲ ဖြစ်ချင်ရာဖြစ်ခဲ့ပါ၊ ဖြစ်လာသမျှကို အလုံးစုံ လွှမ်းမိုးသိမ်းယူ၍ ပျက်ခြင်းသို့ ရောက်အောင် အုပ်စိုးနိုင်လေသည်။ ပျက်ခြင်းကို သေမင်းဟူ၍ဆိုသည်။(ခဏိက-မရဏ။ခဏတိုင်းပျက်၍နေသည်။) ဖြစ်လာသမျှကို အကုန်နှိပ်စက် ဖျက်ဆီး၍ ဖြစ်လာတိုင်း ပျက်ရလေသောကြောင့် ဖြစ်ပျက် ဖြစ်ပျက် နှိပ်စက်၍သာလျှင် နေလေသည်။ ထို့ကြောင့် မစ္စုရာဇာဟူ၍ ဆိုသည်။

ထိုဘဂ်မရဏ မစ္စုရာဇာ သေမင်းက ဘယ်လိုသူကို နှိပ်စက်ဖျက်ဆီးပါသနည်း။? ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်၍ ဖြစ်ချင်သောကြောင့် ဖြစ်လာသောသူကိုသာလျှင် နှိပ်စက် ဖျက်ဆီးနိုင်လေသည်။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ( ရေပွက်-တံလျှပ်ကို မြင်သလို ) မြင်၍ မဖြစ်ချင်သောကြောင့် **မဖြစ်သောသူကို** "မစ္စုရာဇာ"သေမင်းက ပျက်စီးအောင် ဖျက်

ဆီးနှိပ်စက်လို၍ ရှာဖွေကြည့်ရှုသော်လည်း(နုပဿတိ)မမြင်နိုင်၊ မဖျက်ဆီးနိုင်၊ မပျက်စီးနိုင် ပျက်ခြင်းမရှိ။

ဖြစ်ခြင်းမရှိပါဘဲနှင့် အဘယ်မှာ ပျက်ခြင်းရှိတော့မည်နည်း။ ဖြစ်ခြင်းရှိမှသာလျှင် ပျက်ခြင်းရှိသည်။ထို့ကြောင့် ရေပွက်-တံလျှပ်ကိုမြင်သလို ဖြစ်ပျက်ဖြစ်ပျက်နေသော သင်္ခါရလောကကိုမြင်၍မဖြစ်ချင်သောကြောင့် **မဖြစ်** သို့ ရောက်သောသူသည် ပျက်ခြင်းမရှိဘဲ ငြိမ်းအေး ချမ်းသာစွာ နေရသဖြင့် (ဘင်-မရဏ-မစ္စုရာဇာ) သေမင်း၏ နှိပ်စက် ဖျက်ဆီးခြင်းမှ လွတ်ကင်းလေတော့သည်။ ဤ အဓိပ္ပါယ်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည်“ယထာ ပုဗ္ဗုဠကံ ပဿေ။ လ။ မစ္စုရာဇာ နပဿတိ”ဟူသော ဂါထာကို ဟောတော်မူသည်။

အနိစ္စ၊ အနိစ္စလက္ခဏာ။ ဒုက္ခ၊ ဒုက္ခလက္ခဏာ။ ဤလေးချက်၌ “အနိစ္စာဝတ သင်္ခါရာ”ဟူသောပါဒဖြင့် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စဟူ၍ ပြတော်မူသည်။

“ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ”ဟူသော နှစ်ပါဒဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို အနိစ္စလက္ခဏာဟူ၍ ပြတော်မူသည်။

“တေသံ ဝူပ သမော သုခေါ”ဟူသော ပါဒဖြင့် သုခ၏ဆန့်ကျင်ဘက် ပြောင်းပြန် ကန့်လန့် သမသတ်ကျသော ဒုက္ခ၏ ငြိမ်းအေးရာကို ပြတော်မူသည်။ ပြပုံကား ..

“တေသံ ဝူပ သမော သုခေါ” ဟူသော ပါဒ၌ တေသံ-တပုဒ်။ ဝူပ သမော-တပုဒ်။ သုခေါ-တပုဒ်။ ဤသုံးပုဒ်တွင် “သုခေါ” ဟူသော ပုဒ်ဖြင့် နိဗ္ဗာန်ကို သုခဟူ၍ ပြတော်မူသည်။

“ဝူပသမော”ဟူသောပုဒ်ဖြင့် မဖြစ်–အေး၊ မဖြစ်–ငြိမ်း၊ အေးငြိမ်းခြင်းကို သုခလက္ခဏာ(သန္တိဂုဏ်)ဟူ၍ ပြတော်မူသည်။

“တေသံ”ဟူသော(အနုဘူတဝိသယ)ပုဒ်ဖြင့် ပြဆိုခဲ့ပြီးသော ခန္ဓာငါးပါး သင်္ခါရ တရားတို့ကိုပင် ဒုက္ခ ဟူ၍၎င်း, ပြဆိုခဲ့ပြီးသော ဖြစ်ခြင်းပျက်ခြင်းကိုပင် ဒုက္ခလက္ခဏာဟူ၍၎င်း,ဗျတိရေက ပဋိပက္ခ-ပဋိဘာဂနည်းတို့ဖြင့် ပြတော်မူသည်။

## ဃန, အခဲအလုံး, အကောင်, အထည်ဒြပ်, အတ္တသညာ ပျောက်၍ အနတ္တသဘောထင်မြင်အောင် ဖြစ်ပျက်ကို ကြည့်ရှုနည်း

အနတ္တသဘောကို ဉာဏ်သက်ဝင်နိုင်ခဲ၏။ အဘယ်ကြောင့်နည်းဟု ဆိုသော် ဃန-ဟူသော အကောင်အထည်ဒြပ်ကြီး ဖုံးလွှမ်းနေသောကြောင့်တည်း။ ဤစကား၌ အနတ္တသဘော ဆိုသည်ကား-အဘယ်နည်း?။ ဃန-ဟူသော အကောင် အထည်ဒြပ် ဆိုသည်ကား-အဘယ်နည်း?။ ဖြစ်ပျက်ဖြစ်ပျက်-ဖြစ်ပျက်ဖြစ်ပျက်-ဖြစ်ပျက်ဖြစ်ပျက် **အစဉ်** မပြတ်အောင် တလစပ် ထပ်ခါထပ်ခါ ဖြစ်ပျက်၍ နေသော **ဖြစ်ပျက်-အစဉ်** ကို **ဖြစ်ပျက်** တခြား **အစဉ်** တခြား ပိုင်းခြား၍ ထင်မြင်အောင် ဆင်ခြင်၍ ကြည့်။ **ဖြစ်ပျက်** ကို အနတ္တသဘောဆိုသည်။**အစဉ်** ကို ဃန-ဟူသော အကောင်အထည်ဒြပ်ဆိုသည်။ " ပုရိမပစ္ဆိမာနံ နိရန္တရတာယ ဧကီဘူတာနမိဝ ပဝတ္တိသန္တတိဃနတာ" မူလဋီကာ-၅၉။

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုနိုင်ပါလျှင် အကောင် အထည်ဒြပ်ကြီး အထင်ပျောက်ကင်းနိုင်၏။ **ဖြစ်ပျက်** နှင့် **အကောင်-အထည်ဒြပ်** သည် ပြောင်းပြန်ကန့်လန့်-သမသတ် ကျ၍ နေ၏။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု ထင်မြင်လျှင် အကောင်-အထည်ဒြပ် မထင်နိုင်၊ အကောင်-အထည်ဒြပ်ထင်၍ နေလျှင်လည်း **ဖြစ်ပျက်** မထင်မြင်နိုင်။

မိးစကိုကိုင်၍ရမ်းလျှင် မီးကွင်းမဟုတ်ဘဲ မီးစအစဉ်ကို မီးကွင်းထင်သကဲ့သို့၊ ထို့အတူ ဖြစ်ပျက် ဖြစ်ပျက် နေသော **ဖြစ်ပျက်-အစဉ်** ကို အကောင်-အထည်ဒြပ် မဟုတ်ဘဲ အကောင်-အထည်ဒြပ် မှတ်ထင်၍ နေသည်။ ဃန-အခဲအလုံး-စသည်မဟုတ်ဘဲ အခဲအလုံး စသည်ဖြင့် မှတ်ထင်၍နေသည်။

ဖြစ်ပျက် ဖြစ်ပျက်နေသော အနတ္တသဘောကို မမြင်သောကြောင့် ဃန-အခဲအလုံး-အကောင် အထည်ဒြပ် ဟူ၍ အတ္တသညာ ဖြစ်လေသည်။ ဖြစ်ပျက် ဖြစ်ပျက်နေသော အနတ္တသဘောကို ထင်မြင်ပါလျှင်(ဃန)အခဲ

အလုံး-အကောင် အထည်ဒြပ်ဟူ၍ မှတ်ထင်သော အတ္တသညာ ပျောက်ကင်း၍ သွားလေသည်။

(ဃန) အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုးတည်နေသော(အကောင်-အထည်ဒြပ်)ကြီးကို မျက်စိဖြင့်ကြည့်ရှုလျှင် အဆင်းရုပ်ကိုမြင်၏။ ထိုအဆင်းရုပ်သည် ဖြစ်ပျက် ဖြစ်ပျက် နေပါသလား။သို့မဟုတ် ဖြစ်ပျက်မရှိ ပကတိအမြဲ အခဲအလုံးဖြစ်၍ နေပါသလားဟူ၍ မိမိစိတ်ကို မိမိမေး၍ ကြည့်၊ ထိုအဆင်းရုပ်သည် ဖြစ်ပျက်မရှိ ပကတိအမြဲ အခဲအလုံးနေသည်ဟု မှတ်ထင်နေလျှင် ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သေးဟူ၍မှတ်၊ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သေးလျှင် အနတ္တသဘောကို မမြင်သေးဟူ၍မှတ်။ ထို့ကြောင့် အနတ္တသဘောကို ဉာဏ်သက်ဝင်နိုင်ခဲ၏။ အဘယ်ကြောင့် နည်းဟု ဆိုသော် ဃန-ဟူသော အကောင်အထည်ဒြပ်ကြီး ဖုံးလွှမ်း နေသော ကြောင့်တည်း။ (၀၁) တနည်း ထုတ်၍ဟုတ်သည့်အတိုင်းဆိုသော် အနတ္တသဘောကို ဉာဏ်သက်ဝင်နိုင်ခဲသည်မှာ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့်တည်း။ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် ဘယ်လိုမှတ်ထင်၍ နေကြပါသနည်း။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကိုမမြင်သောကြောင့် အခဲအလုံး အဖြုံးအမှုန့်။ လ။ ပုံသဏ္ဌာန်အမျိုးမျိုးတည်နေသော အကောင်အထည်ဒြပ်ကြီး မှတ်ထင်၍နေကြကုန်၏။ ထိုအကောင် အထည်ဒြပ်ကြီးသည် ပရမတ်သဘောလား, ပညတ်သဘောလား စဉ်းစား၍ကြည့်၊ အမှန်ရှိသော သဘောကို ပရမတ်ဆိုသည်။ အမှန်မရှိသောသဘောကို ပညတ်ဆိုသည်။

အမှန်ရှိသော ပရမတ်သဘောသည် ရှာလေ-တွေ့လေ-တွေ့သည်။ အဘယ့်ကြောင့်တွေ့သနည်း?။ အမှန်ရှိသောကြောင့် တွေ့သည်။ အမှန်မရှိသော ပညတ်သဘောသည် ရှာလေ-ပျောက်လေ-ပျောက်သည်။ အဘယ့်ကြောင့် ပျောက်သနည်း?။ အမှန်မရှိသောကြောင့် ပျောက်သည်။ (ဤဆောင်ပုဒ်လင်္ကာကို နှုတ်တက်ရအောင် ဆို၍ထား။)

## အထိရုပ်အမျိုးမျိုး

အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး

တည်နေသည်ဟု မှတ်ထင်သော အကောင်အထည် ကိုယ်ကောင် ဒြပ်ကြီး သည် အဟုတ်အမှန်ရှိသလား-မရှိသလား။ ထင်ရှားစွာသိရအောင် ယခုပင် ရှာ၍ ကြည့်ကြကုန်လော့။

မျက်စိနှင့် ကြည့်၍ရှာလျှင် အဆင်းရုပ်ကို တွေ့သည်။ နားဖြင့် ရှာလျှင် အသံရုပ်ကိုတွေ့သည်။ နှာခေါင်းနှင့် ရှာလျှင် အနံ့ရုပ်ကို တွေ့သည်။ လျှာဖြင့်လျက်၍ရှာလျှင် စပ်,ငန်,ခါး,ချဉ်,ချို,အရသာရုပ်ကို တွေ့သည်။ လက်နှင့်စမ်းသပ်၍ရှာလျှင် ကြမ်း,ချော,ခဲ,ခံ,ထိ၊ တောင့်,တင်း,တွန်း,တိုး, ထိ၊ ပူ,အေး,နွေး,လော,ထိ၊ အထိရုပ်သုံးမျိုးကိုတွေ့သည်။ ကိုယ်ကောင်ဒြပ် ကြီးကို ရှာမတွေ့။ အဆင်း,အသံ,အနံ့,အရသာ,အထိ ရုပ်တို့ကိုသာ တွေ့ သည်။ ကိုယ်ကောင် ဒြပ်ကြီးသည် ရှာလေ-ပျောက်လေ-ပျောက်သည်။ အဆင်း,အသံ,အနံ့,အရသာ,အထိရုပ်တို့ကို ရှာလေ-တွေ့လေ - တွေ့သည်။ စဉ်းစဉ်းစားစားရှာ၍ကြည့်။အဟုတ်အမှန်ရှိသော ပရမတ်ကိုသာရှာ၍တွေ့ သည်။အဟုတ်အမှန်မရှိသော ပညတ်ကို ရှာ၍မတွေ့ ရှာလေ-ပျောက်လေ။

ကိုယ်ကောင်ဒြပ်ကြီး၌ မျက်စိနှင့် ကြည့်၍ ရှာလျှင် အဆင်းရုပ်ကို တွေ့မြင်၏။ထိုတွေ့မြင်သော အဆင်းရုပ်ကို လက်ဖြင့်ကိုင်သောအခါ အဆင်း ရုပ်ကို မကိုင်မိ၊ အထိရုပ်ကိုသာ ကိုင်မိ၍ ကြမ်း,ချော,ခဲ,ခံ၊ပူ,အေး,နွေး, လော၊တောင့်,တင်း,တွန်း,တိုး၊အထိရုပ် သုံးမျိုးကိုသာ ထိတွေ့သည်။မြင်ရ သော အဆင်းရုပ်ကို မကိုင်မိ။ အထိရုပ်ကိုသာ ကိုင်မိသည်ဟူလို။

"အဘိဓမ္မာ-သဘာဝရယ်က၊ ဆန်းပွေလှ လက္ခဏာ၊ မြင်ရလို့ ကိုင် လိုက်ပါ၊ မြင်ရာကို မကိုင်မိ။ ။ဉာဏ်နုသူ လူအများတို့ကို လှည့်ဖြားခါ ဘွေးဆောင်လို့ ဖမ်းတတ်တယ်-ဆန်းတဲ့မျက်လှည့်၊"စမ်းသပ်လို့ကြည့်။

လက်ဖြင့် စမ်းသပ်လို့ ကြည့်သောအခါ အထိရုပ်ကိုသာ တွေ့ထိသည်။ ထိုအထိရုပ်ကို မျက်စိဖြင့်မြင်အောင်ကြည့်မည်ဟု ကြည့်ရှုသောအခါ အထိ ရုပ်ကိုမမြင် အဆင်းရုပ်ကိုသာမြင်သည်။ မျက်စိဖြင့် မြင်ရသော အဆင်းရုပ် နှင့် လက်ဖြင့် ကိုင်မိ၍ တွေ့ထိသော အထိရုပ်တို့ အတူတကွ တပြိုင်နက် (ဖြစ်ပျက်ဖြစ်ပျက်-ဖြစ်ပျက်ဖြစ်ပျက်-ဖြစ်ပျက် ဖြစ်ပျက်-ဖြစ်ပျက်ဖြစ်ပျက်) အဆက်မပြတ် ထပ်ခါထပ်ခါ ဖြစ်ပျက်ဖြစ်ပျက်နေသော**ဖြစ်ပျက်အစဉ်**ကို

ကိုယ်ကောင်ဒြပ်ကြီး မှတ်ထင်၍ နေလေသည်။ လက်ဖြင့်ကိုင်၍ရမ်းသော **မီးအစဉ်** ကို မီးကွင်းထင်သကဲ့သို့ **ဖြစ်ပျက်အစဉ်** ကို အခဲအလုံး စသည်ဖြင့် တည်နေသော ကိုယ်ကောင်ကြီးဟူ၍ မှတ်ထင်လေသည်။ အတ္တသညာဖြစ်လေသည်။ သက္ကာယဒိဋ္ဌိဖြစ်လေသည်။

ကိုယ်ကောင်ကြီးဟူ၍ မှတ်ထင်သော အတ္တသညာ - သက္ကာယဒိဋ္ဌိ ပျောက်ကင်းအောင် ဘယ်လိုကြည့်ရှုဆင်ခြင်ရမည်နည်း ?။

အဟုတ်အမှန်ရှိသည်ကို မမြင်သောကြောင့် ကိုယ်ကောင်ကြီး မှတ်ထင်သည်။ အဟုတ်အမှန်ရှိသည်ကို မြင်ပါလျှင် ကိုယ်ကောင်ဒြပ်ကြီးဟူ၍ မှတ်ထင်ခြင်းမရှိနိုင်။ ထို့ကြောင့် အဟုတ်အမှန်ရှိသည်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုရမည်။

မျက်စိဖြင့် မြင်သောအဆင်းသည် ဖြစ်ပျက်ဖြစ်ပျက် နေသည်ဟူ၍ ဆင်ခြင်ရမည်။ အသံသည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အနံ့သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အရသာသည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ ကြမ်းကြမ်း ချောချော ခုခု ခံခံ တွေ့ထိသော အထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ တောင့် တင်း တွန်း တိုး တွေ့ထိသော အထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက် နေသည်။ ပူပူ တွေ့ထိသော အထိရုပ်, နွေးနွေး တွေ့ထိသော အထိရုပ်, အေးအေး တွေ့ထိသော အထိရုပ်တို့သည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ အဆင်းကိုမြင်သောအခါ မြင်စိတ်သည် မျက်စိထဲ၌ ဖြစ်ပျက် ဖြစ်ပျက် နေသည်။ အသံကိုကြားသောအခါ နားထဲ၌ ကြားစိတ် ဖြစ်ပျက် ဖြစ်ပျက် နေသည်။ အနံ့ကိုနံသောအခါ နှာခေါင်းထဲ၌ နံစိတ် ဖြစ်ပျက် ဖြစ်ပျက် နေသည်။ ကြမ်းကြမ်း ချောချောထိသောအခါ ထိစိတ် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ ပူပူတွေ့ထိသောအခါ အေးအေး တွေ့ထိသောအခါ အပူရုပ်တွေကလည်း ဖြစ်ပျက် ဖြစ်ပျက်, အအေးရုပ် တွေ ကလည်း ဖြစ်ပျက် ဖြစ်ပျက်, (ထိစိတ် ကာယဝိညာဏ်စိတ်) တွေကလည်း ဖြစ်ပျက်ဖြစ်ပျက်,နာနာထိသောအခါ နာကျင်ခြင်းဝေဒနာတွေကလည်း ဖြစ်ပျက် ဖြစ်ပျက်,သာယာစွာ ထိသောအခါ သာယာသည်-ကောင်းသည်ဟုဆိုရသော သုခဝေဒနာ တွေကလည်း ဖြစ်ပျက် ဖြစ်ပျက်, တကိုယ်လုံး ဖြစ်ပျက်ဖြစ်ပျက်, မွမွကြဲ၍နေသော ဖြစ်ပျက် ဖြစ်ပျက်တွေကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုရမည်။

## ဖြစ်ပျက်မြင်၍ ရဟန္တာဖြစ်ပုံ

သူဌေးသမီး-ပဋာစာရီသည် ဘိက္ခုနီမ ပြုလုပ်၍ ဖြစ်ပျက် ကမ္မဋ္ဌာန်း စီးဖြန်းရှေးရှု နှလုံးပြုလျက်နေရာ၊ ခြေဆေးရာတွင် စီးသွားသောရေသည် ခန်းခြောက် ပျောက်ပျက်သည်ကိုမြင်၍ မိမိကိုယ်၌လည်း ထို့အတူ ရုပ်နာမ် တရားတို့ ဖြစ်ပျက်သည်ကို ရှု၍ နေရာတွင် မြတ်စွာဘုရားက ဤသို့ ဟောတော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်ကို။ အပဿံ၊ မဆင်ခြင် မကြည့်ရှုဘဲ။ ဝဿသတံ၊ အနှစ်တရာ။ ဇီဝေ၊ အသက်ရှင်၍ နေသော်လည်း။ နသေယျော၊မမြတ်သည်သာတည်း။ ဥဒယဗ္ဗယံ၊ဖြစ်ပျက်ကို။ ပဿတော၊ ကြည့်ရှုဆင်ခြင် သိမြင်သောသူအား။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်နေခြင်းသည်။ သေယျော၊ မြတ်သည်သာတည်း။

ထေရီအပဒါန်ဝဋ္ဋ၊ ၁၇၁။ ကိသာဂေါတမီဝတ္ထု၊ ၁၉၇-မှာလည်းရှု။

ဘဒ္ဒါကုဏ္ဍလကေသာ ထေရီ အရှင်မသည်လည်း ခြေဆေးရာရေ၏ ဖြစ်ပျက်ကို ကြည့်ရှုဆင်ခြင်၍ ရဟန္တာမ ဖြစ်ကြောင်း။

တဒါဟံ ဥပသမ္ပန္နာ၊ ပရိတ္တံ တောယ မဒ္ဒသံ။
ပါဒေ ပက္ခာလနေနာဟံ၊ ဉတွာန ဥဒယဗ္ဗယံ။
တထာ သဗ္ဗေပိ သင်္ခါရေ၊ ဤဒိသံ စိန္တယိံ တဒါ။
တတော စိတ္တံ ဝိမုစ္စိမေ၊ အနုပါဒါယ သဗ္ဗသော။

အယျာယေ၊ ဆုတောင်းစုံညီ ပါရမီနှင့် ဘိက္ခုနီလှ အရှင်မတို့။ အဟံ၊ ငယ်မည်ဘဒ္ဒါ နောက်ခါကာလ ကုဏ္ဍလကေသာ သညာမည်ခေါ် တပည့်တော်မသည်။ ဥပသမ္ပန္နာ၊ ပဉ္စင်းမ ပြုလုပ်ပြီး၍။ ပရိတ္တံ၊ အနည်းငယ် သော။ တောယံ၊ရေကို။ ပါဒပက္ခာလနေန၊ ခြေကိုဆေးသဖြင့်။ ဥဒယဗ္ဗယံ၊ ခြေဆေးသောရေ၏ ဖြစ်ပျက်ကို။ ဉတွာ၊ သိမြင်၍။ တထာ၊ ထို ခြေဆေး ရေ ဖြစ်ပျက်သည်နှင့် အတူသာလျှင်။သဗ္ဗသင်္ခါရေ၊အလုံးစုံသော သင်္ခါရတို့ သည်။ ဤဒိသံ၊ဤခြေဆေးရေကဲ့သို့ ဖြစ်ပျက် ဖြစ်ပျက်နေ၏ဟူ၍။ စိန္တယိံ၊

ကြံစည်စဉ်းစား၍ဆင်ခြင်၏။ တတော၊ထိုဖြစ်ပျက်ဖြစ်ပျက်ကို ကြံစည်ခြင်း ကြောင့်။ မေ၊ တပည့်တော်၏။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စိ၊ ကိလေသာမှ ကင်းလွတ်၏၊ ကိလေသာမှ လွတ်ကင်း၍ ရဟန္တာမ ဖြစ်၏။

ထေရီအပဒါန်ဝတ္ထု-၁၀၆။

ခေမာမင်းသမီးသည်လည်း ဘိက္ခုနီမပြုလုပ်ပြီး၍ ဆီမီးတောက်၏ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍ အလုံးစုံသော ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ကို ဆင်ခြင်ကြည့်ရှု၍ ရဟန္တာမ-ဖြစ်ကြောင်း။

ပဗ္ဗဇိတ္ဝာ တဒါစဟံ၊ အဍ္ဍမာသေ ဉပဋ္ဌိတေ။
ဒီပေါဒယဉ္စ ဘေဒဉ္စ၊ ဒိသွာ သံဝိဂ္ဂ မာနသာ။
နိဗ္ဗိန္နာ သဗ္ဗသင်္ခါရေ။လ။ အရဟတ္တမပါပုဏိံ။ ။

အယျာယော၊ တရားနာလာကြကုန်သော ဘိက္ခုနီလှ အရှင်မတို့။ အဟံ၊ခေမာအမည် ငါထေရီသည်။ပဗ္ဗဇိတ္ဝာ၊ရဟန်းမိန်းမပြုလုပ်ပြီး၍။အဍ္ဍမာသေ၊ တဆယ့်ငါးရက်။ ဉပဋ္ဌိတေ၊ တည်ရောက်သည်ရှိသော်။ ဒီပေါဒယဉ္စ၊ ဆီမီးတောက် ဖြစ်ခြင်းကိုငင်း။ ဘေဒဉ္စ၊ ဆီမီးတောက် ပျက်ခြင်းကို ငင်း။ ဒိသွာ၊ မြင်၍။ သံဝိဂ္ဂမာနသာ၊ သံဝေဂစိတ်ဖြစ်ပေါ်လာ၍။ သဗ္ဗ သင်္ခါရေ၊အလုံးစုံသော ရုပ်နာမ်တရားတို့ကို။ နိဗ္ဗိန္နာ၊ဖြစ်ပျက်မြင်သိ ငြီးငွေ့ ဘိလျက်။ အရဟတ္တံ၊ ရဟန္တာမ အဖြစ်သို့။ အပါပုဏိံ၊ ရောက်ပြီ။

ခေမာထေရီ အပဒါန်ပါဠိတော်-၃၇၀။ ထေရီအပဒါန်ဝတ္ထု-၁၁၆။

ယထာဘူတံ အဝေက္ခန္တိ၊ ခန္ဓာနံ ဉဒယဗ္ဗယံ။
ဝိမုတ္တ စိတ္တာ ဉဋ္ဌာသိံ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဤဂါထာကို မိတ္တာကာဠီအမည်ရှိသော ပြဟ္မဏကညာ-ရဟန္တာမ ဟောတော်မူသည်။

ခန္ဓာနံ၊အဆင်း,အသံ,အနံ့,အရသာ,အထိစိတ်အစရှိသော ရုပ်နာမ် အစုတို့၏။ ဉဒယဗ္ဗယံ၊ ဖြစ်ပျက်ကို။ ယထာဘူတံ၊ အဟုတ်အမှန်သိမြင် အောင်။ အဝေက္ခန္တိ၊ကြည့်ရှုဆင်ခြင်လျက်နေသော။မိတ္တာကာဠီ၊ငါထေရီ သည်။ ဝိမုတ္တစိတ္တာ၊ တဏှာမှ ကင်းလွတ်သော စိတ်ရှိလျက်။ ဉဋ္ဌာသိံ၊ ထမြောက်သွားလေပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ ဆုံးမဩဝါဒ သာသနာကို။ ကတံ၊ ပြုကျင့်၍ ပြီးဆုံးလေပြီ။ ထေရီအပဒါန်ဝတ္ထု-၃၄၄။

သမ္မာဒိဋ္ဌိပုရေက္ခာရော၊ ဥတွာန ဥဒယဗ္ဗယံ။
ထိနမိဒ္ဓါဘိဘူဘိက္ခု၊ သဗ္ဗာဒုဂ္ဂတိယော ဇဟေ။ ။
နေတ္တိပါဠိတော်။

သမ္မာဒိဋ္ဌိပုရေက္ခာရော၊ သမ္မာဒိဋ္ဌိရှေ့သွားရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဥဒယဗ္ဗယံ၊ဖြစ်ပျက်ကို။ ဥတွာန၊သိသောကြောင့်။ ထိနမိဒ္ဓါဘိဘူ၊ ထိနမိဒ္ဓကို လွှမ်းမိုးနိုင်၍။ သဗ္ဗာဒုဂ္ဂတိယော၊ အလုံးစုံသော ဒုဂ္ဂတိအပါယ်ဘေးတို့ကို။ ဇဟေ၊ စွန့်ခွါနိုင်၏။ ဝါ၊ အပါယ်လေးပါး၌ မဖြစ်မရောက်လွတ်မြောက်သွားလေ၏။

မြန်မာပြည်၌ ပရမတ်ဆရာ အဘိဓမ္မာဆရာ ကမ္မဋ္ဌာန်းဆရာတွေဖြစ်ပျက်ကို နေရာကျ သင်ပြ ပြောဟောစေလိုသောကြောင့် ဖြစ်ပျက်ရှုဂါထာ,ပါဠိ,ဝတ္ထုတို့ကိုဝတ္ထုနှင့်တကွပြလိုက်သည်။နှုတ်ရဆောင် သင်ကြ, ပြကြ,ပြောကြ,ဟောကြပါကုန်။

## နိဗ္ဗာန်၌ အတ္တမရှိ

သုညတော လောကံ အဝေက္ခဿု၊လ၊နိစ္စသာရသာရေန ဝါ၊ သုခသာရသာရေနဝါ၊(အတ္တသာရသာရေနဝါ၊)စူဠနိဒ္ဒေသပါဠိတော်-၁၄၆၊ ၁၄၇-နှင့် အညီ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရ-ဟူ၍ သာရသုံးမျိုးတို့တွင် နိဗ္ဗာန်၌ နိစ္စသာရ-သုခသာရ နှစ်မျိုးသာလျှင်ရှိသည်။ နိဗ္ဗာန်၌ အတ္တသာရမရှိသောကြောင့်"အသာရကဋ္ဌေန အနတ္တာ"ပုဒ်နှင့်-ဗျတိရေကပဋိလောမ ဖြစ်သော "သာရကဋ္ဌေနအတ္တာ" ဟူသောပါဠိကို ကြံစည်ကာရွတ်ဆို၍ နိဗ္ဗာန်၌ **အတ္တ** ရှိသည်ဟူ၍ မယူသင့်။"သာရကဋ္ဌေနအတ္တာ"ဟုကြံဘန်ရွတ်ဆိုသော ပါဠိသည်လည်း အနက်အဓိပ္ပါယ်မရှိသော နိရတ္ထကပါဠိဖြစ်၍ ရွတ်ဆိုခြင်းငှါမသင့်။

၁။ မဟန္တံ ပရမတ္ထံ အမတံ နိဗ္ဗာနံ ဧသိ ဂဝေသိ ပရိယေသိတိ မဟေသိ။ ။မဟာနိဒ္ဒေသ ပါဠိတော် ၂၃၇၊ တုဝဋ္ဋကသုတ်-ပထမဂါထာအဖွင့်။

၂။ စူဠနိဒ္ဒေသပါဠိတော်-၅၉၊ "တဗ္ဗာဟံ အဘိနန္ဒာမိ" ဂါထာအဖွင့်မှာလည်း ထိုအတူ။

၃။ ၎င်းစူဠနိဒ္ဒေသ ပါဠိတော်-၁၄၄၊ "ဒွါဟံ သက္ကံ အပုစ္ဆိဿံ" ဂါထာအဖွင့်မှာလည်း ထိုအတူ။

၄။ ပရမတ္ထံ ဝုစ္စတိ အမတံ နိဗ္ဗာနံ။ ။စူဠနိဒ္ဒေသပါဠိတော်-၂၄၄၊ ခဂ္ဂဝိသာဏသုတ်"အာရဒ္ဓ ဝီရိယော-ပရမတ္ထ ပတ္တိယာ" ဂါထာအဖွင့်။

၅။ မဟန္တံ ပရမတ္ထံ နိဗ္ဗာနံ ပရိဂ္ဂဏှာတီတိ မဟာပညာ။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာပညာကထာ-၃၄၈။

၆။ ပရမတ္ထေ နိဗ္ဗာနေ ဉာဏံ ပဝတ္တတီတိ ပုထုပညာ။ ။၎င်းပဋိသမ္ဘိဒါမဂ် ပါဠိတော်-၃၄၉။

၇။ ဝိပုလံ ပရမတ္ထံ နိဗ္ဗာနံ ပရိဂ္ဂဏှာတီတိ ဝိပုလပညာ။ ။၎င်းပဋိသမ္ဘိဒါမဂ် ပါဠိတော်-၃၄၉။

၈။ ဂမ္ဘီရေ ပရမတ္ထေ နိဗ္ဗာနေ ဉာဏံ ပဝတ္တတီတိ ဂမ္ဘီရပညာ။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော်-၃၅၀။

၉။ အသာမန္တံ ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောတီတိ အသာမန္တပညာ။ ။၎င်းသမ္ဘိဒါမဂ် ပါဠိတော် ၃၅၃။

၁၀။ လဟုံ လဟုံ ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောတီတိ လဟုပညာ။ ။၎င်း ပဋိသမ္ဘိဒါမဂ် ပါဠိတော်- ၃၅၅။

ဤဆယ်ချက်သော ပါဠိတော်တို့၌ နိဗ္ဗာန်ကို-ပရမတ္ထံဟူ၍ ဟောတော်မူသောကြောင့်။

"ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ" ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၃၈၆-၌လည်း ပရမတ္ထံ"ဟု-ဒုတိယအက္ခရာ-ထ-နှင့်ရှိမှ ပါဠိမှန်ဖြစ်သည်။ ပထမအက္ခရာ-တ-နှင့် ပရမတ္တံ ဟုမရှိသင့်ရှိလျှင် ပါဠိအလွဲဖြစ်သည်။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လည်း "ပရမတ္တန္တိ သင်္ခတာ သင်္ခတာနံ အဂ္ဂဘူတဋ္ဌာ ဉတ္တမတ္ထံ" ဟူ၍ ဒုတိယအက္ခရာ-ထ-နှင့်ရှိရမည်။

ပရမတ္တံ-ဟူ၍၊တ-ဝမ်းပူနှစ်လုံးဆင့်ရှိသော ပါဠိအလွဲကြီးကို အမှန်ထင်၍ ပရမ-အတ္တ-ပုဒ် ဖြတ်ပြီးလျှင် "ပဉ္စက္ခန္ဓေ သုညတော ပဿန္တော။ လ။ပဉ္စန္နံ ခန္ဓာနံ နိရောဓော-ပရမ သုညံ နိဗ္ဗာနန္တိ ပဿန္တော" ပါဠိတော်၌ ခန္ဓာငါးပါးကို-သုည၊နိဗ္ဗာန်ကို-ပရမသုည-ဟုဟောသကဲ့သို့ ခန္ဓာငါးပါးကို-**အနတ္တ**၊ နိဗ္ဗာန်ကို **ပရမအတ္တ**-ဟု ဟောသည်မှတ်ထင်၍ နိဗ္ဗာန်၌ "အတ္တသာမညမဟုတ်၊ပရမအတ္တ-ထူးမြတ်သော အတ္တရှိသည်"ဟု မယူသင့်၊

ခန္ဓာလည်း သုညအနတ္တဖြစ်၏။ နိဗ္ဗာန်လည်း သုညအနတ္တ ဖြစ်သည်။ ဝါ၊ အခဲအလုံး အဖြူးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဍာန်အမျိုးမျိုး မရှိ၊ ခန္ဓာမှာ ဖြစ်ပျက်သာလျှင် ရှိသည်။ နိဗ္ဗာန်မှာ မဖြစ်ငြိမ်း -ငြိမ်းခြင်း။မဖြစ်အေး-အေးခြင်း သန္တိသုခသာလျှင် ရှိသည်။ မဖြစ်ငြိမ်း-ငြိမ်းခြင်း။ မဖြစ်အေး-အေးခြင်းမှတပါး သန္တိသုခ ခေါ်စရာ တစုံတခုမရှိ။မဖြစ်အေး-အေးခြင်း။ မဖြစ်ငြိမ်း-ငြိမ်းခြင်းကိုပင် သန္တိသုခ ခေါ်သည်။

"နိဗ္ဗာနဿ စ သုညတ္တာ အနတ္တတ္တာ စ ဣမသ္မိံ ဒွယေ ပဋိလောမ ပရိယာယော နဝုတ္တော"

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။

နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ သုညတ္တာစ၊ ဖြစ်ပျက်ကင်းသည်၏ အဖြစ်ကြောင့်ရင်း။ အနတ္တတ္တာစ၊ အခဲအလုံးစသည် မဟုတ်သောကြောင့်ရင်း။ ဣမသ္မိံ ဒွယေ၊ သုည-အနတ္တ-ဟူသော ဤနှစ်ပုဒ်၌။ ပဋိလောမ ပရိယာယော၊(သုည-အသုည)(အနတ္တ-အတ္တ)ဟူသော ပဋိလုံစကားကို။နဝုတ္တော၊ မပြောဆိုသင့်။

## ခက်ဆစ်အဖြေ-တရပ်

ဦးစံချိန် မေးလျှောက်သော ပုစ္ဆာများသည် လွယ်ကူသည်မဟုတ် ခက်ရာ ခက်ဆစ် ဖြစ်ကုန်၏။ ဗဟုသုတ မြိုင်မြိုင်နှင့် သဘာဝဉာဏ်ပိုင်လှမှ နေရာကျ ဖြေနိုင်မည်။

## သဘာဝ ဉာဏ်ပိုင်နိုင်ဘို့ အချက်

အတ္တ -ခန္ဓာ- နိဗ္ဗာန် ဤသုံးတန်သည် အချင်းချင်း သဘောမတူကြသော်လည်း ဘယ်အခါမှ ခွဲခွါခြင်းမရှိ။ အတူတကွ တွဲလျက် နေကြ၏။ အတ္တရှိရာမှာ ခန္ဓာရှိသည်။ ခန္ဓာရှိရာမှာ နိဗ္ဗာန်ရှိသည်။ မြင်အောင်ကြည့်။ အတ္တကို ထုချေဖေါက်ခွဲ၍ ကြည့်လျှင် ခန္ဓာကိုမြင်သည်။ ခန္ဓာကို ထုချေဖေါက်ခွဲ၍ ကြည့်လျှင် ဖြစ်ပျက်ကို မြင်သည်။ဖြစ်ပျက်ကို ထုချေဖေါက်ခွဲ၍ ကြည့်လျှင် နိဗ္ဗာန်ကိုမြင်သည်။ (ဆင်ခြင်စဉ်းစား၍ကြည့်)။

အတ္တသဘောမှာ အခဲအလုံး စသည် ထင်၍နေ၏။ ဖြစ်ပျက် ဖြစ်ပျက်မနေ။

ခန္ဓာသဘောမှာ ဖြစ်ပျက်ဖြစ်ပျက်နေ၏။ အခဲအလုံး စသည်မနေ။

နိဗ္ဗာန်သဘောမှာ ဖြစ်ပျက် ဖြစ်ပျက်လည်းမနေ။အခဲအလုံးစသည် ဖြင့်လည်း မနေ။ (မဖြစ်အေး-မဖြစ်ငြိမ်း-အေးငြိမ်း၍ နေသည်)။

"အသာရကဋ္ဌေနအနတ္တာ" ရုပ် နာမ် ခန္ဓာသည် အနှစ်သာရ မရှိသောကြောင့် အနတ္တမည်၏။နိဗ္ဗာန်သည်ကား အနှစ်သာရ ရှိသောကြောင့် "သာရကဋ္ဌေနအတ္တာ"ဟူ၍ ဆိုထိုက်သည် မဟုတ်ပါလား အရှင်ဘုရားဟု ဦးစံချိန်က မေးလျှောက်၏။ မေးလျှောက်ခြင်းငှါ သင့်ပေ၏။

ရုပ်နာမ်ခန္ဓာသည် အနှစ်သာရမရှိ၍ အနတ္တဟုဆိုလျှင် နိဗ္ဗာန်သည်ကား အနှစ်သာရရှိ၍ အတ္တဟု ဆိုဘွယ်ရာရှိ၍ နေ၏။ အနှစ်သာရလည်း နိဗ္ဗာန်၌ရှိသည်။ ရှိကြောင်းကား ...

(၁) နိစ္စသာရ မြဲခိုင်သောအနှစ်။
(၂) သုခသာရ ချမ်းသာသောအနှစ်။

ဤအနှစ်သာရတို့သည် နိဗ္ဗာန်၌ ကောင်းစင်စစ် မုချရှိကုန်၏။

ထိုတွင် နိစ္စသာရဆိုသည်ကား ဖြစ်ပျက် မရှိသည်ကို နိစ္စသာရ ဆိုသည်။ ဖြစ်ပျက် ဖြစ်ပျက် နှိပ်စက်ညှဉ်းဆဲ-ဆင်းရဲပင်ပန်းခြင်း မရှိသည်ကို သုခသာရဆိုသည်။ ထိုကြောင့် နိဗ္ဗာန်၌ ဖြစ်ပျက်မရှိ ပကတိ မြဲခိုင်သော နိစ္စသာရလည်းရှိ၏။ ဖြစ်ပျက် ဖြစ်ပျက်-နှိပ်စက်ညှဉ်းဆဲ ဆင်းရဲပင်ပန်းမရှိသော သုခသာရလည်း ရှိ၏။

နိဗ္ဗာန်၌ နိစ္စသာရ-သုခသာရ ရှိသော်လည်း အတ္တသာရ မရှိချေ။ ထိုကြောင့် နိဗ္ဗာန်ကို"သာရကဋ္ဌေနအတ္တာ"ဟု မဆိုသင့်။ အဘယ့်ကြောင့်နည်း**?**။ အတ္တသာရ မရှိသောကြောင့်တည်း။

အတ္တသာရ ဆိုသည်ကား အခဲ အလုံး အပြုံး အမှုန့် အရည် အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြား လုံးလုံး ခုံးခုံးကွဲကွဲ အနိန့်အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုး တည်နေသည်ကို အတ္တသာရဆိုသည်။ ထို အခဲအလုံး စသော အတ္တသာရ မျိုးသည် သင်္ခတ - အသင်္ခတ တရားတို့၌ မရှိကုန်။ (သင်္ခတ တရားကား၊ ရုပ်နာမ်ခန္ဓာတည်း။ အသင်္ခတ တရားကား၊ နိဗ္ဗာန်

တည်း။) အခဲအလုံး စသည်တို့ကား သင်္ခတ ဟူ၍လည်း မဆိုရ၊ အသင်္ခတ ဟူ၍လည်း မဆိုရ။ နဝတ္တဗ္ဗဓမ္မာရုံ ပညတ်တရားတို့သာတည်း။

## ဝေါဟာရ အနိစ္စ-ဝေါဟာရ ဒုက္ခ

ဖြစ်ပျက်အစဉ်ကို မမြင်မသိကြကုန်သော အန္ဓပုထုဇ္ဇန်တို့သည်ကား ပထဝီ အာပေါ တေဇော ဝါယော အစရှိသော ရုပ်နာမ်ခန္ဓာတို့ကို အခဲအလုံး အဖြုံးအမှုန့် ကြီးကြီးငယ်ငယ် ဖွယ်ဖွယ်ရာရာ ရှည်ရှည်လျားလျား စသဖြင့် မှတ်ထင်၍ ထိုအခဲအလုံး စသော သဏ္ဌာနပညတ်-သဏ္ဍာနပညတ်ကို ပန်းကန်-ခွက်- ကျောက်ခဲ- ကျောက်လုံး-လူ-နွား-ခွေး-ငှက် စသည်ဖြင့် အမည်ခေါ်ကြပြီးလျှင် ပန်းကန်ကွဲပြီ-ခွက်ကွဲပြီ-လူသေသည်-နွားသေသည်။ (အဲဟောအနိစ္စ)မမြဲပါတကား၊ အမြဲမရှိပါတကားဟူ၍၎င်း၊ တိုက်မိ-ခိုက်မိ၍ နာကျင် ဆင်းရဲသော အခါ၌၎င်း၊ ဓာတ်လေးပါး ဖေါက်ပြန်၍ လေထိုးခြင်း စသည်ဖြင့် နာကျင်ဆင်းရဲသော အခါ၌၎င်း၊ ဒူးနာသည်၊ ပေါင်နာသည်၊ ဝမ်းနာသည် (အဟောဒုက္ခ) ဆင်းရဲပါတကား ဟူ၍၎င်း အနိစ္စနှင့် ဒုက္ခကိုကား လူအများတို့ သိကြကုန်၏။ ထိုအနိစ္စဟူသော စကား-ဒုက္ခဟူသော စကားကို လူအများတို့ ပြောဆိုကြကုန်၍ ဝေါဟာရအနိစ္စ, ဝေါဟာရဒုက္ခတို့ ဖြစ်ကုန်၏။ ဘုရားမပွင့်သော သုညကမ္ဘာတို့၌လည်း ဝေါဟာရ အနိစ္စ, ဝေါဟာရဒုက္ခ စကားတို့ကို လူအများတို့ သိကြ၍ ပြောဆိုကြကုန်၏။

လူတို့သာလျှင် သိကြသည် မဟုတ်။ ပန်းကန်ကွဲသည်, ခွက်ကွဲသည်, လူသေသည်, နွားသေသည်။(အနိစ္စ)အမြဲမရှိ။ ဒူးနာသည်, ပေါင်နာသည် (ဒုက္ခ) ဆင်းရဲ၏ ဟူ၍ ပြောဆိုသော ဝေါဟာရအနိစ္စ-ဝေါဟာရဒုက္ခကိုကား ခွေး, ဝက်, နွား, ကျွဲ- အစရှိသော တိရစ္ဆာန်တို့သည်လည်း သိနိုင်ကြကုန်၏။ (လူစကားပြောတတ်သော ကြက်တူရွေး-သာလိကာတို့ကို မေး၍ကြည့်)။

ဖြစ်ပျက် ဖြစ်ပျက်နေသော ပရမတ် အနိစ္စ, ပရမတ်ဒုက္ခတို့ကိုကား တိရစ္ဆာန်များ သိနိုင်မည်ကား ဝေးလေစွ၊ ယခု သာသနာတော်တွင်း၌ နေသော လူအများသည်လည်း ဥဒယဗ္ဗယဉာဏ်ဂါမိနိပညာနှင့် မပြည့်စုံ၍ မသိနိုင်ကြကုန်။

ဖြစ်ပျက်ဖြစ်ပျက်နေသော ပရမတ်အနိစ္စကိုသိလျှင် အနတ္တကိုလည်း သိလေတော့၏။ ထို့ကြောင့်....

"အနိစ္စသညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ၊
အနတ္တသညီ အသ္မိမာန သမုဂ္ဃါတံပါပုဏာတိ၊ ဒိဋ္ဌေဝ
ဓမ္မေ နိဗ္ဗာနံ"ဟူ၍ ဟောတော်မူ၏။

နဝင်္ဂုတ္တရပါဠိတော်-၁၆၆။

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ ဖြစ်ပျက် ဖြစ်ပျက် ပရမတ်အနိစ္စ ထင်သောသူအား။ အနတ္တသညာ၊ အခဲအလုံး စသည်မဟုတ် ဖြစ်ပျက်ဖြစ်ပျက် သာလျှင်ရှိ၏ ဟူသော အနတ္တသညာသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။အနတ္တသညီ၊အနတ္တသညာထင်သောသူသည်။အသ္မိမာနသမုဂ္ဃါတံ၊ ကိုယ်ကောင်ကြီးဟူသော ထင်လုံးပျောက်ကွာခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ၌။ နိဗ္ဗာနံ၊ ကိလေသာငြိမ်း၏။

ဘုရားမပွင့်သော သာသနာပကာလ၌ အနိစ္စနှင့်ဒုက္ခ ထင်ရှားသည်။ အနတ္တမထင်ရှား... ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ပြဆိုခြင်းသည် ဝေါဟာရအနိစ္စ၊ ဝေါဟာရဒုက္ခကို ရည်၍ပြဆို၏။

အနတ္တသည်ကား ဝေါဟာရ အနတ္တဟူ၍ မရှိ။ ပရမတ်အနတ္တသာလျှင် ရှိလေသောကြောင့် သာသနာပကာလ၌ လောကလူတို့ပြောဆိုသော စကားမဟုတ်ကုန်။ ထို့ကြောင့် **သာသနာပကာလ၌ အနတ္တမထင်ရှား** ဟူ၍ အဋ္ဌကထာပြဆိုတော်မူ၏။

သမ္မောအဋ္ဌကာ-၄၃။

သဗ္ဗညုမြတ်စွာဘုရားတို့ ပွင့်တော်မူ၍ ပါရမီတော်အစွမ်းဖြင့် ကိုယ်တော်တိုင် သိတော်မူ၍ အခဲအလုံး စသည်မဟုတ်၊ ဖြစ်ပျက်ဖြစ်ပျက်အစဉ် မပြတ်ဆက်စပ်၍ နေသော ရိတ္တ-တုစ္ဆ-သုည-အနတ္တ သဘောထည်းဟု ထုတ်ဖော်၍ သဗ္ဗညု မြတ်စွာ ဘုရား တို့သည် သာလျှင် (အနတ္တ) ဟူသော စကားကို ဟောကြား၍ပြောဆိုတော်မူနိုင်ကြကုန်၏။ထို(အနတ္တ)ဟူသော စကားသည် လောကလူတို့၏ အရာမဟုတ်၊ သဗ္ဗညုမြတ်စွာဘုရားတို့၏အရာသာ ဖြစ်သည်။

အခဲအလုံးမဟုတ် ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟူ၍ လောကလူတို့ အဘယ်မှာ သိနိုင်မည်နည်း၊အဘယ်မှာ ပြောဆိုနိုင်မည်နည်း၊ အဖြူးအမှုန့် အရည်အဖတ် အစေးအဆီ မဟုတ် ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟူ၍ အဘယ် မှာ သိနိုင်မည်နည်း။ရှည်ရှည်လျားလျား ပြားပြားလုံးလုံး မဟုတ် ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟူ၍ အဘယ်သူ ပြောဟောနိုင်မည်နည်း။ခုံးခုံးကွဲကွဲ အနဲ နဲ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုးမရှိ ဖြစ်ပျက်ဖြစ်ပျက်သာလျှင် ရှိသည်ဟူ၍ အဘယ်သူ ပြောဟောနိုင်မည်နည်း။ ပြောဟောသော်လည်း အခဲအလုံး စသည်ဖြင့် မှတ်ထင်၍နေသော (အတ္တဝါဒ-သက္ကာယဒိဋ္ဌိ) အန္ဓပုထုဇ္ဇန်တို့ ယုံနိုင်ခဲ၏၊ သိနိုင်ခဲ၏၊ မြင်နိုင်ခဲ၏။

အခဲအလုံး မဟုတ်ဘူး ဟူ၍ ပြောသော်လည်း အခဲအလုံးကြီးကို မျက်စိဖြင့် ကိုယ်တိုင်မြင်ရသည်ဟု ပြောဆိုငြင်းပယ်ကြကုန်လတ္တံ့။ အဖြူး အမှုန့် အရည်အဖတ် မဟုတ်ဘူးဟူ၍ငင်း, အစေးအဆီ မဟုတ်ဘူးဟူ၍ငင်း, ရှည်ရှည် လျားလျား ပြားပြားလုံးလုံး မဟုတ်ဘူး ဟူ၍ငင်း ပြောသော် လည်း အစေးအဆီ ရှည်ရှည် လျားလျား စသည်ကို မျက်မြင် ဒိဋ္ဌဖြစ်၍ ငါတို့ မယုံကြည်နိုင်ဘူး ဟူ၍သာလျှင် ငြင်းဆန်ပြောဆိုကြပေလိမ့်မည်။

ဤကဲ့သို့ငြင်းဆန်ပြောဆိုလိမ့်မည်ကို မငြင်းဆန်နိုင်အောင် အချက် ကျကျ ပြောဟောနိုင်သော ပညာပါရမီဉာဏ် အဘယ်သူမှာ ရှိမည်နည်း။ အခဲအလုံး အဖြူးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည် လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုး မရှိသည်ကို သာလျှင် အနတ္တဆိုသည်ဟူ၍ အဘယ်သူ ပြောဆိုနိုင်မည်နည်း။ သဗ္ဗညု မြတ်စွာဘုရားတို့သာလျှင် ပြောဆိုနိုင်ကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားတို့ ပွင့်တော်မူသော သာသနာတော် အတွင်း၌သာလျှင် အနတ္တ ဟူသော စကားကို ကြားနာရကုန်၏။ အနတ္တဟူသောစကားကို ကြားနာရသော် လည်း အနတ္တဟူသောစကား၏အဓိပ္ပါယ်ကို မသိနိုင်ကြကုန်။ ပါရမီအထူး ရှိသောသူတို့မှသာလျှင် အနတ္တ ဟူသောစကား၏ အဓိပ္ပါယ်ကို ဟုတ်မှန် တိုင်းသိနိုင်ကြကုန်၏။

"ဥဒယတ္ထ ဂါမိနိယာ ပညာယသမန္နာဂတော"ဖြစ်ပျက်ကိုမြင်နိုင် သော ပညာပါရမီအထူးရှိသောသူတို့မှသာလျှင် ဖြစ်ပျက်ဖြစ်ပျက် အဆက် မပြတ် အစဉ်မပြတ် ဆက်စပ်၍နေသည်ကို အနတ္တဆိုသည်ဟူ၍ ဟုတ်တိုင်း

မှန်စွာ သိနိုင်ကြကုန်၏။အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ မဟုတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိနိုင်ကြကုန်၏။ ပြောဆိုနိုင်ကြကုန်၏။ ရှည်ရှည် လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဍာန် အမျိုးမျိုးမရှိ ဖြစ်ပျက် ဖြစ်ပျက် သာလျှင် ရှိသည်ဟူ၍ အနတ္တဟူသော စကား၏အဓိပ္ပါယ်ကို ဟုတ်တိုင်းမှန်စွာ သိနိုင်ကြကုန်၏။

## ဖြစ်ပျက်နှင့် သစ္စာလေးပါး

ဖြစ်ပျက် ဖြစ်ပျက် နေသည်ကိုပင်လျှင် ဒုက္ခသစ္စာဟူ၍ ဆိုသည်။ ဆင်းရဲခြင်းအမှန်ဟူ၍ ဆိုသည်။ ဖြစ်ပျက် ဖြစ်ပျက် မရပ်မစဲ ညှဉ်းဆဲ နှိပ်စက်၍နေသော ဖြစ်ပျက်ဒုက္ခသည် အဘယ့်ကြောင့် ဖြစ်ပျက်ဖြစ်ပျက်နေပါသနည်း။ ဖြစ်ချင်၍ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

(ဖြစ်ချင်လို့ ဖြစ်သည်။ ဖြစ်လို့ ပျက်သည်။ မဖြစ်ချင်လျှင် မဖြစ်။ မဖြစ်လျှင် မပျက်။)

အဘယ့်ကြောင့် ဖြစ်ချင်ပါသနည်း?။ ဖြစ်ပျက်ကို မမြင်လို့ ဖြစ်ချင်သည်။

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် အခဲအလုံး မှတ်ထင်သည်။ အဖြုံး အမှုန့် အရည် အဖတ် အစေး အဆီ မှတ်ထင်သည်။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်ခြင်းကြောင့် ရှည်ရှည်လျားလျားမှတ်ထင်သည်။ ပြားပြားလုံးလုံး မှတ်ထင်သည်။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့် ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဍာန် အမျိုးမျိုးတည်နေသည် ဟူ၍ မှတ်ထင်သည်။ အထင်လွဲသည်။ သညာဝိပ္ပလ္လာသ-သက္ကာယဒိဋ္ဌိ ဖြစ်သည်။

ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဍာန် အမျိုးမျိုး တည်နေသော သန္တာနပညတ် - သဏ္ဍာနပညတ် အထည်ဒြပ်ကို မိန်းမဟူ၍ငင်း၊ယောကျ်ားဟူ၍ငင်း ခေါ်ဆို၍ မိန်း မဖြစ်ချင်သည်၊ ယောကျ်ားဖြစ်ချင်သည်၊ သူဋ္ဌေးသမီးဖြစ်ချင်သည်၊ သူဋ္ဌေးသား ဖြစ်ချင်သည်၊ လူ ဖြစ်ချင်သည်၊ နတ်ဖြစ်ချင်သည်၊ လူမင်း မိဖုယားဖြစ်ချင်သည်၊ နတ်မင်း မိဖုယားဖြစ်ချင်သည်၊ နတ်သမီးဖြစ်ချင်သည်၊ နတ်သားဖြစ်ချင်သည်၊ **ဖြစ်ချင်** ဆိုသည်ကား သမုဒယသစ္စာ ဖြစ်သည်။ ဒုက္ခ ဖြစ်ကြောင်း အမှန်ဖြစ်သည်။

လူဖြစ်ချင်၍ လူဖြစ်အောင် ပြုလုပ်သည်၊ နတ်ဖြစ်ချင်၍ နတ်ဖြစ်အောင် ပြုလုပ်သည်၊ လူဖြစ်အောင် - နတ်ဖြစ်အောင် ဒါန,သီလ စသော ကုသိုလ်ကို ပြုလုပ်သည်။

ဒါန,သီလ စသော ကုသိုလ်ကို ပြုလုပ်ခြင်းကြောင့် လူဖြစ်သည်၊ နတ်ဖြစ်သည်၊ လူဖြစ်သည်-နတ်ဖြစ်သည် ဟူ၍ လောကဝေါဟာရအားဖြင့် ပြောဆိုရ၏။ ပြောဆိုရသော်လည်း လူဟုတ်ကဲ့လား - နတ်ဟုတ်ကဲ့လား စဉ်းစားဆင်ခြင်၍ကြည့်၊ မျက်စိနှင့်ကြည့်သော် အဆင်းကိုမြင်၏။ အဆင်းသည် လူမဟုတ်၊ နားနှင့် ဆင်ခြင်၍ကြည့်သော် အသံကိုကြားရ၏။ အသံသည် လူမဟုတ်၊ နှာခေါင်းဖြင့် နမ်း၍ကြည့်သော် အနံ့ကိုနံရ၏၊ အနံ့သည် လူမဟုတ်။

ဤသို့စသည်ဖြင့်ဆင်ခြင်၍ကြည့်သော် အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ကြမ်း,ချော,ခု,ခံ၊ တောင့်,တင်း,တွန်း,တိုး၊ ပူ,အေး,နွေး, လော ခေတ်သဘောတို့ကိုသာလျှင် တွေ့ရ၏။ အဟုတ်အမှန်ကို သိအောင် ဆင်ခြင်၍ ကြည့်ရှုသည်ရှိသော် အဆင်း အသံ အနံ့ အစရှိသော ရုပ်နာမ် တို့ကို တွေ့ရ၏။ ထို ရုပ်နာမ် တို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်သောကြောင့်သာလျှင် ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲအဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုးတည်နေသော လူကောင်ကြီးဟူ၍ မှတ်ထင်လေသည်။ အထင်လွဲသည်။ သညာဝိပ္ပလ္လာသ-သက္ကာယဒိဋ္ဌိ ဖြစ်သည်။

လူထင်၍ လူဖြစ်ချင်သည်၊ လူဖြစ်ချင်၍ လူဖြစ်အောင်ပြုလုပ်သည်၊ လူဖြစ်အောင် ဒါန,သီလ စသည်ကို ပြုလုပ်၍ လူဖြစ်လာသည်ဟု လောကဝေါဟာရ အားဖြင့် ခေါ်ဆိုရသော်လည်း အဆင်း အသံ အနံ့ အရသာ အစရှိသော ရုပ်နာမ် ခန္ဓာတို့သည်သာလျှင် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကိုပင် ဒုက္ခသစ္စာ-ဆင်းရဲခြင်း အမှန်ဆိုသည်။ ထိုဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ဒုက္ခ-ပျက်ဒုက္ခသည် ဖြစ်ချင်လို့ဖြစ်သည်။ ထို့ကြောင့် ဖြစ်ပျက်ကို မမြင်လို့ ဖြစ်ချင်သည်။ ဖြစ်ပျက်ကိုမြင်လျှင် မဖြစ်ချင်၊ မဖြစ်ချင်လျှင် မဖြစ်၊ မဖြစ်လျှင် မပျက်။

(ဖြစ်ချင် ဖြစ်။ မဖြစ်ချင် မဖြစ်။ သစ္စာလေးပါး အစစ်။)

**ဖြစ်ချင်** ဆိုသည်ကား သမုဒယ သစ္စာ၊ **ဖြစ်** ဆိုသည်ကား ဒုက္ခသစ္စာ၊ **မဖြစ်ချင်** ဆိုသည်ကား မဂ္ဂသစ္စာ၊ **မဖြစ်** ဆိုသည်ကား နိရောဓသစ္စာ။

ဦးစံချိန်၏ ပါဠိတော်စာလျှောက်ပွဲ ဓမ္မသာကစ္ဆာသဘင်ကို ပထမရောက်သောနေ့၌ မြို့မိ - ဦးဇေယျသေနက **ဖြစ်ချင်-ဖြစ်၊ မဖြစ်ချင်-မဖြစ်၊ သစ္စာလေးပါး အစစ်**။ ဤစကားဖြင့် ပိဋကတ်သုံးပုံ၌ မေးသမျှကို ဖြေဆိုမည်ဟု ပြောသောအခါ ဇေယျဝတီ ဆရာတော်က "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"ဟု ရွတ်ဆို၍ ထောက်ခံလေ၏။ ထိုနောက် ဦးစံချိန်၏ ပါဠိတော် စာလျှောက်ပွဲ သဘင်သို့ ရောက်သော အခါတို့၌ မေးလျှောက်သော ပုစ္ဆာတို့ကို ဖြစ်ပျက် နှင့် သာလျှင် အဖြေ များ၏။ **ဖြစ်ပျက်** ၏ အဆုံး၌ တည်ရှိသော **မဖြစ်** နိဗ္ဗာန်ကိုလည်း ဖြစ်ပျက်နှင့် ပင်လျှင် သဘောကျအောင် ဖြေဆိုရမည်။ ထိုစကား မှန်၏။ ဖြစ်ပျက် အစဉ် ထင်မြင်စွာ သဘောပေါက်ပါလျှင် **မဖြစ်** နိဗ္ဗာန်ကိုလည်း သဘောပေါက်နိုင်၏။

**ဘုရားပျောက်အောင် ပြောမည်** ဟူရာ၌ ဘုရား ပျောက် ပုံကိုလည်း သဘောပေါက်နိုင်၏။ "ရူပံ ဘိက္ခဝေ န တုမှာကံ" ပါဠိတော်ကိုလည်း သဘော ပေါက်နိုင်၏။ ထိုကြောင့် ဖြစ်ပျက် အစဉ်ကို ထင်မြင်အောင် ဆင်ခြင်ကြံဆ ကြည့်ရှုကြကုန်။

## ဒိဋ္ဌိဝိသုဒ္ဓိ ဓမ္မဒေသနာ

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ၊ လ။ ပဟာနံ၊
လ။ တော် တဒင်္ဂပဟာနံနာမ။

မူလပဏ္ဏာသ အဋ္ဌကထာ-၂၁၊၂၆။ ။ခန္ဓဝဂ္ဂသံယုတ်
အဋ္ဌကထာ-၂၂၇။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။

နာမရူပ ဝဝတ္ထာနေန၊ နာမ်ရုပ်ကို ပိုင်းပိုင်းခြားခြား သဘောမိမိ နေရာကျသိသော ဉာဏပရိညာဖြင့်။ သက္ကာယဒိဋ္ဌိယာ၊ အခဲအလုံး အဖြုံး အမှုန့်စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုးရှိသည်ဟု မှတ်ထင်သော သက္ကာယဒိဋ္ဌိထင်လုံး၏။ ပဟာနံ၊ ပယ်ရှားပျောက်ကင်းခြင်းရင်း။ ပ၊ တော်၊ ဤပယ်ရှားပျောက်ကင်းခြင်းသည်။ တဒင်္ဂပဟာနံနာမ၊ တဒင်္ဂပဟာန်မည်၏။

နာမရူပပရိစ္ဆေဒဉာဏ်အစ ဂေါတြဘူဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်တို့ဖြင့် ပယ်ရှားပျောက်ကင်းခြင်းသည်။ တဒင်္ဂ ပဟာန်မည်၏ ဟူ၍ "တထာယံ နာမရူပပရိစ္ဆေဒါဒီသု ဝိပဿနာဉာဏေသု" အစရှိသော ပါဠိဖြင့် အဋ္ဌကထာပြဆိုတော်မူသည်။

လေးပါးသော မဂ်ဉာဏ်ဖြင့် ပယ်ရှား ပျောက်ကင်း ခြင်း သည် သမုစ္ဆေဒ ပဟာန်မည်၏ ဟူ၍ "စတုန္နံ အရိယမဂ္ဂါနံ ဘာဝိတတ္တာ" အစရှိသော ပါဠိဖြင့် အဋ္ဌကထာပြဆိုတော်မူသည်။

သောတာပတ္တိမဂ်ကိုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည်သမုစ္ဆေဒပဟာန်အားဖြင့် သက္ကာယဒိဋ္ဌိ ထင်လုံးကိုပယ်သည်။ နာမ်ရုပ်ကို ပိုင်းပိုင်းခြားခြား သဘောမိမိ နေရာကျသိသော ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်သည် တဒင်္ဂပဟာန်အားဖြင့် သက္ကာယဒိဋ္ဌိထင်လုံးကိုပယ်နိုင်သည်။

အဆင်းရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အခဲအလုံးမဟုတ်။

အသံရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အဖြူးအမှုန့်မဟုတ်။

အနံ့ရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အရည်အဖတ်မဟုတ်။

စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန် အရသာရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အစေးအဆီမဟုတ်။

ကြမ်း,ချော,ခိုင်,ခံ့,ထိ၊ တောင့်,တင်း,တွန်း,တိုး,ထိ၊ ပူ, အေး, နွေးလောထိ၊ အထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ ရှည်ရှည်လျားလျားပြားပြားလုံးလုံး မဟုတ်၊ ခုံးခုံးကွဲကွဲ အနဲ့နဲ့အဖုံ့ဖုံ့ ပုံသဏ္ဌာန် အမျိုးမျိုးမရှိ။

စိတ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။အခဲအလုံးမဟုတ်၊ ပုံသဏ္ဌာန်အမျိုးမျိုးမရှိ။

စိတ်သည် အခဲအလုံးစသည် မဟုတ်သကဲ့သို့ အဆင်း အသံ အနံ့ အရသာ အထိရုပ်တို့သည်လည်း အခဲအလုံးစသည် မဟုတ်၊ ပုံသဏ္ဌာန် အမျိုးမျိုး မရှိ ဖြစ်ပျက် ဖြစ်ပျက် နေသည်။ ဤကဲ့သို့ သဘောပေါက်အောင်သိသော ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်သည် အခဲအလုံးစသည် မှတ်ထင်၍နေသော သက္ကာယဒိဋ္ဌိ ထင်လုံးကို တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်သည်။

မြန်မာပြည်၌ဗုဒ္ဓဘာသာကျမ်းစာကို တတ်သိကြကုန်သော ပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါး-ရုပ်နာမ်တရားဟူ၍ ပြောဟောကြကုန်၏။ ဖြစ်ပျက်

ဖြစ်ပျက် အစဉ်မပြတ် ဆက်စပ်၍နေသော ဖြစ်ပျက် ဖြစ်ပျက် အစဉ်ကို သဘောမပေါက်ကြသောကြောင့် ခန္ဓာငါးပါး-ရုပ်နာမ်တရားသည် အခဲ အလုံး စုပေါင်း၍ ပကတိအတိုင်း နေသည်ဟု မှတ်ထင်ကြကုန်၏။ (အခဲ အလုံးစုပေါင်း၍ နေသည်ဟု မှတ်ထင်ခြင်းသည် သက္ကာယဒိဋ္ဌိဖြစ်သည်။)

ဖြစ်ပျက်ဖြစ်ပျက် အစဉ်မပြတ် ဆက်စပ်၍နေသော ဖြစ်ပျက်အစဉ်သည်သာလျှင် အဆက်မပြတ်အောင် ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟူ၍ သဘောပေါက်မှသာလျှင် သက္ကာယဒိဋ္ဌိကို တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်သည်။

## ခန္ဓာငါးပါးနှင့် ဖြစ်ပျက်တရား

ခန္ဓာငါးပါးဟူသည်ကား ရုပ် ဝေဒနာ သညာ သင်္ခါရ စိတ် ဤ ခန္ဓာငါးပါးကို"ရုပ်ခန္ဓာ၊နာမ်ခန္ဓာ"ဟူ၍ ရုပ်နှင့်နာမ်ကို ထင်ရှားအောင် ခွဲ၍ကြည့်။

ရုပ်ခန္ဓာသည် အဆင်းရုပ်, အသံရုပ်, အနံ့ရုပ်, အရသာရုပ်,အထိရုပ် ဟူ၍ ငါးမျိုးခွဲ၍ကြည့်၊ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

နာမ်ခန္ဓာသည် ဝေဒနာ,သညာ,သင်္ခါရ,စိတ် ဟူ၍ လေးပါးရှိ၏။ လေးပါးခွဲ၍ကြည့်။

ကောင်းသည် သာယာသည်ဟူ၍ဆိုသည်မှာ သုခဝေဒနာ ဖြစ်ပျက် ဖြစ်ပျက်နေသည်။ နာသည် ကျင်သည် ကိုက်ခဲသည် ညောင်းညာသည် ဟူ၍ ဆိုသည်မှာ ဒုက္ခဝေဒနာ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

အဆင်းကိုမှတ်မိသည်-အသံကိုမှတ်မိသည်-ဟူ၍ ဆိုသည်မှာ သညာ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

လိုချင်သည်-စုံမက်သည်-ခင်တွယ်သည် ဟူ၍ ဆိုသည်မှာ လောဘ သင်္ခါရ ဖြစ်ပျက် ဖြစ်ပျက်နေသည်။ တဏှာ-ဖြစ်ပျက် ဖြစ်ပျက်နေသည်။

စိတ်ဆိုးသည်-မုန်းထားသည်-ရိုက်ချင်-ပုတ်ချင်သည်-ဟူ၍ ဆိုသည်မှာ ဒေါသသင်္ခါရ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

သဒ္ဓါကြည်ညိုသည်- လှူချင်သည်- ဘုရားကို ကြည်ညိုသည် ယူ၍ ဆိုသည်မှာ သဒ္ဓါ စေတနာ ကုသိုလ်သင်္ခါရတွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

မေတ္တာ ကရုဏာ မုဒိတာ ဤတရားတို့ဖြစ်ရာ၌ သူ၏အကျိုးကိုလိုသည်၊သူတပါး၏အကျိုးကိုဆောင်လိုသည်၊မေတ္တာရှိသည်ဟူ၍ ဆိုသည်မှာ

အဒေါသ သင်္ခါရ ဖြစ်ပျက် ဖြစ်ပျက်နေသည်။ (အဒေါသ စေတသိက်ကို မေတ္တာဟူ၍ ဆိုသည်။)

သနားသည်၊ ညှာတာသည် ဟူ၍ ဆိုသည်မှာ ကရုဏာသင်္ခါရ ဖြစ်ပျက် ဖြစ်ပျက်နေသည်။(ကရုဏာ စေတသိက်ဖြစ်သည်။)

သူတပါးတို့ ချမ်းသာသည်ကို ဝမ်းမြောက်သည် ဟူ၍ ဆိုသည်မှာ မုဒိတာသင်္ခါရ ဖြစ်ပျက် ဖြစ်ပျက်နေသည်။(မုဒိတာစေတသိက်ဖြစ်သည်။)

ဤကား သင်္ခါရက္ခန္ဓာ ဖြစ်ပျက် ဖြစ်ပျက်နေသည်။ သိလွယ်ရာ ထင်ရှားရာ သင်္ခါရကို ထုတ်ဖေါ်၍ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို သဘောပေါက်အောင်ကြည့်။

စိတ်သည် ခြောက်မျိုးရှိ၏။ မြင်သောစိတ် မျက်လုံး၌ ဖြစ်သည်။ ကြားသောစိတ် နား၌ဖြစ်သည်။ နံသောစိတ် နှာခေါင်း၌ဖြစ်သည်။ စပ်၊ ငန်၊ ခါး၊ ချဉ်၊ ချို၊ အရသာကို သိသောစိတ် လျှာ၌ ဖြစ်သည်။ အထိကို သိသောစိတ် တကိုယ်လုံး၌ ဖြစ်သည်။

အဆင်း အသံ အနံ့ အရသာ အထိ ဤအာရုံငါးပါးလုံးကို သိသောစိတ် နှလုံးသွေး၌ဖြစ်သည်။

စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ်၊ စိတ်ခြောက်မျိုး နှုတ်တက်ရအောင် ရွတ်ဆို၍ ထား။ ပရမတ်သင်္ဂြိုဟ်ကို မသင်ကြားရသော်လည်း ရနိုင်သလောက်ကျက်၍ နှုတ်တက်ဆောင်၍ ရွတ်ဆိုလျှင် ပါရမီဖြစ်သည်၊ ကိုယ်တွေ့သိအောင် အားထုတ်လျှင် ဝိပဿနာပညာ ဖြစ်သည်။

မြင်သောစိတ်ကို စက္ခုဝိညာဏ်စိတ်။ ကြားသောစိတ်ကို သောတဝိညာဏ်စိတ်။ အနံ့ကို နံသောစိတ်ကို ဃာနဝိညာဏ်စိတ်။ စပ်၊ ငန်၊ ခါး၊ ချဉ်၊ချို၊အရသာကို လျှာဖြင့် သိသောစိတ်ကို ဇိဝှါဝိညာဏ်စိတ်။ တကိုယ်လုံး၌ အထိကို(ထိသည်ကို)သိသောစိတ်ကို ကာယဝိညာဏ်စိတ်။နှလုံးသွေး၌ ဖြစ်၍ အာရုံငါးပါးကို သိသောစိတ် မနောဝိညာဏ်စိတ်။

ဤစိတ် ခြောက်မျိုးသည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အသုံးအခဲ မဟုတ်။ အဖြူးအမှုန့် အရည်အဖတ် အစေးအဆီ မဟုတ်။ ရှည်ရှည်လျားလျား ပြားပြားသုံးလုံး မဟုတ်။

မြင်စိတ်, ကြားစိတ်, နံစိတ်, လျက်စိတ်, ထိစိတ်, သိစိတ် စိတ်ခြောက်မျိုး မြန်မာစကားဖြင့် ခြောက်မျိုးကိုသိအောင် ဆင်ခြင်၍ကြည့်။

## အာရုံ ၆-ပါးနှင့် ဖြစ်ပျက်တရား

၁။ မြင်စိတ်သည် မျက်လုံးထဲ၌ဖြစ်၍ အဆင်းရုပ်ကိုမြင်သည်။

၂။ ကြားစိတ်သည် နားထဲ၌ဖြစ်၍ အသံကို ကြားသည်။

၃။ နံစိတ်သည် နှာခေါင်းထဲမှာဖြစ်၍ အနံ့ကို နံသည်။

၄။ လျက်စိတ်သည် လျှာထဲမှာ ဖြစ်၍ အရသာကို လျက်သည်၊ သိသည်။

၅။ ထိစိတ်သည် တကိုယ်လုံးမှာဖြစ်၍ အထိကို ထိသည်၊သိသည်။

၆။ သိစိတ်သည် နှလုံးသွေးထဲမှာဖြစ်၍ အာရုံငါးပါးကို သိသည်။ အဆင်း,အသံ,အနံ့,အရသာ,အထိ အာရုံငါးပါးမှတ်၍ထား၊ (အာရုံငါးပါးကို ကာမဂုဏ်ငါးပါးဟု ဆိုသည်။)

၁။ အဆင်းကာမဂုဏ်ကို မျက်စိနှင့်ကြည့်မြင်၍ ခံစားသည်။

၂။ အသံကာမဂုဏ်ကို နားထောင်၍ ကြား၍ ခံစားသည်။

၃။ အနံ့ကာမဂုဏ်ကို နှာခေါင်းဖြင့်နံ၍ ခံစားသည်။

၄။ အရသာကာမဂုဏ်ကို လျှာဖြင့် လျက်၍ စား၍ ဝါး၍ ခံစားသည်။

၅။ အထိကာမဂုဏ်ကို ကိုယ်ဖြင့်ထိ၍ ခံစားသည်။

၆။ ကာမဂုဏ် ငါးပါးကို နှလုံးသွေး၌ ဖြစ်သော စိတ်ဖြင့် ကြံ၍ တွေး၍ ခံစားသည်။

နှလုံးသွေး၌ ဖြစ်သောစိတ်ဖြင့် အာရုံငါးပါး ကာမဂုဏ် တရားတို့ကို ကြံ၍ တွေး၍ ခံစားသည်ကို ကာမဝိတက်ဆိုသည်။ထိုကာမဝိတက်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။

၁။ အဆင်းသည်,ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု သိမြင်၍ ဆင်ခြင်သောသူသည် အဆင်းကို မျက်စိထဲ၌ဖြစ်သော မြင်သောစိတ်ဖြင့် မြင်သော်လည်း လိုချင်စုံမက်သော လောဘတဏှာ မဖြစ်နိုင်၊ မြင်ရုံမျှသာ ရှိသည်။

ထိုမျက်စိထဲ၌ ဖြစ်သော မြင်စိတ်သည်လည်း ဖြစ်ပျက် ဖြစ်ပျက် နေသည်။ အဆင်းသည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု မှတ်ရမည်။

၂။ အသံသည် ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု သိမြင်၍ ဆင်ခြင်သောသူသည် ထိုအသံကို နားထဲ၌ ဖြစ်သော ကြားစိတ်ဖြင့် ကြားသော်လည်း လိုချင်စုံမက်သော လောဘတဏှာ မဖြစ်နိုင်၊ ကြားရုံမျှသာရှိသည်။ နားထဲ၌ဖြစ်သော ကြားစိတ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေသည်။ အသံသည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေသည်။

၃။ အနံ့သည် ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟု သိမြင်၍ ဆင်ခြင်သောသူသည် ထိုအနံ့ကို နှာခေါင်းထဲ၌ ဖြစ်သော နံစိတ်ဖြင့် နံလာသော်လည်း လိုချင်စုံမက်သော လောဘ တဏှာ မဖြစ်၊ နံရုံမျှသာ ရှိသည်။ နှာခေါင်းထဲ၌ဖြစ်သော နံစိတ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အနံ့သည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေသည်။

၄။ စပ်, ငန်, ခါး, ချဉ်, ချို, ဆိမ့်, ဖန် အရသာရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု သိမြင်၍ ဆင်ခြင်သောသူသည် ထိုအရသာကို ခံတွင်းသို့ သွင်း၍ လျှာထဲ၌ဖြစ်သော လျက်စိတ်ဖြင့် လျက်၍ ဝါး၍ စားသော်လည်း လိုချင်စုံမက်သော လောဘတဏှာမဖြစ်၊ လျက်ရုံ, ဝါးရုံ, စားရုံမျှသာရှိသည်။ လျှာထဲ၌ဖြစ်သောလျက်စိတ်သည် ဖြစ်ပျက်ဖြစ်ပျက်နေသည်။ စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန် အရသာရုပ်သည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေသည်။ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် မဟုတ်။ အရသာရုပ်ကို အရည်အဖတ် အစေးအဆီ မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိဖြစ်သည်။

၅။ ကြမ်း,ချော,ခု,ခံ,ထိ၊ တောင့်,တင်း,တွန်း,တိုး,ထိ၊ ပူ,အေး, နွေး,လော,ထိ၊ အထိရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု သိမြင်၍ ဆင်ခြင်သောသူသည် ထိုအထိရုပ်သုံးမျိုးကို ကိုယ်၌ဖြစ်သော ထိစိတ်ဖြင့် ထိ၍ ကြမ်းသည်,ချောသည်,တွန်းသည်,တိုးသည်,ပူသည်,အေးသည်ဟု သိသော်လည်း လိုချင်စုံမက်ခြင်း လောဘတဏှာမဖြစ်၊ ထိရုံ,တွန်းတိုးရုံ,ပူရုံ,အေးရုံမျှသာ ရှိသည်။ တကိုယ်လုံး၌ ဖြစ်သော ထိစိတ်သည် ဖြစ်ပျက် ဖြစ်ပျက် နေသည်။ အထိရုပ် သုံးမျိုးသည်လည်း ဖြစ်ပျက် ဖြစ်ပျက် နေသည်။ အခဲအလုံး စသည်မဟုတ်၊ အထိရုပ်သုံးမျိုးကို အခဲအလုံး စသည် မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိဖြစ်သည်။

## ''ငါ''ဘယ်မှာလဲ

မြင်စိတ် ကြားစိတ် နံစိတ် လျက်စိတ် ထိစိတ် သိစိတ်။

စိတ်ခြောက်မျိုးဖြစ်ပုံကို သေသေချာချာ သဘောပေါက်အောင် ဉာဏ်နှင့်ကြည့်။

အဆင်းကို **ငါမြင်သည်၊** အသံကို **ငါကြားသည်၊** အနံ့ကို **ငါနံသည်၊** ဤစကားကို လူအပေါင်းတို့ ပြောဆိုကြကုန်၏။ ထိုစကား၌ **မြင်** ဆိုသည်ကား စိတ်။ **ကြား** ဆိုသည်ကား စိတ်။ **နံ** ဆိုသည်ကား စိတ်။ **ငါ** ကို တွေ့အောင်ရှာ ဘယ်သင်းကို **ငါ** ခေါ်သလဲ။

မြင်စိတ်သည် မျက်စိထဲ၌ ဖြစ်၏ဟူ၍ ဆိုသော်လည်း အဆင်းကို မြင်သောအခါ၌သာလျှင်ဖြစ်သည်။မျက်စိကိုမှိတ်၍ ပိတ်၍ထားသောအခါ မျက်စိထဲ၌ မြင်စိတ်မရှိ။ အဆင်းကိုမြင်သောအခါ မြင်စိတ်သည် ဖြစ်ပျက်ဖြစ်ပျက်နေသည် **ငါ** ကို ရှာ၍မတွေ့။

ကြားစိတ်သည် နားထဲ၌ ဖြစ်သည် ဆိုသော်လည်း အခါခပ်သိမ်း နားထဲမှာ ကြားစိတ်ဖြစ်နေသည်မဟုတ်၊ အသံကိုကြားသော အခါ၌သာလျှင် နားထဲ၌ကြားစိတ်ဖြစ်သည်။ နားကိုပိတ်၍ အသံမကြားသောအခါ နားထဲ၌ကြားစိတ်မရှိ၊ အသံကိုကြားသောအခါ နားထဲ၌ ကြားစိတ် ဖြစ်ပျက်ဖြစ်ပျက်နေသည်၊ ထိုဖြစ်ပျက် ဖြစ်ပျက်နေသော ကြားစိတ်သည် **ငါ** မဟုတ် ဘယ်သင်းဘယ်ဟာကို **ငါ** ဟုဆိုသလဲ။

နံစိတ်သည် နှာခေါင်းထဲ၌ဖြစ်သည်ဟု ဆိုသော်လည်း အခါခပ်သိမ်းနှာခေါင်းထဲ၌နံစိတ်မရှိ။အနံ့ကိုနံသောအခါ၌သာလျှင် နံစိတ်ဖြစ်ပျက်ဖြစ်ပျက်နေ၍ နှာခေါင်းထဲ၌ရှိသည်။ အနံ့ကိုမနံသောအခါ နှာခေါင်းထဲ၌ နံစိတ်မရှိ၊ ထိုနံစိတ်သည် ဘယ်နေရာသို့ သွား၍နေသလဲ?။ နံစိတ်မဖြစ်သောကြောင့် နှာခေါင်းထဲ၌မဖြစ်ဘဲနေသည်။ဘယ်ကိုမှ မသွား၊အနံ့အာရုံဆိုက်ရောက်မှ နံစိတ်ဖြစ်၍ နှာခေါင်းထဲ၌ရှိသည်။ အနံ့အာရုံ မရောက်လာလျှင် နံစိတ်မဖြစ်၊နှာခေါင်းထဲ၌ နံစိတ်မရှိ။ အနံ့အာရုံလည်း ဖြစ်ပျက်ဖြစ်ပျက်နေသည်၊ နှာခေါင်းထဲ၌ဖြစ်သော နံစိတ်သည်လည်း အနံ့ကိုအာရုံပြု၍ ဖြစ်ပျက်ဖြစ်ပျက်နေသည်။အနံ့မရောက်လျှင်နံစိတ်လည်းမဖြစ်၍ နှာခေါင်း

ထဲ၌မရှိ၊ ထိုနံစိတ်သည် နှာခေါင်းထဲ၌ အမြဲရှိ၍ နေသည်ဟု မှတ်ထင်လျှင် သဿတဒိဋ္ဌိဖြစ်သည်။ မြင်စိတ် ကြားစိတ်တို့သည်လည်း မျက်စိထဲ နားထဲ၌ အမြဲရှိ၍နေသည်ဟု မှတ်ထင်လျှင် သဿတဒိဋ္ဌိဖြစ်သည်။

လျက်စိတ်သည်လည်း လျှာထဲ၌ အခါခပ်သိမ်း ရှိနေသည်မဟုတ်၊ လျှာပေါ်သို့ အရသာရောက်မှသာလျှင် ထိုအရသာကိုအာရုံပြု၍ လျက်စိတ် ဖြစ်ပျက်ဖြစ်ပျက်နေသည်။လျှာပေါ်သို့ အရသာမဆိုက်ရောက်လျှင် လျက်စိတ်သည် လျှာထဲ၌မရှိ၊ လျှာထဲ၌မရှိလျှင် ဘယ်ကိုသွားသလဲ?။ ဘယ်ကိုမှ မသွားဘူး။ လျှာထဲ၌ဖြစ်၍ လျှာထဲ၌ ပျက်သွားသည်။ တခြားနေရာသို့ ရွှေ့သွားသည်မဟုတ်၊ နောက်တဖန် အရသာ လျှာပေါ်သို့ ရောက်ပြန်လျှင် လျက်စိတ် ဖြစ်လာပြန်၏။ လျှာပေါ်၌ အရသာရှိ ဖြစ်ပျက် ဖြစ်ပျက် ရှိနေသမျှကာလပတ်လုံး ထိုအရသာကို အာရုံပြု၍ လျက်စိတ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက် လျှာထဲ၌ရှိနေ၏။အရသာရှိ လျှာပေါ်၌မရှိလျှင် လျက်စိတ်သည်လည်း လျှာထဲ၌မရှိ၊ လျက်စိတ်သည် လျှာထဲ၌ အခါခပ်သိမ်း ရှိနေသည်ဟု မှတ်ထင်လျှင် သဿတဒိဋ္ဌိဖြစ်သည်။ (ထိုလျက်စိတ်ကို ဇိဝှါဝိညာဏ်စိတ်ဆိုသည်။)

ထိစိတ်သည်လည်း တကိုယ်လုံး၌ အခါခပ်သိမ်းရှိသည်မဟုတ်၊အထိရုပ် ထိလာမှသာလျှင် ထိသောနေရာ (ကိုယ်အစိတ်အပိုင်း)၌ ထိစိတ်ဖြစ်ပျက် ဖြစ်ပျက်နေ၍ရှိသည်။(ထိုထိစိတ်ကို ကာယဝိညာဏ်စိတ်ဆိုသည်။)

ခြေဖျား၌အထိအာရုံ ထိလျှင် ခြေဖျား၌ ထိစိတ် ဖြစ်ပျက်ဖြစ်ပျက်နေသည်။ လက်ဖျား၌ထိစိတ်မရှိ။ လက်ဖျား၌ အထိရုပ်သုံးမျိုးထိလာလျှင် လက်ဖျား၌ ထိစိတ်ဖြစ်ပျက်ဖြစ်ပျက်နေသည်၊ ခြေဖျား၌ထိစိတ်မရှိ၊နာနာ ထိလျှင် ဒုက္ခဝေဒနာနှင့် ယှဉ်သော ထိစိတ် ဖြစ်ပျက် ဖြစ်ပျက် နေသည်။ ထိစိတ်နှင့်ယှဉ်သော ဒုက္ခဝေဒနာ ဖြစ်ပျက် ဖြစ်ပျက် နေသည်။ (ထိစိတ်သည် ဝိညာဏက္ခန္ဓာ၊ ဒုက္ခဝေဒနာသည် ဝေဒနာက္ခန္ဓာ၊) နူးညံ့သာယာစွာ ထိလျှင် သုခဝေဒနာနှင့် ယှဉ်သော ထိစိတ်ဖြစ်သည်။ ထိစိတ်နှင့်ယှဉ်သော သုခဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ ထိစိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိစိတ် ကာယဝိညာဏ်စိတ်သည် တကိုယ်လုံး၌ အခါခပ်သိမ်း ရှိနေသည်ဟု မှတ်ထင်လျှင် သဿတဒိဋ္ဌိဖြစ်သည်။

နှလုံးသွေးထဲ၌ ဖြစ်ပျက် ဖြစ်ပျက်နေသော ဟဒယဝတ္ထုကိုမှီ၍ဖြစ်သော သိစိတ်ကို မနောဝိညာဏ်စိတ်ဆိုသည်။

စက္ခုဝိညာဏ်စိတ်ကို မြင်စိတ်ဆိုသည်၊ သောတ ဝိညာဏ် စိတ်ကို ကြားစိတ်ဆိုသည်၊ဃာနဝိညာဏ်စိတ်ကိုနံစိတ်ဆိုသည်၊ဇိဝှါဝိညာဏ်စိတ်ကို လျက်စိတ်ဆိုသည်၊ ကာယဝိညာဏ်စိတ်ကို ထိစိတ်ဆိုသည်။(မြင်စိတ် ကြား စိတ် နံစိတ် လျက်စိတ် ထိစိတ် သိစိတ်) ထိုစိတ်ခြောက်မျိုးတို့သည် အတူ တကွတပြိုင်နက် မဖြစ်ကြကုန်။ တခုဖြစ်၍ ပျက်ပြီးမှ တခုဖြစ်လာသည်။ မြင်စိတ်ဖြစ်သောအခါ ကြွင်းသောစိတ်ငါးမျိုးတို့ မဖြစ်ကြ မရှိကြကုန်။ ကြားစိတ်ဖြစ်သောအခါ ကြွင်းသောစိတ်ငါးမျိုးတို့ မဖြစ်ကြ မရှိကြကုန်။ လေ။သိစိတ်ဖြစ်သောအခါ ကြွင်းသောစိတ်ငါးမျိုးတို့ မရှိကြကုန်။ မဖြစ်ကြ ကုန်။ တလဲစီဖြစ်၍ တလဲစီရှိကြကုန်၏။ စိတ်ခြောက်မျိုးလုံး တပြိုင်တည်း အခါခပ်သိမ်းရှိသည်မဟုတ်၊ အခါခပ်သိမ်း ရှိနေသည်ဟု မှတ်ထင်လျှင် သဿတဒိဋ္ဌိ ဖြစ်သည်။

ထိုစိတ်ခြောက်မျိုးတို့ကို ပေါင်းစု၍ (ဝိညာဏက္ခန္ဓာ)ဝိညာဏ်အစု ဟူ၍ ဟောတော်မူသောကြောင့် စိတ်ဟူသောနာမည်တခုထည်းဖြင့်မှတ်၍ **စိတ် သည် ဖြစ်ပျက် ဖြစ်ပျက် နေသည်** ဟူ၍ သဘောပေါက်လျှင် သေသေချာချာ သဘောကျလျှင် ချိုက်ချိုက်မြိုက်မြိုက် သဘောပိုက်မိလျှင် နာမရူပ ဝဝတ္ထာနဖြစ်၍ သက္ကာယဒိဋ္ဌိ ထင်လုံးကို တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်၏၊ ပျောက်ကွာ၏။

စိတ်သည် ဖြစ်ပျက်ဖြစ်ပျက်မနေ ပကတိအတိုင်းသာလျှင် နေသည် ဟုမှတ်ထင်လျှင် နိစ္စသညာဖြစ်သည်၊ အထင်လွဲသည်။

စိတ်သည် အခဲအလုံး အဖြုံးအမှုန့်စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည်ဟု မှတ်ထင်လျှင် အတ္တသညာ ဖြစ်သည်၊ အထင်လွဲသည်၊ သက္ကာယဒိဋ္ဌိဖြစ်သည်၊ သညာဝိပ္ပလ္လာသဖြစ်သည်။

စိတ်သည် ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟု သဘောကျလျှင် သက္ကာယ ဒိဋ္ဌိမှ စင်ကြယ်စွာ လွတ်ကင်း၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်။

အဆင်းရုပ်၊အသံရုပ်၊အနံ့ရုပ်၊အရသာရုပ်၊အထိရုပ်တို့ကိုပေါင်းစု၍ **ရူပက္ခန္ဓာ** ရုပ်အစုဟူ၍ ဟောတော်မူသောကြောင့် ရုပ်ဟူသော နာမည် တခုတည်းဖြင့်မှတ်၍ ရုပ်သည် ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟူ၍ သဘော ပေါက်လျှင် နာမရူပဝဝတ္ထာနဖြစ်၍ သက္ကာယဒိဋ္ဌိထင်လုံးကို တဒင်္ဂပဟာန် အားဖြင့် ပယ်နိုင်၏၊ ပျောက်ကင်းနိုင်၏။

ရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်မနေ ပကတိအတိုင်းသာလျှင် နေသည်ဟုမှတ်ထင်လျှင် နိစ္စသညာဖြစ်သည်၊ အထင်လွဲသည်။

ရုပ်သည် အခဲအလုံး အဖြုံးအမှုန့် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး တည်နေသည်ဟုမှတ်ထင်လျှင် အတ္တသညာဖြစ်သည်၊အထင်လွဲသည်။သက္ကာယဒိဋ္ဌိဖြစ်သည်၊သညာဝိပ္ပလ္လာသဖြစ်သည်။

ရုပ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု သဘောကျလျှင် သက္ကာယဒိဋ္ဌိမှ စင်ကြယ်စွာ လွတ်ကင်း၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်။

ဖြစ်ပျက်လက္ခဏာသည် အလုံးစုံသော ရုပ်နာမ်တရားတို့၌ ရှိသောကြောင့် **သာမညလက္ခဏာမည်၏၊** ထိုဖြစ်ပျက် လက္ခဏာကို သဘောမိမိ နေရာကျ သိသောကြောင့် **နာမရူပ ပရိစ္ဆေဒဉာဏ်** ဖြစ်၏၊ **နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်လျှင် တဒင်္ဂပဟာန် အားဖြင့် သက္ကာယဒိဋ္ဌိ ကင်းလွတ်စင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်။** ထိုကြောင့် "လက္ခဏ.ရသပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ" ဟူ၍၎င်း, "နာမရူပပရိစ္ဆေဒါဒီသု ဝိပဿနာဉာဏေသု။ လ။ နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ"ဟူ၍၎င်း မိန့်ဆိုအပ်၏။

## ကင်္ခါဝိတရဏာဝိသုဒ္ဓိဓမ္မဒေသနာ

ရုပ်နာမ်ဖြစ်ခြင်း၏ အကြောင်းရင်းကို စဉ်းစားဆင်ခြင်သိမြင်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ကင်္ခါဝိတရဏာဝိသုဒ္ဓိဆိုသည်။ **ဖြစ်ချင်-ဖြစ်၊ မချင်ဖြစ်-မဖြစ်၊ ပစ္စယပရိဂ္ဂဟဉာဏ်အစစ်။**

ဖြစ်ချင်လို့ ဖြစ်သည်။ မဖြစ်ချင်လျှင် မဖြစ်ဘူး။ အဘယ့်ကြောင့် ဖြစ်ချင်သနည်း?။ ဖြစ်ပျက်ကို မမြင်လို့ ဖြစ်ချင်သည်။ ဖြစ်ချင်အားကြီး၍ စွဲလမ်းသည်။ စွဲလမ်းအားကြီး၍ ဖြစ်အောင်ပြုလုပ်သည်။ဖြစ်အောင်ပြုလုပ်၍ ဖြစ်လာသည်။ စဉ်းစားကြည့်ပါ။

**ဖြစ်ပျက်ကို မမြင်** ဆိုသည်ကား အဝိဇ္ဇာ။ **ဖြစ်ချင်** ဆိုသည်ကား တဏှာ။ **စွဲလမ်း** ဆိုသည်ကား ဥပါဒါန်။ **ဖြစ်အောင်ပြုလုပ်**ဆိုသည်ကား (ကာယ-ဝစီ-မနော) ကုသိုလ်-အကုသိုလ်ကံ။ **ဖြစ် လာ** ဆိုသည်ကား ရုပ်နာမ်တွေဖြစ်လာသည်။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကုသိုလ်,အကုသိုလ်ကံ ဤတရားတို့သည် ရုပ်နာမ်ဖြစ်ခြင်း၏ အကြောင်းတရားတို့တည်း။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံဤတရားတို့ကြောင့်ရုပ်ဖြစ်လာသည်။ နာမ်ဖြစ်လာသည်။ ရုပ်နာမ်တွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံတည်းဟူသောဖြစ်ကြောင်းတရားတွေ မရှိပါလျှင် ရုပ်နာမ်တွေမဖြစ်နိုင်။ဖြစ်ပျက်ဖြစ်ပျက်မနေ။**အဖြစ်** ပြတ်လေတော့သည်၊ **အဖြစ် ပြတ် လျှင် မဖြစ်သို့ ရောက်၏။** ထို့ကြောင့် **ဖြစ် ချင် ဖြစ်၊ မဖြစ်ချင် မဖြစ်၊ ပစ္စယပရိဂ္ဂဟဉာဏ် အစစ်** ဟူ၍ ဆိုသတည်း။

ထိုစကားကို ထင်ရှားစေဦးအံ့။ စဉ်းစား၍ရှု။ ရှေးရှေး ဘဝတို့က အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဤအကြောင်းတရားတွေ ရှိသောကြောင့် သာလျှင် ယခုပစ္စုပ္ပန်ဘဝ၌ အဆင်း, အသံ, အနံ့ အစရှိသော ရုပ်တရားတွေ၊မြင်စိတ်,ကြားစိတ် အစရှိသော နာမ်တရားတွေ၊ **ဖြစ်ပျက် ဖြစ်ပျက်** နေလေသည်၊ ရှေးရှေး ဘဝတို့က အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကုသိုလ်, အကုသိုလ်ကံ ဤတရားတွေမရှိပါလျှင် ယခုဘဝရယ်လို့ အဘယ်မှာ ရှိနိုင်မည်နည်း။ စဉ်းစားကြည့်ပါ။

အဆင်း,အသံ,အနံ့,အစရှိသော ရုပ်တရား။မြင်စိတ်,ကြားစိတ် အစရှိသောနာမ်တရား။ဤရုပ်နာမ်တရားတို့သည် ဖြစ်ကြောင်းမရှိဘဲ ဖြစ်သောတရားမျိုးမဟုတ်ချေ။ ဖြစ်ကြောင်းမရှိဘဲ ဖြစ်သောတရားဟူ၍ တစုံတခုမျှ မရှိ။ ဖြစ်ကြောင်း ရှိမှသာလျှင် ဖြစ်သော သခင်တတရားတွေ ဖြစ်ကုန်၏။ ထိုရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းကား အဘယ်နည်း။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်,ကံ ဤကား ရုပ်နာမ်ဖြစ်ကြောင်းတည်း။

ဖြစ်ပျက်မမြင်သည်ကို အဝိဇ္ဇာဆိုသည်။ ဖြစ်ချင်သည်ကို တဏှာဆိုသည်။ စွဲလမ်းသည်ကို ဥပါဒါန်ဆိုသည်။ ကောင်းမှု-မကောင်းမှု ပြုလုပ်သည်ကို ကံဆိုသည်။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ ဤတရားတို့ကြောင့် ရုပ်နာမ်ဖြစ်ပုံကို ထင်ရှားသည်ထက် ထင်ရှားအောင်ပြဦးအံ့။ စဉ်းစား၍ ရှုကြကုန်။

အဆင်းဖြစ်ပျက်၊ အသံဖြစ်ပျက်၊ အနံ့ဖြစ်ပျက်။ လ။ မြင်စိတ်ဖြစ်ပျက်၊ကြားစိတ်ဖြစ်ပျက်။လ။ ဤရုပ်နာမ်တွေ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မမြင်ခြင်းကြောင့် အခဲအလုံး အဖြုံးအမှုန့် မှတ်ထင်သည်။ အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသော သတ္တဝါ ပုဂ္ဂိုလ်ဟူ၍ မှတ်ထင်သည်။ မိန်းမဟူ၍ မှတ်ထင်သည်။ ယောကျ်ားဟူ၍ မှတ်ထင်သည်။ လူဟူ၍ မှတ်ထင်သည်။ အထင်လွဲသည်။ သညာဝိပ္ပလ္လာသ သက္ကာယဒိဋ္ဌိဖြစ်သည်။

လူထင်လို့ လူဖြစ်ချင်သည်။ မိန်းမ ထင်လို့ မိန်းမ ဖြစ်ချင် သည်။ ယောကျ်ားထင်လို့ ယောကျ်ားဖြစ်ချင်သည်။ ခင် မင် တောင့် တ သည်။ တွယ်တာ စုံမက်သည်။ တဏှာ ဖြစ်သည်။ လှလှ ကလေး ဖြစ်ချင်သည်။ ကောင်းကောင်းကလေး ဖြစ်ချင်သည်။

ဖြစ်ချင်အားကြီး၍ စွဲလမ်းခြင်း ဥပါဒါန် ဖြစ်သည်။ စွဲလမ်းခြင်း အားကြီး၍ တားဆီးလို့ မရနိုင်ဘဲ ဖြစ်အောင်ပြုလုပ်သည်။ ဖြစ်အောင် ပြုလုပ်သည်ကို **ကံ**-ဆိုသည်။

အကောင်းပြုလုပ်မိ - မကောင်းပြုလုပ်မိ အဝိဇ္ဇာက မမြင်အောင် ဖုံးဖိလို့ ထားသောကြောင့် ကောင်းမှု - မကောင်းမှုကို မသိ။ ကုသိုလ်မှန်း မသိ-အကုသိုလ်မှန်းမသိ ထင်မိထင်ရာ လုပ်မိလုပ်ရာ ပြုလုပ်သည်။

ကုသိုလ်မှန်း-အကုသိုလ်မှန်း သိသော်လည်း ဖြစ်ချင်ခြင်း တဏှာ အားကြီး၍ တားဆီးလို့မရနိုင်ဘဲ ထင်မိထင်ရာ ပြုလုပ်သည်ကို ကုသိုလ်ကံ-အကုသိုလ်ကံဟူ၍ ဆိုသည်။

ကုသိုလ်ကံကြောင့် သုဂတိဘဝမှာ ပဋိသန္ဓေဝိညာဏ် အစရှိသော ရုပ်နာမ်တရားတွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

အကုသိုလ်ကံကြောင့် ဒုဂ္ဂတိဘဝမှာ ပဋိသန္ဓေဝိညာဏ်အစရှိသော ရုပ်နာမ်တရားတွေ ဖြစ်ပျက် ဖြစ်ပျက်နေသည်။

ပဋိသန္ဓေ ဝိညာဏ် ဖြစ်ကြောင်း ကုသိုလ်ကံ - အကုသိုလ်ကံသည် အဘယ့်ကြောင့် ဖြစ်သနည်း?။ စွဲလမ်းခြင်းအားကြီး၍ တားဆီးလို့ မရသော ဥပါဒါန်ကြောင့် ဖြစ်သည်။

စွဲလမ်းခြင်း ဥပါဒါန်သည် အဘယ့်ကြောင့် ဖြစ်သနည်း?။ဖြစ်ချင်ခြင်းအားကြီးသော တဏှာကြောင့် ဖြစ်သည်။

ဖြစ်ချင်ခြင်းတဏှာသည် အဘယ့်ကြောင့်ဖြစ်သနည်း?။ လှလှပပ တင့်တယ်ဖွယ်ရာသည်ဟု မှတ်ထင်သော သုဘသညာကြောင့်၎င်း,ကောင်းသည်,သာယာသည်ဟု မှတ်ထင်သော သုခသညာကြောင့်၎င်း, အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြား လုံးလုံး ခုံးခုံးကွဲကွဲ အနုံ့နဲ့အဖုံ့ဖုံ့ ပုံသဏ္ဌာန်အမျိုးမျိုးတည်နေ၍ မြဲသည်ဟု မှတ်ထင်သော အတ္တသညာ နိစ္စသညာကြောင့်၎င်း,လိုချင်တောင့်တ စုံမက် ခင်မင် ဖြစ်ချင်ဆိုတဲ့ တဏှာဖြစ်လာသည်။

သုဘသညာ၊ သုခသညာ၊ အတ္တသညာ၊ နိစ္စသညာတို့သည် အဘယ့် ကြောင့် ဖြစ်သနည်း?။ ဖြစ်ပျက်ကို မမြင်သောကြောင့် ဖြစ်သည်။ဖြစ်ပျက် မမြင်သော အဝိဇ္ဇာကြောင့် သုဘ-သုခ-အတ္တ-နိစ္စသညာ ဖြစ်သည်။

အဘယ့်ကြောင့် ဖြစ်ပျက်ကို မမြင်သနည်း?။ စဉ်းစားခြင်း-ကြည့်ရှု ဆင်ခြင်ခြင်း မရှိသောကြောင့် **ဖြစ်ပျက်** ကို မမြင်ဘဲနေသည်။

ထိုစကားသည် ဟုတ်မှန်၏။ မှန်ကြောင်းကား မျက်စိရှိသောသူတို့ သည် အဆင်းကိုမြင်ကြ၏။ မြင်သော အဆင်းသည် **ဖြစ်ပျက် ဖြစ်ပျက်** နေပါတကား ဟူ၍ စဉ်းစားခြင်း - ကြည့်ရှု ဆင်ခြင်ခြင်း မရှိကြကုန်။ **ဖြစ်ပျက် ဖြစ်ပျက်** နေပါတကား ဟူ၍ မစဉ်းစားဘဲ ဤမိန်းမကလေး အဆင်းလှသည်။ ဤလူကလေး အဆင်းလှသည်။ ဝဝ-တုတ်တုတ်၊ ပုပု-ပြတ်ပြတ်၊ သပ်သပ်-ရပ်ရပ် ရှိလေသလား, မရှိဘူးလား ဟူ၍ သာလျှင် စဉ်းစားကြည့်ရှုကြကုန်၏။ ဤသို့ တုတ်တုတ်-ဝဝ၊ လှလှ-ပပ ရှိသလား,မရှိဘူး လားဟူ၍ စဉ်းစားလျှင် **ဖြစ်ပျက်** ကို မမြင်ဘဲ ဖြစ်ချင်လို့ လာဒါပေါ့။ ဤစကား မှန်သလား–မမှန်ဘူးလား။ ကိုယ့်စိတ်ဖြစ်ပုံကို ပင်လျှင် ဆင်ခြင် စဉ်းစား၍ ကြည့်ကြလေတော့။

နားရှိသူတို့သည် အသံကိုကြားကြ၏။ ဤအသံရပ်သည် **ဖြစ်ပျက် ဖြစ်ပျက်** နေပါတကားဟူ၍ စဉ်းစားခြင်း, ကြည့်ရှုဆင်ခြင်ခြင်း မရှိကြ ကုန်။ **ဖြစ်ပျက် ဖြစ်ပျက်** နေပါတကားဟူ၍ မစဉ်းစားဘဲ ဤမိန်းကလေး အသံကောင်းသည်။ဤလူကလေးအသံသာသည်ဟူ၍ စဉ်းစားဆင်ခြင်လျှင် **ဖြစ်ပျက်** ကို မမြင့်ဘဲ ဖြစ်ချင်လို့လာမည်ကား မုချမလွဲတည်း။

နှာခေါင်းဖြင့် နံလာသောအနံ့ရုပ်၊ လျှာဖြင့်သိသော စပ်,ငန်,ခါး, ချဉ်,ချို,ဆိမ့်,ဖန်,အရသာရုပ်၊ ကိုယ်ဖြင့်ထိသော အထိရုပ်တို့၌လည်း ထို နည်းအတူပင် ဆင်ခြင်စဉ်းစားပုံကို သိနိုင်၏။

ဤသို့လျှင် **ဖြစ်ပျက် ဖြစ်ပျက်** နေပါတကားဟူ၍ စဉ်းစားခြင်း, ကြည့်ရှုဆင်ခြင်ခြင်း မရှိသောကြောင့် **ဖြစ်ပျက်** ကို မမြင်ဘဲ နေသည်။ ဖြစ်ပျက်ကို မမြင်၍ လုံးလုံးခဲခဲ တုတ်တုတ်ဝဝ လှပတင့်တယ်သည်ဟု မှတ် ထင်သည်, လှပတင့်တယ်သည်ဟု မှတ်ထင်၍ ဖြစ်ချင်သည်။ ဖြစ်ချင်အားကြီး ၍ စွဲလမ်းသည်။ စွဲလမ်းအားကြီး၍ ဖြစ်အောင်ပြုလုပ်သည်။ ဖြစ်အောင် ပြုလုပ်သော ကံကြောင့် ယခုဘဝ၌ ရုပ်နာမ်တွေ **ဖြစ်ပျက် ဖြစ်ပျက်** နေသလို ရှေးရှေးကာလ ဘဝများစွာ သံသရာကလည်း ဖြစ်ပျက် မမြင် သော အဝိဇ္ဇာ, ဖြစ်ချင်သော တဏှာ, စွဲလန်းသော ဥပါဒါန် ဖြစ်အောင် ပြုလုပ်သော ကုသိုလ်-အကုသိုလ်ကံတို့ကြောင့် **ဖြစ်ပျက် ဖြစ်ပျက်** နေဘူး လှလေပြီ။ နောက်အနာဂတ်ဘဝ၌လည်း **ဖြစ်ပျက်** ကို မမြင်သမျှ ကာလ ပတ်လုံး ဖြစ်ချင်သော တဏှာ, စွဲလမ်းသော ဥပါဒါန် ဖြစ်အောင် ပြုလုပ် သော ကုသိုလ် - အကုသိုလ်ကံ တို့ကြောင့် ရုပ် နာမ် **ဖြစ်ပျက် ဖြစ်ပျက်** နေလတ္တံ့ဟူ၍ သိမြင်လေသည်။

ဖြစ်ကြောင်းရှိလို့ သာလျှင် **ဖြစ်ပျက် ဖြစ်ပျက်** နေသည်။ ဖြစ် ကြောင်းမရှိလျှင် **ဖြစ်ပျက် ဖြစ်ပျက်** မနေဘဲ အဖြစ် ပြတ်သွား သဖြင့် **မဖြစ်** သို့ ရောက်လေတော့သည်။

ဤသို့ ရုပ်နာမ်၏ ဖြစ်ကြောင်း **ဖြစ်ပျက် ဖြစ်ပျက်** နေခြင်း၏ အကြောင်းကို သိသော အကြောင်းသိ ဉာဏ်ကို"ပစ္စယပရိဂ္ဂဟဉာဏ်"ဟူ၍ ဆိုသည်။

ဖြစ်ကြောင်းရှိလို့သာလျှင် **ဖြစ်ပျက် ဖြစ်ပျက်** နေသော ရုပ်နာမ် တရားတွေကို **ငါ** ဟူ၍ ဆိုမည်လား?။ **ဖြစ်ပျက် ဖြစ်ပျက်** နေသော ရုပ်နာမ်တရားတွေကို **ငါ** ဟူ၍လည်း မဆိုနိုင်။ အလုံးအခဲ ဟူ၍လည်း မဆို နိုင်။ တုတ်တုတ်ဝဝ လှပတင့်တယ်သည်ဟူ၍လည်း မဆိုနိုင်။ **ဖြစ်ပျက်တွေ** ဟူ၍သာလျှင် ဆိုနိုင်သည်။

**ဖြစ်ပျက်ဘွေ - ဖြစ်ပျက်တွေ** ဟူ၍၎င်း၊ **ဖြစ်ပျက် ဖြစ်ပျက်** နေသော ရုပ်နာမ်တွေဟူ၍၎င်း၊ ရှေးဘဝ-နောက်ဘဝ၊ ရှေးအကြောင်း-နောက်အကျိုး၊ အကြောင်းအကျိုးဆက်၍ **ဖြစ်ပျက် ဖြစ်ပျက်** နေသည် ဟူ၍၎င်း၊ **တစ်တစ် ခွခွ ထိထိ ရောက်ရောက် သဘောပေါက်သော သူသည်** "ရှေးဘဝက ငါ ဖြစ်ဘူးလေသလော၊ မဖြစ်ဘူးလေသလော" ဟု တွေးတောရောင်ဝါး ယုံမှားမရှိ ဖြစ်ကြောင်းရှိ၍ **ဖြစ်ပျက် ဖြစ်ပျက်** နေဘူးလှလေပြီ ဟူ၍သိ၏။

ယခု ပစ္စုပ္ပန် ဘဝ၌လည်း ငါသည် အဘယ်သို့ဖြစ်သနည်း?။ **ငါ** ဟုတ်လေသလော၊ မဟုတ်လောဟု တွေးတောရောင်ဝါး ယုံမှားမရှိ၊ ရှေး အကြောင်းကြောင့်ဖြစ်၍နေသော **ဖြစ်ပျက်တွေ** ဟူ၍သိ၏။ဖြစ်ပျက်တွေ **ငါ** မဟုတ်ဟူ၍ သိ၏။ နောက်ဘဝ၌လည်း **ငါ** သည်"ဖြစ်ရဦးမည်လော၊ မဖြစ်ဘဲ ပျောက်ပျက်၍ သွားမည်လော"ဟု တွေးတော ရောင်ဝါး ယုံမှား မရှိ၊ ဖြစ်ကြောင်း ရှိလျှင် **ဖြစ်ပျက် ဖြစ်ပျက်** နေလတ္တံ့ဟူ၍ သိ၏။ ဖြစ်ကြောင်းမရှိလျှင် **ဖြစ်ပျက် ဖြစ်ပျက်** မနေဘဲ အဖြစ် ပြတ်စဲ၍ မဖြစ်သို့ ရောက်လတ္တံ့ဟူ၍သိ၏။ ဤသို့ တွေးတော ရောင်ဝါး ယုံမှားပျောက်ကင်း၍ သန့်ရှင်းစင်ကြယ်သော ဉာဏ်အမြင်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ** ဆိုသည်။

# အရပ်ရပ်မှ အမေးများကို ဖြေဆိုခန်း

## ဦးစံထွန်းအောင် မေးလျှောက်ချက်

ဘုရားတပည့်တော် သံလျင်မြို့ ဘောလုံးကွင်းနေ၊ ဒါယကာ-သမာဓိ မြို့ဝန်မင်း မြူနီစီပါယ်လူကြီး ရွှေနေ - ဦးစံထွန်းအောင် ရိုသေစွာ ရှိခိုး လျှောက်ထားပါသည်။ ရန်ကုန်မြို့-သရက်တောကျောင်းတိုက် မြို့မိကျောင်း ဆရာတော်-ဦးဇေယျသေန အရှင်မြတ်ဘုရား။

အကြောင်းမှာ၊ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည် ဝိပဿနာ၏ အထွဋ်အထိပ်သို့ ရောက်၍ ရှေးဦးစွာ ဖြစ်ပေါ်လာသော မဂ္ဂဝီထိ၌ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန် ကို သေချာစွာ သိလိုပါသည်ဖြစ်၍ ပါဠိ အဋ္ဌကထာနှင့်အညီ အာဂုမ်ယုတ္တိ နှင့်တကွ ဖြေဆိုတော်မူပါမည့်အကြောင်း ရိုသေလေးမြတ်စွာ လျှောက် ထားလိုက်ပါသည် အရှင်မြတ်ဘုရား။

ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းမှ သာသနာရေးအတွက် ထုတ် သော ဓမ္မဒေသနာ တရားစာတွင် ဖြေဆိုတော်မူပါဘုရား။

## ၎င်းအမေးကို ဖြေဆိုတော်မူခြင်း

ကိုယ့် ကိုယ် မှာ **ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက် အစဉ်** ကို အဆုံးမြင်အောင်ရှု၊ **ဖြစ်ပျက်** ၏အဆုံး၌ရှိသော **မဖြစ်-နိဗ္ဗာန်** ကို ဂေါတြဘူဉာဏ်ဖြင့် မြင်လတ္တံ့၊ ကိုယ့်ကိုယ်မှာ ရှိသော **ဖြစ်ပျက်** ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဤအနုလုံတွင် ဖြစ်ပျက် ဆုံးသည်၊ ဤ ကိုယ့်ကိုယ်မှာ ရှိသော **ဖြစ်ပျက် အဆုံး မဖြစ် နိဗ္ဗာန်** ကိုအာရုံပြု၍ ဂေါတြဘူဉာဏ်-မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဖြစ်လတ္တံ့။ ဤကား- သမာဓိမြို့ဝန်မင်းအား အကျဉ်းချုပ်ဖြေဆိုလိုက်သည်။

အတ္ထိ ဘိက္ခဝေ အဇာတံ။ လ။ တသ္မာ ဇာတဿ။ လ။
နိဿရဏံ ပညာယတိ။ ။ဥဒါန်းပါဠိတော်-၁၀၂။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်တရားသည်။ အတ္ထိ၊ ရှိ၏။ လ။ တသ္မာ၊ ထိုသို့ မဖြစ်တရား ရှိသောကြောင့်။ ဇာတဿ၊ ဖြစ်တရား၏။

နိဿရဏံ၊ လွတ်ကင်းရာ မဖြစ်တရားသည်။ ပညာယတိ၊ ထင်၏။ ဖြစ်တရား၏လွတ်ကင်းရာ မဖြစ်တရားကို နိဗ္ဗာန်ဆိုသည်။

ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်-၁၃။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဥပ္ပါဒေါ၊ ဖြစ်တရားတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊ မဖြစ်တရားတည်း။

ပါရံ ဝုစ္စတိ အမတံ နိဗ္ဗာနံ။ ။ပေယျာလ။

သောပါရံဂတော၊ ပါရပတ္တော၊ သန္တဂတော၊ အန္တပတ္တော၊ ကောဋိဂတော၊ ကောဋိပတ္တော၊ပရိယန္တဂတော၊ ပရိယန္တပတ္တော။ လ။ အစ္စုတဂတော၊ အစ္စုတပတ္တော၊ အမတဂတော၊ အမတပတ္တော၊ နိဗ္ဗာနဂတော၊ နိဗ္ဗာနပတ္တော။

ခန္ဓပရိယန္တေ ဌိတော၊ ဓာတုပရိယန္တေ ဌိတော။ လ။ သံသာရပရိယန္တေ ဌိတော။ ။မဟာနိဒ္ဒေသပါဠိတော်။

အမတံ၊ သေခြင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပါရံ၊ တဘက်ကမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ လ။

သော၊ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပါရံ၊နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့။ ဂတော၊ ရောက်တော်မူ၏။ ပါရပတ္တော၊ နိဗ္ဗာန်သို့ ရောက်တော်မူ၏။ အန္တဂတော။ လ။ ပရိယန္တဂတော၊ သံသရာအဆုံးသို့ရောက်တော်မူ၏။ အစ္စုတဂတော။လ။ အမတပတ္တော၊ မသေရာအရပ်သို့ ရောက်တော်မူ၏။ နိဗ္ဗာနဂတော၊ နိဗ္ဗာနပတ္တော၊ နိဗ္ဗာန်သို့ ရောက်တော်မူ၏။

သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ခန္ဓပရိယန္တေ၊ ခန္ဓာ၏အဆုံး ဖြစ်သော နိဗ္ဗာန်၌။ ဌိတော၊ တည်တော်မူ၏။လ။သံသာရပရိယန္တေ၊ ဖြစ်ပျက်အစဉ်၏အဆုံး၌။ ဝါ၊ ဖြစ်ပျက်၏အဆုံး၌ရှိသော နိဗ္ဗာန်၌။ဌိတော၊ တည်တော်မူ၏။ (နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံး၌ ရှိသည်ဟူလို။)

သင်္ခါရ သီသဉ္စနိရောဓော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

နိရောဓော၊ မဖြစ်နိဗ္ဗာန်သည်ကား။ သင်္ခါရသီသံ၊ ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် တလစပ် ဖြစ်ပျက်၍နေသော ဖြစ်ပျက် အစဉ် သင်္ခါရတို့၏ ဦးခေါင်းတည်း။ (နိဗ္ဗာန်သည် ဖြစ်ပျက်အစဉ်၏ဦးခေါင်းဟူလို။)

ခယနိရောဓော၊ အစ္စန္တနိရောဓော။ ။သတ္တဂ္ဂိတ္တရအဋ္ဌကထာ-၁၆၆။

ရုပ်နာမ်တို့၏ အင်္ဂါကို ခယ နိရောဓ ဆိုသည်။ နိဗ္ဗာန်ကို **အစ္စန္တ နိရောဓ** ဆိုသည်။ ။သတ္တဂ္ဂိတ္တရ အဋ္ဌကထာအလို။

အနုပါဒါ ပရိနိဗ္ဗာနန္တိအပ္ပစ္စယ ပရိနိဗ္ဗာနံ၊ ပစ္စယဝ
သေန အနုပ္ပန္နံ၊အသင်္ခတံ အမတဓာတုမေဝအနုပါဒါ ပရိ
နိဗ္ဗာနန္တိ ကထေန္တိ၊ အယံအန္တော၊ အယံကောဋိ။

မူလပဏ္ဏာသ အဋ္ဌကထာ ရထဝိနိတသုတ်အဖွင့်။

အနုပါဒါပရိနိဗ္ဗာန် ဆိုသည်ကား၊အကြောင်း၏အစွမ်းဖြင့် **မဖြစ်** သော အသင်္ခတအမတဓာတ်ကိုသာလျှင် အနုပါဒါပရိနိဗ္ဗာန်ဟူ၍ ဆိုကြ ကုန်၏၊ဤနိဗ္ဗာန်သည် အဆုံးတည်း။ဤနိဗ္ဗာန်သည် အစွန်ဆုံးတည်း။နိဗ္ဗာန် သည် ဖြစ်ပျက်၏ အဆုံးစွန်တည်း။ ။ပဏ္ဏာသအဋ္ဌကထာ အလို။

ဤပါဠိ အဋ္ဌကထာ အာဂုမ်ယုတ္တိတို့ဖြင့် ဖြစ်ပျက်၏အဆုံး၌ရှိသော **မဖြစ်** နိဗ္ဗာန်သည် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံ ဖြစ်သော နိဗ္ဗာန်ပေတည်း။

ထို **မဖြစ်** နိဗ္ဗာန်ကိုမြင်လိုလျှင် ကိုယ့်ကိုယ်မှာ **ဖြစ်ပျက်** ကို မြင် အောင်ရှု၊ ကိုယ့်ကိုယ်မှာ **ဖြစ်ပျက် ဖြစ်ပျက်** နေသော အဆင်း,အသံ, အနံ့,အရသာ၊ကြမ်း ချော ခု ခံ ထိ၊ တောင့် တင်း တွန်း တိုး ထိ၊ ပူအေးနွေး လောထိ အစရှိသော ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ကို အဆုံးမြင်အောင် ရှုနိုင်လျှင် ဖြစ်ပျက်၏အဆုံး၌ရှိသော **မဖြစ်** နိဗ္ဗာန်ကို မြင်ပေလိမ့်မည်။ **မဖြစ်**-နိဗ္ဗာန်သည် ကိုယ့်ကိုယ်၌ရှိကြောင်း။

ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သ
မနကေ၊ လောကဥ္စပညာပေမိ၊ လောကသမုဒယဉ္စ၊ လော
ကနိရောဓဉ္စ၊ လောကနိရောဓ ဂါမိနိဥ္စပဋိပဒံ။

ဇာတကဂ္ဂတ္တရပါဠိတော်-၃၅၇။

စိတ်-သညာရှိသော တလံမျှသော ဤကိုယ်၌ပင်လျှင် ဖြစ်ပျက်ကို ၎င်း,ဖြစ်ခြင်း၏အကြောင်းကို၎င်း,မဖြစ်နိဗ္ဗာန်ကို၎င်း,မဖြစ်နိဗ္ဗာန်သို့ရောက် ကြောင်းအကျင့်ကို၎င်း ငါဘုရားဟောကြားသိစေတော်မူ၏။

**ဖြစ် မဖြစ် ပရမတ်အစစ်။** ။ဆောင်ပုဒ်လင်္ကာ။

(၁) **ဖြစ်** သဘော။ (၂) **မဖြစ်** သဘော-ဟူ၍ အဟုတ်အမှန် ရှိသောပရမတ်သဘောသည်ကား နှစ်မျိုးသာလျှင်ရှိသည်။ ထိုနှစ်မျိုးသော ပရမတ်သဘောတို့တွင်....

(၁) **ဖြစ်** သဘောသည် တည်ရာမှီရာ ရှိမှ သာလျှင် ဖြစ်သည်။ တည်ရာမှီရာ မရှိဘဲဖြစ်သည်မဟုတ်။ ရုပ်တရားသည် နာမ်တရား၌ တည်၍ မှီ၍ ဖြစ်သည်။ နာမ်တရားသည် ရုပ်တရား၌တည်၍ မှီ၍ဖြစ်သည်။

ရုပ်တရားသည် အချင်းချင်း တပါးကို တပါးမှီ၍ ဖြစ်သည်။ နာမ် တရားသည်လည်း အချင်းချင်း တပါးကိုတပါး မှီ၍ဖြစ်သည်။(သဟဇာတ နိဿယ၊ ပုရေဇာတ နိဿယ၊ ပစ္ဆာဇာတ နိဿယ) အတူတကွ မရှေး မနှောင်း တပြိုင်တည်း ဖြစ်၍မှီခြင်း,ရှေးဖြစ်၍မှီခြင်း,နောက်မှဖြစ်၍မှီခြင်း ဤသို့ စသည်ဖြင့် ရုပ် နာမ် တရားတည်းဟူသော **ဖြစ်** သဘောတို့သည် အချင်းချင်းမှီ၍ဖြစ်ကြကုန်၏။ မှီရာတည်ရာမရှိဘဲ ဖြစ်ကြသည်မဟုတ်ကုန်။

(၂) **မဖြစ်** သဘောသည်ကား မဖြစ်အေး-အေးခြင်း,မဖြစ်ငြိမ်း- ငြိမ်းခြင်း (သန္တိ) လက္ခဏာရှိသော နိဗ္ဗာန်ပင်ဖြစ်သည်၊ တည်ရာ မှီရာ ရှိသည်မဟုတ်။

အဘယ့်ကြောင့် တည်ရာ မှီရာ မရှိသနည်း?။

**မဖြစ်** သဘောမို့လို့ တည်ရာမှီရာမရှိ၊ ထိုစကားသည်မှန်၏။ **မဖြစ်** သဘောသည် ဘယ်နေရာ၌တည်၍ နေသည်ဟု မဆိုနိုင်။ **မဖြစ်** သဘော ၏တည်ရာဌာနကို ညွှန်ပြခြင်းငှါ မတတ်နိုင်။ ညွှန်ပြစရာမရှိ။ ကောင်းကင် ၏တည်ရာဌာနကို ညွှန်ပြခြင်းငှါ မတတ်နိုင် သကဲ့သို့တည်း။ ကောင်းကင် သည် အဘယ်၌တည်သနည်းဟု မေးသည်ရှိသော် ကောင်းကင်၏တည်နေ ရာကို မညွှန်ပြနိုင်။ ညွှန်ပြလိုလျှင် ကောင်းကင်ကို လက်ညှိုးထိုး၍ ဟော= ဟိုကောင်းကင်၌ တည်နေသည်ဟူ၍ ညွှန်ပြရပေလိမ့်မည်။ ဤသို့ ညွှန်ပြ လျှင်"ကောင်းကင်သည် ကောင်းကင်၌ တည်နေပါတကား"ဟူ၍ ဆိုရ လိမ့်မည်။ ဤသို့ဆိုရလျှင် တည်နေရာ ကောင်းကင်တခု, တည်တတ်သော

ကောင်းကင်တခုဟူ၍ ကောင်းကင်နှစ်ခုထပ်၍နေမည်လား စဉ်းစားကြည့်။ ကောင်းကင်ကြီး၏ တည်ရာမှီရာကို ညွှန်ပြစရာမရှိသကဲ့သို့ **မဖြစ်** သဘော၏ တည်ရာမှီရာကို ညွှန်ပြစရာမရှိ။ ထို့ကြောင့်....

"အတ္ထိ ဘိက္ခဝေ တဒါယတနံ။ လ။ အပတိဋ္ဌံ အပဝတ္တံ
အနာရမ္မဏမေဝ တံ ဧသေဝန္တော ဒုက္ခဿ"

ဥဒါန်း **ပါဠိတော်။**

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထို-ဂေါတြဘူဉာဏ်,မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံ အကြောင်း ဖြစ်သော မဖြစ်သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမဖြစ်သဘောသည်။ အပတိဋ္ဌံဝေ၊ တည်ရာမှီရာမရှိသည်သာ လျှင်တည်း။ အပဝတ္တံဝေ၊ ဖြစ်ခြင်းမရှိသည်သာလျှင်တည်း။ အနာရမ္မဏ မေဝ၊ တစုံတခုသော အာရုံကို အာရုံပြုခြင်း မရှိသည်သာလျှင်တည်း။ ဧသောဝေ၊ ဤမဖြစ်သဘောသည်သာလျှင်။ ဒုက္ခဿ၊ဖြစ်ပျက်၏။အန္တော၊ အဆုံးတည်း။

ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံ အကြောင်းဖြစ်သော မဖြစ်သဘောသည် တည်ရာမှီရာမရှိ။ ဖြစ်ခြင်းလည်းမရှိ။ အာရုံကို အာရုံပြုခြင်းလည်းမရှိ။ **ထို မဖြစ် သဘောသည် ဖြစ်ပျက်၏ အဆုံး တည်း။** ဖြစ်ပျက်ခြင်း၏ အဆုံး၌ရှိသော မဖြစ်သဘောသည် တည်ရာမှီရာ မရှိ၊ ဖြစ်ခြင်းလည်းမရှိ။

အဘယ့်ကြောင့် တည်ရာမှီရာမရှိသနည်း?။ ဖြစ်ခြင်းမရှိလို့ တည်ရာ မှီရာမရှိ။

အဘယ့်ကြောင့်ဖြစ်ခြင်းမရှိသနည်း?။ တည်ရာမှီရာမရှိလို့ ဖြစ်ခြင်း မရှိ။တည်ရာမှီရာရှိလျှင် ဖြစ်ခြင်းရှိမြဲ။ဖြစ်ခြင်းရှိလျှင် တည်ရာမှီရာရှိမြဲ။ ထို ဖြစ်ခြင်းရှိသော တည်ရာမှီရာသည် ပျက်မြဲ။ မပျက်ဘဲ တည်ရာမှီရာ ရှိသော ဖြစ်ခြင်းဟူ၍ တစုံတခုမရှိ။ ဖြစ်လျှင်ပျက်မြဲ-မလွဲဘာသာ ဓမ္မတာ။

**မဖြစ်** သဘောမှာ တည်ရာမှီရာမရှိ၍ ဖြစ်စရာမရှိ။ ဖြစ်စရာမရှိ၍ ပျက်စရာမရှိ။အဘယ့်ကြောင့် ပျက်စရာမရှိသနည်း?။ **မဖြစ်** လို့ ပျက်စရာ မရှိ။ ဖြစ်လျှင် ပျက်မှာပေါ့။ မပျက်ဘဲ တည်နေမြဲမဟုတ်။ ဖြစ်လျှင်ပျက်မြဲ

မရှောင်လွှဲနိုင်။ ဖြစ်-မဖြစ်ကို သဘောပိုင်အောင်ကြံ။ ဤနှစ်မျိုးသာလျှင် အမှန်ရှိသည်။

ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အကြောင်း ဖြစ်သော မဖြစ်သဘောကို မြင်လိုလျှင် **ဖြစ်ပျက်** ကို မြင်အောင်ကြည့်။ **ဖြစ်ပျက်** ကို ကြည့်ရှု၍ ကောင်းစွာထင်ထင် သိမြင်သောအခါ **မဖြစ်** သဘောကို အလိုလိုမြင်၍လာ၏။ **ဖြစ်ပျက်** ကို မမြင်ဘဲနှင့် **မဖြစ်** သဘောကို မြင်ရိုးထုံးမရှိ။ ရှေးဦးစွာ ဖြစ်ပျက်ကို မကြည့်ရှုဘဲ **မဖြစ်** သဘောသက်သက်ကို ဘယ်လိုပင် ကြည့်ရှုသော်လည်း မြင်ဒါမျိုး မဟုတ်ဘူး၊ **မဖြစ်** သဘောကို မြင်အောင်ကြည့်မည်ဟူ၍ သဘော မထားသော်လည်း **ဖြစ်ပျက်** ကို ကြည့်ရှု၍ ကောင်းစွာ ထင်မြင်သည် ရှိသော် **မဖြစ်** သဘောကို အလိုလို မြင်၍ လာဒါမျိုး။

ဤသို့ ပြောဟောသော အခါ ဒါယကာကြီး တယောက်သည် ဦးခေါင်းကိုငုံ့၍ အထူးစဉ်းစားသော အမူအရာဖြင့် တရားနာ၍ နေရာမှ ဦးခေါင်းကို မော့ကာကြည့်ပြီးလျှင် မေးလျှောက်၏။

## ဒါယကာကြီး မေးလျှောက်ပုံကား

"ဘယ့်နှယ်လဲ ကိုယ်တော် ကိုယ်တော်ဟောတဲ့ တရားက ခုတ်ရာတပါး ရှရာတခြား နေပါကလား"။

"ဘယ့်နှယ် ခုတ်ရာတပါး-ရှရာတခြား နေသလဲ ဒကာကြီးရဲ့?"

"ကိုယ်တော်ဟောတဲ့ တရားမှာ ကြည့်ရှုဒါက **ဖြစ်ပျက်** ကို ကြည့်ရှုတယ်။ **မဖြစ်** သဘောကို ကြည့်ရှုဒါမဟုတ်ဘူး၊ **ဖြစ်ပျက်** ကို ကြည့်ရှုလျှင် **ဖြစ်ပျက်** ကိုသာလျှင် မြင်ဘို့ရှိတယ်။ **မဖြစ်** သဘောကို မြင်ဘို့မရှိဘူး။ သို့ ဖြစ်ပါလျက် **ဖြစ်ပျက်** ကို ကြည့်ရှုဒါနှင့် **မဖြစ်** သဘောကို အလိုလိုမြင်တယ်လို့ဆိုတော့ ခုတ်ရာတပါး-ရှရာတခြား နေဒါပေါ့ ကိုယ်တော်ရဲ့" ဤသို့ မေးလျှောက်သောအခါ ...

## ဖြေကြား ပြောဟောပုံကား

အင်း-ခုတ်ရာတပါး ရှရာတခြားနေသကဲ့သို့ ထင်စရာရှိသော်လည်း ခုတ်ရာနှင့်ရှရာ တဆက်ထည်း ဆက်စပ်၍ နေသည်။ တခြားစီကွဲကွာ၍ နေသည်မဟုတ်။ ဥပမာ သစ်မြစ်ကို ခုတ်သည်ရှိသော် သစ်မြစ်နှင့် တဆက်ထည်း ဆက်စပ်နေသော သစ်ပင်လုံးတို့ သစ်ကိုင်းသစ်ခက်တို့သည် အလိုလို သေ၍သွားသကဲ့သို့ **ဖြစ်ပျက်** ကို ကြည့်ရှုသည်ရှိသော် **ဖြစ်ပျက်** ၏အဆုံး၌ ဆက်စပ်၍ နေသော **မဖြစ်** သဘောကို အလိုလို မြင်၍ လာဒါပေါ့။ **ဖြစ်** သဘောနှင့် **မဖြစ်** သဘောသည် အခါခပ်သိမ်း စပ်ယှက်ရောနှော၍ နေ၏။ ဘယ်အခါမှ ကွဲကွာခြင်းမရှိ။ **ဖြစ်** သဘောရှိရာမှာ **မဖြစ်** သဘော ရှိသည်။ **မဖြစ်** သဘောရှိရာမှာလည်း **ဖြစ်** သဘောရှိသည်။

ဥပမာ။ ။ကောင်းကင်သည် အလုံးစုံသော အရာဝတ္ထုနှင့် စပ်ယှက်ရောနှော၍နေသည်။ကောင်းကင်နှင့် မစပ်ယှက် မရောနှောဘဲ ကွဲကွာ၍နေသော အရာဝတ္ထု-တစုံတခုမျှ မရှိ၊ ထိုဥပမာ အတူသာလျှင် **မဖြစ်** သဘောတည်းဟူသော နိဗ္ဗာန်သည်လည်း အလုံးစုံသော **ဖြစ်** သဘောနှင့် ရောနှောစပ်ယှက်၍နေသည်။ **မဖြစ်** သဘောနှင့် မရောနှော မစပ်ယှက်ဘဲ ကွဲကွာ၍နေသော **ဖြစ်** သဘောသည် တစုံတခုမျှမရှိ။ ထို **ဖြစ်** သဘော၏ ဖြစ်ပုံပျက်ပုံကို ကောင်းစွာသဘောပေါက်၍ မြင်ပါလျှင် **မဖြစ်** သဘော နိဗ္ဗာန်ကိုလည်း အလိုလိုမြင်၍လာ၏။ ထို **မဖြစ်** နိဗ္ဗာန်ကို မြင်ရသောသူတို့သည် အလုံးစုံသော ဖြစ်ပျက်မှ လွတ်ကင်း၍ ဆင်းရဲဒုက္ခ ဟူသမျှ မရှိသောကြောင့် ထို **မဖြစ်** နိဗ္ဗာန်ကို ဒုက္ခ၏အဆုံးဟူ၍ ဆို၏။ ထို့ကြောင့်....

တဒမိဂမေဟိ သဗ္ဗ ဒုက္ခာဘာဝတော ဒုက္ခဿ အန္တောတိ
အယမေဝ တဿ သဘာဝေါတိ ဒဿေတိ။

ဥဒါနအဋ္ဌကထာ။

တဒမိဂမေဟိ၊ ထိုမဖြစ်နိဗ္ဗာန်ကို မြင်ရသောသူတို့သည်။သဗ္ဗဒုက္ခာဘာဝတော၊ အလုံးစုံသော ဖြစ်ပျက်ဒုက္ခ မရှိလေသောကြောင့်။ ဒုက္ခဿ၊ ဖြစ်ပျက်ဒုက္ခ၏။ အန္တော၊ အဆုံးတည်း။ ဣတိအယမေဝ၊ ဤဖြစ်ပျက်ဒုက္ခ

ဆုံးခြင်းသည်ပင်လျှင်။ တဿ၊ ထိုမဖြစ်နိဗ္ဗာန်၏။ သဘာဝေ၊ သဘော တည်း။ ဣတိ၊ ဤသို့။ ဒဿောတိ၊ (ဝေယေဝနန္တော ဒုက္ခဿ ဟူသော) ပါဠိ တော်ဖြင့် ဟောပြတော်မူ၏။

**ဖြစ်** သဘော ရုပ်နာမ်ခန္ဓာနှင့် **မဖြစ်** သဘောနိဗ္ဗာန်သည် ဘယ် အခါမှ ကွဲကွာခြင်းမရှိဘဲ အခါခပ်သိမ်း ရောနှောစပ်ယှက်၍ နေသည်ဟု ပြောဟောသော စကားသည် ဘုရားဟော ပါဠိတော်နှင့် ညီပါပေ၏လော ဟု မေးလိုသောသူတို့သည် အောက်ပါ ပါဠိတော်ကြီးကို စဉ်းစားဆင်ခြင် ၍ ကြည့်ရှုကြကုန်။ ကြံစည်ကြကုန်။ သဘောပေါက်ကြစေကုန်။

"ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သ သညိမှိ
သ မနကေ၊ လောကဉ္စပညာပေမိ၊ လောကသမုဒယဉ္စ
လောကနိရောဓဉ္စ၊ လောကနိရောဓဂါမိနိဥ္စပဋိပဒံ"

စတုကင်္ဂုတ္တရပါဠိတော်-၃၅၇။

သ မနကေ၊စိတ်ဝိညာဏ်ရှိသော။ သ သညိမှိ၊အမှတ်သညာရှိသော။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ ဣမသ္မိံယေဝကဠေဝရေ၊ ဤကိုယ် ကောင်၌သာလျှင်။လောကဉ္စ၊ဖြစ်ပျက်ကိုရင်း။လောကသမုဒယဉ္စ၊ဖြစ်ခြင်း ၏ အကြောင်းကိုရင်း။ လောကနိရောဓဉ္စ၊ မဖြစ်နိဗ္ဗာန်ကိုရင်း။ လောက နိရောဓဂါမိနိဥ္စပဋိပဒံ၊ မဖြစ်နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုရင်း။ ပညာပေမိ၊ ငါဘုရားဟောကြားသိစေတော်မူ၏။

"သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ"

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-ဝဇိရာဘိက္ခုနီ သံယုတ်-၉၄။

အယံ၊ ဤကိုယ်ကောင်ဟု ခေါ်ဆိုသော အစုအပုံကြီးသည်။ သုဒ္ဓ သင်္ခါရပုဉ္ဇော၊ ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် ဆက်စပ်စီစဉ်၍ နေသော ဖြစ်ပျက် အစုအပုံကြီးပေတည်း။

ကိုယ်ကောင်ကြီးဟု ခေါ်ဆိုသော ဖြစ်ပျက် တစုအပုံကြီး၌ **မဖြစ်** နိဗ္ဗာန်ရှိကြောင်းကို ဟောတော်မူသောကြောင့် **ဖြစ်** သဘော ရုပ်နာမ် ခန္ဓာနှင့် **မဖြစ်** နိဗ္ဗာန်သည် ဘယ်အခါမှ ကွဲကွာခြင်းမရှိ။ အခါခပ်သိမ်း ရောနှောစပ်ယှက်၍နေသည်ကို သိနိုင်လောက်၏ **မဖြစ်** နိဗ္ဗာန်သို့ ရောက် ကြောင်းအကျင့်ကိုလည်း ဤကိုယ်ကောင်ကြီး၌ ဟောတော်မူ၏။

ထိုအကျင့်ကားအဘယ်နည်း?။ဖြစ်ပျက်ကိုထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းသည် **မဖြစ်** နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ပေတည်း။

အဘယ်၌ ကြည့်ရှု ရမည်နည်း?။ ဤ ကိုယ်ကောင် ကြီး၌ ရှိသော ဖြစ်ပျက်ကို မြင်အောင်ကြည့်ရှုရမည်။ ဤကိုယ်ကောင်ကြီး၌ **ဖြစ်ပျက်** ကို ကြည့်ရှု၍မြင်လျှင် ဤကိုယ်ကောင်ကြီး၌ရှိသော **မဖြစ်** နိဗ္ဗာန်ကို အလိုလို မြင်၍လာ၏။ **ဖြစ်ပျက်** ကို ထင်မြင်အောင် ဆင်ခြင် ကြည့်ရှု ခြင်းသည် **မဖြစ်** နိဗ္ဗာန်ကိုမြင်ရ၍ **မဖြစ်** နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်း လမ်းမှန် ဖြစ်သည်။ ပုဗ္ဗဘာဂမဂ္ဂသစ္စာဖြစ်သည်။

မူလပဏ္ဏာသ-မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ-၂၁၀။

ဤကိုယ်ကောင်ကြီး၌ အဆင်းဖြစ်ပျက် အသံဖြစ်ပျက်။ပေယျာလ။ စိတ်ဖြစ်ပျက်၊ ဖြစ်ပျက်-ဖြစ်ပျက် မွှမွှကြဲအောင်ပျက် တပျက်ထဲ ပျက်၍နေသော **ဖြစ်ပျက်** ကို ကြည့်ရှုကြလေကုန်။ကိုယ့်ကိုယ်၌ရှိသော **ဖြစ်ပျက်**ကို ကြည့်ရှု၍ မြင်လာလျှင် ကိုယ့်ကိုယ်၌ရှိသော **မဖြစ်** နိဗ္ဗာန်ကို ဝေါဒြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အလိုလိုမြင်၍ လာလတ္တံ့ဟူ၍ ဖြေကြားတော်မူ၏။

## အထင်မှားပျောက်ရန်

ကိုယ့်ကိုယ်၌ရှိသော **ဖြစ်ပျက်** ကို မမြင်နိုင်အောင် ဘယ်ဟာက ဖုံးလွှမ်း၍နေပါသနည်း?။ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲ့နဲ့ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုးရှိသည်ဟု မှတ်ထင်၍နေသော (အတ္တသညာ) ထင်လုံးကြီးဟာက မြင့်မိုရ်တောင်လုံးမက ကြီးမားစွာဖုံးလွှမ်း၍ နေသောကြောင့် **ဖြစ်ပျက်** ကိုမမြင်နိုင်ဘဲ နေကြကုန်၏။

ထိုစကားသည်မှန်၏၊လူအပေါင်းတို့သည် အဖြူ,အနီစသောအဆင်းရုပ်ကို မျက်စိဖြင့် ကြည့်ရှု၍ မြင်ကြကုန်၏။ ထိုမြင်ရသော အဆင်းရုပ်၏ **ဖြစ်ပျက်** ကို မမြင်ကြကုန်။ အဆင်းသည် **ဖြစ်ပျက် ဖြစ်ပျက်** မနေဘဲ ပကတိအတိုင်းနေသည်ဟု မှတ်ထင်ကြကုန်၏။ ဖြူဖြူလုံးကြီး, နီနီလုံးကြီး စသည်ဖြင့်ရှင်း, ဖြူဖြူ ရှည်ရှည်ကြီး, နက်နက် ရှည်ရှည်ကြီး စသည်ဖြင့်ရှင်း,

မှတ်ထင် ကြကုန်၏။ ဖွံ့ဖြိုး လုံး ကြီး သည် **ဖြစ်ပျက် ဖြစ်ပျက်** နေသော **ဖြစ်ပျက်** အစုအပုံကြီးဟူ၍ ဘယ်သူမှ မမြင်နိုင်ကြကုန်။

ငါ၏ကိုယ်သည် တလံလောက် ရှည်သည်။ ငါ၏လက်မောင်းသည် ရှည်ရှည် လုံးလုံးနေသည်ဟု မှတ်ထင်ကြကုန်၏။ တလံလောက် ရှည်သော ကိုယ်ကောင်ကြီး၌ အဆင်းတို့ကို မျက်စိဖြင့် ကြည့်ရှု၍ မြင်ကြကုန်၏။ ထို အဆင်းတို့ **ဖြစ်ပျက်** နေသည်ကိုမမြင်ကြကုန်။ ဖြစ်ပျက်မရှိ ပကတိအတိုင်း ရှည်ရှည်လုံးလုံးစသည်ဖြင့် နေသည်ဟုမှတ်ထင်ကြကုန်၏။အခဲအလုံးအဖြုံး အမှုန့်စသည်ဖြင့် မှတ်ထင်၍နေသော(ထင်လုံးကြီး)ဖုံးလွှမ်း၍နေလေသည်၊ ထို့ကြောင့် **ဖြစ်ပျက်** ကို မမြင်နိုင်ကြကုန်။

ဖြစ်ပျက် ဖြစ်ပျက်မနေဘဲ ပကတိအတိုင်းနေသည်ဟု မှတ်ထင်ခြင်း သည် နိစ္စသညာဖြစ်သည်။

အခဲအလုံး အဖြုံးအမှုန့်။လ။ပုံသဏ္ဌာန်အမျိုးမျိုး တည်နေသည်ဟု မှတ်ထင်ခြင်းသည် အတ္တသညာဖြစ်သည်။

ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို ကောင်းစွာထင်မြင်၍လာလျှင် မဖြစ် ကို အလိုလိုမြင်၍ နိစ္စသညာ-အတ္တသညာ တပြိုင်နက် လွတ်ကင်းသည်။

နိစ္စသညာနှင့် အတ္တသညာသည် ရှိလျှင်လည်း တတူတကွတပြိုင်နက် ရှိသည်၊ ပျောက်ကင်းလျှင်လည်း အတူတကွတပြိုင်နက် ပျောက်ကင်းသည်။

နဝင်္ဂတ္တရပါဠိတော်-၁၄၅။ အဋ္ဌကထာ-၂၄၀။

နိစ္စသညာနှင့် အတ္တသညာ ပျောက်ကင်းအောင် **ဖြစ်ပျက်** ကို မြင် ခြင်းသည် လိုရင်းပဓာနဖြစ်၏။

## မိလိန္ဒ ဦးစံချိန် မေးလျှောက်ချက်

ရွှေတိဂုံဘုရားကြီးကုန်းတော် အလယ်ထပ် အရှေ့ဘက်စောင်းတန်း ၏ မြောက်ဘက် ဦးစံချိန် တန်ဆောင်း၌ ဘုရားဟော ပါဠိတော်တို့ကို နိဿယတင်၍ ကြည့်ရှုကျက်မှတ် လေ့လာအားထုတ်၍ တလတကြိမ် လစဉ် မပြတ် ရဟန်းသံဃာ ဆရာတော်အရှင်မြတ်တို့အား ပင့်ဘိတ်၍ ဆွမ်း,ဆန်, ဆွမ်းဟင်းလျာ စသည်တို့ဖြင့် ပူဇော်လှူဒါန်းပြီး၍ မေးမြန်းလျှောက်ထား ခြင်းကိုပြုသော ပါဠိတော် ဓမ္မသာကစ္ဆာပွဲသဘင်၌ မိလိန္ဒ ဦးစံချိန် မေး လျှောက်သော ပညတ် ၆-မျိုး အဖြေ...

ခန္ဓပညတ်၊ အာယတနပညတ်၊ ဓာတုပညတ်၊ သစ္စပညတ်၊ ဣန္ဒြိယပညတ်၊ ပုဂ္ဂလပညတ်။ ။ဤကား....ပုဂ္ဂလပညတ် ပါဠိတော်လာ ပညတ် ၆-မျိုး။

ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ ။ဤကား ပါဠိတော်မှ အလွတ် အဋ္ဌကထာနည်း ပညတ် ၆-မျိုး။ ပုဂ္ဂလပညတ် အဋ္ဌကထာ-၂၄။

ထို ပညတ်တို့တွင် လိုရင်းဖြစ်သော ပညတ်ကိုသာလျှင် ပြဆိုအံ့။ ပါဠိတော်လာ ပညတ် ၆-မျိုးတို့တွင် (ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စ၊ ဣန္ဒြိယ)ဤပညတ် ၅-မျိုးသည် ပရမတ်အစစ်(သစ္စိကဋ္ဌပရမတ္ထ)၏ အစွမ်းဖြင့် သိအပ်-သိထိုက်-သိနိုင်သောကြောင့် ဝိဇ္ဇမာနပညတ် မည်၏။ ပုဂ္ဂိုလ်, သတ္တဝါ,ယောကျ်ား,မိန်းမ စသည်ဖြင့် လောက စကားမှ ခေါ်ဆိုရသော ပညတ်မျိုးသည် ပရမတ္ထ မဟုတ်သောကြောင့် အဝိဇ္ဇမာန ပညတ်မည်၏။ ပရမတ္ထ မဟုတ်သော အဝိဇ္ဇမာန ပညတ်မျိုးကို ပါဠိတော်၌ ဣန္ဒြိယဗဒ္ဓ (ပုဂ္ဂလပညတ်)ကိုသာလျှင် ဟောတော်မူ၏။ အနိန္ဒြိယဗဒ္ဓ တော,တောင်, သစ်ပင်စသော ဝတ္ထုတို့ကို ခန္ဓပညတ်ဟူ၍လည်းမဟော၊ အာယတန,ဓာတု သစ္စ,ဣန္ဒြိယ ပညတ်ဟူ၍လည်း မဟော၊ ပုဂ္ဂလ ပညတ်ဟူ၍လည်း မဟော၊ တော,တောင်, သစ်ပင်,ကျောင်း, အိမ်,စရပ်, တန်ဆောင်း-စသော ပညတ်တို့သည် ပါဠိတော်၌ မရှိ၊ အဋ္ဌကထာ၌သာလျှင်ရှိသည်။ ထို့ကြောင့် မှတ်လွယ်စေခြင်းငှါ ပရမတ္ထအစစ် ဝိဇ္ဇမာနပညတ်ကို (ပရမတ် ဟူ၍) ပြောဆိုရိုးပြုသည်။ ပရမတ္ထမဟုတ်သော အဝိဇ္ဇမာနပညတ်ကို ပညတ်ဟူ၍ ပြောဆိုရိုးပြုသည်။ သင်္ဂြိုဟ် ပ ^ိဏ်းပိုင်း အာရုံပြုကိုရှု၊ ထိုတွင် ပရမတ် မှာလည်း အမည်ပညတ်,အနက်ပညတ်နှစ်မျိုး၊ပညတ်မှာလည်း အမည်ပညတ် အနက်ပညတ် နှစ်မျိုး။ ဝါ၊ နာမပညတ်,အတ္တပညတ်ဟူ၍ နှစ်မျိုးစီရှိသောကြောင့် လေးမျိုးသော ပညတ်ကို သဘောပေါက်စေရမည်။ ( နာမပညတ် သဒ္ဒပညတ်ဟူ၍လည်း ဆိုသည်။)

လိုရင်း ပညတ်အဖြေ ပြီး၏။

—·•◆•·—

## ပရမတ်-ပညတ်-အာကာသဓာတ် ထင်မြင်အောင် ဖြစ်ပျက်ကို ကြည့်ရှုဆင်ခြင်နည်း

အဆင်း အနံ့ အရသာ ဩဇာ၊ အထိရုပ် သုံးမျိုး ဖွဲ့တဲ့ ယိုစီးရုပ် ဤရုပ်ရှစ်မျိုးတို့သည် တမျိုးနှင့်တမျိုး သဘောမတူကြကုန်။ သဘောမတူကြသော်လည်း တခုတခြားမဖြစ်နိုင်၊ အချင်းချင်းမှီ၍ ပေါင်းစည်း၍ ရောစပ်၍ အကြားအလပ်မရှိ တခုတည်းဟု ဆိုရအောင် တပြိုင်တည်း ဖြစ်ကြကုန်၏။ အချင်းချင်းမှီ၍ ပေါင်းစည်းရောစပ် အကြားအလပ်မရှိ တခုထည်းဟု ဆိုရအောင် တပြိုင်ထည်းဖြစ်သည်ကို **ကလာပ** ကလာပ်ရုပ်ဟူ၍ ဆိုသည်။

ထိုကလာပ်ရုပ်သည် **ဖြစ်အစ-ပျက်အဆုံး** ရှိ၍ ခဏချက်ခြင်း ပျက်သွားသော်လည်း အမှုန့်ဖြစ်၍နေအောင် တာရှည်စွာ တည်နေသည် မဟုတ်၊ ခဏဖြစ်၍ ခဏပျက်သွားသော ထိုကလာပ်ရုပ်၌ပါသော (ပူအေး နွေးလော) တေဇောရုပ်က တဖန် နောက်အသစ် ကလာပ်ရုပ်ကို ဆက်၍ ဖြစ်စေပြန်သည်၊ နောက်အသစ်ထပ်၍ ဆက်၍ဖြစ်သော ကလာပ်ရုပ်တခု၌ ပါသော တေဇောရုပ်ကလည်း နောက် အသစ် ကလာပ်ရုပ်ကို ထပ်၍ ဆက်၍ ဖြစ်စေပြန်၏။

ဤသို့သောနည်းဖြင့် အသစ်အသစ် အဆက်ဆက် ဖြစ်ပျက်ပြောင်း လဲနေသော(ကလာပ်ရုပ်)ဖြစ်ပျက်အစဉ်ကို ထင်မြင်ပါလျှင် ထို(ဖြစ်ပျက်) ကလာပ်ကို ပိုင်းခြားသော အာကာသဓာတ်ကိုလည်း အလိုလို မြင်၍လာ သည်။

ကလာပ်ရုပ် တခုသည် **ဖြစ် အစ–ပျက် အဆုံး** ရှိ၍ **ဖြစ်ပျက်** တခု ဖြစ်သည်။ **ဖြစ် အစ–ပျက် အဆုံး** ရှိသော **ဖြစ်ပျက်** တခု ကို **ကလာပ်ရုပ်** တခုဆိုသည်၊ ထိုကလာပ်ရုပ်တခုသည် ခဏဖြစ်၍ ခဏပျက် သောကြောင့် အမှုန့်မဟုတ်၊ **ဖြစ်ပျက်** သာလျှင်ဟုတ်သည်။ ခဏဖြစ်၍ ခဏပျက်သောကလာပ်ရုပ်ကို နေရာ ရွေးယူ၍မရနိုင်၊ ဖြစ်သောနေရာတွင် ခဏချက်ခြင်း ပျက်သွားသည်။ နောက်အသစ် ထပ်ခါထပ်ခါ ဆက်၍ဖြစ် သော (ကလာပ်ရုပ်) ဖြစ်ပျက်အစဉ်ကို ဖြစ်ပျက် တခြား အစဉ် တခြား

ပိုင်းခြား၍ ထင်မြင်ပါလျှင် ကလာပ်ရုပ် တခြား ပရမာဏုမြူမှုန် တခြား ထင်ရှားစွာသိမြင်နိုင်သည်။

သိမြင်ပုံကား။ဖြစ်ပျက်သည် ကလာပ်ရုပ်တည်း။အစဉ်သည် ပရမာဏုမြူအမှုန်တည်း။ ကလာပ်သည် ပရမတ်တည်း။ ပရမာ ဏုမြူ မှုန် သည် သဏ္ဌာနပညတ်တည်း။ ဤသို့လျှင် ကလာပ်ရုပ်တွေ ထပ်ခါထပ်ခါ ဆက်၍ ဖြစ်ပျက် ဖြစ်ပျက်နေသော **ဖြစ်ပျက်အစဉ်** ကို ဖြစ်ပျက်တခြား အစဉ်တခြား ပိုင်းခြား၍ ဖြစ်ပျက်ကို ပရမတ်။ အစဉ်ကို ပညတ်ဟူ၍ မှတ်ကုန်ရာ၏။ ဖြစ်ပျက်ကို ကလာပ်ရုပ်၊ အစဉ်ကို ပရမာဏုမြူမှုန်ဟူ၍ မှတ်ကုန်ရာ၏။ ကလာပ်ရုပ်ကား ပရမတ် တည်း။ ပရမာ ဏုမြူမှုန်ကား ပညတ် တည်း။ ကလာပ်ရုပ်သည် ဝိဇ္ဇမာနပရတ္ထ။ပရမာဏုမြူမှုန်သည် အဝိဇ္ဇမာနပညတ္တတ္ထ။ ဖြစ်ပျက်သည် ပရမတ်တည်း။ အစဉ်သည် သန္တာနပညတ်တည်း။ ဤသို့ ပိုင်းခြား၍ ထင်ရှားစွာ သိမြင်နိုင်သည်။

ပရမတ်အစစ် ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် ဖြစ်ပျက် ဖြစ်ပျက် အစဉ်မပြတ် ဖြစ်ပျက်၍သာလျှင်နေသည်၊ ဘယ်အခါမှ ရပ်စဲခြင်းမရှိ။

သဝိညာဏက၊ အဝိညာဏက၊ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ၊ သင်္ခါရလောကသည် ဖြစ်ပျက် ဖြစ်ပျက်သာလျှင်နေသည်။ ဖြစ်ပျက်တခြား အစဉ်တခြား ပိုင်းခြား၍ ဖြစ်ပျက်ကို သင်္ခါရလောကဆိုသည်။အစဉ်ကိုဩကာသလောက,သတ္တလောကဟူ၍ ဆိုသည်။သင်္ခါရလောကသည် ပရမတ်တည်း။ ဩကာသနှင့် သတ္တလောကသည် ပညတ်တည်း။ ဥဒယတ္တ ဂါမိနိ ပညာနှင့် ပြည့်စုံမှသာလျှင် ဖြစ်ပျက်တခြား အစဉ်တခြား ထင်ရှားစွာမြင်နိုင်သည်။ ဖြစ်ပျက်နှင့် အစဉ် တခြားစီ ထင်မြင်လျှင် ဖြစ်ပျက်တို့၏ အကြား အစပ် အာကာသဓာတ်ကိုလည်း တပ်တပ်ထင်ထင် သိမြင်နိုင်သည်။ ထို့ကြောင့် **ဖြစ်ပျက်** ကိုသာလျှင် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုရာ၏။

ပဲကြီးစေ့ တတင်းသား စုပုံ၍ ထားရာ၌ ပဲကြီးစေ့တို့၏ အကြား အကြား၌ အာကာသ ရှိသည်။ ပဲကြီးစေ့ တခုနှင့် တခု ပိုင်းခြားသော အာကာသကို ပဲကြီးစေ့ အာကာသ ဆိုရသည်။ ပဲကြီးစေ့သည် ပရမတ် မဟုတ်၊ သဏ္ဌာန ပညတ်ဖြစ်၍ ပဲကြီးစေ့ကို ပိုင်းခြားသော အာကာသကို လည်း ပရမတ် အာကာသမဆိုရ၊ ပညတ် အာကာသဆိုရသည်။

မိုးညှင်းစေ့-အကျုမြူ ပရမာကျုမြူ တို့ကို ပိုင်းခြားသော အာကာသကို လည်း မိုးညှင်းစေ့ အကျုမြူ ပရမာကျုမြူတို့က ပရမတ်မဟုတ်၊ သဏ္ဍာန ပညတ်ဖြစ်ကြ၍ ပရမတ် အာကာသဟု မဆိုရ၊ ပညတ်အာကာသဟု ဆိုရ သည်။

ဖြစ်ခြင်းပျက်ခြင်း လက္ခဏာရှိ၍ **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိသော **ဖြစ်ပျက်ကလာပ်** ပရမတ်အစစ်ကို ပိုင်းခြားသော အာကာသကို သာ လျှင် ပရမတ်အာကာသဟု ဆိုသည်။

ထိုအာကာသဓာတ် ပိုင်းခြားလျက် **ဖြစ်-အစ၊ ပျက်-အဆုံး** ရှိသော ကမ္မဇကလာပ်,စိတ္တဇကလာပ်,ဥတုဇကလာပ်,အာဟာရဇကလာပ် ရုပ်တို့သည် သိန်းသန်းကုဋေမရေမတွက်နိုင်အောင် တပြိုင်နက်စု၍ဖြစ်သော ဖြစ်ပျက်ကလာပ်အစဉ်သည် ဆယ်မျက်နှာဖြာထွက်၍ ဖြစ်ပျက်ဖြစ်ပျက်နေ သော ဖြစ်ပျက်ကလာပ်စုကြီးဖြစ်၍ ဖြစ်ပျက်ဖြစ်ပျက် ဆက်ခါဆက်ခါ ဘယ်ခါမလပ် မရပ်မစဲ ပြောင်းလဲဖြစ်ပျက်နေလေသည်။ ထိုကြောင့် "ဧဝ မေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ" ဟူ၍ မိန့်တော် မူလေသည်။

ဧဝံ၊ ဤသို့ပြဆိုဟောဖေါ် မိန့်တော်မူသည့်အတိုင်း။ ကေဝလဿ၊ ရုပ်နာမ်ဓမ္မ သဘာဝသက်သက် ဖြစ်ပျက်ဖြစ်ပျက်အစဉ် သာလျှင် ရှိသော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ထိုဖြစ်ပျက်ကလာပ် အစုအပုံကြီး၏။ သမုဒယော၊ ဖြစ်ကြောင်းရှိလျက် ဖြစ်ပျက်ဖြစ်ပျက် ဆက်ခါဆက်ခါ ဘယ်ခါမလပ် မရပ်မစဲ ပြောင်းလဲဖြစ်ပျက်နေခြင်းသည်။ ဟောတိ၊ ထင်ရှား၏။

ဖြစ်ပျက်ဖြစ်ပျက် အဆက်အစပ် အာကာသဓာတ် ပိုင်းခြားလျက် ဖြစ်ပျက်ပြောင်းလဲနေသော ဖြစ်ပျက်ကလာပ်အစဉ်ကို မမြင်သောကြောင့် သာလျှင် အခဲအလုံး အဖြုံးအမှုန့်။လ။ ပုံသဏ္ဍာန်အမျိုးမျိုးတည်နေသည် ဟူ၍ မှတ်ထင်သော အတ္တသညာ-သက္ကာယဒိဋ္ဌိဖြစ်လေသည်။

အဆင်းရုပ်။လ။ဖွဲ့တွဲယှိစီးရုပ်။ဤရုပ်ရှစ်မျိုးတို့ကို အမှုန့်မရသဘာဝ သက်သက် ဖြစ်ပျက်လက္ခဏာ ထင်ရှားလာအောင် စိတ်ဖြာ ဝေခွဲလိုက် သည်ရှိသော် ဆံပင် မွေးညှင်း။ပ။ အကျုမြူ ပရမာကျုမြူ အမှုန့်ဟူ၍ ဆိုစရာ မရှိ ဖြစ်ပျက်အစဉ်သာလျှင်ရှိသည်။ ဖြစ်ပျက်တခြား၊ အစဉ်တခြား၊ စဉ်း စားကြည့်၊ ထင်ရှား၏။ ဖြစ်ပျက်သည်-အစဉ်မဟုတ်။ အစဉ်သည်လည်း-

ဖြစ်ပျက်မဟုတ်။ ဖြစ်ပျက်နှင့်ကင်း၍လည်း-အစဉ်ဟု ဆိုစရာမရှိ။ ဖြစ်ပျက်တခုကို ကလာပ်တခုဆိုသည်။ အစဉ်ကို (သန္တာန သန္တတိ)ပညတ်ဆိုသည်။ သန္တာန-သန္တတိ(အစဉ်)ရှိလျှင် (သဏ္ဌာန) ပုံသဏ္ဌာန်ပေါ်မြဲ။

ဖြစ်ပျက်လာပ် တခုထည်း သာလျှင် ဖြစ်၍ ထပ်ခါထပ်ခါ ဆက်၍ မဖြစ်ပါလျှင် သန္တာန-သန္တတိ မရှိသောကြောင့် သဏ္ဌာနလည်း မရှိနိုင်။ သန္တာန-သန္တတိမရှိသောကလာပ်တခုကို ခဏဖြစ်၍ခဏပျက်သောကြောင့် အမှုန့်ဟူ၍ ဆိုစရာမရှိ။ ဆံပင်ဟူ၍ ဆိုစရာမရှိ။ ပရမာဏုမြူဟူ၍ ဆိုစရာမရှိ၊ ဖြစ်ပျက်ဟူ၍သာ ဆိုစရာရှိသည်။ သဘောမိစေ။

ကလာပ်တို့ ဆက်ခါဆက်ခါ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် နေသော ဖြစ်ပျက်အစဉ်ရှိမှသာလျှင် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုးတည်နေသော ရထရေဏုမြူ, ပရမာဏုမြူဟူ၍ ဆိုစရာရှိသည်။

အဏုမြူ,ပရမာဏုမြူတို့သည် ကောင်းကင်၌လွင့်၍နေသည်။ကလာပ် ရုပ်သည်ကား ခဏဖြစ်၍ ခဏပျက်သွားသည်၊ လွင့်၍မနေ။ ကလာပ်ရုပ် တခြား၊ ပရမာဏုမြူတခြား၊ ထင်ရှား၏။

ဖြစ်ပျက် ဖြစ်ပျက် ဆက်ခါဆက်ခါ အစဉ်မပြတ် အစပ်အကြား အာကာသခေတ်ခြားလျက် ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက်အစဉ်ကို ဖြစ်ပျက်တခြား အစဉ်တခြား ပိုင်းခြင်း၍ ထင်မြင်ပါလျှင် အတွင်းသား, အပေါ်ရံသားဟူ၍ ခြားနားခြင်းမရှိ။ ဖြစ်ပျက်ဖြစ်ပျက်-ဖြစ်ပျက်ဖြစ်ပျက် နေသော ဖြစ်ပျက်အစဉ်သာလျှင် ရှိပါတကားဟူ၍ ထင်ရှားစွာသိမြင်၏။ ထင်ရှားစွာ သိမြင်သော ဖြစ်ပျက်အစဉ်ကို ဖြစ်ပျက်တခြား၊ အစဉ်တခြား ခွဲထားပြီးလျှင် **ဖြစ်ပျက်သည် ပရမတ်အစစ် ဖြစ်သည်** ဟုသိ၏။အစဉ် သည်ကား သန္တာန,သန္တတိ,သဏ္ဌာနပညတ်ဖြစ်၍ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အဏုမြူ,ပရမာဏုမြူတို့ဖြစ်သည် ဟူ၍ သိနိုင်၏။

သစ်တပရမတ်အစစ်၌ **ဖြစ်ပျက်** သာလျှင်ရှိ၍ အခဲအလုံး အဖြုံး အမှုန့် အဏုမြူ ပရမာဏုမြူ စသည်ဖြင့် ပမာဏလည်း မရှိ။ ပုံသဏ္ဌာန် လည်း မရှိ။ **ဖြစ်ပျက် ဖြစ်ပျက်** သာလျှင် ရှိကြောင်းကို "သစ်တာနံ၊ သစ္စာနံ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ" ဤပါဠိတော်ဖြင့် ထင်ရှားလှပါ၏။ ဖြစ်ပျက်သာလျှင် ထင်ရှားရှိသည်ဟူလို။

"တေ ပန ကလာပါ ပရမာဏူ ပရိမာဏာ ဟောန္တိ" ဟူသော မဟာဋီကာ ဗဟုဝုစ်စကားသည် စတုဓာတု ဝဝတ္ထာနှ်၌ ကိုယ်ကောင်ဒြပ်ကြီးကို(ကေသာ-လောမာစသော)ဒြပ်ငယ်တို့ဖြင့် အမဲဖျက်သလို ဖျက်ဆီး၍ ပြုပြီးနောက်(ကေသာ-လောမာ စသော)ထို ဒြပ်ငယ်တို့ကို ပရမာဏူမှုလောက် သေးငယ်သော ဒြပ်သေးဖြင့် အမှုန့်ပြု၍ပြသော သမထနည်းသာ ဖြစ်သည်။ ပရမတ်အစစ်ကို ပြသော ဝိပဿနာနည်း မဟုတ် ထို့ကြောင့် (စုဏ္ဏတော)ဟူ၍ ဆိုသည်။

ထိုအမှုန့်(စုဏ္ဏ)ကို ပရမတ်အစစ် ဝိပဿနာတင်၍ ရှုနိုင်ရန် (လက္ခဏာဒိတော)ဖြင့်ပြတော်မူ၏။ ဤ (လက္ခဏာဒိတော) စသည်ဖြင့် ပြခြင်းသည်။

"သဲ်တဿ သခ်တလက္ခဏာနိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ"ပါဠိတော်နှင့် ညီပေ၏။

ပရမတ္ထသရူပဘေဒနီ-စတုဓာတု ဝဝဌာန်-၅၅၂။

"သုဒ္ဓဓမ္မသမုပ္ပါဒံ၊ သုဒ္ဓသခ်ါရ သန္တတိံ၊ ပဿန္တဿ ယထာဘူတံ" ဂါထာဖြင့် ဖြစ်ပျက်အစဉ်ကို မြင်မှသာလျှင် ဟုတ်မှန်တိုင်း မြင်ကြောင်းကို ပြဆိုခဲ့ပြီ။ ပြန်၍ကြည့်။

## မောင်မြင့်၏ မေးလျှောက်ချက်

ဘုရားတပည့်တော် ပုသိမ်မြို့အပိုင် ကျောက်ချောင်းကြီးရွာ ဆန်စက်စာရေး ဒါယကာ-မောင်မြင့် သုံးလီဒ္ဓါရ ပဏာမဖြင့် ဟတ္ထာ ဆယ်ချောင်း ထိပ်မှာလောင်း၍ ဦးခေါင်း ညွတ်ကျိုး ရှိခိုးဝပ်တွား အသနားတော်မြတ်ခံ လျှောက်ဝံ့ပါသည်ဘုရား။

## လျှောက်ထားရန်မှာ

ဘုရားရှင် သာသနာတော်ကြီးတွင် ဝိပဿနာအလုပ်အားထုတ်မှုကို ဟောပြောတော်မူကြရာ၌ ဆရာတော်တပါးနှင့်တပါး တဝါဒနှင့်တဝါဒ

ကွဲပြားခြားနားလျက်ရှိနေသည်ကို ယထာဘူတ သဘာဝမှန်ကို ဟုတ်တိုင်းမှန်စွာ ဉာဏ်မှီအောင် နှိုးနှော၍ မယူဆတတ်ပါသဖြင့် အောက်ပါ အမေးပုစ္ဆာများကို အဖြေမှန် ဝိသဇ္ဇနာ ဆုံးဖြတ်ပေးတော်မူပါမည့် အကြောင်းအဘိယာစကပြု၍ တောင်းပန်လိုက်ပါသည်ဘုရား။

၁။ ဆရာတော်တပါး၏ ဟောပြောချက်ဝါဒအလိုမှာ မဂ်-ဖိုလ်-နိဗ္ဗာန်ရောက်ကြောင်းမှန်သော သုဒ္ဓ ဝိပဿနာအစစ် ရှုရာ၌ ဥဒါန်း ပါဠိတော် ဗာဟိယသုတ်တွင် “ ဒိဋ္ဌေဒိဋ္ဌမတ္တံ သုတေသုတမတ္တံ မုတေမုတမတ္တံ ဝိညာတေ ဝိညာတမတ္တံ”စသည်ဖြင့် ဘုရားရှင်ဟောတော်မူသော မြန်မာပြန် အဓိပ္ပါယ်မှာ မြင်ခါမျှ,ကြားခါမျှ,စားခါမျှ,သိခါမတ္တမျှ သတိတည်းဟူသော အမှတ်မလစ်စေဘဲ ပရမတ္တသဘာဝ ရုပ်,နာမ်,ခန္ဓာကိုယ်၏ အစဉ်ပြောင်းလဲ ဖြစ်ပျက်မှု အခိုက်အတံ့ ပစ္စုပ္ပန်ကာလ ဒွါရ, အာရုံ, ဝိညာဏ်ထင်မှုကိုသာ သိ, မှတ်, ရှုရမည်။ ထိုသို့ရှု၍ နာမရူပ ပရိစ္ဆေဒဉာဏ်မှ စ၍ အဆင့်ဆင့်ပေါ်လာသည်ကိုပင် ဝိပဿနာ-ဘာ နာမယဉာဏ် ဖြစ်သည်ဟု ဟောပါသည်။

၂။ ဆရာတော်တပါး၏ ဟောပြောချက် ဝါဒအလိုမှာ ဤခန္ဓာကိုယ်ကောင်ကြီး၌ မရှိပညတ်ကိုပယ်၍ ထင်ရှားရှိသော ပရမတ်,ရုပ် နာမ်သဘော သတ္တိဖြစ်သော ပထဝီ,အာပေါ စသော ရုပ်(၂၈)ပါးတို့ကိုရင်း, အဋ္ဌကလာပ်ရုပ်ခေတ် (၈) ပါးတို့ကိုရင်း, (ကေသာ, လောမာ,) ဆံပင်, အမွေး စသော ကောဋ္ဌာသ ရုပ်သဘောစုကိုရင်း, နာမက္ခန္ဓာ (၄) ပါး ဝိညာဏ်(၆)ပါး နာမ်တရားတို့ကိုရင်း အစရှိသည်တို့ကို အနိစ္စ-ဒုက္ခ-အနတ္တ တိလက္ခဏာတင်၍ ရှုပြီးလျှင် ခေတ်ဖြစ်စဉ်တို့ကို တခုစီ ခွဲခြမ်းစိတ်ဖြာ ဝေဖန်၍ ဒေသနာအစဉ်ဖြင့် သင်ကြားထားသော သုတမယ၏ အလိုကို မှီလျက် စိန္တာမယဉာဏ်ဖြင့် ကြံစည်တွေးတော ဆင်ခြင် ရှုမှတ်သည်ကို ဝိပဿနာ-ဘာဝနာဉာဏ်ဟု ဟောပါသည်။

အထက်ပါ နံပါတ်(၁)ဝါဒက နံပါတ်(၂)ဝါဒကို ပစ္စုပ္ပန်ကာလ ဖြစ်ပျက်သော ပရမတ်ရုပ်နာမ် ထက်ချပ်အောင် ရှုမှတ်ပုံမကျ၍ အတိတ်နှင့် အနာဂတ် ဖြစ်ပြီး,ဖြစ်လတ္တံ့. ရုပ်နာမ်ကို အတွေးစိတ်ကူးနှင့် ရှုသော စိန္တာမယ ဉာဏ်မျိုး ဖြစ်၍ ဝိပဿနာ မဟုတ်၊ သမထ-ဘာဝနာသာ သက်ဝင်၍၊လောကီမဂ္ဂင်(၆)ပါးနှင့် သိက္ခာ(၂)ပါးသာရသည်ဟုဆိုပါသည်။

အထက်ပါ(၂)နံပါတ်ဝါဒကလည်း (၁)နံပါတ်ဝါဒကို ဤကဲ့သို့ မရှိပညတ်နှင့် ရှိပရမတ် သစ္စာ ၂-ပါးကိုမှ သုတမယ စိန္တာမယဉာဏ်နှင့် သရုပ်သချ်ာဝေဖန်ပိုင်းခြား တွေးတော၍ မူလက မှ အသိဉာဏ်ရှိမထားဘဲ ပစ္စုပ္ပန် မြင်ခါ,ကြားခါ,နံခါမျှစသော ရှုမှတ်မှုကို ယထာဘူတ ဝိပဿနာ ပညာမဖြစ်နိုင်ဟုဆိုပါသည်။

ဤသို့လျှင် ဝါဒချင်း ၂-ခုခြားနားနေ၍ တသားထည်းညီညွတ်အောင် ကျမ်းဂန်ယုတ္တိနှင့် ညှိနှိုင်း၍ မယူဆတတ်ပါ၊ ဘယ်ဟာ မှန်တယ် ဘယ်ဟာမှားတယ် ဟူ၍လည်း မဆိုဝံ့ပါ။ တပည့်တော်မှာ ပညာနုံ့နဲ့ ကျမ်းဂန်နှင့်ဝေး၍ အကျယ်ဝိတ္ထာရ လျှောက်ထားရခြင်းဖြင့် စာရှည်သည် ဟူသော အပြစ်တင်ခြင်းမှ ကင်းလွတ်ပါမည့်အကြောင်း ထပ်လောင်း၍ ဦးခိုက်လျှောက်ထားရပါသည် အရှင်မြတ်ဘုရား။

(ပုံ) မောင်မြင့်

ဆန်စက်စာရေး၊

၁၂၉၅-ခု၊ သီတင်းကျွတ်လဆန်း ၁-ရက်။

## ဝိပဿနာဝါဒကွဲများကို ဖြေရှင်းချက်

ဝိပဿနာရှုနည်းဝါဒကွဲသည်ကို ကျမ်းဂန်ယုတ္တိနှင့် ညှိနှိုင်းယူဆရန် လျှောက်ကြားသော ပုသိမ်မြို့ ကျောက်ချောင်းကြီးရွာ ဒါယကာ ဆန်စက် စာရေး မောင်မြင့်၏ အမေးပုစ္ဆာကို ဝတ္ထုသာမက ထုတ်ဆောင်၍ နည်း ပြစကား ညွှန်ကြားဖြေဆိုဦးအံ့။

သဗ္ဗညု မြတ်စွာ ဘုရားသည် သာဝတ္ထိ ပြည်တော်၏ တောင်ဘက် ဒက္ခိဏဒိသာ ရပ်မျက်နှာဝယ် ဇေတမင်း၏ ဥယျာဉ်တော် အနာထပိဏ်ကို သူဌေးသည် ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန် ကျောင်းတိုက် တော်ကြီးအတွင်း သန့်ရှင်းစင်ကြယ် မွှေ့လျော် ဘွယ် ရှိ သော ဂန္ဓကုဋိ ကျောင်းတော်၌ ပျော်ပိုက် မွေ့လျော် နေတော်မူစဉ်အခါဝယ်၊ ပဉ္စကင်္ဂါ အမည်ရှိသော(ဝဍ္ဎကီ)သူကြီးမင်းသည် ပဏ္ဍိတမဟာဥဒါယီ မထေရ်မြတ်

ရှိရာသို့ သွားရောက်ပြီးလျှင် အရှင်မြတ် ပဏ္ဍိတမဟာဥဒါယီမထေရ်မြတ်ကို ရှိသေစွာရှိခိုးပြီး သင့်တင့် လျောက်ပတ် တင့်အပ်သော နေရာ၌ ထိုင်နေပြီး၍ အရှင်မဟာဥဒါယီမထေရ်မြတ်ကို ဤသို့ မေးလျှောက်လေ၏၊

"မဟာဥဒါယီ အရှင်မြတ်ဘုရား .. မြတ်စွာဘုရားသည် ဝေဒနာတရားကို ဘယ်နှစ်ပါးရှိသည်ဟု ဟောတော်မူပါသနည်း အရှင်ဘုရား" ဤသို့ မေးလျှောက်သော အခါ "ဒါယကာ(ဝဍ္ဍကီ)သူကြီးမင်း-ဝေဒနာတရားသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ဟူ၍ သုံးပါးရှိကြောင်းကို မြတ်စွာဘုရားဟောတော်မူသည်"ဟု ဖြေကြားလေ၏။ဤသို့ ဖြေဆိုသောအခါ (ဝဍ္ဍကီ) သူကြီးက"ဝေဒနာသုံးပါးဟူ၍ မြတ်စွာဘုရား ဟောတော်မမူပါ၊ ဝေဒနာတရားသည် သုခဝေဒနာ, ဒုက္ခဝေဒနာ ဤနှစ်ပါးကိုသာ မြတ်စွာဘုရား ဟောပါသည်။ ဥပေက္ခာ တရားကိုကား ငြိမ်သက်မွန်မြတ်သောတရားဖြစ်၍ သုခဝေဒနာဟု မြတ်စွာဘုရားဟောပါသည်"ဟု လျှောက်၏။

မဟာဥဒါယီမထေရ်မြတ်ကလည်း နှစ်ပါးမဟုတ် သုံးပါးဟူ၍ဆို၏၊ ဒါယကာသူကြီးမင်းကလည်း သုံးပါးမဟုတ် နှစ်ပါးဟူ၍ ဆို၏။ဤသို့ သုံးကြိမ်တိုင်အောင် ဆရာနှင့် ဒါယကာ ငြင်းခုံ၍နေသည်ကို အရှင်အာနန္ဒာ ကြားလေလျှင် မြတ်စွာ ဘုရား အထံသို့ သွား၍ လျှောက် ကြား သော အခါ။

ချစ်သား အာနန္ဒာ... ငါဘုရားသည် ပရိယာယ်အားဖြင့် ဝေဒနာ နှစ်ပါးဟူ၍လည်း ဟောတော်မူ၏။ သုံးပါးဟူ၍လည်း ဟောတော်မူ၏။ မဟာဥဒါယီနှင့် ပဉ္စကင်္ဂ၏ စကားသည် အမှန်ပင်ဖြစ်ကြ၏၊ ထို့ကြောင့် တယောက်၏ စကားကို တယောက်က ဝန်မခံဘဲ ငြင်းခုံကြ၏။

ချစ်သား အာနန္ဒာ....ငါဘုရားသည် ဝေဒနာတရားကို နှစ်ပါးဟူ၍ ငင်း, သုံးပါး ဟူ၍ငင်း, ငါးပါး ဟူ၍ငင်း, ခြောက်ပါး ဟူ၍ငင်း, တဆယ့်ရှစ်ပါးဟူ၍ငင်း, သုံးဆယ့်ခြောက်ပါး ဟူ၍ငင်း, တရာ့ရှစ်ပါး ဟူ၍ငင်း ပရိယာယ်အားဖြင့် ဟောတော်မူ၏။ ချစ်သား အာနန္ဒာ....ငါ ဘုရားသည် ပရိယာယ်အားဖြင့်တရားတော်ကို နည်းအမျိုးမျိုးထား၍ဟောကြားတော်မူသည်။အကြင်သူတို့သည် တွေ့မြင်ကြားသိ မှတ်မိရာနည်းဖြင့် အချင်းချင်း ကောင်းမွန်စွာပြောဆိုသောနည်းကို ဝန်မခံဘဲ ငြင်းဆန်၍ နေကြငြားအံ့။

ဘဏ္ဍနဇာတာ ကလဟဇာတာဝိဝါဒါပန္နာ၊ ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်းသို့ ရောက်ကြကုန်၍။ အညမညံ၊ အချင်းချင်း။ မုခသတ္တီဟိ၊ နှုတ်စကားတည်းဟူသော လှံတို့ဖြင့်။ ဝိတုဒန္တာ၊ ထိုးကြကုန်လျက်။ ဝါ၊ ရန်မူဝန်တိုဆဲဆိုကြကုန်လျက်။ ဝိဟရိဿန္တိ၊ နေကြရကုန်လတ္တံ့။

အကြင်သူတို့သည် တွေ့မြင်ကြားသိ မှတ်မိသောနည်းဖြင့် ကောင်းမွန်စွာပြောဆိုသည်ကို ဝမ်းမြောက်နှစ်သက်စွာ ဒေသနာနည်း တမျိုးကိုကြားရ,မှတ်ရ,သိရပေသည်ဟုဆို၍ ဝန်ခံကာ မှတ်သားကြကုန်သည်ရှိသော်ခိုက်ရန်ငြင်းခုံခြင်းမရှိဘဲ ညီညွတ်ဝမ်းသာ သင့်မြတ်စွာ ရှိကုန်လျက်(အညမညံပိယစက္ခူဟိသမ္ပဿန္တာ ဝိဟရိဿန္တိ)အချင်းချင်း တဦးနှင့်တဦး တပါးနှင့်တပါး တယောက်နှင့်တယောက် ဝမ်းမြောက် နှစ်သက် စုံမက် ချင်ခင်ဘွယ်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ရှုကြကုန်လျက် ချမ်းသာစွာနေကြရကုန်လတ္တံ့. ဤသို့ မြတ်စွာဘုရားဟောကြားတော်မူသည်။

မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗဟုဝေဒနိယသုတ်-၆၀။

မြတ်စွာ ဘုရားလက်ထက်တော် အခါက ဝိပဿနာရှုနည်း အမှန်အကန်နှင့် နိဗ္ဗာန်ကို မြင်လိုလှသော အညတြ ရဟန်းတပါးသည် သိတင်းသုံးဘော် ရဟန်းတပါး အထံသို့ သွား၍ "ငါ့ရှင် အဘယ်မျှလောက်ကြည့်ရှုဆင်ခြင် သိမြင်မှ နိဗ္ဗာန်ကို မြင်ပါသနည်း"ဟု မေး၏။

ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာ
ဘူတံ ပဇာနာတိ၊ ဧတ္တာဝတာခေါ အာဝုသော ဘိက္ခု
နော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ။ ။

ဆန္နံ၊ ခြောက်ပါးကုန်သော။ ဖဿာယတနာနံ၊ ဖဿာယတနတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုလည်း။ အတ္ထင်္ဂမဉ္စ၊ ပျက်ခြင်းကိုလည်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိမြင်၏။ ဧတ္တာဝတာ၊ ဤမျှလောက်ကြည့်ရှုဆင်ခြင် သိမြင်သည်ရှိသော်။ ခေါ၊ စင်စစ်ကေန် အမှန်သာလျှင်။ သုဝိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်သော နိဗ္ဗာန်ကို။ ဒဿနံ၊ မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ-မန) မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဤ ၆-ပါးသော ဖဿာယတန တို့၏ **ဖြစ်ပျက်** ကို ကြည့်ရှုဆင်ခြင် ကောင်းစွာမြင်သော် **မဖြစ်** နိဗ္ဗာန်ကို မြင်၏ဟူ၍ ဖြေဆိုလေ၏။

ထိုဖြေသော ရဟန်းသည် ဖဿာယတနကမ္မဋ္ဌာန်းဖြင့် နိဗ္ဗာန်ကိုရ၍ ရဟန္တာ ဖြစ်သော ပုဂ္ဂိုလ်တည်း။ မိမိသိမြင်သော နည်းလမ်းကို ဟုတ်မှန်စွာ ပြော ဆိုသော်လည်း ထိုအညတြ ရဟန်းသည် သဘောမကျ အားမရသေးသည် ဖြစ်၍၊ ဒုတိယ သိတင်းသုံးဘော် ရဟန်းတပါးအထံသို့ သွား၍ ထို့အတူ မေးပြန်၏။

ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာ
ဘူတံ ပဇာနာတိ၊ ဧတ္တာဝတာခေါ အာဝုသော ဘိက္ခု
နော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ။

ခန္ဓာငါးပါးတို့၏ **ဖြစ်ပျက်** ကို ကြည့်ရှုဆင်ခြင် ဟုတ်တိုင်းမြင် သော် စင်ကြယ်သော နိဗ္ဗာန်ကိုမြင်၏ဟူ၍ ဖြေဆိုလေ၏။

ဤဒုတိယ ဖြေဆိုသော ရဟန်းသည် ခန္ဓာငါးပါး ကမ္မဋ္ဌာန်းနည်း ဖြင့် နိဗ္ဗာန်ကိုရ၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တည်း။ မိမိသိမြင်သော နည်း လမ်းဖြင့် ဟုတ်မှန်စွာ ဖြေဆိုသော်လည်း ထိုအညတြ ရဟန်းသည်သဘော မကျ အားမရသေးသည် ဖြစ်၍၊ တတိယ သိတင်းသုံးဘော် ရဟန်း တပါး အထံသို့သွား၍ ထို့အတူမေးပြန်၏။

စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာ
ဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခု
နော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ။

မဟာဘုတ်လေးပါးတို့၏ **ဖြစ်ပျက်** ကို ကြည့်ရှုဆင်ခြင် ဟုတ်တိုင်း မြင်သော် စင်ကြယ်သော **မဖြစ်** နိဗ္ဗာန်ကို မြင်၏ဟူ၍ ဖြေဆိုလေ၏။

ဤတတိယဖြေသော ရဟန်းသည် မဟာဘုတ်လေးပါး ကမ္မဋ္ဌာန်း ဖြင့် နိဗ္ဗာန်ကိုမြင်ရ၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တည်း။ ဤတတိယ ရဟန်း သည်လည်း မိမိသိမြင်သော ဝိပဿနာ နည်းလမ်းကိုသာ ဖြေဆိုလေ၏။

ထိုအညတြ ရဟန်းသည်ကား ဤရဟန်းတို့ ဖြေဆိုသော ဝိပဿနာ နည်းလမ်းသည် အချင်းချင်း တပါးနှင့်တပါး မတူကြကုန်၊ တမျိုးစီ တဖုံစီ ဖြစ်၏ဟူ၍ သဘောမကျ အားမရသောကြောင့် စတုတ္ထသိတင်းသုံးဘော် ရဟန်းတပါးအထံသို့သွား၍ "ငါ့ရှင်.... အဘယ်မျှလောက် ကြည့်ရှုဆင်ခြင် သိမြင်မှ နိဗ္ဗာန်ကို မြင်ပါသနည်း" ဟု မေးပြန်၏။

ယတော ခေါ အာဝုသော ဘိက္ခု (ယံကိဉ္စိ သမုဒယ
ဓမ္မံ သဗ္ဗန္တံနိရောဓ ဓမ္မန္တိ ယထာဘူတံ ပဇာနာတိ) ဧတ္တာ
ဝတာ ခေါ အာဝုသော ဘိက္ခု နောဒဿနံ သုဝိသုဒ္ဓံ
ဟောတိ။

ယံကိဉ္စိ၊ အလုံးစုံသော သင်္ခါရတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်း သဘောရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဖြစ်ခြင်းသဘောရှိသော သင်္ခါရတရားသည်။နိရောဓဓမ္မံ၊ချုပ်ခြင်းသဘောရှိ၏။ဧတ္တာဝတာ၊ဤမျှလောက် မြင်သည်ရှိသော်။သုဝိသုဒ္ဓံ၊စင်ကြယ်သော။ဒဿနံ၊နိဗ္ဗာန်ကိုမြင်ခြင်းသည်။ (သုဝိသုဒ္ဓံ၊နိဗ္ဗာန်ကို။ ဒဿနံ၊မြင်သောမဂ်ဉာဏ်သည်။) ဟောတိ၊ ဖြစ်၏။

အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ဝါ၊ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ကြည့်ရှုဆင်ခြင် ဟုတ်တိုင်း မြင်သော် **မဖြစ်** နိဗ္ဗာန်ကို မြင်၏ဟူ၍ ဖြေဆို၏။

ဤစတုတ္ထ ဖြေသော ရဟန်းသည် တေဘူမက သင်္ခါရတရားတို့ကို တပေါင်းထည်း သိမ်းကြုံး၍ ကြည့်ရှု ဆင်ခြင်လျက် နိဗ္ဗာန်ကို မြင်ရ၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တည်း။ ထိုစတုတ္ထ ရဟန်းသည် ဓာတ်လေးပါးတို့ ညီမျှစွာရှိသဖြင့် ကျန်းမာသောကိုယ်ရှိ၏။

ဓာတ်လေးပါး ညီညွတ်၍ ကိုယ်ကျန်းမာသည်။ ကိုယ်ကျန်းမာ၍ ကိုယ်အားရှိသည်။ ကိုယ်အားရှိ၍ စိတ်အားရှိသည်။ စိတ်အားရှိ၍ ဉာဏ်အားရှိသည်။ ဉာဏ်အားရှိ၍ အမှန်တရားကို သိမြင်လွယ်သည်။

ဓာတ်လေးပါး ညီညွတ်၍ ကျန်းမာသဖြင့် ကိုယ်အား, စိတ်အား, ဉာဏ်အားရှိသော ထိုရဟန်းအား အလုံးစုံသော ကမ္မဋ္ဌာန်းတို့နှင့်ပင် သင့်လျော်လျောက်ပတ်ကုန်၏။(အတိတ်သင်္ခါရဖြစ်စေ၊ အနာဂတ်သင်္ခါရဖြစ်စေ၊ ပစ္စုပ္ပန်သင်္ခါရဖြစ်စေ၊ ကာမာဝစရဖြစ်စေ၊ ရူပါဝစရဖြစ်စေ၊အရူပါဝစရဖြစ်စေ)အလုံးစုံသော ကမ္မဋ္ဌာန်းတရားတို့ကို ကြည့်ရှုဆင်ခြင် ဖြစ်ပျက်ကိုမြင်နိုင်သော ဉာဏ်အားရှိသည် ဖြစ်၍ ထိုပုဂ္ဂိုလ်နှင့် မသင့်လျော်သော ကမ္မဋ္ဌာန်းသည် တစုံတခုမျှမရှိ၊ အချိန်အခါ ကာလမှာလည်း ဆွမ်းမစားသေးသောအခါဖြစ်စေ၊ ဆွမ်းစားပြီးသောအခါဖြစ်စေ၊ ပထမယာမ်၊မဇ္ဈိမယာမ် စသည်တို့တွင် မသင့်လျော်သော အခါကာလဟူ၍မရှိ၊အလုံးစုံသော အခါ အလုံးစုံသော ကမ္မဋ္ဌာန်းနှင့် သင့်လျော်၏။

ထိုကြောင့် အလုံးစုံသော တေဘူမက သင်္ခါရတို့ကို တပေါင်းထည်း သိမ်းကြုံး၍ **ဖြစ်ပျက် ဖြစ်ပျက်** နေသည်ကို ကြည့်ရှုဆင်ခြင် နိဗ္ဗာန်ကို မြင်ရ၍ မိမိသိမြင်သော ဝိပဿနာနည်းလမ်းကိုသာလျှင် ဖြေဆိုလေ၏။

ဤရဟန္တာလေးပါးတို့သည် ဝိပဿနာနည်းလမ်းကို တချိုးစီ တဖုံစီ ဖြေဆိုကြကုန်၏။ ထိုရဟန္တာလေးပါးတို့ ဟောပြောချက်သည် တပါးနှင့် တပါး တဝါဒနှင့်တဝါဒ ကွဲပြားခြားနားလျက်ရှိနေသည်ကို ယထာဘူတ သဘာဝအမှန်ကို ဟုတ်တိုင်းမှန်စွာ ဉာဏ်မမှီအောင် နှိုးနှော၍ မယူဆတတ်သဖြင့် ပုသိမ်မြို့အပိုင် ကျောက်ချောင်းကြီးရွာ ဆန်စက်စာရေး-မောင်မြင့်သည် မကွေးမြို့ ရေအောင့်တိုက်၊ မြို့မိရွာ-မြို့မိကျောင်း၊ ဦးဇေယျသိန်၊ ရန်ကုန်မြို့ သရက်တောတိုက် မြို့မိကျောင်း ဦးဇေယျသေန အရှင်ထံ မေးလျှောက်သကဲ့သို့ ပင်လျှင် ထိုအညတြ ရဟန်းတပါးသည်လည်း သဗ္ဗညု မြတ်စွာဘုရား အထံသို့သွား၍ ထိုရဟန်းလေးပါးတို့၏ ဖြေဆိုပုံ အလုံးစုံကို လျှောက်ကြားကာ၊ ထိုရဟန္တာ လေးပါးတို့အား မေးလျှောက်သော အမေးပုစ္ဆာ စကားအတိုင်းပင်လျှင် “အဘယ်မျှလောက် ကြည့်ရှုဆင်ခြင် သိမြင်မှ နိဗ္ဗာန်ကို မြင်ပါသနည်း မြတ်စွာဘုရား ” ဟူ၍ မေးလျှောက်လေ၏။

မြတ်စွာဘုရားသည် ဤလေးပါးသော ရဟန်းတို့ကား ရဟန္တာ (ခီဏာသဝ)တို့ ဖြစ်ကုန်၏။ ဖြေသော စကားတို့သည်လည်း အမှန်ပင်ဖြစ်ကုန်၏။ သင်ချစ်သားသည်ကား(အန္ဓဗာလ)အကာဏ်းအမိုက်ဖြစ်၍ ဉာဏ်မမှီဘဲနေ၏ဟူ၍ အပြစ်တင်မည်ကားဝေးလေစွ၊သိလိုရေးနှင့် မေးလျှောက်သည်ကို ဝမ်းမြောက်နှစ်သက်တော်မူလှသဖြင့် ဤရဟန်းသည် ဝိပဿနာ အလုပ်ကို ပြုလုပ်လျက်နေသော ရဟန်းဖြစ်၏။တရားကိုသိလိုလှ၍သာလျှင် အဆင့်ဆင့် အထပ်ထပ် တပါးပြီးလျှင်တပါး သွားရောက်မေးမြန်းခြင်းကို ပြု၍ ဒေသနာနည်း၌ အနက်အဓိပ္ပါယ်ကို သိအောင်တြဲစည်ရှာဖွေ၍ နေသော အတ္တဂဝေသက-ဓမ္မဂဝေသက ရဟန်းဖြစ်ပေသည်။ ဤ ရဟန်းကို (ပေါက်ပင်၌ ကာလလေးပါးရှိသော ကိံသုက ဥပမာဖြင့် သိစေအံ့ဟု ကြံတော်မူ၍)

သေယျထာပိ ဘိက္ခု ပုရိသဿ ကိံသုကော အဒိဋ္ဌ ပုဗ္ဗောအဿ။

ဤသို့အစရှိသော“ကိံသုကောပမ”သုတ္တန်ဒေသနာတော်ကိုဟော တော်မူလေသတည်း။

“ချစ်သားရဟန်း .. ဥပမာဆိုသည်ရှိသော်၊ ပေါက်ပင်ကို မမြင်ဘူး သော သူတယောက်က **ပေါက်ပင်သည် အဘယ်သို့ နေပါသနည်း”** ဟု မေးသောအခါ “ပေါက်ပင်သည် အရွက် အပွင့်-အသီးမရှိ တပင်လုံး မီးမြှိက်ထားသကဲ့သို့ မီးလောင်ငုတ် ကဲ့သို့ မဲ၍ နေ၏” ဟု မြင်ဘူးသော သူတယောက်က ပြောဆိုရာ၏။ ချစ်သားရဟန်း ထိုအခါ၌ ထိုပြောဆို သည့်အတိုင်း မဲ၍နေသော ပေါက်ပင်ကိုမြင်၍ မြင်သည့်အတိုင်း ထိုသူသည် ပြောဆို၏။

ထိုသူပြောသည်ကို သဘောမကျ အားမရ၍ ဒုတိယ လူတယောက် ကို မေးပြန်သောအခါ “ပေါက်ပင်သည် သားတစ် အဆင်း ဟင်္သပြဒါး အဆင်းကဲ့သို့ ချင်းချင်းနီ၍ ရဲရဲနီနီကြီးနေ၏”ဟု ပြောဆိုရာ၏။ ချစ်သား ရဟန်း - ထိုအခါ၌ ပေါက်ပင်သည် ထိုသူမြင်သည့် အတိုင်း တပင်လုံး အပွင့်တွေသာ ရှိသဖြင့် ချင်းချင်းနီ၍ ရဲရဲနီနီကြီး နေသည်ကိုမြင်ရ၍ ဟုတ် တိုင်းမှန်စွာ ပြောဆိုသော စကားဖြစ်၏။

ထိုဒုတိယလူက ပြောဆိုသည်ကိုလည်း သဘောမကျ အားမရ၍ တတိယ လူတယောက်ကို မေးပြန်သောအခါ “ပေါက်ပင်သည် ကုက္ကိုပင် ကဲ့သို့ အသီးတွေ တွဲလျားကျ၍နေ၏” ဟု ပြောဆို၏။ ချစ်သားရဟန်း- ထိုသူမြင်သည့်အတိုင်း ပေါက်ပင်သည် အသီးတွေ တွဲလျားကျ၍နေ၏။

ထိုတတိယလူပြောဆိုသည်ကိုလည်း သဘောမကျအားမရသည်ဖြစ် ၍ စတုတ္ထ လူတယောက်ကို မေးပြန်သောအခါ“ထူထပ်သောအရွက်တို့ဖြင့် ဖုံးအုပ်၍ နေပြောက်မထိုး ဆက်စပ်သော အရိပ်ရှိသော ပညောင်ပင်ကြီး ကဲ့သို့နေ၏” ဟု ပြောဆို၏။ ချစ်သားရဟန်း-ထိုအခါ၌ ပေါက်ပင်သည် ထိုသူမြင်သည့်အတိုင်းပင်လျှင် အရွက်တွေ ထူထပ်စွာပိတ်ဖုံး၍နေ၏။

ချစ်သားရဟန်း“ပေါက်ပင်ကို ညွှန်ပြပြောဆိုသော လူ ၄-ယောက် တို့သည် မိမိတို့မြင်ရသည့်အတိုင်း ဟုတ်မှန်စွာ ညွှန်ပြပြောဆို သကဲ့သို့၊ ထို့ အတူပင်လျှင် နိဗ္ဗာန်ကိုမြင်သော ရဟန္တာ လေးပါးတို့သည်လည်း မိမိတို့ နှလုံးသွင်း အားလျော်စွာ ကြည့်ရှုဆင်ခြင် သိမြင်သော ကမ္မဋ္ဌာန်းဖြင့် ဝိပဿနာရှုနည်းကို ပြောဆိုကြကုန်၏။ မိမိတို့နှင့် သင့်လျော်ကပ်ပတ်သဖြင့်

ထင်လွှယ် မြင်လွယ်သော သခ်ါရတရားတို့၏ ဖြစ်ပျက်ကို ကြည့်ရှု ဆင်ခြင် သိမြင်သော နိဗ္ဗာန်ကိုသာလျှင် ညွှန်ပြပြောဆိုကြကုန်၏” ဟူ၍ ဟောတော်မူ၏။ ဤသို့ဟောတော်မူသော တရားအဆုံး၌ မေးလျှောက်သော အညတြ ရဟန်းသည် သောတာပန်တည်လေ၏။

သဠာယတနသံယုတ်ပါဠိတော်-၃၉၇၊ သဠာယတနသံယုတ်အဋ္ဌကထာ-၉၀။

“ဒိဋ္ဌေဒိဋ္ဌမတ္တံ-သုတေသုတမတ္တံ” စသော ပါဠိတော်၏ အဓိပ္ပါယ်ကား ဖြစ်ပျက်ဖြစ်ပျက်နေသော အဆင်း, အသံ, စသည်တို့ကို ကြည့်ရှု ဆင်ခြင် ဖြစ်ပျက် ကို မြင်သော် မဖြစ်ချင်ဘဲ ဖြစ်ချင်ခြင်း တည်းဟူသော တဏှာ ရာဂ ကင်းပျောက်ပ၍ မြင်လာသမျှသော အဆင်း,ကြားလာသမျှ သောအသံ, စသည်တို့၌ ခင်တွယ်ခြင်းမရှိဘဲ မြင်ခါမျှ,ကြားခါမျှ,နံခါမျှ, စားခါမျှ, ထိခါမျှ, သိခါမျှ ဖြစ်လေတော့၏။

သဠာယတနသံယုတ်ပါဠိတော်-၅၀။ သဠာယတနသံယုတ်အဋ္ဌကထာ-၂၆။

ထို့ကြောင့်-

**ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။**<br>**မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။**<br>**ဖြစ်ပျက်ရှုကြ၊ မဂ်လမ်းမှန်၊ နိဗ္ဗာန်မြင်ကြောင်းမှတ်။**

ဟူ၍ မိန့်ဆိုအပ်၏။ အချက်ထိသောလင်္ကာ။

**ဖြစ်ခြင်းပျက်ခြင်း၊ ဖေါက်ပြန်ခြင်း၊ မယွင်းဒုက္ခမှတ်။**<br>**ဖြစ်ချင်ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။**

## မောင်မြင့် လျှောက်ချက်

၁၂၉၅-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်နေ့။

ဘုရားတပည့်တော်များ ပုသိမ် စီရင်စု ကျောက်ချောင်းကြီးရွာ ဆန်စက်စာရေး(ဒိဋ္ဌိဝိသုဒ္ဓိအသင်းအကျိုးဆောင်)ဒါယကာငယ် မောင်မြင့် နှင့် ၎င်းမှ ဆက်သွယ်တိုက်တွန်းနှိုးဆော်ချက်အရ ပရိယတ္တိသာသနာနုဂ္ဂဟ

အသင်းကြီးသို့ အသင်းသားအဖြစ်ဖြင့် ကုသိုလ်ပါဝင်၍ ဓမ္မဒေသနာတရား စာကြည့်ရှုသူ ဒါယကာ ၅-ဦးတို့ကပါ အောက်ပါ လျှောက်ထားသော အမေးပုစ္ဆာများကို နောက်လ ထုတ်မည့် တရားစာ၌ မေတ္တာ ကရုဏာ ပုဗ္ဗင်္ဂမတရား ရှေ့ထားတော်မူ၍ ၎င်း အမေးနှင့် အဖြေ ပူးတွဲလျက် ထည့်သွင်းဟောကြားတော်မူပါမည့်အကြောင်း သုံးလီဒွါရ ပဏာမဖြင့် သာစွ တင်ချီ အဉ္ဇလီကို ရှင်ကြည်သဒ္ဓါ လေးမြတ်စွာနှင့် ဟတ္ထာဆယ်ချောင်း ထိပ်မှာလောင်း၍ ဦးခေါင်းညွှတ်ကျိုး ရှိခိုးဝပ်တွား အသနားတော်မြတ်ခံ လျှောက်ထားဝံ့ပါသည် အရှင်မြတ်ဘုရား။

## လျှောက်ထားရန် အမေးပုစ္ဆာများ၏ အကြောင်းမှာ

(၁) ယခုအခါ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ သာသနာတော်မြတ်ကြီး အတွင်း၌ မြတ်စွာဘုရားရှင် ဟောတော်မူသော အင်္ဂုတ္တိုရ် ပါဠိတော်အရ အဋ္ဌကထာ အရှင်မြတ်သည် ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသော ပရမတ်တရားတို့ကို မသိမလိမ်မာသော သူသည် **အန္ဓပုထုဇ္ဇန်မည်၏**။ ထို ရုပ်နာမ်စသော ပရမတ်တရားတို့ကို ဥဂ္ဂဟ,ပရိပုစ္ဆာ,ဝိနိစ္ဆယ သုံးပါးဖြင့် သိသောသူသည် **ကလျာဏပုထုဇ္ဇန်မည်၏** ဟုပင် ပြဆိုတော်မူ၏။ ထိုသို့ ဖွင့်ပြရာ၌ အချို့မှာ ပိဋကတ်ကျမ်းဂန် တတ်စွမ်း၍ ဒေသနာနည်းဖြင့် ကျက်မှတ် ရရှိသည့်အတိုင်း သရုပ်သန့်ရှာသိလျှင် ကလျာဏ ပုထုဇ္ဇန်ဖြစ်သည်ဟု ပြောဟောကြပါသည်။ ဤအရာ၌ စာပေကျမ်းဂန် မတတ်သောသူနှင့် နှိုင်းစာလျှင် ဟုတ်တန်ရာ မှန်သကဲ့သို့ ကျနေပါသည်။ အချို့ကလည်း ပရမတ် ရုပ်နာမ်ကို ဝိပဿနာ ဝိဇ္ဇာဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကွာအောင် သိမြင်မှ ဖြစ်သည်ဆိုပါသည်။ သို့ဖြစ်ပါ၍ လွန်စွာ သိမှတ်နာယူရန် အရေးကြီးလှပါသဖြင့် အန္ဓပုထုဇ္ဇန် အဖြစ်မှ လွန်မြောက်၍ ကလျာဏ ပုထုဇ္ဇန်အဖြစ်သို့ ပေါက်ရောက် တည်နေနိုင်အောင် သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် ဝိပဿနာ ပညာစခန်း လုပ်ထုံးလုပ်နည်းနှင့်တကွ ဉာဏ်၏အစဉ် ဖြစ်ပေါ်လာပုံတို့ကိုပါ သေချာဂနစွာဖြင့် ဩဝါဒဝိသဇ္ဇနာအဖြေ ထည့်သွင်း ဟောကြားတော်မူပါဘုရား။

(၂) ကလျာဏပုထုဇ္ဇန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် လောကီပုဗ္ဗဘာဂမဂ်ဉာဏ်ဖြင့် အသခ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မည်မျှလောက်အာရုံပြု၍ ဉာဏ်မျက်စိဖြင့် သိမြင်ကျက်စားနိုင်ပုံ အာရုံပြုပုံ အနုမာန မျက်ရမ်းဆပုံနှင့်တကွ သိနားလည်လိုပါသည်ဘုရား။(လောကီ-ဥပမာ ဥပမေယျတို့ဖြင့် ဆောင်၍ ပြစေလိုပါသည်။)

(၃) ကလျာဏပုထုဇ္ဇန်နှင့် စူဠသောတာပန်နှစ်မျိုးသည် အတန်းအဆင့် အမျိုးအစားချင်းသဘောအားဖြင့် အချို့ကတူသည်၊ အချို့ကမတူဟု ဝိဝါဒစကားပြောကြ၍ တူ-မတူခွဲခြားလျက် သိလိုလှပါသည်ဘုရား။

(၄) ဤဆိုခဲ့သော ပုဂ္ဂိုလ်နှစ်မျိုးသည်ပင် တရားရခြင်း ပညိန္ဒြေဉာဏ် အသိရှိခြင်း အနု-အရင့်ချင်း တူမျှသည်-မတူမျှသည်ကိုလည်း သိလိုလှပါသည်ဘုရား။

(၅) အရိယာ သောတာပန်ကဲ့သို့ မဂ်ဉာဏ်ကို မရ ရှိသေးသော သောတာပန်အငယ် သောတာပန်ဖြစ်လုနီးဟု ဆိုအပ်သော စူဠသောတာပန်သည် ဤလူ့ဘဝ၌ မဂ်ဉာဏ်ကို မရသေးသော်လည်း နိယတဂတိ မြဲ၍ အပါယ်ဘုံသို့မလားဘဲ နောက်ဒုတိယဘဝ နတ်ပြည်၌ မဟာသောတာပန်ဖြစ်မည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင် မိန့်ဆိုချက်အရ ၎င်းစူဠသောတာပန်သည် အပါယ်သို့မကျဟု ဆိုရပါမည်လား။ သို့မဟုတ် မဂ်ကို မရရှိသေး၍ ကျမည်ဟုပင် ယူရပါမည်လား။ ထို နှစ်ချက်ကို ခွဲခြား၍ မျှားစွာနာယူသိလိုလှပါသည်ဘုရား။

(၆) ရုပ်နာမ်သဘော (ဖြစ်ပျက်-ဖြစ်ပျက်) မြင်အောင် ကြည့်ရမည်ဟု လစဉ်ထုတ် တရားစာ၌ ဆရာတော်ဩဝါဒပေး၍ ဆုံးမလိုက်သည်ကို နာယူအားထုတ်ပါသည်။ သို့ရာတွင် ရုပ်နာမ်တို့၏ (ဖြစ်။တည်။ပျက်။) သဘောသည် အလွန်လျှင် သိမ်မွေ့လျင်မြန်လှ၍ ခဏိကအားဖြင့် ဇာတိ, ဇရာ,မရဏ၊သန္တတိအားဖြင့်လည်း ဇာတိ,ဇရာ,မရဏ၊ ဤသို့နှစ်မျိုး ပြရှိရာ ခဏိက(ဖြစ်ပျက်)အမြင်သည် ဘုရား,ရဟန္တာတို့၏ အရာတော်ဖြစ်သည်။ သာဝကတို့မှာ သန္တတိအစဉ်(ဖြစ်ပျက်)အပြတ်သဘောကို မြင်လျှင် မဂ်, ဖိုလ်ကိုပင် ရနိုင်-ပေါက်နိုင်သည်ဟု ဆရာတော် တပါး အမိန့်ရှိသည်ကို ကြားနာဘူးပါသည်။ ၎င်းဖြစ်၍ စူဠသောတာပန် ကလျာဏပုထုဇ္ဇန် ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့၏ မြင်နိုင်သော(ဖြစ်ပျက်)ကို ခွဲခြား၍ အလွန်မှ သိမှတ်နာယူလိုပါသည်ဘုရား။

ဤအထက်ပါ လျှောက်ထားချက်များကို ကခ်ါအဌကထာ၌ လာသော စကားများကဲ့သို့ ဝိပဿနာအရာ၌ သဒ္ဒါနည်းအရ မဟောမူ၍ အနက် အဓိပ္ပါယ်ကိုသာ လိုရင်းပဓာနပြု၍ ဟောရမည်ဟုလာရှိပါသည်။ သို့ပါ၍ ထိုနည်း မခြား တပည့်တော်များအား အစဉ်သနားသဖြင့် **သာသန ပဋိပတ္တိ အလင်း တရား** ထည့်သွင်း ဟောပြတော်မူပါမည့် အကြောင်း လေးမြတ်စွာ ဂါရဝ တရားနှင့် အဘိယာစကပြု၍ အလီလီ တောင်းပန်လျှောက်ထားလိုက်ပါသည် အရှင်သူမြတ်ဘုရား။

ဓမ္မဒေသနာတရားစာကြည့်ရှုသူ
ဒါယကာငယ် ၅-ဦးနှင့်အမှူးပြု လျှောက်ထားသူ မောင်မြင့်။

## သာသနပဋိပတ္တိအလင်းတရား

သမ္မာ၊ဟုတ်မှန်သောတရားတို့ကို။သံ၊ကိုယ်တော်တိုင်။ဗုဒ္ဓ၊သိတော်မူ၍ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူသောကြောင့် ဟုတ်မှန်သော တရားတို့ကို ကိုယ်တော်တိုင် သိတော်မူ၍ ဟောကြားတော်မူသော မြတ်စွာဘုရား၏ သာသနာတော် အတွင်း၌ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကို ယုံကြည် ကိုးကွယ်ပါ၏။ မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ္တိ ပိဋကတ်သုံးပုံ တရားတော်ကို ယုံကြည်မြတ်နိုး ကိုးကွယ်ပါ၏။ ရဟန်းသံဃာတော်ကို ယုံကြည်မြတ်နိုး ကိုးကွယ်ပါ၏ ဟူ၍ ယုံကြည်မြတ်နိုး ရှိခိုး ပူဇော်ထိုက်သော ရတနာ သုံးပါးရှိသည်။

ထိုရတနာမြတ် သုံးပါးသည် အလုံးစုံသောရတနာတို့ထက် အမြတ်ဆုံး ဖြစ်ပေသည်ဟူ၍ အထူးသိသော်၎င်း, နည်းနည်းသိသော်၎င်း, ရှေးပါရမီ အားလျော်စွာ အမြတ်ဟူ၍ ယုံကြည်သော စိတ်ကောင်း နှလုံးကောင်းဖြင့် ဗုဒ္ဓဘာသာ၏ အဖြစ်သို့ စိတ်ရောက် နေသောသူကို သရဏဂုံ တည်သောသူ ဟူ၍ဆိုသည်။

ထိုသရဏဂုံတည်သောပုဂ္ဂိုလ်သည် သာသနာပ ကာလ ဗာဟိယ၌ သမာပတ်ရှစ်ပါး အဘိညာဏ် ငါးပါးတို့ကိုရသော ရသေ့ပရိဗ္ဗာဇကဖြစ်သူတို့ထက် သာလွန်၍မြတ်သည် အဘယ့်ကြောင့် သာလွန်၍ မြတ်သနည်း ဟူမူ၊ သာသနာတော် အတွင်း၌ သရဏဂုံ ဆောက် တည် ခြင်း သည်

လောကုတ္တရာ၏ အခြေဖြစ်သောကြောင့်တည်း။သာသနာပကာလ ဗာဟိယ၌ ချာန်အဘိညာဏ်ရသော ရသေ့တို့ကိုလှူသော အလှူထက် သာသနာတော်အတွင်း သရဏဂုံတည်သောသူကို လှူသောအလှူကသာလွန်၍အကျိုးကြီးမြတ်ကြောင်းကို ရည်တော်မူ၍ ဒက္ခိဏ ဝိဘင်္ဂသုတ်၌ (သာသနာပ ချာန်ရ ရသေ့ကိုလှူ၍ ကောဋိသတသဟဿ အကျိုးရှိ၏၊ သောတာပန်ဖြစ်အောင် ကျင့်သော ပုထုဇ္ဇန်ကို လှူသောကြောင့် အသင်္ချေယျ-အပမေယျအကျိုးရှိ၏ဟူ၍) မဟာတော်မူသည်။ထိုစကားသည်မှန်၏။မူလပဏ္ဏာသ အဋ္ဌကထာ သလ္လေခသုတ် ၁၈၀-၌လည်း သရဏဂုံဆောက်တည်သည်မှစ၍ သာသနာတော် အတွင်း၌ သောတာပန် ဖြစ်အောင် ကျင့်သောသူ ဟူ၍ ဆိုထိုက်ကြောင်း ဖွင့်ပြတော်မူသည်။(ဤကား သာသနာတော်ဂုဏ် အဘိုးတန်ပုံ။)

"တုမှံ ပသာဒံ ပဋိလဒ္ဓါ၊ ဗုဇ္ဈိဿန္တိ အနာဂတေ"

တုမှံ၊ ရတနာသုံးပါး အမြတ်ထားသော အရှင်ဘုရားတို့ အား။ ပသာဒံ၊ကြည်ညိုခြင်းကို။ပဋိလဒ္ဓါ၊ရရှိကုန်သော သရဏဂုံတည်သူတို့သည်။ အနာဂတေ၊ နောက်ဘဝ နောက်ကမ္ဘာ နောက်ဘုရားတို့ လက်ထက်၌။ ဗုဇ္ဈိဿန္တိ၊ သောတာပန် စသည်ဖြစ်ကြကုန်လတ္တံ့။

ဤသို့ ဟောကြားသော(စုလ္လာဘိတိသဟဿ)ပြဟ္မဏကညာထေရီ အပဒါန် ပါဠိတော်နှင့် အညီ စိတ်ရောကိုယ်ပါ ဗုဒ္ဓဘာသာ အစစ် ဖြစ်၍ သရဏဂုံ တည်သောကြောင့် သောတာပန် ဖြစ်ကြောင်း အကျင့်ကောင်းရှိသော ဗုဒ္ဓဘာသာ ပုထုဇ္ဇန်ကို (အကလျာဏ) မကောင်းဟူ၍ မဆိုသာ၊ (ကလျာဏ)ကောင်းသော ပုထုဇ္ဇန်ဟူ၍ပင် ဆိုသင့်ပေသည်။

အန္ဓပုထုဇ္ဇန်ဟူရာ၌၊ အန္ဓ=အကာဏ်းဆိုသည်မှာ မောဟဖြစ်သည်။ ထိုမောဟဖြစ်သော အန္ဓသည် အနာဂါမ်တိုင်အောင်လိုက်သည်။ ရဟန္တာဖြစ်မှ အန္ဓကင်းလွတ်သည်။ အန္ဓကင်းလွတ်သော ရဟန္တာဖြစ်သော်လည်း အာဂုံနှုတ်ရ သရုပ်သချာသိ၍ အဘိဓမ္မာတတ်သော ရဟန္တာလည်းရှိသည်။ အဘိဓမ္မာ မတတ်သော ရဟန္တာလည်းရှိသည်။ ဓမ္မပဒ - ပေါဋ္ဌိလထေရ်နှင့် ရဟန္တာတပါး ဝတ္ထုကိုထောက်၊ ရဟန္တာက စာမတတ်၊ ပေါဋ္ဌိလပုထုဇ္ဇန် က စာတတ်သည်။

ပဋိသမ္ဘိဒါဉာဏ်မရသော ရဟန္တာထက် - ပဋိသမ္ဘိဒါဉာဏ်ရသော ရဟန္တာက ပိဋကတ်ကို ကောင်းစွာ တတ်သိခြင်းရှိသည်။ ပဋိသမ္ဘိဒါဉာဏ် ရသော ရဟန္တာတို့တွင်လည်း ဆုတောင်း ပါရမီရှိသူက သာလွန်သည်။ အရှင်မဟာကောဋ္ဌိက ထေရ်သည် ပဋိသမ္ဘိဒါဉာဏ်ရသော ရဟန္တာတို့တွင် အသာလွန်ဆုံးဖြစ်၍ ဧတဒဂ်ရသည်။ ဝိနည်းတတ်သော ရဟန္တာလည်းရှိသည်။ဝိနည်းမတတ်သော ရဟန္တာလည်းရှိသည်။ အရှင်ဥပါလိထေရ်သည် ဝိနည်းအတတ်ဆုံးဖြစ်၍ ဧတဒဂ်ရသည်။

စာပေကျမ်းဂန် ပိဋကတ်ကို တတ်မြောက်သည်ဟု ဆိုသော်လည်း ပဋိသမ္ဘိဒါဉာဏ်ကို ရမှသာလျှင် ကောင်းစွာ တတ်မြောက်သည်ဟု ဆိုရသည်။ထိုပဋိသမ္ဘိဒါဉာဏ်ရသော်လည်း ပါရမီသာလွန်သောသူက ပဋိသမ္ဘိဒါဉာဏ် ထက်မြက်ခြင်း, နက်နဲခြင်း, လျှင်မြန်ခြင်း ရှိသည်။ အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာတို့ ဝတ္ထုကိုထောက်၊ ပဋိစ္စသမုပ္ပါဒ်ကို တတ်သိနားလည်၏ဟူ၍ ဆိုသော်လည်း အရှင်အာနန္ဒာက တိမ်တိမ်တတ်သိသည်။ အရှင်သာရိပုတ္တရာက နက်နက်ကြီး တတ်သိသည်။

ပုထုဇ္ဇန်တို့မှာလည်း ဆုတောင်း အားလျော်စွာငှင်း, ပါရမီအားလျော်စွာငှင်း, ဝိပါကာဉ် ကင်းလွတ်ခြင်း၊ မကင်းလွတ်ခြင်း အားဖြင့်ငှင်း, ဉာဏ်ကောင်းသူလည်းရှိသည်၊ ဉာဏ်လေးသူလည်းရှိသည်၊ အရှင် စူဠပန်မှာ ဝဋ်မကင်း၍ ဉာဏ်လေးရသည်ကို ထောက်။ မိလိန္ဒမင်းမှာ ဆုတောင်း ကောင်း၍ ဉာဏ်ကောင်းသည်ကိုလည်းထောက်။ ထို့ကြောင့် အန္ဓ,ကလျာဏဟူသော နာမည်သည် သင့်လျော်ရာအကြောင်းတခုခုကို မြှော်ရှုထောက်ဆ၍ ခေါ်ဆိုရသော နာမည်ဖြစ်သည်။ ပုံသေမှတ်၍ ခေါ်ဆိုအပ်သော နာမည်မဟုတ်။

သမ္မာသမ္ဗုဒ္ဓဘုရားကိုထောက်စာလျှင် ပစ္စေကဗုဒ္ဓါသည် အကလျာဏဖြစ်၍နေ၏။အန္ဓ-ဟူ၍ကား မဆိုရ။ ပစ္စေကဗုဒ္ဓါ။လ။အဂ္ဂသာဝက။လ။ မဟာသာဝက။ လ။ ပဋိသမ္ဘိဒါဉာဏ်ရသော ပကတိသာဝကကို ထောက်စာလျှင် ပဋိသမ္ဘိဒါဉာဏ် မရသော ပကတိသာဝကသည် အကလျာဏ ဖြစ်ပြန်၏။ အန္ဓ-ဟူ၍ကား မဆိုရ။ ပဋိသမ္ဘိဒါဉာဏ်မရ၍ စာမတတ်သော်လည်း မောဟ-အန္ဓကင်းလွတ်၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်မြတ်ကို ထောက်စာလျှင် ဆုတောင်း ပါရမီ အားလျော်စွာ စာတတ်သော အနာဂါမ်ပင်

ဖြစ်သော်လည်း အကလျာဏ အန္ဓဟူသော ခေါ်ဆိုခြင်းမှ မလွတ်သေးပေ။ ဆုတောင်းအားလျော်စွာ စာတတ်၍ အနာဂါမ်တည်သော စိတ္တသူကြွယ်၏ ဝတ္ထုကို ထောက်။ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်သောကြောင့် စာချနိုင်၍ တပည့် ရဟန္တာသုံးသောင်း၏ ဆရာ-ပုထုဇ္ဇန် မဟာသိဝထေရ်ကိုလည်း ထောက်။

အရှင် အာနန္ဒာကဲ့သို့ ပိဋကတ် သုံးပုံဆောင် ဗဟုဿုတ တေဒဂ်ရ ပဋိသမ္ဘိဒါပတ္တ သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်မြတ်တို့ကိုလည်း မောဟမကင်းသေး၍ အန္ဓ-ဟူ၍ ဆိုလျှင် ပုထုဇ္ဇန်မှာ(ပဂေဝ)အန္ဓအစစ်ဖြစ်လေတော့သည်။ ယင်းသို့ အန္ဓ-အစစ် ဖြစ်သော်ငြားလည်း (ဖြစ်ပျက်)မမြင်သူကို နှိုင်းစာလျှင် (ဖြစ်ပျက်)မြင်သူကို ကလျာဏပုထုဇ္ဇန်ဆိုရသည်။ အဘိဓမ္မာ မတတ်-ပရမတ်သရုပ်မကွဲသူကို နှိုင်းစာလျှင် အဘိဓမ္မာတတ်-ပရမတ်သရုပ်ကွဲသူကို ကလျာဏ ဆိုရသည်။ ငါးပါးသီလ မမြဲသူကို နှိုင်းစာလျှင် ငါးပါးသီလမြဲသူကို ကလျာဏဆိုရသည်။သာသနာပ ဈာန်ရရသေ့ကို နှိုင်းစာလျှင် သာသနာတွင်း၌ သရဏဂုံတည်သော ဗုဒ္ဓဘာသာကို ကလျာဏ ဆိုရသည်။ သာသနာပ ဈာန်မရသူကို နှိုင်းစာလျှင် သာသနာပ ဈာန်ရသူကို ကလျာဏဆိုရသည်။ နိယတမိစ္ဆာဒိဋ္ဌိကို နှိုင်းစာလျှင် သာသနာပ ကမ္မဝါဒီကို ကလျာဏဆိုရသည်။

နိယတမိစ္ဆာဒိဋ္ဌိ ဆိုသည်ကား ရတနာ သုံးပါးတို့ကို ရည်မှန်း၍ လှူဒါန်းပူဇော်ခြင်းသည် အကျိုးမရှိဟူ၍၎င်း၊ နွား,ကျွဲ,ဆိတ်,ဝက်,ကြက်,ငှက်, လိပ်, ငါး, သတ္တဝါများကို စားစရာ,သောက်စရာ, ကမ္ဘာ့ဟင်းသီး, ကမ္ဘာ့ဟင်းရွက်ဖြစ်သည် သတ်ဖြတ်စားသောက်၍ အပြစ်မရှိ ဟူ၍၎င်း၊ ကုသိုလ်မှန်းမသိ, အကုသိုလ်မှန်းမသိ ထင်မိထင်ရာ မှတ်ယူကြကုန်သော ရေရှု-ရေဖျန်း-ရေနှစ်-ခရစ်ဘာသာဝင်သူ လူအပေါင်းတို့ကို နိယတမိစ္ဆာဒိဋ္ဌိဆိုသည်။ ထိုနိယတမိစ္ဆာဒိဋ္ဌိတို့ထက် အပြစ်ကြီးသောသူ မရှိဟု မြတ်စွာဘုရားဟောတော်မူသည်။ အယူမစွန့်လျှင် သေသည်မှနောက် အပါယ်ရောက်မည်မုချ။ မိစ္ဆတ္တနိယတ ဖြစ်သော ရေရှု-ရေဖျန်း-ရေနှစ်တို့အောက် ယုတ်နိမ့်သောသူ တစုံတယောက်မျှမရှိ၍ နှိုင်းစာဘို့ရှာသော်လည်း တဆိတ်စာမျှ မရသောကြောင့် ကလျာဏဟု ဆိုစရာ တဆိတ်စာမျှ မရှိအောင် ယုတ်နိမ့်သော အနိမ့်ဆုံး လူစုဖြစ်ကုန်၏။

အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် ဧကဒေသ ဌါ၁သဝဂ်-၂၅-၂၇၊

သဗ္ဗညုမြတ်စွာဘုရားကို ထောက်စာလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကိုလည်း အကလျာဏဟု အဘယ့်ကြောင့် ဆိုရသနည်းဟူမူ၊ မိမိကိုယ်တိုင်သိသော သစ္စာလေးပါး လောကုတ္တရာတရားတို့ကို နာမပညတ်တင်၍ သူတပါးတို့အား မပြောဟောနိုင်သောကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လူအနှင့် တူသည်ဟူ၍ ခဂ္ဂဝိသာဏသုတ် အဖွင့်။ အပဒါန် အဋ္ဌကထာ သုတ္တနိပါတ် အဋ္ဌကထာတို့၌ဆိုသည်။

လူအနှင့်တူသည်ကို အကောင်းဆိုမည်လား-မကောင်းဆိုမည်လားဟု မေးသည်ရှိသော် (လူအနှင့် တူ၍နေဒါ) မကောင်းပါဘူး ဟူ၍ သာလျှင် ပြောဆိုကြလတ္တံ့။ ထိုကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကိုထောက်စာလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကိုသော်လည်း အကလျာဏဆိုရသည်။

သမ္မာသမ္ဗုဒ္ဓသဗ္ဗညုမြတ်စွာဘုရားထက် သာလွန်သူ အကယ်၍ရှိငြားအံ့၊ ထိုသာလွန်သူကိုနှိုင်းစာ၍ သဗ္ဗညုမြတ်စွာဘုရားကိုလည်း အကလျာဏဆိုရန်ရှိပေလိမ့်မည်။ သဗ္ဗညု မြတ်စွာဘုရားထက် သာလွန်သူကို နှိုင်းစာဘို့ရှာသော်လည်း တယောက်မှ မတွေ့ မရှိသောကြောင့် သဗ္ဗညုမြတ်စွာဘုရားမှာ အကလျာဏဆိုစရာ တဆိတ်စာမျှမရှိချေ။ အကောင်းတရားတွေပိုမို၍ ကျောင်းသားကလျှောက်ဆိုသော သာသနာလျှောက်အလို။

"ကောင်းဆိုသမျှထိပ်စု၊ နှဲဆိုသမျှထိပ်တင်၊ ရင်ဆိုသမျှထိပ်ပန်း၊ ဆန်းဆိုသမျှထိပ်ပေါ်၊ တော်ဆိုသမျှထိပ်ထွဋ်၊ မြတ်ဆိုသမျှထိပ်ချာ၊ သာဆိုသမျှထိပ်ဦး၊ ထူးဆိုသမျှထိပ်စွန်၊ လွန်ဆိုသမျှထိပ်စ၊ လှဆိုသမျှထိပ်ခေါင်၊ အမြိုက်ရောင် ခြောက်သွယ်ဖြင့်၊ အမိုက်မှောင် ဖျောက်ပယ်၍၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာ တော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်၊ တင့်တယ်လှပ၊ ကောင်းသမျှ အားလုံး၊ ပေါင်းစုရုံး၍၊ အ ကောင်း ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားကို ကလျာဏ၊အတိကလျာဏ၊အဘိကလျာဏ၊ဇေဋ္ဌကလျာဏ၊သေဋ္ဌကလျာဏ၊အတုလကလျာဏ၊အသဒိသကလျာဏ၊အနန္တကလျာဏ၊အစိန္တေယျကလျာဏ"ဟူ၍ ဆိုရလေသည်။(အဟော မဟာစ္ဆရိယော) ဩော် - အံ့သြဘွယ် ကြီးပါတကား။ (အဟော-အနန္တဉာဏော) ဩော်-အဆုံးမရှိသော ဉာဏ်တော်ရှင် ဖြစ်ပါပေ၏ တကား။ (အဟော-အနန္တဂုဏော)ဩော်-အဆုံးမရှိသော ဂုဏ်တော်ရှင်ဖြစ်ပါပေ၏

တကား။ (အပေါ-အစိန္တေယျဂုဏော) ဩဘ်-မကြံစည်နိုင်သော ဂုဏ်တော်အရှင် ဖြစ်ပါပေ၏ တကား။

ထို့ကြောင့် အကလျာဏဆိုစရာ တဆိတ်စာမျှမရှိသော မြတ်စွာဘုရားသည် အမြင့်ဆုံးဖြစ်တော်မူ၏။ ကလျာဏဆိုစရာ တဆိတ်စာမျှ မရှိသော ရေရှူ-ရေဖျန်း-ရေနှစ်တို့သည် အနိမ့်ဆုံးဖြစ်ကုန်၏။

ဤသို့ပြဆိုသည့်အတိုင်း အနိမ့်-အမြင့်-အဆင့်ဆင့်ကို ထောက်ချင့်နှိုင်းစာ၍ ကလျာဏဟူသော အမည်ကို ဆိုရလေသည်၊ တဦးတယောက်ကို ပုံသေမှတ်၍ ဆိုရသည်မဟုတ်။

အန္ဓကလျာဏပုဂ္ဂလ္လာအဖြေပြီး၏။

ဗုဒ္ဓသာသနာတော်နှင့်တွေ့ကြုံ ယုံယုံကြည်ကြည် သရဏဂုံတည်သည်မှစ၍ ကလျာဏပုထုဇ္ဇန်ဖြစ်သည်။ ထိုကလျာဏ ပုထုဇ္ဇန်သည် ပါရမီပြည့်စုံ လုံလောက်ပြီးဖြစ်လျှင် သရဏဂုံ တည်ပြီးခဏ တနာရီမျှ မကြာမီမဂ်, ဖိုလ်ကို ရတတ်၏၊ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ ပရိဗ္ဗာဇက စသည်ကိုထောက်၊ အချို့မှာ ဆံပင်ရိတ်၍ ပြီးဆုံးသည်နှင့်တပြိုက်နက်မဂ်,ဖိုလ်ရတတ်၏။ နိဂြောဓသာမဏေ စသည်ကိုထောက်၊ (စိတ်ယုံကြည်လျှင် သရဏဂုံတည်သည်၊ နှုတ်က ဆိုမှ တည်သည်မဟုတ်။)

## သစ္စာလေးပါး ကမ္မဋ္ဌာန်းရှုနည်း

**ဖြစ်ချင်-ဖြစ်၊ မဖြစ်ချင်-မဖြစ်၊ သစ္စာ လေးပါး အစစ်။**
ဆောင်ပုဒ်လင်္ကာ။

**ဖြစ်ချင်** ဆိုသည်ကား သမုဒယသစ္စာ။ **ဖြစ်** ဆိုသည်ကား ဒုက္ခသစ္စာ။ **မဖြစ်ချင်** ဆိုသည်ကား မဂ္ဂသစ္စာ။**မဖြစ်** ဆိုသည်ကား နိရောဓသစ္စာ။

ဖြစ်ချင်လို့ဖြစ်သည်၊ မဖြစ်ချင်လျှင် မဖြစ်ဘူး၊ အဘယ့်ကြောင့်ဖြစ်ချင်သနည်း။ ဖြစ်ပျက်ကိုမမြင်လို့ ဖြစ်ချင်သည်။ အဆင်းဖြစ်ပျက်၊အသံဖြစ်

ပျက်။ လ။ ကြမ်း,ချော,ခဲ့,ခံ၊ တွန်း,တိုး,ဓတောင့်,တင်း၊ ပူ,အေး,နွေး,လော ဖြစ်ပျက်၊ မြင်စိတ် ကြားစိတ် ဖြစ်ပျက်။လ။

ဤရုပ်နာမ် ဖြစ်ပျက်ကို မမြင်လို့ လူထင်သည်၊ မိန်းမ-ယောကျ်ား ထင်သည်၊ အထင်လွဲသည်၊ အဟုတ်အမှန်ကို မထင် မမြင် မသိ(အဲသည်ဟာ အဝိဇ္ဇာဘဲ)လူထင်လို့ လူဖြစ်ချင်သည်၊ မိန်းမဖြစ်ချင်သည်၊ ယောကျ်ားဖြစ် ချင်သည်၊ လိုချင်တောင့်တသည်။ ( အဲဒါ တဏှာဘဲ၊ သမုဒယ သစ္စာဘဲ၊ ဖြစ်ခြင်း၏အကြောင်းဘဲ၊ ရုပ်နာမ်ဖြစ်ခြင်း၏ အကြောင်းဘဲ။) ဖြစ်ချင်လို့ ဖြစ်သမျှ ရုပ်နာမ်တို့သည် ဖြစ်ခြင်း-ပျက်ခြင်း ဒုက္ခသဘောတွေဘဲ၊ လှုပ်လှုပ် ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ဖြစ်ပျက်ကြ၏။ (အဲဒါ-ဒုက္ခသစ္စာဘဲ၊ ဆင်းရဲ အမှန်ဘဲ။)

အဆင်း, အသံ, အနံ့ စသည်တို့ လှုပ်လှုပ် ရွရွ နုပ်နုပ် ဖွဲ့ဖွဲ့ မွမွကြဲမျှ ဖြစ်ပျက်သည်ကိုမြင်ပါလျှင် ထင်ပါလျှင် ဖြစ်ချင်ဦးမည်လော။

သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့ဖြင့် အကြိမ်ကြိမ် အခါခါရှု၍ ဖြစ်ပျက်ကိုမြင်၍နေသည်ရှိသော် ဖြစ်သမျှအကုန်ပျက် မရပ်မစဲ တပျက်ထဲ ပျက်၍ လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ပျက်၍နေသည်ကို မြင်သောအခါ (ဘင်္ဂဉာဏ်ထင်သော အခါ) ဘေးကြီး-အပြစ်ကြီး-ကြောက်စရာကြီး ဟူ၍ ကြောက်ရွံ့ထိတ်လန့် ငြီးငွေ့ခြင်း သဘော၊ ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ် သဘော၊ လှုပ်လှုပ် ရွရွ မွမွကြဲမျှ ပျက်၍ နေသော ဘေးကြီး - အပြစ်ကြီး ကြောက်စရာကြီးမှ လွတ်ကင်းလိုတဲ့သဘော၊ (မုဉ္စိတု ကမျတာ သဘော) လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲမျှ ပျက်၍နေသော ဘေးကြီး–အပြစ်ကြီး ကြောက်စရာကြီးမှ လွတ်ကင်းရာကို ရှာကြံခြင်းသဘော၊ (ပဋိသင်္ခါဉာဏ် သဘော) လှုပ်လှုပ်ရွရွ မွမွကြဲမျှ ပျက်၍နေသော ဘေးကြီး - အပြစ်ကြီး ကြောက်စရာကြီး(ကမ္ဘာ့မီးပုံကြီး)မှ လွတ်ကင်းရာ ဖြစ်ပျက်အစုဥ္ တစုံတခု မျှမမြင်ဘဲ မွမွကြဲမျှ ပျက်၍နေသော အပျက်ဘေးကြီး-ကြောက်စရာကြီး (ကမ္ဘာ့မီးပုံကြီး)အထဲ၌ မလွဲသာ မရှောင်သာ လှုံကာအိပ်၍ ပျက်ဘေးကြီး (ကမ္ဘာ့မီးပုံကြီး) အရှိန်အပူကို အလေးမမူ အရေးမယူ မညည်းညူဘဲ လျစ် လျူရှုသော(သင်္ခါရုပေက္ခာဉာဏ်ဖြင့်) အဖန်ဖန် အခါခါ ကြည့်ရှုဆင်ခြင် (အပျက်တွေကို)တမြင်ထဲ မြင်၍နေလေသည်။ (အဲဒါ-မဂ္ဂသစ္စာဘဲ။) ပုဗ္ဗ ဘာဂမဂ်ဘဲ၊ ဤကား ဉာဏ်အစဉ်ဖြစ်ပေါ်ပုံတည်း။

ပျက်၍သာ နေသည်ကို တမြင်ထဲ မြင်၍နေလျှင် ဖြစ်ချင် ဦးမည်လော။ ကမ္ဘာ့မီးပုံကြီးလောင်၍နေသည်ကို တမြင်ထဲ မြင်၍နေလျှင် ကမ္ဘာ့မီးပုံကြီးထဲ၌ ဖြစ်ချင်ဦးမည်လော။နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြေမျှ ပျက်၍သာနေသည်ကို တမြင်ထဲ မြင်၍နေလျှင် မဖြစ်ချင်တော့ဘူးပေါ့။(ဖြစ်ချင်)ဆိုတဲ့ တဏှာ အလိုလိုပျောက်၍ သွားလေသည်။ (အဲဒါ-မဂ္ဂသစ္စာ၏ ပဟာနသတ္တိဘဲ။) သမုဒယတဏှာကိုပယ်ခြင်းဘဲ။(မဖြစ်ချင်)ဆိုတဲ့ ပဟာနသဘော သမုစ္ဆေဒ အနေနှင့် ပေါ်လာလျှင်(မဖြစ်)ကို အာရုံပြုသည်။ တဒင် အနေနှင့် ပေါ်လျှင်(ဖြစ်ပျက်)ကိုပင် အာရုံပြုသည်။ ထိုကြောင့်-

ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။
ပုဗ္ဗဘာဂ၊ လောကုတ္တရ၊ မဂ္ဂနှစ်ဖြာမှတ်။

ဖြစ်ပျက် မြင်လျှင် ပုဗ္ဗဘာဂ မဂ်ဖြစ်သည်။ မဖြစ်ကို မြင်လျှင် လောကုတ္တရာမဂ်ဖြစ်သည်။

## ပုထုဇ္ဇန်တို့ အနုမာနဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ဉာဏ်ကျက်စားနိုင်ပုံ

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ကြည့်ရှု ဆင်ခြင်ဘန်များလျှင် လှုပ်လှုပ်ရွရွ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြေ၍နေအောင် ဖြစ်ပျက်ဉာဏ် အမြင်သန်သောအခါ လျင်မြန်စွာဖြစ်၍ ပျက်ကုန်သော အပျက်တွေကိုသာ မြင်လေသည်။

အပျက်တွေကို မြင်၍နေသောအခါ(တနိုင်ငံလုံး သူပုန်ထ၍ ဓားပြတိုက်၍ သတ်ဖြတ်တိုက်ခိုက် ရိုက်ပုတ်နှိပ်စက် မီးရှို့ဖျက်ဆီး အပျက်ကြီး ပျက်၍ နေသည်ကို မြင်သလို ကာလနာ ပုလိပ်နာ တနိုင်ငံလုံး ဖြစ်၍ သေကြေပျက်စီး အပျက်ကြီး ပျက်၍နေသည်ကို မြင်သလို)ဘေးကြီး,အပြစ်ကြီး ကြောက်စရာကြီး,အပျက်ကြီးကို ထိတ်လန့်ကြောက်ရွံ့လှ၍ အပျက်လွတ်ရာကိုရှာကြံလျှင် **မဖြစ်** ကိုသာမြင်၏။ **မဖြစ်** မှတပါး **အပျက်** လွတ်ရာကို စကြဝဠာ အနန္တ၌ ရှာသော်လည်း မတွေ့ရသဖြင့် **မဖြစ်မှ သာလျှင် မပျက်ပါ တကား၊ အပျက် လွတ်ရာ မဖြစ် တခုသာ ရှိပါတကား** ဟူ၍ **မဖြစ်** ကို သာလျှင် အခါခါ လိုလား၍ **မဖြစ်** နိဗ္ဗာန်ကိုသာ

စိတ်ညွတ်၍ တောင့်တ၍ နေလေသည်။ ဤကား-ပုထုဇ္ဇန်တို့အနုမာနဖြင့် **မဖြစ်** နိဗ္ဗာန်၌ ညဏ်ကျက်စားနိုင်ပုံတည်း။

**မဖြစ်** မှုသာလျှင် **မပျက်** ပါတကား၊ **အပျက်** လွတ်ရာတွေ့အောင် ရှာလျှင် **မဖြစ်** တခုသာတွေ့ရပါတကားဟူ၍ အခါခါ အထပ်ထပ် မပြတ် မစဲ စိတ်မှာစွဲ၍ **မဖြစ်** ကိုသာလျှင် အခါခါလိုလားတောင့်တ၍ စိတ်ညွတ်၍နေသဖြင့် **အပျက်လွတ်ရာ မဖြစ်သို့** ရောက်အောင် လုပ်လုံးလုပ်နည်း အလုပ်မှန် လမ်းမှန်ကိုရှာကြံသည်ရှိသော် ..

ဖြစ်ပျက်ကိုမြင်မှ(မဖြစ်)သို့ ရောက်မည်၊ဖြစ်ပျက်ကိုမြင် မဖြစ်ချင်မှ (မဖြစ်) သို့ ရောက်မည်၊ ဖြစ်ပျက်ကို မြင် မဖြစ်ချင်မှ မဖြစ်ပါတကား **မဖြစ်မှ-မပျက်ပါတကား**။

ဤကဲ့သို့သဘောပေါက်ပြီးလျှင်ဖြစ်ပျက်ကိုသာလျှင် မြင်သည်ထက် တိုး၍ မြင်လေအောင် အကြိမ်ကြိမ် အခါခါ သွားရင်း လာရင်း နေရင်း ထိုင်ရင်း လုပ်ရင်း ကိုင်ရင်း ကြည့်ရှု စဉ်းစားဆင်ခြင်၍ နေသော ပုဂ္ဂိုလ်သည် ပါရမီ မပြည့်စုံသေး၍ ယခုဘဝ၌ မဂ်,ဖိုလ်မရဘဲ သေ၍သွားသော်လည်း အပါယ်မလားဘဲ သုဂတိ မြဲလေသောကြောင့် **စူဠသောတာပန်** ဟူ၍ ဆိုသတည်း။ *

---

* ဤစူဠသောတာပန်ဟူသောစကားသည် သမာဓိ အားကောင်းစွာနှင့် ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်အား ရုပ်,နာမ်တို့၏ ဖြစ်ပျက်ကို ကောင်းစွာ ထင်ထင် သိမြင်ရသည်ရှိသော် "ယခုသိမြင်နေရသော ရုပ်,နာမ် တရားတို့သည် ရှေးကကိုမှီ၍ဖြစ်ကုန်၏။ရှေးရှေးပြုခဲ့သောကံတို့သည်လည်း ထိုထိုအကြောင်း ရုပ်, နာမ်ကိုမှီ၍ဖြစ်ကုန်၏။ သို့ဖြစ်၍ အဆက်ဆက်အားဖြင့် ယခုရှိသော ရုပ်,နာမ်တို့ သည်လည်း ဖြစ်ပြီး ပျက်ကြသည်သာ ဖြစ်ကုန်သောကြောင့်၊ ငါ, သူ တ ပါး၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါအားဖြင့်မရှိပြီ"ဟု ပဋိသမ္ဘိဒါ ဉာဏ်အား လျော်စွာမြင်သောယောဂီသည် "ပစ္စယပရိဂ္ဂဟဉာဏ်ရပြီ"ဟူ၍၎င်း၊ "ယထာဘူတဉာဏ်ရပြီ"ဟူ၍၎င်း၊ "ဓမ္မဋ္ဌိတိဉာဏ်ရပြီ"ဟူ၍၎င်း၊ "ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ ရောက်ပြီ"ဟူ၍၎င်း၊ အသီးသီး အမည်တပ်အပ်သော "စူဠသောတာပန်" ဖြစ်လေသည်။

ထိုပစ္စယပရိဂ္ဂဟဉာဏ်ပိုင်နိုင်ပြီးသော ယောဂီသည်၊အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလသုံးပါးလုံး၌ သတ္တဝါနှင့် စပ်၍ဖြစ်သော ယုံမှားခြင်း ၁၆-ပါးကို

ဖြစ်ပျက်ကို မြင်အောင် ကြည့်ရှု ဆင်ခြင်ခြင်းမရှိ သတိ မငွေ့ မေ့လျော့ပျော့ကျပျက် ဂရောက်ဂရက် စိတ်မျိုးနှင့် သေလျှင် ဂတိမမြဲ ကမ္ဘာ သကာ ကံချရာ ရောက်လေတော့သည်။

ဖြစ်ပျက်ကို မြင်သော စူဠသောတာပန်၏ ဉာဏ်မှာ ပါရမီအားလျော်စွာ အနု၊ အရင့်၊ အဆင့်ဆင့်၊ အမျိုးမျိုးရှိကြ၍ ပုံသေမှတ်စရာမရှိ။

ဖြစ်ပျက်ကို ကြည့်ရှု ဆင်ခြင်၍ အတိတ် ဖြစ်ပျက်ကို မြင်လျှင်လဲ အမြင်ဘဲ၊ အနာဂတ်ဖြစ်ပျက်ကိုမြင်လျှင်လဲ အမြင်ဘဲ၊ ပစ္စုပ္ပန် အဒ္ဓါ-သန္တတိ ဖြစ်ပျက်ကို မြင်လျှင် အမြင်ပါဘဲ၊ အဒ္ဓါ သန္တတိ ဖြစ်ပျက်ကို မြင်လျှင်လဲ အတွင်းဝင်၍ နေသော ခဏဖြစ်ပျက်ကို မြင်ရာကျဒါပါဘဲ၊ မွမွကြဲ၍ နေသည်ဆိုရာ၌ ခဏဖြစ်ပျက်ကိုရည်၍ နုပ်နုပ်ဖွဲ့ဖွဲ့ မွမွကြဲနေသည်ဟု ဆိုသည်။

---

"ဝိက္ခမ္ဘနပဟာန"အားဖြင့် ပယ်ခွါလွှန်မြောက်နိုင်သောကြောင့်၊ "ကင်္ခါဝိတရဏ ဝိသုဒ္ဓိ"အဆင့်၌ တည်လေပြီ။ ထို့ကြောင့် (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌) —

"ဧဝံနာနာနယေဟိ နာမရူပပစ္စယပရိဂ္ဂဟေနေ တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဋ္ဌိတံဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။" ဟူ၍မိန့်ပြီ။

ယင်းသို့ ရုပ်၊ နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်ကိုရှုသဖြင့် အမှန်အကန် သိမြင်ရရှိသောယောဂီပုဂ္ဂိုလ်မှာ ဤပစ္စယပရိဂ္ဂဟဉာဏ်အမြင်ကိုခြေင်းကြောင့်ရှင်တော်မြတ်ဘုရား၏ အဆုံးအမ၊ သြဝါဒသာသနာတော်တွင် သက်သာရာရပြီ၊ ထောက်ရာ တည်ရာရပြီ၊ နားနေရာ မှီခိုအားထားရာ ရပြီဟု မိမိကိုယ်ကို မိမိဝမ်းမြောက်ဘို့ ဝမ်းသာဘို့ ကြည်ညိုဘို့ အားထားဘို့ကောင်းလေသည်။

ထိုကဲ့သို့ စူဠသောတာပန်ဖြစ်လောက်သော စင်ကြယ်သန့်ရှင်းသည့်"ပစ္စယပရိဂ္ဂဟဉာဏ် ယထာဘူတဉာဏ်"ရသူတို့မှာ မဟာသောတာပန်ကြီးတို့ကဲ့သို့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လောကုတ္တရာဉာဏ်ဖြင့် မျက်မှောက် မပြုနိုင်သေးသော်လည်း၊ "သစ္စာလေးပါး အမှန်တရား"ကို လောကီဉာဏ်ဖြင့် တပ်တပ်ထင်ထင် သိမြင်ရလေသောကြောင့်၊ အပါယ်မကျသော စူဠသောတာပန် ဖြစ်ကြောင်းကို မဟာဋီကာ၌....

## မောင်မြင့် လျှောက်ချက်

၁၂၉၆-ခုနှစ်၊ တော်သလင်းလဆုတ် ၁၅-ရက်နေ့။

ပုသိမ် စီရင်စု ကျောက်ချောင်းကြီးရွာ ဆန်စက်စာရေး ဒိဋ္ဌိဝိသုဒ္ဓိအသင်းအကျိုးဆောင် ဒါယကာ-မောင်မြင့်နှင့်တကွ ၎င်းအဆိုပါအသင်းဝင် ဓမ္မဒေသနာ တရားစာ ကြည့်ရှုသူ ဒါယကာ ၅-ဦး ပေါင်းတို့က အောက်၌ပါရှိသော လျှောက်ထားချက်များကို မိုးရာ နောက်လပတ်တရားစာ၌ ဝိသဇ္ဇနာဒေသနာကို သေချာစွာ ကြားနာမှတ်သား သိရပါစေခြင်း

---

နာမရူပ ငဝတ္ထာနေန ဒုက္ခသစ္စံ၊ ဓမ္မဋ္ဌိတိဉာဏေန သမုဒယသစ္စံ၊တဿေဝ အပရာပရေန အနိစ္စတော မနသိကာရာဒိ ဝိမိနာ မဂ္ဂသစ္စဉ္စ အဘိညာယ ပဝတ္တိယာ ဒုက္ခဘာဝံဒိသွာ အပဝတ္တေနိရောဓေ ဇာံသေနေဝ နိန္နဇ္ဈာသယတာယ လောကိယေနေဝ ဉာဏေန စတုန္နံအရိယသစ္စာနံ အဓိကတတ္တာ အပါယေသု အဘာဗ္ဗုပ္ပတ္တိကော သောတာပန္နဘူမိယံ ဘဗ္ဗုပ္ပတ္တိကောစ ဟောတိ တိဝုတ္တံ နိယတဂတိကောတိ။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ)

နာမရူပဝဝတ္ထာနေန၊ နာမ်နှင့်ရုပ်ကို ပိုင်းခြားမှတ်သားသောဉာဏ်ဖြင့်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ဓမ္မဋ္ဌိတိဉာဏေန၊ ပစ္စယပရိဂ္ဂဟ ဓမ္မဋ္ဌိတိဉာဏ်ဖြင့်။သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ အပရာပရေန၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ရုပ်နာမ်အကြောင်းပစ္စည်းကို သိမ်းပြီးသောနောက်မှ။ တဿေဝဉာဏဝသေန၊ ထိုပစ္စယပရိဂ္ဂဟဉာဏ်၏ အစွမ်းဖြင့်သာလျှင် အနိစ္စတော မနသိကာရာဒိဝိမိနာ၊ ရုပ်နာမ်တို့၏ ဖေါက်ပြန်ပျက်စီးသည်ကို နှလုံးသွင်းခြင်း အစရှိသော အစီအရင်ဖြင့်။ မဂ္ဂသစ္စဉ္စ၊ မဂ္ဂသစ္စာကိုလည်း။ အဘိညာယ၊ ပစ္စက္ခဝိပဿနာကို ရှုသော ထူးသောဉာဏ်ဖြင့်သိ၍။ ပဝတ္တိယာ၊ဖြစ်ချည်,ပျက်ချည် အတည်မကျပြောင်းလဲဖြစ်ပျက်နေသော ရုပ် နာမ်အဆက်ဆက်ဖြစ်ခြင်း၏။ ဒုက္ခဘာဝံ၊ရုပ်,နာမ်ဆင်းရဲခြင်း၏အဖြစ်ကို။ ဒိသွာ၊ ဝိပဿနာမြတ်ပညာဖြင့် ကောင်းစွာမြင်၍။ အပဝတ္တေ၊ အသစ် အဆက်ဆက်ဖြစ်ခြင်းကင်းသော။ ဝါ၊ ရုပ်,နာမ်ဖြစ်ပျက်မရှိသော။ နိရောဓေ၊ နိရောဓသစ္စာ၌။ ဝါ၊ မဖြစ်နိဗ္ဗာန်၌။ ဇာံသေနေဝနိန္နဇ္ဈာသယတာယ၊ စင်စစ်အားဖြင့် ညွှတ်ကိုင်းသက်ဝင်သော အဇ္ဈာသယ ရှိသည် ၏ဖြစ်ကြောင့်သာလျှင်။ လောကိယေနေဝဉာဏေန၊ လောကီဖြစ်သောဉာဏ်ဖြင့်။ စတုန္နံ၊လေးပါးကုန်သော။အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အဓိဂတတ္တာ၊ သိသည်၏အဖြစ်ကြောင့်၊ အပါ

ၚ၁ ထည့်သွင်းဘော်ပြ ဟောကြားတော်မူပါမည့်အကြောင်း ကာယ ဝစီ မနောချီ၍ သုံးလီဒွါရ ဂါရဝဖြင့် တုတ်ကွရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးခိုက် လျှောက်ထံ့ကြပါသည်ဘုရား။

## လျှောက်ထားရန်များမှာ

(၁) ယခုအခါ မြတ်စွာ ဘုရားရှင်၏ သာသနာတော် အတွင်း၌ (မနုဿတ္တ ဒုလ္လဘာ) လူ၏အဖြစ်သို့ရလာကြရာတွင် ဒွိဟိတ်-တိဟိတ်ပုဂ္ဂိုလ်တို့၏ ကံပါရမီ တံဆိပ်အလား ခပ်နှိပ်၍ ပါလာကြသည် မဟုတ်လေသောကြောင့် ကျမ်းဂန်မှာရှိသည့်အတိုင်း ခွဲခြားပြဌာန်းလျက် ကျွတ်တမ်းရောက်ပုံ မရောက်ပုံများကိုပါ သုတ် အဘိဓမ္မာ နှစ်ဖြာသော ဒေသနာနှင့်ဟပ်၍ ယထာဘူတ သဘာဝကျနမှန်ကန်စွာ နာယူမှတ်သားလိုပါသည်ဘုရား။

(၂) ဘုရားရှင်တို့၏ သာသနာတော်တိုင်းနှင့် တွေ့ဆုံကြုံကြိုက်ကြကုန်သော (၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်။ (၂) ဝိပဥ္စိတညူပုဂ္ဂိုလ်။ (၃) နေယျပုဂ္ဂိုလ်။ (၄)ပဒပရမပုဂ္ဂိုလ်ဟူ၍ ၄-မျိုးရှိကုန်၏ဟု ဘုရားရှင်သည် ပုဂ္ဂလပညတ်ပါဠိတော်၌ ဟောတော်မူရာ၊ ထိုပုဂ္ဂိုလ် ၄-မျိုးတို့တွင် သက်တော်ထင်ရှား ဘုရားရှိစဉ် အခါကစ၍ ပရိနိဗ္ဗာန် စံ ဝင် တော် မူ ပြီး သည် တိုင် သာသနာတော် ငါးထောင် အတွင်း မဂ်ဖိုလ်နိဗ္ဗာန်၌ တည်ပြီး ပုဂ္ဂိုလ်မျိုး တည်ဆဲ ပုဂ္ဂိုလ်မျိုးများနှင့် မတည်ငြားနိုင်သည့် ပုဂ္ဂိုလ်များ စသည်တို့၏

---

ယေသု၊အပါယ်လေးဘုံတို့၌။ အဘဗ္ဗုပ္ပတ္တိကောစ၊ဖြစ်ခြင်းငှါ မထိုက်သည်လည်းကောင်း။သောတာပန္နဘူမိယံ၊သောတာပန်၏ဘုံ၌။ ဘဗ္ဗုပ္ပတ္တိကောစ၊ဖြစ်ခြင်းငှါ ထိုက်သည်လည်းကောင်း။ဟောတိ၊ဖြစ်၏၊ဣတိတသ္မာ၊ထို့ကြောင့်။ နိယတဂတိကောတိ၊ နိယတဂတိကောဟူ၍။ ဝုတ္တံ၊ အဌကထာဆရာ မိန့်ဆိုတော်မူ၏။

ဤသို့ ဘော်ပြတော်မူသောအတိုင်း အပါယ်မကျနိုင်သော စူဠသောတာပန်သည် သမာဓိ အားကောင်းစွာနှင့် ရုပ် နာမ် တရားတို့၌ အကြောင်းပစ္စည်း သိမ်းဆည်း နိုင်လောက်အောင် လုံ့လဝီရိယ ကောင်းကောင်းနှင့် ကြိုးစားအား ထုတ်က ယခုဘဝပင်ရနိုင်ပါသည်။သို့ပါသော်လည်း ယခုရသော "ပစ္စယပရိဂ္ဂဟ ဉာဏ်"မှ မဆုတ်မယုတ်အောင် ဆက်လက်ကြိုးစားပါလျှင် စူဠသောတာပန်တွင် မနေဘဲ၊ လောကုတ္တရာဉာဏ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော "မဟာသောတာပန်"ပင်ဖြစ်နိုင်ကြောင်း တိုက်တွန်းအပ်ပါသည်။

ပါရမီကံရိပ်နှင့် တကွ ရရှိကြသည့် ဘာဝနာ ကမ္မဋ္ဌာန်းများ မရရှိသေးသော ပုဂ္ဂိုလ်များ၌လည်း အားထုတ်ရမည့် လုပ်ငန်းကျင့်စဉ် နည်းလမ်းများနှင့် ထုတ်ပြတော်မူခြင်းကို သိမှတ်နာယူလိုပါသည်ဘုရား။

(၃) ဘုရားရှင်၏အလိုတော်ကျ အဋ္ဌကထာအရှင်သည် ဝိသုဒ္ဓိမဂ်၌"ဣမိနာပနညာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ"စသည်ဖြင့် ဟောတော်မူရာ၊အဓိပ္ပါယ်ချုပ်မှာ "ပရမတ်အစစ် ရုပ်နာမ် သဘာဝတို့ကို ယထာဘူတ ဝိပဿနာဉာဏ်ဖြင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ရအပ်သော ထောက်ရာ, တည်ရာရှိသည်ဖြစ်၍ အပါယ်မလားဘဲ သုဂတိသို့သာ အမြဲသွားသောဂတိရှိ၍ စူဠသောတာပန်ဖြစ်၏"ဟု ပြဆိုပါသည်။

ဤသို့ပြဆိုသည့်အပြင် စတုကင်္ဂုတ္တရ ပါဠိတော်၌လည်း ဘုရားရှင်သည် "တဿတတ္ထ သုခိနောဓမ္မပဒါနိ ပိလဝန္တိဒန္ဓောဘိက္ခဝေ" အစရှိသည်ဖြင့် ဟောတော်မူ၏။ လိုရင်းအဓိပ္ပါယ်မှာ-ဤယခုဘဝ လူ့ပြည်၌ စူဠသောတာပန်, ကလျာဏပုထုဇ္ဇန်တို့သည် မဂ်ဖိုလ်၌ မတည်သေးသော်လည်း နောက်ဒုတိယဘဝ နတ်ပြည်, နတ်ဘဝ၌ အရိယာကျွတ်တမ်း ဓမ္မသဘင်ပွဲကြီး ၄-ဌာနတို့၌ တနည်းနည်းဖြင့် ပါဝင်၍ သဒ္ဓမ္မဿဝနံ-တရားထူးနာကြားရ၍ မဟာသောတာပန်ဖြစ်မည်ဟု ထိုပါဠိတော်လာရှိသည်နှင့် အညီ ဖြစ်ပါ၍ ထို ၄-ဌာနတို့၏ နတ်သုဓမ္မာတရားပွဲကြီးကို တဌာနစီ၌ ဟောကြားသော တရားများနှင့် နာယူရရှိ ကျွတ်ကြပုံ၊ အရိယာသစ္စာ ၄-ပါးမြင်ပုံ၊ သရုပ်အဓိပ္ပါယ် အကျယ်များနှင့်တကွ ထုတ်ဆောင်၍ နမူနာဆန္ဒ ဣဒ္ဓိဖြစ်လောက်အောင် ဟောကြားရှင်းလင်းချက်ကို အထူးသဖြင့် နာယူမှတ်သားလိုပါသည်ဘုရား။

(၄) ဘုရားရှင်၏သာသနာတော်၃-ရပ်သည် ဤလူ့ပြည်၌လူတို့၏ နှစ်ဖြင့် သာသနာငါးထောင်တည်ရှိပေမည်ဟု အဋ္ဌကထာမိန့်ဆိုချက်အရ၊ နတ်ပြည်, ဗြဟ္မာပြည်တို့၌ လူတို့၏ သက်တမ်းဖြင့်၎င်း၊ ၎င်းတို့၏ ဘုံသက်တမ်းနှင့်သော်၎င်း၊ သာသနာ မည်၍မည်မျှ ပွင့်လင်းရှည်ကြာကြသည်ကို တွဲယှဉ်၍ လောကီ, လောကုတ္တရာ ဗဟုဿုတအလို့ငှါ သိမှတ်နာယူလိုလှပါသည်ဘုရား။ဤအရာ၌အကျဉ်းနည်းအချုပ်သဘောပေါက်သိရပါလျှင် ယောဂီပုဂ္ဂိုလ်တို့ ဝမ်းမြောက်ဘွယ်ရာ ဖြစ်ပါသည်ဘုရား။

(၅) ဘုရားရှင် သာသနာတော်၌(မဂ်ဖိုလ်မေ့မှု၊နိဗ္ဗာနကိုမှုချမသွေ ရပါလို၏)ဟူ၍ ပတ္ထနာဆုတောင်းနှင့် ရည်သန်၍ပြုကြသော ဒါနဝတ္ထု အမျိုးမျိုးတို့တွင် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး, စသော တခုတခုသော ဒါနကို လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းပြုသော် အလှူပေးပုဂ္ဂိုလ်သည် မိမိ တောင်းသော ဆုအတိုင်း နိဗ္ဗာန်ကို ရနိုင်ရောက်နိုင်သည်ဟု အချို့သော ပုဂ္ဂိုလ်တို့သည် ပြောကြဟောကြယူကြပါသည်။ ဤကဲ့သို့ ယူကြခြင်းသည် စိန္တာမယ အသိ, စာသိ, ငါသိ, ပညတ်သိဟု ဆိုအပ်သော သမုတိသစ္စာ အပြင်ပလမ်း၊ ကမ္မဿကတသမ္မာဒိဋ္ဌိ အယူမျိုးသာ မှန်သည်ဟူ၍ ဣတိ ဝုတ် အဋ္ဌကထာ၌ "နိယျ ရိယာယမဂ္ဂေါ ပရိယာယမဂ္ဂေါ" စသည်ဖြင့် နှစ် မျိုးခွဲခြား ပြဆိုတော်မူခြင်းဖြင့် ပရိယာယ်အမှန်မျှသာ ဖြစ်ပါတော့သည်။

နိပ္ပရိယာယမဂ္ဂေါ မုချအမှန်တရားအားဖြင့် ပရမတ္ထသစ္စာ အတွင်း လမ်း ပညာသိဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး စသော ခေတ် သဘာဝ အစစ်တို့ကို ပရိညာသုံးပါးဖြင့် အတ္တဒိဋ္ဌိကွာအောင် ရှုမှတ်ပွား များ လှူဒါန်းတတ်မှသာလျှင် ဉာဏသမ္ပယုတ် ဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုး ဖြစ်၍ သင်္ခါရသုံးပါးမှ လွန်မြောက်ပြီးလျှင် အသခ်ၤတခေတ် နိဗ္ဗာန်သို့ အမြန်ဆုံးရောက်လွယ်နိုင်ပါသည်ဟု ပြဆိုပါသည်။

ထိုကဲ့သို့မှ မလှူဒါန်းတတ်ပါမူကား "အယုတ္တဒါနေ နဒါနံ" အဝိဇ္ဇာ ပါသော ဒါနသည်ဒါနမမည်။ လှူဒါန်းတတ်ပါမူကား "ပရိသုဒ္ဓိ ဓမ္မံဒါနံ" အဝိဇ္ဇာမပါ စင်စင်ကြယ်ကြယ် အသိ အလိမ္မာဉာဏ် ပညာနှင့်လှူခြင်းသည် ဒါနမည်၏ ဟူ၍ သုတ်ပါထေယျ ပါဠိတော်၌ ဟောတော်မူပါသည်။ ထို့ကြောင့် ဒါနဝတ္ထုတခုခုကို လှူဒါန်းသောအခါ ထိုဒါနနှင့် အတူတကွ သီလ, သမထ, ဝိပဿနာ, လေးချက်ပါဝင် ပြီးစီးပုံ၊ အလှူပေး, အလှူခံ, ငွေ၊ပစ္စည်း, တိလက္ခဏာတင်ပုံ၊ မီးသုံးပါးငြိမ်းပုံ၊ သံသရာဝဋ် စက်ပြတ်ပုံ စသည်တို့ကို အကျယ်ဝိတ္ထာရနည်းဖြင့် တသက်လျှာ ဘာဝနာပွားများ အားထုတ်တတ်ပါအောင် **ဝိဇ္ဇာဥာဏ်ခေတ်အလင်း** ဟောကြားပြသ တော်မူစေလိုပါသည်။ ဤအရာ၌ ဗုဒ္ဓဘာသာဝင် ဟူသမျှတို့သည် သိမှတ် ရန် ဒႋရေး အကြီးဆုံးသော ဒါန, သီလ, ဘာဝနာ အဓိက တရားဖြစ်၍ ထူးမြတ်လှန်ကဲစွာ နာယူမှတ်သားလိုပါသည်ဘုရား။

(၆) ဘုရားရှင်သာသနာတော်ကိုတွေ့ကြုံ၍ ယုံကြည်လေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ကြရာ၌ ဗုဒ္ဓဘာသာဝင်လူမျိုးတို့သည် အမျာအားဖြင့် **ပညတ်အာရုံ အတွေ့ အသိ မျိုး ဉာဏ် မျှ လောက် နှင့် ကိုးကွယ် ဆည်းကပ်၍ အားရတင်းတိမ်ပြီးလျှင် ပရမတ်အာရုံ အသိဉာဏ် မျိုး မရောက်သမျှ ကာလပတ်လုံး အန္တနယ်အတွင်းမှ မလွတ်ကင်း ကြောင်း** အဋ္ဌကထာရှင် ပြဆိုတော်မူပါသည်။ ဘုရားသက်တော်ထင်ရှား ရှိစဉ်အခါကလည်း ဝက္ကလိနှင့် ပေါဋ္ဌိလမထေရ်တို့ကို ဆုံးမတော်မူကြောင်း သာဓကဝတ္ထုဖြင့် သိရပါသည်ဘုရား။

သို့ဖြစ်ပါသဖြင့် ဤသာသနာတော်ကို အန္ဓပုထုဇ္ဇန်တို့ အတွေ့မျိုး နှင့် ကလျာဏ,သေက္ခပုထုဇ္ဇန်တို့ အတွေ့မျိုး နှစ်ရပ်ကို ဘုရားရှင်၏ အလို တော်ကျ ကွဲပြားခြားနားလျက်ပြဆိုဟောကြားတော်မူပါမည့်အကြောင်း အထူးတဝ နာယူလိုပါသည်ဘုရား။ ဤအရာ၌ လောကမှာ ချက်ကျောက် နှင့် ပတ္တမြား မသိသောသူမှာ အတူတူပင်ထင်မှတ်ရသော်လည်း သိသူမှာ အဘိုးအနဂ္ဃကွာခြားနေကြောင်း ကောင်းစွာ သိမြင်ရဘိသကဲ့သို့ ထိုနည်း တူစွာ ပမာအလား သာမန်ဗုဒ္ဓဘာသာဝင်တို့ သိရှိနားလည်ပါရစိမ့်သော ငှါ နိတတ္ထ,နေယျတ္ထနည်းများနှင့်ပါ ဆောင်ပြတော်မူပါဘုရား။

ဘုရား တပည့်တော်များ အထက်ပါ လျှောက်ထားချက်များကို လျစ်လျူရှုခြင်းမှ ကင်းလွတ်တော်မူ၍ **ဩဝါဒဝိနိစ္ဆယဒေသနာ** တော် ကို နောက်လပတ်ထွက်မည့် တရားစာအုပ်၌ ထည့်သွင်း ဟောကြားတော် မူလိမ့်မည်ဟု များစွာ ဆုတောင်းလျက် မြော်လင့်ကြပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

ကိုမောင်မြင့်နှင့်တကွ (ဒါယကာ ၅-ဦး)
ဓိဋ္ဌိဝိသုဒ္ဓိကမ္မဋ္ဌာန်းအသင်း၊ ကျောက်ချောင်းကြီးရွာ၊
နေ့စွဲ ၇-၁၀-၃၄-၃။

## ဩဝါဒဝိနိစ္ဆယဒေသနာ

မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်လေးခုတို့တွင်တခုခုဖြင့် ပဋိသန္ဓေ နေသောပုဂ္ဂိုလ်တို့သည် ဒွိဟိတ်ပုဂ္ဂိုလ်မည်ကုန်၏။ ထိုဒွိဟိတ်ပုဂ္ဂိုလ်တို့သည်

(မနုဿလူ့ဘုံ,စတုမဟာရာဇ်နတ်ဘုံ, တာဝတိံသာနတ်ဘုံ, ယာမာနတ်ဘုံ, တုသိတာနတ်ဘုံ,နိမ္မာနရတီနတ်ဘုံ,ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံ) ဤ (ကာမ သုဂတိ) ခုနစ်ဘုံတို့၌ လူ၏ အဖြစ် နတ်၏ အဖြစ် အားဖြင့် ရှိကြကုန်၏။ ပဋိသန္ဓေစိတ်၌ ပညာစေတသိက် မယှဉ်သောကြောင့် ဒွိဟိတ် ပုဂ္ဂိုလ်တို့သည် ယခုဘဝ ဒွိဟိတ်ပုဂ္ဂိုလ်၏ အဖြစ်၌ ဈာန်ကိုဧင်း,မဂ်ကိုဧင်း မရထိုက်ကြ၍ နိဗ္ဗာန်ကို မရကုန်(ယခုဘဝ၌ ကျွတ်တမ်းမရောက်သေး ဟူလို။)

မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ်လေးခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့သည် တိဟိတ် ပုဂ္ဂိုလ် ဖြစ်ကုန်၏။ ကာမသုဂတိ ခုနစ်ဘုံ၌ လူ,နတ်တို့ ဖြစ်ကုန်၏။ ပဋိသန္ဓေ စိတ်၌ ပညာ စေတသိက်နှင့် ယှဉ်၍ ပဋိသန္ဓေ ဟိတ်သုံးပါး ရှိသောကြောင့် ယခုဘဝ၌ ဈာန်ကိုလည်း ရထိုက်၏။

ဖြစ်ပျက် ကမ္မဋ္ဌာန်းစီးဖြန်း ဆင်ခြင် ထင်မြင်ဘူးသော ဥပနိဿယနှင့် ပြည့်စုံသောသူ ဖြစ်ငြားအံ့။ ယခုဘဝ ပထမအရွယ်၌ပင်လျှင် မဂ်ဖိုလ်ကို ရနိုင်၏။

ပထမအရွယ်၌ မဂ်ဖိုလ်ကို မရသေးလျှင် ဒုတိယ အရွယ်၌ ရနိုင်၏။

ဒုတိယအရွယ်၌ မရသေးလျှင် တတိယအရွယ်၌ ရနိုင်၏။

တတိယ အရွယ်၌ မရသေးလျှင် သေခါနီး ကာလ၌ မဂ်ဖိုလ်ကို ရနိုင်၏။

သေခါနီး ကာလ၌ မရသေးလျှင် နောက် ဘဝ နတ်သား ဖြစ်၍ ရနိုင်၏။

နတ်သား ဘဝ၌ မဂ် ဖိုလ် မရသေးလျှင် ဘုရား သာသနာတော် မကွယ်သေးမီ တစုံတခုသော လူ့ဘဝ,နတ်သားဘဝ၌ဖြစ်၍ မဂ်ဖိုလ်ရနိုင်၏။

ယခု ဘုရားသာသနာ၌ မရသေးလျှင် ဘုရားမပွင့်သော အန္တရကပ်၌ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်၏။

အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်ငြားအံ့၊ နောင်ပွင့်လတ္တံ့သောဘုရားတို့၏ အထံ၌(ခိပ္ပါဘိညာ)ရဟန္တာဖြစ်နိုင်၏။ **တိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လည်း (ဖြစ်ပျက်) ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ပါမှ မဂ်ဖိုလ် ရသည်၊ ( ဖြစ် ပျက် ) ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ခြင်း မရှိဘဲ**

**မဂ်ဖိုလ်ကို ရသည် မဟုတ်၊ ထို့ကြောင့် (ဖြစ်ပျက်) ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းသည် လိုရင်းအစစ် မဂ်ဖိုလ်ရကြောင်း ဖြစ်၏။ တိဟိတ်ပုဂ္ဂိုလ် ဆိုသည်မှာ မရှားပါ များစွာ ရှိကုန်၏။ ကမ္ဘာ ပျက်တိုင်း ပျက်တိုင်း စကြဝဠာ ကုဋေ တသိန်း အတွင်းရှိ အလုံးစုံသော သတ္တဝါတို့သည် တိဟိတ်ဖြစ်ကြကုန်၏။ထို့ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်ကြကုန်၏။**

ကမ္ဘာပျက်တိုင်း ဗြဟ္မာ့ပြည်သို့ရောက်နိုင်သော တိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လည်း တိဟိတ်ပုဂ္ဂိုလ်ဖြစ်တိုင်း မဂ်,ဖိုလ်ကို ရသည်မဟုတ် သံသရာ့သစ်ငုတ်, ငရဲသစ်ငုတ်ဖြစ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရလတ္တံ့သော (အနဘိသမေတာဝီ) ပုဂ္ဂိုလ်တွေ များစွာရှိကြောင်း။ အဘိဓမ္မာသစ္စယမိုက်ပါဠိတော် ပုဂ္ဂလဝါရ အနာဂတဥ္စရင်း, ခန္ဓယမိုက်-ပရိညာဝါရဥ္စရင်း "ယေ ပုထုဇ္ဇနာမဂ္ဂံ နပဋိလဘိဿန္တိ" ဟူ၍ ဟောတော်မူသည်ကိုရှု။ ထိုပုဂ္ဂိုလ်တို့သည် ရုပ်ဖြစ်ပျက်, နာမ်ဖြစ်ပျက်, အဆင်းဖြစ်ပျက်, အသံဖြစ်ပျက် အစ ရှိသည်ဖြင့် (ဖြစ်ပျက်)ကို ထင်မြင်အောင် ဘယ်အခါမှ ကြည့်ရှု ဆင်ခြင်ဘူးသော ပုဂ္ဂိုလ်တို့မဟုတ်ကြကုန်။ သံသရာ့သစ်ငုတ်, ငရဲသစ်ငုတ်ဖြစ်၍ နေကြသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား သာသနာတော်နှင့် ဘယ်အခါမှ မတွေ့ကြုံဘူးကြကုန်။ (ဖြစ်ပျက်)ကို ထင်မြင်အောင် မဆင်ခြင်ဘူးသော ပုဂ္ဂိုလ်တို့သည် ကမ္ဘာ ပျက်သော အခါ၌ တိဟိတ်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ရှိကြကုန်၏။ ထိုအခါ၌ ဘုရားမပွင့်ကြကုန်။ ဘုရားပွင့်သောအခါ၌လည်း ပိုး, ပရွက်, တီ,မြွေ့, ခြင်, မှက်, ကြက်, ငှက်, ခွေး, ဝက်,တိရစ္ဆာန်,ငရဲကြီး, ငရဲငယ် အသွယ်သွယ် အဖြာဖြာ များပြားသော ဆင်းရဲကိုခံ၍ ဖြစ်ချည်, ပျက်ချည်, သေချည်, ရှင်ချည်, နေကြရကုန်၏။ လူ့ပြည်၌ ဖြစ်သောအခါ လည်း မိစ္ဆာဒိဋ္ဌိဖြစ်၍နေကြကုန်၏။ သာသနာပအခါ တက်ကပ်ကာလ တို့၌ ဗြဟ္မဝိဟာရ ကုသိုလ်, ဒါန ကုသိုလ် တို့ကြောင့် လူ ဖြစ်ကြသော်လည်း ဘုရားသာသနာနှင့် မတွေ့ကြုံ ရကုန်။ ဘုရားသာသနာ ရှိသော အခါမှာ လူဖြစ်ပါသော်လည်း ဘုရားမှန်းမသိ, တရားမှန်းမသိ, ဗာဟိယ သာသနာပ မိစ္ဆာ အယူရှိ၍နေကြပြန်၏။ ထို့ကြောင့် သံသရာ့ သစ်ငုတ်, ငရဲသစ်ငုတ် ဖြစ်၍နေကြရကုန်၏။ ဤဆိုခဲ့ပြီးသော သံသရာ့သစ်ငုတ်, ငရဲ သစ်ငုတ် ဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို အလိုရှိသော

သူတို့သည် အဆင်းဖြစ်ပျက်,အသံဖြစ်ပျက်,အနံ့ဖြစ်ပျက်,အရသာဖြစ်ပျက်, အထိဖြစ်ပျက်, မြင်စိတ်ဖြစ်ပျက်, ကြားစိတ်ဖြစ်ပျက်, နံ့စိတ်ဖြစ်ပျက်, စားစိတ်, ဝါးစိတ်, လျက်စိတ် ဖြစ်ပျက်, ထိစိတ် ဖြစ်ပျက်, သိစိတ် ဖြစ်ပျက်, ကောင်းဖြစ်ပျက်, ဆိုးဖြစ်ပျက်, နာကျင်ကိုက်ခဲဖြစ်ပျက်, ညောင်းညာထုံကျင်ဖြစ်ပျက်, ပူဖြစ်ပျက်, အေးဖြစ်ပျက်,ဖြစ်ပျက်ဖြစ်ပျက်၊မှန်မှန်ကြေအောင်ပျက်၍ (ဖြစ်ပျက်) ကမ္မဋ္ဌာန်းကို သွားရင်း, လာရင်း, လုပ်ရင်း, ကိုင်ရင်း, နေရင်း, ထိုင်ရင်းနှလုံးသွင်း၍ စဉ်းစားကြကုန်ရာ၏။ ဆင်ခြင်ကြကုန်ရာ၏။ မဂ်ဖိုလ်ကို ရကြောင်း မဂ်မျိုးစေ့,ဖိုလ်မျိုးစေ့,နိဗ္ဗာန်မျိုးစေ့ဖြစ်သည်။

အာယတိံ မဂ္ဂလာဘာယ၊ ဗီဇံ ဘာဝေထ ဘာဝနံ။
ဗီဇာဘာဝေ ကုတော မဂ္ဂေါ၊ မဂ္ဂဗီဇာဟိ ဘာဝနာ။ ။

အာယတိံ၊ယခုဘဝမရလျှင် နောင်ဘဝနောင်အခါ နောင်ကမ္ဘာ နောင်ဘုရားတို့လက်ထက်၌။ မဂ္ဂလာဘာယ၊ မဂ်ဖိုလ်ကိုရခြင်းငှါ။ ဗီဇံ၊ မဂ်မျိုးစေ့,ဖိုလ်မျိုးစေ့,နိဗ္ဗာန်မျိုးစေ့ ဖြစ်သော။ ဘာဝနံ၊ (ဖြစ်ပျက်)ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်း ဘာဝနာကို။ ဘာဝေထ၊ ကြည့်ရှုဆင်ခြင်ထင်မြင်အောင်ပွားများကြကုန်လော။ ဗီဇာဘာဝေ၊ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ဖြစ်သော (ဖြစ်ပျက်)ကို ကြည့်ရှု ဆင်ခြင်ခြင်း ဘာဝနာ မရှိခဲ့သော်။ ကုတောမဂ္ဂေါ၊အဘယ်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ပါအံ့နည်း။ ဟိ၊ထိုစကားမှန်၏။ ဘာဝနာ၊ (ဖြစ်ပျက်)ကို ကြည့်ရှုခြင်း ဘာဝနာသည်။ မဂ္ဂဗီဇာ၊ မဂ်မျိုးစေ့,ဖိုလ်မျိုးစေ့ဖြစ်၏။

## မဂ်မျိုးစေ့–ဖိုလ်မျိုးစေ့ရှိ၍ ယခု ဘုရားသာသနာ၌ ကျွတ်တမ်းရောက်သော သတ္တဝါ ပေါင်းသည်ကား

(နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်သန်း တသိန်း) ဘုရားတဆူ တဆူလျှင် ကျွတ်တမ်းရောက်သတ္တဝါပေါင်းဖြစ်သည်။

ငါတို့ မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် (သင်္ချေ နှစ်ဆယ်နှင့် ကုဋေ သုံးသန်း၊ ခြောက်သိန်း၊ နှစ်သောင်း၊ ခုနစ်ထောင်) ကျွတ်တမ်းရောက်ကြ၏။

**လေးသံချိုနှင့် ကုဋေနှစ်သန်း လေးသိန်း ခုနစ်သောင်း သုံးထောင် ကြွင်းသေး၏၊** ကြွင်းသေးသော ထိုသတ္တဝါတို့၏ အလို့ငှါ သာသနာ ငါးထောင် ထားခဲ့သည်ဟူ၍ ဇိနာလင်္ကာရ ဋီကာဟောင်း၌ လာ၏။

စတုဝီသတိအသင်္ချေယျံ၊ သဋ္ဌိစ သတ ကောဋိယော။
ပါဏာနိ သတ သဟဿာနိ၊ ကောဗုဒ္ဓေါပမောစယိ။
(သောတတ္ထကိဠ် လာ၏။)

(သဋ္ဌိစ သတ-ပုဒ်နောင် သဟဿ-ပုဒ်ကိုယှဉ်။ ပါဏာနိ-ပုဒ်နောင် ကောဋိ-ပုဒ်ကိုယှဉ်။) ဤသို့ သက်ရင်းဆရာတော်မှတ်ချက်ရှိ၏။

စတုဝီသတိ အသင်္ချေယျံ၊ နှစ်ဆယ့်လေး အသင်္ချေရင်း။ သဋ္ဌိစ သတ သဟဿာနိကောဋိယော၊ ကုဋေ ခြောက်သန်း တို့ရင်း။ ပါဏာနိကောဋိ သတသဟဿာနိ၊ သတ္တဝါပေါင်း ကုဋေတသိန်းတို့ရင်း။ ကောဗုဒ္ဓေါ၊ တဆူတဆူသော မြတ်စွာဘုရားသည်။ ပမောစယိ၊ သံသရာဝဋ်မှ ကျွတ်လွတ် အောင် ကောင်းစွာကယ်ချွတ်၍ ကျွတ်တမ်းသို့ ရောက်စေ၏။

အမှာကံပနသမ္ဗုဒ္ဓေါ၊ ပတ္တာ သမ္ဗောဓိ မုတ္တမံ။
ပဋ္ဌာယ ယာဝ နိဗ္ဗာနံ၊ သတ္တေ မောစေတိ ဗန္ဓနာ။
ဝီသတိ တာနိအသင်္ချေယျာ၊ ဆတ္တိံသလက္ခဏာ ကောဋိ။
သတ္တဝီသ သဟဿာနိ၊ ကောဋိယော ပါဏိနော အဟု။
ပရိပုဏ္ဏာနိ စတ္တာရိ၊ အသင်္ချေယျာနိ မေတ္တကာ။
ဣစ္စန္တေ ဂဏနတ္ထာယ၊ ပတိဋ္ဌာပေတိသာသနံ။
(ဝိပ္ပဝံသ၌သာ၏။)

(မေတ္တကာ ဣစ္စန္တေ၌၊ တွေ့ကာ-ဣစ္စေတေ-ရှိမည်ထင်၏။ သက်ရင်းဆရာတော်ကြီးမှတ်စု၌ အနက်ပေးတော်မမူခဲ့၊ ဆင်ခြင် ကြံဆရန်) မူလ ကျမ်းရင်းကိုရှာ၍ မတွေ့သေး။

အမှာကံ၊ ငါတို့၏။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ ပတ္တာ၊ ရောက်တော်မူသည်မှ။ ပဋ္ဌာယ၊ အစပြု၍။ ယာဝနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်ပြုသည်တိုင်အောင်။ သတ္တေ၊ သတ္တဝါတို့ကို။ ဗန္ဓနာ၊ သံသရာထောင်အတွင်းမှ။ မောစေတိ၊ ကျွတ်တမ်း

ရောက်အောင် ကောင်းစွာကယ်ချွတ်၍ လွှတ်စေတော်မူ၏။ တာနိပါဏာနိ၊ ထို သတ္တဝါတို့သည်။ ဝီသတိ အသင်္ချေယျာ၊ အသင်္ချေ နှစ်ဆယ်တို့ရင်း။ ဆတ္တိံသလက္ခဏာကောဋိ၊ ကုဋေ သုံးသန်း,ခြောက်သိန်းတို့ရင်း။ သတ္တဝီသ သဟဿာနိကောဋိယော၊ ကုဋေနှစ်သောင်း,ခုနစ်ထောင်တို့ရင်း။ ပါဏိ နော၊ သတ္တဝါတို့သည်။ အပါယ၊ ဖြစ်ကုန်ပြီ။

ဒိဋ္ဌဓမ္မိကလေလား-တိဟိတ်လေလား စဉ်းစားဆင်ခြင်၍ သိမြင်နိုင် သော အရာမျိုးမဟုတ်၊ အရာမဟုတ်သည်ကို စဉ်းစားဆင်ခြင်၍ နေလျှင် အကျိုးယုတ်သည်။ ထို့ကြောင့် အရာမဟုတ်သည်ကို မဆင်ခြင်ဘဲ အရာ ဟုတ်သော(ဖြစ်ပျက်)ကိုသာလျှင် ဆင်ခြင်စဉ်းစား၍ သွားရင်း,လာရင်း, လုပ်ရင်း,ကိုင်ရင်း နှလုံးသွင်းကြကုန်ရာ၏။

(ဖြစ်ပျက်)ကို ထင်မြင်အောင် ဆင်ခြင်စဉ်းစား နှလုံးထားပါလျှင် ဘုရားရှင်လက်ထက်တော်၌ ကျွတ်တမ်းရောက်ကြကုန်သော ရဟန္တာတို့ ကဲ့သို့ရင်း။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက်မှ နိဗ္ဗာန် ရောက်ကြသော ရဟန္တာတို့ကဲ့သို့ရင်း၊ နိဗ္ဗာန်မဂ်ဖိုလ်ပေါက်၍ ကျွတ်တမ်း ရောက်ကြကုန် လတ္တံ့။

(ထေရီ အပဒါန် ဝတ္ထုတော်ကြီး ပထမတွဲ ၉၂-မှစ၍ ရှုကြကုန်။ သုတ် သီလက္ခန် အဋ္ဌကထာ-၁၆၀၊ အဘိဓမ္မာ ပဋိက္ကန္တေ သမ္ပဇာနကာရီပုဒ်ဖွင့်၊သုတ္တ နိပါတ် အဋ္ဌကထာ-၄၀၊ ခဂ္ဂဝိသာဏသုတ်အဖွင့်၊ မူလပဏ္ဏာသအဋ္ဌကထာ,ရူဋ္ဌ ဝေဒလ္လသုတ် စသည်တို့၌ အကျယ်ကိုကြည့်ရှုရာ၏။)

(တဿ တတ္ထ သုခိနော ဓမ္မပဒါနိပိလဝန္တိ)အစရှိသော စတုကင်္ဂုတ္တရ ပါဠိတော်၏ အဓိပ္ပါယ်ကို ဤသို့သိအပ်၏။ စာပေကျမ်းဂန် တရားစာတို့ ကို သင်ကြားခြင်း,ကြည့်ရှုခြင်း,ကြံစည်ခြင်း,ဆွေးနွေးမေးမြန်း စုံစမ်းခြင်း တို့ကို ပြုလုပ်လေ့ရှိသောသူအား ထိုသင်ကြားကြည့်ရှုသောစာပေကျမ်းဂန် တရားစာတို့ကို နှုတ်ဖြင့်လည်းရအောင်ရွက်ဆောင် ရွက်ဆို ပြောဟောနိုင် ၏။ စိတ်ဖြင့်လည်း စဉ်းစားဆင်ခြင်ရှုမြင်နိုင်၏။ အနက်အဓိပ္ပါယ်ကိုလည်း ကျကျ နန ထိထိ မိမိ သဘာဝဆိုက်ရောက် ဉာဏ်သဘောပေါက်အောင် ကောင်းစွာသိနိုင်၏။ ထိုစာပေကျမ်းဂန်-တရားစာတို့၏ အနက်အဓိပ္ပါယ် တို့ကို ထိထိရောက်ရောက် သဘောပေါက်အောင် သိသောသူသည် ယခု ဘဝ မဂ်ဖိုလ်မရဘဲ ပုထုဇဉ်ဖြစ်၍ သေသော်လည်း အပါယ်မလားဘဲ

"အညတရံ ဒေဝနိကာယံ ဥပပဇ္ဇတိ"တစုံတခုသော နတ်ပြည်၌ နတ်သား နတ်သမီးဖြင်ရ၏။"တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာစွာဖြစ်၍နေရသော။ တဿ၊ ထိုနတ်သား-နတ်သမီးအား။ ဓမ္မပဒါနိ၊ လူဖြစ်စဉ် အခါက လေ့လာကြည့်ရှု၍ သိမြင်ဘူးသော တရားတို့သည်။ ပိလဝန္တိ၊ ကြည်လင်သောမှန်၌ မျက်နှာရိပ်ထင်သကဲ့သို့ မိမိအလိုလို ထင်ရှားစွာပေါ်လာကုန်၏။ ထင်ရှားစွာပေါ်လာ၍ သိနိုင်ကုန်၏။"ထင်နိုင်မြင်နိုင်ကုန်၏။

(၁) ထိုသို့ထင်လာ၍ အလိုလိုသိမြင်သော စာပေကျမ်းဂန် ဘုရားစာတို့ကို ဆင်ခြင်စဉ်းစား နှလုံးထား၍ နတ်သား - နတ်သမီး ဘဝ၌ ပင်လျှင် (ဖြစ်ပျက်)ကို ရှုသောအခါ၌ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရတတ်၏။

(၂) မိမိ အလိုလို ထင်ရှားစွာ မပေါ်လာသော်လည်း တန်ခိုးရှိသော ရဟန္တာများ နတ်ပြည်သို့ သွား၍ (သုဘူတိထေရ်၊ ဂဝံပတိထေရ်၊ အရှင်မဟာ မောဂ္ဂလာန်တို့ ကဲ့သို့ ) နတ်ပရိသတ်၌ တရားဟောသည်ကို ကြားနာရ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရတတ်၏။

(၃) လူ့ပြည်က တန်ခိုးကြီးသော ရဟန္တာများ နတ်ပြည်သို့ သွား၍ တရားဟောခြင်း မရှိသော်လည်း ထိုနတ်ပြည်၌ ပဉ္စာလစဏ္ဍနတ်သားကဲ့သို့ တရားဟောတတ်သော ဓမ္မကထိက နတ်သားတို့သည်လည်းရှိကြကုန်၏။ နတ်ပြည် ခြောက် ထပ် သို့ လှည့်လည်သွားလာ၍ တရားဟောတတ်သော ဟတ္ထက ဗြဟ္မာနှင့် သနင်္ကုမာရ ဗြဟ္မာတို့ ကဲ့သို့ ဓမ္မကထိက ဗြဟ္မာတို့သည်လည်း ရှိကြကုန်၏။ ထိုဓမ္မကထိက နတ်သား ဓမ္မကထိက ဗြဟ္မာတို့၏ တရားစကားကို ကြားနာ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရတတ်၏။

(၄) ဤလူ့ပြည်၌ အတူတကွ မိတ်ဆွေသဟာယဖြစ်၍ "ဓမ္မဒေသနာတရားစာ ကြည့်ရှု,ဆွေးနွေး,မေးမြန်း၍" တရားကျင့်ဘော်, ကျင့်ဘက်ဖြစ်သော သူတို့သည်လည်း (ဥပါသကာကြီး-ဦးသိပ်တို့ကဲ့သို့) ရှေးဦးစွာသေ၍ နတ်ပြည်၌ဖြစ်ကြသော မိတ်ဆွေ နတ်သား, နတ်သမီးတို့ သည်လည်း ရှိကြကုန်၏။ ထိုမိတ်ဆွေ နတ်သား,နတ်သမီးတို့က နောက်မှ ဖြစ်လာသော နတ်သား,နတ်သမီးတို့ကို မြင်လျှင် " မိတ်ဆွေတို့သည် လူဖြစ်စဉ် အခါက ဓမ္မဒေသနာ တရားစာကို အတူတကွကြည့်ရှု၍ တရားစကား ပြောကြား, ဆွေးနွေး,မေးမြန်း စုံစမ်းလျက် (ဖြစ်ပျက်) ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ပြုလုပ်ဘူးသည်ကို မှတ်မိပါ၏ လော" ဟု မေးမြန်း ပြောဆိုသော အခါ နောက်မှဖြစ်လာသော နတ်သား,နတ်သမီးတို့က "အကျွန်ုပ်တို့သည် လူဖြစ်

စဉ်အခါက အဆွေနတ်သား,နတ်သမီးတို့နှင့် အတူတကွ ဓမ္မဒေသနာ တရားစာကို ကြည့်ရှု၍(ဖြစ်ပျက်)တရားကို စဉ်းစားဆင်ခြင်၍ ထင်မြင်ခဲ့ဘူးသည်ကို မှတ်မိပါ၏”ဟူ၍ အချင်းချင်းပြောဆိုကြပြီးလျှင် လူ့ပြည်ကအတူတကွ ဓမ္မဒေသနာ တရားစာကြည့်ရှု (ဖြစ်ပျက်)ကို ဆင်ခြင်သကဲ့သို့ နတ်ပြည်၌ တဖန် ဆင်ခြင်ပြန်၍ ယခု မြတ်စွာဘုရား၏ သာသနာတော် အတွင်း၌ပင်လျှင် မဂ်,ဖိုလ်,နိဗ္ဗာန် ရနိုင်လေသည်။ စတုက္ကင်္ဂုတ္တရ ပါဠိတော် မဟာဝဂ် ပထမသုတ်-၅၀၅။ အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယအုပ် ၃၆၄-၌ ကြည့်ရှုကြကုန်ရာ၏။ **ဓမ္မဒေသနာ တရားစာ ကြည့်ရှုရခြင်းကြောင့် အပါယ်ဘေးလွတ်မြောက် နတ်ပြည်ရောက်၍ နိဗ္ဗာန်ပေါက် တရားတော်ကြီး မဟုတ်ပါလား စဉ်းစား၍ ကြည့်ကြကုန်။**

မြတ်စွာဘုရား လက်ထက်တော် အခါ ကပိလဝတ်ပြည်၌ ဂေါပိကာမည်သော သာကီဝင် မင်းသမီး ကလေးသည်၊ ငါးပါးသီလကို မြဲစွာစောင့်ထိန်းလျက် ရဟန်းသုံးပါးတို့ကို ဆွမ်းလောင်း၍ ကိုးကွယ်နေလေ၏။ ထိုသာကီဝင် မင်းသမီးကလေးသည် မိန်းမဖြစ်ရသည်ကို စက်ဆုပ် ရွံရှာ၍ “ယောကျ်ား ဖြစ်ရပါစေ”ဟု ဆုတောင်းပြီးလျှင် ကောင်းမှု ကုသိုလ်ပြု၍ သေသောအခါ တာဝတိံသာ နတ်ပြည် သိကြားမင်း၏ ရင်ခွင်ထဲ၌ နတ်သားဖြစ်၍ ဂေါပကနတ်သားဟု ကျော်စော ထင်ရှားစွာ သိကြားမင်း၏ သားတော်ဖြစ်ရ၏။

ထို မင်းသမီးကလေးက ဆွမ်းလောင်း၍ ကိုးကွယ်သော ရဟန်းသုံးပါးတို့သည်ကား လောကီဈာန်ကိုသာရ၍ မဂ်,ဖိုလ်ကို မရဘဲ ပုထုဇ္ဇန်အဖြစ်၌ စုတေကြ၍ ဟိုရှေး အတိတ် ဘဝက ဖြစ်ခဲ့ဘူးသော သဘင်သည် ဂန္ဓဗ္ဗနတ်မျိုး၌ နိကန္တိတဏှာဆွဲငင်၍ သဘင်သည်နတ်သား ဖြစ်ကြကုန်၏။ ယုတ်နိမ့်သော သဘင်သည် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြသော်လည်း ရဟန်းဘဝ၌ သီလ စင်ကြယ်စွာ ကျင့်သုံးခဲ့သော စတုပါရိသုဒ္ဓိသီလ ကုသိုလ်ကြောင့် ကာမဂုဏ်ငါးပါးတို့နှင့်ပြည့်စုံ၍ အလွန်တောက်ပ ထွန်းလင်းသောအရောင်အသရေရှိလျက် အလွန်လှပသော အဆင်းရှိကြကုန်၏။ ထိုနတ်သားတို့သည် သိကြားမင်း၏ အထံသို့သွား၍ ကခြင်း,သီခြင်း,ကီးမှုတ်ခြင်းတို့ဖြင့် ခစားလျက် အပျော်ဆက်ကြရကုန်၏။

ထိုရဟန်း နတ်သား သုံးယောက်တို့ကို သိကြားမင်း၏ သားတော် ဖြစ်သော မင်းသမီး နတ်သားက မြင်၍“ဤနတ်သား သုံးယောက်တို့သည် လူ့ပြည်က ဘယ် ကုသိုလ်ကို ပြု၍ ဤမျှ လောက် လှပ ထွန်း လင်း သော အဆင်းအရောင်နှင့် ပြည့်စုံကြပါလိမ့် မည်နည်း ” ဟု စုံစမ်း ဆင်ခြင်သော အခါ မိမိလူမိန်းမဖြစ်စဉ်က ဆွမ်းလောင်း၍ ကိုးကွယ်သော ရဟန်းသုံးပါး ဖြစ်သည်ကို သိမြင်လေ၏။ ထိုမင်းသမီး နတ်သားက ရဟန်း နတ်သား သုံးယောက်တို့ကို“အို-အဆွေနတ်သားတို့ အကျွန်ုပ်သည် လူမိန်းမဖြစ်လျက် ငါးပါးသီလကို စောင့်ထိန်း၍ သိကြားမင်း၏ သားတော် ဖြစ်ရသေး၏။ အဆွေနတ်သားတို့သည် စတုပါရိသုဒ္ဓိ သီလကို စောင့်ထိန်းသော ရဟန်း ယောကျ်ား ဖြစ်ပါလျက် ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ကို စုံမက် တွယ် တာ၍ ယုတ်နိမ့်သော သဘင်သည် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြကုန်၏”စသည် ဖြင့် ပြောဆိုသောအခါ ထိတ်လန့်ခြင်းသံဝေဂဖြစ်သော ရဟန်းနတ်သား နှစ်ယောက်တို့သည် ရဟန်းဘဝ၌ ရဘူးသော ပထမစျာန်ကို အမှတ်ရလာ ၍ ထိုစျာန်ကို အခြေပြုလျက်(ဖြစ်ပျက်)ကို ဆင်ခြင်သောအခါ အနာဂါမ် တည်၍ စုတေပြီးလျှင် ထိုနေရာ၌ပင် ဗြဟ္မာ၏ကိုယ်ဖြစ်၍ ကောင်းကင်သို့ ပျံတက်ခါ ဗြဟ္မပုရောဟိတာဘုံသို့ သွားကြကုန်၏။ ရဟန်း နတ်သား တယောက်သည်ကား ကာမဂုဏ်ကို မပယ်ဖြတ်နိုင်သောကြောင့် ကာမဘုံ ၌ပင်ဖြစ်၍ နေရ၏။

သုတ်မဟာဝါ ပါဠိတော် သက္ကပဉှာသုတ် - ၁ဂ၇။ ဝင်းအဋ္ဌ ကထာ-၂၄၃။

လူတို့၏ နှစ်အားဖြင့် သာသနာငါးထောင် တည်ရှိမည်ဟူ၍ အဋ္ဌ ကထာ စကားလည်းရှိ၏။

“ဣမေစသုဘဒ္ဒ ဘိက္ခူသမ္မာဝိဟရေယျုံ အသုညော လောကော အရ ဟန္တေဟိ အဿ”ဤသို့ ဟောတော်မူသော ပါဠိတော်စကားလည်း ရှိသေး၏။ သုတ်မဟာဝါ-မဟာပရိနိဗ္ဗာနသုတ်-၁၁ဝ။

သမ္မာ ဝိဟရေယျုန္တိတ္တေ သောတာပန္နော အတ္တနော
အဓိဂတဌာနံ အညဿ ကထေတွာ တံသောတာပန္နံ
ကရောန္တော သမ္မာ ဝိဟရတိနာမ၊ သေနယော သကဒါ
ဂါမိ အာဒိသု။

သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ၊ သေနယော သေသ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကေသု။ ဣဒံ သန္ဓာယာဟ “သမ္မာ ဝိဟရေယျုန္တိ”။ ။

အသုညော လောကောအရဟန္တေဟိ။ အဿာတိ နဋ္ဌဝနံ သရဝနံဝိယ နိရန္တရော အဿ။ ။

သုတ်မဟာဝါ အဋ္ဌကထာ-၁၈၃။

ဤသာသနာတော်ထမ်း ရဟန်းတို့သည် ကောင်းစွာကျင့်သုံး ပြောပြ ပို့ချသင်ကြား၍ နေငြားအံ့။ ကျူတော, မြားမြက်တောတို့ကဲ့သို့ အစဉ်မပြတ် ရဟန္တာတွေဖြစ်၍ နှစ်ရှည်စွာ တည်နေရာ၏ဟူ၍ ဟောတော်မူလေသည်။

ကျူတော,ကျူပင်တို့သည် အမြစ်အဖုတို့မှရင်း,အဆစ်တို့မှရင်း,တဖန် အမြစ်အဖုတို့ထွက်၍ အဆက်ဆက် ပေါက်ပွား၍ သွားသဖြင့် နှစ်ပေါင်းများစွာ ရှည်ကြာအောင် တည်နေသကဲ့သို့ သာသနာတော်ထမ်း ရဟန်းတော်တို့သည်လည်း နောင်လာ-နောက်သား တပည့်များကို သင်ကြားပို့ချ တရားပြ၍ ကောင်းစွာနေသည်ရှိသော် သာသနာတော်သည် ငါးထောင်, မက ခြောက်ထောင်မက ခုနစ်ထောင်,ရှစ်ထောင်,ကိုးထောင်,တသောင်း, တသိန်း,တသန်းကြာအောင် တည်တ္တယ်ရှိလေသည်။ “သို့သော် သင်ကြားပို့ချ တရားပြ၍ ကောင်းစွာ မနနိုင်ဒါက (ခက်တယ်-ခက်တယ်) အပုံကြီးခက်တယ်” ထိုသို့ပင် ခက်သော်လည်း ရဟန်းဆက် မပြတ်အောင် ဝိနည်းတရားတော်မြတ်ကို သင်ကြားပို့ချ ကျင့်သုံးကြပါလျှင် ဗုဒ္ဓသာသနာတော် အသက်ရှည်၍ “ဝိနယော ဋ္ဌိတေ ဗုဒ္ဓသာသနံ ဋ္ဌိတံ ဝိနယေ အဝိနဋ္ဌမှိ၊ ပုနတိဋ္ဌတိ သာသနံ”ဟူသည်နှင့်အညီ၊လူပြည်မှာ·ရဟန်းရှိသမျှကာလပတ်လုံး သာသနာတော် တည်ရှိသည်ဟု ဆိုရသည်။ လူ့ပြည်မှာ ရဟန်း မရှိလျှင် သာသနာတော်·အဆက်ပြတ်သည်။ ထိုကြောင့် ဝိနည်းကျင့်လမ်း တာဝန်ထမ်းသော ရဟန်းအစစ်တို့ကို နှစ်သက်လေးမြတ် ပူဇော်အပ်ကုန်၏။(အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ် နှင့် တိုင်ပင်၍ သီရိဓမ္မာ သောကမင်းကြီး

နှင်ထုတ်သော ရဟန်းတု ရဟန်းယောင် အဆက် ယခုထက်ထိ မဟာယာန ဂိုဏ်းရယ်လို့ ရှိသေးသည် မဟုတ်ပါလား)။ ။ သာရသင်္ဂဟ-၅၀။

နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ သာသနာ တည်သည်ဆိုရာမှာ လူ့ဘဝ လူ့ပြည်၌ ကဲ့သို့ ရဟန်းဆက်ရှိသည်မဟုတ် ပဉ္စာလစဏ္ဍာနတ်သားတို့ကဲ့သို့ တရားဟောတတ်သော ဓမ္မကထိကနတ်သားတို့သည်၎င်း၊ဟတ္ထကဗြဟ္မာနှင့် သနင်္ကုမာရ ဗြဟ္မာတို့ကဲ့သို့ တရားဟော တတ်သော ဓမ္မကထိက ဗြဟ္မာ တို့သည်၎င်း၊ သိကြားမင်း၏သားတော်ဖြစ်ရသော (မင်းသမီး) နတ်သား တို့ကဲ့သို့ သတိပေးစကား ပြောကြား တတ်သော နတ်သား - နတ်သမီး တို့သည်၎င်း၊ မြတ်စွာဘုရား ဟောထားတော်မူခဲ့သော သာသနာတော် သုံးရပ် အဆက်မပြတ်အောင် ဟောပြောဆုံးမ သတိပေးကြ၍ မဂ်ရ,ဖိုလ် ဝင်,နိဗ္ဗာန်ကို မြင်ကြသော ဗြဟ္မာအဆက်ဆက်တို့သည် နတ်သက်တမ်း ဗြဟ္မာ့ သက်တမ်းရှည်သ၍ ပွင့်လင်း ရှည်ကြာစွာ ကမ္ဘာငါးရာ, ကမ္ဘာ တထောင် စသည်ဖြင့် တည်ကြကုန်၏၊ ဝိသာခါ အနာထပိဏ်,သန္တုဿိတ, သက္က သိကြား မင်း အစရှိသော ဘုံစဉ်စံ နတ်သား နတ်သမီး တို့နှင့် အရိယာဗြဟ္မာကြီးတို့သည်၎င်း၊ သုဒ္ဓါဝါသဘုံစံ အနာဂါမ် ဗြဟ္မာကြီးတို့ သည်၎င်း၊ ကမ္ဘာပေါင်း တသောင်း ခြောက်ထောင် အသက်ရှည်သော အကနိဋ္ဌဘုံစံ ဗြဟ္မာကြီးတို့သည်၎င်း၊ မဂ်ရောင်, ဖိုလ်ရောင်, နိဗ္ဗာန်ရောင် တို့ဖြင့် ထွန်းပြောင်ပွင့်လင်းစွာတည်နေကြကုန်၏။

ဤလူ့ပြည်, နတ်ပြည်တို့က နေဝသညာချွန်ကိုရသော အရိယာ ပုဂ္ဂိုလ်တို့သည် ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် အသက်ရှည်သော နေဝသညာဘုံ၌ဖြစ်၍ မဂ်ရောင်,ဖိုလ်ရောင်,နိဗ္ဗာန်ရောင်တို့ဖြင့်ထွန်းပြောင် လျှံဝင်း ပွင့်လင်းရှည်ကြာစွာ တည်နေကြကုန်၏။

ဘုရား လက်ထက်က သောတာပန် တည်၍ နတ်ပြည်၌ ဖြစ်သော သောတာပန် ပုဂ္ဂိုလ်သည် စုတေ၍ လူ့ပြည်၌ ယခုအခါ လူဖြစ် လိုလျှင် ဖြစ်နိုင်သေး၏၊ဗြဟ္မာ့ပြည်သို့ရောက်သောအရိယာတို့ကား လူ့ပြည်သို့ မပြန် လာတော့ပြီ၊ အထက်အထက် ဗြဟ္မာ့ဘုံသို့ တက်၍ မဂ်ရောင်,ဖိုလ်ရောင်, နိဗ္ဗာန်ရောင်တို့ဖြင့် ထွန်းပြောင်ပွင့်လင်းလေတော့သည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို မုချမသွေရပါလို၏ဟူ၍ ပတ္ထနာဆုတောင်းရှိဘူး ၍ ကျင့်ကြံအားထုတ်သောသူတို့သည် မုချနိဗ္ဗာန်ကိုရလတ္တံ့ဖြစ်သည်။
ထေရအပဒါန်ဝတ္ထု-၇၆။

ဒါန,သီလ,သမထ,ဝိပဿနာ လေးချက်ပါအောင် အလှူပေး,အလှူခံ, အလှူဝတ္ထုတို့၌ တိလက္ခဏာတင်ပုံ မီးသုံးပါးငြိမ်းပုံ သံသရာစက်ပြတ်ပုံတို့ကို အကျယ်ဝိတ္ထာရနည်းဖြင့် ဘာဝနာပွားများ, အားထုတ်, တတ်ကြလေအောင် (ဝိဇ္ဇာဉာဏ် ဓာတ် အလင်း) ဟောကြားသော တရားတို့ကို သာမည ဗုဒ္ဓဘာသာဝင်သူတို့ပင် ဖြစ်သော်လည်း ဓမ္မဒေသနာတရားစာကို ကြည့်ရှုဖတ်တတ်ရုံမျှနှင့် သိနိုင်သော မြန်မာစကားတို့ဖြင့် ရေးသား ဟောကြားလတ္တံ့ဖြစ်သည်။ ဓမ္မဒေသနာတရားစာ ဝိပဿနာအခဏ်း၌ပြထားသော တရားတို့ကို စဉ်းစားဆင်ခြင်၍ ထင်မြင်အောင် အားထုတ်ကြကုန်၍ အခြေခံရှိအောင် ပြုလုပ်ကြကုန်။ အခြေခံရှိမှ နေရာကျသဘောပေါက်၍ ထိထိရောက်ရောက်သိနိုင်မည်။

## မောင်မြင့် လျှောက်ချက်

၁၂၉၆-ခုနှစ်၊ ကဆုန်လဆန်း ၅-ရက်နေ့။

ဘုရားတပည့်တော် ဒါယကာ-မောင်မြင့်(အကျိုးဆောင် ဒိဋ္ဌိဝိသုဒ္ဓိကမ္မဋ္ဌာန်းအသင်း) ကျောက်ချောင်းကြီးရွာ၊ ပုသိမ်မြို့အပိုင်။

အောက်၌ လျှောက်ထားပါရှိသော ပြဿနာဓမ္မတို့ အလျှဉ်းသင့်၍ မိန့်ခွန်းတော် ဒေသနာ အဖြေကို ဘော်ပြ ဟောကြားတော် မူပါမည့် အကြောင်း အာစရိယဂုဏ် ကျေးဇူးဟုန်ကို အကုန်မျှော်ဆ ပဏာသလျက် ဂါရဝအဥ္စလီ တင်ချီကာ လက်စုံမိုး၍ ရှိခိုးဝင်တွား လျှောက်ထားဝံ့ပါသည်ဘုရား။

တရားစာအတွက် ထပ်မံလျှောက်ထားရန်မှာ-

(၁) ယခင်က မေးလျှောက်ထားချက် ၆-ခုရှိရာဝယ်၊နံပါတ် ၁-၂-၃-၄-အထိ၊ အကျယ်ဝိတ္ထာရအားဖြင့် ဖြေဆိုထားရှိသည်များကို လွန်စွာနှစ်သက် ဝမ်းမြောက် သဘောကျပြီး ဖြစ်ပါသည်။ သို့ရာတွင် လျှောက်ထားချက် ၅-၆-ကို ဤဓမ္မဒေသနာတရားစာ စွဲမြဲကြည့်သူမှန်က သိတန်လောက်လေပြီ ဟု ရှေ့ရှုတော်မူခါ သခေ်ပအမြွက်မျှ နေယျတ္တဒေသနာတော်နည်းဖြင့် ဖြေကြားဆုံးမတော် မူလိုက်ခြင်းကို အသင်းဝင်ပုဂ္ဂိုလ်အချို့တို့က စောဒနာစကား အဝင်အတွက် ရှိနေကြပြန်ရာ၊ ဘုရားတပည့်

တော်ဉာဏ်မှီသိရှိသမျှယူရာယူကြောင်းများကို တိုင်ပင်ဆွေးနွေးပြောကြားသော်လည်း သဘောကျ ကျေနပ်ခြင်းမရှိ ဖြစ်နေကြပါသည်။ သို့ဖြစ်ပါသဖြင့် ၎င်းကျန်ရှိသော နံပါတ် ၅-၆ လျှောက်ထားချက်ပါ အပြည့်အစုံ စကားများ၏အရ တဖန်ထပ်မံပြီး အကျယ်ဝေဘန်၍ နိတတ္ထဒေသနာတော်နည်းနှင့် ကျမ်းဂန်စမ္မ လာသည့်အတိုင်း သဘာဝယုတ္တိ,သာဓကဝတ္ထုများပါ ရှင်းလင်းဆုံးဖြတ်ပေးတော်မူပါဘုရား။

ဒါယကာ ၅-ဦး ပေါင်းတို့က ဆရာတော် ဘုရားထံ နောက်ထပ် အသစ်လျှောက်ထားရန် အမေးပုစ္ဆာများမှာ-

(၂) သမထ ယာနိက လမ်းနှင့် သုဒ္ဓ ဝိပဿနာ ယာနိက လမ်း ထိုနှစ်လမ်းကို အဘယ်ကဲ့သို့ သဘော အဓိပ္ပါယ် ခွဲခြား၍ မှတ်ယူရပါမည်နည်း။

(၃) သညာ,ဝိညာ,ပညာ အသိသုံးမျိုးကို တခုစီခြားနား၍ ၎င်းတရားကိုလည်း ပညတ်-ပရမတ်ပိုင်းခြား၍ ဝိပဿနာပညာလမ်း ပဌမအစပြု၍ လိုက်သော ယောဂီပုဂ္ဂိုလ်များ အတွက် အဘယ်ကဲ့သို့ ရှေးဦးစွာ ယထာဘူတကျအောင် သိရှိနားလည်းထားရပါမည်နည်း။

(၄) ဤလောက လူ့ဘုံမှ ကုသိုလ်ကံကြောင့် စုတိစိတ်ကျ၍ နတ်ဘုံ၌ နတ်ဖြစ်ရမည် ဆိုသော် သေခါနီး ဆဲဆဲ ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးထင်ပုံ, ဇောစောပုံ, စုတိမရဏာကျပုံနှင့် နတ်ဘုံ၌ နတ်ဇာတိဖြစ်ပုံ,ခံစားရပုံတို့နှင့် ထိုနည်းကဲ့သို့ လူ့ဘုံမှာလည်း အကုသိုလ်ကံကြောင့် စုတိစိတ်ကျ၍ ငရဲဘုံ၌ ငရဲသားဖြစ်ရမည်ဆိုသော် နိမိတ် ၃-ပါး တပါးပါးထင်ပုံ, ဇောစောပုံ, စုတိကျပုံ, ငရဲသားဇာတိဖြစ်ပုံ,အတိဒုက္ခရပုံ စသည်များတို့ကို မည်ကဲ့သို့အားဖြင့် မှတ်သားနာယူရပါမည်နည်း။ (ဤအရာ၌ မြန်မာလိုသဘော အဓိပ္ပါယ်ချုပ်နှင့် သိလိုလှပါသည်။)

(၅) ရုပ်နှင့်နာမ်ကို (ကံ,စိတ်,ဥတု,အာဟာရ) အကြောင်းတရား ၄-ပါးတို့သည် နိယာမ သဘောအားဖြင့် အဘယ်ကဲ့သို့ ပြုပြင်စီရင်ပါသနည်း။

(၆) နာမ်ကြောင့်ဖြစ်သော ရုပ်တရား,ရုပ်ကြောင့်ဖြစ်သော နာမ်တရား စ၍ ဖြစ်ပေါ်ပုံ အသိကြဲ,အသိစိပ် ဖြစ်ပျက် မြင်ပုံတို့ကို ဝိပဿနာဉာဏ် ထက်သန်အားရှိအောင် အဘယ်ကဲ့သို့ မှတ်ယူရပါမည်နည်း။

(၇) နာမ်သက်,ရုပ်သက်နှစ်ပါးတို့သည် သူ့သဘောနှင့်သူ ဆိုသလို ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် အလွန်လျင်မြန်စွာ**ဖြစ်ပျက်**နေတာမှန်လှပါသည်။ သို့ရာတွင် နာမ်သက်ဟောင်းတခုနှင့် နာမ်သက်သစ်တခုသည် ဆက်၍ ဖြစ်သည်ဆိုပါက သဿတဒိဋ္ဌိ၊ တခြားစီဖြစ်သည်ဆိုပါက ဥစ္ဆေဒဒိဋ္ဌိ၊ မပြတ်တပြတ်ဖြစ်သည်ဆိုပါက အမရာဝိက္ခေပဒိဋ္ဌိဟူ၍ ဤကဲ့သို့ သုံးမျိုးမှ လွတ်ကင်းစင်ကြယ်အောင် ရုပ်သက်ကိုလည်း ထိုနည်းတူစွာ အဘယ်ကဲ့သို့ မှတ်ယူ၍ ပဋိပတ်အားထုတ်မှ လမ်းမှန်ဓမ္မ ကျပါမည်နည်း။

(၈) အနမတဂ္ဂသံသရာတွင် ကျင်လည်ကြကုန်သော သတ္တဝါတို့၏ သဏ္ဍာန်၌ အနုသယဓာတ် ကိန်းဝပ်နေသည်ဆိုရာ အဘယ်ကဲ့သို့ ကိန်းဝပ်နေပါသနည်း။

(၉) ၎င်း အနုသယ ကိလေသာကို ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်နှင့် သောတာပန် ပုဂ္ဂိုလ်တို့သည် အဘယ်ကဲ့သို့ ခေါင်းပါးခြင်း လက္ခဏာနှင့် ပယ်သတ်နိုင်ခြင်း လက္ခဏာ စသည်ဖြစ်ပါသနည်း။

(၁၀) ရုပ်,နာမ်,ခန္ဓာစသော တရားသဘောတို့ကို ဝိပဿနာရှုမှတ်သော စိတ်တချက်တချက်၌။ ဝါ၊ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိကွာသော သမ္မာဒိဋ္ဌိဉာဏ် စိတ်ခဏ၌ ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် ပါဝင်ပြီးစီးသွားသည်ဟု ကျမ်းဂန်တို့တွင်တွေ့ရှိဘူးရာ အကျဉ်းနည်း အချုပ်အခိပ္ပါယ်ငုတ်ကို ပေါ်လွင်ထင်ရှား ဉာဏ်ကျက်စားနိုင်အောင် နာယူဘို့ရန် အဘယ်ကဲ့သို့ ပါဝင်ပြီးစီးပါသနည်း။

ဤအထက်ပါ လျှောက်ထားချက်များကို (ဒေသနာက္ကမ)ဟောရိုးဟောစဉ်များမှ လွန်မြောက်၍ ပရမတ္ထရုပ်,နာမ်၏ သဘာဝအနက် အချက်ကျကျ သိမှတ်နာယူ၍ ဝိပဿနာယောဂီလုပ်ငန်း ဖြောင့်တန်းစွာအားထုတ်နိုင်ပါရန် လျှောက်ထားရခြင်းဖြစ်ပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား။

မောင်မြင့်နှင့်တကွ(ဒါယကာ ၅-ဦး)
ဒိဋ္ဌိဝိသုဒ္ဓိကမ္မဋ္ဌာန်းအသင်း၊
ကျောက်ချောင်းကြီး-ပုသိမ်မြို့အပိုင်။
၁၆-၅-၃၅။

# ဒိဋ္ဌိဝိသုဒ္ဓိ ကမ္မဋ္ဌာန်းအသင်း အကျိုးဆောင် မောင်မြင့်-လျှောက်ကြားသော ပုစ္ဆာအဖြေ

နတ်တော်လဆုတ် ၁၂-ရက်၊ ဝိပဿနာခဏ်း ပုစ္ဆာနံပါတ် ၄-တွင် (ဘုရားရှင် သာသနာတော်၌ မဂ်-ဖိုလ်မဲ့မှ နိဗ္ဗာနကို မုချမသွေ ရပါလို၏ ဟူ၍ ပတ္ထနာ ဆုတောင်းရာ၌) နိဗ္ဗာန်ကို ရအောင် ဆုတောင်းခြင်းသည် ၅-မျိုးရှိသည်။

၁။ သမ္မာသမ္ဗောဓိ ဆုတောင်း။
၂။ ပစ္စေကဗောဓိ ဆုတောင်း။
၃။ အဂ္ဂသာဝကဗောဓိ ဆုတောင်း။
၄။ မဟာသာဝကဗောဓိ ဆုတောင်း။
၅။ ပကတိသာဝကဗောဓိ ဆုတောင်း။

ဤ ဆုတောင်း ငါးမျိုးတို့တွင် မိမိတို့ နှစ်သက်ရာဆုကို တောင်းရသည်၊ ဤငါးမျိုးတို့တွင်....

**၁။ သမ္မာသမ္ဗောဓိ** ဆုဖြင့် နိဗ္ဗာန်ကို ရလိုပါ၏ဟု ဆုတောင်းသောသူသည် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကြာအောင် ပါရမီကို ဖြည့်မှ နိဗ္ဗာန်ကို ရနိုင်သည်။ ကမ္ဘာပေါင်း ဤမျှကြာအောင် ပါရမီကို မဖြည့်ဘဲနှင့် (သမုဒယသစ္စာ အပြင်လမ်း အသိ၊ ပရမတ္ထ သစ္စာ အတွင်းလမ်း အသိ) ဘယ်လောက်ကြီးပင် သိသော်လည်း နိဗ္ဗာန်ကို ရနိုင်သည် မဟုတ်။

**၂။ ပစ္စေကဗောဓိ** ဆုဖြင့် နိဗ္ဗာန်ကို ရပါလို၏ဟု ဆုတောင်းသောသူသည်လည်း အနည်းဆုံး နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီကို ဖြည့်မှသာလျှင် နိဗ္ဗာန်ကိုရနိုင်သည်။

**၃။ အဂ္ဂသာဝကဗောဓိ** ဆုဖြင့် နိဗ္ဗာန်ကို ရပါလို၏ဟု ဆုတောင်းသော သူသည် တသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီကိုဖြည့်မှ နိဗ္ဗာန်ကိုရနိုင်သည်။

၄။ **မဟာသာဝကဗောဓိ** ဆုမှာကား အနည်းဆုံး ပတ္ထနာ ဆုတောင်း ကမ္ဘာတသိန်း၊ အဘိနီဟာရ ဆုတောင်း ကမ္ဘာတသိန်းဟူ၍ တသိန်းကမ္ဘာ နှင့်ဆင့်ကြာအောင် ပါရမီကိုဖြည့်ရသည်။ (ပါရမီမဖြည့်ဘဲနှင့် သမ္မုတိသစ္စာ အသိမျိုး, ပရမတ္ထသစ္စာ အသိမျိုးတို့ဖြင့် ဘယ်လောက်ကြီး သိသော်လည်း နိဗ္ဗာန်ကိုမရနိုင်။)

၅။ **ပကတိသာဝကဗောဓိ** ဆုမှာကား ပါရမီဖြည့်ရာ ကမ္ဘာကာလ ဘယ်လောက်ကြာသည်ဟူ၍ အပဒါန် အဋ္ဌကထာ၌ မပြဆို၊ ကမ္ဘာတသိန်းအောက် ယုတ်လျော့၍ ကမ္ဘာတရာ,ကမ္ဘာတထောင် စသည်ကြာအောင် ပါရမီကို ဖြည့်ရသည်ဟူ၍ ဆရာအဆက်ဆက် ပြောဟောသောစကားရှိ၏။ ကျမ်းဂန်အဆိုကိုကား အသေအချာ မတွေ့ဘူး၍ မပြောဟောနိုင်သေး။(မိမိ၌ ပါဠိတော် အဋ္ဌကထာ ကျမ်းစာ ပြည့်စုံစွာ မရှိ၍ မကြည့်ရှုရ။)

(ပါရမီဖြည့်ရာ ကမ္ဘာကာလကိုအပဒါန်ဝတ္ထုပထမတွဲမှာရှုလေ။)

## ဘားနှတ်သားဝတ္ထု

မြတ်စွာ ဘုရားသည် အင်္ဂတိုင်း စမ္ပါပြည် ဂဂ္ဂရ ရေကန်၏ အနီး၌ ပရိသတ်အပေါင်းတို့အား တရားဟောတော်မူသောအခါ၊ရေကန်အတွင်း၌ ကျက်စားသွားလာသော ဘားကလေးတကောင်သည် ရေစပ်မှ ဝပ်လျက် မြတ်စွာဘုရား၏ တရားတော် အသံကို အာရုံပြုခါ သဒ္ဓါကြည်ညိုသော စိတ်ဖြင့် နားထောင်၍နေခိုက်တွင် နွားကျောင်းသော သူငယ်က ရေစပ်၌ ဝပ်လျက်နေသော ဘားကလေး၏ ကျောပေါ်သို့ နွားမောင်းသော ဒုတ်ချောင်းဖြင့် စိုက်ထောက်မိ၍ စုတိကျသောအခါ တာဝတိံသာ၌ ဘားနှတ်သားဖြစ်၍ နတ်သမီး အခြွေအရံနှင့် တကွ မြတ်စွာဘုရား အထံသို့ လာ၍ ရှိခိုးသောအခါ ...

ကောမေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

ဣဒ္ဓိယာ၊ ဒေဝိဒ္ဓိတန်ခိုးဖြင့်၎င်း။ ယသသာ၊ နတ်သမီး အခြံအရံအားဖြင့်၎င်း။ ဇလံ-ဇလန္တော၊ ထွန်းလင်းတောက်ပစွာ။ အဘိက္ကန္တေန၊ အလွန်နှစ်သက်ဘွယ်ရှိသော။ ဝဏ္ဏေန၊ အဆင်းအရောင်အားဖြင့်။ သဗ္ဗာဒိသာ၊

အလုံးစုံသောမျက်နှာ ရပ်ဆယ်ဖြာကို။ ဩဘာသယံ၊ အရောင်အဝါဖြင့် ထွန်းလင်းစေလျက်။ မေ၊ ငါဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးလာသောသူသည်။ ကော၊ အဘယ်သူပေနည်း။ ဤသို့ မြတ်စွာဘုရား က သိတော်မူလျက် မေးတော်မူသောအခါ ...

မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆ ပါလကော။

ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ပုရေ၊ ရှေးဘဝ၌။ ဥဒကေ ဝါရိဂေါစရော၊ ရေ၌ကျက်စား သွားလာတတ်သော။ မဏ္ဍူ ကော၊ ဘားကလေးသည်။ အာသိံ၊ ဖြစ်ပါသည်ဘုရား။ တဝ၊ အရှင်ဘုရား ၏။ ဓမ္မံ၊ တရားတော်အသံတို့။ သုဏန္တဿ၊ ရေစပ်မှာ ဝပ်လျက် နား ထောင်နေစဉ်။ ဝစ္ဆပါလကော၊ နွားကျောင်းသားသည်။ အဝဓိ၊ နွား မောင်းဒုတ်ဖြင့် ထောက်ခါညှပ်၍ သေခဲ့ပါသည် မြတ်စွာဘုရား။

ထိုဘားနတ်သားအား မြတ်စွာဘုရားသည် သစ္စာလေးပါးကိုပြ၍ တရားဟောတော်မူလျှင် သောတာပတ္တိဖိုလ်၌ တည်၍ ဤသို့လျှောက်၏။

မုဟုတ္တံ စိတ္တ ပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စမေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စမေ။
ယေစတေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသုံ ဂေါတမ။
ပတ္တာ တေ အစလ ဌာနံ၊ ယတ္ထ ဂန္တွာ နသောစရေ။

(ဝိမာနဝတ္ထုပါဠိတော်-၇၃။ မဏ္ဍူက ဒေဝပုတ္တဝိမာနဝတ္ထု။)

မုဟုတ္တံ၊ တခဏမျှ။ စိတ္တပသာဒဿ၊ စိတ်ကြည်ညိုခြင်းဖြစ်သော။ မေ၊ တပည့်တော်ဘားကလေး၏။ ဣဒ္ဓိဉ္စ၊ ဒေဝိဒ္ဓိတန်ခိုးကိုလည်း။ ပဿ၊ ရှုတော် မူပါ။ မေ၊ တပည့်တော် ဘားကလေး၏။ ယသဉ္စ၊ အခြံအရံ နတ်သိုး တထောင်ကိုလည်း။ ပဿ၊ ရှုတော်မူပါ။ မေ၊ တပည့်တော်ဘားကလေး ၏။ အာနုဘာဝဉ္စ၊ အစွမ်းရှိန်စော် အာနုဘော်ကိုလည်း။ ပဿ၊ ရှုတော် မူပါ။ မေ၊ နတ်သားဖြစ်သော တပည့်တော်ဘားကလေး၏။ ဝဏ္ဏဉ္စ၊ နတ်၏ လှပသော အဆင်းကိုလည်း။ ပဿ၊ ရှုတော်မူပါ။ မေ၊ နတ်သားဖြစ်သော တပည့်တော်၏။ ဇုတိဉ္စ၊ အရောင်အဝါ တောက်ပစွာလျှင် ဒိသာပတ်ဝန်း ကိုယ်ရောင်ထွန်းသည်ကိုလည်း။ ပဿ၊ ရှုတော်မူပါ။

အစ်ပွါယ်ကား...တခဏလောက်မျှ တရားရသော တပည့်တော်ဘားကလေးသည် အိပ်ပျော်ရာမှ နိုးသောလားသို့ နတ်သားအဖြစ်၌ ဖြစ်ရသော တပည့်တော်ဘားနတ်သား၏ တန်ခိုးဣဒ္ဓိ,အခြံအရံ,အဆင်းအရောင်တို့ဖြင့် တင့်တယ်စွာ ထွန်းလင်းတောက်ပလျက် သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို ရ၍ ချမ်းသာစွာ နေရခြင်းကို ပရိသတ် အများနှင့်တကွ ရှုတော်မူပါဟူ၍ လျှောက်ဆို၏။

တခဏမျှ တရားတော်အသံကို ကြည်ညိုစွာ နာကြားရသော ကုသိုလ်ဖြင့် ဤမျှလောက် ကြီးကျယ်သော နတ်သားဖြစ်၍ နိဗ္ဗာန်ကို ရသေး၏။ရှည်ကြာစွာသော ကာလပတ်လုံး တရားတော်ကိုနာရပါမူကား အဘယ်ဆိုဘွယ်ရှိအံ့နည်း။နိဗ္ဗာန်ကို မုချမသွေ ရပေရာ၏။ထိုအကြောင်းကို သိစေလို၍ ဤသို့လျှောက်ကြားပြန်၏။

ဂေါတမ၊ အနွယ်တော်အားဖြင့် ဂေါတမ အမည်တော်ရှိသော မြတ်စွာဘုရား။ ယေစတေ၊ အကြင်လူ၏အဖြစ်၌ တည်နေကြသော သူတို့သည်ကား။ ဒီဃမဒ္ဓါနံ၊ ရှည်ကြာစွာသောကာလပတ်လုံး။ ဝါ၊ ၃-နာရီ ၄-နာရီကြာအောင်။ ဓမ္မံ၊တရားတော်ကို။အသောသံုနာကြားကြကုန်၏။ တေ၊ထိုတရားနာသောလူအပေါင်းတို့သည်။ယတ္ထ၊အကြင်နိဗ္ဗာန်သို့။ဂန္တွာ၊ ရောက်ကြကုန်၍။နသောစရေ စိုးရိမ်ခြင်းမရှိကုန်။အစလံ၊ဖြစ်ပျက်တုန်လှုပ်ခြင်းမရှိသော။ တံဌာနံ၊ စိုးရိမ်စရာ,ပူပန်စရာ,ကြောင့်ကြစရာမရှိအေးအေးမြမြ ချမ်းသာစွာနေရသော ထိုနိဗ္ဗာန်သို့။ ပတ္တာ၊ ရောက်ကြလေကုန်၏။

ဘားနတ်သားသည် သောတာပတ္တိဖိုလ်၌တည်၍။ သိတံ၊ ပြုံးရွှင်သည်ကို။ ကတွာ၊ပြု၍။ ပက္ကမိ၊ နတ်ပြည်သို့ပြန်သွား၏။ ဤဘားနတ်သား ဝတ္ထု၌ တိရစ္ဆာန်ဖြစ်သော်လည်း မြတ်စွာဘုရား၏တရားတော်ကို နာကြားရသော ဥပနိဿယနှင့် ပြည့်စုံ၍ ထို ဥပနိဿယပါရမီ အခြေခံ ရှိသဖြင့် ဒုတိယဘဝ၌ သော်၎င်း၊ တတိယဘဝ၌ သော်၎င်း၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်ကုန်၏ ဟူ၍ အဋ္ဌကထာပြဆိုတော်မူ၏။

"ဘဂဝတော ဓမ္မံ သဝနေန ဥပနိဿယ သမ္ပတ္တိံ
ပတွာ တာယ စေဝ ဥပနိဿယ သမ္ပတ္တိယာ ဒုတိယေ
တတိယေ ဝါ အတ္တဘာဝေ မဂ္ဂဖလာဘာဂိနော ဟောန္တိ၊
မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထနိဒဿနံ"

(ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ၊ သတ္တာဒေဝမနုဿာနံ ပုဒ်ဖွင့်။)

ဤဘားနတ်သားသည် တိရိစ္ဆာန်အဖြစ်၌ တရားတော်ကိုနာရသော ပါရမီ ဥပနိဿယဖြင့် ဒုတိယဘဝ၌ နတ်သားဖြစ်၍ မဂ်ဖိုလ် နိဗ္ဗာန်ကို ရသော ပကတိသာဝကဖြစ်သည်ဟူ၍ ဆိုရ၏။ သို့သော်လည်း ထိုတိရိစ္ဆာန် ဘားကလေးသည် တိရိစ္ဆာန် ဖြစ်ပါလျက် တရားတော် အသံကို ကြည်ညို သော စိတ်ဖြစ်သည်မှာ ရှေးရှေးကာလ ပွင့်တော်မူသော မြတ်စွာဘုရားတို့ ၏ တရားတော်ကို ကြားနာဘူးသော ပါရမီအဓိကာရ ရှိသောကြောင့်သာ လျှင် ယခုဘားတိရိစ္ဆာန်၏ ဘဝ၌ ကြည်ညိုသောစိတ် ဖြစ်နိုင်သည် ဟူ၍ မှတ်သင့်၏။(ပုဗ္ဗဗုဒ္ဓေသု ကတာဓိကာရော) အပဒါန်အဋ္ဌကထာ စသည်ကို ထောက်။ မိလိန္ဒပဉှာ ပါဠိတော် ၂၀၅-၌လည်း—

"ယေတေ မဟာရာဇ ဂိဟိ အဂါရိကာ ကာမဘောဂိ နော၊ သန္တံပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောန္တိ သဗ္ဗေ တေ ပုရိမာသု ဇာတီသု တေရသ ဓုတင်္ဂဂုဏေသု ကတပါသနာ ကတဘူမိကမ္မာ၊ တေ တတ္ထ စာရဉ္စ ပဋိပတ္တိံ စ သောဓယိ တွာ အဇ္ဇတရဟိ ဂိဟိယေဝ သန္တာ သန္တံ ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောန္တိ" ဟူ၍ မိန့်၏။

ရှေးရှေးကာလ ဘဝ၌များစွာ သံသရာ၌ ဘုရားရဟန္တာ သူတော် ကောင်းတို့၏ ဩဝါဒ, အနုသာသန ဆုံးမသင်ပြသော တရားစကားကို ကြားနာရသဖြင့် ဓုတင်တေရသ အကျင့်မြတ်တို့ကို ကျင့်သုံး ဘူးသော ကြောင့်သာလျှင် ယခုမြတ်စွာဘုရား သာသနာတော်၌ လူ,နတ်,ဗြဟ္မာတို့ သည် နိဗ္ဗာန်ကိုရကြကုန်၏ဟူ၍ အရှင်နာဂသေန ဟောပြတော်မူသည်။

ပကတိသာဝက ရဟန္တာဖြစ်သော်လည်း ရှေးရှေးကမ္ဘာတို့က ပွင့် တော်မူသော မြတ်စွာဘုရားတဆူဖြစ်စေ၊ နှစ်ဆူ,သုံးဆူဖြစ်စေ၊ ဖူးမြင်တွေ့ ကြုံ ကြည်ညိုသောစိတ်ဖြင့် ပြုလုပ်ဘူးသော ဓုတင်, ပဋိပတ်, ဒါန, သီလ, အဓိကာရ ပါရမီရှိမှသာလျှင် ယခု ဘုရားသာသနာတော်၌ နိဗ္ဗာန်ကိုရနိုင် မည်။ ပါရမီအဓိကာရ ဥပနိဿယ မရှိဘူးလျှင် ယခုဘုရားသာသနာတော်၌ သမ္မုတိဒေသနာ,ပရမတ္ထဒေသနာတို့ဖြင့် ဟောကြားသည်ကို ကြားနာရ၍ သမ္မုတိသစ္စာ အသိမျိုး,ပရမတ္ထသစ္စာ အသိမျိုး ဘယ်လောက်ကြီးသိသော် လည်း နိဗ္ဗာန်ကို မရသေးဘဲ ဝါသနာဘာဂီ မျှ သာ လျှင် ဖြစ်မည်ထင်၏။

အပဒါန် ပါဠိတော်ကြီးကို ထောက်။ သမထလမ်းမှာ ဝီရိယ ပဓာန ဖြစ်ကြောင်း။ ဝိပဿနာ လမ်းမှာ ပါရမီ ပြည့်စုံမှ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြောင်း။ *

မြတ်စွာ ဘုရားတို့သည်ကား သမ္မုတိသစ္စာ စကားဖြင့် ဟောပြ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို သိခြင်းငှါ တတ်နိုင်လောက်သော သူတို့အား သမ္မုတိသစ္စာ အပြင်လမ်းဖြင့် ဟောပြတော်မူ၏။ ပရမတ္ထ သစ္စာစကားဖြင့် မဂ်ဖိုလ်

---

* ထိုစကားမှန်လှ၏။ ဘားနတ်သားဝတ္ထုဝယ် ရေကန်မှ တက်လာသော ဘားသည် မြတ်စွာဘုရား၏ ဟောသောတရားသံကို ကြည်ညို၍ သေလေသောကြောင့် နတ်သားဖြစ်ပြီးလျှင် ရှေးကံပါရမီ အခဲ့ဆောက်အပံ့ကြောင့် မဂ်,ဖိုလ် ရသည်ဟုပြရာ၌ ..

" တသ္မိံခဏေ ဧကော မဏ္ဍူကော ပေါက္ခရဏိတော
အာဂန္တွာ ဓမ္မောဃော ဝုဋ္ဌတိတိ ဓမ္မသညာယ သရေနိမိတ္တံ
ဂဏှန္တော ပရိသပရိယန္တေနိပဇ္ဇိ"

"(မဏ္ဍူကဒေဝပုတ္တဝိမာန အဋ္ဌကထာ။)

တသ္မိံခဏေ၊ထိုခဏ၌။ဧကော၊တခုကောင်သော။မဏ္ဍူကော၊ဘားသည်။ ပေါက္ခရဏိတော၊ ရေကန်မှ။ အာဂန္တွာ၊ လာခဲ့၍။ ဃော၊ ဤအသံကို။ ဓမ္မော၊ တရားသံဟူ၍။ ဝုဋ္ဌတိ၊ဆိုအပ်၏၊ဣတိ၊ဤသို့။ ဓမ္မသညာယ၊ဟုရားဟူသောအမှတ်ဖြင့်။ သရေ၊ အသံတော်၌။ နိမိတ္တံ၊ အခြင်းအရာကို။ ဂဏှန္တော၊ ယူလျက်။ ပရိသပရိယန္တေ၊ ပရိသတ်အစွန်အနား၌။ နိပဇ္ဇိ၊ ဝပ်၏။

ဤ၌ တရားသံကို နာခြင်းငှါလာ၍ ဓမ္မသညာဖြင့် အသံတော်မှာ နိမိတ်ကို ယူလျက် ပရိသတ်အစွန်အနားမှာ ဝပ်ကာ နေနိုင်သော ဘားသူငယ်၏ အဟိတ် တိရစ္ဆာန်အနေနှင့်မတန် ထက်သန်သော သဒ္ဓါပသန္န ဗျာပါရ အမှုအရာသည် ရှေးကံ,ရှေးပါရမီနှင့် ကင်း၍ဖြစ်သည်မဟုတ်။

ထိုသို့ ရှေးကံပါရမီအကြောင်း နီးစပ်လာလျှင် အဟိတ်တိရစ္ဆာန် ဘဝက ပင် ကျွတ်လွတ်၍သွားနိုင်ကြောင်း ဖြစ်ဘူးသောအတ္ထုပ္ပတ်များကို ဘော်ပြရာ၌—

"သရေနိမိတ္တံ အဂ္ဂဟေသီတိ ပုဗ္ဗဗုဒ္ဓုပ္ပါဒေသု သဒ္ဓမ္မဿဝန ပရိစယေန ဓမ္မော ဃောသောဝုဋ္ဌတိဘိ သရေအာကာရံဂဏှိ'ပုဗ္ဗာဘိ ယောဂ သေနေဟေ ဤဒိသာနံ တိရစ္ဆာနာနံ ဓမ္မဿဝနာဒီသု ပသာဒေါ ဥပ္ပဇ္ဇတိ ဂဂ္ဂုလီအာဒီနံဝိယ"

(ဝိမတိဝိနောဒနီဋီကာ။)

နိဗ္ဗာန်ကို ရခြင်းငှါ တတ်နိုင်လောက်သော သူတို့အား ပရမတ္ထသစ္စာ အတွင်းလမ်းဖြင့် ဟောပြတော်မူ၏။

သမ္မုတိသစ္စာစကားဖြင့် သိနိုင်လောက်သောသူတို့အား ပရမတ္ထသစ္စာစကားကို ရှေးဦးစွာမဟောဘဲ သမ္မုတိသစ္စာစကားဖြင့် သိအောင် ဟောပြပြီးမှ ပရမတ္ထသစ္စာ စကားကို ဟောပြတော်မူ၏။ ပရမတ္ထသစ္စာ စကားဖြင့် သိနိုင်သောသူတို့အား သမ္မုတိသစ္စာစကားကို ရှေးဦးစွာမဟောဘဲ ပရမတ္ထသစ္စာ စကားကို ရှေးဦးစွာ ဟောပြီးမှ သမ္မုတိသစ္စာ စကားကို ဟောကြားတော်မူ၏။ ရှေးဦးစွာ ပရမတ္ထ သစ္စာစကားကို ဟောကြားသော တရားဒေသနာသည် ခြောက်တီးခြောက်တောက်နေ၏။ တရားနာသူတို့ ပျင်းရိစရာဖြစ်တတ်၏။ ထို့ကြောင့် မြတ်စွာဘုရားတို့သည် သမ္မုတိသစ္စာစကား, သမ္မုတိကထာ, သမ္မုတိဒေသနာကို ရှေးဦးစွာ ဟောတော်မူပြီး၍ နောက်မှ ပရမတ္ထသစ္စာ, ပရမတ္ထကထာ, ပရမတ္ထဒေသနာကို ဟောကြားတော်မူကုန်၏။ သုတ်သီလက္ခန် အဋ္ဌကထာ ပေါဋ္ဌပါဒသုတ်အဖွင့်။

(မူလပဏ္ဏာသ အဋ္ဌကထာအနင်္ဂဏသုတ်အဖွင့်)

---

သရေနိမိတ္တံအဂ္ဂဟေသီတိ၊ သရေနိမိတ္တံအဂ္ဂဟေသိ ဟူသည်ကား။ ဗုဒ္ဓုပ္ပါဒေသု၊ ရှေးရှေးဘုရားတို့၏ ဖြစ်ပွင့်ရာသာသနာတို့၌။ ဓမ္မဿဝနပရိစယေန၊ သူတော်ကောင်းတရားကို ကြားနာရခြင်း၌ အလေ့အကျက် များခြင်းကြောင့်။ ဧသော၊ ဤအသံကို။ ဓမ္မော၊ တရားသံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ သရေ၊ အသံ၌။ အာကာရံ၊ တရားတည်းဟူသောအခြင်းအရာကို။ ဂဏှိ၊ ယူ၏။ ဟိ၊ ဆိုစကားမှန်၏။ ပုဗ္ဗာဘိယောဂဝသေန၊ ရှေး၌ အားထုတ် ဖူးသော အဘိယောဂ၏ အစွမ်းဖြင့်။ ဤဒိသာနံ၊ ဤသို့ သဘောရှိကုန်သော။ တိရစ္ဆာနာနံ၊ တိရစ္ဆာန်တို့အား။ ဓမ္မဿဝနာဒီသု၊ တရားနာခြင်းအစရှိသည်တို့၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကိံဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝဂ္ဂုလိအာဒီနံ၊ လင်းနို့ငှက်စသည်တို့အား။ ဓမ္မဿဝနာဒီသု၊ တရားနာခြင်းစသည်တို့၌။ ဥပ္ပဇ္ဇတိဝိယ၊ ဖြစ်သကဲ့သို့တည်း။

ထိုအကြောင်းများကြောင့် ပါရမီအထုံပါလာပါမူ တိရစ္ဆာန်ဘဝကပင် ကျွတ်လွတ်၍ မဂ်,ဖိုလ်,နိဗ္ဗာန်ရနိုင်ပေရာ၊ ယခု မိမိတို့လူ့ဘဝရနေခိုက် ဝိပဿနာတရားကို ရှေးပါရမီပါသဖြင့် စိတ်ဝင်စားနိုင်, ကျင့်ကြံအားထုတ်နိုင်သည် ဖြစ်ရကား ကြိုးစားပါက မဂ်,ဖိုလ်,နိဗ္ဗာန်ရမည် စင်စစ်အမှန်ဖြစ်ပေလိမ့်သတည်း။

(သမ္မုတိသစ္စာ)အပြင်လမ်းဖြင့် ဟောပြသော်၎င်း၊(ပရမတ္ထသစ္စာ) အတွင်းလမ်းဖြင့် ဟောပြသော်၎င်း၊ တရားနာသောသူတို့မှာကား ပါရမီ ပြည့်စုံမှသာလျှင် ယခု ဘုရားသာသနာတော်၌ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်မည်။ ပါရမီမပြည့်စုံသေးလျှင် ဝါသနာဘာဂီဖြစ်၍ နောင်ပွင့်လတ္တံ့သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌ ခိပ္ပါဘိညာဖြစ်၍ နိဗ္ဗာန်ကိုရလွယ်လေရာ၏။

နိဗ္ဗာန်ကို ရပါလို၏ဟူ၍ ဆုတောင်းပတ္ထနာပြုလုပ်သော ဒါနကုသိုလ်သည် ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်၏။ (ပရမတ္ထသစ္စာ) အတွင်းလမ်းပညာသိဖြင့် ခန္ဓာ၊ရုပ်၊နာမ်တို့ကိုသိမှ ဝိဝဋ္ဋကုသိုလ်ဖြစ်သည်မဟုတ်၊နိဗ္ဗာန်ကိုဆုတောင်း၍ ပြုသမျှကုသိုလ်သည် ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်သည်၊နိဗ္ဗာန်ရောက်ကြောင်း ပါရမီဖြစ်သည်၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်တွေကို ပြုဘန်များ၍ ပါရမီအခြေရင့်သန်၍ ဥပနိဿယ ပြည့်စုံမှသာလျှင် နိဗ္ဗာန်ကို ရနိုင်သည်။ ပါရမီ ကုသိုလ်မပြုလုပ်ဘဲ သံသရာစခမ်း၌ လမ်းလွဲ၍ နေလျှင်လည်း ဘုရားလောင်း သုမေဓာရှင်ရသေ့နှင့်အတူလိုက်၍ ရသေ့ ရဟန်း ပြုလုပ်သော မေဃလုလင်ပျိုကဲ့သို့ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကြာအောင် နစ်မြုပ်၍နေတတ်၏။

## ဘုရားလောင်း သုမေဓာအရှင်ရသေ့နှင့် အတူလိုက်၍ တရားကိုကျင့်သော မေဃလုလင်ပျိုဝတ္ထု၊

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့အား(ဂေါတမော ဗုဒ္ဓေါ ဘဝိဿတိ) အစရှိသည်ဖြင့် ဗျာဒိတ်ပေးတော်မူ၏။ ထိုအခါ၌ မေဃလုလင်ပျိုသည် ဗျာဒိတ်ပေးသည်ကို ကြားရသဖြင့် ကြည်ညိုသော စိတ်ဖြစ်၍ သုမေဓာ ရှင်ရသေ့နှင့် အတူတကွလိုက်၍ ပါတိမောက္ခသံဝရ, ဣန္ဒြိယသံဝရ, အာဇီဝပါရိသုဒ္ဓိသီလတို့ကို ကျင့်သုံးနေရာမှ ပါပမိတ်ဆွေက သွေးဆောင် ဖြားယောင်းသဖြင့် လူထွက်၍ ထိုပါပမိတ်ဆွေက တိုက်တွန်းပြောဆိုသည်ကို နားယောင်၍ အမိကိုသတ်ခြင်း (မာတုဃာတက) ကံဖြင့် အဝီစိငရဲသို့ ကျရောက်၍ ရှည်ကြာလှစွာ ကမ္ဘာပတ်လုံး ခံရပြီး နောက်၌လည်း တခုသောအပါယ်ဘုံမှ တခုသောအပါယ်ဘုံသို့ လှည့်လည် ကျရောက်ခါ ကြီးစွာသောဆင်းရဲဒုက္ခကိုခံစားလျက် လေးသင်္ချေနှင့်ကမ္ဘာ

တသိန်းကာလအတွင်း၌ ဘုရားလောင်းသုမေဓာနှင့် တကြိမ်တခါမျှ မတွေ့ရတော့ဘဲ မဟာသမုဒ္ဒရာ၌ တိပိင်္ဂလငါးကြီးဖြစ်၍နေသောအခါ ဂေါတမမြတ်စွာဘုရားပွင့်တော်မူ၍ သာဝတ္ထိပြည်မှ သရဏဂုံ ဆောက်တည်သောဥပါသကာတို့သည် ကုန်စည်ကူးသန်းရန် လှေသင်္ဘောဖြင့် သမုဒ္ဒရာသို့ကူးသွားသောအခါ ထိုတိပိင်္ဂလငါးကြီးက လှေသင်္ဘောကိုမျိုရန် ခံတွင်းကိုဖွင့်ဟလျက် လိုက်လာလျှင် ကုန်သည်ဥပါသကာတို့သည် ကြောက်လန့်ကြ၍ (ဂေါတမော ဗုဒ္ဓေါ၊ ဂေါတမော ဗုဒ္ဓေါ)ဟူသော အသံကိုအော်ကြကုန်၏။ ထိုအသံကိုကြားသောအခါ တိပိင်္ဂလငါးကြီးသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်က သုမေဓာ ရှင်ရသေ့အား ဗျာဒိတ်ပေးတော်မူသော ဒီပင်္ကရာမြတ်စွာဘုရား၏ (ဂေါတမော ဗုဒ္ဓေါ ဘဝိဿတိ)စသည်ဖြင့် ဗျာဒိတ်စကားတော်ကို အမှတ်ရ၍လာသဖြင့် စုတေပြီးလျှင် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ ဓမ္မရုစိဟူသော အမည်ရှိ၏။ ခုနစ်နှစ်သားရှိသောအခါ မြတ်စွာဘုရားကိုဖူးမြင်ရ၍ သာမဏေပြုလုပ်လျက် တနေ့လျှင်သုံးကြိမ် မြတ်စွာဘုရားထံ ဆည်းကပ်ခစားသောအခါ သစ္စာကိုပြ၍တရားစကား ဟောကြားတော်မူလျှင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်၍ ဓမ္မရုစိထေရ်ဟု ထင်ရှားဖြစ်တော်မူ၏။ အပဒါန်ပါဠိတော် ဧကူနပညာသဝဂ်နဝမဝတ္ထု(ဤဓမ္မရုစိထေရ်သည် ပကတိသာဝကဖြစ်လျက် ဘုရားလောင်းသုမေဓာနှင့် အတူတူပင်လျှင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းရှိမှ နိဗ္ဗာန်ကိုရ၏။ ပါရမီကုသိုလ်ကို မပြုလုပ်ဘဲ လမ်းလွှဲခြင်း၏ အပြစ်ပေတည်း။)နိဗ္ဗာန်ကို မြန်မြန်ရလိုကြလျှင် လမ်းမလွှဲကြစေနှင့် လမ်းလွှဲလျှင် မြန်မြန်မရနိုင်ဘူး။

## ဒါနဝတ္ထုအမျိုးမျိုး၌ သီလကုသိုလ် ဘာဝနာကုသိုလ်ဖြစ်ပုံ

ဝိနည်း၌ ဟောတော်မူသော (ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး)ဟူ၍ ဒါန ဝတ္ထု ပစ္စည်းလေးပါး။ သုတ္တန်၌ ဟောတော်မူသော (အန္န-ထမင်း, ပါန-အဖျော်, ဝတ္ထ-အဝတ်ပုဆိုး, သင်္ကန်း, ယာန-လှည်းယာဉ်, လှေယာဉ်, ဆင်ယာဉ်, မြင်းယာဉ်စသည်။ မာလာ-ပွင့်ပန်း, သီးပန်း, ရွက်ပန်း, နွယ်ပန်းစသည်။ဂန္ဓ၊နံ့သာမျိုးဆယ်ပါး။ဝိလေပန၊လိမ်းကျံစရာအမျိုးမျိုး။ သေယျ၊ဖျာသင်ဖြူး,အိပ်ရာခင်း,ကုတင်ညောင်စောင်းစသည်။ အာဝသထ၊

ကျောင်း,အိမ်,စရပ်,တန်ဆောင်းစသည်။ ပဒီပေယျ၊ အရောင်အလင်းဖြစ်သော ဆီမီး,ဓာတ်မီးစသည် ဤသို့အားဖြင့် ဒါနဝတ္ထု ဆယ်မျိုးကိုလည်း အကျဉ်းဟောပြတော်မူ၏။ အဘိဓမ္မာ၌ဟောတော်မူသော (ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ)ဟူ၍ ဒါနဝတ္ထုအာရုံ ခြောက်ပါးကို ဟောပြတော်မူ၏။ အဋ္ဌသာလိနီ ၁၁၈-၌ အကျယ်ကိုရှုရာ၏။

"တယိဒံ ရူဇနီ ဝဏ္ဏာရမ္မဏံ ဟုတွာ ဥပ္ပဇ္ဇမာနမေဝ
တိဝိဓေန နိယမေန ဥပ္ပဇ္ဇတိ ဒါနမယံဝါ ဟောတိ သီလ
ပယံဝါ ဘာဝနာ မယံဝါ"

ကာမဝစရကုသိုလ်စိတ်သည် အဆင်းရူပါရုံကို အာရုံပြု၍ ဒါနမယကုသိုလ်လည်း ဖြစ်နိုင်၏။သီလမယကုသိုလ်လည်း ဖြစ်နိုင်၏။ ဘာဝနာမယကုသိုလ်လည်း ဖြစ်နိုင်၏ဟူလို။ ။ဖြစ်ပုံကား:...

လှပတင့်တယ် ရှုချင်ဘွယ် အဆင်းရှိသော ပန်းပွင့်,အဝတ်အထည်စသည်တို့တွင် တခုခုသော ဒါနဝတ္ထုကိုရ၍ ငါ့အား အဆင်း တည်းဟူသော အလှူသည် ဖြစ်စေသတည်းဟု နှလုံးပြု၍ ရတနာသုံးပါး တို့တွင် တပါးပါးအား လှူဒါန်းပူဇော်၏။ ထိုကုသိုလ်သည် ဒါနမယ ကုသိုလ်ဖြစ်၏။

ဘဏ္ဍာစိုး သံဃမိတ္တအမည်ရှိသောပုဂ္ဂိုလ်သည် ရွှေချည်ထိုး အဝတ်တထည်ကိုရ၍ ဤအဝတ်သည်လည်း ရွှေအဆင်းရှိ၏။ မြတ်စွာဘုရားသည်လည်း ရွှေအဆင်းရှိတော်မူ၏။ ရွှေအဆင်းရှိသော အဝတ်အထည်သည် ရွှေအဆင်း ရှိသော မြတ်စွာဘုရားအား သင့်လျော်၏။ ငါတို့မှာလည်း (ဝဏ္ဏဒါန) အဆင်းအလှူ ဖြစ်လတ္တံ့ ဟူ၍ နှလုံးပြုပြီးလျှင် မဟာစေတီတော်ကြီးကိုတင်လှူပူဇော်၏။ ဤသို့လှူဒါန်းပူဇော်သောအခါ၌ ဒါနမယကုသိုလ်ဖြစ်၏။ဤကား:-ဒါနဝတ္ထုဖြစ်သော ရူပါရုံကို အာရုံပြု၍ ဒါနမယကုသိုလ်ဖြစ်ပုံကို ပြဆိုသတည်း။ (ဒါနကုသိုလ်ဖြစ်သည်ဟူလို။)

ထိုကဲ့သို့အဆင်းရှိသော ဒါနဝတ္ထုကိုရ၍ ငါတို့၏ဆွေမျိုးအဆက်ဆက် လှူဒါန်းပူဇော်လေ့ရှိသော အလေ့အကျင့် ဖြစ်သည်ဟု နှလုံးပြု၍ ဆွေစဉ်မျိုးဆက် ဝတ်မပျက်အောင် ပူဇော်ခြင်းအလေ့အကျင့်ကို ငါပြုလုပ်ပူဇော်မည်ဟု ကြံ၍ ရတနာသုံးပါးတို့အား ပူဇော်လှူဒါန်းသော ကုသိုလ်

သည် သီလမယကုသိုလ်ဖြစ်၏။ ဤကား ရူပါရုံကိုပင် အာရုံပြု၍ သီလမယ ကုသိုလ်ဖြစ်ပုံတည်း။ (စာရိတ္တသီလကုသိုလ်ဖြစ်သည်ဟူလို။)

ထိုကဲ့သို့ လှပတင့်တယ် ရှုချင်ဘွယ် အဆင်းရှိသော ဒါနဝတ္ထုဖြင့် ရတနာသုံးပါးတို့အား ပူဇော်လှူဒါန်းပြီး၍ ဤအဆင်းသည် ဖြစ်ခြင်း-ပျက်ခြင်း သဘောရှိ၏။ ဖြစ်၍ဖြစ်၍ ပျက်ခြင်းကြောင့် အမြဲမရှိ အနိစ္စ သဘောဖြစ်၏။ ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ဖြစ်ပျက်ပြောင်းလဲ မမြဲသော အနိစ္စသဘောတည်း ဟူ၍ ဖြစ်ပျက်ကိုထင်မြင်အောင် ဆင်ခြင်သောအခါ ဘာဝနာမယကုသိုလ်ဖြစ်သည်။ (ဤကား-ဘာဝနာကုသိုလ်ဖြစ်ပုံတည်း။)

အဆင်းတည်းဟူသောရူပါရုံ ဒါနဝတ္ထုတခုတည်းဖြင့်(ဒါန-သီလ-ဘာဝနာ)သုံးဖြာသော ပုညကိရိယဝတ္ထု ဖြစ်ပုံကို ပြသောစကားတည်း။

သဒ္ဒဒါန - အသံ အလှူ ဖြစ်စေ သတည်းဟု ကြံ၍ တူရိယာတို့ဖြင့် ရတနာသုံးပါးတို့အား ကိုယ်တိုင်ပူဇော် လှူဒါန်းခြင်း၊ သူတပါးတို့အား စေခိုင်း၍ ပူဇော်လှူဒါန်းခြင်းသည် သဒ္ဒဒါနကုသိုလ်ဖြစ်၏။

သဒ္ဒဒါန-အသံကိုလှူဒါန်းပူဇော်သောအလေ့အကျင့်သည် ငါတို့၏ အမျိုးအနွယ် အဆက်ဆက် ဝတ်မပျက်အောင် ပြုလုပ်ပူဇော် လှူဒါန်းလေ့ ရှိသော အလေ့အကျင့်ကို ငါပြုလုပ်အံ့ဟု ကြံ၍ တူရိယာတို့ဖြင့် ပူဇော်ခြင်းသည် အသံတည်းဟူသော သဒ္ဒါရုံကို အာရုံပြု၍ သီလမယ ကုသိုလ်ဖြစ်သည်။

ထိုအသံသည် ဖြစ်ပျက်ဖြစ်ပျက်နေ၏ ဟူ၍၎င်း၊ ဖြစ်ပျက်ဖြစ်ပျက် နေသောကြောင့် မမြဲသော အနိစ္စသဘောတည်း ဟူ၍၎င်း၊ ဖြစ်ပျက် ဖြစ်ပျက်နေသောကြောင့် ဆင်းရဲသော ဒုက္ခသဘောဟူ၍၎င်း၊ထိုအသံသည် အခဲ အလုံး အဖြူး အမှုန့် အရည် အဖတ် အစေး အဆီ မဟုတ် ဟူ၍၎င်း၊ ဖြစ်ပျက်ကို ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုသောအခါ ထိုအသံသဒ္ဒါရုံကို အာရုံပြု၍ ဘာဝနာကုသိုလ်ဖြစ်သည်။

ဂန္ဓဒါန အနံ့အလှူဖြစ်စေသတည်းဟု ကြံ၍ နံ့သာမျိုးဆယ်ပါးတို့ တွင် တပါးပါးသော နံ့သာဖြင့် ရတနာသုံးပါးတို့အား ပူဇော်လှူဒါန်း ခြင်းသည် ဒါနမယကုသိုလ်ဖြစ်သည်။

ထို ဂန္ဓဒါန-နံ့သာအလှူ ပူဇော်ခြင်းသည် ငါတို့၏ အမျိုးဓလေ့ ဖြစ်၏။ ငါတို့ အမျိုးအနွယ် အဆက်ဆက် ဝတ်မပျက်အောင် ငါပြုလုပ်၍

လျှုဒါန်းပူဇော်မည်ဟု ကြံ၍ ရတနာသုံးပါးတို့အား လျှုဒါန်းပူဇော်ခြင်းသည် သီလမယ ကုသိုလ်ဖြစ်သည်။

ထိုအနံ့ဂန္ဓာရုံသည် ဖြစ်ပျက် ဖြစ်ပျက်နေ၏၊ ဖြစ်ပျက် ဖြစ်ပျက်နေသောအနံ့သည် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီမဟုတ် ဖြစ်ပျက်ဖြစ်ပျက်သည်သာလျှင်ဟုတ်မှန်၏ဟူ၍ ဖြစ်ပျက်ကိုထင်မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းသည် အနံ့ကို အာရုံပြု၍ ဘာဝနာကုသိုလ် ဖြစ်သည်။

စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန်အရသာအမျိုးမျိုးတို့နှင့်ပြည့်စုံသော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို (ရသဒါန) အရသာ အလှူ ဖြစ်စေသတည်းဟု နှလုံးပြု၍ ရတနာ သုံးပါး တို့အား လျှုဒါန်း ပူဇော် ခြင်းသည် ရသာရုံကို အာရုံပြု၍ ဒါနမယကုသိုလ်ဖြစ်သည်။

ထိုရသာရုံအလှူကို ပူဇော်လျှုဒါန်းခြင်းသည် ငါတို့၏ အမျိုးဓလေ့ ဖြစ်၏။ ငါတို့၏အမျိုးအနွယ် အဆက်ဆက် ဝတ်မပျက်အောင် ပြုလုပ်အံ့ဟု ကြံ၍ လျှုဒါန်းပူဇော်သောအခါ သီလမယကုသိုလ် ဖြစ်သည်၊ စာရိတ္တ သီလ ဖြစ်သည်။

ဤသို့ လျှုဒါန်းပူဇော်သော ရသာရုံသည် ဖြစ်ပျက် ဖြစ်ပျက်နေ၏၊ ဖြစ်ပျက် ဖြစ်ပျက်နေသော ရသာရုံသည် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေး အဆီ မဟုတ်၊ ဖြစ်ပျက်ဖြစ်ပျက်သည်သာလျှင် ဟုတ်မှန်၏ဟူ၍ ဖြစ်ပျက်ကို ထင်မြင်အောင် ဆင်ခြင် ကြည့်ရှုသောအခါ ဘာဝနာကုသိုလ်ဖြစ်သည်။

ချောချော ညက်ညက် နူးညံ့စွာ အတွေ့အယိရှိသော အခင်း,အရုံ, ကုတင်, ညောင်စောင်း, ဖျာ, သင်ဖြူး နေထိုင်စရာတို့ကို (ဖောဋ္ဌဗ္ဗဒါန) အတွေ့အထိ အလှူဖြစ်စေရန် ရတနာသုံးပါးတို့အား လှူဒါန်း ပူဇော်သောအခါ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဒါနမယကုသိုလ်ဖြစ်သည်။

ချောညက် နူးညံ့သောအတွေ့အထိ ဖောဋ္ဌဗ္ဗဒါန အလှူကို လှူဒါန်း ပူဇော်ခြင်းသည် ငါတို့၏ အမျိုးဓလေ့ဖြစ်၏၊ ငါတို့အမျိုးအနွယ် အဆက်ဆက် ဝတ်မပျက်အောင် ပြုလုပ်အံ့ဟု ကြံ၍ လှူဒါန်း ပူဇော်သော အခါ သီလမယ ကုသိုလ်ဖြစ်သည်။

ထိုအတွေ့ အထိ ဖောဋ္ဌဗ္ဗာရုံသည် ဖြစ်ပျက်ဖြစ်ပျက်နေ၏၊ ဖြစ်ပျက် ဖြစ်ပျက်နေသော ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိသည် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီမဟုတ် ဖြစ်ပျက်ဖြစ်ပျက် သည်သာလျှင် ဟုတ်

မှုန်၏ဟူ၍ ဖြစ်ပျက်ကို ထင်မြင်အောင် ဆင်ခြင် ကြည့်ရှုသောအခါ(ဖေါ ဋ္ဌဗ္ဗာရုံ)အတွေ့အထိကို အာရုံပြု၍ ဘာဝနာကုသိုလ်ဖြစ်သည်။

ဓမ္မာရုံ ဒါနဝတ္ထုမှာကား သြဇဒါန, ပါနဒါန, ဇီဝိတဒါန တို့၏ အစွမ်းအားဖြင့် ဒါန-သီလ-ဘာဝနာဖြစ်ပုံကို ပြဆို၏။ ထိုတွင် သြဇဒါန ဆိုသည်ကား (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊) ဤရှစ်ပါးသောရုပ်တို့တွင် သြဇာရုပ်များသော ထောပတ်, ဆီဦ, ပျား,ဆီ,တင်လဲတို့ကို လှူဒါန်းပူဇော်ခြင်းသည် သြဇဒါနမည်၏။ အဖျော် ရှစ်ပါးတို့ကို လှူဒါန်း ပူဇော်ခြင်းသည် ပါနဒါနမည်၏။

ဇီဝိတဒါနဆိုသည်ကား စာရေးတံဆွမ်း, သံဃိက ဆွမ်းအစရှိသည် တို့ကို လှူဒါန်းခြင်း၊ ဂိလာန-သူနာရဟန်းတို့အား ဆေးလှူခြင်း၊ ဆေးဆရာ ကိုခေါ်၍ ကုသစေခြင်း၊ ငါးများချိပ်,ပိုက်ကွန်တို့ကိုဖျက်ခြင်း၊ သတ်မည် ဖြစ်သော တိရစ္ဆာန်သတ္တဝါတို့ကို လွတ်အောင် ပြုလုပ်ခြင်းသည် ဇီဝိတ ဒါနမည်၏။ ထိုသြဇဒါန, ပါနဒါန, ဇီဝိတဒါနတို့ကို ပြုလုပ်ခြင်းသည် ဒါနမယ ကုသိုလ်ဖြစ်သည်။

ထိုသြဇဒါန, ပါနဒါန, ဇီဝိတဒါနတို့ကို ပြုလုပ်ခြင်းသည် ငါတို့၏ အမျိုးဓလေ့ အကျင့်ဖြစ်၏။ ငါတို့ အမျိုးအနွယ် အဆက်ဆက် မပျက် ရအောင် ပြုလုပ်မြဲ ဝတ်အကျင့်ကိုပြုလုပ်အံ့ဟုကြံ၍ ထိုသြဇ, ပါန, ဇီဝိတ ဒါန ပြုလုပ်သောအခါ သီလမယ ကုသိုလ်ဖြစ်သည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ ဤ ရှစ်ဖြာသော ကလာပ်ရုပ်တို့တွင် သြဇာရုပ်သည် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ ဖြစ်ပျက်ဖြစ်ပျက်နေသော သြဇာရုပ်သည် အခဲအလုံး အဖြုံးအမှုန့် အရည် အဖတ် အစေးအဆီမဟုတ် ဖြစ်ပျက် ဖြစ်ပျက် သည်သာလျှင် ဟုတ်မှန်၏ ဟူ၍ရှင်း။ သတ်မည်ဖြစ်သော တိရိစ္ဆာန်သတ္တဝါတို့၏ သန္တာန်၌ရှိသော ဇီဝိတိန္ဒြေသည် ဓမ္မာရုံဖြစ်၏။ ထိုဓမ္မာရုံဖြစ်သော ဇီဝိတိန္ဒြေသည် ဖြစ်ပျက် ဖြစ်ပျက် နေ၏၊ ဖြစ်ပျက် ဖြစ်ပျက် နေသော ဇီဝိတိန္ဒြေသည် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ မဟုတ် ဖြစ်ပျက် ဖြစ်ပျက် သည် သာလျှင် ဟုတ်မှန်၏ဟူ၍ရှင်း၊ ထောပတ်, ဆီဦ, ပျား, သကာ, တင်လဲ, အဖျော်တို့သည်လည်း အဋ္ဌကလာပ်ရုပ်တို့ ဖြစ်ပျက် ဖြစ်ပျက် နေသော

ဖြစ်ပျက်အစဉ်သာလျှင်ရှိ၏။ ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက်အစဉ်ကို ပင်လျှင် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ မှတ်ထင်ကြကုန်၏။ အခဲအလုံး။ပ။ အစေးအဆီ မှတ်ထင်လျှင် သညာဝိပ္ပလ္လာသ ဖြစ်သည်။ အဋ္ဌကလာပ်ရုပ်တို့သည်ကား ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။ အခဲအလုံး။ပ။အစေးအဆီမဟုတ်၊ ဖြစ်ပျက်ဖြစ်ပျက်သာလျှင် ဟုတ်မှန်၏ ဟူ၍ ရင်း၊ ဖြစ်ပျက်ကို ထင်မြင်အောင် ဆင်ခြင် ကြည့်ရှုသောအခါ ဘာဝနာ ကုသိုလ်ဖြစ်သည်။ ဤကား ဓမ္မာရုံကို အာရုံပြု၍ ဘာဝနာ ကုသိုလ် ဖြစ်ပုံတည်း။

ဒါန ဝတ္ထုတို့ကို လှူဒါန်းရာတွင် သီလမယ ကုသိုလ်ဖြစ်ပုံကို၊ ဒုဋ္ဌဂါမဏိမင်း၏ဝတ္ထုဖြင့် မဟာအဋ္ဌကထာ၌ပြဆို၏။ သံဃာတော်များအား မလှူသေးဘဲ ရှေးဦးစွာယူ၍ မစားသောက်ရ မိမိစားသောက်ရန် ပြင်ဆင်၍ ထားသော စားသောက်ဘွယ် ဝတ္ထုများမှ ရှေးဦးစွာယူ၍ လှူဒါန်းပြီးမှ စားသောက်ခြင်းသည် ငါတို့၏ အလေ့အကျင့် ဖြစ်သည်ဟု ဆို၍ ဒုဋ္ဌဂါမဏိမင်းကြီးသည် တသောင်း နှစ်ထောင်ကုန်သော ရဟန်းသံဃာတော်တို့အား လှူဒါန်းစေ၍ စားသောက် သုံးဆောင်၏။ အာစိဏ္ဏ, သမာစိဏ္ဏ၊ ကောင်းသော အလေ့ အကျင့် ဖြစ်သောကြောင့် လှူဒါန်းသည်ကို သီလမယ ကုသိုလ် ဟူ၍ ပြဆို၏။ စာရိတ္တသီလ ဖြစ်သည်၊ လှူဒါန်းမြဲ ဝတ်အကျင့်ကို မပျက်အောင် ပြုကျင့်သည်ဟူလို၊ နိစ္စဒါနလည်းဆိုသင့်၏။

အဋ္ဌသာလိနီ-၁၁၉။

အလှူပေးသူ,အလှူခံသူ,အလှူဝတ္ထုပစ္စည်းတို့၌ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ ဟူ၍ အာရုံခြောက်ပါးရှိကုန်၏။ အလှူပေး, အလှူခံ ဝတ္ထုပစ္စည်းတို့ကို မျက်စိဖြင့် ကြည့်ရှုလျှင် အဆင်းရုပ်ကို မြင်ရ၏။ ထိုအဆင်းရုပ်သည် အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ မဟုတ် ဖြစ်ပျက် ဖြစ်ပျက် သည်သာလျှင် ဟုတ်မှန်၏ ဟူ၍ ဆင်ခြင်လျှင် ဘာဝနာကုသိုလ်ဖြစ်သည်။နားဖြင့်ကြားရသောအသံသည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေ၏၊ နှာခေါင်းဖြင့်နံသော အနံ့သည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေ၏၊ ဤသို့စသည်ဖြင့် အလှူဝတ္ထု, အလှူပေး, အလှူခံပုဂ္ဂိုလ်တို့၌ရှိသော ရုပ် နာမ်တရားတို့ကို ဖြစ်ပျက်ထင်မြင်အောင် ဝိပဿနာရှုလျှင် ဘာဝနာ ကုသိုလ်ဖြစ်သည်။

အလှူပေး, အလှူခံ, ဝတ္ထုပစ္စည်းတို့၌ရှိသော အာရုံခြောက်ပါး တို့သည် ဖြစ်ပျက်ဖြစ်ပျက်နေ၍ မြဲခြင်းမရှိ အနိစ္စ၊ ဖြစ်ပျက်ဖြစ်ပျက် အစဉ်မပြတ် တလစပ် ဖြစ်ပျက်၍ နှိပ်စက်ညှဉ်းဆဲ ဆင်းရဲခြင်း-ဒုက္ခ၊ ဖြစ်ပျက်ဖြစ်ပျက်နေသည်ကို မဖြစ်မပျက်အောင် မတတ်နိုင်၊ မတားဆီးနိုင်၍ အစိုးမရ-အနတ္တ၊ ဖြစ်သည်ကိုလည်း အစိုးမရ၊ ပျက်သည်ကိုလည်း အစိုးမရ-အနတ္တ၊ မဖြစ်စေလို၊ မပျက်စေလိုသော်လည်း လိုရာမရ အနတ္တ၊ အဝသဝတ္တန၊ လိုရာမရ - အနတ္တ၊ နေရာရွှေ့ယူ လိုသော်လည်း ယူလိုရာမရ-အနတ္တ၊ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ မဟုတ်၍-အနတ္တ၊ ဖြစ်ပျက် ဖြစ်ပျက်နေ၍ အစိုးမရ-အနတ္တ၊ ရှည်ရှည်လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနှဲနှဲ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုးမရှိ၍-အနတ္တ၊ ဤသို့ တိလက္ခဏာတင်၍ ဆင်ခြင်ရာ၏၊ ဆင်ခြင်၍ ထင်မြင်သော အခါ မီးသုံးပါးတို့ အလိုလိုငြိမ်း၍သွားလေ၏။ ဖြစ်ပျက်ကို ထင်မြင်မှသာလျှင် ဖြစ်ချင်တဲ့တဏှာကင်း၍ ဖြစ်ချင်ခြင်းမရှိ။ ဖြစ်ချင်ခြင်းမရှိလျှင် ဖြစ်ခြင်းလည်းမရှိ၊ ဖြစ်ခြင်းမရှိလျှင် ပျက်ခြင်းမရှိ၊ ဖြစ်ခြင်း ပျက်ခြင်းမရှိလျှင် သံသရာစက်ပြတ်လေတော့၏။ ထို့ကြောင့်....

**ဖြစ်ပျက်ကိုမြင်၊ ပဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။ မဖြစ်ပါက၊ နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်။** ဖြစ်ချင်လျှင် ဖြစ်၊ မဖြစ်ချင်လျှင် မဖြစ်၊ သစ္စာလေးပါးမှတ်။ ဤကဲ့သို့သိမြင်လျှင် ပညတ်သိ,ပရမတ်သိ,နည်းနှစ်မျိုးလုံး အမှန်ကိုသိ၍ အန္ဓနယ်အတွင်းမှ လွတ်ကင်း၍ ကလျာဏ-သေက္ခတို့ အသိမျိုးသို့ ရောက်နိုင်လေရာ၏။

ရှေးဦးစွာ ဈာန်သမာပတ်ကို မရဘဲ ရုပ်နာမ် ဖြစ်ပျက်ကိုသာလျှင် ရှုဆင်ခြင်သော သူကို သုဒ္ဓ ဝိပဿနာယာနိက ဆိုသည်။ ရှေးဦးစွာ ဈာန်သမာပတ်ကို ရပြီးမှ ရုပ်နာမ် ဖြစ်ပျက်ကို ရှုဆင်ခြင်သောသူကို သမထ ဝိပဿနာယာနိက ဆိုသည်။

သညာ-ဝိညာဏ်-ပညာ ဤ သုံးပါးတို့၏ သဘာဝ လက္ခဏာကို စိတ္တက္ခဏ တချက်ထည်း၌ ဟောပြတော်မူသည်။ အသီးအခြား ခွဲထုတ်၍ ရနိုင်သော သဘောမျိုးမဟုတ်၊ပညာစေတသိက်ဖြစ်တိုင်း သညာ-ဝိညာဏ် တို့နှင့် အတူတကွဖြစ်သည်။ဉာဏဝိပ္ပယုတ်စိတ်မှာကား သညာစေတသိက် သာလျှင် ပါသည်။ ပညာ စေတသိက် မပါ၊ ငင်းတရားတို့သည် ပရမပ်

အားဖြင့် ထင်ရှားရှိသော ဝိဇ္ဇာမာနပညတ်တည်း။ ထိုတရားတို့၏ လက္ခဏာ သဘာဝသည်ကား ပရမတ်သဘောအစစ်တည်း။ ထိုသညာ,ဝိညာဏ်,ပညာ တို့သည် ဖြစ်ပျက် ဖြစ်ပျက်နေသော အနိစ္စ,ဒုက္ခ,အနတ္တ,လက္ခဏာရှိကုန်၏ ဟူ၍ ဝိပဿနာရှုရမည်။

သညာ-မှတ်သိ၊ဝိညာဏ်-အာရုံသိ၊ပညာ-အထူးသိ၊ ဤသို့လက္ခဏာ ကိုခွဲ၍မှတ်၊(မှတ်သိ-သညာ၊ အာရုံသိ-ဝိညာဏ်၊ အထူးသိ-ပညာ၊ လက္ခဏာ သုံးရပ် ဤသို့မှတ်။)

အဓိပ္ပါယ်ကား။ အမှတ်ပြု၍ သိသောသညာ၊ အာရုံပြု၍ သိသော ဝိညာဏ်၊ အထူးပြု၍ သိသောပညာ၊ လက္ခဏာသုံးရပ်ခွဲ၍မှတ် ဟူလို။

(ကြွင်းသောပုစ္ဆာများ တဖြေးဖြေးရေးသားရန် ဖြစ်သည်။)

---

## မောင်မြင့် လျှောက်ချက်

ပုသိမ်မြို့ စိရင်စု ကျောက် ချောင်း ကြီး ရွာ ( ဒိဋ္ဌိဝိသုဒ္ဓိ အသင်း အကျိုးဆောင်) ဒါယကာငယ် - မောင်မြင့် ပဏာမသုံးဖြာ ဝန္ဒနာဖြင့် ဦးခေါင်းညွတ်ကြိုး လက်စုံမိုး၍ ရှိခိုးဝပ်တွား လျှောက် ထား ဝံ့ ပါ သည် အရှင်သူမြတ်ဘုရား။

## လျှောက်ထားရန်မှာ

ဗုဒ္ဓဘာသာတရားတော်ကြီး၌ နိဗ္ဗာန်တရားတော်မြတ်သည် အဓိက လိုရင်း အချက်ကြီးဖြစ်ရာ၊ နိဗ္ဗာန်လွဲက တမဂ်တဖိုလ် မရနိုင်ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်ကို ယထာဘူတ ဟုတ်မှန်သည့်အတိုင်း အာရုံပြု၍ သိရန် အလွန် အရေးကြီးပါသောကြောင့် သေချာစွာ သိလိုပါ၍ မိုရာ လပတ် တရားစာ၌ ရှင်းလင်းဆုံးဖြတ်၍ (ယထာဘူတ နိဗ္ဗာန်အလင်းတရား)ထည့် သွင်းဟောကြားတော်မူစေလိုပါသည်။

(၁) ဗုဒ္ဓမြတ်စွာဘုရားရှင်သည်"ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗ တော ပဘံ"ဟူ၍ မူလပဏ္ဏာသ ပါဠိတော်၌ ဟောတော် မူသည့် အတိုင်း အဋ္ဌကထာ အရှင်မြတ်သည် ဖွင့်ပြတော်မူရာ၌လည်း မြန်မာ ဘာသာပြန် အနက် အဓိပ္ပါယ်ချုပ်မှာဆိုလျှင် မဟာ အသခ်တဓာတ် နိဗ္ဗာန်မြတ်သည် အချင်းခပ်ဂိမ်း အရောင်ကဆင်း တန်းလာင်းတောက်ပခြင်းနှင့် ပြည့်စုံ၏ဟု ပြဆိုတော်မူပါသည်။

(၂) ရာမညတိုင်း တလိုင်းသုံးရပ်၌ ကျော်စောကိတ္တိ ရှိခြင်းနှင့် ပြည့်စုံသော ကျမ်းတတ် အကျော် အုဠ်ဖို ဆရာတော် ရေးသားသော စန္ဒမဏ္ဍလ သုက္ကစာတမ်း၌ ဘုရား - ရဟန္တာတို့သည် ဝိပါက် ကမ္မဇရုပ် အကြွင်းမဲ့ပယ်စွန့်၍ အမတ "နာမ်ဝိသေသ-ရုပ်ဝိသေသ" ဖြင့် ခံစား စံစား ပြန်သောအခါ အနုပါဒိသေသ မဟာအသင်္ခတဓာတ် အထူးသဖြင့် မြတ် သောနိဗ္ဗာန်ကြီးဟု ဆိုပါသည်။ ထိုသို့ပြဆိုချက်ကို တွေ့ရှိပါသည့်အတိုင်း စိတ်ဒိဋ္ဌိဟုမကောင်း ဖြစ်သည်မှာ "ဝိသေသ နာမ်-ရုပ်" ဟုဆိုသော ပဉ္စဝေါကာ ရာဘဝ, စတုဝေါကာရဘဝ, ကေဝေါကာရဘာတို့ အနက် တပါးပါးသော ဘဝထဲသို့ သွင်းရမည်ဖြစ်၍ ဘဝဆိုပြန်ကလည်း စုတိရွေ့လျောခြင်းနှင့် မကင်း၍ ဒုက္ခသစ္စာ ဖွဲ့ရလိမ့်မည်လို ဖြစ်ပါသည်။ နိဗ္ဗာန်သည် အသင်္ခတ ဓာတ် မြတ်သောဂုဏ်ထူးကြောင့် ဘဝထဲသို့ မသွင်းရဟု ဆိုပြန်ခဲ့ပါမူလည်း ရုပ်, နာမ် အထူးတမျိုးဆိုတာနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ဤနေရာ၌ အယူစင်ကြယ်စွာ မှတ်သားနာယူလိုပါသည်။

(၃) ယောနကတိုင်း သာဂလပြည် အစိုးရသော မိလိန္ဒမင်းကြီး အား ရဟန္တာ ရှင်နာဂသိန် မထေရ်မြတ်သည် မိလိန္ဒပဉှာ၌ "နစ သက္ကာ နိဗ္ဗာနံ ဥပဒဿိတုံ ဝဏ္ဏေန ဝါ သဏ္ဌာနေန ဝါ" ဟူ၍ ဟောတော်မူရာ၊ လိုရင်း အဓိပ္ပါယ်အရဆိုလျှင် အဆင်းကိုရင်း, သဏ္ဌာန်ကိုရင်း, ပမာဏကို ရင်း,အကြောင်းအားဖြင့်ရင်း ဆောင်၍ပြခြင်းငှါ မတတ်ကောင်းဟု ပြဆို တော်မူပါသည်။

(၄) ရွှေတောင်မြို့ ဂန္ထဓူရ, ဝိပဿနာဓူရ ၂-ပါးနှင့် ပြည့်စုံသော ဦးတိက္ခိန္ဒြိယ အရှင်မြတ်ရေးသားသော သမုပ္ပါဒနိရောဓကျမ်း စာမျက်နှာ ၄၉၃-၌ "ဝိပဿနာအာရုံ, ဂေါတြဘူအာရုံ, မဂ်အာရုံဖြစ်သော အသင်္ခတ ဓာတ်သဘော၌ ပွိုးပွိုး ပြက်ပြက် အရောင်အလင်း မြင်စရာမရှိ ရုပ်ထူး, နာမ်ထူး မရှိ" ဟု ပြဆိုပါသည်။ ၎င်းဝိပဿနာဟု ဆိုအပ်သော သန္တိပဒ ဉာဏ်ဖြင့် အဘန်ဘန်ထောက်ဆ၍ သိပြီးမှသာလျှင် လောကုတ္တရာ မဂ်အား လျော်သော အနုလောမိက ခန္တိဉာဏ်ကိုရသည်။ ထိုဉာဏ် ရပြီးမှသာလျှင် လောကုတ္တရာမဂ်သို့ ရောက်နိုင်သည်ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက် နှာ ၃၂၃-၌ ညွှန်ပြပါသည်။ အသင်္ခတဓာတ်၌ အရောင်အလင်း အဆင်း မရှိဆိုလျှင် မူလပဏ္ဏာသ ပါဠိတော်၌ နိဗ္ဗာန်ကို (သဗ္ဗတော ပဘံ) ဟူ၍ အဘယ်ကြောင့် ဟောတော်မူပါသနည်းဟု စောဒနာဝင်ခဲ့သော် အရောင်

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ နတ္ထိတိ၊ မရှိ ဟူ၍။နဝတ္တဗ္ဗံ၊မဆိုရ။အလုံးစုံသော အရပ်များကန့်၌ ဘယ်အရပ်-ဘယ်အခါ မဆို အခါခပ်သိမ်း နိဗ္ဗာန်ရှိ၍ နေသည်ဟူလို။

နိဗ္ဗာန်သည် ဘယ်အရပ်-ဘယ်အခါမဆို အခါခပ်သိမ်း တည်ရှိ၍ နေသော်လည်း အခဲအလုံး အဖြုံးအမှုန့် ရှည်ရှည်လျားလျား ပြားပြား လုံးလုံးစသည်ဖြင့် တည်ရှိသည်မဟုတ်၊ပုံသဏ္ဌာန်အားဖြင့် ဖေါ်ပြဘွယ်မရှိ၊ အနတ္တသဘောဖြစ်သည်။ ထို့ကြောင့် "နစ သက္ကာ နိဗ္ဗာနံ ဥပဒဿိတုံ ဝဏ္ဏေနဝါ သဏ္ဌာနေနဝါ"ဟူ၍ မိန့်တော်မူသည်။

"သဗ္ဗတော ပဘာ သမ္ပန္နံ နိဗ္ဗာနတော ဟိ အညော ဓမ္မော သ ပဘာတရောဝါ ဇောတိဝန္တတရောဝါ ပရိသုဒ္ဓတရောဝါ ပဏ္ဍရတရောဝါ နတ္ထိ" ဟူ၍ မိန့်ဆိုသော်လည်း ဖြစ်ပျက် ဖြစ်ပျက် နေသော အဆင်း အရောင် သည် နိဗ္ဗာန်၌ မရှိချေ။ ဖြစ်ပျက် ဖြစ်ပျက် နေသော အဆင်း အရောင်ရုပ်ခေတ်သည် ဖြစ်ပျက် ဖြစ်ပျက်နေသောကြောင့်ပင်လျှင် အခါ ခပ်သိမ်း မထွန်းလင်းနိုင်။ နိဗ္ဗာန်သည်ကား ဖြစ်ပျက် ဖြစ်ပျက် မရှိသော ကြောင့်ပင်လျှင် အခါခပ်သိမ်း ထွန်းလင်းတောက်ပ၍ နေသည်ဟုဆိုသည်။ နေရောင်, လရောင်, ဆီမီးရောင်, ခေတ်မီးရောင် တို့ကဲ့သို့ ဝင်းဝင်းကြီး နေသည်ဟူ၍ မမှတ်ထင်ရာ။ ဖြစ်ပျက်ဖြစ်ပျက် မရှိ-ပကတိအတိုင်း တည် နေသည်ကိုပင်လျှင် "သဗ္ဗတော ပဘံ" အခါခပ်သိမ်း ထွန်းလင်းတောက်ပ ၍နေသည်ဟု ဆိုတော်မူသည်။

ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ
ဥပက္ကိလေသေဟိ ဥပကိလိဋ္ဌံ။

မူလပဏ္ဏာသအဋ္ဌကထာ-၁၃၅။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုး ပြက်ပြက်လက်လက်ပြောင်ပြောင် အရောင်မမှေး ဖြူဖွေးသန့်ရှင်း ညစ်ကြေး ကင်း၏။ တဉ္စခေါ၊ ပြိုးပြိုး ပြက်ပြက် လက်လက် ပြောင်ပြောင် အရောင် မမှေး ဖြူဖွေးသန့်ရှင်း ညစ်ကြေးကင်းသော ထိုစိတ်သည်လည်း။ အာဂန္တု ကေဟိ - ဥပက္ကိလေသေဟိ၊ ခဏမကြာ ပူးယှဉ်လာသော တဏှာမာန လောဘရစ်မှေး အညစ်အကြေးတို့ကြောင့်။ ဥပကိလိဋ္ဌံ၊ မဖြူမဖွေး အညစ် အကြေးဖြင့် ရစ်မှေး ညစ်ပေ ညစ်ညူးလေ၏။

"စိတ်ဖြူစင်သည့် စိတ်ညစ်မဲသည်" ဟူ၍ ဆိုရာ၌ (ဝဏ္ဏဓာတု) အဆင်းရုပ်ကို ဆိုသလား?။ လောဘစသည်မှ ကင်း၍ သန့်ရှင်းစင်ကြယ်သည်ကို ဆိုသလား?။ စဉ်းစားကြည့်။

မျက်စိဖြင့်မြင်ရသော အဆင်းရုပ် ဖြူစင်သည်ကိုမဆို။ ထိုအတူပင်လျှင်"သဗ္ဗတော ပဘံ"အခါခပ်သိမ်း ဖြူစင်သန့်ရှင်း ထွန်းလင်းတောက်ပ၍နေသော နိဗ္ဗာန်သည်လည်း အဆင်းရုပ်ကဲ့သို့ မျက်စိဖြင့် မြင်ရသော အရောင်အလင်းကိုဆိုသည်မဟုတ်။လောဘ,ဒေါသ,မောဟ,မာန,ဣဿာ, ကိလေသာ တည်းဟူသော အညစ်အကြေးတို့ ရစ်မွေးရောယှက် ဖြစ်ပျက်မရှိ ပကတိနိစ္စ ထာဝရတည်ရှိ၍နေသည်ကိုပင်လျှင် "သဗ္ဗတော ပဘံ" ဟူ၍ဆိုသည်။

စောရ နဂရံ ဝိယ သက္ကာယော၊ ခေမ နဂရံ ဝိယ နိဗ္ဗာနံ။
မဟာယောဓော ဝိယ ယောဂါဝစရော။

ပဋ္ဌ်ဂုတ္တရ အဋ္ဌကထာ-၃၂။

သက္ကာယော၊ခန္ဓာငါး၀-သက္ကာယကို။စောရနဂရံဝိယ၊ခိုးသူတို့နေသောမြို့ကဲ့သို့။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏၊မှတ်ရမည်။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ခေမနဂရံဝိယ၊ ဘေးရန်ကင်းလွတ်ရာမြို့တော်ကြီးကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏၊မှတ်ရမည်။ ယောဂါဝစရော၊ ကမ္မဋ္ဌာန်းအစစ် ဖြစ်ပျက်ကြည့်ရှု လုံ့လပြုသောပုဂ္ဂိုလ်ကို။ မဟာယောဓောဝိယ၊ စစ်ဗိုလ်ကြီးကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏၊ မှတ်လေ။

ခန္ဓာငါးပါးကို ခိုးသူတို့၏ နေရာမြို့ကဲ့သို့မှတ်ရမည်။နိဗ္ဗာန်ကို ခိုးသူရန်ဘေး ကင်းဝေးချမ်းသာ လွန်စွာအေးမြ ဘောဂရိပ်ငြိမ် စည်းစိမ်ကြီးရှင် သူတော်စင်တို့ ခိုဝင်စံစား ပျော်ပါးလှစွာ နေထိုင်ရာဖြစ်သောမြို့တော်မည်ရ ရွှေပြည်မကဲ့သို့ မြို့တော်မည်မှတ် ရွှေပြည်မြတ်ကဲ့သို့ မှတ်ရမည်။ ကမ္မဋ္ဌာန်းအစစ် ဖြစ်ပျက်ကြည့်ရှု လုံ့လပြု၍နေသော ယောဂီသူမွန်ပညာဝန်ကို ခိုးသူများစွာ ကိလေသာကို ပယ်ခွါ နှိပ်စက် တိုက်ဖျက်တွန်းလှန်၍နေသော စစ်ဗိုလ်ကြီးကဲ့သို့ မှတ်ရမည်။ ဤသို့စသည်ဖြင့် ပြဆိုသော အဋ္ဌကထာနှင့်အညီ **"နိဗ္ဗာန် ရွှေပြည်ကြီး"** ဟူ၍ ဥပမာအားဖြင့် ဆိုသင့်ရာ၏။

"နာမန္တိ စတ္တာရော ခန္ဓာ အရူပိနော နိဗ္ဗာနံ စ" ဟူ၍ ပဋိသမ္ဘိဒါ မဂ်အဋ္ဌကထာ ဆိုသည့်အတိုင်း သင်္ဂြိုဟ် ပစ္စည်းပိုင်း၌ နိဗ္ဗာန်ကို "နာမ်" ဟူ၍ ပြဆိုသောကြောင့် "နာမ်ဝိသေသ" ဟူ၍ ဆိုသင့်ရာ၏။ "ရုပ်ဝိသေသ" ဆိုသည်ကား ပရိယာယ်ဝေါဟာရ စကားမျှသာဖြစ်သည်။ထို့ကြောင့် ဝေါဟာရ သမုတိစကားမှာ တော်စွာ-လျော်စွာ ခေါ်လိုရာ ခေါ်ကြပါ တကားဟု နှလုံးပြု၍ သမုတိ - ပရမတ် ထို ၂ - ရပ်တွင် ပရမတ် အစစ် (ဖြစ်-မဖြစ်) ကိုသာ ကောင်းစွာမှတ်သား၍ ဖြစ်တရားတို့ ထူးခြားထွေလာ များစွာဖြစ်ပျက်၍နေသော ဖြစ်သဘောကို ကောင်းစွာသိမြင်မှ သာလျှင် စိတ်ဒိဋ္ဌိဟ ကင်းနိုင်မည် ဖြစ်လေသောကြောင့် ဖြစ်ပျက်ဖြစ်ပျက် နေသော ဖြစ်ပျက် အစဉ်ကိုသာလျှင် ထင်မြင်အောင် ဆင်ခြင် ကြည့်ရှု၍ နေခြင်း သည် လိုရင်းအစစ် မဖြစ်သဘောကို ကောင်းစွာ သိမြင်နိုင်ကြောင်း ဖြစ် ၍ အယူစင်ကြယ်ကြောင်း ဖြစ်လေသည်၊ အကျဉ်းအားဖြင့် ရေးသား ဖြေဆိုလိုက်သည်။

---

ရွှေတိဂုံ-ကုန်းတော် အလယ်ထပ် အနွှေစောင်းတန်းမြောက်ဘက် ပွဲစားကြီး-ကျောင်းဒါယကာကြီး-တန်ဆောင်းဒါယကာကြီး ဦးစံချိန်၏တန်ဆောင်း

**ဓမ္မသာကစ္ဆာပွဲသဘင်၌**

**မိလိန္ဒ-ဦးစံချိန်-မေးလျှောက်သောပုစ္ဆာ**

---

ဘာရဟာဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစပုဂ္ဂလော၊
ဘာရာဒါနံ ဒုက္ခံလောကေ၊ ဘာရနိက္ခေပနံ သုခံ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ ဟဝေ၊ စင်စစ်အားဖြင့်။ ဘာရာ၊ လေးလှစွာသော ဝန်ထုပ်ကြီးပေတည်း။ ဘာရဟာရော၊ လေးလှစွာသော ဝန်ထုပ်ကြီးကို ဆောင်နေရသောသူသည်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ပေတည်း။ ဘာရာဒါနံ-ဘာရအာဒါနံ၊ ခန္ဓာဝန်ကို မကြောက်ရွံ့ဘဲ အလွန်စွဲလမ်း ထမ်းပိုး ရွက်ဆောင်လိုခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲခြင်း အကြောင်းတည်း။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်ကို ကြောက်ရွံ့မုန်းထား ပယ်ရှားပစ်ချခြင်းသည်။ သုခံ၊ ချမ်းသာ၏။

ကတမောစ ဘိက္ခဝေ ဘာရော“ပဉ္စုပါဒါနက္ခန္ဓာ”တိဿ
ဝစနီယံ၊ကတမောစ ဘိက္ခဝေ ဘာရဟာရော“ပုဂ္ဂလော”
တိဿ ဝစနီယံ၊ ကတမံစ ဘိက္ခဝေ ဘာရာဒါနံ ယာယံ
တဏှာပေါနော္ဘဝိကာ၊ ကတမံစ ဘိက္ခဝေ ဘာရနိက္ခေ
ပနံ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ
နိရောဓော။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဘာရဝဂ်-၂၂။

ဤပါဠိတော်၌ မိလိန္ဒ-ဦးစံချိန် မေးလျှောက် ပုံကား၊ ခန္ဓာကို “ဘာရ” ဟူ၍ဟောပါသည်။ပုဂ္ဂိုလ်ကို“ဘာရဟာရ”ဟူ၍ ဟောပါသည်။ ခန္ဓာနှင့် ပုဂ္ဂိုလ်ကို ကွဲပြားအောင် ခွဲပြတော် မူကြပါဘုရား။ ခန္ဓာသည် ပုဂ္ဂိုလ်မဟုတ်၊ ပုဂ္ဂိုလ်သည်လည်း ခန္ဓာမဟုတ်ပါ၊ “ခန္ဓာနံ ခန္ဓပညတ္တိ၊ ပုဂ္ဂလာနံ ပုဂ္ဂလပညတ္တိ” ပါဠိတော်ရှိပါသည်။ ခန္ဓာမှတခြား ပုဂ္ဂိုလ်ရှိပါသည်။ ပုဂ္ဂိုလ်မှတခြား ခန္ဓာရှိပါသည်။ ခန္ဓာကိုလည်း ပုဂ္ဂိုလ်ဟူ၍မဟောပါ။ ပုဂ္ဂိုလ်ကိုလည်း ခန္ဓာဟူ၍ မဟောပါ။ ထို့ကြောင့် ဘယ်သင်း ဘယ်ဟာကို ခန္ဓာခေါ်၍ ဘယ်သင်း ဘယ်ဟာကို ပုဂ္ဂိုလ် ခေါ် ပါ သနည်း။ “အမေး-နွားကျောင်း အဖြေ-ဘုရားလောင်း” ဆိုရိုးစကား ရှိပါသည်။ အရှင်ဘုရားများကို နှိပ်စက်လို၍ မေးလျှောက်သည်လည်းမဟုတ်ပါ- ဂုဏ်တု ဂုဏ်ပြိုင်ပြုလို၍ မေးလျှောက်သည်လည်းမဟုတ်ပါ။ “ရွှေပြောင်ပြောင် စာတိုက်ထဲ၌ အမြဲ ကျိန်းစက်၍ နေတော် မူသော” ပါဠိတော်ကြီး တို့၌ တိမ်မြုပ် ပိတ်ဖုံး၍နေသော ကျမ်းအိပ်ကြီးတို့ကို နိုးကြားထကြွတော်မူစေခြင်းငှါ ပျော်ပျော်ကြီး မေးလျှောက်ပါသည်၊ ပျော်ပျော်ကြီး-ဖြေကြားတော်မူကြပါဘုရား။

ဤသို့ မိလိန္ဒ-ဦးစံချိန် မေးလျှောက်သောပုစ္ဆာကို မြို့မိ ဦးဇေယျသေန ဖြေကြားလေသည်။ ။ဖြေကြားပုံကား ...

ဦးစံချိန်၏ အမေးပုစ္ဆာ၌ ဖြစ်ပျက်ပုံကိုသဘောပေါက်ပါလျှင် ဖြေစရာနည်း အမျိုးမျိုးရှိသည် ဖြေနည်းအမျိုးမျိုးကို ဖြစ်ပျက်နှင့်ပင် ဖြေဆိုရမည် ပျော်ပျော်ကြီးဖြေပေအံ့။

ခန္ဓာငါးပါးဟူ၍ ခေါ်ဆိုသော ရုပ်နှင့်နာမ်သည် **ဖြစ်ပျက်-ဖြစ်ပျက်** အစဉ်မပြတ် ဆက်စပ်၍နေသည်။ ဘယ်အခါမှ ဖြစ်ပျက် ရပ်စဲခြင်း မရှိ၊ **ဖြစ်ပျက်** အစဉ်ကို မြင်အောင်ရှု။

အသည္သတ်ဘုံသို့ ရောက် သော အခါ ရုပ်သက်သက် **ဖြစ်ပျက်** အစဉ်မပြတ် ဆက်စပ်၍နေသည်။

(ဖြစ်ပျက်)တခြား၊ (အစဉ်)တခြား၊ (ဖြစ်ပျက်)သည် (အစဉ်) မဟုတ်၊ (အစဉ်) သည်လည်း (ဖြစ်ပျက်) မဟုတ်၊ (ဖြစ်ပျက်) ကို (အစဉ်) ဟူ၍ မဆိုရ၊ (အစဉ်) ကိုလည်း (ဖြစ်ပျက်) ဟူ၍ မဆိုရ၊ (ဖြစ်ပျက်)နှင့် ကင်း၍လည်း (အစဉ်)ဟု ဆိုစရာမရှိ။

(ဖြစ်ပျက်)ကို ခန္ဓာဟုဆိုသည်၊ (အစဉ်)ကို ပုဂ္ဂိုလ် ဟု ဆို သည်၊ (ဖြစ်ပျက်)ကို "ခန္ဓာနံ ခန္ဓပညတ္တိ"ဟု ဟောတော်မူသည်။ (အစဉ်)ကို "ပုဂ္ဂလာနံ ပုဂ္ဂလပညတ္တိ"ဟု ဟောတော်မူသည်။

(ဖြစ်ပျက်)ကို ပုဂ္ဂိုလ်ဟူ၍မဆိုရ၊ ပုဂ္ဂိုလ်ကိုလည်း (ဖြစ်ပျက်)ဟူ၍ မဆိုရ၊ ဖြစ်ပျက်-တခြား၊ ပုဂ္ဂိုလ်တခြား၊ (ဖြစ်ပျက်) နှင့်ကင်း၍လည်း ပုဂ္ဂိုလ်ဟု ဆိုစရာမရှိ။

ဥပမာ-မြို့တွင်း လမ်းတလျှောက်၌ စီစဉ်၍စိုက်ထားသော ဓာတ်မီးတိုင်အစဉ်ကို ဓာတ်မီးတိုင်တန်း ဟူ၍လည်းဆို၏၊ တိုင်အစဉ် ဟူ၍လည်း ဆို၏၊ (တိုင်)သည် (အစဉ်)မဟုတ်၊ (အစဉ်)သည်လည်း (တိုင်)မဟုတ်၊ တိုင်-တခြား၊ အစဉ်-တခြား၊ တိုင်နှင့် ကင်း၍လည်း အစဉ်-ဟုဆိုစရာမရှိ။

မီးစကို ကိုင်၍ ရမ်းသည်ရှိသော် မီးကွင်း ထင်လာ၏။ မီးစသည် မီးကွင်းမဟုတ်၊ မီးကွင်းသည်လည်း မီးစမဟုတ်၊ မီးစ တခြား၊ မီးကွင်း-တခြား၊ မီးစနှင့် ကင်း၍လည်း မီးကွင်းဟု ဆိုစရာမရှိ၊ ကိုင်၍ ရမ်းသော မီးစ-အစဉ်ကို မီးကွင်းဆိုသည်၊ မီးစကို-မီးကွင်းဟူ၍မဆို။

ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာ-၂၃၉။ နတုမှာကဝဂ်ပဌမသုတ်။

ထိုဥပမာ အတူသာလျှင် (ဖြစ်ပျက်-အစဉ်) ကို ပုဂ္ဂိုလ်ဟုဆိုသည်။ ဖြစ်ပျက်ကို ပုဂ္ဂိုလ်ဟုမဆို၊ (ဖြစ်ပျက်)တခြား၊ (အစဉ်)တခြား၊ စဉ်းစား၍ ကြည့်ပါ။

အသည္သတ်ဘုံမှ စုတိ၍ လူ့ဘုံသို့ ရောက်သောအခါ ရုပ်နှင့်နာမ် စပ်ဖက်၍ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ အစဉ်မပြတ်-ဆက်စပ်၍နေသည်၊ (ဖြစ်ပျက်-အစဉ်)ကိုမြင်ပါစေ။

အာဠာရ ရသေ့၊ ဥဒက ရသေ့၊ ဒေဝီလ ရသေ့တို့သည် လူ့ဘုံမှ စုတိ၍ အရူပဘုံသို့ ရောက်သောအခါ နာမ်သက်သက် ဖြစ်ပျက်၊ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ အစဉ်မပြတ် ဆက်စပ်၍ နေသည်။ ဖြစ်ပျက်-တခြား၊ အစဉ်-တခြား မြင်အောင်စဉ်းစားပါ။

(ရုပ်-ဖြစ်ပျက်)အသညသတ်ဘုံမှာရှိသည်၊ (နာမ်-ဖြစ်ပျက်) အရူပ ဘုံမှာရှိသည်၊(ရုပ်-နာမ်-ဖြစ်ပျက်)ပဥ္စဝေါကာရဘုံမှာရှိသည်။ ဤရုပ်နာမ် တို့ ဖြစ်ပျက် ဖြစ်ပျက်နေသော ဖြစ်ပျက် - အစဉ်ကိုပင်လျှင် သံသရာ ဟူ၍ ဆိုသည်။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာ နစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ခန္ဓာနဉ္စ၊ ခန္ဓာတို့၏ငင်း။ ဓာတုအာယတနာနစ၊ ဓာတ်,အာယတန တို့၏ငင်း။ အဗ္ဗောစ္ဆိန္နံ၊ အစဉ်မပြတ်။ ဝတ္တမာနာ၊ ဖြစ်ပျက် ဖြစ်ပျက် ဒဲဆက်မပြတ် တလစပ်ဖြစ်ပျက်၍နေသော။ ပဋိပါဋိ၊ ဖြစ်ပျက်အစဉ်ကို။ သံသာရောတိ၊ ပြောင်းလဲရွေ့ရှားခြင်းဟူ၍။ ပဝုစ္စတိ၊ ဆိုရ၏။

ဖြစ်ပျက်သွားသော အဟောင်းရုပ်နာမ်သည် နောက်တဖန်လာ၍ ဖြစ်သည်မဟုတ်၊ နောက်ဆက်အသစ် ဖြစ်ပျက် ပြောင်းလဲ၍ နေသည်ကို သံသရာဟူ၍ဆိုသည်။ ဝါ၊ ဖြစ်ပျက်ပြောင်းလဲဟူ၍ ဆိုသည်။

ရုပ်နာမ်သည်သာလျှင် ဖြစ်ပျက်ပြောင်းလဲ၍နေသည်။ အစဉ်သည် ကား ပြောင်းလဲခြင်းမရှိ၊(ဖြစ်ပျက်-အစဉ်)ဟုဆိုရာ၌(ဖြစ်ပျက်)ကို ရုပ်နာမ် ဟုဆိုသည်။ (အစဉ်)ကို ပုဂ္ဂိုလ်သတ္တဝါဟု ဆိုသည်။ (ဖြစ်ပျက်)တခြား၊ (အစဉ်)တခြား၊စဉ်းစား၍ကြည့်။(ဖြစ်ပျက်)သည်သာလျှင် ပြောင်းလဲ၏။ (အစဉ်)သည်ကား ပြောင်းလဲခြင်း မရှိ၊ (ဖြစ်ပျက်)သည် ပရမတ်တည်း။ (အစဉ်)သည် သန္တာနပညတ်တည်း။ဖြစ်ပျက်ကို ခန္ဓာဟု ဆိုသည်။(အစဉ်) သန္တာနပညတ်ကို ပုဂ္ဂိုလ်ဟုဆိုသည်။

အသညသတ်ဘုံသို့ရောက်သောအခါလည်း ရုပ်သက်သက် ဖြစ်ပျက် အစဉ်သည်သာလျှင်ရှိ၏။ဖြစ်ပျက်ကား ပြောင်းလဲ၏။အစဉ်ကား မပြောင်း လဲ၊ ဖြစ်ပျက်ကို ခန္ဓာဟု ဆိုသည်။ အစဉ်ကို ပုဂ္ဂိုလ်ဟု ဆိုသည်။

အသညသတ်ဘုံမှစုတိ၍ လူ့ဘုံသို့ရောက်သောအခါလည်း ရုပ်နာမ် နှစ်ပါး ဖြစ်ပျက်-အစဉ်သည်သာ ရှိ၏။ ဖြစ်ပျက်ခန္ဓာသည် ပြောင်းလဲ၏။

အစဉ်သည် ပြောင်းလဲခြင်းမရှိ၊ ပြောင်းလဲခြင်းမရှိသော(အစဉ်)ကို ပုဂ္ဂိုလ် ဟုဆိုသည်။ ထို့ကြောင့် သုမေဓာဘဝမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပြောင်းလဲ-ဖြစ်ပျက် အစဉ်ကို ဂေါတမဗုဒ္ဓ အမည်ရှိတော်မူသော ပုဂ္ဂိုလ် ဟူ၍ဆိုသည်။ ပြောင်းလဲ-ဖြစ်ပျက် ခန္ဓာဟု ဆိုသည်။(အစဉ်)ကို ပုဂ္ဂိုလ်ဟု ဆိုသည်။(ပြောင်းလဲ-ဖြစ်ပျက်)တခြား၊ (အစဉ်)တခြား ထင်ရှားပါ၏။

(ပရမတ်နှင့် ပညတ်ကွဲအောင် လက္ခဏာနှင့် ခွဲစစ်ရမည်။)

ပရမတ်၌ **ဖြစ်-မဖြစ်** ဟူ၍ လက္ခဏာနှစ်မျိုးရှိသည်။ **ဖြစ်** လက္ခဏာ **မဖြစ်** လက္ခဏာ ဟူ၍ ဤလက္ခဏာ နှစ်မျိုးသည် ပရမတ်၏ လက္ခဏာဖြစ်သည်။ **ဖြစ်** လက္ခဏာသည် သင်္ခတ ပရမတ်၌ ရှိ၏။ **မဖြစ်** လက္ခဏာသည် အသင်္ခတ ပရမတ်၌ရှိ၏။

"သင်္ခတဿ သင်္ခတလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ" ဤပါဠိတော်ဖြင့် သင်္ခတ ပရမတ်၏ လက္ခဏာကို ပြတော်မူသည်။

(တိကင်္ဂုတ္တိုရ်ပါဠိတော် စူဠဝဂ် သင်္ခတသုတ်-တိကင်္ဂုတ္တိုရ အဋ္ဌကထာ။)
ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

" အသင်္ခတဿ အသင်္ခတ လက္ခဏာနိ နဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ" (တိကင်္ဂုတ္တိုရ)

"အတ္ထိ ဘိက္ခဝေ အဇာတံ၊ အဘူတံ" (ဥဒါနပါဠိတော်)

ဤပါဠိတော်တို့ဖြင့် အသင်္ခတပရမတ်၏ လက္ခဏာကိုပြတော်မူ၏။

သင်္ခတ ပရမတ်သည် **ဖြစ်** လက္ခဏာရှိ၏၊ အသင်္ခတ ပရမတ်သည် **မဖြစ်** လက္ခဏာရှိ၏၊ပညတ်သည် **ဖြစ်** လက္ခဏာလည်းမရှိ၊ **မဖြစ်** လက္ခဏာလည်းမရှိ၊ ပညတ်သည် **ဖြစ်** တရားလည်း မဟုတ်၊ **မဖြစ်** တရားလည်း မဟုတ်။ **သင်္ခတ-ဟူ၍လည်း မဆိုရ၊ အသင်္ခတ-ဟူ၍လည်း မဆိုရ၊ နဝတ္တဗ္ဗမေွာရုံ ဖြစ်သည်။**

ခန္ဓာသည် **ဖြစ်** လက္ခဏာရှိသော သင်္ခတ-တရားတည်း။နိဗ္ဗာန်သည် **မဖြစ်** လက္ခဏာရှိသော အသင်္ခတ-တရားတည်း။ ပုဂ္ဂိုလ်သည် **ဖြစ်-မဖြစ်** လက္ခဏာ နှစ်ပါးမှ ကင်းလွတ်သော ပညတ် တရားတည်း။ ပုဂ္ဂိုလ်သည်

**ဖြစ်** တရား၌လည်း မပါဝင်၊ **မဖြစ်** တရား၌လည်း မပါဝင်၊ **ဖြစ်** ဟူ၍လည်း မဆိုရ၊ **မဖြစ်** ဟူ၍လည်းမဆိုရ၊ နဝတ္တဗ္ဗဓမ္မာရုံတည်း။ ခန္ဓာသည် **ဖြစ်** တရားတည်း၊ နိဗ္ဗာန်သည် **မဖြစ်** တရားတည်း၊ ပုဂ္ဂိုလ်သည် **ဖြစ်** တရားလည်း မဟုတ်၊ **မဖြစ်** တရားလည်း မဟုတ်၊ နဝတ္တဗ္ဗဓမ္မာရုံ ပညတ် တရားတည်း။

ဤသို့ ဝိဇ္ဇမာန-ပရမတ်နှင့် အဝိဇ္ဇမာန-ပညတ်ကို ကွဲအောင် **ဖြစ်** **မဖြစ်** လက္ခဏာမျိုး နှင့် ခွဲစစ်ရသည်။ ပရိညာ, ပဟာန, သစ္ဆိကရဏ, ဘာဝနာ ဤကိစ္စလေးချက်နှင့် ခွဲစစ်၍ ရသည်မဟုတ်။

အမှန်ရှိသော ပရမတ်သည် ရှာလေ-တွေ့လေ-တွေ့သည်၊ အဘယ့်ကြောင့် တွေ့သနည်း။ အမှန်ရှိသောကြောင့် တွေ့သည်။ အမှန်မရှိသော ပညတ်သည် ရှာလေ-ပျောက်လေ-ပျောက်သည်။အဘယ့်ကြောင့်ပျောက်သနည်း။ အမှန်မရှိသောကြောင့် ပျောက်သည်။ ဆောင်ပုဒ်လင်္ကာ နှုတ်ရဆောင်၍ထား။

"ဝိဇ္ဇမာန ပရမတ်နှင့် အဝိဇ္ဇမာန ပညတ်" ကို ကွဲအောင်ပိုင်းခြား၍ သိသည်ကို ပရိစ္ဆေဒဉာဏ်, နာမရူပ ဝဝတ္ထဉာဏ် ဆိုသည်။ ၎င်းပရိစ္ဆေဒ ဝဝတ္ထဉာဏ် ဖြစ်မှသာလျှင် ပရိညာကိစ္စ ဖြစ်သည်။ နာမရူပ, ဝဝတ္ထဉာဏ် မဖြစ်ဘဲနှင့် ပရိညာကိစ္စမဖြစ်နိုင်။ ဝါ၊ ဝိဇ္ဇမာန ပရမတ်နှင့် အဝိဇ္ဇမာန ပညတ်ကို ကွဲအောင် သိပြီးနောက်မှ ပရိညာကိစ္စ ဖြစ်သည်။ ထို့ကြောင့် ရှေးဦးစွာ ပရမတ်နှင့် ပညတ်ကွဲအောင် ဖြစ် မဖြစ် လက္ခဏာ နှစ်မျိုးနှင့် ခွဲစစ်ရသည်။ **ဖြစ်-မဖြစ်၊ပရမတ်အစစ်** ဆောင်ပုဒ်လင်္ကာ စဉ်းစားပါ။

(ဖြစ်ပျက်)ကို ခန္ဓာဆိုသည်၊ (ဖြစ်ပျက်-အစဉ်)ကို ပုဂ္ဂိုလ် ဆိုသည် ဟူရာ၌၊ ဥပါဒိန္န-ဣန္ဒြိယဗဒ္ဓ ရုပ်-နာမ်တို့၏ (ဖြစ်ပျက်-အစဉ်) ကိုသာလျှင် ပုဂ္ဂိုလ်သတ္တဝါဟူ၍ သမုတ်ပညတ် ခေါ်ဆိုသည်။ အနုပါဒိန္န အနိန္ဒြိယဗဒ္ဓ ရုပ်တို့၏ (ဖြစ်ပျက်-အစဉ်)ကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ မဆို။

အနိန္ဒြိယဗဒ္ဓ, အနုပါဒိန္နရုပ်တို့၏ (ဖြစ်ပျက်-အစဉ်) ကို ရေ,မြေ, သမုဒ္ဒရာ,တော,တောင်,သစ်ပင် စသည်ဖြင့် ဩကာသလောကဟု ခေါ်ဆိုသည်။ ဣန္ဒြိယဗဒ္ဓ ရုပ်နာမ်တို့၏ (ဖြစ်ပျက်-အစဉ်)ကို သတ္တလောက ဟူ၍ ခေါ်ဆိုသည်။

ဃာနိန္ဒြိယဗဒ္ဓ,အနိန္ဒြိယဗဒ္ဓ ဘလုံးစုံသော ဖြစ်ပျက်ကို သင်္ခါရလောက ဟု ခေါ်ဆိုသည်။ ဖြစ်ပျက်ကိုသာ သင်္ခါရလောကဟု ဆိုသည်။ (ဖြစ်ပျက် အစဉ်)ကို မဆို၊ ဖြစ်ပျက်-တခြား၊ အစဉ်-တခြား ထင်ရှား၏။ (ဖြစ်ပျက်) သည်(အစဉ်)မဟုတ်၊ (အစဉ်)သည်လည်း ဖြစ်ပျက် မဟုတ်၊ ဖြစ်ပျက်နှင့် ကင်း၍လည်း အစဉ်-ဟု ဆိုစရာမရှိ သဘောမိစေ။

## အတ္တ,အတ္တသညာ,အနတ္တ,အနတ္တာနုပဿနာ လေးချက်ခွဲပြခြင်း

(၁) ဩကာသလောကနှင့် သတ္တလောကကို **အတ္တ** ဟူ၍ဆို၏။

(၂) ဖြစ်ပျက်မရှိ ပကတိအမြဲ အခဲအလုံး အဖြုံးအမှုန့် အရည် အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုးတည်နေသည်ဟု မှတ်ထင်ခြင်းကို **အတ္တသညာ** ဆိုသည်။

(၃) သင်္ခါရလောကကို အနတ္တဆိုသည်။ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် စသည်မဟုတ်ဟု ဆိုလိုသည်။ ထိုစကားမှန်၏။ ဖြစ်ပျက် ဖြစ် ပျက်နေသော သင်္ခါရလောကကို အခဲအလုံး စသည်ဖြင့် တည်နေသည်ဟု အဘယ်မှာ ဆိုနိုင်မည်နည်း။ အခဲအလုံး စသည်ကို တနေရာမှ တနေရာသို့ ရွှေ့ပြောင်းဆောင်ယူ၍ရနိုင်၏။ ဖြစ်ပျက်ဖြစ်ပျက်နေသော သင်္ခါရလောက သည် ဖြစ်သောနေရာတွင် ခဏချက်ခြင်းပျက်၏။ ရွှေ့ပြောင်းယူဆောင်၍ မရနိုင်။ ထို့ကြောင့် “အ ဝသ ဝတ္တန အနတ္တ”ဟု ဆိုသည်။ အသာရကဋ္ဌ အနှစ်မဟုတ်၊ အကာ အခေါက် အပွေးလည်း မဟုတ်သောကြောင့် **အနတ္တ** ဖြစ်သည်။

(၄) ဖြစ်ပျက် ဖြစ်ပျက် ဤသို့ ထင်မြင်အောင် ဆင်ခြင် ရှုကြည့် ခြင်းကို **အနတ္တာနုပဿနာ** ဆိုသည်။

(အဆင်း,အသံ,အနံ့,အရသာ,အထိ,စိတ်) ဤ ၆-ပါးကို လူတိုင်း ပင်သိကြ၏။ ဤ ၆-ပါးတို့သည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏ဟူ၍ မသိကြ ကုန်။ အဆင်းသည် ဖြစ်ပျက် ဖြစ်ပျက် နေသည်၊ အခဲအလုံး အဖြုံးအမှုန့် စသည်မဟုတ်။ အသံသည် ဖြစ်ပျက် ဖြစ်ပျက်နေသည်၊ အခဲအလုံး စသည်

မဟုတ်။ အနှံသည်ဖြစ်ပျက်ဖြစ်ပျက်နေသည့် အခဲအလုံး စသည်မဟုတ်။ စပ်, ငန်, ခါး, ချဉ်, ချို, ဆိမ့်, ဖန်, အရသာရုပ်သည် ဖြစ်ပျက်ဖြစ်ပျက်နေသည်၊ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် စသည်မဟုတ်။ (ကြမ်း-ချော-ခု-ခံ-ထိ၊ တောင့်-တင်း တွန်း-တိုး-ထိ၊ ပူ-အေး-နွေး-လောထိ) ဤအထိရုပ်သုံးမျိုးတို့သည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ အခဲအလုံး အဖြုံးအမှုန့် ရှည်ရှည်လျားလျား စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးမရှိ၊ ဖြစ်ပျက်ဖြစ်ပျက်သာလျှင် ရှိသည်။ ဘယ်အခါမှ ဖြစ်ပျက်ရပ်စဲခြင်းမရှိ၊ စဉ်းစားကြည့်ပါ။

အဆင်းရုပ်ရှိသည်၊ မျက်စိဖြင့်မြင်ရ၏။ အသံရုပ်ရှိသည်၊ နားဖြင့်ကြားရ၏။ အနံ့ရုပ်ရှိသည်၊ နှာခေါင်းဖြင့်နံရ၏။ (စပ်,ငန်,ခါး,ချဉ်,ချို,ဆိမ့်,ဖန်,အရသာရုပ်ရှိသည်၊ လျှာဖြင့်လျက်၍ စား၍ ဝါး၍ သိရ၏။ အထိရုပ်ရှိသည်၊ ကိုယ်ဖြင့် လက်ခြေစသည်ဖြင့် စမ်းသပ်တွေ့ထိ၍သိရ၏။ ကြမ်းသည်, ချောသည်, ခုခံသည်ဟူ၍ သိကြကုန်၏။ တောင့်သည်,တင်းသည်,တွန်းတိုးသည်ဟူ၍ သိကြကုန်၏။ ပူသည်,အေးသည်,နွေးလောသည်ဟူ၍ သိကြကုန်၏။ စိတ်ရှိသည်ဟူ၍ သိကြကုန်၏။ ဤခြောက်ပါးသော သဘောတရားတို့သည် ဖြစ်ပျက်ဖြစ်ပျက်နေသည်ဟူ၍ ဘယ်သူမှ မသိကြ မမြင်ကြကုန်။

ဖြစ်ပျက် ဖြစ်ပျက် နေသည်ဟူ၍ မသိကြ မမြင်ကြ သောကြောင့် လူအပေါင်းတို့သည် အဘယ်သို့ မှတ်ထင်၍ နေကြသနည်း။ ဖြစ်ပျက်မရှိ ပကတိအမြဲ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဌာန်အမျိုးမျိုး တည်နေသည်ဟု မှတ်ထင်ကြကုန်၏။ ဤသို့ မှတ်ထင်သည်ကို "အတ္တသညာ, သက္ကာယဒိဋ္ဌိ" ဆိုသည်၊ အမြင်မှား-အထင်မှားဟူ၍ ဆိုသည်။

ဖြစ်ပျက် ဖြစ်ပျက်မရှိ ပကတိအတိုင်းတည်နေသည်ဟု မှတ်ထင်ခြင်းသည် နိစ္စသညာဖြစ်သည်။ အခဲအလုံး အဖြုံးအမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည်ဟု မှတ်ထင်ခြင်းသည် အတ္တသညာ သက္ကာယဒိဋ္ဌိဖြစ်သည်။

အနတ္တနိ အတ္တမာနိံ၊ ပဿလောကံ သ ဒေဝကံ။
နိဝိဋ္ဌံ နာမ ရူပသ္မိံ၊ ဣဒံ သစ္စန္တိ မညတိ။

(ဇာတိဝတ် ပါဠိတော်နှင့် သုတ္တနိပါတ်ပါဠိတော် ဒွယတာနုပဿနာသုတ်။)

ပညာယ ပရိဟီနေန၊ ဖြစ်ပျက်ရှုကြံ ပညာဉာဏ်၏ စွမ်းအန်မထုတ် သေးနုတ်ညံ့ဖျင်း ယုတ်လျော့ခြင်းကြောင့်။ အနတ္တာနိ၊ ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် တလစပ်ဖြစ်ပျက်နေသဖြင့် အခဲအလုံး စသည် မဟုတ်သော ရုပ်နာမ်၌။ အတ္တမာနိ၊ ဖြစ်ပျက်မရှိ ပကတိအမြဲ အခဲအလုံး စသည် မှတ်ထင်၍နေသော။ သဒေဝကံ၊ နတ်, ဗြဟ္မာ နှင့် တကွသော။ လောကံ၊ လူအပေါင်းကို။ ပဿ၊ ရှုစမ်းကြလော။ နာမရူပသ္မိံ၊ ဖြစ်ပျက် ဖြစ်ပျက် နေသော ရုပ်နာမ်၌။ နိဝိဋ္ဌံ၊ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံး ကွဲကွဲ အနန့်အဖုံ့ ပုံသဏ္ဍာန်အမျိုးမျိုး မှတ်ထင် အမြင်လွဲ့ အထင်လွဲ အမြဲ တန်း စွဲလမ်းစူးဝင်၍နေသော။ လောကံ၊ လူအပေါင်းကို။ ပဿ၊ ရှုစမ်း ကြလော။ ဣဒံ၊ ဤအခဲအလုံး အဖြူးအမှုန့် အရည်အဖတ် အစေးအဆိ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး ခုံးခုံးကွဲကွဲ အနန့်အဖုံ့ ပုံသဏ္ဍာန် အမျိုးမျိုးသည်သာလျှင်။ သစ္စန္တိ၊ အဟုတ်အမှန်ဟူ၍။ မညတိ၊ မှတ်ထင် အောက်မေ့၏။

သုဒ္ဓံ ဓမ္မ သမုပ္ပါဒံ၊ သုဒ္ဓ သခ်ါရ သန္တတိံ။
ပဿန္တဿ ယထာဘူတံ၊ န ဘယံ ဟောတိ ဂါမဏိ။

(စူဠနိဒ္ဒေသပါဠိတော် ၁၅၀။ ထေရဂါထာ-၃၂၀။ အဓိမုတ္တ။ သာမဏေကလေး ဟောသော ဂါထာဖြစ်သည်။)

ဂါမဏိ၊ နောက်ပါငယ်သား လူအများတို့၏ ရှေ့သွား ဦးစီး အကြီးဥက္ကဋ္ဌ နာယကဖြစ်သော ဒါယကာကြီး။ သုဒ္ဓံ ဓမ္မ သမုပ္ပါဒံ၊ ရုပ်နာမ်သက်သက် ဖြစ်ပျက် ,ဖြစ်ပျက် နေသည်ကို။ သုဒ္ဓသင်္ခါရသန္တတိံ၊ ရုပ်နာမ်သက်သက် ဖြစ်ပျက် အစဉ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း ဟုတ်မှန်သည်ကို။ ပဿန္တဿ၊ မြင်သောသူအား။ ဘယံ၊ ကြောက်ခြင်း သည်။ နဟောတိ၊ မဖြစ်။

ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် တလစပ် ဖြစ်ပျက်၍ နေသော (ရုပ်နာမ် ဖြစ်ပျက် အစဉ်)ကို အဟုတ်အမှန် မြင်ပါလျှင် အခဲအလုံး အဖြူး အမှုန့် အရည်အဖတ် အစေးအဆိ ရှည်ရှည်လျားလျား ပြားပြားလုံးလုံး စသည်ဖြင့် မှတ်ထင်သော အတ္တသညာ-သက္ကာယဒိဋ္ဌိသည် အလိုလိုပျောက် ကင်း၍ သွားလေသည်။

(မြင်စိတ်, ကြားစိတ်, နံစိတ်, လျက်စိတ်, ထိစိတ်, သိစိတ်)ဤစိတ် ၆-မျိုး နာမ်တရားတို့သည်လည်း အခဲအလုံး စသည်မဟုတ်၊ ဖြစ်ပျက် ဖြစ်ပျက်သာလျှင် ဟုတ်သည်။ အလုံးစုံသော ရုပ်နာမ်တရားတို့သည် ဖြစ်ပျက် ဖြစ်ပျက်နေသည်ဟု သဘောကျသောအခါ အခဲအလုံး စသည်မဟုတ်ပါ တကားဟူ၍ အတ္တသညာ - သက္ကာယဒိဋ္ဌိ ပျောက်ကင်းသည်။ အခဲအလုံး စသည် မှတ်ထင်သော အတ္တသညာ-သက္ကာယဒိဋ္ဌိ ပျောက်ကင်းမှသာလျှင် ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မှတ်ထင်သော ပုဂ္ဂလသညာ-သတ္တသညာ ပျောက်ကင်းသည်။

ပုဂ္ဂလသညာ-သတ္တသညာ ပျောက်ကင်းသော အခါ ငါတို့ ယခု ကြည့်ရှုဆင်ခြင်၍ ထင်မြင်သော ဖြစ်ပျက် အစဉ်ကို ပုဂ္ဂိုလ်, သတ္တဝါဟု လောက သမုတိအားဖြင့် ပြောဆိုနေကြပါတကား။တကယ် အဟုတ် စဉ်းစားဆင်ခြင်၍ ကြည့်လိုက်တော့ ဖြစ်ပျက် အစဉ်ကိုသာ မြင်ရပါတကား။ ဖြစ်ပျက်အစဉ်သာ ရှိပါတကား။ ပုဂ္ဂိုလ်, သတ္တဝါရယ်လို့ အသီးအခြား မရှိပါတကား။ ဖြစ်ပျက် အစဉ်ကိုပင်လျှင် လောက သမုတိ အားဖြင့် "ပုဂ္ဂလာနံ, ပုဂ္ဂလပညတ္တိ"ဟု မြတ်စွာဘုရား ဟောကြားပါ တကား။ ထို့ကြောင့် "ခန္ဓာသန္တာနေ ပုဂ္ဂလောနာမ" ခန္ဓာ ဖြစ်ပျက် အစဉ်ကို ပုဂ္ဂိုလ်ဟူ၍ ဆိုကြပါတကား။ ဖြစ်ပျက်ကို မဆင်ခြင် မမြင်မသိ ကြကုန်သော အန္ဓပုထုဇ္ဇန်တို့သည်သာလျှင် အခဲအလုံးစသည်ဖြင့် မှတ်ထင်၊ ပုဂ္ဂိုလ်, သတ္တဝါ အသီးအခြားရှိသည်ဟု မှတ်ထင်၍ နေကြပါတကား။ ငါတို့ ယခု ကြည့်ရှု ဆင်ခြင်၍ ထင်မြင်သော ဖြစ်ပျက်အစဉ်ကို ပင်လျှင် (ဖြစ်ပျက်) တခြား၊ (အစဉ်)တခြား၊ ထင်ရှားစွာ သိစေခြင်းငှါငှင်း။ (ဖြစ်ပျက်)ကို ပရမတ်ဟူ၍ (အစဉ်)ကို ပညတ်ဟူ၍ ပရမတ်နှင့် ပညတ်ကွဲစေခြင်းငှါငှင်း။ ကရုဏာရှေးရှု သဗ္ဗညုသည် သမုတိ, ပရမတ် နှစ်ခုစပ်ပြီးလျှင် ပရမတ်ဖြစ်သော ခန္ဓာကို"ဘာရ"ဟူ၍၊ သမုတိဖြစ်သော ပုဂ္ဂိုလ်ကို "ဘာရဟာရ" ဟူ၍၊ ဖြစ်ချင်သော တဏှာကို "ဘာရာဒါန" ဟူ၍၊ မဖြစ် လက္ခဏာရှိတဲ့ နိဗ္ဗာန်ကို"ဘာရနိက္ခေပန"ဟူ၍ သစ္စာလေးပါးကို ထင်ရှားအောင် ဟော ပြတော်မူပါတကား-ဟူ၍ မြတ်စွာဘုရားကိုလည်း ကြည်ညိုရှိခိုးလာလိမ့်မည်။

ထို့ကြောင့် "ယောခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သောမံပဿတိ" ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ယောခေါ၊ အကြင်သူသည်ကား။ ဓမ္မံ၊ ဖြစ်ပျက်

တရားကို။ ပဿတိ၊ ကြည့်ရှုဆင်ခြင်သိမြင်၏။ သော၊ ထို ဖြစ်ပျက်တရားကို မြင်သောသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏ ဟူ၍ ဟောတော်မူလာသည်။

၁။ မူလပဏ္ဏာသပါဠိတော်-ဝမ္မိကော ပမ သုတ်။

၂။ သဠာယတန သံယုတ်ပါဠိတော်-အာသီဝိသော ပမ သုတ်။

၃။ ၎င်းသဠာယတန သံယုတ်ပါဠိတော်-ဒါရုက္ခန္ဓော ပမ သုတ်။

ဤပါဠိတော်လာ သုံးသုတ်လုံးကို လျှောက်လွှာစက္ကူ၌ တပေါင်းထည်းရေးသား မေးမြန်းလျှောက်ထားရာ၌ မြို့မိ ဦးဇေယျသေနက ထိုသုံးပုဒ်လုံးကို တရားကိုယ်အရ ကောက်နည်းဖြင့် တပေါင်းထည်း တရားကိုယ်အရ ကောက်၍ တပေါင်းထည်းဖြေကြားလေသည်။

၁။ မူလပဏ္ဏာသ ပါဠိတော် - ဝမ္မိကော ပမ သုတ် - တသုတ်လုံး၌ တရားကိုယ်အရ ကောက်သည်ရှိသော် ခန္ဓာ, နိဗ္ဗာန်, ပုဂ္ဂိုလ် ဤသုံးပါးကိုသာ ရသည်။

၂။ သဠာယတန သံယုတ် ပါဠိတော် အာ သီ ဝိ သော ပ မ သုတ် တသုတ်လုံး၌လည်း တရားကိုယ်-အရကောက်သည်ရှိသော် ခန္ဓာ, နိဗ္ဗာန်, ပုဂ္ဂိုလ် ဤသုံးပါးကိုပင် ရသည်။

၃။ သဠာယတနသံယုတ်ပါဠိတော်-ဒါရုက္ခန္ဓောပမသုတ် တသုတ်လုံး၌လည်း ခန္ဓာ,နိဗ္ဗာန်,ပုဂ္ဂိုလ် ဤသုံးပါးကိုပင် ရသည်။

ထိုသုံးပါးတို့တွင် **ခန္ဓာ** ဆိုသည်ကား **ဖြစ်** တရားတည်း။ **နိဗ္ဗာန်** ဆိုသည်ကား **မဖြစ်** တရားတည်း။ **ပုဂ္ဂိုလ်** ဆိုသည်ကား ဖြစ်-တရားလည်း မဟုတ်၊ မဖြစ်-တရားလည်းမဟုတ်၊ ဖြစ်-တရား၌လည်းမပါ၊ မဖြစ်-တရား၌လည်းမပါ။

ယင်းသို့ မပါသော် ထိုပုဂ္ဂိုလ်ကို အဘယ်သို့ သိရပါမည်နည်း၊ ထိုပုဂ္ဂိုလ်သည် ဘယ်ကပေါ်၍ လာပါသနည်းဟု ဆိုငြားအံ့။

အဖြေကား ... ဖြစ်-တရားကို အစွဲပြု၍ သမုတိအားဖြင့် ခေါ်ဆိုသော ပုဂ္ဂိုလ်တမျိုး၊ မဖြစ်-တရားကို အစွဲပြု၍ သမုတိအားဖြင့် ခေါ်ဆိုသော ပုဂ္ဂိုလ်တမျိုး၊ ဤသို့ ပုဂ္ဂိုလ်နှစ်မျိုးရှိသည်။ ထိုတွင် ပုထုဇ္ဇန်ကို အစ

ပြု၍ သဥပါဒိသေသ ရဟန္တာတိုင်အောင် ဖြစ်တရားကို အစွဲပြု၍ခေါ်ဆိုသော ပုဂ္ဂိုလ်ဖြစ်သည်။ ရဟန္တာ၏ စုတိနောက်မှအစပြု၍ အနုပါဒိသေသ နိဗ္ဗာန်၌ တည်ရှိ၍နေသော အနုပါဒိသေသ ပုဂ္ဂိုလ်သည် **မဖြစ်** တရားကို အစွဲပြု၍ ခေါ်ဆိုသော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် "အနုပါဒိသေသာ နိဗ္ဗာနဓာတု၊ အနုပါဒိသေသောစပုဂ္ဂလော"

နေတ္တိပါဠိတော်။

ဤသို့ တရားကိုယ်အရကောက်၍ နိဗ္ဗာန်၌ ပုဂ္ဂိုလ်ရှိကြောင်း ဖြေကြားခဲ့လေသည်။

"ပဇာနာတီတိပုဂ္ဂလော၊ပဇာနနာပညာ"တရားကိုယ်အရကောက်နည်းကို ပြဆိုသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

နိဗ္ဗာန်၌ ပုဂ္ဂိုလ်ရှိ၏ ဟူ၍၎င်း၊ မရှိဟူ၍၎င်း တနှစ်လောက် ကြာအောင်ပြောဆိုနေကြရာတွင်၊"မြို့မိဆရာတော်က နိဗ္ဗာန်၌ပုဂ္ဂိုလ်ရှိကြောင်းကို ဆိုပါသည်ဘုရား" ဟု ဦးစံချိန်က ဆရာတော်များကို လျှောက်ကြားလေ၏။ထိုအခါ၌"မြို့မိဆရာတော်က ဆိုသည်မဟုတ်ပါ၊ ဗုဒ္ဓဝင်ပါဠိတော်ကြီးက ဆိုပါသည်"ဟု ဦးဇေယျသေနကဆိုလိုက်၏။ ထိုစကားသည်မှန်၏၊ ဗုဒ္ဓဝင်ပါဠိတော်ကြီး၌ ဒီပင်္ကရာအစရှိကုန်သော မြတ်စွာဘုရားတို့သည်၎င်း၊ ထိုမြတ်စွာဘုရားတို့၏ တပည့်သာဝကရဟန္တာတို့သည်၎င်း၊ နိဗ္ဗာန်၌ရှိသော ပုဂ္ဂိုလ်တွေဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်တွေသည် နိဗ္ဗာန်၌ မရှိဘူးဟူ၍ အဘယ်သူဆိုနိုင်မည်နည်း။

"နိဗ္ဗာန်၌ ပုဂ္ဂိုလ်ရှိသည်ဟုဆိုဒါ ပရမတ်ရှိ-ရှိဒါလား ဘုရား" ဟု ဆရာတော်တပါးက မေးသောအခါ "အဘယ်မှာ ပရမတ်ရှိ-ရှိနိုင်မှာလဲ ဘုရား။ ပါးစပ်ရှိ-ရှိရဒါပေါ့ဘုရာ့"ဟု ဦးဇေယျသိန်က ပြောသောအခါ "မြို့မိ ဆရာတော်ကလဲ နိဗ္ဗာန်၌ ပုဂ္ဂိုလ်မရှိဘူးလို့လို့ပြောပြန်သလားဘုရား" ဟု ဦးစံချိန်က ဆို၏၊ ထိုအခါ" နိဗ္ဗာန်၌ ပုဂ္ဂိုလ်ရှိသောနည်းက တနည်း၊ မရှိသောနည်းက တနည်း"ဟူ၍ ဦးဇေယျသိန်က ဆိုလေသည်။

နိဗ္ဗာန်၌ ပုဂ္ဂိုလ်မရှိဟုဆိုလျှင် ယခုလည်း ပုဂ္ဂိုလ်မရှိ၊ ယခု ပုဂ္ဂိုလ်ရှိသည်ဟုဆိုလျှင် နိဗ္ဗာန်၌လည်း ပုဂ္ဂိုလ်ရှိသည်ဟုဆိုရမည်။

နိဗ္ဗာန်၌ အကြီး, အငယ်, အတို, အရှည်, အကောင်, အထည်-ပုဂ္ဂိုလ်ဟူ၍ အဘယ်မှာရှိမည်နည်း။ နိဗ္ဗာန်၌ (မဖြစ်) သာလျှင် ရှိသည်။ နိဗ္ဗာန်မှာသာလျှင် မဟုတ်သေး၊ ယခုလည်း အကြီး, အငယ်, အတို, အရှည်, အကောင် အထည် ပုဂ္ဂိုလ် ဟူ၍ မရှိချေ။ (ဖြစ်ပျက်) အစဉ်သာလျှင်ရှိသည်။

**ဖြစ်–မဖြစ်** ဤနှစ်မျိုးသာလျှင် အမှန်ရှိသည်။

ပုဂ္ဂိုလ် သတ္တဝါ ဟူ၍မရှိသော်လည်း သမုတိအားဖြင့် အရှိလုပ်၍ ဟောတော်မူသောဒေသနာကို **သမုတိဒေသနာဟူ၍** ဆိုသည်၊ အဟုတ်အမှန်မရှိဘဲနှင့် အရှိလုပ်၍ ပြောဆိုသော စကားမျိုးကို အဝိဇ္ဇမာနပညတ်စကားဟူ၍ဆိုသည်။

## ပုဂ္ဂိုလ်ရှိ,မရှိ စကားတရပ်

**ဖြစ်–မဖြစ်** ဤနှစ်မျိုး သာလျှင် အမှန်ရှိသည်ကို အင်တင်တင်, ဆို့တို့တို့, အလှိုလှိုမရှိ၊ သဘာဝဉာဏ် မိ၍ ထိထိရောက်ရောက် သဘောပေါက်အောင် ကြံစည်စဉ်းစားရမည်။

အမှန်ရှိသောသဘောကို ပရမတ္ထဆိုသည်။ ပရမတ်=အမှန်ရှိသော အတ္ထ=သဘော၊ ပရမတ္ထ=အမှန်ရှိသော သဘော။ (သစ္စိကဋ္ဌော ပရမတ္ထော=အဟုတ် အမှန် ရှိသော သဘောကို ပရမတ် ဆိုသည်။) (ဖြစ်) (မဖြစ်) ဤနှစ်မျိုးသည်သာလျှင် အဟုတ်အမှန်ရှိသော ပရမတ်တည်း။

ကထာဝတ္ထုအဋ္ဌကထာ ၁၀၃-၁၀၄ ၌၌ "သစ္စိကဋ္ဌော-ဘူတဋ္ဌော။ ပရမတ္ထော-ဥတ္တမတ္ထော" ဖွင့် ပြီး ၍၊ "ဥဘယေနာပိ" အစရှိသည်ဖြင့် ခန္ဓာ, အာယတန, ဓာတ် တို့ ကို အရ ကောက် ၍ အရတူ ပြ လေသော ကြောင့် သစ္စိကဋ္ဌ-ပုဒ် နှင့် ပရမတ္ထ ပုဒ်-၂ ခုသည် တုလျာဓိကရဏ ဖြစ်ရကား မှတ်လွယ်, သိလွယ်, သဘောပေါက် လွယ် စေ ခြင်းငှါ ပရမတ္ထပုဒ်ကို အမှန်ရှိသော သဘော ဟူ၍ ပြဆိုအပ်သတည်း။ ဝါ၊ အဟုတ်အမှန်ရှိသောသဘောကို ပရမတ္ထ ဟူ၍ပြဆိုအပ်၏။ ခန္ဓာ, အာယတန, ဓာတ်, စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တရားစုသည် သဘာဝတ္ထ အားဖြင့် အမှန်ရှိသောကြောင့် ပရမတ္ထသစ္စာမည်၏။ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ပုဂ္ဂိုလ်

စသော အဝိဇ္ဇမာန ပညတ်စုသည် လောကသမ္မုတိအားဖြင့် ဟုတ်မှန်သော ကြောင့် သမ္မုတိသစ္စာမည်၏။

## ပရမတ္ထတရား နှစ်ပါးသာရှိကြောင်း

ထိုသစ္စာနှစ်ပါးတို့တွင် ပရမတ္ထသစ္စာ၌ ပရမတ္ထတရား သည်ကား၊ ဖြစ်-ပရမတ်။ မဖြစ်-ပရမတ်ဟူ၍ ပရမတ္ထတရား နှစ်ပါး သာလျှင် ရှိသည်။ "ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ" ပဋိသမ္ဘိဒါမဂ်-၁၅။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ-သင်္ခါရ တို့သည်။ ဥပ္ပါဒေါ၊ ဖြစ် တရား တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊ မဖြစ်တရားတည်း။

အတ္ထိ ဘိက္ခဝေ အဇာတံ။ ပ။ တသ္မာ ဇာတဿ။ ပ။
နိဿရဏံ ပညာယတိ။ ။ဥဒါနပါဠိတော်-၁၀၂။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်တရားသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုသို့ မဖြစ်တရား ရှိသော ကြောင့်။ ဇာတဿ၊ ဖြစ်တရား၏။ နိဿရဏံ၊ မဖြစ်တရားသည်။ ပညာယတိ၊ ထင်၏။

ဘူတမိဒံ သာရိပုတ္တ ပဿသိ။ ။နိဒါနသံယုတ်ပါဠိတော်-၃၅။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ဣဒံဘူတံ၊ ဤ ဖြစ်တရားကို။ ပဿသိ၊ ကြည့်ရှုလော။

ဘူတန္တိဇာတံ နိဗ္ဗတ္တံ၊ ခန္ဓပဉ္စကဿေတံနာမံ။
နိဒါနသံယုတ်အဋ္ဌကထာ-၅၇။

ဖြစ်တရားဆိုသည်ကား ခန္ဓာငါးပါး၏ အမည်တည်း။(အဋ္ဌကထာ အနက်။)

"သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ၊ သပစ္စယာဓမ္မာ၊ အပစ္စယာဓမ္မာ" ဤသို့စသည်ဖြင့် ပရမတ္ထတရား နှစ်ပါးသာလျှင်ရှိကြောင်းကို ဟောတော် မူသော ဒေသနာတော်တွေမျှားစွာရှိ၏။ ထိုကြောင့် အရည်ကိုစစ်၍ အဆီ ကိုညှစ်သည်ရှိသော် ဖြစ်-မဖြစ် ဤနှစ်မျိုး သည်သာလျှင် အမှန် ရှိသည် ဟူ၍ သဘော ပေါက် စေရန် **(ဖြစ်–မဖြစ်) ပရမတ်အစစ်** ဟူသော ဆောင်ပုဒ်လင်္ကာကို ဆိုအပ်လေသတည်း။

အဆင်း, အသံ, အနံ့, အရသာ, အထိ, စိတ် ဤတရားတို့သည် (ဖြစ်) တရားတို့တည်း။ ထို (ဖြစ်) တရားတို့သည် (ပျက်)ခြင်းသဘောရှိ၍ ဖြစ်ပျက် ဖြစ်ပျက်သာလျှင် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။ အဆင်းသည် ဖြစ်ပျက်ဖြစ်ပျက်နေ၏ (ပေဿျာလ)စိတ်သည် ဖြစ်ပျက် ဖြစ်ပျက်နေ၏။

မိမိကိုယ်မှာ ကြည့်-မိမိကိုယ်မှာ ကြည့်၊ မိမိကိုယ်မှာရှိတဲ့ အဆင်း, အသံ, အနံ့, အရသာ (ကြမ်း-ချော-ခု-ခံ-ထိ၊ တောင့်-တင်း-တွန်း-တိုး-ထိ၊ ပူ-အေး-နွေး-လော ထိ၊ အထိသုံးမျိုး ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မြင်အောင်ကြည့်၊ စိတ်သည် လောဘနှင့် ယှဉ်သောစိတ် ဖြစ်ပျက်ဖြစ်ပျက် နေ၏။ ဒေါသနှင့် ယှဉ်သောစိတ် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ မာနနှင့် ယှဉ်သောစိတ်၊ ဣဿာမစ္ဆရိယနှင့် ယှဉ်သောစိတ်၊ ကုက္ကုစ္စနှင့် ယှဉ်သောစိတ် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ အဆင်းကိုအာရုံပြုသောစိတ် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ အသံကိုအာရုံပြုသောစိတ် ဖြစ်ပျက် ဖြစ်ပျက် နေ၏။ အနံ့ကိုအာရုံပြုသောစိတ် ဖြစ်ပျက် ဖြစ်ပျက် နေ၏။ စားသောက် သောအခါ စပ်, ငန်, ခါး,ချဉ်,ချို,ဆိမ့်,ဖန် အရသာကို အာရုံပြုသောစိတ် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ကြမ်းကြမ်း,ချောချောကို အာရုံပြုသောစိတ် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ခုခု ခံခံကို အာရုံပြုသောစိတ် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ တွန်းတိုးကို အာရုံပြုသောစိတ် ဖြစ်ပျက် ဖြစ်ပျက် နေ၏။ တောင့်တင်းကို အာရုံပြုသောစိတ် ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ပူပူကို အာရုံပြုသောစိတ်၊ အေးအေးကို အာရုံပြုသောစိတ်၊နွေးနွေး လောလောကို အာရုံပြုသောစိတ် ဖြစ်ပျက်ဖြစ်ပျက်နေ၏။ ပူပူ အေးအေး နွေးနွေး လောလော တေဇောဓာတ်တို့သည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေကုန်၏။ပူပူအေးအေး နွေးနွေးလောလောတို့ကို အာရုံပြုသောစိတ်သည်လည်း ဖြစ်ပျက်ဖြစ်ပျက် နေ၏။

မြင်သမျှ,ကြားသမျှ,နံသမျှ,တွေ့ထိသမျှ အလုံးစုံတို့သည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ ဘယ်အခါမှ ဖြစ်ပျက်ရပ်စဲခြင်းမရှိ၊ ဖြစ်ပျက်ဖြစ်ပျက် သည်သာလျှင် အစဉ်မပြတ် ဆက်စပ်၍နေသောကြောင့် အခဲအလုံး အဖြုံး အမှုန့် အရည်အဖတ် အစေးအဆီ ရှည်ရှည်လျားလျား စသည် မဟုတ်၊ ဖြစ်ပျက် အစဉ်သည်သာလျှင် ရှိပါတကားဟူ၍ ထင်မြင်အောင် သဘော ပေါက်အောင် ကြံစည် စဉ်းစား ဆင်ခြင်၍ အာခါကြည့်ရှုရမည်။

**ဤဖြစ်ပျက်အစဉ်ကို ထင်မြင်စွာ သဘောပေါက်မှသာလျှင် မဖြစ်အစဉ်ကို သဘောပေါက်နိုင်မည်။**

ဖြစ်ပျက်အစဉ်ကိုမှ မထင်မြင်နိုင်ဘဲ အလုံးအခဲ ရှည်ရှည်လျားလျား စသည် မှတ်ထင်၍နေလျှင် မဖြစ်အစဉ်ကို အဘယ်မှာ သဘောပေါက်နိုင်မည်နည်း။

## ဖြစ်ပျက် အစဉ်နှင့်-မဖြစ် အစဉ် အဘယ်သို့ ထူးပါသနည်း

မြို့တွင်း လမ်းတလျှောက်၌ စီစဉ်၍ စိုက်ထားသော ဓာတ်မီးတိုင် အစဉ်နှင့် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်အစဉ် တူကြောင်းကိုငှင်း၊အာကာသ ကောင်းကင်အစဉ်နှင့် နိဗ္ဗာန် မဖြစ်အစဉ် တူကြောင်းကိုငှင်း ပြိုင်ယှဉ်၍ ကြည့်။

ဓာတ်မီးတိုင် အစဉ်သည် အစရှိ-အဆုံးရှိ၊ အစ အဆုံး ရှိသကဲ့သို့ ဖြစ်ပျက် အစဉ်သည် အစလည်းရှိ၏၊ အဆုံးလည်းရှိသည်။ (ဖြစ်) အစ (ပျက်)အဆုံးရှိသည်ဟူလို။

ကောင်းကင် အစဉ်ကြီးသည်ကား အစလည်းမရှိ၊ အဆုံးလည်းမရှိ။ အရှေ့သို့ သွား၍လည်း ကောင်းကင်အစဉ်သည် အဆုံးမရှိ။ အနောက်သို့ တောင်သို့-မြောက်သို့ အရပ်မျက်နှာ အလုံးစုံသွားသော်လည်း ကောင်းကင်အစဉ်ကြီး၏ အဆုံးကိုလည်း မတွေ့၊ အစကိုလည်း မတွေ့၊တပြင်တည်း တသားထည်း နေသော ကောင်းကင်ကြီးသည် အစဉ်ရှိ၍ နေသကဲ့သို့ နိဗ္ဗာန် မဖြစ်အစဉ်ကြီးသည်လည်း ဘယ်အရပ်မဆို အစဉ်ရှိ၍ နေလေသည် ။ရုပ်နာမ်တို့၏ ဖြစ်ပျက်အစဉ်ကဲ့သို့ အပိုင်းပိုင်းအပြတ်ပြတ် ဆက်စပ်စီစဉ်၍နေသည် မဟုတ်။ ကောင်းကင် အစဉ်ကဲ့သို့ တပြင်ထည်း တသားထည်း အစဉ်ရှိ၍ နေလေသည်။ တဖွားဖွားဖြစ်ပျက်၍ နေသော ဖြစ်ပျက်အစဉ်ကိုမှ မမြင်နိုင်ဘဲ ဒြဲခဲအလုံး စသည်မှတ်ထင်၍နေသော အန္ဓပုထုဇ္ဇန်သည် မဖြစ်အစဉ်ကို အဘယ်မှာ မြင်နိုင်မည်နည်း။ မဖြစ်အစဉ်ကို မြင်လိုလျှင် ဖြစ်ပျက်အစဉ်ကို မြင်အောင်ကြည့်။ **ဖြစ်ပျက်အစဉ်ကို မမြင်ဘဲနှင့် မဖြစ်အစဉ်ကို မြင်ရိုးထုံးမရှိ၊** မဖြစ်အစဉ်ကို အာရုံပြုနိုင်သော

ဖလသမာပတ်ကို ဝင်စားလိုသော ရဟန္တာသည်လည်း ရှေးဦးစွာ ဖြစ်ပျက်အစဉ်ကို ကြည့်ရှုဆင်ခြင်၍ မြင်ပြီးမှ၊ ဝါ၊ ဖြစ်ပျက်ကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်း အနုလုံတို့ဖြစ်ပြီးမှ မဖြစ်အစဉ်ကို အာရုံပြုသော ဖိုလ်ဇော ဖြစ်နိုင်သည်။ ဝါ၊ ဖလသမာပတ္တိဝီထိစိတ်အစဉ်ဖြစ်၍ မဖြစ်အစဉ်ကို အာရုံ ပြုနိုင် လေသည်။ **ဖြစ်ပျက်အစဉ်နှင့် မဖြစ်အစဉ် ယှဉ်ပြိုင်၍ စဉ်းစားရန်။**

---

## ဦးစံကြူး—လျှောက်ချက်

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် အရှင်သူမြတ်ဘုရား။

၁။ ခန္ဓာနံ ရာသဋ္ဌေန ပုဒ်၏ အပေါင်း အစု ဟူသော အနက်သဘောအရ မည်ကဲ့ သို့ ပေါင်းစုခြင်းကို ခန္ဓာဟု ဟောပါသနည်း။

၂။ သင်္ခါရလောက - သတ္တလောက - ဩကာသလောက ဟူ၍ လောက သုံးပါးတို့တွင် မည်သည့်တရားကို သင်္ခါရ ကောက်ယူရပါမည်နည်း။

၃။ သဗ္ဗေသင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ အရမှာ မည်သည့် သင်္ခါရတရားကို ကောက်ယူရပါမည်နည်း။

၄။ တော, တောင်, သစ်ပင် အစရှိသော အနိန္ဒြိယဗဒ္ဓ ဩကာသလောက ဝတ္ထုအာရုံတို့ကို သက်သက် အကြောင်းရင်းထားပြီးလျှင် သိမ်းဆည်း၍ နာမရူပ ပစ္စယ ပရိဂ္ဂဟဉာဏ် အစရှိသော ဝိပဿနာဉာဏ်တို့ကို အစဉ်အတိုင်း ရနိုင်မည်,မရနိုင်မည်ကို ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် ရှင်းလင်း၍ ပေးသနားတော်မူပါမည့် အကြောင်း ရှိခိုးလျှောက်ထားပါသည် အရှင်ဘုရား။

မောင်စံကြူး
ခေတုဘောသဇ္ဇကုမ္ပဏီ-ကြည့်မြင်တိုင်။

## ကြည့်မြင်တိုင် ခေတုဘေသဇ္ဇကုမ္ပဏီ မောင်စံကြူး လျှောက်ထားသော ပုစ္ဆာလေးချက်ကို အစဉ်အတိုင်း ဖြေဆိုပေအံ့

### ပထမ ပုစ္ဆာ၌

အလုံးစုံသော ရုပ်နာမ်တရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိကြကုန်၏။ ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာ တခုထည်း၌ အလုံးစုံသော ရုပ်နာမ်တရားတို့၏ ပေါင်းစုခြင်းကို ခန္ဓာဟူ၍ ဟောတော်မူသည်။ ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာ တခုထည်း၌ အလုံးစုံသော ရုပ်နာမ်တရားတို့ ပေါင်းစုခြင်းကြောင့် ခန္ဓာဟူသောအမည်ဖြစ်သည်။ ဖြစ်ခြင်းပျက်ခြင်း သဘောလက္ခဏာ၌ ပေါင်းစုခြင်း မရှိသော (ဟေတုမန္တဝိသေသန) နိဗ္ဗာန်ကို ခန္ဓာဟူ၍ ဟောတော်မမူ။

ဤကား သာမည လက္ခဏာအားဖြင့် ပေါင်းစုခြင်းတည်း။

လိုရင်း အဓိပ္ပါယ်မှာကား၊ အလုံးစုံသော ရုပ်နာမ်တရားတို့သည် ဖြစ်ပျက် ဖြစ်ပျက် နေသော (ဖြစ်ပျက်) အစုတွေဟူ၍ ဟောတော်မူသည်။ (ဖြစ်ပျက် အစုတွေဟူ၍ ဝိပဿနာရှုရမည်ဟူလို။)

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ ဥပ္ပဇ္ဇန္တိဝယန္တိစ။

မဟာနိဒ္ဒေသ-၃၀။

ရုပ်အဋ္ဌဝီသတို့သည် ရုပ္ပနလက္ခဏာ၌ ပေါင်းစုကြကုန်၏။ သုခ-ဒုက္ခ ဥပေက္ခာ ဝေဒနာ အလုံးစုံတို့သည် ဝေဒိယနလက္ခဏာ၌ ပေါင်းစုကြကုန်၏။ ရူပသညာ-သဒ္ဒသညာ အစရှိသော သညာတို့သည် သဉ္ဇာနနလက္ခဏာ၌ ပေါင်းစုကြကုန်၏။ ရူပသဉ္စေတနာ-သဒ္ဒသဉ္စေတနာ အစရှိသော(ဝေဒနာ သညာကြဉ်) ငါးဆယ်သော စေတသိက် သင်္ခါရတို့သည် အဘိသင်္ခရဏ လက္ခဏာ၌ ပေါင်းစုကြကုန်၏။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာန ဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်။ မြင်စိတ်, ကြားစိတ် နံစိတ်, လျက်စိတ်, ထိစိတ်, သိစိတ် အလုံးစုံသော စိတ်ဝိညာဏ်တို့သည် ဝိဇာနနလက္ခဏာ၌ ပေါင်းစုကြကုန်၏။

ပူခြင်း, အေးခြင်း, ငတ်မွတ်ဆာလောင်ခြင်း စသည်တို့ကြောင့် ထင်ရှားစွာ ပြောင်းလဲ ဖေါက်ပြန်ခြင်းကို ရုပ္ပနလက္ခဏာ ဆိုသည်။ ချမ်းသာ ဆင်းရဲခံစားခြင်းကို ဝေဒိယနလက္ခဏာ ဆိုသည်။ အညို, အရွှေ, အနီ, အဖြူ စသည်ဖြင့် မှတ်ခြင်းကို သဉ္ဇာနနလက္ခဏာဆိုသည်။ ရုပ်ဖြစ်အောင် ပြုလုပ်

စိမ်ခြင်း, ဝေဒနာဖြစ်အောင် ပြုလုပ်စီမံခြင်း၊ သညာ,သင်္ခါရ, ဝိညာဏ်တို့ ဖြစ်အောင် ပြုလုပ်စီမံခြင်းကို အဘိသင်္ခရဏ လက္ခဏာဆိုသည်။ ချဉ်သည်, ခါးသည်, စပ်သည်, ငန်သည် စသည်ဖြင့် သိခြင်းကို ဝိဇာနန လက္ခဏာ ဆိုသည်။ ဤကား သဘာဝလက္ခဏာတည်း။

ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်-ဂ၃။ ၎င်း အဋ္ဌကထာ-၂ဂ၂။ ခဇ္ဇနီယဝဂ်၊ ပုဏ္ဏမသုတ် အောက် ပါဠိတော်ကိုရှု။

အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာ
ရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေ
ဝါ။လ။ခန္ဓာဓိဝစနံ။

ဖြစ်ကုန်ပြီးသော အတိတ် ရုပ်နာမ်တို့သည်လည်း ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာ၌ ပေါင်းစုကြကုန်၏။ ဖြစ်လတ္တံ့ အနာဂတ် ရုပ်နာမ်တို့သည်လည်း ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာ၌ ပေါင်းစုကြကုန်၏။လ။(ဒူရေသန္တိကေ)အဝေးရှိ-အနီးရှိ ရုပ်နာမ်တရားတို့သည်လည်း ဖြစ်ခြင်း ပျက်ခြင်း သဘော လက္ခဏာ၌ ပေါင်းစုကြကုန်၏။ ဖြစ်ပြီး, ဖြစ်လတ္တံ့,ဖြစ်ဆဲ, အတွင်း,အပ,အကြမ်း,အနု, အယုတ်,အမြတ်, အဝေး,အနီး (၁၁)ရပ်သော ရုပ်နာမ် အလုံးစုံသော ရုပ်နာမ်တရားတို့သည် (ဖြစ်ခြင်း ပျက်ခြင်း) သဘော လက္ခဏာ တခုထည်း၌သာလျှင် ပေါင်းစုကြကုန်၏။ ထိုကြောင့် ခန္ဓာမည်ကုန်၏။

အတိတ်-အနာဂတ် အစရှိသော အလုံးစုံသော ရုပ်တရားတို့ကို ရုပ္ပနလက္ခဏာ၌ ပေါင်းစု၍ (ရူပက္ခန္ဓာ) ရုပ်အစု ဟူ၍ ဟောတော်မူ၏။ အတိတ်,အနာဂတ်,ပစ္စုပ္ပန်,အဇ္ဈတ္တ,ဗဟိဒ္ဓ, ဩဠာရိက,သုခုမ,ဟီန,ပဏီတ, ဒူရေ,သန္တိကေ၊ ဤ(၁၁)ရပ်၌ ဖြစ်သော အလုံးစုံသော ဝေဒနာတို့ကို ဝေဒိယနလက္ခဏာ၌ ပေါင်းစု၍(ဝေဒနာက္ခန္ဓာ)ဝေဒနာအစုဟူ၍ ဟောတော်မူ၏။ အတိတ်-အနာဂတ် အစရှိသော အလုံးစုံသော သညာတို့ကို သဉ္ဇာနန လက္ခဏာ၌ ပေါင်းစု၍ (သညာက္ခန္ဓာ) သညာအစု ဟူ၍ ဟောတော်မူ၏။အတိတ်-အနာဂတ်အစရှိသော အလုံးစုံသော သင်္ခါရစေတသိက် ငါးဆယ်တို့ကို အဘိသင်္ခရဏ လက္ခဏာ၌ပေါင်းစု၍(သင်္ခါရက္ခန္ဓာ)သင်္ခါရ အစုဟူ၍ ဟောတော်မူ၏။ အတိတ်-အနာဂတ် အစရှိသော အလုံးစုံသော

စိတ်ဝိညာဏ်တို့ကို ဝိဇာနနလက္ခဏာ၌ ပေါင်းစု၍(ဝိညာဏက္ခန္ဓာ)ဝိညာဏ် အစုဟူ၍ ဟောတော်မူ၏။

လက္ခဏာသန္တတေ ကေဝိဓာဝေ ပညာယရာသိ ကတွာ။

ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာတခုထည်း၌ နာမရူပ ပစ္စယ ပရိဂ္ဂဟဉာဏ် အစရှိသော ဝိပဿနာပညာဖြင့် ပေါင်းစုခြင်းကိုပြု၍ အလုံးစုံသော ရုပ်အစုသည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ အလုံးစုံသော ဝေဒနာ အစုသည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ အလုံးစုံသော သညာ အစုသည် ဖြစ်ပျက် ဖြစ်ပျက်နေကုန်၏။ အလုံးစုံသော သင်္ခါရ အစုသည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ အလုံးစုံသော ဝိညာဏ်အစုသည် ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။ ဤသို့ ဖြစ်ပျက် သဘော တခုထည်း၌ ပေါင်းစု၍ ဝိပဿနာ ရှုကြကုန်ဟူ၍ ဟောတော်မူသည်။

(ခန္ဓဝိဘင်းပါဠိတော်အဖွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၆။)

ပထမပုစ္ဆာအဖြေ

---

## ဒုတိယပုစ္ဆာ၌

ဖြစ်ပျက် သဘော လက္ခဏာ တခုထည်း၌ ပေါင်းစု၍ ဝိပဿနာ ရှုအပ်သော အလုံးစုံသော ရုပ်နာမ်တရားတို့ကို သင်္ခါရလောက၌ သင်္ခါရ အရကောက်ယူရသည်။ ဝါ၊ သတ္တောကာသ သင်္ခါရဟု လောကအပြား ဤသုံးပါးတွင် သင်္ခါရလောက၌ အလုံးစုံသော ဖြစ်ပျက် တရား အစုကို သင်္ခါရကောက်ယူသည်။ ထို့ကြောင့်....

ခန္ဓလောကော အာယတနလောကော လုဇ္ဇတီတိ လောကောတိ ဝုစ္စတိ၊ စက္ခုလုဇ္ဇတိ၊ ရူပါ လုဇ္ဇန္တိ စသည်ဖြင့် ( မဟာနိဒ္ဒေသ-သဠာယတန သံယုတ်ပါဠိတော်၌)မိန့်၏။

ဒုတိယပုစ္ဆာအဖြေ

## တတိယပုစ္ဆာ ၃၅

သင်္ခါရာ အနိစ္စာ, ဒုက္ခာ, အနတ္တာ အရမှာလည်း ဖြစ်ပျက်သဘောလက္ခဏာ တခုထည်း၌ ပေါင်းစု၍ ဝိပဿနာရှုအပ်သော အလုံးစုံသော ရုပ်နာမ် တရားတို့ကို သင်္ခါရာ အရ ကောက်ယူရသည်။ ဝါ၊ အနိစ္စဆိုလဲ ဖြစ်ပျက် ဖြစ်ပျက်နေဒါဘဲ။ ဒုက္ခဆိုလဲ ဖြစ်ပျက် ဖြစ်ပျက်နေဒါဘဲ။ အနတ္တဆိုလဲ ဖြစ်ပျက် ဖြစ်ပျက်နေဒါဘဲ။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မြဲသည်ဟု ဆိုနိုင်မည်လား စဉ်းစားကြည့်။ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ချမ်းသာဟု ဆိုနိုင်မည်လား စဉ်းစားကြည့်။ ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို အခဲအလုံးဟု ဆိုနိုင်မည်လား စဉ်းစားကြည့်။

ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို မမြင်ခြင်းကြောင့်သာလျှင် ပကတိအတိုင်းတည်၍ မြဲ၍နေသည်။ ချမ်းသာသည်ဟူ၍ မှတ်ထင်ကြကုန်၏။ ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို မမြင်ခြင်းကြောင့်သာလျှင် အခဲအလုံး, အဖြုံးအမှုန့်။ လ။ ပုံသဏ္ဌာန် အမျိုးမျိုး တည်နေသည် ဟူ၍ မှတ်ထင်ကြကုန်၏။

ထိုမှတပါး ခန္ဓယမိုက် ပါဠိတော် စသည်တို့၌ သင်္ခါရက္ခန္ဓာဟု ဟောတော်မူသော သင်္ခါရအရမှာ ဝေဒနာ သညာကြဉ်၍ စေတသိက် ငါးဆယ်ကိုကောက်ယူရသည်။

သင်္ခါရယမိုက်ပါဠိတော် မူလပဏ္ဏာသ စူဠဝေဒလ္လသုတ် စသည်တို့၌ "ကာယသင်္ခါရော, ဝစီသင်္ခါရော, စိတ္တသင်္ခါရော" ဟု ဟောတော်မူရာ၌ ကာယသင်္ခါရ အရ ထွက်သက်-ဝင်သက်၊ ဝစီသင်္ခါရ-အရ ဝိတက်-ဝိစာရ၊ စိတ္တသင်္ခါရော-အရ ဝိတက်-ဝိစာရကြဉ် ကြွင်းသောစေတသိက် ငါးဆယ်ကို ကောက်ယူရသည်။

ထို့ပြင်လည်း မူလပဏ္ဏာသ သမ္မာဒိဋ္ဌိသုတ်-၆၂၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ၃-နံပါတ်။ "တယော မေ ဘိက္ခဝေ သင်္ခါရာ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော" ဟု ဟောတော်မူရာ၌ ကမ္မဒွါရသုံးပါး၌ ဖြစ်သော စေတနာ စေတသိက်ကို သင်္ခါရ-အရ ကောက်ယူရသည်။

(ကမ္မဒွါရ၊ ဝိညာဏဒွါရ ခွဲ၍မှတ်။)

အဝိဇ္ဇာပစ္စယာသင်္ခါရာဟူသော ပဋိစ္စသမုပ္ပါဒ ဝိဘင်းပါဠိတော်၌လည်း ပုညာဘိသင်္ခါရော, အပုညာဘိသင်္ခါရော, အာနေဉ္ဇာဘိသင်္ခါရော,

ကာမာဝစရာ, ရူပါဝစရာ, အရူပါဝစရာ ဟု ဟောတော်မူရာ၊ သင်္ခါရ-အရ၊ လောကီကုသိုလ်-အကုသိုလ်၌ယှဉ်သော စေတနာစေတသိက် ကျေနတိံ့သကို ကောက်ယူရသည်။

မာရ်ငါးပါးတွင် အဘိသင်္ခါရမာရ်၏ အရမှာလည်း လောကီကုသိုလ် အကုသိုလ်စေတနာ ကျေနတိံ့သကိုပင် ကောက်ယူရသည်။

"ယာဝတိကာအဘိသင်္ခါရဿ ဂတိ တာဝတိကံ ဂန္တွာ" စသော ပါဠိတော်၌ အဘိသင်္ခါရ ဟူသောအမည်ဖြင့် ဟောတော်မူသော သင်္ခါရ အရမှာကား ဝီရိယစေတသိက်ကို ကောက်ယူရသည်။

သင်္ခါရသဒ္ဒါဖြင့် ဟောတော်မူသော ဒေသနာတရားတွေ များစွာ ရှိ၏။ ထိုအလုံးစုံတို့သည် "သဗ္ဗေသင်္ခါရာ အနိစ္စာ, ဒုက္ခာ, အနတ္တာ" ဟူ၍ ဟောတော်မူသော သင်္ခတ သင်္ခါရ၌ ပါဝင်ကုန်၏။

(အဘိဓမ္မာငါးကျမ်း အဋ္ဌကထာ ခန္ဓယမက-၂၄၃။ သင်္ခါရ ယမက-၂၆၁။မူလပဏ္ဏာသ-သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ-၂၀၃။မူလပဏ္ဏာသအဋ္ဌကထာ စူဠဝေဒလ္လသုတ်အဖွင့်-၂၄၀။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ အဖွင့်-၁၃၆။နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ ၁၆-နံပါတ် ဤသို့စသော ပါဠိတော် အဋ္ဌကထာတို့ကို ကြည့်ရှုကြကုန်ရာ၏။

တတိယပုစ္ဆာအဖြေ

---

## စတုတ္ထပုစ္ဆာ၌

တော,တောင်,သစ်ပင်အစရှိသော အနိန္ဒြိယဗဒ္ဓ ဩကာသလောက ဝတ္ထုအာရုံတို့ကို သက်သက် အကြောင်းရင်းထားပြီးလျှင် သိမ်းဆည်း၍ နာမရူပ ပစ္စယ ပရိဂ္ဂဟဉာဏ် အစရှိသော ဝိပဿနာဉာဏ်တို့ကို အစဉ် အတိုင်းရနိုင်မည် မရနိုင်မည်ကိုမေးလျှောက်ရာ၊ (မရနိုင်)ဟူ၍ ဖြေရမည်။ (ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ မရောက်နိုင်ဟူလို။) ဝုဋ္ဌာနဂါမိနီ ဝိပဿနာ သို့ရောက်လျှင်လည်း မဂ်စိတ်, ဖိုလ်စိတ်, တဆက်ထည်းဆက်၍ ဖြစ်တော့ သည်။ ဆက်ပုံကား ...

ဖြစ်ပျက်လက္ခဏာကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း,ပရိကံ,ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူ, မဂ်ဇော တကြိမ်, ဖိုလ်ဇော ၂-ကြိမ်၊ ၃-ကြိမ်၊ ထိုနောင် ဘဝင်....

ဤဝိထိစိတ်အစဉ်၌ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ တို့ကို ဝုဋ္ဌာန ဂါမိနီ ဝိပဿနာဆိုသည်။

ဝုဋ္ဌာန=မဂ်သို့၊ ဂါမိနီ=ရောက်အောင်၊ ဝိပဿနာ=ဖြစ်ပျက်ကို ကြည့်ရှုဆင်ခြင်အထူးမြင်ခြင်း။မဂ်သို့ရောက်အောင်ဖြစ်ပျက်ကိုကြည့်ရှုဆင်ခြင်၍ ကောင်းမွန်စွာထင်ထင် နောက်မဆုတ်ဘဲ အဟုတ်မြင်သည်ရှိသော်၊ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လေတော့သည်။

ထိုနိဗ္ဗာန်ကို မြင်နိုင်အောင် ဆင်ခြင်ကြည့်ရှုရန် အာရုံသည်ကား- အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံ, ရုပ်အာရုံ, နာမ်အာရုံ, အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဟူ၍ (၇)မျိုးရှိသည်။

ထို(၇)မျိုးတို့တွင် အဇ္ဈတ္တ သက်သက်ကိုသာလျှင် ကြည့်ရှုဆင်ခြင်မြင်ရုံမျှဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ မရောက်နိုင်၊ ထို့အတူ ဗဟိဒ္ဓသက်သက်ကိုသာလျှင်။ လ။ ရုပ်သက်သက်ကိုသာလျှင်။ လ။ နာမ်သက်သက်ကိုသာလျှင်။ လ။ အနိစ္စ သက်သက်ကိုသာလျှင်။ လ။ ဒုက္ခသက်သက်ကိုသာလျှင်။ လ။ အနတ္တ သက်သက်ကိုသာလျှင် ကြည့်ရှုဆင်ခြင်၍ မြင်ရုံမျှဖြင့် ဝုဋ္ဌာန ဂါမိနီ ဝိပဿနာသို့မရောက်နိုင်။

ထို့ကြောင့် သန်္ဒါရပရိစ္ဆေဒက နာမရူပ ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ရှေးဦးစွာမိမိကိုယ်ကာယ အဇ္ဈတ္တခန္ဓာကို သိမ်းဆည်း ကြည့်ရှုဆင်ခြင်ပြီး၍ ထိုနောက်မှ တလှည့်စီတလှည့်စီ ရံခါဗဟိဒ္ဓကို၊ ရံခါအဇ္ဈတ္တကို၊ ရံခါရုပ်ကို၊ ရံခါနာမ်ကို၊ ရံခါ အနိစ္စလက္ခဏာကို၊ ရံခါ ဒုက္ခလက္ခဏာကို၊ ရံခါ အနတ္တလက္ခဏာကို ကြည့်ရှုဆင်ခြင်၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်၍ နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မြင်နိုင်သည်။

ဝိသုဒ္ဓိမဂ်ကိုမှီ၍ စီရင်သော ပရမတ္ထ သရူပဘေဒနီကျမ်း-၆၉၆။ အဋ္ဌသာလိနီ-၂၃၉။ ၂၄၂။ ၂၄၃။ နိဒါန သံယုတ် အဋ္ဌကထာ-၆၀။

မိမိကိုယ် ရုပ်နာမ်ခန္ဓာကို အဇ္ဈတ္တဆိုသည်။ သူတပါး၏ကိုယ် ရုပ်နာမ်ခန္ဓာကိုဒင်း၊ တော,တောင်,သစ်ပင်စသော ဩကာသလောက အနိန္ဒြိယဗဒ္ဓရုပ်စုကိုဒင်း၊ ဗဟိဒ္ဓဆိုသည်။

မြတ်စွာဘုရားသည်လည်း တဏှာဥပါဒါန်တို့၏ စွဲလမ်းရာဖြစ်သော မိမိကိုယ်ကာယ အဇ္ဈတ္တ ရုပ်နာမ်တို့ကို အထူးသဖြင့် ကြည့်ရှု ဆင်ခြင်ရန် ဤသို့ဟောတော်မူသည်။

ပဥ္စဝေါ ဣမေ အာနန္ဒ ဥပါဒါနက္ခန္ဓာ၊ ယတ္ထဘိက္ခုနာ ဥဒယဗ္ဗယာနုပဿိနာ ဝိဟာတဗ္ဗံ၊ "ဣတိရူပံ၊ ဣတိရူပဿ သမုဒယော၊ ဣတိရူပဿအတ္ထင်္ဂမော"။ လ။ တဿဣမေ သု ပဥ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာ နုပဿိနော ဝိ ဟရတော ယော ပဥ္စသု ဥပါဒါနက္ခန္ဓေသု အသ္မိမာနော၊ သော ပဟီယတိ။

ဥပရိပဏ္ဏာသပါဠိတော် မဟာသုညတသုတ်-၁၅၆။

အဓိပ္ပါယ်လိုရင်းကား၊ အနာဂါမိဖိုလ်ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ရစေခြင်းငှါ မိမိကိုယ်ကာယ အဇ္ဈတ္တ ဥပါဒါနက္ခန္ဓာ၌ ဖြစ်ပျက်ကိုကြည့် ရှုဆင်ခြင်သည်ရှိသော်၊ ဥပါဒါနက္ခန္ဓာငါးပါး၌ "ငါ"ဟူသော ထင်လုံး ပျောက်၍ အရဟတ္တမဂ်ကိုရ၍ ရဟန္တာဖြစ်သည်ဟူလို။

ဥပရိပဏ္ဏာသ အဋ္ဌကထာ မဟာသုညတသုတ်အဖွင့်-၁၁၆။

တော,တောင်,သစ်ပင်စသော ဗဟိဒ္ဓ၌"ငါ"ဟူ၍မစွဲလမ်း၊မိမိကိုယ် အဇ္ဈတ္တ၌သာလျှင် "ငါ"ဟူ၍ စွဲလမ်းရကား ထို"ငါ"ဟူသော ထင်လုံး ကို ပျောက်ကင်းအောင် မိမိကိုယ်၌သာလျှင် အထူး ကြည့်ရှုဆင်ခြင်ရာ၏။

စတုတ္ထပုစ္ဆာအဖြေ

---

၁၂၉၅-ခု၊ တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့နှင့် နတ်တော်လပြည့်နေ့၌ နာရီပြန် ၂-ချက်မှစ၍ ညနေ ၄-နာရီခွဲ,၅-နာရီအထိ ရွှေတိဂုံဘုရားကြီး ကုန်းတော်၌ ကျင်းပသော ကျောင်းဒါယကာ(မိလိန္ဒ)ဦးစံချိန်၏ ပါဠိတော် ဓမ္မသာကစ္ဆာပွဲသဘင်၌ မေးလျှောက်သော

ပုစ္ဆာအဖြေ

## နိဗ္ဗာန်၌ ပုဂ္ဂိုလ်ရှိကြောင်းပါဠိတော်

"ဥပမိဝိဝေကောစ နိရူပဓိနံ ပုဂ္ဂလာနံ ဝိသင်္ခါရဂတာနံ"

မဟာနိဒ္ဒေသပါဠိတော် ဂုဟဋ္ဌကသုတ်-၁၁။

အတ္ထိနုခေါ ဘန္တေ တံစက္ခု၊ ယေနစက္ခုနာ အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဥ္စေ ဆိန္နဝဋ္ဋုမေ ပရိယာ

ဝိန္နဝဠေ သဗ္ဗ ဒုက္ခဝီတိဝတ္တော ပညာပယမာနေ ပညာ
ပေယျ။ လ။ နတ္ထိခေါဝံဖဂ္ဂုနစက္ခု။ လ။ သောတ ဃာန
ဇိဝှါ ကာယ။ လ။ နတ္ထိခေါ သောဖဂ္ဂုနမနော။လ။ပညာ
ပယမာနေ ပညာပေယျာတိ။

သင္ဂါယတနဝဂ္ဂ သံယုတ်ပါဠိတော် ဂိလာနဝဂ် အဆုံးဖြစ်သော ဖဂ္ဂုန
ထေရဝတ္ထု-၂၇၈။

ဤပါဠိတော်များ၌ နိဗ္ဗာန်မှာ ပုဂ္ဂိုလ်ရှိကြောင်းကို အထင်အရှား ပြဆိုပါသည်ဘုရား-ဟူ၍ ဦးစံချိန်ကလျှောက်ကြားလေသည်။

ပါဠိဆရာကြီး-ဦးဘကျော် ကလည်း "ပရိနိဗ္ဗာန် ပြုတော်မူပြီး၍ နိဗ္ဗာန်၌ရှိတော်မူကြကုန်သော မြတ်စွာဘုရားတို့၌ (စက္ခု,သောတ,ဃာန, ဇိဝှါ,ကာယ,မန)ဤ ၆-ပါးသောအာယတနတို့ ရှိပါသေးသလားဘုရား" ဟူ၍ ဖဂ္ဂုနထေရ်ကလျှောက်ကြားရာတွင် (မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ်) ဤ ၆-ပါးသော အာယတနတို့မရှိကြောင်း" ကို မြတ်စွာဘုရား ဟောတော်မူသည် စသည်ဖြင့် အဓိပ္ပါယ်ကို အကျယ်ပြောဆို၏။

နိဗ္ဗာန်၌ ဘုရားရဟန္တာပုဂ္ဂိုလ်ရှိကြောင်းကို ပြောဆိုကြသော ဦးစံချိန်-ဦးဘကျော်တို့၏စကားသည် (အနုပါဒိသေသောစပုဂ္ဂလော)ဟူသော နေတ္တိပါဠိတော်နှင့်ညီကြောင်းကို မြို့မ-ဦးဇေယျသိန်ကပြောဆို၏။ ထိုပြင် အဘိဓမ္မာဒေသနာတော်နှင့် ညီညွတ်ကြောင်းကိုလည်း မြို့မ-ဦးဇေယျသိန် က ပြောဆိုသေး၏။ ပြောဆိုပုံကား ...

အဘိဓမ္မာဒေသနာတော်၌(စတုသုဘူမိသု)ဘုံလေးပါးတို့၌ ပုဂ္ဂိုလ် လေးမျိုးရှိသည်။ ရှိကြောင်းကား ရုပ်နာမ်နှစ်ပါး ရှိသော ပုဂ္ဂိုလ်သည် ပဥ္စဝေါကာရဘုံ၌နေသည်။ ရုပ်သက်သက်ရှိသော ပုဂ္ဂိုလ်သည် ဧကဝေါ ကာရ အသညသတ်ဘုံ၌ နေသည်။ နာမ် သက်သက် ရှိသော ပုဂ္ဂိုလ်သည် စတုဝေါကာရ အရူပဘုံ၌နေသည်။ ရုပ်နာမ်နှစ်ပါးမရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌နေသည်။ ဤဘူမိဘေဒဖြင့် ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း သိရ၏။ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင်—

ရုပ်နာမ်နှစ်ပါးမရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ အဘယ်သို့တည်နေ ပါသနည်း။ နိဗ္ဗာန်၌ရှိသောပုဂ္ဂိုလ်သည် ရုပ်နာမ်နှစ်ပါးမရှိဘဲ အဘယ်သို့ တည်နေပါသနည်း ဤသို့မေးမြန်းအံ့။

## ဦးစံချိန်၏အမေးကို ဖြေဆိုချက် (၂၄၉)

### အဖြေကား

ရုပ်နာမ်နှစ်ပါးမရှိဘဲ နိဗ္ဗာန်၌ ပုဂ္ဂိုလ်တည်ရှိနေပုံကိုသဘောပေါက်အောင်သိလိုလျှင် ရုပ်မရှိဘဲနာမ်သက်သက်ဖြင့် အရူပဘုံ၌ ပုဂ္ဂိုလ် တည်ရှိနေပုံကို သဘောပေါက်အောင် ကြံစည်စဉ်းစားရမည်။

အရူပဘုံ၌ ရုပ်မရှိဘဲနာမ်သက်သက်ဖြင့်ပုဂ္ဂိုလ်တည်ရှိနေပုံ သဘောပေါက်အောင်မသိသေးလျှင်၊ ဝါ၊ သဘောပေါက်လိုပါလျှင်၊ မိမိကိုယ်၌ရှိသော စိတ်,ဝိညာဏ်,နာမ်တရားဖြစ်ပုံကို သဘောပေါက်အောင် ကြံစည်စဉ်းစားရမည်။

မိမိကိုယ်၌ စိတ်, ဝိညာဏ်, နာမ်တရား ဖြစ်ပုံကို သဘောပေါက်အောင် သိမြင်ပါလျှင် အရူပဘုံ၌ နာမ်သက်သက်ဖြင့် ပုဂ္ဂိုလ် တည်နေပုံကိုလည်း သဘောပေါက်၏။

မိမိကိုယ်၌ စိတ်,ဝိညာဏ်,နာမ်တရားဖြစ်ပုံကိုသဘောမပေါက်သေးလျှင် မိမိကိုယ်၌ရုပ်ဖြစ်ပုံကို သဘောပေါက်အောင် ကြံစည်စဉ်းစားရမည်။

မိမိကိုယ်၌ ရုပ်ဖြစ်ပုံကိုသဘောပေါက်ပါလျှင် နိဗ္ဗာန်၌ပုဂ္ဂိုလ်တည်ရှိနေပုံကိုလည်း သဘောပေါက်အောင်သိနိုင်၏။

မိမိကိုယ်၌ ထင်ရှားစွာ ရှိနေသော ရုပ်ဖြစ်ပုံကိုမှ သဘောမပေါက်နိုင်ဘဲ ရှည်ရှည်ကြီး,လုံးလုံးကြီး စသည်ဖြင့်၎င်း၊ အခဲအလုံး အဖြူးအမှုန့် စသည်ဖြင့်၎င်း မှတ်ထင်၍ နေသော အန္ဓပုထုဇ္ဇန်သည် နိဗ္ဗာန်၌ ပုဂ္ဂိုလ် တည်ရှိနေပုံကို အဘယ်မှာသဘောပေါက်နိုင်မည်နည်း။

နိဗ္ဗာန်၌ ပုဂ္ဂိုလ်ရှိသည်ဟု ပြောဆိုသော ဦးစံချိန်နှင့် ဆရာကျော်တို့သည်လည်း ပါဠိတော်တိုက်ရိုက် တွေ့သောကြောင့် (အမေမှာ မှာသလို) ပြောဆိုကြ၏။ သဘောပေါက်၍ ပြောဆိုသည်မဟုတ်၊ထို့ကြောင့် နိဗ္ဗာန်၌ အစဉ်ရှိကြောင်း ပါဠိတော်ကို ပြပါဘုရားဟူ၍ လျှောက်ကြားဒါပေါ့။

နိစ္စံ-ဟူသောပါဠိသည် နိဗ္ဗာန်၌အစဉ်ရှိကြောင်းကိုပြဆိုသောပါဠိ ဖြစ်သည်။ ရုပ်နာမ်ကဲ့သို့ အပိုင်းပိုင်း အပြတ်ပြတ် စဉ်၍ နေသည်မဟုတ်၊ ကောင်းကင်ကဲ့သို့ တပြင်ထည်း တသားထည်း (ထာဝရအစဉ်) ရှိ၍နေသည်။ အပိုင်းပိုင်း အပြတ်ပြတ်နေလျှင် နိစ္စံ-မြဲသည်ဟု အဘယ်မှာဆိုနိုင်မည်နည်း။

အပိုင်းအပြတ်မရှိဘဲ တသားထည်း(ထာဝရအစဉ်)ရှိသောကြောင့် သာလျှင် နိစ္စ--မြဲသည် ဟူ၍ ဆိုရသည်။ အပိုင်းပိုင်း အပြတ်ပြတ်နေလျှင် အနိစ္စဟူ၍ ဆိုမှာပေါ့။

ရုပ်နာမ်၌ ဖြစ်ပျက် အစဉ်ရှိသည်၊ ထာဝရ အစဉ်မဟုတ်။ နိဗ္ဗာန်၌ ထာဝရအစဉ်ရှိသည်၊ ဖြစ်ပျက် ပိုင်းပြတ် အစဉ်မဟုတ်။ ထာဝရအစဉ်ရှိမှ နိစ္စဆိုသည်၊ ပိုင်းပြတ်အစဉ်ကို နိစ္စဟုမဆို။ နိဗ္ဗာန်ကို အခဲအလုံး စသည် ဖြင့်မှတ်ထင်လျှင်လည်း သဿတဒိဋ္ဌိ ဖြစ်သည်။ အခဲအလုံး စသည်မဟုတ် သောကြောင့် နိဗ္ဗာန်ကို အနတ္တဟုဆိုသည်။

ပါဠိဆရာကြီး ဦးဘကျော်က ပုစ္ဆာအဆန်းကြံ၍ မေးပြန်၏။

မေးပုံကား ရုပ်နာမ်နှစ်ပါးလုံးရှိသောပဥ္စဝေါကာရပုဂ္ဂိုလ်သည် ရုပ်နာမ်နှစ်ပါးနှင့် အတူနေပါသည်။ ရုပ်သက်သက်ရှိသော အသညသတ် ပုဂ္ဂိုလ်သည် ရုပ်နှင့်အတူနေရ၏။ နာမ်သက်သက် ရှိသော·အရူပပုဂ္ဂိုလ် သည် နာမ်နှင့်အတူနေရ၏။"နိဗ္ဗာန်၌ ရုပ်နာမ်နှစ်ပါးလုံးမရှိသော ပုဂ္ဂိုလ် မှာ ဘာနှင့် အတူနေပါသလဲ" ဟူ၍ မေးလျှောက်သောအခါ "ရုပ်နာမ် နှစ်ပါးမရှိသော ပုဂ္ဂိုလ်မှာ နိဗ္ဗာန်နှင့် အတူ နေဒါပေါ့" ဟူ၍ ဦးဇေယျ သိန်က ပြောလိုက်၏။ ဦးစံချိန်က သဘောကျလွန်းလို့ "အဲ-သည်စကား ဟုတ်တယ်"ဟူ၍ လှိုက်လှဲစွာပြောဆို၏။

ယင်းစကားကို ထင်ရှားစေဦးအံ့။ နိဗ္ဗာန်၌ နေကြကုန်သော ဘုရား ရဟန္တာတို့မှာ (မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်) ဤရုပ်နာမ်တရားတို့ မရှိကြကုန်။ မျက်စိရှိခြင်းကြောင့် မျက်စိနာရ၏။ စိုးရိမ်ကြောင့်ကြ ဒုက္ခ များရ၏၊နား,နှာ,လျှာ,ကိုယ်ရှိခြင်းကြောင့် နားနာပေါက်ခြင်း,နှာခေါင်း နာပေါက်ခြင်း, ပါးစပ်နာ, လျှာနာ များစွာသောအနာဗျိုးတို့ဖြစ်၍ ဒုက္ခ ရောက်ရ၏၊ စောင့်ရှောက်ရန် ကျွေးမွေးရန် ရှာဖွေ လုပ်ကိုင်ရသော ဒုက္ခ များပြားလှ၏၊ မျက်စိရှိ၍ ဟိုကိုကြည့်ချင်, သည်ကိုကြည့်ချင်,မြင်သမျှကို ခင်တွယ်စုံမက် ဂရောက်ဂရက် စိတ်တွေဖြစ် အပြစ်တွေရှိ၊ အဝီစိရောက် ဘယ်လောက် ဆင်းရဲသလဲ စဉ်းစား ကြည့်ပါ။နားရှိခြင်းကြောင့် အသံကို နားထောင်ချင်, ဓာတ်သံ နားထောင်ချင်, အငြိမ့်သံကို နားထောင်ချင်, ခင်မင်စုံမက် ဂရောက်ဂရက် စိတ်တွေဖြစ်၊ အပြစ်တွေရှိ၊ အဝီစိရောက်

ဘယ်လောက် ဆင်းရဲသလဲ စဉ်းစားကြည့်ပါ။ နှာခေါင်း ရှိခြင်းကြောင့် ဟိုနမ်းချင်, သည်နမ်းချင်, နမ်းချင်, ရှူပ်ချင် ခင်မင်စုံမက် ဂရောက်ဂရက် စိတ်တွေဖြစ်၊အပြစ်တွေရှိ အဝီစိရောက် ဘယ်လောက်ဆင်းရဲသလဲ စဉ်းစားကြည့်ပါ။ ပါးစပ်တွေ,လျှာတွေရှိခြင်းကြောင့် ဟိုအစာကို စားချင်,သည်အစာကိုစားချင်၊ ခင်မင်စုံမက် ဂရောက်ဂရက် စိတ်တွေဖြစ်၊ အပြစ်တွေရှိ အဝီစိရောက် ဘယ်လောက် ဆင်းရဲသလဲ စဉ်းစားကြည့်ပါ။ ကိုယ်ရှိခြင်းကြောင့် ဟိုဟာကိုထိချင်,သည်ဟာကိုထိချင်,မဟုတ်တယုတ်တွေကို ထိချင် ခင်မင်စုံမက် ဂရောက်ဂရက် စိတ်တွေဖြစ်၊ အပြစ်တွေရှိ၊ အဝီစိရောက် ဘယ်လောက်ဆင်းရဲသလဲ စဉ်းစားကြည့်ပါ။ စိတ်ရှိခြင်းကြောင့် တောင်ကြံ,မြောက်ကြံ,ကြံမိ ကြံရာကြံ, မကြံသင့်ဒါကို ကြံမိ,အပြစ်တွေရှိ၊ အဝီစိရောက် ဘယ်လောက်ဆင်းရဲသလဲ စဉ်းစားကြည့်ပါ။ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်မရှိခြင်းကြောင့် အလုံးစုံသော ဆင်းရဲမှကင်းလွတ်၏။ထို့ကြောင့် အဆင်းဖြစ်ပျက်,အသံဖြစ်ပျက်,ဖြစ်ပျက်ဖြစ်ပျက် မှမ္မကြေ၍ပျက်,ဖြစ်ပျက်ကိုမြင်လျှင် မဖြစ်ချင် ခင်မင်စုံမက် မရှိ၊ အဝီစိမရောက် နိဗ္ဗာန်သို့ ရောက်၍ အေးမြချမ်းသာသော နိဗ္ဗာန်နှင့်အတူ နေရသော ပုဂ္ဂိုလ်ဖြစ်၏။

ထို့ကြောင့်"နိဗ္ဗာန်၌ နေတော်မူကြကုန်သော မြတ်စွာဘုရားတို့မှာ (မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်)ရှိပါသေးသလား မြတ်စွာဘုရား"ဟူ၍ ဖဂ္ဂုနထေရ်က မေးလျှောက်သောအခါ....

"နတ္ထိခေါ တံ ဖဂ္ဂုန စက္ခု"ဖဂ္ဂုန၊ ချစ်သားဖဂ္ဂုန။ တံ-စက္ခု၊ ထိုစက္ခုသည်။ နတ္ထိခေါ၊ နိဗ္ဗာန်၌နေသောဘုရားတို့၌ မရှိသည်သာတည်း။

ဤသို့ အစရှိသော သုတ္တန် ဒေသနာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

အဓိပ္ပါယ်ကား၊ "ချစ်သားဖဂ္ဂုန၊ နိဗ္ဗာန်၌ ရှိနေတော်မူကုန်သော မြတ်စွာဘုရားတို့မှာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဤဒုက္ခအိုးတွေ တစုံတခုမျှမရှိ"ဟူ၍ ဟောတော်မူသည် ဟူလိုသော်။

ထိုစကားကို ထင်ရှားသည်ထက် ထင်ရှားအောင်ပြဆိုဦးအံ့။

(မျက်စိပေါက်တွေ၊ နားပေါက်တွေ၊ နှာခေါင်းပေါက်တွေ၊ ပါးစပ်ပေါက်တွေ၊ လျှာပေါက်တွေ၊ ကိုယ်ပေါက်တွေ)မစင်အိုးလို အရည်တစိုစို

ယိုစီး၍နေသော ဒုက္ခအိုးကြီးသည် နိဗ္ဗာန်၌ နေကြသော ဘုရား, ရဟန္တာ တို့၌ မရှိကြကုန်။

(မျက်စိပေါက်တွေ။လ။ကိုယ်ပေါက်တွေ)မစင်အိုးလိုအရည်တစိုစို ယိုစီး၍နေသော ဒုက္ခအိုးကြီးရှိခြင်းကြောင့် ယခုဘဝ၌ပင်လျှင် ကိုယ်တိုင် တွေ့ကြုံကြရသော ဆင်းရဲဒုက္ခတွေကို ကြည့်ရှုစဉ်းစားကြပါ။

မစင်အိုးလို အရည်တစိုစို ယိုစီး၍နေသော ဒုက္ခအိုးကြီးကို ခင်မင် စုံမက် နှစ်သက် မြတ်နိုး၍နေခြင်းကြောင့် ဘဝအဆက်ဆက် ဆင်းရဲဒုက္ခ တွေ့ကြုံရသည်မှာ ကမ္ဘာပေါင်း သင်္ချာ သင်္ချေ မရေတွက်နိုင်၊ အစမထင် သော သံသရာ၌ဆင်းရဲဒုက္ခ ကြုံဘူးလှလေပြီ၊ တွေ့ဘူးလှလေပြီ၊ ခံစားခဲ့ဘူး လှလေပြီ၊ ပျက်စီးခဲ့ဘူးလှလေပြီ၊ ခွေးဘဝ,ဝက်ဘဝ,ငှက်,ကြက်,တိ,မျော့ ဘဝ ဖြစ်ဘူးလှလေပြီ၊ သေဘူးလှလေပြီ။

ဧဝံဒီဃရတ္တံဝေါဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ။
တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋသီ-ဝဍ္ဍိတာ။
နိဒါနဝဂ္ဂ အနမတဂ္ဂသံယုတ်ပါဠိတော်-၃၈၇။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧဝံ၊ ဤသို့။ ဒီဃရတ္တံ၊ ရှည်ကြာလှ စွာ ကမ္ဘာသင်္ချေ မရေတွက်နိုင်အောင် ညဥ့်,နေ့,ရက်,လ ရှိသမျှကာလ ပတ်လုံး။ ဝေါ၊ သင်ချစ်သားတို့အား။ ဒုက္ခံ၊ နေ့တိုင်း-ညတိုင်း ဖြစ်ဆင်း ရဲ-ပျက်ဆင်းရဲ ဖြစ်ပျက်ဆင်းရဲကို။ ပစ္စနုဘူတံ၊ ခံစားခဲ့ဘူးလှလေပြီ။ တိဗ္ဗံ၊ ထက်ထက် မြက်မြက် အသက်ပါအောင် နာကျင်ဆင်းရဲခြင်းကို။ ပစ္စနုဘူ တံ၊ တွေ့ရ, ကြုံရ, ခံခဲ့ရဘူးလေပြီ။ ဗျသနံ၊ ဉာတိဗျသန ဘောဂဗျသန များလှထွေထွေ သေကြေပျက်စီးခြင်း ဆင်းရဲဒုက္ခကို။ ပစ္စနုဘူတံ၊ တွေ့ဘူး, ကြုံဘူး, ခံခဲ့ရဘူးလှလေပြီ။ ကဋသီ၊ သေတိုင်း-သေတိုင်း ကိုယ်ကောင်ပုပ် ကြီး-ဒုက္ခအိုးကြီးကို မြှုပ်ထားရသော သင်္ချိုင်း,သုသာန်မြေသည်။ ဝဍ္ဍိတာ၊ များစွာဘဝ သေဘူးလှ၍ တိုးပွားလှလေပြီ မြေကြီး၏ အစာ ဖြစ်ဘူးလှ လေပြီ။

ယခုဘဝလည်း သေကြေပျက်စီး၍မြေကြီးအစာဖြစ်ဆဲ-ဖြစ်လတ္တံ့။ နောက်ကိုလည်း မျက်စိပေါက်တွေ, နားပေါက်, ပါးစပ်ပေါက် ,ကိုယ် ပေါက်တွေကို စုံမက်၍ နေသဖြင့် ဘဝအဆက်ဆက် သေ၍ မြေကြီးအစာ ဖြစ်လတ္တံ့။ ဤ ဒုက္ခပေါက်တွေကို ရှုံ့ရှာ စက်ဆုပ်မှသာလျှင် ဒုက္ခပေါက်

မရှိသော နိဗ္ဗာန်သို့ရောက်၍ အေးမြချမ်းသာစွာ နေရသည်။ ဒုက္ခပေါက်တွေနှင့် အတူတကွ နေသမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခ တွေ့ကြုံရသဖြင့် ဘယ်ဘဝ - ဘယ်ကာလမှ ချမ်းသာအေးမြ နေရလိမ့်မည်ဟု အောက်မေ့ဘွယ်မရှိ၊ ထို့ကြောင့် ရုပ်နာမ်နှစ်ပါးလုံးမရှိသော နိဗ္ဗာန်၌ နေတော်မူကြသော မြတ်စွာဘုရားတို့မှာ (မျက်စိပေါက်,နားပေါက်,နှာခေါင်းပေါက်, ပါးစပ်ပေါက်,လျှာပေါက်,ကိုယ်ပေါက်,စိတ်ပေါက် ) ဤဒုက္ခပေါက်တွေ တပေါက်မျှ မရှိကုန်။

ဒုက္ခပေါက်မရှိသော မြတ်စွာဘုရားတို့သည် ဒုက္ခပေါက် မရှိသော နိဗ္ဗာန်နှင့်သာလျှင် အတူတကွ စံစား၍ နေကြကုန်၏။ ဒုက္ခပေါက်တွေနှင့် အတူမနေကြကုန်။(အသွင်မတူ-အိမ်သူမဖြစ်၊ အသွင်တူမှ-အိမ်သူဖြစ်။)

ဒုက္ခပေါက်တွေနှင့် အတူနေခြင်းကြောင့် ဒုက္ခရောက်၍နေကြသည်မှာ လွန်စွာထင်ရှားလှ၏။ ကိုယ်တိုင်ပင်လျှင် တွေ့ကြုံခံစားကြရသဖြင့် သိသင့်လှလေပြီ။ ဒုက္ခပေါက်တွေနှင့် အတူနေခြင်းကြောင့် သာလျှင် ငါတို့တတွေမှာ ဒုက္ခရောက်၍ နေကြရပါတကားဟူ၍ သံဝေဂ ရသင့်လှလေပြီ၊ ဒုက္ခပေါက်တွေကို ကြောက်သင့်လှလေပြီ၊ မုန်းသင့်လှလေပြီ၊ ရွံသင့်လှလေပြီ၊ ဒုက္ခပေါက်တွေမှ လွတ်ကင်းအောင် ခွါရှောင်သင့်လှလေပြီ။

အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံဝိရဇ္ဇိတုံ၊
အလံဝိမုစ္စိတုံ။
(သုတ်မဟာဝါ ပါဠိတော် မဟာသုဒဿနသုတ်၊ နိဒါနသံသုတ်ပါဠိတော် အနမတဂ္ဂသုတ်-၃၀၇။)

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော ဒုက္ခပေါက်တွေ၌ ဒုက္ခပေါက်တွေကို။ နိဗ္ဗိန္ဒိတုံ၊ငြီးငွေ့ရွံမုန်းခြင်းငှါ။အလမေဝ၊ သင့်လှလေပြီ။ ဝိရဇ္ဇိတုံ၊ ရွံမုန်းစိတ်ပျက် မနှစ်သက်ဘဲ စုံမက်ခင်တွယ် မရှိခြင်းငှါ။ အလမေဝ၊ သင့်လှတော့သည်သာတည်း။ ဝိမုစ္စိတုံ၊ ဒုက္ခပေါက်တွေမှ လွတ်ကင်းအောင် ခွါရှောင်၍နေခြင်းငှါ။ အလမေဝ၊ သင့်လှတော့သည်သာတည်း။(ဒုက္ခပေါက်ရှိသော် ပုဂ္ဂိုလ်-ဒုက္ခပေါက် မရှိသော ပုဂ္ဂိုလ် ၂-မျိုး။)

မျက်စိပေါက်,နားပေါက်, နှာခေါင်းပေါက်, ပါးစပ်ပေါက်,လျှာပေါက်,ကိုယ်ပေါက်,စိတ်ပေါက် ဤအပေါက်တွေကို ဒုက္ခရောက်စေတတ်

သော ဒုက္ခပေါက်တွေဟူ၍ မှတ်ကြလေကုန်။ ဒုက္ခပေါက်မရှိသော နိဗ္ဗာန်သို့ ရောက်မှသာလျှင် ငါတို့ ချမ်းသာစွာ နေရလိမ့်မည်ဟူ၍ မှတ်ကြလေကုန်။

ဒုက္ခပေါက်မရှိသော ဘုရားတွေ ရဟန္တာတွေ ဒုက္ခပေါက်မရှိသော နိဗ္ဗာန်၌ ယခုထက်ထိ သေပျောက် ပျက်စီးခြင်းမရှိဘဲ အမြဲတည်၍ နိဗ္ဗာန် စည်းစိမ်ကို စံစား၍ နေကြသည်ဟူ၍ မှတ်ကြလေကုန်။ ထို့ကြောင့် ဒုက္ခပေါက်မရှိသော နိဗ္ဗာန်နှင့် အတူစံစား၍နေရအောင် ဒုက္ခပေါက်မရှိသော ပုဂ္ဂိုလ်ဖြစ်ရပါစေသော်ဟူ၍ ဆုတောင်းကြကုန်။

ဆရာကျော်၏ပုစ္ဆာအဆန်းကို ဝိသဇ္ဇနာ အဆန်းဖြေ၍ ဟောကြားသော ဒုက္ခပေါက်ပယ်ရှား၍ နိဗ္ဗာန်ပေါက်တရားတပုဒ် နိဋ္ဌိတံ။

---

## ဦးရှိန်နှင့် မောင်မြင့် လျှောက်ချက်

ပုသိမ်မြို့အပိုင် ကျောက်ချောင်းကြီး ရွာနေ ဥပါသကာလူကြီး ဦးရှိန်၏ အောက်ပါအမေးပုစ္ဆာဓမ္မများကို လျှောက်ထားပေးရန် နှိုးဆော် တိုက်တွန်းခြင်းကို ခံယူ အကြောင်းပြု၍ ဘုရားတပည့်တော် ဒိဋ္ဌိဝိသုဒ္ဓိ ကမ္မဋ္ဌာန်းအသင်း အကျိုးဆောင်ဒါယကာ-မောင်မြင့် ရိုသေလေးမြတ်စွာ ရှိခိုးလျှောက်ထား အသနားတော်မြတ်ခံပါသည် အရှင်ဘုရား။

## လျှောက်ထားရန်မှာ

(၁) အရဟတ္တဖိုလ်၏ ခဏ၌ ကိလေသာတို့၏ ကုန်ခန်းသော အဘာဝပညတ်သည် သမ္မုတိ သဉပါဒိသေသနိဗ္ဗာန်လို့ ဆိုပါသည်။

(၂) ရဟန္တာ အရှင်တို့၏ စုတိစိတ်တော်၏ အခြားမဲ့ဝယ် ခန္ဓာ အသစ် မဖြစ်ခြင်းဟူသော အဘာဝ ပညတ်သည် သမ္မုတိ အနုပါဒိသေသ နိဗ္ဗာန်လို့ ဆိုပါသည်။

ထိုတရား ၂-ပါးကို “သမ္မုတိနိဗ္ဗာန်” လို့ ဟောပါသည်။

ပရမတ္ထ နိဗ္ဗာန်မှာတော့ သင်္ခတနိဗ္ဗာန်, အသင်္ခတနိဗ္ဗာန် ၂ ပါးခွဲ၍ ပြပြန်ပါသည်။ ၎င်း ၂-ပါးတွင် သင်္ခတနိဗ္ဗာန်မှာ သဉပါဒိသေသ, အနုပါဒိသေသနိဗ္ဗာန်လို့ ခွဲပြန်ပါသည်။

(၃) ၎င်းတို့အနက် အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်သည် "ပရမတ္ထ သဉပါဒိသေသနိဗ္ဗာန်" လို့ ဆိုပါသည်။

(၄) ရဟန္တာအရှင်တို့၏ စုတိစိတ်ခန္ဓာတော်သည် "ပရမတ္ထ အနုပါဒိသေသနိဗ္ဗာန်" ဆိုပါသည်။ ၎င်း ၂-ပါးတို့ကို "ပရမတ္ထ နိဗ္ဗာန်" ဟု ဆိုပါသည်။

ထိုလေးမျိုးသော နိဗ္ဗာန်တို့ကား မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာဖွဲ့အပ်သော အသင်္ခတဓာတ်ဟု ဆိုအပ်သော "ပရမတ္ထ နိဗ္ဗာန် မဟုတ်သေး" ဆိုပါသည်။ လက်သန်းအဋ္ဌကထာရုပ်ပိုင်း အဆုံး၌ "နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာလမ္ဗဏဘူတံ၊ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ပ။ ပဒမစ္စုတ မစ္စန္တံ အသင်္ခတမနုတ္တရံ နိဗ္ဗာနမိတိ ဘာသန္တိ ဝါနမုတ္တာ မဟေသယော" ဟု ပြဆိုသော စကားများနှင့် အမျိုးမျိုးသော ခွဲပုံစိတ်ပုံများကို ကျမ်းဂန်ဓမ္မနှင့် ညှိနှိုင်း၍ အဆိုပါ နိဗ္ဗာန်သဘောများကို သေချာစွာ မသိရှိရပါသောကြောင့် ကရုဏာပုဗ္ဗင်္ဂမဖြင့် ထုတ်ပြဖြေရှင်း ဆုံးမတော်မူခြင်းကို နောက်ထွက်မည့် တရား စာအုပ်မှ **နိဗ္ဗာနဝိသဇ္ဇနာ အလင်းတရား** ထည့်သွင်း ဟော ကြား တော် မူ ပါ မည့် အကြောင်း တောင်းပန်လျှောက်ထားပါသည် သုဒ္ဓိလေးအင် ဖွေးဖွေးစင်သည့် အရှင်သူမြတ်ဘုရား။

ဥပါသကာကြီး-ဦးရှိန် တိုက်တွန်းနှိုးဆော်ချက် အရ
လျှောက်ထားသူ မောင်မြင့်၊
နေ့စွဲ　၉-၈-၃၄။

---

## နိဗ္ဗာန ဝိသဇ္ဇနာ အလင်းတရားတော်

ပုသိမ်မြို့ ကျောက်ချောင်းကြီးရွာ ဥပါသကာလူကြီး-ဦးရှိန် ဒိဋ္ဌိဝိသုဒ္ဓိအသင်း အကျိုးဆောင် ဒါယကာ-မောင်မြင့်တို့ လျှောက်ကြားသော (နိဗ္ဗာန်)အမေးပုစ္ဆာ စာလွှာ၌-

ထို ၄-မျိုးသော နိဗ္ဗာန်တို့ကား မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော(လ) "ပရမတ္ထနိဗ္ဗာန် မဟုတ်သေး" ဆိုပါသည်ဟူ၍ ပါရှိ၏။

ထိုပါဠိရှိသောစကားအတိုင်းပင်လျှင် ထို ၄-မျိုးသောနိဗ္ဗာန်တို့သည် မဂ်, ဖိုလ်၏ အာရုံဖြစ်သော ပရမတ္ထ နိဗ္ဗာန် မဟုတ်ကုန်၊ ထိုစကားမှန်၏။ မှန်ကြောင်းကား မဂ်စိတ်, ဖိုလ်စိတ် တို့သည် ပရမတ်ကိုသာလျှင် အာရုံပြုကုန်၏။ (အဘာဝပညတ်ကို အာရုံမပြုကုန်။) အမေးပုစ္ဆာ-စာလွှာတွင် ပါရှိသော ၁-နံပါတ်စကား၊ ၂-နံပါတ်စကားတို့၌ အဘာဝ ပညတ်ကို နိဗ္ဗာန်ဟူ၍ဆို၏။ ထိုအဘာဝပညတ်ကို မဂ်စိတ်, ဖိုလ်စိတ်တို့က အာရုံမပြု။ ထို့ကြောင့် **အဘာဝပညတ်သည် နိဗ္ဗာန်မဟုတ်** မဂ်စိတ်,ဖိုလ်စိတ်တို့၏ အာရုံဖြစ်မှုသာလျှင် ပရမတ္ထ နိဗ္ဗာန်ဟု ဆိုရသည်၊ ဝါရပ်။

၃-နံပါတ်စကား ၄-နံပါတ်စကားတို့၌ အရဟတ္တဖိုလ်, စုတိစိတ် တို့ကို နိဗ္ဗာန်ဟူ၍ ဆို၏။ ထို အရဟတ္တဖိုလ်စိတ်, စုတိစိတ်တို့သည် ပရမတ္ထ ဟုတ်၏။ **မဂ်, ဖိုလ်၏ အာရုံမဟုတ်**၊ ထို့ကြောင့် အရဟတ္တဖိုလ်စိတ်,စုတိ စိတ်တို့သည် နိဗ္ဗာန် မဟုတ်ကုန်။

လက်သန်း အင်္ဂုကထာ ပြဆိုသော နိဗ္ဗာန်သည်သာလျှင် မဂ်,ဖိုလ်၏ အာရုံဖြစ်သောကြောင့် **ပရမတ္ထနိဗ္ဗာန်ဟုတ်သည်**၊ တရပ်။

ထို ၂-ရပ်ကို သဘောပေါက်စေရန် အချက်ကား မဂ်စိတ်,ဖိုလ်စိတ် တို့သည် အဘယ်ကိုအာရုံပြုသနည်း။ ပရမတ်ကို အာရုံပြုသလော၊ပညတ်ကို အာရုံပြုသလော အာရုံပြုကိုလည်းရှု။

ပရမတ်ဆိုသည်မှာ "ဖြစ်-မဖြစ်"ဟူ၍ နှစ်မျိုးရှိသည်။

ပညတ်ဆိုသည်မှာ "ဖြစ်"ဟူ၍လည်း မဆိုရ၊ "မဖြစ်" ဟူ၍လည်း မဆိုရ၊ နဝတ္တဗ္ဗ ဓမ္မာရုံတရားဖြစ်သည်။

"ဓမ္မာရမ္မဏံပန ပသာဒ သုခုမ ရူပ စိတ္တ စေတသိက
နိဗ္ဗာန ပညတ္တိ ဝသေန ဆဓာ သင်္ဂယှတိ"

(အာရမ္မဏ သင်္ဂဟပါဠိ။)

ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ် ဤကား ဓမ္မာရုံ ၆-မျိုး။

(ပသာဒဓမ္မာရုံ၊သုခုမဓမ္မာရုံ၊စိတ်ဓမ္မာရုံ၊ စေတသိက်ဓမ္မာရုံ၊ နိဗ္ဗာန် ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံ။)

ပဿာဒ, သုခုမ, စိတ်, စေတသိက် ဤဓမ္မာရုံတို့ကား "ဖြစ်"လက္ခဏာ ရှိသော "ဖြစ်"တရားတို့တည်း။

နိဗ္ဗာန်ဓမ္မာရုံသည်ကား "မဖြစ်" လက္ခဏာရှိသော "မဖြစ်" တရားတည်း။

ပညတ် ဓမ္မာရုံ သည်ကား "ဖြစ်" လက္ခဏာလည်းမရှိ၊ "မဖြစ်" လက္ခဏာလည်းမရှိ၊ "ဖြစ်"ဟူ၍လည်း မဆိုရ၊ "မဖြစ်"ဟူ၍လည်း မဆိုရ၊ နဝတ္တဗ္ဗ ဓမ္မာရုံ တရားတည်း။ ထို နဝတ္တဗ္ဗ ဓမ္မာရုံပညတ်ကို မဂ်, ဖိုလ်က အာရုံမပြု၊ "မဖြစ်"ပရမတ်ဓမ္မာရုံကိုသာ အာရုံပြုသည်။

> သစ္စာနံ္ဒွေလက္ခဏာနိ သင်္ခတလက္ခဏဉ္စ၊ အသင်္ခတလက္ခဏဉ္စ။
>
> သင်္ခတာနံ သစ္စာနံ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ။
>
> အသင်္ခတဿ သစ္စဿ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ။
>
> (ပဋိသမ္ဘိဒါမဂ် ပါဠိတော် သစ္စကထာ-၂၉၇။)

## ဖြစ်–မဖြစ် ပရမတ်အစစ်။　။ဆောင်ပုဒ်လင်္ကာ။

"ဖြစ်"တရား"မဖြစ်"တရားဟူ၍ ပရမတ္ထတရား နှစ်ပါးသာလျှင်ရှိသည်။ ထို ၂-ပါးတို့တွင်"ဖြစ်"လက္ခဏာရှိသော ပရမတ္ထတရားဘည် ဖြစ်ပုံအမျိုးမျိုးများစွာရှိ၏။ ဖြစ်ပုံအမျိုးမျိုးများစွာရှိပုံကား–

ကြမ်း, ချော, ခု, ခံ, ထိ၊တောင့်,တင်း,တွန်း,တိုး,ထိ၊ ပူ, အေး, နွေး, လောထိ။ဤအထိရုပ်သုံးမျိုးတို့တွင် ကြမ်းကြမ်းထိ-ဖြစ်ပုံတမျိုး၊ချောချောထိ-ဖြစ်ပုံတမျိုး၊ ခုခု,ခံခံထိ-ဖြစ်ပုံတမျိုး၊ စူးယှထိ-ဖြစ်ပုံတမျိုး၊ နူးနူးညံ့ညံ့ထိ-ဖြစ်ပုံတမျိုး၊ ဤသို့စသည်ဖြင့် ပထဝီအထိရုပ်"ဖြစ်"တရားတခုပင်လျှင် ဖြစ်ပုံအမျိုးမျိုးများစွာရှိ၏။

တောင့်-တင်း-တွန်း-တိုး-ဝါယော အထိရုပ်၊ ပူ, အေး, နွေး လောတေဇောအထိရုပ်တို့၌လည်း ဖြစ်ပုံ အမျိုးမျိုးများစွာ ရှိသည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင် စဉ်းစား၍ သိမြင်အောင် အားထုတ်၍ ရှုကြည့်ရာ၏။

ဤသို့“ဖြစ်”တရားတို့၏ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုးများစွာရှိသည်ကို ကြည့်ရှု ဆင်ခြင်၍ ကောင်းစွာ မြင်ပါလျှင် “မဖြစ်”တရား၌ အမျိုးမျိုး မရှိ“မဖြစ်”တခုသာလျှင် ရှိပါတကားဟူ၍ သိနိုင်လေသည်။

“ဖြစ်”တရားတို့၏ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး များစွာ ရှိပုံမှာ၊ ရှေး အတိတ်ကာလ၌ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ ယခု ပစ္စုပ္ပန် ကာလ၌ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ နောင် အနာဂတ် ကာလ၌ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ အတွင်း၌ ဖြစ်ပုံ ပျက်ပုံအမျိုးမျိုး၊ အပ၌ ဖြစ်ပုံ ပျက်ပုံအမျိုးမျိုး၊ ရုန့်ကြမ်း သော ဖြစ်တရားတို့၏ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ သိမ်မွေ့သော ဖြစ်တရား တို့၏ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ ယုတ်ညံ့သော ဖြစ်တရား - မွန်မြတ်သော ဖြစ်တရားတို့၏ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ အဝေး၌ရှိသော ဖြစ်တရား၊အနီး ၌ရှိသော ဖြစ်တရားတို့၏ ဖြစ်ပုံ ပျက်ပုံ အမျိုးမျိုး၊ ဤသို့စသည်ဖြင့်“ဖြစ်” တရားတွေ များစွာရှိကုန်၏။

“မဖြစ်” တရားမှာကား ရှေးအတိတ်ကာလ၌ “မဖြစ်” တရားဟူ၍ လည်းမရှိ၊ ယခုပစ္စုပ္ပန် “မဖြစ်” တရားဟူ၍လည်း မရှိ၊ နောင် အနာဂတ် “မဖြစ်”တရားဟူ၍လည်းမရှိ၊ ဝါ၊ ရှေးက“မဖြစ်”ဟူ၍ငင်း၊ ယခု“မဖြစ်” ဟူ၍ငင်း၊ နောင်“မဖြစ်”ဟူ၍ငင်း၊ ပြောဆိုဘွယ်မရှိ၊ “မဖြစ်-မဖြစ်”ဟူ၍ သာလျှင် ပြောဆိုဘွယ်ရှိ၏။ ထို့ပြင် အတွင်း၌ ရှိသော“မဖြစ်”တရားဟူ၍ ငင်း၊ အပ၌ရှိသော“မဖြစ်”တရားဟူ၍ငင်း၊ ရုန့်ကြမ်းသော“မဖြစ်”တရား ဟူ၍ငင်း၊ သိမ်မွေ့သော“မဖြစ်”တရားဟူ၍ငင်း၊ ပြောဆိုစရာ မရှိ၊“မဖြစ်” ဟူ၍သာလျှင် ပြောဆိုစရာရှိသည်။ ယုတ်ညံ့သော“မဖြစ်”တရားဟူ၍ငင်း၊ မွန်မြတ်သော“မဖြစ်”တရားဟူ၍ငင်း ပြောဆိုစရာမရှိ၊ “မဖြစ်” ဟူ၍သာ လျှင် ပြောဆိုရ၏။ အဝေး၌ရှိသော“မဖြစ်”တရား၊အနီး၌ရှိသော“မဖြစ်” တရားဟူ၍လည်း ပြောဆိုစရာမရှိ၊“မဖြစ်”ဟူ၍သာလျှင် ပြောဆိုရ၏။

“ဖြစ်”တရားတွေ များစွာ စုပေါင်း၍ တပြိုင်ထည်း ဖြစ်ကြကုန်၏ ဟူ၍ ဆိုရသကဲ့သို့ “မဖြစ်” တရားတွေ များစွာ စုပေါင်း၍ တပြိုင်ထည်း “မဖြစ်”ကြကုန်ဟူ၍ ဆိုရမည်လား စဉ်းစားကြည့်ပါ။

နာနာဖြစ်သော“ဖြစ်”တရား၊ သာသာဖြစ်သော“ဖြစ်”တရားဟူ၍ ရှိသည်။ ဒုက္ခဝေဒနာသည် နာနာဖြစ်သော “ဖြစ်” တရားတည်း။ သုခ ဝေဒနာသည် သာသာဖြစ်သော “ဖြစ်” တရားတည်း။ “မဖြစ်” တရားမှာ

နာနာမဖြစ်သော "မဖြစ်"တရား၊ သာသာ မဖြစ်သော"မဖြစ်"တရား ဟူ၍ ရှိနိုင်မည်လား စဉ်းစားကြည့်ပါ။

"ဖြစ်" တရားဟူသမျှ၌ "ဖြစ် အစ-ပျက် အဆုံး" ရှိကြ ကုန်၏။ "မဖြစ်" တရား၌ "ဖြစ်အစ - ပျက်အဆုံး" ရှိသည်ဟု ဆိုနိုင်မည်လား။ သို့မဟုတ် "မဖြစ် အစ-မပျက် အဆုံး" ရှိသည်ဟူ၍လည်း ဆိုနိုင်မည်လား စဉ်းစားကြည့်ပါ။

"ဖြစ်"တရားတို့၌ အထွေထွေအထူးထူးအထူးထူးအထွေထွေဖြစ်ပုံ၊ ပျက်ပုံတွေ များစွာ အမျိုးမျိုးရှိသည်ကို ကြည့်ရှုဆင်ခြင်၍ မြင်လေလေ "မဖြစ်" တရား၌ အထူးထူး အထွေထွေမရှိ၊"မဖြစ်" တခုသာရှိပါတကား ဟူ၍ ကောင်းစွာသိမြင်လေလေ။

"ဖြစ်" တရားတို့၏ သဘောကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်ပါလျှင် "မဖြစ်" တရား၏သဘောကိုလည်း ဟုတ်တိုင်းမှန်စွာ သိနိုင်၏။

"ဖြစ်" တရားတို့၏ သဘောကို ဟုတ်တိုင်းမှန်စွာမသိသောသူသည် "မဖြစ်" တရား၏ သဘောကို ဘယ်လိုပင် ပြော သော် လည်း သဘော ပေါက်အောင် သိခြင်းမရှိနိုင်၊ မိန်းမမှတ်-မှတ်ရုံမျှရှိ၏။

"ဖြစ်" တရားတို့၏ သဘော လက္ခဏာနှင့် "မဖြစ်" တရားတို့၏ သဘောလက္ခဏာသည် ပြောင်းပြန် ကန့်လန့် သမသတ် ကျ၍နေ၏။ ထို့ကြောင့်"မဖြစ်"တရားတို့၏ သဘောလက္ခဏာ ဖြစ်ပုံ၊ ပျက်ပုံတွေ အထွေထွေ အထူးထူးများစွာရှိသည်ကို မြင်လေလေ "မဖြစ်" တရား အများမရှိ တခုထည်းသာ ရှိပါတကားဟူ၍ သိလေလေ"ဖြစ်"တရားတွေမြင်လေလေ "မဖြစ်"တရားမှာ စုပေါင်းစရာမရှိသည်ကို သိလေလေ"ဖြစ်" တရားတွေ မွှမွှကြဲအောင်"ဖြစ်ပျက်ဖြစ်ပျက်"နေသည်ကို မြင်လေလေ "မဖြစ်' တရားမှာ မွှမွှကြဲစရာမရှိသည်ကို မြင်လေလေ "ဖြစ်"တရားတို့ များစွာစုပေါင်း၍ "ဖြစ်ပျက်ဖြစ်ပျက်" နေသည်ကို မြင်လေလေ "မဖြစ်" တရားမှာ များစွာ စုပေါင်းစရာမရှိ "မဖြစ်" တခုထည်းသာ ရှိပါတကားဟူ၍ သဘောကျလေလေ။

လူအများတို့တွေ့ကြုံ၍နေသောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ ဉာဏ်ဖြင့်သိတရား ငါးမျိုးတို့၏ ဖြစ်ပုံ၊ ပျက်ပုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်၏။ အဆင်းတမျိုးမှာပင် ဖြူသောအဆင်း ဖြစ်ပုံ၊ပျက်ပုံ အမျိုးမျိုး၊ နီသော

အဆင်း ဖြစ်ပုံ,ပျက်ပုံ အမျိုးမျိုးရှိ၏၊"မဖြစ်"တရားမှာ အဖြူ,အနီ စသည် ဖြင့်အမျိုးမျိုးရှိမည်လားစဉ်းစားကြည့်ပါ။အဘယ်မှာ အမျိုးမျိုးရှိနိုင်မည်နည်း၊ မဖြစ်တရားမှာ "မဖြစ်" တခုသာရှိနိုင်၏။ ဤကား-အဇာတ,အဘူတ,အကတ,အသင်္ခတ"မဖြစ်"သဘောအားဖြင့် အများမရှိ၊ "မဖြစ်" တခုသာရှိသည်ကို ဟောတော်မူသော ပရမတ္ထ နိဗ္ဗာန်တည်း။

"မဖြစ်" သဘောအားဖြင့် တခုထည်းသာ ရှိသော ပရမတ္ထနိဗ္ဗာန်သည် ပရိယာယ်အမည်အားဖြင့် သဉပါဒိသေသ, အနုပါဒိသေသအားဖြင့် နှစ်ပါး၊ ဘဝသုံးပါးကို ငြိမ်းအေးစေခြင်းအားဖြင့် သုံးပါး၊ မဂ်လေးပါး၏ အာရုံအားဖြင့် လေးပါး၊ အဘိနန္ဒန ငါးပါးကို ငြိမ်းအေးစေခြင်းအားဖြင့် ငါးပါး၊ တဏှာခြောက်ခုကို ကုန်ခန်းစေခြင်းအားဖြင့် ၆ ပါး။

သမ္မော-၇၀။ နေတ္တိ ၇၇-၉၂။

"မဖြစ်"သဘောအားဖြင့် တခုထည်းသာရှိသော ပရမတ္ထနိဗ္ဗာန်၏ ပရိယာယ်တို့သည်"ဖြစ်"တရားတို့၏အမည်နာမ ပဋိပက္ခအားဖြင့် များစွာရှိကုန်၏။

## မဖြစ်နိဗ္ဗာန်၏ နာမည်များ

အဝိဇ္ဇာအသေသ ဝိရာဂနိရောဓ၊ အဝိဇ္ဇာအကုန်မဖြစ်သောနိဗ္ဗာန်။

တဏှာ အသေသဝိရာဂနိရောဓ၊ တဏှာအကုန်မဖြစ်သောနိဗ္ဗာန်။

စာဂပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယ၊ ရာဂက္ခယ၊ ဒေါသက္ခယ၊ မောဟက္ခယ၊ တဏှက္ခယ၊ အနုပ္ပါဒ၊ အပဝတ္တ၊ အဇာတ၊ အဗျာဓိ၊ အဇရ၊ အမတ၊ အသောက ဤသို့စသည် များစွာရှိကုန်၏။

သမ္မော-၉၇။ ပဋိသမ္ဘိဒါမဂ် ၁၄-၅၃။သဠာယတန သံယုတ်ပါဠိတော်-၁၀၂။

"အသင်္ခတဓာတုတိ အသင်္ခတ သဘာဝံ နိဗ္ဗာနံ" (သမ္မော-၄၄)
"အဇာတံ, အဘူတံ, အကတံ, အသင်္ခတံ" (ဥဒါနပါဠိတော်-၁၀၂)

မဂ်ဖိုလ်တို့၏အာရုံဖြစ်သော ပရမတ္ထနိဗ္ဗာန်သည် နာမည်,ပရိယာယ် အသွယ်သွယ် အပြားပြားများစွာရှိသော်လည်း "မဖြစ်"သဘောမှာ တခုထည်းသာရှိသည်"ဖြစ်"သဘောတို့ကဲ့သို့ အများအပြား ထူးခြားထွေလာရှိသော သဘောမျိုးမဟုတ်၊ "မဖြစ်"သဘောမှာ အများအပြား ထူးခြား

ထွေလာမရှိ၊ "ဖြစ်"သဘောမှာသာလျှင် အမျိုးအပြား ထူးခြားထွေလာ ရှိသည်။ ထို စကား မှန်၏၊ **အ ဝိ ဇ္ဇာ သည် ဖြစ် သ ဘော တ မျိုး၊ တဏှာသည် ဖြစ် သဘောတမျိုး၊ ဒိဋ္ဌိသည် ဖြစ် သဘောတမျိုး၊** ဤသို့စသည်ဖြင့်"ဖြစ်"သဘောတွေ အမျိုးအပြားရှိကုန်၏။ ထိုမျိုးပြား သော "ဖြစ်" သဘောတို့တွင် အဝိဇ္ဇာ "ဖြစ်" သဘောတမျိုးထည်းမှာ ပင်လျှင် လောဘနှင့် ယှဉ်သော အဝိဇ္ဇာဖြစ်ပုံနှင့် ဒေါသနှင့် ယှဉ်သော အဝိဇ္ဇာ ဖြစ်ပုံသည် ထူးခြား ထွေလာ ဖြစ်၏။ ဖြစ်ပုံခြင်း တူသည်မဟုတ် စဉ်းစားကြည့်၊ မိမိသန္တာန်၌ လောဘဖြစ်ပုံနှင့် ဒေါသဖြစ်ပုံ တူရဲ့လား စဉ်းစားကြည့်၊

လောဘ ဖြစ်ပုံတမျိုး၊ဒေါသ ဖြစ်ပုံတမျိုး၊ လောဘ ဖြစ်ပုံမှာလည်း အဆင်းကို အာရုံပြု၍ လောဘဖြစ်ပုံတမျိုး၊ အသံကိုအာရုံပြု၍ လောဘ ဖြစ်ပုံတမျိုး၊ လှသောအဆင်းကို အာရုံပြု၍ လောဘဖြစ်ပုံတမျိုး၊ ညှိုသော အဆင်းကိုအာရုံပြု၍ လောဘဖြစ်ပုံတမျိုး၊ စဉ်းစားကြည့်ပါ။ လောဘ တမျိုးထည်းပင်လျှင် ရှေးဖြစ်ဘူးသော လောဘနှင့် ယခု ဖြစ်ဆဲသော လောဘ ဖြစ်ပုံခြင်းတူခဲ၏။ ဥပေက္ခာ, သောမနဿ, သမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက,သသင်္ခါရိကအားဖြင့် ထူးခြား၍ဖြစ်တတ်၏။

ဤသို့ ပြဆိုခဲ့ပြီးသည်ကို စဉ်းစားခါကြည့်ရှု၍ သင်္ခတ"ဖြစ်"တရား တို့၏ ဖြစ်ပုံ - ပျက်ပုံ ထူးခြားထွေလာ များစွာရှိသည်ကို သိမြင်လေလေ အသင်္ခတ "မဖြစ်" တရား၌ ထူးခြားထွေလာ များစွာမရှိ၊ "မဖြစ်" တခု ထည်းသာ ရှိသည်ကို သဘောကျလေလေ အထူး စဉ်းစား၍ ကြည့်ရှု ပါလေ။

ထိုမှတပါး ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အနာဂါမ်ပုဂ္ဂိုလ် တို့သည် "ဘာရဟာရေပဉ္စက္ခန္ဓာ"လေးလှစွာသော ခန္ဓာဝန်ကို ရွက်ဆောင်နေရ၍ ပင်ပန်းလှသောကြောင့် နိရောဓ သမာပတ်ကို ဝင်စား၍ ခုနစ်ရက်ပတ်လုံး စိတ်,စေတသိက်,စိတ္တဇရုပ်တို့မဖြစ်ဘဲ ကျောက်ဆင်းတုတို့ကဲ့သို့ နေသည်ကို အလွန်ချမ်းသာလှသောကြောင့် ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟူ၍ ဆိုသေး၏။

သဠာယတန သံယုတ် အဋ္ဌကထာ တတိယအုပ်-၁၂၇။ မူလ ပဏ္ဏာသ အဋ္ဌကထာ ရှုဋ္ဌဝေဒလ္လသုတ်-၂၃၉။

ကျောက်ဆင်းတုကို မီးလောင်လျှင် ထုရိုက်လျှင် ကွဲပျက်သေး၏။ နိရောဓသမာပတ် ဝင်စား၍နေလျှင် မီးရှို့ ထုရိုက်သော်လည်း မကွဲပျက်နိုင်။

ထို့ပြင်လည်း ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း ပျော်ရာနတ်ပြည် ချမ်းသာရာ နိဗ္ဗာန် စိတ်ထင်ရာ ကြံဖန်၍ ငါးတန်သော ကာမဂုဏ် ပြည့်စုံသည်ကိုလည်း မိစ္ဆာဒိဋ္ဌိတို့က နိဗ္ဗာန်ဟု ဆိုသေး၏။

သုတ်သီလက္ခန် အဋ္ဌကထာ ၉၉-စသည်။

ထိုမှတပါး ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ ကိလေသာမဖြစ်သည်ကို "ကိလေသာ ပရိနိဗ္ဗာန်" စုတိကျ၍ သေဆုံးသည်ကို "ခန္ဓ ပရိနိဗ္ဗာန်" ဓာတ်တော်တွေ အလုံးစုံ တေဇောဓာတ် လောင်သည်ကို "ဓာတု ပရိနိဗ္ဗာန်" ဟူ၍ ပြောဟောကြကုန်၏။

ဤသို့ တော်စွာလျော်စွာ ထင်မြင်ရာ ကြံဘန်၍ နိဗ္ဗာန်ဟု ပြောဆိုသောစကားတို့ကိုလည်း လွဲသည်-မှန်သည် ကြံစည်၍မနေဘဲ ဘုန်းကြီးသေ၍ အလောင်းထားသော ကျောင်းကိုလည်း "နိဗ္ဗာန်ကျောင်း" ဟူ၍ ခေါ်ကြသေး၏။ လူတွေ အိမ်ဆောက်၍ စုပေါင်း နေရာဖြစ်သော ရွာကိုလည်း "နိဗ္ဗာန်ရွာ" ဟု ခေါ်ကြသေး၏၊ ဝေါဟာရ သမုတိစကားမှာ တော်စွာ လျော်စွာ ခေါ်လိုရာ·ခေါ်ကြပါတကားဟု နှလုံးပြု၍ သမုတိ, ပရမတ် ထိုနှစ်ရပ်တွင် ပရမတ်အစစ် "ဖြစ်-မဖြစ်" ကိုသာ ကောင်းစွာ မှတ်သား၍ "ဖြစ်" တရားတို့ ထူးခြားထွေလာ များစွာ ဖြစ်ပျက်၍ နေသော "ဖြစ်" သဘောကို ကောင်းစွာ သိမြင်မှသာလျှင် "မဖြစ်" သဘောကို အလိုလိုသဘောပေါက်၍ သိနိုင်မည်။ ထို့ကြောင့်"ဖြစ်ပျက်-ဖြစ်ပျက်"နေသော ဖြစ်ပျက် အစဉ်ကိုသာလျှင် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှု၍ နေခြင်းသည် လိုရင်းအစစ် "မဖြစ်" သဘောကို ကောင်းစွာ သိမြင်နိုင်ကြောင်း ဖြစ်လေသတည်း။

# နိဂုံး

●

ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ။

ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

သာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၌။ ပဋိပတ္တိရသဿာဒံ၊ ပရိယတ္တိ,ပဋိပတ္တိသာသနာနှစ်ပါး၏ သာယာနှစ်သက်ဘွယ် အနှစ်အရသာ ပဋိဝေဓတရားမြတ်ကို။ ပတ္ထယန္တေန၊ လိုလား တောင်းတသော အမျိုးကောင်းသား, အမျိုးကောင်းသမီး သည်။ ဧဝံ-ဧတိဝံယထာဝုတ္တနယေန၊ ဤကျမ်းပါ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဥတ္တမံ၊ လွန်ကဲ ထူးမြတ်သော။ ဘာဝနာဒွယံ၊ သမထဘာဝနာ, ဝိပဿနာဘာဝနာတည်းဟူသော ဘာဝနာနှစ်ခုအပေါင်းကို။ ဘာဝေတဗ္ဗံပန၊ ပွားများအပ်သည် သာလျှင်တည်း။

ဤသို့ သင်္ဂဟအဋ္ဌကထာပါဌ်တိုက်တွန်းအပ်သည့်အတိုင်း နိဗ္ဗာန်ကို လိုလားထောင်းတသော ဗုဒ္ဓဝါဒီအယူရှိသည့် အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့သည် နေ့စဉ် မိမိတို့၏ မြင်မှု,ကြားမှု,နံမှု,လျက်မှု, တွေ့ထိမှု, ကြံသိမှု ဟူသည့် အာရုံ ၆-ပါးတို့ တရိပ်ရိပ်နှင့် ဖြစ်ပျက်ဖြစ်ပျက်နေမှုတို့ကို ဤကျမ်းပါအတိုင်း လေ့လာ ဆင်ခြင် ကြည့်ပြီး ရှုမှတ် သွားပါက မိမိသည် ပါရမီပြည့်သူဖြစ်က တမဂ်-တဖိုလ်မှစ၍ ရနိုင်ပြီး ပါရမီ မပြည့်သေးပါကလည်း မဂ်ဖိုလ်၏ အထောက်ပံ့ဖြစ်၍ ဒုတိယ စသော ဘဝတို့၌ မှချမဂ်ဖိုလ်ရနိုင်ကြောင်း ကျမ်းဂန်ထိုထို မိန့်ဆိုထားချက်ကို ယုံကြည်သောအားဖြင့် ကြိုးစားအားထုတ် နိုင်ကြပြီးလျှင် မဂ်ဖိုလ်တရားကို ယခုဘဝပင် မျက်မှောက်ပြုနိုင် ခံစားနိုင်ကြပါစေကုန်သတည်း။

ဝိပဿနာ-ဓာတ်ပညာကျမ်း

ဒုတိယတွဲ

ဆက်လက်ထုတ်ဝေပါမည်။

၁၉၁၉-ခုနှစ်မှ ၁၉၇၀-ပြည့်နှစ် အတွင်း
ရွှေတိဂုံစေတီဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်

# ဦးဘသော်-ဒေါ်သဲမေတို့လှူဒါန်းခဲ့သော

## အလှူစာရင်း

●

၁။ ရွှေတိဂုံစေတီတော်ကြီး၏ ပန်းတင်ခုံ ပတ်လည်တွင် သံဝင်း (သံတံတိုင်း)ပြုလုပ် လှူဒါန်း ထားခဲ့ခြင်း။

၂။ စေတီတော်ကြီးတွင်ဓာတ်မီးပူဇော်ထားသည့် ဓာတ်မီးငါးရစ်တွင် အပေါ်ပိုင်းမှ ဓာတ်မီးရစ်(၂)ရစ်ကို တပ်ဆင်လှူဒါန်းထားခြင်း။

၃။ စေတီတော်ကြီးတွင် ညစဉ် မီးချောင်း(၄)ချောင်းကို အမိအဘတို့ကိုဦးထိပ်ထား၍ မိမိတို့မိသားစု အတွက်ပါ အမြဲပူဇော်ထားခြင်း။

၄။ ဆံတော်တွင်းတန်ဆောင်းကြီးအတွင်းမှဆံတော်တွင်းစေတီတော်ကို ပြုပြင်မွမ်းမံလျက် မှန်စီရွှေချပြုလုပ်၍ လှူဒါန်းခဲ့ခြင်း။

၅။ ဒေါ်အေးမြ ဆောက်လုပ် လှူဒါန်း ထားသည့် ယင် ပြင် တော် မြောက်ဘက်မှ ဆံတော်တွင်း တန်ဆောင်းကြီးကို ဒေါ်အေးမြ-သား ဦးအုန်း၏ခွင့်ပြုချက်အရ ပြုပြင်မွမ်းမံလှူဒါန်းခဲ့ပါသည်။

၆။ ယင်ပြင်တော်တောင်ဘက်မှ ပြတိုက်ကြီးတွင် အမှတ်(၁)မှန်ဗီဒို (ဆင်းတုတော်များ-စေတီတော်များ)ကိန်းဝပ်တော်မူရန်ပြုလုပ် လှူဒါန်းထားခြင်း။

၇။ စေတီတော်ကြီး၏ ငှက်ပျောဖူးတော်တွင် ရွှေပြား(၁)ပြား ကပ်လှူ ပူဇော်ထားခဲ့ခြင်း။

၈။ စေတီတော်ကြီးမှ စေတီရံအမှတ်(၃၇)စေတီတော်ကို ရွှေသင်္ကန်း ကပ်လှူခဲ့၍ ထီးတော်တင်လှူခဲ့ပါသည်။

၉။ စေတီတော်ကြီးမှ စေတီရံ(၆၄)ဆူတို့ကို စိန်ဖူးတော်များတင်လှူခဲ့ပါသည်။

၁၀။ စေတီတော်ကြီး၏ အရှေ့ဘက်ဓာတ်လှေခါးတံတားတွင် ယင်ပြင်တော်မှ တံတားအဆက်ငယ်နှင့် တံတားတွင်မုခ်ဦးပြုလုပ်လှူဒါန်းခဲ့ပါသည်။

၁၁။ စေတီတော်ကြီး၏တောင်ဘက်ခုံတော်လှေခါး တံခါးတွင် ယင်ပြင်တော်မှ မုခ်ဦးပြုလုပ်၍လှူဒါန်းခဲ့ပါသည်။

၁၂။ စေတီတော်ကြီး၏အနောက်ဘက်ခုံတော်လှေခါးတံတားတွင်မုခ်ဦးပြုလုပ်လျက် မုခ်ဦးမှ သိမ်ကြီးဈေးနှစ်ပြားတန်ဆောင်းအထိ စကြံပြုလုပ်လှူဒါန်းခဲ့ပါသည်။

၁၃။ ယင်ပြင်တော်စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းတန်ဆောင်းသို့ ရေပိုက်ဆက်သွယ်လှူဒါန်းခဲ့ပါသည်။

၁၄။ အလယ်ပစ္စယံတောင်ဘက်ရှိ အများအသုံးပြုရန်အတွက်အိမ်သာ (၁)ခန်း လှူဒါန်းခဲ့ပါသည်။

၁၅။ စေတီတော်ကြီး၏အရှေ့ဘက်၌ မဟာရာမ်တံတိုင်းအပြင်ဘက်တွင် ဇရပ်တဆောင်ဆောက်လုပ်လှူဒါန်းခဲ့ခြင်း။

၁၆။ ဟသ်ာတမြို့နယ် သမ္ဘာရာတိုင်း အမိ-အဘတို့ ဆောက်လုပ်လှူဒါန်းထားခဲ့သည့် ဘုရားတန်ဆောင်းကြီးကို ဆက်လက်မွမ်းမံ လှူဒါန်းလျက်ရှိခြင်း။

၁၇။ ကြည့်မြင်တိုင် ဝေဠုဝန် ကျောင်းတိုက်ကြီး တွင် အမိ - အဘတို့ ဆောက်လုပ်လှူဒါန်းထားခဲ့သည့်တိုက်ကျောင်းကြီးကို ဆက်လက်မွမ်းမံ လှူဒါန်းလျက်ရှိခြင်း။

၁၈။ ကြည့်မြင်တိုင် ဝေဠုဝန်ကျောင်းတိုက်တွင် အဝိစိရေတွင်းတူး၍ လှူကြရာတွင် ကုသိုလ်ပါဝင်ခဲ့ခြင်း။

၁၉။ ကြည့်မြင်တိုင် ဝေဠုဝန်ကျောင်းတိုက်မှသိမ်တော်ကို ငွေ-၁၀၀၀ဝိကုန် ပြုပြင်လှူဒါန်းခြင်း။

၂၀။ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်းတွင် ဇီဝိတဒါနဆေးရုံအသင်းကြီးသို့ သံဃိကအဖြစ်နှင့် အပေါ်ထပ်တွင် ဂိလာန သံဃာတော်မြတ်တို့ သီတင်းသုံး၍ ဆေးဝါး ကုသရန်နှင့် အောက်ထပ်တွင် အယုတ်အလတ်အမြတ်မရွေး လူဂိလာနပုဂ္ဂိုလ်တို့ ဆေးကုသနိုင်ပါရန် အဆောက်အဦးကြီးကိုလှူဒါန်းခဲ့ခြင်း။

၂၁။ ထိုဆေးရုံကြီးတွင် သံဃာတော် မြတ်တို့ အတွက် ဆေးရုံသုံး သံကုတင် အလုံး(၂၀)၊ မွေ့ယာ၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးနှင့်စောင်တို့ပါ ပြည့်စုံစွာလှူဒါန်းခဲ့လျက်၊ဆေးရုံကြီးအောက်ထပ်တွင် ဂိလာနလူပုဂ္ဂိုလ်တို့အသုံးပြုနိုင်ရန် သံကုတင်ရိုးရိုးအလုံး(၂၀)နှင့် မွေ့ယာ၊ခြင်ထောင်၊အိပ်ရာခင်း၊ ခေါင်းအုံးနှင့် စောင်တို့ပါ အစုံ(၂၀)တို့ကိုပါ လှူဒါန်းခဲ့ခြင်း။

၂၂။ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်တည်ဆောက်ရာတွင် သံဘင်းကြီး(၇)ချောင်းလှူဒါန်းခဲ့ခြင်း။

၂၃။ ဆူးလေ စေတီတော်မြတ်ကြီး၏ ထီးတော်ကို ရွှေချ ကပ်လှူဒါန်းခဲ့ခြင်း။

၂၄။ မြေနီကုန်း ဇေတဝန်ကျောင်းတိုက်မှ သိမ်တော် ဆောက်လုပ်ရာတွင် ငွေ-၁၀၀၀ိ/ ပါဝင်လှူဒါန်းခဲ့ခြင်း။

၂၅။ ရဟန်း(၃)ပါး ဒါယကာခံခဲ့ခြင်း။

၂၆။ သားများ-တူများတို့ကို ရှင်သာမဏေအဖြစ်သွတ်သွင်းခဲ့ခြင်း။

၂၇။ သားသွီးများဖြစ်ကြသော ကိုအုန်းခိုင်-မေရီစိန်တို့နှင့်အတူ၊ ၎င်းတို့၏သား မောင်ခိုင်ညွန့်ကို ရှင်သာမဏေအဖြစ် သွတ်သွင်းသည့်အလှူတွင် ရွှေတိဂုံစေတီတော်ကြီး၏ထီးတော်ကို ပြုပြင်မွမ်းမံရန်အတွက် ငွေ-၁၀၀၀ိ/-စေတီရံ(၆၄)ဆူတို့ကို စိန်ဖူးတော်တင်လှူခြင်းနှင့် မင်းကွန်း ကျောင်းတိုက်တွင် စေတီတော် တည်ရာမှာ ငွေ-၂၅၀ိ/လှူဒါန်းပါဝင်လျက် မြို့မ-ဆရာတော်ကြီး စီရင်ရေးသားသည့် ဝိပဿနာဓာတ်ပညာစာအုပ် (၁၀၀၀)ကို လှူဒါန်းပါသည်။

၂၈။ စေတီတော်ကြီးတွင်လှူဒါန်းထားသည့် အလှူအမှတ်စဉ်(၂) (၃) (၄) တို့နှင့် (၅)မှ ဆံတော်တွင်းစေတီတော်ကို ပြုပြင် မွမ်းမံနိုင်ရန်အတွက် ထာဝရတည်တံ့စေခြင်းငှါ စာချုပ်ပြုလုပ်၍ ရံပုံငွေ လှူဒါန်းထားခဲ့ပါသည်။

လွှဒါန်းထားခဲ့ပြီး အလှူများအနက် အလှူစာရင်းအမှတ်(၇)(၈)(၉)(၁၀)တို့မှာ ခါတ်လှေခါးနှင့် ဓာတ်လှေခါး တံတားများတို့တွင် လှူဒါန်းကြသည့် ဒါယကာ - ဒါယိကာမအားလုံးတို့၏ အလှူများတို့နှင့်အတူ ဓာတ်လှေခါးရံပုံငွေမှ ဘဏ္ဍာတော်ထိန်းအဖွဲ့က အမြဲထာဝရပူပြင်မွမ်းမံရန်ဖြစ်ပါ၍ အမြဲ တည်တံ့မည့်အလှူဒါနများဖြစ်ပါသည်။

အလှူအမှတ်(၁၂)မှာလည်း ရေနှင့် သန့်ရှင်းရေးရံပုံငွေမှ ဘဏ္ဍာတော်ထိန်းအဖွဲ့က အမြဲပြုပြင်မွမ်းမံရန်ဖြစ်ပါ၍ ထာဝရတည်တံ့မည့် အလှူဒါနဖြစ်ပါသည်။ လှူဒါန်းထားသည့် အလှူတို့ကို သား,သမီးများ ဖြစ်ကြသော (ဒေါက်တာ-မြင့်သန်း)မခင်မြင့်၊ (ကိုအုန်းခိုင်) မေရီစိန်၊ ကိုတင်လှသော်နှင့် မြေးများဖြစ်ကြသော မောင်ခိုင်ညွန့်-ခင်ကြူခိုင်တို့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြပါလိမ့်မည်။

## အပိုဒ်(၂၈)ကို အောက်ပါအတိုင်း ပြင်ဆင်ဘတ်ရှုပါရန်

၂၈။ စေတီတော်ကြီးတွင် လှူဒါန်းထားသည့် အလှူအမှတ်စဉ်(၁)(၂)(၃) တို့နှင့်(၄)မှ ဆံတော်တွင်းစေတီတော်ကို ပြုပြင်မွမ်းမံနိုင်ရန်အတွက် ထာဝရတည်တံ့စေခြင်းငှါ စာချုပ်ပြုလုပ်၍ ရံပုံငွေ လှူဒါန်းထားခဲ့ပါသည်။

လှူဒါန်းထားခဲ့ပြီး အလှူများအနက် အလှူစာရင်းအမှတ်(၁၀) (၁၁) (၁၂)တို့မှာ ဓာတ်လှေခါးနှင့် ဓာတ်လှေခါး တံတားများတို့တွင် လှူဒါန်းကြသည့် ဒါယကာ - ဒါယိကာမအားလုံးတို့၏ အလှူများတို့နှင့် အတူ ဓာတ်လှေခါး ရံပုံငွေမှ ဘဏ္ဍာတော်ထိန်းအဖွဲ့က အမြဲထာဝရ ပြုပြင်မွမ်းမံရန် ဖြစ်ပါ၍ အမြဲတည်တံ့မည့် အလှူဒါနများ ဖြစ်ပါသည်။

★

# မေတ္တာပို့ အမျှပေးဝေ ဆုတောင်းခန်း

လူ့ရှင်အပေါင်း သူတော်ကောင်းတို့သည်၊ ဖြောင့်စင်းပေါ်လွင် ထင်လွယ်လှစွာ မကျဉ်းမကျယ်ထသော၊ သဒ္ဓါသံဝေ၊ ယင်းနှစ်ထွေကို၊ ဆင့်လေများမြတ်၊ ပွားစေတတ်သော(ဝိပဿနာဓာတ်ပညာ)ဤကျမ်းစာမြတ်ကို၊ ဒိဋ္ဌထင်ထင် စိတ်ကမြင်အောင် ဆင်ခြင်ကြည့်ရှု ကြကုန်လျက်၊ သိက္ခာသုံးပါး အကျင့်များ၏ ရှေ့သွားမုခ မြင့်မြတ်လှသော၊ သဒ္ဓါဖြူထွားတရားသံဝေ ယင်းနှစ်ထွေကို ဖွင့်နှိုးသောအားဖြင့်၊ ပွင့်ဖြိုးများအောင် ဆင့်ပွား မြှောက်မြှင့်နိုင်ကြပါစေသတည်း။

အကျွန်ုပ်တို့သည်၊ ဘုရားဟောမြွက် ပိဋကတ်ထွက်တို့ကို၊ ကွက်ကွက်ကွင်းကွင်း ထင်လင်းမြွက်ဖော်(ဝိပဿနာဓာတ်ပညာ)ခေါ် ဤကျမ်းမြတ်၏၊ အကြင်ဓမ္မဒါန မြတ်ပုညနှင့်၊ အထက်ကဖော်ဆို (၂၈) ဌာနကုသိုလ်တို့ကို ရအပ်ပေပြီ၊ ထိုအကျွန်ုပ်တို့၏ ရအပ်သော ကုသိုလ်၊ ထပ်ပွားစေမှုဝေပုံစုကို၊ ပါယ်ရွာလူရပ် နတ်နှင့်ဗြဟ္မာ သတ္တဝါတို့အား၊ တို့နှင့်အတူ ရယူကြဘို့အမျှညီစွာပေးဝေပါ၏။ ပေးဝေသည့်တိုင်း ဆုတ်မဆိုင်းအောင် ဟုတ်နှိုင်းရှိန်စော် အာနုဘော်ကြောင့်၊ သတ္တဝါအများ သောင်းတိုက်သားတို့အား၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေသော်။

အလုံးစုံသောဤကောင်းမှုနှင့်၊ အဟောင်းဟောင်းက ဘဝများစွာကမ္ဘာဘာတွင်၊ အသိရှင်တိုင်း ဆုတ်မဆိုင်းဘဲ ဆယ်ပိုင်းပုည ကုသလကိုပြုကြလေခဲ့ ပေါင်းစုဖွဲ့ကာ တောင်းဆုဖြာသည်၊ ခန္ဓာနာမ်ရုပ် ဖြစ်အောင် လုပ်သည့် အယုတ်တမာ ဆိုးညစ်စွာဖြင့် သစ္စာနှစ်ဝ ကင်းလွတ်ရအောင်၊ ဝဋ္ဋရှောင်ခွါ ဝိဝဋ္ဋာကို တောင်းခါဆိုသည်၊ ဒုက္ခခပ်သိမ်း ကင်းလွတ်ငြိမ်းရာ၊ အေးကိန်းရှာသော အနုဗောဓ ဉာဏ်ဇောမှလျှင်၊ အထက်ခွင်သို့ မဂ္ဂင်ဖြစ်ကြောင်း အကျင့်ကောင်းနှင့်၊ မစောင်းမတိမ်း မယိုင်ယိမ်းဘဲ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို တောင်းဆုဆိုသည်၊ ရှေး သူတော်ကောင်းတို့-ထုံးနည်းတည်း။

**ဦးဘသော်-ဒေါ်သဲမေ။**

အမှတ်-၈၊ ဂျမားလမ်း၊ ဗဟန်းရပ်၊

ရန်ကုန်မြို့။